V V V

# ရဟန်းစာဆိုတော်များ အတ္ထုပ္ပတ္တိ

ရေးသားပြုစုသူ

ဘုန်းနွယ် (ရေစကြို)

သာသနာနှစ် ၂၅၁၇–ခု ။ မြန်မာနှစ် ၁၃၃၅–ခု ။ ခရစ်နှစ် ၁၉၇၃–ခု ။

အရှင်သေီက (ဘုန်းနွယ်)
စာပေရောင်ခြည်ကျောင်း
အောမြေသာယာသူဌေးတိုက်
ရေ စ ကြို မြို့ ။

ဂုဏ်လှိုင်ညဏ်ဝါ ၊ သူတော်စွာတို့
ဤစာအလို ၊ ကျွန်ုပ်ဆိုအံ့
အသိအထား ၊ စကားဝါကျ
ဒေါသခြောက်ခု ၊ ရှစ်ခုအပြစ်
မြင်သည်ဖြစ်မူ ၊ ကျစ်လျစ်စေကြောင်း
သာ၍ကောင်းအောင် ၊ လောင်းနုတ်စီရင်
ဆင်ခြင်မိမိ ၊ ရှေ့နောက်ညှိလျက်
ကျိုးရှိစိမ့်ငှာ ၊ ပြင်လိုက်ပါလော့....
နည်းနာစုံစေ့ ၊ မလောက်လွေ့၍
ရှေ့နောက်မမိ ၊ ယုံမှားရှိမူ
တတ်သိယောင်သွင် ၊ မပြင်ဆင်ရာ
တောင်းပန်ပါ၏ ၊ ဆယ်ဖြာသဒ္ဒ
ဆိုမကျ၍ ၊ အတ္တပြတ်ပြတ်
မယူတတ်သော် ၊ ဥပဒ်တစ်ခု
ရန်သူပြုလျက် ၊ ဂုဏာဂိဒ္ဓိ
ရှိသွားလက္ခဏာ ၊ ဒုဇ္ဇနာ၏
အရာရောက်ဖွယ် ၊ ကဲ့ရဲ့လွယ်နှင့်....၊

မင်းပူးဦးဩဘာသ၏
( ဝေဿန္တရာဇာတ်တော်ကြီး – နိဂုံး မှ )

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၅ |
| ၂။ | သျှင်ဆပဋ္ဌမထေရ် ( ၅၁၂–၅၆၅ ခန့် ) | ၇ |
| ၃။ | သျှင်ဓမ္မဝိလာသမထေရ် ( ၅၂၀ ခန့်–၅၈၀ ခန့် ) | ၉ |
| ၄။ | သျှင်ဒိသာပါမောက္ခ ( ၅၅၀ ခန့်–၆၄၀ ခန့် ) | ၁၁ |
| ၅။ | ဆူးတွင်းပစ်ဆရာတော် ( ၆၇၅ ခန့်–၇၃၅ ခန့် ) | ၁၄ |
| ၆။ | စကြိုသူမြတ် ( ၇၃၅–၈၁၀ ခန့် ) | ၁၉ |
| ၇။ | ကန်တော်မင်းကျောင်းဆရာတော် ( ၈၀၀ ခန့်–၈၇၀ ခန့် ) | ၂၁ |
| ၈။ | သျှင်ဥတ္တမကျော် ( ၈၁၅–၉၀၄ ) | ၂၃ |
| ၉။ | သျှင်မဟာသီလဝံသ ( ၈၁၅–၈၈၀ ) | ၂၇ |
| ၁၀။ | သျှင်ခေမာ ( ၈၁၅–၈၆၅ ခန့် ) | ၃၃ |
| ၁၁။ | ဝန်တောင်လယ်ဘုန်းတော်ကြီး ( ၈၂၀ ခန့်–၈၉၀ ခန့် ) | ၃၄ |
| ၁၂။ | သျှင်မဟာရဋ္ဌသာရ ( ၈၃၀–၈၉၂ ) | ၃၅ |
| ၁၃။ | သျှင်အဂ္ဂသမာဓိ ( ၈၄၁–၉၁၄ ) | ၅၀ |
| ၁၄။ | သျှင်တေဇောသာရ ( ၈၅၀ ခန့်–၉၁၀ ခန့် ) | ၅၃ |
| ၁၅။ | ပုဂံဆရာတော် ( ၈၆၀ ခန့်–၉၂၀ ခန့် ) | ၅၅ |
| ၁၆။ | သျှင်ဣန္ဒဂုတ္တ ( ၈၆၀ ခန့်–၉၂၅ ခန့် ) | ၅၆ |
| ၁၇။ | ဆားထုံဆရာတော် ( ၉၁၈–၉၇၀ ခန့် ) | ၅၇ |
| ၁၈။ | ဝရာဘိသံဃနာထဆရာတော် ( ၉၃၅ ခန့်–၁၀၀၀ ခန့် ) | ၅၈ |
| ၁၉။ | တောင်ဖီလာဆရာတော် ( ၉၄၀–၁၀၁၃ ) | ၅၉ |
| ၂၀။ | တိလောကဂုရုဆရာတော် ( ၉၄၀ ခန့်–၁၀၂၀ ခန့် ) | ၆၄ |
| ၂၁။ | သျှင်ကုမာရကဿပ ( ၉၅၀ ခန့်–၁၀၀၀ ခန့် ) | ၆၆ |
| ၂၂။ | သျှင်ကရဝိက (ပ) ( ၉၅၀ ခန့်– ၁၀၁၀ ခန့် ) | ၆၇ |
| ၂၃။ | မဟာရတနာကရဆရာတော် ( ၉၇၀ ခန့်–၁၀၅၀ ခန့် ) | ၆၈ |
| ၂၄။ | နန်းကျောင်းဆရာတော် ( ၉၈၆–၁၀၆၅ ) | ၆၉ |
| ၂၅။ | ရွာကြီး သျှင်ဥက္ကံသမာလာ ( ၁၀၄၀ ခန့်–၁၁၀၀ ခန့် ) | ၇၂ |
| ၂၆။ | သျှင်စန္ဒမဉ္ဇူသာ ( ၁၀၄၆–၁၀၈၅ ) | ၇၄ |
| ၂၇။ | တောင်တွင်း မင်းကျောင်းဆရာတော် (၁၀၆၀ ခန့်–၁၁၁၀ ခန့် ) | ၇၆ |
| ၂၈။ | အတုလဆရာတော် ( ၁၀၆၂–၁၁၄၈ ) | ၇၇ |
| ၂၉။ | ပထမ ကျော်အောင်စံထားဆရာတော် ( ၁၀၆၇–၁၁၁၅ ) | ၈၁ |
| ၃၀။ | သျှင်ဝိစိတ္တာစာရ ( ၁၀၇၀ ခန့်–၁၁၂၀ ခန့် ) | ၈၄ |
| ၃၁။ | ရွှေဥမင်ဆရာတော် ( ၁၀၇၅ ခန့်–၁၁၃၅ ခန့် ) | ၈၅ |
| ၃၂။ | ဆုံတားဆရာတော် ( ၁၁၈၀–၁၁၄၆ ) | ၈၆ |
| ၃၃။ | ဒုတိယ ကျော်အောင်စံထားဆရာတော် ( ၁၁၈၀–၁၁၆၉ ) | ၈၈ |
| ၃၄။ | သျှင်ကရဝိက (ဒု) ( ၁၀၈၀ ခန့်–၁၁၄၀ ခန့် ) | ၉၀ |
| ၃၅။ | သျှင်သီရိသဒ္ဓမ္မာဘိလင်္ကာရ ( ၁၀၈၅–၁၁၅၀ခန့် ) | ၉၁ |
| ၃၆။ | တောင်တွင်း ခင်ကြီးဖျော် ( ၁၀၈၆–၁၁၂၄ ) | ၉၂ |
| ၃၇။ | တောင်လေးလုံးဆရာတော် ( ၁၀၉၀–၁၁၆၈ ) | ၉၇ |

၃၈။ သျှင်ဗုဒ္ဓရက္ခိတမဟာသာမိ ( ၁၀၉၂–၁၁၇၂ ) ၉၉
၃၉။ ချောင်းကောက်ဆရာတော် ( ၁၀၉၈–၁၁၅၅ ) ၁၀၁
၄၀။ ဗားကရာဆရာတော် ( ၁၁၀၀–၁၁၅၇ ) ၁၀၄
၄၁။ ညောင်ကန်ဆရာတော် ( ၁၁၁၅–၁၁၈၃ ) ၁၀၈
၄၂။ မောင်းထောင်သာသနာပိုင် ( ၁၁၁၅–၁၁၉၄ ) ၁၁၁
၄၃။ ကြည့်ကန်ရှင်ကြီး ( ၁၁၁၉–၁၁၇၃ ) ၁၁၆
၄၄။ မင်းပူး ဦးသြဘာသ ( ၁၁၂၀–၁၂၆၀ ) ၁၂၁
၄၅။ သျှင်နန္ဒမေဓာ ( ၁၁၂၀ ခန့်–၁၁၆၀ ခန့် ) ၁၂၅
၄၆။ မုံရွေးဆရာတော် ( ၁၁၂၈–၁၁၉၆ ) ၁၂၆
၄၇။ သျှင်အတုလစက္က ( ၁၁၂၅ ခန့်–၁၁၈၅ ခန့် ) ၁၃၁
၄၈။ မုန်တိုင်ပင်ဆရာတော် ( ၁၁၄၀–၁၂၂၁ ) ၁၃၂
၄၉။ စဥ့်ပါဆရာတော် ( ၁၁၄၀ ခန့်–၁၂၂၀ ခန့် ) ၁၃၅
၅၀။ ရွှေကျောင်းဦးပညာ ( ၁၁၄၀ ခန့်–၁၂၀၀ ခန့် ) ၁၃၆
၅၁။ တောပု သျှင်ဥက္ကံသမာလာ ( ၁၁၄၀ ခန့်–၁၂၀၀ ခန့် ) ၁၃၇
၅၂။ ဆရာတော်ဦးဗုဓ် (၁၁၄၉–၁၂၀၄ ) ၁၃၈
၅၃။ ထွင့်ခေါင်ဆရာတော် ( ၁၁၆၀–၁၂၄၂ ) ၁၄၆
၅၄။ သျှင်ပညာတိက္ခ ( ၁၁၆၀ ခန့်–၁၂၀၀ ခန့် ) ၁၄၉
၅၅။ ဗန်းမော်ဆရာတော် ( ၁၁၆၈–၁၂၃၉ ) ၁၅၀
၅၆။ ဆီးဘန်နီဆရာတော် ( ၁၁၇၃–၁၂၅၃ ) ၁၅၆
၅၇။ သျှင်ဝရသမ္ဘောဓိ ( ၁၁၇၅–၁၂၃၅ ) ၁၆၀
၅၈။ သင်္ဂဇာဆရာတော် ( ၁၁၇၇–၁၂၄၈ ) ၁၆၃
၅၉။ မောင်းထောင်ဆရာတော် ( ၁၁၇၇–၁၂၃၀ ) ၁၆၇
၆၀။ ကျပင်းဘုန်းတော်ကြီး ( ၁၁၇၇–၁၂၅၇ ) ၁၆၉
၆၁။ ကျီးသဲ လေးထပ်ဆရာတော် ( ၁၁၇၉–၁၂၅၆ ) ၁၇၀
၆၂။ သစ်ဆိမ့်ဆရာတော် ( ၁၁၈၁–၁၂၄၃ ) ၁၇၂
၆၃။ ရွှေကျင်ဆရာတော် ( ၁၁၈၄–၁၂၅၅ ) ၁၇၄
၆၄။ မဟာဝိသုဒ္ဓါရုံဆရာတော် ( ၁၂၀၀–၁၂၇၈ ) ၁၇၇
၆၅။ မန်လည်ဆရာတော် ( ၁၂၀၃–၁၂၈၂ ) ၁၇၉
၆၆။ လယ်တီဆရာတော် ( ၁၂၀၈–၁၂၈၅ ) ၁၈၃
၆၇။ ကြောင်ပန်းဆရာတော် ( ၁၂၂၂–၁၂၈၈ ) ၁၈၇
၆၈။ ရွှေဟသ်ာတောရဆရာတော် ( ၁၂၃၅–၁၃၀၉ ) ၁၈၉
၆၉။ လယ်တီပဏ္ဍိတ ( ၁၂၄၀–၁၃၀၁ ) ၁၉၁
၇၀။ သျှင်အာဒိစ္စဝံသ ( ၁၂၄၄–၁၃၁၃ ) ၁၉၈
၇၁။ ညောင်လေးပင် တောရဆရာတော် ( ၁၂၄၈–၁၃၁၄ ) ၂၀၃
၇၂။ လယ်တီဦးကောဝိဒ ( ၁၂၆၉–၁၃၀၇ ) ၂၀၅
၇၃။ ညှိနှိုင်းကိုးကားသော စာပေများ စာရင်း ၂၀၆
(က) ပုံနှိပ်စာမူများ
(ခ) ပေစာမူများ
(ဂ) အထွေထွေကိုးကားချက်များ
၇၄။ **နောက်ဆက်တွဲ အတ္ထုပ္ပတ္တိများ** **၂၁၂**

## နိဒါန်း

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

စာပေသည် လူမျိုးတို့၏ ပင်မယဉ်ကျေးမှုကြီး ဖြစ်သည်။ ယဉ်ကျေးမှု အထွေထွေတို့ကို စာပေဖွဲ့နွဲ့မှု အဆောက်အဦအတွင်း၌ သိုမှီး သိမ်းဆည်းခဲ့ကြ၏။ ခေတ်အဆက်ဆက်မှ စာပေရတနာတို့ သည် ထိုအဆောက်အဦအတွင်း၌ ဝင်းလက် တောက်ပနေကြ၏။ ယင်းသို့ သိမ်းဆည်း ထားခဲ့ကြသဖြင့် လူမျိုးတို့၏ စာပေရတနာတို့ကို ထိုအဆောက်အဦအတွင်းသို့ ဝင်ရောက်ကြည့်ရှုကြရ၏။ ဤသို့ လေ့လာရသဖြင့် သမိုင်းကြောင်းမှ ယဉ်ကျေးမှုရိုးရာ အဖြာဖြာတို့ကို ခံစားသိရှိကြရသည်။ ဤသည်မှာ စာပေရတနာများကို ပြုစု၍ သိမ်းဆည်းခဲ့ကြသော စာပြုပုဂ္ဂိုလ်ကျော် စာဆိုတော်များ၏ အနန္တကျေးဇူးတရားများပင် ဖြစ်ပေသည်။

ယင်းသို့ ပြုစုပျိုးထောင်ကြသော ခေတ်အဆက်ဆက်မှ မြန်မာ့စာဆိုရှင်တို့သည်လည်း မြန်မာစာဆိုတော်သမိုင်းတွင် မြောက်မြားစွာ ပေါ်ထွန်းခဲ့ကြကုန်၏။ ထိုမြန်မာစာဆိုရှင်များအနက် မြန်မာ့သမိုင်းဟူ၍ ပီပြင်ထွန်းကားလာသော ပုဂံခေတ်မှ အစပြု၍ ယနေ့တိုင်အောင် သာသနာ့ဝန်ထမ်း ရဟန်းစာဆိုတော်တို့သည်လည်း အဓိကအခန်းမှ ပါဝင်၍ ယဉ်ကျေးမှုရိုးရာ စာပေဝန်တာကို ထမ်းဆောင်လာခဲ့ကြကုန်၏။ ထိုသို့ ဆောင်လာခဲ့ကြသဖြင့် မြန်မာစာပေသမိုင်းတွင် ရဟန်းစာဆိုတော်များ၏ စာပေရတနာများကို ကြည့်ရှုမှတ်သား ခံစားကြရသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့အတွက် စာပေရတနာများကို ဆင်သပေးခဲ့သော စာဆိုတော်တို့အနက် ရဟန်းစာဆိုတော်တို့ကိုလည်း မမေ့အပ် မမေ့ကောင်းသော ကျေးဇူးရှင်ကြီးများဟူ၍ စွဲမှတ်ယုံကြည်အပ်ပါသည်။

ဤသို့ စွဲမှတ်ယုံကြည်မိသည်ဆိုလျှင်ပင် ၎င်းတို့၏ ဘဝအတ္ထုပ္ပတ်ကိုလည်း လေ့လာလိုသောစိတ်၊ မှတ်သားလိုသောစိတ်၊ နည်းယူကျင့်ကြံလိုသောစိတ်တို့သည် တဖွားဖွား ဖြစ်ပေါ်လာခဲ့၏။ ထို့ကြောင့် စာဆိုရှင် အများအပြားအနက် ရဟန်းစာဆိုတော်တို့ ဘဝကို နယ်သတ်လေ့လာဆည်းပူးခဲ့ရာမှ **'ရဟန်းစာဆိုတော်များ အတ္ထုပ္ပတ္တိ'** ကျမ်းကို ရေးသားပြုစုနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ဤရဟန်းစာဆိုတော်များ အတ္ထုပ္ပတ္တိတွင် အချို့သော စာဆိုတော်များသည် ရဟန်းဘဝနှင့် အရိုးထုတ်သွားကြသော စာဆိုတော်များ မဟုတ်ကြပါ။ အခြေအနေ အရပ်ရပ်ကြောင့် လူ့ဘဝသို့ ပြောင်းလဲသွားသော ရဟန်းစာဆိုတော်များကိုလည်း ထည့်သွင်းပြုစုထားပါသည်။ သို့သော် ရဟန်းဘဝသို့ ရောက်ခဲ့ဖူးသော စာဆိုတော်တိုင်းကိုလည်း ရေးသားထားသည် မဟုတ်ပါ။ ဤကဲ့သို့ ရေးသားမည်ဆိုလျှင် ရှေးခေတ်စာဆိုတော်တို့သည် များသောအားဖြင့် ရဟန်းဘဝသို့ တက်ရောက်ခဲ့ဖူးသူက များပြားပါသည်။ သို့ဖြစ်ရာ ဤကျမ်းတွင် ရဟန်းဘဝ ရဟန်းနာမည်ဖြင့် ကျော်ကြားသော စာဆိုတော်များကိုသာ ရွေးချယ်စိစစ်၍ ပြုစုအပ်ပါသည်။ သို့ရာတွင် ကြည့်ကန်သျှင်ကြီးကဲ့သို့ ရဟန်းမဟုတ်သော စာဆိုတော်ကိုလည်း ထည့်သွင်းသင့်သည်ဟု ယူဆသဖြင့် ထည့်သွင်းရေးသားထားပါသည်။

ဤရဟန်းစာဆိုတော်များ အတ္ထုပ္ပတ္တိကို ရေးသားပြုစုရာတွင် ရှေးယခင် ရေးသာပြုစုချက်များမှ ပြုပြင်သင့်သည်များကို ပြုပြင်၍ ဖြည့်စွက်သင့်သည်များကိုလည်း ဖြည့်စွက်ကာ လက်လှမ်းမှီသမျှ ညှိနှိုင်းပြုစုထားပါသည်။ သို့သော်လည်း တိမ်းပါးချွတ်ယွင်းမှုများ ရှိနိုင်သကဲ့သို့ မပါဝင်သေးသော အခန်းကဏ္ဍများလည်း ဧကန်ရှိနေလိမ့်ဦးမည် ဖြစ်ပါသည်။ ဤသည်တို့ကို တွေ့ရှိပါက ဦးရွှေခြည်၏ အဘိရကပျို့၌လာသော –

"စကားရွှေ့လှန်၊ မှားမေ့ကျန်၍၊ မမှန်ယိမ်းချော်၊ တိမ်းပါးသော်လျှင်၊ သူတော်တကာ၊

သည်းခံပါ ”–

ဟူသော စကားဖြင့် ပန်ကြားလိုပါသည်။

ထို့ပြင် မြန်မာစာပေသမိုင်းတွင် ရဟန်းစာဆိုတော်များ၏ အခန်းကဏ္ဍသည် ကျယ်ပြောလှပါသည်။ သို့အလျောက် ဤကျမ်းတွင် မပါဝင်နိုင်သေးသော တိမ်မြုပ်နေသည့် စာဆိုတော်များ ရှိနေပါဦးမည်။ ထိုကြွင်းကျန်နေသော ရဟန်းစာဆိုတော်တို့၏ အတ္ထုပ္ပတ္တိများနှင့် တိမ်းပါးသည့် အကြောင်းအရာများကို အခွင့်ကြုံ၍ အကြောင်းဆုံသည့် အခါတွင် ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်ဦးမည် ဖြစ်ကြောင်း ဝန်ခံရေးသားအပ်ပါသတည်း ။ ။

**ဘုန်းနွယ် (ရေစကြို)**

**၁၃၃၅–ခု၊ ကဆုန်လဆန်း ၁၀–ရက်၊ သောကြာနေ့ ။**

**( ၁၁ ၊ ၅ ၊ ၁၉၇၃ )**

## **သျှင်ဆပဒ္ဒမထေရ်** ( ၅၁၂–၅၆၅ ခန့် )

မြန်မာနိုင်ငံ သာသနာဝင်တွင် ဆပဒ္ဒ ( ဆပဒ၊ ဆပ္ပဒ ) ဟု ခေါ်တွင်သော မထေရ် သုံးပါး တို့သည် ပုဂံခေတ်အတွင်း၌ ပေါ်ပေါက်ခဲ့၏။ ထိုသုံးပါးတို့မှာ–

၁။ သျှင်သဒ္ဓမ္မဇောတိပါလဘွဲ့ရ ပထမဆပဒ္ဒမထေရ် ၊

၂။ သျှင်ဉာဏသဒ္ဓမ္မဘွဲ့ရ ဒုတိယဆပဒ္ဒမထေရ် ၊

၃။ သျှင်ဓမ္မသီရိဘွဲ့ရ တတိယဆပဒ္ဒမထေရ် တို့ ဖြစ်ကြသည်။

ထိုသုံးပါးတို့တွင် နောက်နှစ်ပါးမှာ ပထမဆပဒ္ဒမထေရ်၏ နေရာတွင် ဆက်ခံ၍ နေသောကြောင့် ထိုအမည်ကို ရရှိခြင်း ဖြစ်သည်။ သို့ရာတွင် ပထမဆပဒ္ဒမထေရ်ကဲ့သို့ ထင်ရှားကျော်ကြားခြင်း မရှိကြပေ။ သျှင်သဒ္ဓမ္မဇောတိပါလဘွဲ့ရ ပထမဆပဒ္ဒမထေရ်သည်ကား မြန်မာပြည်သို့ သီဟိုဠ်နိုင်ငံမှ သာသနာကို သယ်ဆောင်ခြင်း၊ စာပေကျမ်းဂန် များစွာတို့ကို ပြုစုတော်မူခြင်း၊ စသည်တို့ကြောင့် သာသနာဝင်တွင် ပိုမို၍ ထင်ရှားလေသည်။

ပထမဆပဒ္ဒမထေရ်အား ပုသိမ်မြို့စီရင်စု အဝင်အပါ ယခုအခါ ငပုတောမြို့နေရာဟု ယူဆကြသော ဆပဒ္ဒရွာတွင် သက္ကရာဇ် ၅၁၂–ခုနှစ်၌ မွေးဖွားခဲ့သည်။ သာမဏေပြုသောအခါ ဘွဲ့မည်မှာ သျှင်သဒ္ဓမ္မဇောတိပါလ ဖြစ်သည်။ နောင်အခါ၌ မွေးဖွားရာ ရွာကို အစွဲပြု၍ သျှင်ဆပဒ္ဒဟု ခေါ်တွင်ကြ၏။ အရင်ရေးသားသော ကျမ်းများ၌ကား သျှင်သဒ္ဓမ္မဇောတိပါလဟု အရေးအသား များပေသည်။ သာသနာဝင်များ၌မူ သျှင်ဆပဒ္ဒဟုပင် ထင်ရှားသည်။ အချို့ပိဋကတ်သမိုင်းများ၌ကား ‘ သျှင်သဒ္ဓမ္မဇောတိပါလဆပဒ္ဒ ’ ဟုလည်း တွဲဖက်ခေါ်တတ်သေးသည်။

သျှင်သဒ္ဓမ္မဇောတိပါလဘွဲ့ရ သာမဏေသျှင်ဆပဒ္ဒသည် သက္ကရာဇ် ၅၃၂–ခုနှစ်တွင် ဆရာဖြစ်သူ သျှင်ဥတ္တရာဇီဝမထေရ် သီဟိုဠ်သို့ ဘုရားဖူး ကြွရောက်ရာတွင် ဆရာတော်နှင့်အတူ လိုက်ပါသွားခဲ့လေသည်။ သီဟိုဠ်နိုင်ငံသို့ ရောက်လျှင် သျှင်ဆပဒ္ဒသာမဏေသည် အသက်နှစ်ဆယ်ပြည့်သဖြင့် ရဟန်းခံချိန်သို့ ရောက်ခဲ့သည်။ ထို့ကြောင့် ဆရာဖြစ်သော သျှင်ဥတ္တရာဇီဝမထေရ်သည် သီဟိုဠ်သံဃာတို့နှင့် တိုင်ပင်၍ သျှင်ဆပဒ္ဒသာမဏေအား နှစ်နိုင်ငံ သံဃာများ ပူးပေါင်းကာ ရဟန်းဘောင်သို့ ပို့ဆောင်ပေးကြလေသည်။

ထို့နောက် သျှင်ဥတ္တရာဇီဝမထေရ်နှင့် အဖွဲ့သည် ဘုရားဖူးခြင်း ကိစ္စပြီးသဖြင့် ပုဂံပြည်သို့ ပြန်မည်ပြုရာတွင် ဆပဒ္ဒပဉ္စင်းသစ်သည် ဤသို့ အကြံဖြစ်၏။ “ ငါသည် ဆရာမထေရ်နှင့် ပြန်လိုက်သည်ရှိသော် ဆွေမျိုးမိသင်္ဂဟတို့ အသိုင်းအဝိုင်းတွင် မွေ့လျော်၍ ပါဠိ အဋ္ဌကထာတို့ကို ကောင်းမွန်စွာ သင်ကြားနိုင်မည် မဟုတ်ပေ။ ဤသီဟိုဠ်ကျွန်း၌ နေ၍ ပါဠိ အဋ္ဌကထာ ကျမ်းစာများကို သင်ကြားနေရစ်ခဲ့ရမူ ကောင်းလေစွ၊ ”ဟု အကြံဖြစ်၍ ဆရာသျှင်ဥတ္တရာဇီဝမထေရ်အား ခွင့်တောင်းလေသည်။ အခွင့်ရလျှင် သီဟိုဠ်နိုင်ငံ၌ နေရစ်ပြီး စာပေပရိယတ်များကို သင်ကြားဆည်းပူးလေသည်။

သျှင်ဆပဒ္ဒသည် သီဟိုဠ်နိုင်ငံ၌ ပညာဆည်းပူးခဲ့သည်မှာ ၁၀–နှစ်မျှ ကြာမြင့်ခဲ့သည်။ ထိုအချိန်တွင် စာပေပရိယတ်လည်း ပြည့်စုံကြွယ်ဝလာပြီ ဖြစ်သည့်အလျောက် ပုဂံသို့ ပြန်ရန် ရည်ရွယ်ခဲ့သည်။ ထိုအခါ “ အကယ်၍ ပုဂံပြည်တွင် ငါ၏ ဆရာမထေရ် မရှိခဲ့လျှင် ပုဂံသားတို့နှင့် သံဃာ့ကံပြုရန် အခက်အခဲ ရှိလိမ့်မည်၊ သို့အတွက် ဤသီဟိုဠ်ကျွန်းမှ သံဃာအချို့ကို သံဃာ့ကံပြုရန်အတွက် ပင့်ဆောင်သွားမှ သင့်တော်ချေမည်၊ ” ဟု ကြံစည်မိသည့်အတိုင်း သီဟိုဠ်နိုင်ငံမှ မထေရ်လေးပါးကို ပင့်ဆောင်ခဲ့လေသည်။ ပင့်ဆောင်ခဲ့သော မထေရ်များမှာ စာပေတတ်ကျွမ်းသူချည်း ဖြစ်ကြသည်။ ထိုရဟန်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ တာမလိတ္တရွာသား သျှင်သီဝလိမထေရ်၊ (တာမလိတ္တရွာသည် မဇ္ဈိမဒေသမြေပုံတွင် ကာလကတ္တားမြို့အနီးမှ တာမလွတ်ရွာဟု ယူဆကြသည်။ )

၂။ သီဟိုဠ်ကျွန်းသား သျှင်ရာဟုလာမထေရ် ၊
၃။ ကိဉ္စိပုရမြို့သား သျှင်အာနန္ဒာမထေရ် ၊ ( အိန္ဒိယနိုင်ငံ အရှေ့ဘက် ကမ်းခြေရှိ မဒရပ် နယ်၊ ကွန်ဂျီဗာရန်မြို့ ၊ )
၄။ ကမ္ဘောဇမင်းသား သျှင်တာမလိန္ဒမထေရ် ၊ ( ကမ္ဘောဒီးယားနိုင်ငံမှ ဘုရင့်သားတော် တစ်ပါးဖြစ်သည်။ ပြင်သစ်ပညာရှင် တစ်ဦးကမူ တာမလိန္ဒမထေရ်သည် ကမ္ဘောဒီးယား ပြည် အံကောသုံမြို့တည် ဇေယဝါမန်ဘုရင်၏ သားတော်တစ်ပါး ဖြစ်ရမည်ဟု ယူဆ သည်။ သတ္တမမြောက် ဇေယဝါမန်မင်းသည် မြန်မာဘုရင် နရပတိစည်သူနှင့် ထီးပြိုင် နန်းပြိုင်ဖြစ်၍ ထိုအယူကို ကန့်ကွက်ဖွယ် မရှိဟု အဆိုပြုကြသည်။ )

သျှင်ဆပဋ္ဌမထေရ်သည် မထေရ်လေးပါးနှင့်အတူ မြန်မာနိုင်ငံသို့ သက္ကရာဇ် ၅၄၃–ခု နှစ်တွင် သင်္ဘောစီး၍ ကြွလာခဲ့ကြ၏။ မြန်မာပြည်သို့ ရောက်လျှင် ဝါဆိုရန် နီးကပ်နေသဖြင့် ပုဂံပြည်ထိအောင် မလာရောက်နိုင်တော့ဘဲ ပုသိမ်မြို့ တောင်အရပ်၌ သူကြွယ်တို့ ဆောက်လုပ် သော ကျောင်း၌ ဝါဆိုဝါကပ်ကြရသည်။ ထိုအရပ်ရှိ ကျောင်းကို ‘ သီဟိုဠ်ရောက်ကျောင်း’ ဟု ယခုတိုင် ထင်ရှားလေသည်။

သျှင်ဆပဋ္ဌမထေရ်သည် မထေရ်လေးပါးတို့နှင့် အတူ သီတင်းဝါလကျွတ်၍ ပဝါရဏာ ပြုပြီးလျှင် ပုဂံနေပြည်တော်သို့ ကြွရောက်လာကြလေသည်။ ပုဂံနေပြည်တော်မှ ဆရာဖြစ်သော သျှင်ဥတ္တရာဇီဝမထေရ်သည် ရက်အနည်းငယ်ကပင် ပျံလွန်တော်မူသဖြင့် သင်္ဂြိုဟ်ပြီးစီးနှင့် နေပြီ ဖြစ်သည်။ သျှင်ဆပဋ္ဌသည် ထိုအကြောင်းကို ပုဂံသို့ ရောက်မှ ကြားသိရသောကြောင့် မိမိဆရာ မထေရ်သင်္ဂြိုဟ်ရာ အရပ်သို့ သွားရောက်၍ ပူဇော်ရလေသည်။

သျှင်ဆပဋ္ဌမထေရ်တို့ ငါးပါးဂိုဏ်းသည် ပုဂံသားရဟန်းတော်တို့နှင့် သံဃာ့ကံကို အတူမပြုကြဘဲ မိမိငါးပါးတည်းသာ စုပေါင်း၍ ကံပြုကြ၏။ ထိုဂိုဏ်းကို နောင်အခါတွင် ဒုတိယ သီဟိုဠ်ရောက်ဂိုဏ်းဟု ခေါ်တွင်လေသည်။

နရပတိစည်သူမင်းသည် သျှင်ဆပဋ္ဌတို့ ငါးပါးဂိုဏ်းကိုလည်း ကြည်ညိုတော်မူသဖြင့် ဧရာဝတီမြစ်လယ်တွင် လှေဖောင်များ ပြုလုပ်၍ သာမဏေများကို ရဟန်းပြုစေလေသည်။ ထိုအခါမှ စ၍ သျှင်ဆပဋ္ဌတို့ တည်ထောင်သော ဒုတိယသီဟိုဠ်ရောက်ဂိုဏ်းမှာလည်း တိုးတက် ကြီးပွားလာလေသည်။

သျှင်ဆပဋ္ဌမထေရ်သည် နရပတိစည်သူမင်းကြီး လှူဒါန်းသော မိမိကျောင်းပရိဝုဏ် အတွင်း၌ ဘုရင့်ကောင်းမှုတော်ဖြစ်သော စေတီတစ်ဆူကို ကြပ်မတ်တည်ထားရာ သီဟိုဠ်ပုံစံကို ယူ၍ တည်ထားသည်။ ထိုစေတီတော်သည် ‘ ဆပဋ္ဌစေတီ ’ အမည်ဖြင့် ထင်ရှားသည်။

ဆရာတော်သည် စာပေကျမ်းဂန်တို့၌ ကျွမ်းကျင်တော်မူသည့်အလျောက် သဒ္ဒါဘက် ဆိုင်ရာကျမ်းများ၊ သာသနာရေးဆိုင်ရာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာကျမ်းတို့ကို ရေးသား ပြုစုတော် မူ၏။ အရှင်ရေးသားသော ကျမ်းတို့မှာ ဝိနယဂုဠှတ္ထဒီပနီကျမ်း၊ သီမာလင်္ကာရစာကိုယ်နှင့် ဋီကာ၊ ပါတိမောက္ခပဒတ္ထဝဏ္ဏနာကျမ်း၊ နာမာစာရဒီပကစာကိုယ်နှင့် ဋီကာ၊ ဝိသုဒ္ဓိမဂ်ဂဏ္ဌိပုဒ်၊ ဝိနယဓာတတ္ထကီကျမ်း စသည်တို့ ဖြစ်သည်။

သျှင်ဆပဋ္ဌမထေရ်သည် နရပတိစည်သူမင်းလက်ထက်တွင် ပျံလွန်တော်မူသည်ဟု သိရှိ ရပြီး မည်သည့်ခုနှစ်ဟူ၍ကား မတွေ့ရချေ။

( ကျမ်းကိုး) ကလျာဏီကျောက်စာနိသျ၊ သာသနာလင်္ကာရစာတမ်း၊ မှန်နန်းရာဇဝင်တော်ကြီး– ပထမတွဲ၊ မဟာစေတီယုပ္ပတ္တိဝိဘာဝနီကျမ်း၊ ပုဂံခေတ်ယဉ်ကျေးမှု၊ ပေဖူးလွှာ၊ သာသနဗဟုသုတ ပွကာသနီကျမ်း၊ ပိဋကတ်သမိုင်းစာတမ်း ၊

## သျှင်ဓမ္မဝိလာသမထေရ် ( ၅၂၀ ခန့်–၅၈၀ ခန့် )

သျှင်ဓမ္မဝိလာသမထေရ်သည် မြန်မာပြည် အောက်ပိုင်း ဒလမြို့စီရင်စု၊ ပတိဗ္ဗဇေယျ (ပတိဗ္ဗတေယျ) ရွာ၌ ဖွားမြင်သည်။ ဘွဲ့မည်မှာ သျှင်သာရိပုတ္တရာဖြစ်၏။ သာမဏေဘဝမှပင် ပုဂံနေပြည်တော်သို့ လာရောက်၍ သျှင်အာနန္ဒာမထေရ်ထံ၌ ခိုဝင်ကာ စာပေပရိယတ်များကို သင်ကြား ဆည်းပူးလေသည်။

သျှင်သာရိပုတ္တရာ၏ ဆရာဖြစ်သော သျှင်အာနန္ဒာမထေရ်ကား မြန်မာပြည်သား ရဟန်းတော်တစ်ပါး မဟုတ်ပေ။ သျှင်ဆပဋ္ဌမထေရ်နှင့် သီဟိုဠ်ပြည်မှ လိုက်ပါလာပြီး ပုဂံနေပြည်တော်တွင် သီတင်းသုံးနေသော ဆရာတော်ဖြစ်သည်။ သာမဏေသျှင်သာရိပုတ္တရာသည် ထိုဆရာတော်အထံ၌ သင်ရိုးကျမ်းစာများကို သင်ကြားပြီးနောက် အသက် ၂၀–ပြည့်၍ ရဟန်းပြုသောအခါ၌လည်း မိမိဆရာရင်းဖြစ်သော သျှင်အာနန္ဒာမထေရ်ကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းခံလေသည်။

သျှင်သာရိပုတ္တရာသည် ပါဠိဘာသာ သဒ္ဒါကျမ်းဂန်တို့၌ အထူးအားဖြင့် တတ်ကျွမ်းလိမ္မာတော်မူသည်။ ထို့ကြောင့်လည်း သဒ္ဒဝုတ္တိဋီကာနှင့် သမ္ဗန္ဓစိန္တာဋီကာကျမ်းတို့ကို ပါဠိဘာသာဖြင့် ရေးသားစီရင်တော်မူလေသည်။ နောင်အခါတွင် ပုဂံသားဖြစ်သော သျှင်အဘယမထေရ်က သမ္ဗန္ဓစိန္တာဋီကာကို ထပ်မံရေးသားပြန်သောကြောင့် သျှင်သာရိပုတ္တရာရေးသော ဋီကာမှာ ဋီကာဟောင်းဟူ၍ ပိဋကတ်သမိုင်းတွင် ထင်ရှားလေသည်။ ထိုကျမ်းများသည် မင်းလှူသော ဘွဲ့တံဆိပ် မရမီက ရေးသားဟန်တူပေသည်။ ထို့ကြောင့်လည်း ဓမ္မဝိလာသဟူသော အမည်က မထင်ရှားဘဲ သျှင်သာရိပုတ္တရာဟူ၍သာ အသိများလေသည်။

သက္ကရာဇ် ၅၃၆–ခုနှစ်တွင် နရပတိစည်သူမင်းကြီးသည် ပုဂံပြည်၌ ထီးနန်းဆက်ခံ၍ မင်းပြုသည်။ ထိုအခါ မင်းကြီးသည် သျှင်သာရိပုတ္တရာ၏ ကျော်စောသော စာပေဂုဏ်သတ္တိကို ကြားသိတော်မူသဖြင့် မှူးမတ်မင်းချင်းတိုအား ကျောင်းသို့ သွားရောက်၍ ဆရာတော်၏ စာပေအရည်အသွေးကို စုံစမ်းစေလေသည်။ မင်းချင်းတို့လည်း ဆရာတော်သီတင်းသုံးရာကျောင်းသို့ သွားရောက်ပြီး စာပေအရည်အသွေးကိုလည်းကောင်း၊ အဆင်းရူပကာယကိုလည်းကောင်း စုံစမ်းလေ့လာကြသည်။ ထိုသို့ လေ့လာပြီးနောက် မင်းချင်းတို့သည် မင်းကြီးအား အကြောင်းစုံကို လျှောက်တင်ကြသည်။

နရပတိစည်သူမင်းကြီးသည် သျှင်သာရိပုတ္တရာ၏ စာပေဂုဏ်သတ္တိကိုယုံကြည်တော်မူသဖြင့် များစွာသော ပူဇော်သက္ကာရတို့ကို ပြုတော်မူသည်။ ဆရာတော်အား **‘ ဓမ္မဝိလာသ ’**ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ပေးအပ်လှူဒါန်းလေသည်။ ထိုအခါမှစ၍ သျှင်သာရိပုတ္တရာသည် ဓမ္မဝိလာသဟူသော အမည်ဖြင့် ထင်ရှားလေသည်။

ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီးသည် ဆရာတော် သျှင်ဓမ္မဝိလာသမထေရ်အား “ အရှင်ဘုရား၊ ရာမညတိုင်း၌ သာသနာတော်ကို ထွန်းပပါစေဘုရား၊ ” ဟု လျှောက်ထားသည်။ ထို့ကြောင့် သျှင်ဓမ္မဝိလာသမထေရ်သည် မိမိဒေသဖြစ်သော ဒလမြို့သို့ ကြွရောက်၍ စာပေများကို ပို့သတော်မူရင်း ရာမညတိုင်း သာသနာကို ကျယ်ပြန့်စွာ ပြုစုတော်မူလေသည်။ ယနေ့ မြန်မာစာပေတွင် ထင်ရှားနေသော ‘ ဓမ္မဝိလာသဓမ္မသတ် ’ သည် ဒလမြို့ရောက်မှပင် ရေးသားကြောင်း –

> “ တံဆိပ်မည် ဓမ္မဝိလာသပုဂ္ဂိုလ်သူမြတ် ဒလမြို့တွင် သီတင်းသုံးနေစဉ် မနုရင်းဓမ္မသတ်ကိုမှီ၍ စီရင်သည့် ဓမ္မဝိလာသဓမ္မသတ်၊ ”–

ဟူသော ကဝိလက္ခဏာဒီပနီကျမ်းလာ စကားဖြင့် ထင်ရှားပေသည်။

မြန်မာစာညွှန့်ပေါင်းကျမ်းတွင် ဓမ္မဝိလာသဓမ္မသတ်နှင့် ပတ်သက်၍ ကင်းဝန်မင်းကြီး၏ အဆိုအမိန့်ကို ဤသို့ ဖော်ပြထားသည်။

" ကင်းဝန်မင်းကြီး စီရင်သော ဓမ္မသတ်ပေါင်းချုပ်အရ ဓမ္မဝိလာသဓမ္မသတ်သည် သက္ကရာဇ် ၄၅၅–ခုနှစ်၌ ရေးသည်ဖြစ်သောကြောင့် ထိုကျမ်းသည် မြန်မာသက္ကရာဇ် ၄၅၅–ခု နန်းတက်တော်မူသော အလောင်းစည်သူမင်း လက်ထက်၌ ရေးသည် ဆိုသင့်သည်။ ထိုဓမ္မသတ်သည် ယခုတွေ့ရှိရသော မြန်မာစကားပြင် ကျမ်းတို့တွင် ရှေးအကျဆုံး ကျမ်းစာဖြစ်သတည်း။ "

သျှင်ဓမ္မဝိလာသ အကြောင်းနှင့် ပတ်သက်၍ ကလျာဏီကျောက်စာတို့တွင် အလောင်းစည်သူမင်း လက်ထက်ဟူ၍ မပါရှိပေ။ သျှင်ဓမ္မဝိလာသမထေရ်၏ ဆရာဖြစ်သော သျှင်အာနန္ဒာမထေရ်သည်ပင် အလောင်းစည်သူမင်းလက်ထက်၌ ပုဂံနေပြည်တော်သို့ မရောက်လာသေးပေ။ သက္ကရာဇ် ၅၄၃–ခုနှစ်တွင် သျှင်ဆပဋ္ဌမထေရ်နှင့် အတူပါလာရာ ၄၅၅–ခုတွင် နန်းတက်သော အလောင်းစည်သူမင်းလက်ထက်နှင့်ဆိုလျှင် နှစ်ပေါင်းများစွာ ကွာခြားနေပေသည်။ ထို့ကြောင့် ကလျာဏီကျောက်စာ၊ ကဝိလက္ခဏာဒီပနီ၊ ပိဋကတ်သမိုင်းစာတမ်းစသည်တို့၏ အလိုကို လိုက်၍ ရေးသားရခြင်း ဖြစ်ပေသည်။

မှော်ဘီဆရာသိန်း၏ ရှေးဖြစ်စာတမ်း အဆိုအရလည်း ဓမ္မဝိလာသဘွဲ့ရ သျှင်သာရိပုတ္တရာကို ' သျှင်ဆပဒ ' ဟုလည်းခေါ်တွင်ကြောင်း ရေးသားထားပြန်ပါသည်။ ထိုအဆိုမှာ သီဟိုဠ်ပြန် သျှင်သဒ္ဓမ္မဇောတိပါလဘွဲ့ခံ ပုသိမ်မြို့ကျေး ဆပဋ္ဌရွာသား ဖြစ်သော သျှင်ဆပဋ္ဌနှင့် အရေးအမှတ်မှားဟန် တူပါသည်။

ဓမ္မဝိလာသဘွဲ့တံဆိပ်တော်ရ သျှင်သာရိပုတ္တရာ အရှင်မြတ်၏ စုတိသောသက္ကရာဇ် စသည်တို့ကို အမှတ်အသား မတွေ့ရဘဲရှိပေသည်။

(ကျမ်းကိုး) ကလျာဏီကျောက်စာနိသျ၊ ကဝိလက္ခဏာဒီပနီကျမ်း၊ ကဗျာကြေးမုံ ပိဋကတ်ကြေးမုံကျမ်း၊ ပေဖူးလွှာ၊ မြန်မာစာညွှန့်ပေါင်းကျမ်း–ပထမတွဲ၊ ပိဋကတ်သမိုင်းစာတမ်း၊ ရှေးဖြစ်စာတမ်း၊

## **သျှင်ဒိသာပါမောက္ခ** ( ၅၅၀ ခန့်–၆၄၇ ခန့် )

" ကျည်ပွေ့လည်းပျောက် ၊ မောင်းလည်းရောက် ၊ အနောက်အင်းကြီး ပေါ်လတံ့။ အင်းကြီးအလယ် ၊ ဖားသူငယ် ၊ အစွယ်ပြူးတူး ပေါ်လတံ့။ "ဟူသော စကားအရ ဆရာတော် ဦးကျည်ပွေ့ခေါ် သျှင်ဒိသာပါမောက္ခသည် မြန်မာ့သမိုင်းဦးဖြစ်သော ပုဂံခေတ်တွင် ထင်ရှားခဲ့သော ဆရာတော် ဖြစ်သည်။ မြန်မာ့ရှေးဦးသင်ဖြစ်သော သင်ပုန်းကြီးကျမ်းကိုလည်း ရေးသားတော်မူ၏။ ပုဂံပြည်၏ ငြိမ်းချမ်းရေးတမန်တော် တစ်ပါးလည်း ဖြစ်၏။ ဆရာတော်၏ အကြောင်းကား ဤသို့တည်း။

သက္ကရာဇ် ၅၉၆–ခုနှစ်တွင် နန်းတက်သော ကျစွာမင်းကြီး လက်ထက်တွင် အသက် ၆၀–အရွယ် ရဟန်းကြီးတစ်ပါး ရှိသည်။ ထိုရဟန်းကြီးသည် အမှတ်မဲ့နေခဲ့သဖြင့် ပိဋကတ်စာပေကို ပေါက်မြောက်အောင် မလေ့လာခဲ့ရချေ။ ရဟန်းကြီးသည် နေ့စဉ်နေ့တိုင်း သွားတိုက်ပြီးသော ဒန်ပူတို့ကို ကျောင်းအောက်ရှိ လေးတောင်ခန့်နက်သော တွင်းထဲသို့ ပစ်ချလေ့ရှိ၏။ ကြာသော် ထိုတွင်းကြီးသည် ဒန်ပူများဖြင့် ပြည့်မောက်လျက် ရှိနေတော့သည်။

တစ်နေ့သ၌ ရဟန်းကြီးသည် ထိုဒန်ပူတို့ဖြင့် ပြည့်မောက်နေသော တွင်းကြီးကို ကြည့်၍ ဤသို့ ကြံမိသည်။ " ငါသည် တစ်နေ့လျှင် ဒန်ပူတစ်ချောင်းမျှကို တိုက်၍ ပစ်ခဲ့ရာ တွင်းပြည့်ခဲ့ပြီ၊ ငါသည် ယခု အသက်၆၀–တိုင် အမှတ်မဲ့နေခဲ့၍ စာပေ မလုံမလောက် ရှိခဲ့သည်၊ တစ်နေ့လျှင် ဤဒန်ပူလောက်မျှသာ ကျက်ခဲ့လျှင် ကာလကြာသော် များစွာ တတ်မြောက်ရန် ရှိပေသည်၊ " ဟု တွေးတော သတိရမိသည်။

ဤသို့ သတိရမိသည့်အတိုင်း စာပေကို လေ့လာတော့အံ့ဟု နှလုံးပိုက်၍ ကျစွာမင်းကြီးထံသို့ ဝင်၍ ကံ့ကူဆံကို အလှူခံလေသည်။ ထိုအခါ ကျစွာမင်းကြီးက " အရှင်ဘုရား၊ သက်တော်လည်း ကြီးလှပေပြီ၊ ယခုမှ သင်ကြား၍ ဘယ်မှာ တတ်မြောက်နိုင်တော့မည်နည်း၊ ဆုံကျည်ပွေ့သည်လျှင် အတက်အညွန့် ပေါက်နိုင်စရာ ရှိသည်၊ ကျမ်းဂန်မတတ်နိုင်ရာတော့ပြီ၊" ဟု ပြက်ရယ်ပြောဆို၍ကံ့ကူဆံကို လှူဒါန်းလိုက်လေသည်။

ရဟန်းကြီးသည် ကျစွာမင်းကြီးပြောဆိုသော စကားကို စိတ်တွင် မှတ်၍ နန်းတော်မှ ထွက်ခဲ့၏။ ကျောင်းသို့ ရောက်လျှင် မိမိကြံစည်ရင်းအတိုင်း နိရုတ္တိစသော ကျမ်းစာတို့ကို တစ်နေ့လျှင် ဒန်ပူတစ်ထောက်စာမျှ သတ်မှတ်၍ လေ့လာဆည်းပူးလေတော့သည်။ ယင်းသို့ ဆည်းပူးရာ၌ လျင်မြန်သော ဉာဏ်ရှိသည့်အလျောက် မကြာမြင့်မီ တတ်မြောက်တော်မူလေသည်။

ထိုအခါ တစ်ချိန်က ကျစွာမင်းကြီး ပြက်ရယ်ပြုလိုက်သည်ကို ပြန်လည် ချေပလိုသဖြင့် ဆုံကျည်ပွေ့တစ်ခုကို ရှာ၍ အညွန့်အခက်များ ပေါက်နေလေဟန်ဖြင့် သစ်ခက် သစ်ညွန့်တို့ကို ဆုံကျည်ပွေ့တွင် စည်းနှောင်လေသည်။ ပြီးနောက် ထိုကျည်ပွေ့ကြီးကို ထမ်းလျက် ကျစွာမင်းနန်းတော်သို့ ဝင်လေတော့သည်။

ကျစွာမင်းလည်း ဆရာတော်၏ ထူးခြားသော အသွင်အပြင်ကို မြင်တော်မူ၍ ပြုံးရယ်ပြီးလျှင် အကြောင်းချင်းရာကို မေးမြန်းတော်မူ၏။ ထိုအခါ ဆရာတော်က " ဒကာတော် မင်းကြီး၊ တစ်ခါက ကျည်ပွေ့ အတက်ပေါက်မှ စာတတ်လိမ့်မည် ဆိုသော စကားကို မှတ်မိပါသေး၏လော၊ ယခုအခါ ကျည်ပွေ့လည်း အတက်ပေါက်ပြီ၊ ငါလည်း စာပေကျမ်းဂန်တို့ကို တတ်မြောက်ပြီ၊ "ဟု ပြောကြားလေသည်။

ကျစွာမင်းသည် ဆရာတော်အား ပုစ္ဆာတို့ကို မေးမြန်းလျှောက်ထား၍ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော်လေသည်။ ထိုအချိန်မှစ၍ ဆရာတော်သည် သျှင်ဒိသာပါမောက္ခဟူသော အမည်ဖြင့် ကျော်စော ထင်ရှားလာလေသည်။

ထိုသို့ အကျော်တစော ဖြစ်လာပြီးနောက် ဆရာတော်၏ ပညာအရည်အသွေးကို စစ်

ဆေးလိုကြသော ခြောက်ကျောင်းသား ရဟန်းတော်တို့သည် ထိုဆရာတော်ကြီး ရေချိုးနေစဉ် ရေငုပ်ရာမှ ပေါ်လာသည်တွင် ပုစ္ဆာကို မေးကြအံ့ဟု ကြံစည်၍ ဆရာတော် ရေချိုးသော ကန်အနီး၌ စောင့်နေကြကုန်၏။ ခြောက်ကျောင်းသားရဟန်းလည်း သျှင်ဒိသာပါမောက္ခ ရေငုပ်ရာမှ ပေါ်လာစဉ် စာမေးရန်အတွက် “ အဟံး ” ဟု ချောင်းသံပြုသည်ကို ဆရာတော်က အဟံဟူသော ပုဒ်ကို ရုပ်မေးသည်ထင်၍ “ အဟံကား အမှသဒ္ဒါတည် ” စသည်ဖြင့် ရုပ်တွက်၍ ပြလိုက်လေသည်။ ထိုအခါ စာမေးသည့် ရဟန်းတို့မှာ ပြုံးရယ်ကြလျက် ဆက်လက်၍ မမေးဝံ့တော့ဘဲ လက်လျှော့လိုက်ကြလေတော့သည်။

ဆရာတော်သျှင်ဒိသာပါမောက္ခ အရှင်မြတ်ကလည်း “ ငါ့ကို မေးကြသည်မှာ များပြီ၊ ငါကလည်း မေးမြန်းဦးမည်၊ အညသမာန်းစေတသိက်၌ အည၏ အပါဒါန်ကို ခံပါ၊ ” ဟု မေးမြန်းလေရာ ခြောက်ကျောင်းသား ရဟန်းတို့မှာ ရုတ်တရက် မဖြေဆိုနိုင်ဘဲ ရှိကြလေသည်။ ဆရာတော်အား စာမေးသော ရေကန်ကို ‘ စာမေးရေကန် ’ ဟုလည်းကောင်း၊ ‘ ရုပ်တွက်ရေကန် ’ ဟုလည်းကောင်း ခေါ်တွင်လျက် ပုဂံမြို့ စူဠာမဏိဘုရားအနီး ကျောင်းတိုက်အတွင်း၌ တည်ရှိလေသည်။

ထိုအချိန်တွင် ဆရာတော်သည် အရပ်ရှစ်မျက်နှာတို့၏ အကြီးအမှူးဖြစ်၍ သျှင်ဒိသာပါမောက္ခအမည်ဖြင့် ထင်ရှားသော်လည်း လူတို့အသိမှာကား ဦးကျည်ပွေ့ဟူ၍သာ အသိများကြလေသည်။ ကျစွာမင်းတရားကလည်း ဆရာတော်အား “ ကျမ်းဂန်ပြုတော်မူပါ၊ ” ဟု လျှောက်ထားသောကြောင့် ရှေးကာလက မရှိခဲ့ဖူးသေးသဖြင့် ‘ အာဒိပုဗ္ဗကျမ်း ’ ခေါ် ရှေးဦးသင်ပုန်းကြီးကျမ်းကို ရေးသားစီရင်တော်မူသည်။ ထိုအကြောင်းကို သင်ပုန်းကြီးဋီကာနိဒါန်း၌ –

> “ ဘန္တေ၊ အရှင်ဘုရား။ ဇကံ၊ တစ်ခုသော။ ဂန္ထံ၊ ကျမ်းကို။ ကရောတု၊ ပြုတော်မူပါလော့။ ဣတိ၊ ဤသို့။ ကျစွာရာဇေန၊ ကျစွာမင်းသည်။ အဘိယာစိတော၊ ရှေးရှုတောင်းပန်အပ်သည်ဖြစ်၍။ ဝါ– တောင်းပန်အပ်သော။ ဒိသာပါမောက္ခော၊ ဒိသာပါမောက္ခဖြစ်သော။ ဝါ–အရပ်ရှစ်မျက်နှာ၌ ထင်ရှားသော။ အာစရိယော၊ ဆရာသည်။ ပုဗ္ဗဂန္ထံ၊ ရှေးဦးအစ ပကတူပဖြစ်သော သင်ပုန်းကြီးကျမ်းကို။ ဝါ– အစရှေးဦး ပကတူး၌ဖြစ်သော သင်ပုန်းကြီးကျမ်းကို။ ရစိတံ၊ စီရင်အပ်၏။ ”

ဟု ရေးသားခဲ့လေသည်။

ဆရာတော် သျှင်ဒိသာပါမောက္ခသည် သားတော်ဥဇနာမင်း၊ နရသီဟပတေ့မင်းလက်ထက်တို့၌လည်း မင်းဆရာအဖြစ် ဆက်လက် ကိုးကွယ်ခြင်းခံရလေသည်။

သက္ကရာဇ် ၆၃၈–ခုတွင် နန်းတက်သော နရသီဟပတေ့ခေါ် တရုတ်ပြေးမင်းလက်ထက်တွင် တရုတ်ပြည်မှ သံများ ရောက်လာသည်ကို ရှေ့တော်၌ အနေအထိုင် မယဉ်ကျေးသည့်အတွက် သံတမန်များကို သုတ်သင်ပစ်လေသည်။ ထိုအခါမှစ၍ တရုတ်မြန်မာစစ်ပွဲကြီး ဖြစ်ရလေသည်။ ထိုစစ်ပွဲအခြေအနေမှာ တစ်နေ့ထက် တစ်နေ့ ဆိုးရွားလာသောကြောင့် နရသီဟပတေ့မင်းသည် ပုဂံပြည်ကို ပစ်ခွာ၍ ပြည်မြို့အနောက်ဘက် လှည်းမီးချအရပ်၌ ခေတ္တစံနေတော်မူရလေသည်။

ထိုစဉ်အတွင်း အနန္တပစ္စည်းနှင့် မဟာပိုဝ်တို့ကို ခေါ်တော်မူ၍ တရုတ်တို့၏ အခြေအနေကို သိသာအောင် ပြုရမည်ဟု အမိန့်ရှိသည်။ ထိုအခါ အနန္တပစ္စည်းနှင့် မဟာပိုဝ်တို့သည် မင်းကြီးအား ဤသို့ လျှောက်တင်ကြသည်။ “ တရုတ်တို့၏ အခြေအနေကို သိသာအောင် ပြုရမည့်အမှုကား ကြီးမားလှပါဘိ၏၊ ယခုအချိန်၌ သံတမန်လွှတ်ရမည့်သူလည်း မရှိပါ၊ သဝဏ်လွှာရေးသား၍ ဆက်သမည့်သူလည်း မရှိဘဲ ဖြစ်နေပါသည်၊ အကယ်၍ သျှင်ဒိသာပြာမုတ် (သျှင်ဒိသာပါမောက္ခ) ပါဝင်လျှင်မူကား ဤကိစ္စကို ဆောင်ရွက်နိုင်စရာ ရှိပါသည်၊ ” ဟု လျှောက်ထားကြလေသည်။

(မှတ်ချက်။ ။ စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်းတွင် ဦးကျည်ပွေ့အမည်ခံ ရှင်ဒိသာပါမောက္ခနှင့် တစ်ပါးစီဖြစ်ကြောင်း ဖော်ပြသည်။ )

ဤသို့ဖြင့် ဆရာတော် သျှင်ဒိသာပါမောက္ခကို ပင့်ယူ၍ ယင်းကိစ္စအဝဝကို အပ်နှင်းတော်မူလေသည်။ ဆရာတော်လည်း ရွှေဘိုနယ်ရှိ သစ်ဆိမ့်အရပ်နှင့် ဟန်လင်းအရပ်တို့တွင် ခေတ္တမျှ သီတင်းသုံးနေတော်မူပြီးလျှင် သဝဏ်စာရေးသားပြီး တရုတ်မင်းထံသို့ စေလွှတ်တော်မူ၏။ ထို့နောက်မှ တရုတ်မင်း၏ ပင့်ဆောင်ချက်ဖြင့် တရုတ်ပြည်သို့ ကြွတော်မူလေသည်။

ထိုအချိန်တွင် တရုတ်မင်းက ပုဂံပြည်ကို စစ်တိုက်စိမ့်သောငှာ သုတ္တတကီမင်းသားနှင့် သူရဲနှစ်သောင်းတို့ကို ပုညဓမ္မိကာမဟာထေရ်နှင့် သျှင်ဓမ္မိကာမထေရ် နှစ်ပါးတို့အား ကျောင်းပေါင်း ၇၀–မှ ရဟန်းတော်တို့ကို အုပ်ချုပ်စေ၍ သင်းတွဲပြည်သို့ ရောက်အောင် တပ်ချထားလေသည်။ ဆရာတော် သျှင်ဒိသာပါမောက္ခသည် ထိုစစ်သူရဲများ အကြားမှပင် တရုတ်မင်းစံရာ ပီကင်း (ဘေဂျင်း) မြို့သို့ ဦးတည်လာခဲ့၏။ လမ်းခရီးတွင် ဝါလအခါနှင့် ကြုံကြိုက်နေသဖြင့် ယဆည်မည်သောအရပ်၌ ဝါဆိုဝါကပ်တော်မူရလေသည်။

ဆရာတော်သည် ဝါလကျွတ်သောအခါမှ ဆက်လက်၍ ကြွချီတော်မူရာ တန်ဆောင်မုန်းလ ရောက်မှ တယ်တူမြို့တော် (ဘေဂျင်း) သို့ ရောက်ရှိသွားလေသည်။ ရောက်လျှင် တရုတ်မင်းက သူရဲနှစ်သောင်းနှင့် မဟာထေရ်တို့ကို သာသနာပြုစေလွှတ်လိုက်ကြောင်း ပြောပြ၏။ ထိုအခါဆရာတော်က တရုတ်မင်း ကူဗလေခန်အား “ဆန်စပါးသည် တိုင်းပြည်၏ အခြေအမြစ် ဖြစ်သည်၊ စပါးမရှိက သူရဲသူခက်များ သံဃာတော်များသည် တည်တံ့စွာ နေနိုင်မည် မဟုတ်ပါ၊ ဥယျာဉ်ဆိုသည်မှာ ရေသွန်းလောင်း၍ စိုက်ပျိုးရခြင်း ဖြစ်သည်၊ အညွှန့်အတက် မကြီးပွားမီ ဆိတ်ရူးခြင်းမပြုရပါ၊ ယခုလည်း ပုဂံပြည်၌ ကောက်ပဲသီးနှံ စိုက်ပျိုးဦးမည်၊ ပြီးမှ သာသနာပြုစေလိုသည်၊” စသော တရားဓမ္မများဖြင့် ဟောကြားတော်မူရာ ပြေငြိမ်းခွင့်ရသဖြင့် ဆရာတော်သည် ပုဂံပြည်သို့ ပြန်လည် ကြွရောက်တော်မူခဲ့လေသည်။

ပုဂံပြည်သို့ ပြန်ရောက်လျှင် ဆရာတော်အား အလွန်ကျေးဇူးကြီးလှသောကြောင့် ဟန်လင်းမြေ ၄၀၀၊ ကြံတူ၌ မြေသန်မှုရင်း ပျိုးခင်းစုံ ၄၀၀၊ မြေပေါင်း ၈၀၀–နှင့် ကျွန်နွားအစုံတို့ကို လှူဒါန်းတော်မူလေသည်။ သို့ရာတွင် ဆရာတော်သည် ထိုပစ္စည်းများကို ပုဂံမြို့တောင်ဘက်ပန်းပွတ်အရပ်ရှိ မင်္ဂလာစေတီတော်ကို ထပ်မံလှူဒါန်းလိုက်လေသည်။ ထို့ပြင် တန်ဆောင်းတော်ကြီးများ၊ စာသင်တိုက်ကြီးများကိုလည်း တည်လုပ်တော်မူ၍ ကုသိုလ်တရားတို့ကို ပွားများတော်မူခဲ့လေသည်။

(ကျမ်းကိုး) မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၅ ၊ မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်စာ၊ သာသနာလင်္ကာရစာတမ်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်စာဂုဏ် စာညီလာ၊ သင်ပုန်းကြီးဋီကာကျမ်း၊ သင်္ဂြိုဟ်ဂဏ္ဌိ သုံးစောင်တွဲ၊ မှန်နန်းရာဇဝင်တော်ကြီး–ပထမတွဲ၊ ၁၉၇၀–ခု၊ ဒီဇင်ဘာလထုတ်၊ စန္ဒာမဂ္ဂဇင်းမှ ဟံသာဝတီဦးဘရင်၏ ‘ငဆောင်ချမ်းတိုက်ပွဲနှင့် ဦးကျည်ပွေ့’ ဆောင်းပါး၊

## **ဆူးတွင်းပစ်ဆရာတော်** ( ၆၇၅ ခန့်-၇၃၅ ခန့် )

ဆူးတွင်းပစ်ဆရာတော်ဟုလည်းကောင်း၊ ပေါက္ကံဆရာတော်ဟုလည်းကောင်း ကျော်ကြားသော ဆရာတော် သျှင်နာဂိတကို စစ်ကိုင်းမြို့ မြောက်ဘက် သာစည်ရွာတွင် အသည်ကြီး တစ်ဦးမှ မွေးဖွားခဲ့သည်။

ဆရာတော်လောင်းလျာ သူငယ်သည် ကျောင်းသွား၍ စာပေသင်ကြားရန် အလွန်ပျင်းရိသည်။ စာပေသင်ကြားရန်အတွက် မိဘများက အထူဂရုစိုက်၍ တိုက်တွန်းသော်လည်း သူငယ်ကား မည်သည့်အခါမျှ ကျောင်းသို့ မှန်ကန်စွာ သွားရောက်လေ့ မရှိပေ။ ကြာသော် အသည်ကြီးသည် သူငယ်အား နောင်တရစိမ့်သောငှာ ဆူးပုံဆူးချုံတွင်းသို့ ချ၍ ဆုံးမသည်။ ဤသို့ မှတ်သားလောက်အောင် ဆုံးမလိုက်သောအခါ သူငယ်သည် ကြောက်လန့်၍လည်းကောင်း၊ နောင်တရသောကြောင့်လည်းကောင်း အိမ်သို့ မပြန်တော့ဘဲ ကျောင်းမှာပင် နေလေတော့သည်။

သူငယ်သည် ကျောင်း၌ အနေများလာသောအခါ ကျောင်း၌ ပျော်ပိုက်လာ၏။ စာပေသင်ကြားလိုစိတ်လည်း ဖြစ်ပေါ်လာ၏။ ထို့ကြောင့် သျှင်သာမဏေပြု၍ လောကီ လောကုတ္တရာ စာပေများကို အပတ်တကုတ် ကြိုးစားအားထုတ်လေသည်။ ရဟန်းပြုသောအခါ ဘွဲ့မည်မှာ သျှင်နာဂိတ ဟူ၍ ဖြစ်သည်။

သျှင်နာဂိတသည် ကျေးလက်ဒေသတွင် စာပေသင်ကြားရသည်ကို အားမရသေးဘဲ အသိအမြင် ပွင့်လင်းရာဖြစ်သော ပုဂံပြည်သို့ ကြွရောက်၍ စာပေများကို သင်ကြားပြန်လေသည်။ သျှင်နာဂိတ စာပေသင်သော စကားကျောင်းမမှ ဆရာတော် သျှင်သုဓမ္မမဟာသာမိမထေရ်သည် ထိုစဉ်က ပုဂံ၌ ကျော်စောသူ ဖြစ်သည်။ သျှင်နာဂိတသည် ထိုဆရာတော်ထံမှ စာပေနည်းနိသျတို့ကို စုံလင်စွာ ရရှိတော်မူသည့်အတွက် စာပေဂုဏ်သတ္တိသည်လည်း ပုဂံပြည်၌ အကျော်တစော ဖြစ်တော်မူလေသည်။

ထိုအခါ အဖဖြစ်သူ အသည်ကြီးသည် သျှင်နာဂိတ၏ ကျော်စောမှုကို ကြားသိရသဖြင့် မိမိသား ဖြစ်လောက်သည်ဟု အောက်မေ့၍ ပုဂံပြည်သို့ လိုက်လာလေသည်။ ရောက်လျှင် ရဟန်းတော်၏ အတိတ်အကြောင်းကို မေးမြန်းပြီး မိမိသားမှန်း သိလျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် မိမိကိုယ်တိုင် ဝတ်ပြု၍ လုပ်ကျွေးမွေးမြူလေသည်။

သျှင်နာဂိတသည် ဖခင်ပြုစု လုပ်ကျွေးသော ဆွမ်းပန်းတို့ကို စကားမပြော တုဏှိဘောဖြင့်သာ သုံးဆောင်လေ့ ရှိ၏။ ပြီးလျှင်လည်း မိမိစာကိုသာ ကြည့်ရှုဆည်းပူးနေလေ့ ရှိသည်။ တစ်နေ့သော် ဖခင်ကြီးက ဆွမ်းကပ်ရာ၌ ယနေ့ ဆားပေ့ါသည်၊ ဆားငန်သည် စသည်ဖြင့် ပြောဆိုလာ၏။ ဤသို့ဆိုဖန်များသော် ဖခင်ကြီးက " အရှင်သည် ရှေးယခင်က ဆွမ်းလုပ်ကျွေးလျှင် မည်သို့မျှ စကားဆိုလေ့ မရှိ၊ ယခုမူကား အဘယ့်ကြောင့် ပေါ့သည် ငန်သည်ဖြင့် အကြိမ်ကြိမ် ဆိုလာပါသနည်း၊ "ဟု မေးမြန်းသည်။

ထိုအခါ သျှင်နာဂိတက " ဖခင်ဒါယကာကြီး၊ ယခင်တုန်းက စာပေအတွက် အားပြုလေ့လာနေရသဖြင့် ပေါ့ခြင်း ငန်ခြင်းစသော အရသာများကို ခံယူမနေအားခဲ့ပါ၊ ယခုမူကား စာပေလေ့လာမှု၌ အတော်အတန် ကျေနပ်ပြီဖြစ်၍ ကိုယ်လက်အားဖြည့်လိုသဖြင့် သင့်မြတ်သော အာဟာရများကို စားသုံးလို၍ ဖြစ်ပါသည်၊ "ဟု ပြောကြားလေသည်။

ဖခင်ကြီးသည် ထိုစကားကို ကြားသဖြင့် "အရှင့်အမိသည် မျှော်တ၍ နေပေတော့မည်၊ စာပေအတွက် ကျေနပ်ပြီဆိုလျှင် အရှင့်အမိ၏ အဖူးမျှော်ခံရန် ရပ်ရွာသို့ ကြွရောက်တော်မူပါဦး၊" ဟု လျှောက်ထား၏။ သျှင်နာဂိတလည်း သဘောတူသဖြင့် ဖခင်အသည်ကြီးနှင့် အတူ ပုဂံနေပြည်တော်မှ မိမိတို့ ရပ်ရွာသို့ ပြန်လာခဲ့ကြလေသည်။

ထိုအချိန်တွင် ပင်းယ၌ ငါးစီးရှင်ကျော်စွာ၏ သားဖြစ်သော လေးစီးရှင်ကျော်စွာသည်

ထီနန်းအုပ်ချုပ် မင်းလုပ်နေ၏။ ထိုမင်းသည် ပင်းယစကား ခုနစ်ကျောင်းအနီးတွင် တင့်တယ် ခမ်းနားသော ကျောင်းတော်ကြီးကို ဆောက်လုပ်ထား၏။ ကျောင်းကို 'ကျော်စွာကျောင်း'ဟု သမုတ်ထားသည်။ ထိုကျောင်းကို မည်သူ့အားမျှ တင်လှူခြင်း မပြုဘဲ မင်းတရားက " သီလ ဝန် ဂုဏဝန်မှစ၍ ရဲရင့်တည်ကြည်သော ပုဂ္ဂိုလ်မှသာလျှင် တက်နေပါစေ၊ " ဟု အမိန့်တော် ထုတ်ပြန်ထားသည်။ ထိုအမိန့်စကားသည် ပျံ့နှံ့နေလေသည်။ ကာလအတန်ကြာမျှ တက်ရောက် နေထိုင်သူ မရှိဘဲ ဖြစ်နေခဲ့၏။

သျှင်နာဂိတတို့သည် ပင်းယသို့ ရောက်ရှိလာကြသည်တွင် ဘုရားပုထိုး ရှိခိုးရင်း မြို့ တွင်းသို့ ဝင်ခဲ့ကြ၏။ ကျော်စွာကျောင်းကြီး အနီးသို့ ရောက်ကြလျှင် လေးစီးရှင်ကျော်စွာမင်း၏ ဆန္ဒကို သိရသဖြင့် ထိုကျောင်းကြီးပေါ်သို့ တက်၍ နေလေသည်။ ထိုအကြောင်းကို အစောင့်လူ များက ကျော်စွာမင်းအား လျှောက်ကြားကြကုန်၏။ ထိုအခါ မင်းကြီးသည် ပညာအရာ၌ အားထား ရသော စတုရင်္ဂဗလအမတ်ကြီးအား ကျောင်းပေါ်၌ နေသော မထေရ်၏ စာပေဂုဏ်သတ္တိတို့ကို သွားရောက် စုံစမ်းစေလေသည်။

အမတ်ကြီးသည် ကျော်စွာကျောင်းပေါ်သို့ သွားရောက်၍ သျှင်နာဂိတအား ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန် အရပ်ရပ်တို့မှ ခက်ရာခက်ဆစ်တို့ကို မေးမြန်းလေသည်။ မေးမြန်းတိုင်း ပင် မိမိရရ ရှိလှသဖြင့် ထိုအကြောင်းကို မင်းကြီးအား ပြန်ကြားလျှောက်ထားလေသည်။ ထို့ကြောင့် သျှင်နာဂိတသည် ကျောင်းတော်ကြီးကို အလှူခံ ရရှိတော်မူ၏။ အဖဖြစ်သော အသည်ကြီးအား လည်း သူဌေးအရာပေး၍ ချီးမြှောက်သဖြင့် ယခုတိုင် ' သူဌေးရွာ သာစည် 'ဟု ခေါ်တွင်လျက် ရှိလေသည်။

ဆရာတော်သည် ငယ်စဉ်က ဆူးတွင်းသို့ ပစ်ချခံရသည်ကို အစွဲပြု၍ ဆူးတွင်းပစ်ဆရာ တော်ဟုလည်းကောင်း၊ ပုဂံမြို့မှ အကျော်တစောဖြစ်၍ ပင်းယသို့ ရောက်ရှိလာခဲ့သောကြောင့် ပုဂံဆရာတော်၊ ဝါ– ပေါက္ကံဆရာတော်ဟုလည်းကောင်း ခေါ်တွင်ထင်ရှားလေသည်။

ဆရာတော်သည် ပင်းယ၌ သီတင်းသုံးနေတော်မူစဉ် စာသင်သားတို့အတွက် ' သဒ္ဒ သာရတ္ထ ဇာလိနီ 'ခေါ် သဒ္ဒါငယ်ကျမ်းကို ရေးသားတော်မူသည်။ ထိုကျမ်းကို ပြုစုရာ၌ ၎င်း၏ ဆန္ဒတော်ကို နိဂုံးဂါထာအမှတ် ၅၁၆–၌ ဤသို့ တောင်းဆုယူထားသည်။

> " အဟံ၊ ငါသည်။ ဝဋ္ဋေသု၊ ဝဋ်ဆင်းရဲတို့၌။ ဝတ္တံ–ဝတ္တန္တော၊ ဖြစ်သည်ရှိသော်။ တိဘ ဝေသု၊ သုံးပါးသော ဘဝတို့၌။ ဝုယှံ–ဝုယှန္တော၊ မျောပါးသည်ရှိသော်။ ရောဂါဒိဝဇ္ဇိ၊ ရောဂါ အစရှိသော အပြစ်ကို။ ဝိဟတော၊ အထူးသဖြင့် ဖျောက်နိုင်သည်။ ဘဝေယျံ၊ ဖြစ်ရလို၏။ အရိမေတ္တေယျသဉ်၊ အရိမေတ္တေယျအမည်ရှိသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဖုသေမိ၊ တွေ့ ရလို၏။ ဒါနဥ္စ၊ အလှူကိုလည်း၊ ဒတွာ၊ ပေး၍။ ပိဋ္ဌကံ၊ ပိဋကတ်သုံးပုံကို။ ဓာရေယျံ၊ ဆောင် ရလို၏။ "

ဆရာတော်သည် ကဗျာလင်္ကာ စီကုံးထုံးဖွဲ့မှု၌လည်း ကျွမ်းကျင်လိမ္မာတော်မူ၏။ စတု ရင်္ဂဗလအမတ်ကြီး ရေးသားသော ' ရွှေဘဝါးတော်အောက် 'အစချီ ရတုကို ဖြေကြားသော 'အ ထွေအထွေ 'ချီ ရတုဖြင့် ဆရာတော်၏ အရည်အသွေးကို လေးစားရ၏။

ရွှေဘဝါးတော်အောက်ချီရတုသည် ဆရာတော်အား တိုက်ရိုက် မေးလျှောက်ထားသော ရတု မဟုတ်ပေ။ စတုရင်္ဂဗလအမတ်သည် လေးစီးရှင်ကျော်စွာမင်း အိမ်ရှေ့စံဘဝက ဤရတုကို အမေးပုစ္ဆာပြု၍ ရေးသားခဲ့ခြင်း ဖြစ်၏။ ထိုရတု၏ မူလအမေးခံ ပုဂ္ဂိုလ်မှာ လေးစီးရှင်ကျော်စွာ ပင် ဖြစ်သည်။ လက်ဝဲနော်ရထာ စုဆောင်းသည့် စာဆိုတော်များ ရတုပေါင်းချုပ်တွင် " ပင်းယ အမတ် စတုရင်္ဂဗလ မင်းကို မေးသည်။ "ဟုလည်းကောင်း၊ ရတုအဆုံးတွင်လည်း " ပရမတ္ထ၌ လည်း နှလုံးသွင်းသော အလေ့ရှိသော အိမ်ရှေ့မင်းကို ကျွန်ုပ်မေး၍၊ " ဟုလည်းကောင်း အမှတ်အသား ရှိပေသည်။

တစ်ဖန် ထိုရတုကို အဘယ့်ကြောင့် ပုဂံဆရာတော်က ဖြေကြားရသနည်းဟူမူ အိမ်ရှေ့မင်းသား ကျော်စွာက ထပ်ဆင့်လျှောက်ထားသောကြောင့် ဖြေကြားရခြင်း ဖြစ်သည်။ ကျော်စွာမင်းသားသည် အိမ်ရှေ့စံဘဝနှင့် ဟံသာဝတီမြို့မှ ပုဂံပြည်သို့ ရောက်ရှိလာခဲ့၏။ ထိုအခါက ဆရာတော်သျှင်နာဂိတမှာ ပုဂံမြို့ ရွှေစည်းခုံ ခြေတော်ရင်း၌ စာပေပို့ချနေခိုက် ဖြစ်သည်။ ထိုသို့ပို့ချနေစဉ် ရတုပိုဒ်စုံဖြင့် မေးမြန်း လျှောက်ထားခဲ့ခြင်း ဖြစ်သည်။ ရတုမှာ အောက်ပါအတိုင်း ဖြစ်သည်။

(ပ) ရွှေဘဝါးတော်အောက်၊ ကျွန်၏လျှောက်ဖြင့်၊ မလျှောက်ဝံ့ဝံ့၊ လျှောက်ဝံ့ဝံ့တည့်၊ ကြောက်ရွံ့လျက်ပင်၊ စက်ရွှေစင်ကို၊ ထိပ်ပြင်ပန်းနှယ်၊ ဆင်စံပယ်လျက်၊ နိကာယ်လုံးစုံ၊ ကျမ်းသုံးပုံဝယ်၊ အာဂုံညွှတ်ညွှတ်၊ ပရမတ်ကို၊ အထွတ်ဘုန်းခိုင်၊ သိမြင်နိုင်က၊ ကျော်လှိုင်ပေါက်ပြု၊ ကြည့်လကလျှင်၊ ဘဝသုံးမည်၊ လူနတ်ပြည်၌၊ မည်သည့်ကုသိုလ်၊ နိုင်းဆိုမတန်၊ နိဗ္ဗာန်လက်လှမ်း၊ နန်းပွင့်ငြိမ်းသည်၊ ၊ ရွှင်ဝမ်းမြောက်တော်မူစေသော။

(ဒ) မင်း၏တရား၊ ကျင့်ဆယ်ပါးနှင့်၊ မမှားအယူ၊ နတ်လူပူဇော်၊ မင်းရဲကျော်ဝယ်၊ ကျွန်တော်ရင်းစစ်၊ အဖြစ်ရှေးဦး၊ ပါခဲ့ဖူးသား၊ ကျေးဇူးလိုက်လှာ၊ မရဏာသန်၊ ဇောငါးတန်လျှင်၊ လွန်၍ခုနစ်၊ အဖြစ်သဘော၊ မဇောလေကောင်း၊ ဇောလေကောင်းတည်း၊ အကြောင်းထွေငေါ်၊ တစ်နည်းသော်မူ၊ နိရော်အထွတ်၊ သမာပတ်ကို၊ လူနတ်ဗြဟ္မာ၊ ဝင်သောခါ၌၊ ချမ်းသာငြိမ်းမျှ၊ ခံစားကြသား၊ နေဝသညာ၊ နာသညာ(ယတန)နှောင်း၊ ရကောင်းဘဝင်၊ ဖိုလ်နှင့်ပင်တည့်၊ သို့စင်ဟူ၍၊ အယူမသိ၊ ဝိစိကိစ္ဆာ၊ စွန်းသက်ာကို၊ ဉဏ်ဝါလင်းပြောင်၊ ထွတ်ဘုန်းခေါင်သည်၊ ၊ ပျောက်အောင် ဖျောက်တော်မူစေလော့။

(တ) နာမ်နှင့် ရုပ်ကို၊ ပေါင်းချုပ်ကြွင်းမဲ့၊ သချ်ာဖွဲ့သော်၊ တစ်ဆယ့်လေးကိစ္စ၊ ဆယ်ဌာနဖြင့်၊ ဒွါရခြောက်ထပ်၊ ခြောက်ရပ်အာရုံ၊ ခြောက်စုံဝိညာဉ်၊ ခြောက်စဉ်ဝိထိ၊ ဂတိငါးဖြာ၊ ရုပ်လေးမြွာနှင့်၊ ခန္ဓာ အာယတနဓာတ်၊ ဥပါဒ် ဌီ ဘင်၊ ဘဝင်ဇောစိတ်၊ နိမိတ်မဂ္ဂာ၊ တဒါရမ္မဏ၊ အရထိုထို၊ ပုဂ္ဂိုလ်အပြား၊ ဝါကရားနှင့်၊ ဘုရားမြတ်မွန်၊ နိဗ္ဗာန်ယူနီး၊ မြေကြီးမိုးပြင်၊ ကောင်းကင်နှံ့သိ၊ စုတိတော်စိတ်၊ အတိတ်နှင်နှင်၊ သုံးပါးတွင်၌၊ ဘယ်လျှင်အာရုံ၊ ပြုတုံသနည်း၊ ရိုက်ကြည်းကျော်ဟိုး၊ နန်းပွင့်မျိုးသည်၊ ၊ ဖြေရိုးကောက်တော်မူစေသော။

အထက်ပါ ရတုပိုဒ်စုံကို ဖတ်ရှုသောအခါ ဆိုလိုရင်း အမေးသုံးချက်တို့ကို ဤသို့ တွေ့ရှိရ၏။

၁။ မရဏာသန္နဇောသည် ငါးကြိမ်မှ လွန်၍ ခုနစ်ကြိမ် စောကောင်းသလော။ မစောကောင်းသလော။

၂။ နိရောဓသမာပတ်ကို လူ နတ် ဗြဟ္မာတို့ ဝင်စားကြသောအခါ အေးငြိမ်းချမ်းသာမှုကို ခံစားလျက် နေဝသညာ နာသညာယတနဇော နှစ်ကြိမ်စော၍ နိရောဓသမာပတ်သို့ ရောက်ကြသည့်နောက် သမာပတ်မှ ထသောအခါ ယခင်ချုပ်ခဲ့သော နေဝသညာ နာသညာယတနဇောနောင်၌ ရကောင်းသည့် ဘဝင်စိတ်နှင့် ဖိုလ်စိတ်တို့သည် အကြိမ်မည်မျှ ဖြစ်သည်ကို ယုံမှား ပျောက်ပါစေလော့။

၃။ ထိုထိုစိတ်တို့ကို ရသော ပုဂ္ဂိုလ်သာမန် ၂၁၄–ယောက်တို့နှင့် မြတ်စွာဘုရားသခင်၏ နိဗ္ဗာန်ယူခါနီး၌ ဖြစ်သော စုတိတော်စိတ်သည် အတိတ်ကာလချည်းကိုသာ အာရုံပြုသလော၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသော သုံးပါးနိမိတ်သုံးပါးတို့တွင် အဘယ်ကို အာရုံပြုပါသနည်း။

ဆရာတော်သျှင်နာဂိတသည် အထက်ပါ ရတုပိုဒ်စုံကို ဖတ်ရှု၍ အထူထူးသော ကျမ်းဂန်တိုကို မကြည့်ရသေးသော်လည်း သင်ရိုးကျမ်းများတွင် ပါသည့်အတိုင်း အလျင်အမြန်ပင် အောက်ပါ ရတုပိုဒ်စုံကို ရေးသား၍ ဖြေကြားလိုက်လေသည်။

(ပ) အထွေအထွေ၊ မေးတိုင်းဖြေအံ့၊ ပရမေဘုန်းခေါင်၊ ငါးမာရ်အောင်၏၊ များမြောင်သံကျော် နှုတ်နက်တော်ကို၊ ရေသော်အံ့ဖွယ်၊ မိုးထက်ကြယ်သို့၊ နိကာယ်ငါးအင်၊ အင်္ဂါကိုးတန်၊ ခမ္မ ခန်ပေါင်း၊ ရှစ်သောင်းလေးထောင်၊ ကျမ်းကုန်အောင်ကို၊ များမြောင်စေ့ရေ၊ မတွေ့လေလည်း၊ ကြံထွေအစွမ်း၊ သင်ရိုးကျမ်းဖြင့်၊ စူးစမ်းဆင်ခြင်၊ ဉာဏ်ဝင်သောလျှောက်၊ ပါဋ္ဌ်ထောက်အာဂုံ၊ လာတုံမဖောက်၊ ဖြေရိုးကောက်အံ့၊ ထွက်မြောက်ဘဂဝါ၊ ရဟန္တာသာမန်၊ ဇောဟန်မပျက်၊ ခုနစ်ချက်တည့်၊ အသက်ဆုံးစွန်၊ နိဗ္ဗာန်ခန္ဓာ၊ ငြိမ်းသောခါဠ်၊ အနိစ္စာ ဒုက္ခ၊ အနတ္တသဘော၊ အာရုံဇောဟု၊ စစ်ကြောကျမ်းဂန်၊ ပြရိုးညွှန်သည်၊ ။ အမှန်မှတ်နေရာတမုံ့။

(ဒ) နိရောဓအထွတ်၊ သမာပတ်ကို၊ လူနတ်ဗြဟ္မာ၊ ကိုးရာလည်းထား၊ ဘုရားမြတ်စွာ၊ ဝင်သော ခါဠ်၊ ချမ်းသာငြိမ်းမြ၊ နေဝသညာ၊ နာသညာနှောင်း၊ ရကောင်းသည်ကို၊ အမှန်ဆိုပိန့်၊ ဖိုလ် ကားတစ်ချက်၊ ဘဝင်တက်မူ၊ နှစ်ရက်ဖြင့်သာ၊ အာဝဇ္ဇနာတတ်ကောင်း၊ အကြောင်းဆိုသော် ဝသီဘော်ကြောင့်၊ မြတ်ကျော်ဘုရား၊ လျင်လျှားမဆိုင်း၊ ပိုင်းပိုင်းဖြတ်၍၊ မပြတ်ပစ္စဝေက္ခဏာ၊ သမာပတ္တိ၊ ဝိထိများစွာ၊ ဇောတိဖြာလျက်၊ ဉာဏ်ဝါလျှံဖိတ်၊ စိတ်ကိုဟူက၊ စိုးမိုးရ၍၊ ကာလ ကြာတင်၊ ဘဝင်ထွေထွေ၊ မကျပေတည်း၊ တစ်ထွေလျင်ပါ၊ ပစ္စေကာဗုဒ္ဓ ၊ သာဝကအား၊ ခြားတုံသုံးချက်၊ ဘဝင်ထက်မှ၊ တက်အံ့မနော၊ ဝိထိဇောသည်၊ ။ သဘောမှန်ပေစွာတမုံ့။

(တ) အံ့ခြီးကြား၍၊ တရားသံဝေ၊ ရကုန်စေလော့၊ မြုတေထွန်းဝင်း၊ သုံးလူ့မင်းမူ၊ သံညင်း ဖြားယောင်း၊ တရားမောင်းဖြင့်၊ တစ်သောင်းစကြဝဠာ၊ တိုက်များမှာက၊ လာတုံလူနတ်၊ ပရိ သတ်ကို၊ ချေချွတ်ဆောင်ဆောင်၊ မဂ္ဂင်ဖောင်ဖြင့်၊ ရောက်အောင်နိဗ္ဗာန်၊ ပို့ခဲ့ညွှန်မှ၊ မလွန်ငါ သာ၊ အနိစ္စာကို၊ ကုသိန္နာရုံ၊ အင်ကြင်းစုံ၌၊ ဝင်တုံများထွေ၊ ကုဋေထက်ဝန်း၊ သုံးသန်းခြောက် သိန်း၊ စက်မွေ့ကိန်းသော်၊ ရှုမိန်းသမာပတ်၊ ဝင်စမှတ်တည်း၊ လူနတ်ဗြဟ္မာ၊ အာကာမိုးပြင်၊ ကောင်းကင်မဆံ့၊ ပူဇော်အံ့လျက်၊ အလွှံ့ရံပတ်၊ တို့စောထွတ်လျှင်၊ မချွတ်နိဗ္ဗာ၊ ဝင်သောခါ ဠ်၊ အနိစ္စာ ဒုက္ခ၊ အနတ္တသာ၊ ဈာန်အင်္ဂါကို၊ ပစ္စဝေက္ခဏာသဘော၊ လျင်ငါးဇောမှ၊ တိတ် တောနှောင်တွန်၊ မစ္စုမာရ်ကို၊ လွန်ခဲ့ကျော်ဘိ၊ စုတိတော်စိတ်၊ အတိတ်နှင်နှင်၊ သုံးပါးတွင်မူ၊ ထင်၏တစိ၊ ဂတိနိမိတ်၊ တိဟိတ်ပဋိသန္ဓေ၊ ယူနေသော့ခါ၊ တုသိတာမှ၊ ပဋ္ဌာလောကန၊ ကြည့်ပြီးမှလျှင်၊ ဘဝပြောင်းလာ၊ ဤကြောင်းချာကို၊ ပညာရှိထွေ၊ ကြံမိစေလော့၊ သန္ဓေဘ ဝင်၊ သုံးအင်စုတိ၊ တူဘိအာရုံ၊ ပြုတုံမချွတ်၊ ပရမတ်လည်း၊ ။ ဟောမှတ်ဇကန်သာတမုံ့။

ဆရာတော်၏ ရတုသုံးပိုဒ်ကို လေ့လာလျှင် အမေးသုံးချက်ကို ခွဲခြားဖြေဆိုထားသော အဖြေသုံးချက်ကို တွေ့ရပေမည်။

၁။ ရဟန္တာတို့သည် သာမန်အားဖြင့် ဘဝထွက်မြောက်သည့်အခါ ဇောဟန်ပန်မပျက် ခုနစ် ချက်ပင်တည်း။ ဤသို့ ပရိနိဗ္ဗာန် စံယူရာတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာ ရေးသုံးပါးကို အာရုံစောကြောင်း ကျမ်းဂန်များတွင် ညွှန်ပြသည်။

၂။ လူနတ်ဗြဟ္မာနှင့် လူနတ်ဗြဟ္မာတို့၏ ကိုးကွယ်အားထားရာ ဖြစ်သော ဘုရားရှင်သည် နိရောဓသမာပတ်မှ ထသောအခါ ငြိမ်းချမ်းသာယာစွာ ခံစားလျက် နေဝသညာ နာသ ညာယတနဇောနောင် ရကောင်းသော စိတ်ကို အမှန်ဆိုရသော် ဖိုလ်စိတ် (အရဟတ္တဖိုလ် စိတ်) တစ်ကြိမ်ဖြစ်၏။ ထို့နောက် ဘဝင်တက်သောအခါ ဘဝင်နှစ်ကြိမ် ကျသည်။ ထို့ နောက် အာဝဇ္ဇန်းတက်၍ ပကတိအခြေသို့ ရောက်သည်။ အကြောင်းမှာ လေ့လာခြင်း ရှိသည်၏အဖြစ်၊ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် ဘုရားရှင်တို့သည် ဘဝင်အဖြစ်မြန်သည်။ အချိန်ကာလကြာအောင် ဘဝင်မပြတ် ကျမနေပေ။ ပစ္စေကဗုဒ္ဓနှင့် တပည့်သားသာဝက စသော အခြားပုဂ္ဂိုလ်တို့ကား နေဝသညာ နာသညာယတနဇောနောင် ဖိုလ်တစ်ကြိမ်ကျ သည်။ ထို့နောက် ဘဝင်တက်သောအခါ ဘဝင်သုံးကြိမ် ကျပြီးမှ ပကတိအခြေသို့ ရောက်၏။

၃။ ဘုရားရှင်တို့၏ စုတိတော်စိတ်သည် ဂတိနိမိတ် တစ်စိတ်ကိုပင် အာရုံပြုသည်။ ဤ၌ ဘုရားရှင်သည် တိဟိတ်ပဋိသန္ဓေ ယူသည့် အခါ တုသိတာနတ်ပြည်မှ ကြည့်ခြင်းကြီး ငါးပါးကို ကြည့်ပြီး ဘဝပြောင်းလာသည့်အကြောင်း အချုပ်ကို ပညာရှိတို့ အထွေအထူး ကြံမိသင့်သည်၊ အဘိဓမ္မာနိယာမ သဘောအရ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့သည် ပုဂ္ဂိုလ်တစ်ဦး၏ တစ်ခုတည်းသော ဘဝ၌ အာရုံတူသည်သာ ဖြစ်သောကြောင့် ဘုရားရှင်၏ စုတိတော်စိတ်သည် ဂတိနိမိတ်ကိုပင် အာရုံပြုသည်ဟု ဆိုခြင်း ဖြစ်သည်။

ဖော်ပြပါ အဘိဓမ္မာ မေးခွန်းများ ဖြစ်သော ရတုပိုဒ်စုံများသည် မြန်မာစာပေသမိုင်းတွင် ရှေးဦးပေါ်ပေါက်လာသော ရတုလက်ရာများ ဖြစ်သည်။ ရှေးဦးခေတ် ရတုလက်ရာများ ဖြစ်သော်လည်း ဝေါဟာရအနုအလှတို့ဖြင့် သေသပ်စွာ ဖွဲ့ဆိုထားသောကြောင့် ကဗျာစာပေသမိုင်းတွင် ခန့်ထည်စွာ တည်ရှိနေလေသည်။

(ကျမ်းကိုး) သာသနာလင်္ကာရစာတမ်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ သဒ္ဒါငယ်နိသျ၊ ၃–စောင်တွဲ၊ စာပေဝတာဝန်၊ သာသနဗဟုသုတပွကာသနီကျမ်း၊ မြန်မာစာပေသမိုင်း၊ ကဗျာသာရတ္ထသင်္ဂြိုဟ်၊ စာဆိုတော်များ ရတုပေါင်းချုပ်၊ ကဝိလက္ခဏာဒီပနီကျမ်း၊ ပိဋကတ်သမိုင်းစာတမ်း။

## **စကြိုသူမြတ်** ( ၇၃၅–၈၁၀ ခန့် )

ရာဇာဓိရာဇ်၏ စစ်ဘေးစစ်ဒဏ်မှ မေတ္တာစာဖြင့် ရေးသား၍လည်းကောင်း၊ ကိုယ်တိုင် တရားဓမ္မကို ဟောပြ၍လည်းကောင်း နှလုံးရည်အပြည့်အဝဖြင့် ရတနာပူရ အင်းဝနေပြည်တော်ကြီးကို ကယ်တင်ခဲ့သောကြောင့် မြန်မာ့သမိုင်းတွင် ထင်ရှားလာသော ဆရာတော်ကား စကြိုသူမြတ်ဖြစ်ပေသည်။

စကြိုသူမြတ်သည် သက္ကရာဇ် ၇၃၅–ခုနှစ်တွင် ဖွားမြင်တော်မူသည်။ သာမဏေပြုသော အခါ ဘွဲ့မည်မှာ သျှင်ဇောတယန္တ ဖြစ်သည်။ စလေမြို့ သျှင်မဟာယသထံတွင် နည်းခံ၍ စာပေ ပရိယတ်ကို သင်ကြားဆည်းပူးတော်မူသည်။ ဆရာတော်သည် ပုဂံခေတ် ဂိုဏ်းလေးခု အနွယ်တွင် သျှင်အရဟံ၏ အဆက်အနွယ်ဖြစ်သော သာသနာဝင် ဆရာစဉ်ဆက်၌ ပါဝင်သည်။

သျှင်ဇောတယန္တသည် မိမိငယ်စဉ်က နေထိုင်ခဲ့ရာ အရပ်ကို အစွဲပြု၍ ' စွယ်ကြိုသူမြတ် 'ဟု အမည်တွင်ခြင်း ဖြစ်သည်။ စွယ်ကြိုအရပ်သည် အနော်ရထာမင်းစော လက်ထက်၌ ပေါ်ထွန်းလာသော အမည်ဖြစ်သည်။ ထိုမင်းလက်ထက်၌ သီဟိုဠ်မှ စွယ်တော်ပွားကို သွားရောက်ပင့်ဆောင်စေ၏။ စွယ်တော် ရောက်ရှိလာသည်တွင် အနော်ရထာမင်းစောကိုယ်တိုင် ကြွရောက်၍ ကြိုဆိုတော်မူသည်။ ထိုအရပ်ကို ' စွယ်ကြိုအရပ် ' ဟု ခေါ်တွင်သည်။ ထိုနေရာတွင် ဘုရားတစ်ဆူကိုလည်း တည်ထားတော်မူ၏။ ထိုဘုရားကိုလည်း ' စွယ်ကြိုဘုရား 'ဟု ခေါ်သည်။ နောင်အခါ၌ ' သျှင်ပင်စွယ်ကြိုဘုရား 'ဟု ခေါ်လာကြသည်။ ထိုဘုရားကို အမှီပြု၍ တည်သော ကျောင်းကိုလည်း ' သျှင်ပင်စွယ်ကြိုကျောင်း 'ဟု ပင် ခေါ်ကြသည်။ သျှင်ဇောတယန္တသည် ငယ်စဉ်က ထိုကျောင်းတွင် နေထိုင်ခဲ့သူ ဖြစ်လေသည်။

မင်းကြီးစွာစော်ကဲ လက်ထက်တွင် မြို့လုစားက ပင့်လျှောက်သဖြင့် ပင်းယနေပြည်တော်သို့ စာပေသင်ကြားရန် ကြွရောက်ခဲ့၏။ ပင်းယတွင် ဘုရင်မင်းခေါင်ကြီး၏ အမတ်ဖြစ်သူ ရာဇနန္ဒသင်္ကြံက ဆောက်လုပ်သော ရွှေစည်းခုံဘုရားအနီး ကဿပဟု သမုတ်သော အထက်ကျောင်း၌ သီတင်းသုံးနေတော်မူသည်။ ထိုအခါ သျှင်ဇောတယန္တအား ဘွဲ့မည်ကို မခေါ်ကြဘဲ ဇာတိဒေသကို စွဲ၍ ' စွယ်ကြိုအရှင်၊ စွယ်ကြိုသူမြတ် 'ဟုသာ ခေါ်ဆိုကြသည်။ နောင်အခါတွင် စွယ်ကြိုမှ စကြိုဟု ပြောင်းလဲလာသည်။ ထို့နောက်၌ကား ဆရာတော်၏ ကျော်ကြားရာဒေသကိုပါ ထည့်သွင်း၍ ' ပင်းယစကြိုသူမြတ်၊ ပန်းယစကြိုသူမြတ် ' စသည်ဖြင့် အမျိုးမျိုး ခေါ်ဝေါ်လာကြလေသည်။

သက္ကရာဇ် ၇၆၆– နှစ်တွင်ကား စကြိုသူမြတ်၏ နှလုံးရည်တိုက်ပွဲ ဆင်နွှဲရန် အချိန်သို့ ရောက်လာလေသည်။ ထိုနှစ်တွင် ရာဇာဓိရာဇ်သည် အမရပူရ အင်းဝရွှေပြည်တော်ကို တိုက်ခိုက်ရန်အတွက် အလုံးအရင်းဖြင့် ရေကြောင်းမှ ဆန်ထက်လာသည်။ အင်းဝသို့ ရောက်လျှင် ရှောင်တခင် မတိုက်သေးဘဲ စစ်ကိုင်းမြို့ ရေဝန်းအရပ်၌ တပ်ချနေလေသည်။ နောက်ပါ ရဲမက်အချို့တို့သည် အထက်အညာသို့ ဆန်တက်၍ တပ်များကို ဖြန့်ကာ စစ်တိုက်ရန်အတွက် ပြင်ဆင်ထားကြလေသည်။

ဘုရင်မင်းခေါင်လည်း နေပြည်တော်၌ ထင်ရှားသော ရဟန်းပညာရှိ၊ လူပညာရှိမှူးမတ်တို့ကို ခေါ်တော်မူပြီးလျှင် " ယခု ရာဇာဓိရာဇ်လာသည်ကို နှုတ်ရေးဖြင့်လည်းကောင်း၊ လက်ရေးဖြင့်လည်းကောင်း သူပြန်လေအောင် ပသို့ စီရင်သော် သင့်မည်နည်း၊ "ဟု မေးသည်။ ထိုအခါ ဆရာတော်တို့မှ စ၍ မှူးမတ်အပေါင်းတို့မှာ မည်သို့မျှ မပြောနိုင်ကြဘဲ ဆိတ်ဆိတ်သာ နေကြရာ အသက် ၃၁–နှစ်သာ ရှိသေးသော သျှင်ဇောတယန္တဘွဲ့ခံ စကြိုသူမြတ်က " ရာဇာဓိရာဇ်ကို ပြန်လေအောင် နှုတ်ရေးဖြင့် ကျွန်ုပ်စွမ်းနိုင်ပါ၏၊ "ဟု မိန့်တော်မူ၏။ ဘုရင်မင်းခေါင်သည် ဝမ်းမြောက်တော်မူလှသဖြင့် သို့ဆိုလျှင် နှုတ်ရည်ဖြင့် ပြန်အောင် ပြုတော်မူပါ၊ "ဟု လျှောက်၏။

ဤတွင် စကြိုသူမြတ်သည် ဘုရင်ရာဇာဓိရာဇ်အား တရားဓမ္မဟောလိုကြောင်း အောက်ပါမေတ္တာစာကို တင်သွင်းလေသည်။

## စကြိုသူမြတ် မေတ္တာစာ

*" စကြိုသူမြတ် နေ့ညဥ့်အပြတ် မေတ္တာရည်ညွှန်း ပို့သွန်းအပ်သော သာသနာ့ဒါယကာ ဖြစ်တော်မူသော ဆင်ဖြူသခင် မဟာဓမ္မရာဇ် တရားမင်းမြတ်၊ ငါသည် အသက်၃၁၊ ပဥ္စင်း၀ါ ၁၁–ဝါရပြီ။ ငါသည် နေ့ညဥ့်မပြတ် ပရိယတ္တိ ပဋိပတ္တိတို့ကို ဖြည့်သည့် ကုသိုလ်အကျိုးကို ခံတော်မူပါ။ သာသနာ့ဒါယကာ တရားမင်းမြတ် မျက်နှာတော်ကို မြင်ချင်၍ ဟံသာဝတီရွှေမြို့တော်တိုင် စုန်ရောက်ပါမည် အကြံရှိသည်လည်း လှေတက်လုပ်ဆောင်သည် မပြီးသေးသောကြောင့် မရောက်ဘဲ ရှိရလေသည်။ မဟာဓမ္မရာဇ် မင်းမြတ်သည် သာသနာတော်မြတ်စီးပွားကို ရွက်ဆောင်တော်မူသော မင်းဖြစ်တော်မူသည်။ မျက်နှာတော်ကို မြင်၍ သုစရိုက်၊ ဒုစရိုက်၊ ကုသိုလ်၊ အကုသိုလ်နှင့် ယှဥ်သောစကားကို မပြောဟောရဘဲ အနိစ္စရောက်လေသော် ဒုဂ္ဂတိသို့သာ လားရာလေ၏။ မျက်နှာတော်ကို မြင်၍ ဒါနကထာ၊ သီလကထာအစရှိသော စကားတို့ကို ပြောဟောရမှ သေရခြင်းသည်ကား ကောင်းရာသုဂတိဘ၀သို့ ဖြစ်ရာလေသည်။ "*

ဘုရင်ရာဇာဓိရာဇ်သည် ဖော်ပြပါ မေတ္တာစာကို ဖတ်ရှုတော်မူရလျှင် စကြိုသူမြတ်အား ဖူးမြင်လိုသဖြင့် ပင့်ခေါ်တော်မူသည်။ စကြိုသူမြတ်သည် ရာဇာဓိရာဇ်ထံသို့ ကြွရောက်၍ တရားဓမ္မကို ဟောကြားကာ ဘုရင်၏ စိတ်နှလုံးကို နူးညံ့သိမ်မွေ့စေလေသည်။ ဘုရင်မင်းမြတ်လည်း စကြိုသူမြတ်၏ တရားတော်ကို ကြားနာရသဖြင့် သဒ္ဓါတရား ပေါက်ကာ ရွှေဖောင်တော် ငါးဆက်ကို ဖျက်၍ ရွှေကြက်ယက်ဘုရား ရင်ပြင်တော်တွင် ဇရပ်ဆောက်၍ လှူဒါန်းလေသည်။ စကြိုသူမြတ်နှင့် သံဃာတစ်ရာကိုလည်း ဆွမ်းကပ်ပြီး ပိတ်အုပ်၊ ခါသာ ခင်းနီး၊ ဆေးပစ္စည်းတို့ကို လှူတော်မူ၏။

ဘုရင်သည် စစ်တိုက်ရန် အဓိကရည်ရွယ်ချက်ကိုလည်း ဖျက်၍ အင်း၀နေပြည်တော်မှ ငါးရက်ခန့်အကြာတွင် စကြိုသူမြတ်အား " ပုဂံသို့ ပို့တော်မူပါ၊ "ဟု လျှောက်သဖြင့် ဆရာတော်သည် ရွှေဖောင်တော်ဖြင့် လိုက်ပါသွားရသည်။ ပုဂံသို့ ရောက်လျှင် တန့်ကြည့်ဘုရား အပါးတွင် ကျောင်းဆောက်၍ ပစ္စည်းလေးပါးနှင့်တကွ စကြိုသူမြတ်အား လှူဒါန်းလေသည်။

အရှင်သည် ဤကဲ့သို့ အင်း၀ပြည်ကြီး သွေးချောင်းစီးလတ္တံ့သော စစ်ပွဲကြီးကို နှလုံးရည်ဖြင့် အောင်မြင်တော်မူခဲ့သဖြင့် မြန်မာ့သမိုင်းတွင် ထင်ရှားလာလေသည်။ စကြိုသူမြတ်သည် ဘာသာရေးဆိုင်ရာ ပိဋကတ်စာပေတို့၌သာ မကဘဲ ဗေဒင်ကျမ်းစာတို့၌လည်း တတ်ကျွမ်းတော်မူ၏။ မိုးညှင်းမင်းတရားလက်ထက် ၇၉၉–ခုနှစ်တွင် ပြည်ထဲရေးပြဿနာ အရပ်ရပ်တို့ကို ပိဋကတ်ဗေဒင်တတ်သော ဆရာတော်တို့နှင့် တိုင်ပင်လေသည်။ ထိုအခါ စကြိုသူမြတ်နှင့် မင်းကျောင်းသူမြတ်တို့က " သက္ကရာဇ်ဖြိုကိန်း ရောက်ပြီ၊ မဖြိုသော် မသင့်၊ "ဟု မိန့်တော်မူကြသည်။ ထို့ကြောင့် မိုညှင်းမင်တရားသည် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ အကျိုးငှာ သက္ကရာဇ် ၈၀၀–ပြည့်နှစ်တွင် " ဗသျှု ဆိဒြ မုနိ "ကိန်းဖြင့် ၇၉၈–ခုကို ဖြို၍ ၂–ခုတည်ထားလေသည်။

စကြိုသူမြတ်သည် ထိုသက္ကရာဇ်တွင် အသက်အရွယ်အားဖြင့် ၆၅–နှစ် ရှိပြီဖြစ်ကြောင်း သိရှိရသော်လည်း ဆရာတော် စုတေသော သက္ကရာဇ်ကိုကား အမှတ်အသား မတွေ့ရချေ။ ။

(ကျမ်းကိုး) မှန်နန်းရာဇဝင်တော်ကြီး–ပထမတွဲနှင့် ဒုတိယတွဲ၊ မြန်မာစာပေသမိုင်း၊ သာသနာလင်္ကာရစာတမ်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၃၊ အမေးတော်ဖြေကျမ်း၊ မြန်မာ့ဂုဏ်ရည် သူရဲကောင်းများ၊

## ကန်တော်မင်းကျောင်းဆရာတော် ( ၈၀၀ ခန့်–၈၇၀ ခန့် )

ကန်တော်မင်းကျောင်းဆရာတော်ကို စစ်ကိုင်းမြို့စီရင်စု မြင်းမူမြို့မှ နှစ်မိုင်ခန့်ဝေးသော ထီးဆောင်းရွာ မြောက်ဘက် ကန်တော်ရွာ၌ ဖွားမြင်တော်မူသည်။ မိဘမည်ရည်နှင့် ဖွားသက္ကရာဇ်တို့ကိုမူ မသိရပေ။

ကန်တော်ရွာ၌ ရှေးအခါက ကျုန်စစ်သားမင်း တူးဖော်ခဲ့သော ရေကန်ရှိသည်။ ထိုကန်ကို ကန်တော်ဟု ခေါ်ပြီး ကန်တော်အနီးရှိ ရွာကိုလည်း ကန်တော်ရွာဟုင် ခေါ်ကြသည်။

အင်းဝ၌ သက္ကရာဇ် ၈၀၄–ခုနှစ်တွင် နန်းတက်သော ထုပါရုံဒါယကာ နရပတိကြီးသည် သမီးတော် မင်းလှထွတ်ကို ဦးရီးတော် မင်းရဲကျော်စွာ၏ သားဖြစ်သော စစ်ကိုင်းစား မင်းကြီးဖြူနှင့် စုံဖက်တော်မူသည်။ ထို့ကြောင့် မင်းလှထွတ်အား စစ်ကိုင်းမိဖုရားဟု ခေါ်သည်။ စစ်ကိုင်းစား မင်းကြီးဖြူနှင့် မင်းလှထွတ်တို့က ကန်တော်ရွာတွင် ကျောင်းဆောက်လှူဒါန်းသောကြောင့် ‘ ကန်တော်မင်းကျောင်း ’ဟုလည်းကောင်း၊ ထိုကျောင်းနေ ဆရာတော်အား ကန်တော်မင်းကျောင်းဆရာတော်ဟုလည်းကောင်း ခေါ်တွင်လေသည်။ ဘွဲ့မည်မှာ သျှင်အဂ္ဂသာရဖြစ်သည်။

ကန်တော်မင်းကျောင်းဆရာတော်ကား မင်းလှထွတ်ကိုးကွယ်သော ဆရာတော်ဖြစ်သည်။ မင်းလှထွတ်သည် ဒုတိယဘုရင်မင်းခါင်၏ အရီးတော် ဖြစ်သည်။ ထို့ကြောင့်ပင် ကန်တော်မင်းကျောင်းမေတ္တာစာ၌ “ အရီးတော်ဆရာ မဟာထေရ်ကျော် ကန်တော်မင်းကျောင်း မေတ္တာလောင်းသား ” အစချီ၍ ရေးသားတော်မူသည်။

ဆရာတော်သည် ပိဋကတ်စာပေနှင့်တကွ ဗေဒင်ကျမ်း၊ ဆန်းကျမ်းစသည်တို့ကိုလည်း တတ်ကျွမ်းတော်မူသည်။ ဆရာတော်၏ မေတ္တာစာအဖြေကို ရေးသားသော တောင်တွင်းမင်းကျောင်းဆရာတော်ကလည်း –

> “ ပိဋကတ်သုံးပုံ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ ဆန်း ၊ အလင်္ကာ၊ သဒ္ဒါကျမ်း၊ နေတ္တိ၊ အဘိဓာန်၊ မောဂ္ဂလာန်၊ ဂဠုန်ပျံ၊ ငမွဲ၊ ငကြွဲ၊ ဆုံးဖြတ်၊ ပိုင်၊ မိန်တောင်း၊ ဝိဒဂ်၊ ကလာပ်၊ ဗျဉ္ဇီ၊ ဒဏ္ဍီ၊ ဖြို့ဟဒ်၊ ရာဇမတ္တန်အစရှိသော ကျမ်းအပေါင်းတို့ကို တတ်တော်မူကြောင်း၊”–

ရေးသားထားလေသည်။

ကန်တော်မင်းကျောင်းဆရာတော်သည် လောကသာရပျို့၊ မေတ္တာစာနှင့် စေတီလှ ဘုရား ဝတ်မြေလှူကျောက်စာတို့ကို ရေးသားတော်မူသည်။ လောကသာရပျို့ကို မောင်းထောင် အမတ်ကြီးကမူ ရခိုင်ဆရာတော် ရေးသားသည်ဟု ဆို၏။ မုံရွေးဆရာတော်ကမူ အင်းဝ မင်းခေါင်ကြီးလက်ထက် သျှင်မဟာဗ္ဗန္ဓဂုတ္တစီရင်ကြောင်း မိန့်ဆိုသည်။ သို့ရာတွင် ကန်တော်မင်းကျောင်း ဆရာတော် ရေးသားသော ပျို့နိဂုံး၌ –

> “ ကျင့်သုံးမှတ်ရာ၊ သင့်လှစွာကို၊ ပညာရှိသူ၊ မှတ်စိမ့်ဟူ၍၊ ဆုယူပတ္ထနာ၊ ကြိုက်ရာရှာသည်၊ ထင်စွာအကျော်၊ ကန်တော်မင်းကျောင်း၊ မြတ်နံ့လှောင်းသား၊ စုပေါင်းမဟာ၊ သုပညာလျှင်၊ ”–

ဟူသော အဖွဲ့က ဆရာတော်ရေးကြောင်း ခိုင်မာစေခဲ့ပါသည်။

ဆရာတော်သည် မြင်စီးအရပ်၌ ရှိသော တောင်ပုထိုးဘုရားတွင် ရတနာရွှေစေတီကို ထုလုပ်လှူဒါန်းခဲ့သည်။ ထိုကုသိုလ်အတွက် ကျောက်စာရေးထိုးရာ၌ ဆရာတော်သည် မိမိ၏ ဆန္ဒကို ဤသို့ ဖော်ပြခဲ့သည်။

> “ ကန်တော်မင်းကျောင်းမည်သော မဟာထေရ်သည် သံသရာ၏ အစုကုန်၍ ဘုရား မြတ်စွာ မိတေယျာသည် သစ္စာလေးပါး တရားကို အောင်သောအခါ၌ ရဟန္တာဆုမြတ်ကို မငြိုမငြင် ရမြောက်ချင်ရကား သက္ကရာဇ် ၈၄၆–ခု မာဃနှစ် တပေါင်းလဆုတ် ၄–ရက် ဗ– နေ့၊ မြင်းစီးအရပ်တွင် တောင်ပုထိုးဘုရားရှင်၏ အထံတော်၌ ဆန်းကြယ်စွာသော ရတနာ

ရွှေစေတီကို တည်၏။ ”

ဆရာတော်၏ အတ္ထုပ္ပတ္တိကို ဤမျှသာ တွေ့ရပြီး ဆရာတော် ပျံလွန်တော်မူသော သက္ကရာဇ်ကိုလည်း မတွေ့ရဘဲ ရှိပါသည်။

(ကျမ်းကိုး) ကန်တော်မင်းကျောင်းမေတ္တာစာ အဖြေ၊ ဆုံးမစာပေါင်းချုပ်၊ လောကသာရပျို့ နိဒါန်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာစာညွှန့်ပေါင်းကျမ်း– ပထမတွဲ၊ သာသနာလင်္ကာရစာတမ်း၊ မြန်မာစာပေ အထွေထွေ၊

## **သျှင်ဥတ္တမကျော်** ( ၈၁၅–၉၀၄ )

မိုးညှင်းမင်းတရားကြီးလက်ထက် စကြိုသူမြတ်နှင့် မင်းကျောင်းသူမြတ်တို့က " ဗသျှူ ဆိဒ္ဒြမုနိကိန်းနှင့် ကြိုက်ကြုံသဖြင့် သက္ကရာဇ်ဖြို တော်မူပါ၊ " ဟု မိန့်ဆိုတော်မူကြသောကြောင့် မင်းတရားကြီးသည် သက္ကရာဇ် ၈၀၀–ပြည့်နှစ်တွင် ဖြိုတော်မူ၏။ ထိုနှစ်အတွင်းဝယ် တောင်တွင်းကြီးမြို့၌ ထူးခြားစွာ တပေါင်ပေါ်လာသည်။ ထိုတပေါင်ကား–

" ဘုရားရှစ်သောင်း၊ လေးထောင်ဆောင်း၍၊ ကိန်းအောင်းစံရန်၊ စမ္ဗုဓဏ်သည်၊ သန် တောင်ဖြိုးမြင့် စွင့်စွင့်လေ။ ။ အကိုက်လေးဖော်၊ မြေမှပေါ်သည်၊ သျှင်ကျော်လေးဦး ခူး လိမ့်လေ။ ။ ခူးလည်း ခူးလတ္တံ့။ ကူးလည်း ကူးလတ္တံ့။ စူးလည်း စူးလတ္တံ့။ မြူးလည်း မြူး လတ္တံ့။ ။ ရနံ့ငယ်ကြိုင်လှိုင်၊ မွှေးပျံ့ဆိုင်၊ နှစ်ခိုင်ပွင့်လန်း၊ ပြည်သူ့ပန်း။ " ဟူသတည်း။

ထိုတပေါင်သီချင်းသည် မြို့တွင်းမြို့ပြင် ထက်ဝန်းကျင်တို့၌ သီဆိုသူပေါ၍ အကျော် တစောဖြစ်နေလေသည်။ ထိုအခါ သက်ကြီးရွယ်ရင့် ပုဂ္ဂိုလ်တို့သည် တောင်တွင်းကြီးမြို့မြောက် ငှက်ပစ်တောင်၏အရှေ့၊ ထူပါရုံအရာမ်၏အနီး သီဟပတေ့ကြီး ဆောက်လုပ်လှူဒါန်းသော ရတနာ ဗိမာန်ကျောင်းတော်၌ သီတင်းသုံးသော ငှက်ပစ်တောင်ဆရာတော်ဟုလည်းကောင်း၊ ထူပါရုံ ဆရာတော်ဟုလည်းကောင်း ထင်ရှားသော ဆရာတော် သျှင်သီလာစာရာဘိဓဇထံသို့ သွား ရောက်၍ လျှောက်ထားကြလေသည်။

ထိုအခါ ဆရာတော်ဘုရားက " ပေဟူသည်ကား စာဖြစ်သည်၊ ပေပင်မည်သောကြောင့် စာပေကျမ်းဂန်တွင် အထူးသိမြင်နှံ့စက်သော ကျမ်းတတ်ပုဂ္ဂိုလ်ဟု ယူရမည်၊ ယခုမူ ပေတစ်ပင် လည်း မဟုတ်၊ ပေလေးပင် ဖြစ်သောကြောင့် ပိဋကတ်တော်၌ ချောက်ချားနိုင်သော သျှင်ကျော် လေးပါးတို့ ပေါ်လိမ့်မည်၊ " ဟု မိန့်ကြားတော်မူ၏။ ထိုအခါမှစ၍ တောင်တွင်းကြီး တစ်မြို့လုံး၌ " ပေလေးပင် သျှင်လေးပါး " ပေါ်လိမ့်မည်ဟူသော စကားသည် အုတ်အုတ်ကျက်ကျက်ဖြစ်နေ လေသည်။

ထိုတပေါင်ပေါ်ပြီး၍ ၁၅–နှစ်မျှ ရှိသောအခါ သက္ကရာဇ် ၈၁၅–ခုနှစ်တွင် တောင်တွင်း ကြီးမြို့ မြောက်ဘက်ရှိ မြို့လုလင်ရွာ၊ သတိုးထမ်းရွာနှင့် မန်ကျည်းယောင်ရွာတို့၌ နိမိတ်အဖြစ်ဖြင့် မြေမှ ပေစို့ကြီး လေးခု ပေါ်ထွက်လာရာ မြို့သူ မြို့သားတို့မှာ ဝမ်းသာအားရ ဖြစ်ကြကုန်၏။

ထိုသက္ကရာဇ်မှာပင် မြို့လုလင်အရှေ့ပိုင်း၌ အဖဦးသောကြာ၊ အမိဒေါ်နှင်းဆီတို့တွင် သျှင်ဥတ္တမကျော်လောင်းလျာ သတိုးသားကို ဖွားမြင်လေသည်။ နံတော် တနင်္ဂနွေသား ဖြစ်၍ ငယ်မည်ကို မောင်ဥက္ကာဟု ခေါ်လေသည်။

ထိုနေ့ရက်မှာပင် သတိုးထမ်းရွာ၌လည်း သျှင်အုန်းညိုကို ဖွားမြင်သည်။ ထို့နောက် ခြောက်ရက်မြောက်သောနေ့တွင် မြို့လုလင်အရှေ့ပိုင်း၌ပင် သျှင်မဟာသီလဝံသလောင်းလျာကို အဖဦးကြည်၊ အမိ နတ်ထိန်းကြီး ဒေါ်ဒွေးတို့မှ ဖွားမြင်သည်။ နံတော် သောကြာသား ဖြစ်၍ ငယ်မည်ကို မောင်ညိုဟု ခေါ်လေသည်။

မောင်ညိုကို ဖွားမြင်ပြီးနောက် လေးရက်မြောက်သော နေ့တွင် သျှင်ခေမာလောင်းလျာ ကိုလည်း မန်ကျည်းယောင်ရွာ၌ မွေးဖွားပြန်သည်။ နံတော် တနင်္လာသား ဖြစ်၏။ မိဘမည်ရည်နှင့် ငယ်မည်တော်တိုကို မသိရပေ။

သျှင်ဥတ္တမကျော်လောင်းလျာ မောင်ဥက္ကာသည် ခုနစ်နှစ်သားအရွယ်တွင် နတ်မိုးလင်း ဆရာတော် သျှင်သီလာစာရာဘိဓဇထံ၌ စာပေတို့ကို သင်ကြားသည်။ မောင်ဥက္ကာသည် ငယ်စဉ်ကပင် ဉာဏ်ပဋိဘာန် ထက်သန်သူ ဖြစ်၍ လက်တန်းကဗျာများကို စပ်ဆိုနိုင်သူ ဖြစ်၏။ သျှင်မဟာသီလဝံသလောင်းလျာ မောင်ညိုသည်လည်း တစ်ကျောင်းတည်းသားချင်း ဖြစ်၍ ညီ ရင်းအစ်ကိုတမျှ ခင်မင်ကြလေသည်။

မောင်ဥက္ကာသည် သက္ကရာဇ် ၈၃၁–ခုနှစ်၊ အသက် ၁၅–နှစ်သားအရွယ်တွင် သျှင်သာမဏေ ဘောင်အတွင်းသို့ သွတ်သွင်းချီးမြှောက်ခြင်း ခံရသည်။ ဘွဲ့မည်ကို သျှင်ဥတ္တမဟု မှည့်ခေါ်သည်။ သက္ကရာဇ် ၈၃၅–ခုနှစ်တွင် အသက်အရွယ်စေ့သဖြင့် ရဟန်းဘဝကို ယူတော်မူသည်။

သက္ကရာဇ် ၈၅၉–ခုနှစ်တွင် ဆရာတော်သျှင်ဥတ္တမသည် ရတနာပူရ အင်းဝနေပြည်တော်သို့ ကြွရောက်တော်မူခဲ့၏။ အင်းဝမြို့သို့ ရောက်ရှိသည်တွင် မိတ်ဆွေဖြစ်သူ သျှင်သီလဝံသအား ရုတ်တရက် ရှာဖွေမရသဖြင့် ဓမ္မာရုံတစ်ခုသို့ ဝင်ရောက်တည်းခိုရလေသည်။ ထိုအခိုက် စကားတတ်သဖြင့် လွှတ်ရုံးငါရပ်ကပင် ပယ်ထားခြင်း ခံရသော ခံတော် မောင်ကျာဘမ်းနှင့် တွေ့ရလေသည်။ မောင်ကျာဘမ်းသည် ဆရာတော်၏ အသွင်အပြင်ကို ကြည့်၍ တောထွက်ရဟန်းကြီးဟု မှတ်ထင်သဖြင့် ဦးချဝတ်တွားခြင်း မပြုဘဲ ဆရာတော့်ရှေ့တွင် တင်ပလ္လင်ခွေ ထိုင်၍ မလေးစားသော အမူအရာဖြင့် “ ဦးပဥ္စင်းကြီး ၊ ဘယ်အရပ်က ကြွလာသနည်း၊ ” ဟု မေးသည်။

ထိုအခါ ဆရာတော်က “ ငါသည် တောင်တွင်းကြီးမြို့က ကြွလာခဲ့သည်၊ ငါသည် ဤရတနာပူရ အင်းဝနေပြည်တော်သို့ တစ်ခါတစ်ခေါက်မျှလည်း မရောက်ဖူးပါ၊ အသိမိတ်ဆွေဖြစ်သော ရဟန်းအပေါင်းအသင်းလည်း မည်သည့်ကျောင်းမှ နေသည်ဟု မသိရဘဲ ရှိသည်၊ ဆွမ်းစားရန် အချိန်လည်း နီးကပ်လုပြီဖြစ်လို့ ဤအရပ်၌ ဘုန်းကြီးတစ်ပါးစာ ဆွမ်းကို ဖိတ်ကြားရလျှင် ရနိုင်မည်လား၊ ” ဟု မေးသည်။

ခံတော်မောင်ကျာဘမ်းကလည်း မိမိဝါသနာအလျောက် မောက်မာစွာဖြင့်ပင် “ သာသနာတော် နေလိုလလို ထွန်းပနေသည့် ဤအင်းဝနေပြည်တော်ကြီးမှာ ဆွမ်းတစ်အုပ်စာမျှကို အဘယ့်ကြောင့် မေးနေရသနည်း၊ ဦးပဥ္စင်းကြီး တစ်ပါးစာမျှကို မည်သူ့အိမ်မှာမဆို ပါးရိုက်ပြီး အလှူခံတော့ ရနိုင်သည်၊ ” ဟု မချေမင့် ပြောမိလေသည်။ ဆရာတော်သည် မောင်ကျာဘမ်း၏ လျှောက်ထားချက်အတိုင်း မြို့တွင်းသို့ ကြွ၍ မောင်ကျာဘမ်းအိမ်ကို ရှာပြီးလျှင် ဇနီးသည်အား ပါးကို ရိုက်၍ ဆွမ်းဖိတ်လေတော့သည်။

ဤကိစ္စနှင့် ပတ်သက်၍ ဆရာတော်နှင့် မောင်ကျာဘမ်းတို့သည် အကြီးအကျယ် ပြဿနာဖြစ်ကြရသည်။ နောက်ဆုံး၌ ဆရာတော်ကသာလျှင် အနိုင်ရ၍ စကားအရာ၌ အလွန်အကွေ့အဝိုက်များသော မောက်ကျာဘမ်းမှာ အရှုံးပေးလိုက်ရသည်။ မည်သူမျှ တုပ၍ မပြောနိုင်သော မောင်ကျာဘမ်း၏ မာန်စွယ်ကို ချိုးနှိမ်လိုက်သောကြောင့် ဆရာတော်၏ နာမည်သည်လည်း နေပြည်တော်အင်းဝ၌ တစ်ဟုန်တည်း ကျော်ကြားလာသည်။ မောင်ကျာဘမ်းသည်လည်း မာန်စွယ်ကျိုးရုံမျှ မကဘဲ ဆရာတော်အား ကြည်ညိုလာသဖြင့် “ ယနေ့မှ စ၍ တပည့်တော်အား ပစ္စည်းလေးပါး ဒကာဟူ၍ မှတ်တော်မူပါဘုရား၊ ” ဟု လျှောက်ထားလေသည်။ ထို့နောက် ဆရာတော်က “ ငါတည်းဟူသော မာန်မာန တက်ကြွထောင်လွှားသူတိုင်းသည် တစ်နေ့သောအခါ၌ မိမိအတွက် မာန်မာန ကျိုးပေါက်ဖွယ်ရာ ကြုံတွေ့လာပြီး အန္တရာယ် ရောက်တတ်ချေ၏၊ လောဘ ဒေါသ မောဟဆိုသည့် တရားများ ဖုံးလွှမ်းလာပါက နိဗ္ဗာန်သို့ ရောက်သင့်ပါလျက် မရောက်ဘဲ ရှိချေသည်၊ ” စသည်ဖြင့် ဓမ္မကထာကို ဟောကြားပြသလေသည်။

ခံတော်မောင်ကျာဘမ်းကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို နှိမ်နင်းတော်မူလိုက်သဖြင့် ဆရာတော်၏ ဘွဲ့မည်မှာလည်း သျှင်ဥတ္တမဘွဲ့တွင် ကျော် ပုဒ်ကိုထည့်၍ ‘ သျှင်ဥတ္တမကျော် ’ ဟု ထင်ပေါ်ကျော်စောလာလေတော့သည်။

ဒုတိယဘုရင်မင်းခေါင်လည်း ဆရာတော်၏ စာပေဂုဏ်သတ္တိကို မြတ်နိုးကိုးစားတော်မူသည့်အလျောက် သျှင်မဟာရဋ္ဌသာရနှင့် သျှင်မဟာသီလဝံသတို့ကဲ့သို့ ချီးမြှောက်ပူဇော်လိုရကား ရွှေနန်းတော်သို့ ပင့်ဖိတ်တော်မူပြီး နေပြည်တော်အင်းဝ၌ သီတင်းသုံးတော်မူပါရန် လျှောက်ထားလေသည်။ ထိုအခါ ဆရာတော်က မိမိသည် အရညကင်မှီ၍ တော၌ နေရသည်ကိုသာ နှစ်သက်သဖြင့် ရွှေမြို့တော်၌ မနေလိုကြောင်း မိန့်ကြားသည်။ ဘုရင်မင်းခေါင်လည်း မိမိဆန္ဒအတိုင်း မဖြစ်

သော အခါတွင် ဆရာတော် တောင်တွင်းကြီးမြို့သို့ ပြန်ကြွသောအခါ များစွာသော ပူဇောသက္ကာရ တို့ကို ပြုတော်မူ၍ တောင်တွင်းကြီးမြို့ အရှေ့ ဝတ္ထုကံဆိုင်ရာ လူတစ်ကျိပ်တို့နှင့် ပို့ဆောင် စေလေသည်။

ဆရာတော် သျှင်ဥတ္တမကျော်သည် တောင်တွင်းကြီးမြို့သို့ ပြန်လည် ရောက်ရှိပြီးနောက် မိမိဝါသနာပါရင်းအတိုင်း တောရဆောက်တည်တော်မူလေသည်။ ထိုအခါ ဗုဒ္ဓဝံသအဋ္ဌကထာကို ကြည့်ရှုတော်မူ၍ မြတ်စွာဘုရားသခင်သည် ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ကပိလဝတ်နေ ပြည်တော်သို့ ကြွချီတော်မူခန်းတွင် လောကဓာတ်အလုံး ညွှတ်ပျောင်းပူဇော်ဟန်ကို ဖွဲ့ဆိုတော်မူ၍ တောလားလင်္ကာကြီးများကို ရေးသားတော်မူ၏။

ဆရာတော် ရေးသားသော တောလားလင်္ကာကြီးများမှာ ၉–ပုဒ်မျှ ရှိပေသည်။ ထိုတွင် " စက်ဆယ့်နှစ်လီ၊ ဒွါဒသီတွင်၊ သုံးလီဥတု၊ လက်ဝဲလုသား၊ " အစချီ လင်္ကာ ၈–ပုဒ်မှာ ကပိလ ဝတ်ပြည်ကြွခန်း တောလားများ ဖြစ်ပြီး ကျန်တစ်ပုဒ်မှာကား ဆရာတော်၏ ဆုပန်လင်္ကာ ဖြစ်သည်။ ဆရာတော်သည် ဘုရားဆုကို ပန်တော်မူကြောင်း ဖော်ပြ၍ အရိမေတ္တေယျဘုရားရှင် လက်ထက်၌ ဗောဓိလောင်းလျာအဖြစ် ဗျာဒိတ်တော် ခတ်နိုပ်ခံရပါလိုကြောင်းကို–

" ကိုးပုဒ်သျှင်ပင်၊ အံ့ချီးတင်သည်၊ ငါလျှင်လည်းကောင်း၊ ဗောဓိလောင်းဟု၊ ငြိမ့်ညောင်း တံဆိပ်၊ ရွှေဗျာဒိတ်ဖြင့်၊ ခတ်နိုပ်သေချာ၊ နှုတ်ဩဘာသည်၊ ၊ မြဲစွာဖြစ်လိမ့် လမှန်တည်း။ " ဟူ၍ ဖွဲ့ဆိုပန်ယူထားလေသည်။

သက္ကရာဇ် ၈၈၂–ခု ရွှေနန်းကြော့ရှင် နရပတိလက်ထက်တွင်လည်း မင်းတရားသည် ဆရာတော်အား ဖူးမြင်ကြည်ညိုလိုသဖြင့် နေပြည်တော်သို့ ပင့်ခေါ်စေလေသည်။ ထိုအချိန်တွင် ဆရာတော်သည် ဟံသာဝတီနယ်စပ်၊ ရိုးမတောင်ပြတ်၊ နွားဝန်တင်စခန်း ကမ္ဘားစောက်ရွာဟု ခေါ်သော အိမ်ခြေ ၅၀–ခန့်ရှိသည့် ရွာကလေးကို အမှီပြု၍ တောရဆောက်တည်နေလေသည်။ ဆရာတော်သည် ထိုကျောင်းငယ်လေး၌ နေတော်မူစဉ် ဘုရင့်အမှုထမ်းများက လာရောက်ပင့် ဆောင်ကြသဖြင့် အင်းဝနေပြည်တော်သို့ ဒုတိယအကြိမ်မြောက် ကြွရောက်တော်မူရပြန်လေသည်။ ထိုအချိန်တွင် ဆရာတော်သည် သက်တော် ၆၇–နှစ်၊ ဝါတော် ၄၇–ဝါမျှ ရှိနေလေပြီ။

အင်းဝသို့ရောက်သည်တွင် ရွှေနန်းကြော့ရှင် ဘုရင်နရပတီမင်းတရားက " ဒကာတော် ကို ချီးမြှောက်သောအားဖြင့် အင်းဝနေပြည်တော်၌ သီတင်းသုံးတော်မူပါ၊ "ဟု လျှောက်ထားသည်။ ထိုအခါ ဆရာတော်က " ဒကာတော်မင်းကြီး၊ တောသုံးထောင်၌ ကျက်စား ပျော်မြူးလေ့ရှိသော ကေသရာဇာ ခြင်္သေ့မင်းအား နံ့သာအခိုးအထုံတို့ဖြင့် လိမ်းကျံ၍ ထီးဖြူအုပ်မိုးထားလင့်ကစား ပျော်မြူးနိုင်မည် မဟုတ်ပါ၊ မိမိကျက်စားရာ တောရပ်ခန်းဝါကိုသာ လွမ်းရှာလိမ့်မည်၊ ထို့အတူ ဆရာတော်သည်လည်း ခမည်းတော်မင်းတရား လက်ထက်ကပင် နေပြည်တော်ကဲ့သို့ မြို့ကြီးများ တွင် မနေနိုင်သဖြင့် တောရပ်ဒေသသို့ ကြွရောက် သီတင်းသုံးခဲ့သည်၊ ယခုမူကား အသက် အရွယ်လည်း အိုမင်းရင့်ရော်လာပြီဖြစ်ရာ သာ၍ပင် နေပြည်တော်၌ မနေလိုတော့ပါ၊ သို့ဖြစ်၍ တောအရပ်သို့သာ ပြန်၍ တရားအားထုတ်ပါတော့မည်၊ " ဟု မိန့်ကြားတော်မူသည်။ ထို့ကြောင့် မင်းတရားကလည်း " ဆရာတော် စိတ်ချမ်းသာမည့် နေရာ၌သာ သီတင်းသုံးတော်မူပါဘုရား၊ " ဟု ပြန်လည်လျှောက်ထားရတော့၏။

ဆရာတော်သည် နေပြည်တော်၌ သုံးလခန့်နေပြီး၍ မိမိနေရပ်ဇာတိဖြစ်သော တောင်တွင်းကြီးမြို့သို့ ပြန်လည်ကြွရောက်တော်မူခဲ့၏။ ရောက်လျှင် မိမိငယ်စဉ်က နေထိုင်ခဲ့သော ငှက်ပစ်တောင်အနီး ရတနာဗိမာန်ကျောင်းတော်၌ နေတော်မူ၏။ ရွှေနန်းကြော့ရှင် ဘုရင်နရပတိ ကလည်း ထိုကျောင်းတော်ကြီးကို ပြင်ဆင်ခြင်း၊ အသစ်တစ်ဖန် ဆောက်လုပ်ခြင်း စသော ကုသိုလ်တို့ကို အားတက်သရော ပြုလုပ်၍ ပစ္စည်းလေးပါးတို့ကိုလည်း အမြဲမပြတ် ပူဇော်လေသည်။

ဤကဲ့သို့ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူရင်း သက္ကရာဇ် ၉၀၄–ခုနှစ်၊ သက်တော် ၈၉–နှစ်၊ ဝါတော် ၆၉–ဝါအရတွင် တောင်တွင်းကြီးမြို့၌ ပျံလွန်တော်မူလေသည်။

ဆရာတော် သျှင်ဥတ္တမကျော် ရေးသားသော စာပေဟူ၍ ယနေ့တွေ့ရှိနေရသည်မှာ တောလားလင်္ကာကြီး ၉–ပုဒ် ဖြစ်သည်။ ထို့ပြင်လည်း ဆရာတော်ရေးသားသော စာပေကျမ်းဂန်များ ဧကန်ရှိဦးမည်ဟု ယုံကြည်ကြ၏။ သို့ရာတွင် တိကျစွာ မပြောနိုင်ကြပေ။

ကဝိသေနင်္ဂဗျူဟာကျမ်းတွင်ကား ဆရာတော် ရေးသားခဲ့သည်ဆိုသော ကျမ်းများကို ဖော်ပြထား၏။ ထိုကျမ်းတို့မှာ ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်နိသျ၊ မဟာနိဒ္ဒေသပါဠိတော်နိသျ၊ ပေဋကောပဒေသပါဠိတော်နိသျ၊ ဓမ္မသင်္ဂဏီပါဠိတော်နိသျ၊ ဝိနယသင်္ဂဟအဋ္ဌကထာနိသျ၊ သစ္စသံခိပ်ဋီကာသစ်နိသျ၊ ခုဒ္ဒသိက္ခာဋီကာသစ်နိသျ၊ အဘိဓမ္မာဝတာရ ဋီကာသစ်နိသျ၊ သဒ္ဒသာရတ္ထဇာလိနီစာကိုယ်နိသျ၊ ဝဇီရသာရတ္ထသင်္ဂဟစာကိုယ်နိသျ၊ ကစ္စာယနဘေဒစာကိုယ်နိသျ၊ ဝါစကောပဒေသစာကိုယ်နိသျ တို့ ဖြစ်ကြ၏။

ထို့ပြင် 'ဂန္ထကာရက္ကမပျို့' ကိုလည်း ရေးသားပြုစုသေးသည်ဟု ဆိုသည်။ ဖော်ပြပါ ကျမ်းဂန်များကို ဆရာတော်သျှင်ဥတ္တမကျော် ရေးသားခဲ့သော်လည်း နိဂုံး၌ စာပြုပုဂ္ဂိုလ်အမည် မထည့်သွင်းသောကြောင့် ဆရာတော် ရေးသားသည်ဟု မသိရဘဲ ရှိသည်။ ဂန္ထကာရက္ကမပျို့ကို ကြည့်သောအခါမှ ဆရာတော် ရေးသားကြောင်း သိရှိရသည်ဟု ဆိုလေသည်။ သို့ရာတွင် ကဝိသေနင်္ဂဗျူဟာကျမ်းဆရာ အထောက်အထားပြုသော ပျို့ကိုလည်း ယနေ့အထိ မတွေ့ရှိကြရသေးပေ။ သို့ဖြစ်ရာ ထိုအဆိုကို ပယ်မြစ်နိုင်ခွင့်လည်း မရှိသေး။ လက်ခံနိုင်ဖွယ်လည်း မဟုတ်သေး။ တောလားလင်္ကာကြီးများကိုသာ ဆရာတော်၏ လက်ရာဖြစ်ကြောင်း ကောင်းစွာ လက်ခံကြရဦးမည်သာတည်း။

(ကျမ်းကိုး) ကဝိသေနင်္ဂဗျူဟာကျမ်း၊ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ မြန်မာစာညွန့်ပေါင်းကျမ်း–ပထမတွဲ၊ ဒေါ်မြင့်သန်းတည်းဖြတ်သော ပါရမီတော်ခန်းပျို့၊

## သျှင်မဟာသီလဝံသ ( ၈၁၅–၈၈၀ )

" သဒ္ဒါတွင် သျှင်မဟာကစ္စည်း ၊ ကဗျာတွင် သျှင်မဟာသီလဝံသတည်း " ဟု ဥဒါန်းတွင်လျက် ရှိသော ဆရာတော် သျှင်မဟာသီလဝံသ၏ မွေးဖွားရာဒေသသည် " ယဉ်ကြည်နက်ဆုံး၊ ကျုံးလည်းသီတာ၊ လပကြာနှင့်၊ သန္တာအတိ၊ စီ၏ဘိသို့၊ မြို့၏တန်ဆောင်း၊ ရဲလောင်းရင်တား၊ တံခါးလေးသွယ်၊ ဖိုင်ဖိုင်ကျယ် "သော မြန်မာပြည်အလည်ပိုင်း မကျတကျ တောင်တွင်းကြီးမြို့ ဒေသဖြစ်ပေသည်။

တောင်တွင်းကြီးမြို့ မြောက်ဘက်၊ မြို့လုလင်ရွာကြီး အရှေ့ပိုင်း၊ မောင်းတိုင်ရပ်၌ အဖ ဦးကြည်၊ အမိ နတ်ထိန်းကြီး ဒေါ်ဒွေးတို့မှ သက္ကရာဇ် ၈၁၅–ခုနှစ်တွင် ဖွားမြင်လေသည်။ နံတော် သောကြာသားဖြစ်၍ ငယ်မည်ကိုကား မောင်ညို၊ သို့မဟုတ် မောင်ရွှေညိုဟု ခေါ်လေသည်။

မောင်ညို ၇–နှစ်သား အရွယ်တွင် မိဘနှစ်ပါးတို့က တောင်တွင်းကြီးမြို့မြောက်၊ တောင်တွင်းမြို့စား သီဟပတေ့ကြီး ဆောက်လုပ်သော ရတနာဗိမာန်ကျောင်း၌ သီတင်းသုံးသော ဆရာတော် သျှင်သီလာစာရာဘိဓေထံ အပ်နှံကြလေသည်။

ရှေးသူဟောင်းတို့ အဆိုရှိသည်မှာ ပေလေးပင် သျှင်လေးပါးအဝင်အပါ သျှင်မဟာသီလဝံသအလောင်း မောင်ညိုနှင့် သျှင်ဥတ္တမကျော်အလောင်း မောင်ဥက္ကာတို့အား နတ်မှီးလင်း ဆရာတော်ထံ အပ်မည်ပြုရာ ဆရာတော်သည် အိပ်မက်တစ်ခုကို မြင်မက်ခဲ့သည်ဆို၏။ ထိုအိပ်မက်မှာ မိမိလက်ျာဘက်ရင်နို့ကို ရွှေခြင်္သေ့စို့လျက် လက်ဝဲဘက် ရင်နို့ကို ရွှေကျေးစို့သည် ဟူ၍ ဖြစ်သည်။ ထိုအိပ်မက်ကို မြင်မက်၍ မကြာမြင့်မီပင် ရွှေခြင်္သေ့နှင့်တူသော မောင်ညိုနှင့် ရွှေကျေးနှင့်တူသော မောင်ဥက္ကာတို့ ကျောင်းသို့ ရောက်လာကြသည်ဆို၏။

ကျောင်းသားနှစ်ယောက် ရောက်ရှိလာပြီးနောက် ၎င်းတို့ အသွင်ကို လေ့လာ၍ ဆရာတော်သည် " ခြင်္သေ့သည် တောသုံးထောင်ကို အစိုးရသည်၊ ကျေးသားသည် အပလီ ပိုသည်၊ မောင်ညိုသည် ပိဋကတ်သုံးပုံကို အစိုးအပိုင် နိုင်မည့်သူ ဖြစ်သည်။ မောင်ဥက္ကာသည် အပလီနွှဲ့နှောင်း စာဆိုကောင်းမည့်သူ ဖြစ်သည်၊ " ဟု ဆင်ခြင်သုံးသပ်မိလေသည်။

သျှင်မဟာသီလဝံသလောင်းလျာ မောင်ညိုသည် ၇–နှစ်သားအရွယ် ကျောင်းသားဘဝမှာပင် ရတ်ချည်း ကဗျာလင်္ကာများကို စပ်ဆိုနိုင်သည်။ ဉာဏ်ပညာလည်း ထက်မြက်စူးရှလှသည်။ ထို့ကြောင့် ကျောင်းသားတို့ အလယ်တွင် ထင်ပေါ်ခဲ့သည်။

မောင်ညိုသည် မည်သည့်ခုနှစ်တွင် သာမဏေပြုသည်ဟု အမှတ်အသား မတွေ့ရပေ။ သို့ရာတွင် သျှင်ဥတ္တမကျော်ကဲ့သို့ တစ်ကျောင်းတည်းဝင်၍ တစ်ဆရာတည်း သင်ကြားခဲ့ကြသောကြောင့် သျှင်ဥတ္တမကျော်ကဲ့သို့ပင် ၁၅–နှစ်သားအရွယ်၌ သာမဏေပြုသည်ဟု ယူဆရပေသည်။ မောင်ညို၏ သာမဏေဘွဲ့မှာ သျှင်သီလဝံသဟူ၍ ဖြစ်သည်။

သျှင်သီလဝံသသည် အသက် ၂၀–ပြည့်၍ ရဟန်းဘဝကို ယူတော်မူလျှင် ပိဋကတ်ကျမ်းဂန် အတန်တန်တို့၌ လိမ္မာတတ်ပွန်တော်မူပြီဖြစ်၏။ စာဆိုဗီဇ ဝါသနာတော်အရ မြန်မာမှု ကဗျာလင်္ကာတို့၌ ရင့်ကျက်တော်မူဘိ၏။ သို့အလျောက် သျှင်သီလဝံသသည် ရှေးဦးစွာသော ပျို့လင်္ကာအဖွဲ့ကျမ်းဖြစ်သည့် " ဇောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က၊ "အစရှိ ပါရမီတော်ခန်းပျို့ကို ရေးသား စပ်ဆိုလေသည်။ ယင်းပျို့ကို ရေးသားစပ်ဆိုတော်မူရာ သက္ကရာဇ် ၈၅၃–ခု၊ သက်တော် ၃၈–နှစ်တွင် ပြီးစီးခဲ့သည်။ ဤသည်ကို ရည်၍–

" ဘုရားမြတ်မွန်၊ နိဗ္ဗာန်ပြည်ခေါင်၊ လွန်ပြီးနောင်မှ၊ နှစ်ထောင်သုံးဆယ်၊ ငါးနှစ်ဝယ်၌၊ " ဟူ၍ စပ်ဆိုထားခဲ့ပေသည်။ ဤပျို့ကို ရေးစပ်လိုက်သဖြင့် သျှင်သီလဝံသ၏ ကျမ်းတတ်တစ်ဆူ ကဗျာ့ဝိဒူဟူသော ဂုဏ်ရနံ့သည် တောင်တွင်းရွှေပြည်၌ ထုံပျံ့ခဲ့လေသည်။

သျှင်သီလဝံသ အရှင်မြတ်သည် ပါရမီတော်ခန်းပျို့ကို ရေးစပ်တော်မူပြီးသည့်နောက်

စိတ်တွင်း၌ တောင့်တမှု တစ်ခုဖြစ်ပေါ်လာ၏။ ထိုတောင့်တမှုကား ထိပ်တန်းပညာရှင်တို့ ကိန်းအောင်းရာ၊ စာသံပေသံတို့ဖြင့် ဖုံးလွှမ်းရာ နေပြည်တော် ရွှေအင်းဝသို့ သွား၍ စာဝါခံလိုစိတ်များဖြစ်၏။ ထို့ကြောင့် ပါရမီတော်ခန်းပျို့ကို စပ်ဆိုပြီးနောက် တစ်နှစ်ကျော်မျှ အကြာတွင် သက္ကရာဇ် ၈၅၄–ခု၊ တပို့တွဲလမှစ၍ အင်းဝနေပြည်တော်သို့ ကြွရန် အခွင့်ကို မျှော်လင့်နေခဲ့၏။ ဤသည်ကို ရည်၍ တောင်တွင်းလာပျို့၌–

" သဘင်ဆောင်ပြီး၊ ရာသီနီး၍၊ ဆောင်းမြီးအလယ်၊ သဝယ်ခနှင့်၊ မာဃဆင့်၍၊ ခါသင့်ကုန်ကျွမ်း၊ အာသာပွမ်း၍၊ သာရွှမ်းသနှင့်၊ နယေပင့်သည်၊ ၊ သနှင့် ဇကို နာနှင့်ဆို။"

ဟူ၍ စပ်ဆိုတော်မူခဲ့လေသည်။

သျှင်သီလဝံသသည် နေပြည်တော်အင်းဝသို့ ကြွလိုသောအာသာ ထပ်ခါခါ ဖြစ်ပါသော်လည်း မိမိဆရာတော်အား မလျှောက်ကြားဝံ့သဖြင့် ဖင့်နွှဲနေခဲ့ရသည်။ ဤသို့ဖြင့် သက္ကရာဇ် ၈၅၅–ခုနှစ်သို့ ရောက်ရှိလာသောအခါ ပိုမို၍ ဆန္ဒစောလာသဖြင့် မလျှောက်ဝံ့ လျှောက်ဝံ့နှင့်ပင် ဦးတင်လျှောက်ကြားမိလေတော့သည်။ ဆရာတော်သည် သျှင်သီလဝံသအား နေပြည်တော် အင်းဝသို့ မသွားစေလိုသဖြင့် စကားမဆို ဆိတ်ဆိတ်သာ နေတော်မူသည်။

သျှင်သီလဝံသသည် ပထမအကြိမ် အခွင့်မသာသဖြင့် ဒုတိယအကြိမ် ထပ်မံ လျှောက်ထားပြန်လေသည်။ ထိုအခါ ဆရာတော်က " အင်းဝပြည်သည် ကျမ်းတတ်သူ များလှသည်၊ သင်သွားသဖြင့်လည်း တလုပ်ပြည်သို့ အပ်ရောင်းသွားသည်နှင့် တူချိမ့်မည်၊ "ဟု မိန့်တော်မူ၍ တရားဓမ္မကို ဟောပြ၍ တားမြစ်တော်မူပြန်သည်။ သို့ရာတွင် ဆန္ဒကို မထိန်းသိမ်းနိုင်သော သျှင်သီလဝံသသည် တတိယအကြိမ်မြောက် လျှောက်ထားပြန်ရာ ထိုအခါမှ ဆရာတော်က အကြည်အသာ ခွင့်ပေးတော်မူသည်။

ဆရာတော်ထံမှ ခွင့်ပြုချက်ရလျှင် သျှင်သီလဝံသသည် နေပြည်တော်သို့ ကြွရောက်ရန် အတွက် မိမိဒါယကာများကို နှုတ်ခွန်းဆက်သရာ ၎င်းတို့ကလည်း အင်းဝသို့ မကြွစေလိုသဖြင့် တောင်းပန်ကြပြန်သည်။ သို့ရာတွင် သွားလိုသော ဆန္ဒက ပြင်းပြနေရကား စကားကိုပင် တုံ့ပြန်ခြင်း မပြုတော့ဘဲ ပါရမီတော်ခန်းပျို့လက်ရာကြီးကို ကမ္ပလွေစာထုပ်တွင် ထည့်ယူခဲ့ပြီး ထိုနှစ် ကဆုန်လပြည့်နေ့မှာပင် အင်းဝနေပြည်တော်သို့ ကြွတော်မူခဲ့လေသည်။ ထို့ကြောင့်–

" ကဆုန်ဆန်းတက်၊ ဆယ့်ငါးရက်တွင်၊ လာခဲ့ကျင်သော်၊ များမြင်ထူးလည်၊တောင်တွင်းပြည်ဝယ်၊ စိတ်ကြည်သဒ္ဓါ၊ တကာအပေါင်း၊ ခွင့်တောင်းတုံလို၊ တောင်းပန်ဆိုသော်၊ မနာလိုစိတ်၊ သံနိတ်မပေါ်၊ တုဏှိဘော်ဖြင့်၊ သံဝေါမဟ၊ ခွင့်မရသော်၊ မြောက်မှဒေသန်၊ စိတ်ခံလေးလေး၊ စိတ်တော်ပြေး၍၊ ရပ်ဝေးမြေတာ၊ ရွှေနန်းမှာသို့၊ မျက်နှာရည်ထ၊ ထွက်ခဲ့ကြွမူ၊ "

ဟူ၍ တောင်တွင်းလာပျို့၌ ရေးသားဖွဲ့ဆိုတော်မူသည်။

ဤကဲ့သို့ စာပလွေကိုထမ်း၍ ညစ်နွမ်းသော သင်္ကန်းဖြင့်ပင် ကြွလှမ်းလာခဲ့ရာ ရှေးဦးစွာ ပင်းယသို့ ရောက်ရှိခဲ့သည်။ ထိုပင်းယမြို့တွင် ခေတ္တမျှ တည်းခို၍ တရာဓမ္မတို့ကို ဟောကြားတော်မူလေသည်။ ထိုမှတစ်ဖန် ကြွတော်မူခဲ့ရာ အင်းဝနေပြည်တော်အနီး တန်တားဦးအရပ်သို့ ချောမောစွာ ရောက်ရှိခဲ့သည်။ ထိုအခါ အင်းဝမြို့တော်မှ လူအများသည် " တောင်တွင်း သျှင်သီလဝံသမထေရ်သည် အင်းဝနေပြည်တော်သို့ ရောက်လာသတတ်၊ " ဟု အနှံ့အပြား ကြားသိကြကုန်၏။

သျှင်သီလဝံသအရှင်မြတ်၏ အကြောင်းကို ကြားသိကြသော မြို့သူ မြို့သားတို့သည် အရှင့်ထံသို့ မေးမြန်း စုံစမ်းအံ့သောငှာ လာရောက်ကြသည်။ ထိုအထဲတွင် သျှင်ရဋ္ဌသာရလည်း မိမိဆရာ၏ စေခိုင်းချက်အရ စူးစမ်းမေးမြန်းရန် လာရောက်ခဲ့၏။

အင်းဝနေပြည်တော်သို့ သျှင်သီလဝံသ ရောက်ရှိချိန်တွင် အသက်အရွယ်အားဖြင့်

၄၀-မျှ ရှိခဲ့ပေပြီ။ တစ်နေ့သောအခါ သျှင်သီလဝံသသည် ဒုတိယဘုရင်မင်းခေါင်ထံသို့ မေတ္တာစာ ရေးသားဆက်သွင်းလေသည်။ ထိုမေတ္တာစာကို ရေးသားဆက်သွင်းသည်မှစ၍ ဒုတိယဘုရင် မင်းခေါင်သည် တောင်တွင်းမှ ရောက်ရှိလာသူ သျှင်သီလဝံသ၏ အရည်အသွေးကို လေးစား ကြည်ညိုတော်မူသည့်အလျောက် စစ်ကိုင်းမြို့ ထူပါရုံစေတီတော်၏ အရှေ့မြောက်ယွန်းတွင် 'ရတနာဗိမာန်ရွှေကျောင်းတော်ကြီး' ကို တင်လှူလေသည်။

(မှတ်ချက်။ ။အချို့မူတွင် 'သီလဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု 'ဘွဲ့တံဆိပ်ကိုလည်း ဆက်ကပ်ကြောင်း ဆိုသည်။ သို့ရာတွင် ထိုခေတ်၌ ဤကဲ့သို့သော ဘွဲ့တံဆိပ်မျိုး ပေးအပ်လေ့ မရှိသေးချေ။ )

သျှင်သီလဝံသသည် ထိုကျောင်းတော်ကြီးကို အလှူခံရသော ပညာကျော်များအနက် ရှစ်ဆက်မြောက် အလှူခံရသူ ဖြစ်ပေသည်။ ဤသည်ကို ရည်၍ 'ရတနာဗိမာန်ကျောင်းကျောက် စာ 'နိဂုံးသံပိုင်း၌-

"စစ်ကိုင်းကြီးတောင်၊ မော်ကျောက်ဆောင်လျှင်၊ ရန်အောင်မြင်နောက်၊ သဖန်းမြောက် တွင်၊ ပေါက်ရောက်ရွှေဘုံ၊ ထူပါရုံဝယ်၊ လက်ဝဲစွယ်သို့၊ အောင်ရွယ်နီးသောင်း၊ မျို့ကောင်း ကျောင်း၌၊ နောက်နှောင်းသာသနာ၊ စေ့ခါတိုင်အောင်၊ တည်စိမ့်ဆောင်သား၊ ကျောက်ဆောင် လင်္ကာ၊ သံပိုင်းစာကို၊ မဟာသီလဝံသ၊ ထေရ်ကုံငလျှင်၊ မဆွရေးစို၊ ကျောင်းရိပ်ခိုသား၊ ပုဂ္ဂိုလ် တို့နောက်၊ ရှစ်ဆက်မြောက်၍၊ "-

စသည်ဖြင့် ဆရာတော် သျှင်သီလဝံသကိုယ်တိုင် ကမ္ပည်းကျောက်စာတပ်၍ ရေးမှတ်တော်မူခဲ့၏။ ဆရာတော်သည် ထိုအခါမှစ၍ နေပြည်တော်ဆရာတော် သျှင်မဟာရဋ္ဌသာရတို့ကဲ့သို့ မင်းဆရာ တော် အဖြစ်သို့ ရောက်ရှိတော်မူလေသည်။

ဆရာတော် သျှင်မဟာသီလဝံသသည် မင်းဆရာပြု၍ ကိုးကွယ်ခြင်း ခံရသော်လည်း မာန်မာန တက်ကြွတော်မူလေ့ မရှိပေ။ ထူပါရုံစေတီတော်ဝယ် နေ့စဉ်မပြတ် တံမြက်လှည်းဝတ်ပြု သည်။ တပည့်များအား စာပေပို့သတော်မူ၍ တရားဘာဝနာများကိုလည်း ပွားများတော်မူ၏။ ထိုအကြောင်းကိုလည်း ဆရာတော်ကိုယ်တိုင်-

"ရတနာမွေ့လျော်၊ ဓာတ်တော်စုပုံ၊ ထူပါရုံဝယ်၊ စည်းခုံလုံးညီ၊ မဟေသီ၌၊ စေတီယင်္ဂ ဝတ်၊ နိစ္စပတ်လျှင်၊ မပြတ်တံမြက်၊ ရှိဝတ်တက်၍၊ မပျက်စေရ၊ မျိုးသိဿအား၊ သင်ကြား ကျမ်းဂန်၊ ဓိပ္ပာယ်ပြန်မှ၊ ဂန္ထဓုရ၊ ရောက်သမျှနှင့်၊ သမထ ဝိပဿနာ၊ စီးဖြန်းပါ "-

ကြောင်း ဧကပိုဒ်ရတုဖြင့် ဝန်ခံရေးသားတော်မူခဲ့လေသည်။

သက္ကရာဇ် ၈၅၈-ခု၊ အဦးပိုင်းတွင် ဘုရင်မင်းခေါင်သည် ၈၄၂-ခုနှစ်က တည်ထား တော်မူခဲ့သော တန်တားဦး မင်္ဂလာစေတီတော်ကြီး၏ အလယ်ဌာပနာတိုက်တော်ကို ခမ်းနား ကြီးကျယ်စွာ တည်ထားတော်မူသည်။ ထိုအခါ သျှင်မဟာသီလဝံသသည် 'ကြားပိမ့်ကြက် သရေ၊ အောင်မြင်စေအံ့၊ 'အစချီ တန်တားဦးမင်္ဂလာစေတီတော် မော်ကွန်းကို ရေးသား တော်မူသည်။ ဤသို့ ရေးသားနေစဉ် ၁၂-ပိုဒ်မျှ ပြီးဆုံးသောအခါ၌ နေပြည်တော်ဆရာတော် သျှင်မဟာရဋ္ဌသာရ အရှင်သူမြတ်က ' သုံးဆယ့်နှစ်ပါး၊ ထင်ရှားလက္ခဏာ ' အစချီ တန်တားဦးမင်္ဂလာစေတီ တော်မော်ကွန်းကို ရေးသားစီရင်ပြီး၍ ဘုရင့်ရှေ့တော်မှောက်သို့ပင် ရောက်ရှိနေပြီဖြစ်ကြောင်း သိရသောအခါ ဆက်၍ မရေးသားတော့ဘဲ ပုရပိုက်ကို ချေစေသည်ဆို၏။ တပည့်များက ရေးကူးထားလိုက်သဖြင့် ယခုတိုင် တွေ့ရှိနေရသည်ဟု အမှတ်အသား ရှိလေသည်။

ဆရာတော်သည် ရတနာဗိမာန်ကျောင်းတော်ကြီးမှ ဘုရင်မင်းမြတ်၏ နန်းတော်သို့ မကြာခဏ ကြွရောက်တော်မူရသည်။ ကြွရောက်တော်မူရခြင်းမှာ ဘုရင်မင်းမြတ်သည် ရွှေနန်း တော်၌ စာနာပရိသတ်နှင့်တကွ စာပွဲတော်ခံလေ့ရှိသောကြောင့် ဖြစ်သည်။ ဘုရင်မင်းမြတ်သည် သျှင်မဟာသီလဝံသနှင့် သျှင်ဟာရဋ္ဌသာရတို့၏ စာများကို ရွှေကလပ်တွင် တင်တော်မူလျက်

စာဆိုတော်တို့အား အသီးသီး ဖတ်ကြားစေသည်။ ထိုအခါ ဘုရင်နှင့်တကွ မှူးမတ်စသော ပရိသတ် အပေါင်းတို့သည် ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေပန်း ငွေပန်းတို့ဖြင့် ကြဲမြှောက်ပူဇော်၍ ကောင်းချီးနမော် ပြုတော်မူကြလေသည်။

တစ်နေ့သောအခါ သျှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့နှင့် သျှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီးကို နာယူအပြီးတွင် ပရိသတ်အပေါင်းတို့က နှစ်ထောင်းအားရ ချီးကျူး ထောမနာကြ၏။ ထိုသို့ ထောမနာစဉ် သျှင်မဟာရဋ္ဌသာရဆရာတော်က–

"တောင်တွင်းဆရာ၊ ဘုရားရှင်တို့မည်သည် ဘုရားဆုကို တောင်းပြီးမှ ပါရမီတော်ကို အစဉ်ဖြည့်ကျင့်ရပေသည်၊ ဤသို့ ဒေသနာအစဉ်ရှိပါသည်၊ ပါရမီခန်းလင်္ကာကို ရေးသား တော်မူချက်မှာ ပါရမီဖြည့်ပြီးမှ ဘုရားဆုကို တောင်းလေသကဲ့သို့ ဖြစ်၍ ဒေသနာအစဉ် မညီမညွတ် ဖြစ်လေပြီ၊ "–

ဟု မိန့်ကြားသည်။ ထိုအခါ ဆရာတော်သျှင်မဟာသီလဝံသက–

"သာသနာ့ဒါယကာ ရေမြေ့ရှင် မင်းတရားက ပါရမီခန်းစာကို နာကြားလိုပါသည် လျှောက်၍ ပါရမီခန်းလင်္ကာနှင့် ရွှေနန်းတော်သို့ ဝင်ရောက်ရပေသည်၊ ဆုတောင်းခန်းမှာ ကျွန်ုပ်၏ စိတ်နှလုံးက စီကုံး၍ ပြီးလေပြီ၊ "–

ဟု ပြောကြားပြီးနောက် ကျောင်းသို့ ပြန်ရောက်လျှင် ထူပါရုံစေတီတော်အတွင်း သွား၍ 'ဗောဓိ ညောင်ရွှေ၊ ဗုဒ္ဓဟေအောက်၊ ဆန်းကြယ်ပေါက်သား၊ 'အစချီ ဆုတောင်းခန်းပျို့ကို ရေးသားတော် မူရာ ရက်အနည်းငယ်အတွင်းမှာ ပြီးစီးတော်မူသည်။

ထိုပျို့ကို ရေးသားသော သက္ကရာဇ်ကိုကား အမှတ်အသား မတွေ့ရဘဲရှိသည်။ သို့ရာ တွင် ဒုတိယဘုရင်မင်းခေါင်လက်ထက် ရေးသားသည်ဆိုသောကြောင့် သက္ကရာဇ် ၈၅၈–ခုနှစ်တွင် တန်တားဦးမင်္ဂလာစေတီတော်မော်ကွန်းကို ရေးသားတော်မူပြီးသည့်နောက် သက္ကရာဇ် ၈၆၀– ပြည့်လောက်တွင် စပ်ဆိုရေးသားသည်ဟု ခန့်မှန်းကြသည်။

သက္ကရာဇ် ၈၆၃–ခုနှစ်တွင် ဒုတိယဘုရင်မင်းခေါင် နတ်ရွာစံသဖြင့် သားတော် ရွှေနန်းကြော့ရှင် နရပတိသည် ရွှေနန်းစည်းစိမ်ကို ဆက်ခံလေသည်။ ထိုနှစ်မှာပင် ဆရာတော် သျှင်မဟာသီလဝံသသည် ယခုထင်ရှား တွေ့ရှိရသော မြန်မာစကားပြေကျမ်းတို့တွင် ရှေးဟောင်း ကျလှသော 'ပါရာယနဝတ္ထု 'ကို ရေးသားတော်မူသည်။ ထိုဝတ္ထုကို ရေးသားပြီးနောက် တစ်နှစ်ခန့် အကြာတွင်လည်း ' ရာဇဝင်ကျော်ကျမ်း ' ကိုရေးသားပြန်လေသည်။

သျှင်မဟာသီလဝံသသည် ဗုဒ္ဓုပ္ပတ္တိပျို့ကိုလည်း ရေးသားသေးသည်ဟု အမှတ်အသား ရှိသည်။ သို့ရာတွင် ထိုပျို့မူရင်းကို ရှာဖွေ၍ မတွေ့ကြရသေးပေ။ ပညာရှင်အချို့ကမူ ဗုဒ္ဓုပ္ပတ္တိပျို့ ဟူ၍ သီးခြားမရှိ။ ဗုဒ္ဓသဒ္ဒါ ဘုရားကို ဟောသည်။ ဘုရားဖြစ်ခြင်းအကြောင်းကိုပင် ဆိုသည်။ ပါရမီ ၁၀–ပါးကို ကျင့်မှ ဘုရားဖြစ်သည်ဆိုသော စကားကို ထောက်၍ ဗုဒ္ဓုပ္ပတ္တိပျို့ဆိုသည်မှာ ပါရမီခန်းပျို့ကိုပင် ခေါ်ကြောင်း အဆိုပြုကြလေသည်။ သက္ကရာဇ် ၁၃၀၃–ခုနှစ်က ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်မှ သျှင်မဟာသီလဝံသရေးသားသည်ဟု ကမ္ပည်းတပ်ထားသော ဗုဒ္ဓုပ္ပတ္တိပျို့ တစ်စောင် ပေါ်ထွက်ခဲ့ဖူးသည်။ သို့ရာတွင် ထိုပျို့ကို သျှင်မဟာသီလဝံသ၏ လက်ရာတော် မဟုတ်ဟု ဆုံးဖြတ်ကြသည်။

ထို့ပြင် သျှင်မဟာသီလဝံသ၏ စာတော်စာရင်းတွင် ' သံဝေဂခန်းပျို့ ' ကိုလည်း ထည့်သွင်းထားကြသည်။ ထိုပျို့ကို ပုံနှိပ်ထုတ်ဝေရာ၌လည်း ဆရာတော်ရေးသားကြောင်း ကမ္ပည်းတပ်၍ ထုတ်ဝေခဲ့ကြသည်။ ထိုပျို့ကိုလည်း ဆရာတော်သျှင်မဟာသီလဝံသ ရေးသားသည် ဟု လက်မခံကြပေ။ ရှေးရေး ကျမ်းစာရင်းစသည်တို့၌ ထိုပျို့ကို ဆရာတော်၏ စာဟူ၍ မဆိုပေ။ တစ်ဖန် သက္ကရာဇ် ၁၂၂၁–ခုနှစ်၊ တပိုတွဲလဆန်း ၁၀–ရက်နေ့ ရေးကူးပြီးသည် ဆိုသော သံဝေဂခန်းပျို့ပေစာမူ တစ်ဆူ၌ "နန်းကျဘုရင်တစ်ပါးစီရင်သော သံဝေဂခန်း ပုဒ်ပေါင်း ၅၄–

ပုဒ်၊ ဤတွင်ရွေ့ ပြီးပြည့်စုံ၏။ ”ဟု ရေးသားထားသည်ကိုလည်း တွေ့ကြရသည်။

သက္ကရာဇ် ၈၆၇–ခုနှစ်တွင် ရွှေနန်းကြော့ရှင်ဘုရင်နရပတိလက်ထက်၌ ငတုံးတာနှင့် ငပြည့်ဝတို့အရေးပေါ်ပေါက်လာ၏။ ၎င်းတို့သည် ဘုရင့်သစ္စာတော်ကို ဖောက်ဖျက်ရုံမျှမက တောင်ငူမင်း၊ ပြည်မင်းတို့ကို ပင့်ခေါ်လေ၍ နိုင်ငံတော်အတွင်း စလေမြို့ကို ဝန်းရံလျက် ရှိကြလေသည်။ ထိုအခါ ဘုရင်နရပတိသည် အုန်းဘောင်စော်ဘွား အကူအညီဖြင့် စစ်သည်ဗိုလ်ပါတို့ကို စုရုံးကာ စလေပုံတောင်သို့ ကြည်းကြောင်း ရေကြောင်းတို့မှ ချီတော်မူလေသည်။ စလေပုံတောင်သို့ ရောက်လျှင် ရတနာရွှေဖောင်တော်မှ တက်၍ ဆင်တော်စောရန်နင်းကို စီးတော်မူလျက် စစ်ပြိုင်လေတော့သည်။ ထိုစစ်ပွဲတွင် ပြည်မင်းနှင့် တောင်ငူမင်းတို့ တပ်ပျက်ချေ၍ ငတုံးတာကိုလည်း ဆင်နှင့်အတူ ရတော်မူသည်။

ထို့နောက် အင်းဝနေပြည်တော်သို့ ပြန်လည်ဆန်တက်တော်မူရာ ပုဂံမြို့၌ ခေတ္တစံနေတော်မူ၏။ ထိုအခိုက် သျှိသျှားမြို့၌ ငပြည့်ဝ ရောက်ရှိနေကြောင်း ကြားသိတော်မူသဖြင့် သျှိသျှားမြို့သို့ ကြွချီတော်မူပြန်သည်။ ထိုသျှိသျှားမြို့ကိုလည်း ငပြည့်ဝနှင့်တကွ တစ်မြို့လုံးကို ရရှိတော်မူသည်။ ထိုအခါ ငပြည့်ဝအား သစ္စာတော် ပေး၍ မိတ္ထိလာခေါ် သျှိသျှားမြို့ကိုပင် စားစေတော်မူသည်။ ဤသည်တို့ကို ရည်၍ ရွှေနန်းကြော့ရှင် ဘုရင်နရပတိက ကန်ပေါင်ရိုးမှ နေ၍ ကန်တော်ကြီး၏ အရင်းအမြစ်ကို မေးတော်မူလေဟန်၊ ထိုသို့ မင်းကြီးမေးတော်မူသည်ကို တံငါသည်တစ်ဦးက ဖြေကြားသံတော်ဦးတင်လေဟန်ပြု၍ ဆရာတော်သျှင်မဟာသီလဝံသက သျှိသျှားကန်ဘွဲ့ခေါ် မိတ္ထိလာကန်တော်ဘွဲ့မော်ကွန်းကို ရေးသားတော်မူလေသည်။

သက္ကရာဇ် ၈၇၂–ခုနှစ်တွင်လည်း ဘုရင်နရပတိ၏ ရွှေနန်းတည်မော်ကွန်းကို ရေးသားတော်မူသည်။ ထိုနှစ်တွင် ဘုရင်နရပတိသည် ရွှေနန်းတော် ဟောင်းနွမ်းနေသောကြောင့် နန်းသစ်ကို တည်လုပ်တော်မူ၏။ ထိုရွှေနန်းသစ်သည် အလုပ်အဆောင် ချောမောပြေပြစ်လှသောကြောင့် မင်းတရားအားလည်း ရွှေနန်းကြော့ရှင်ဟူ၍ ခေါ်တွင်လာသည်။ ကနဦးတွင် မင်းတရားက သျှင်မဟာရဋ္ဌသာရအား “ နန်းတော်တည်လုပ်သည်ကို မော်ကွန်းတစ်စောင် ဖွဲ့တော်မူပါ၊ ”ဟု လျှောက်ထားရာ သျှင်မဟာရဋ္ဌသာရက မဆိုဘဲ နေလေသဖြင့် သျှင်မဟာသီလဝံသ က ‘ ရှုလော့သွယ်ဖြူး၊ လူသုံးဦးတို့၊ ’ အစချီ ရွှေနန်းတည်မော်ကွန်းကို ရေးသားဖွဲ့ဆိုကြောင်း ဆရာစဉ် ဆိုစကား ရှိပေသည်။

ဆရာတော်သည် သာသနာတော်အတွက် အထောက်အကူဖြစ်စေမည့် နေတ္တိပါဠိတော်နိဿယနှင့် မဟာရဟနီတိနိဿယတို့ကိုလည်း ရေးသားတော်မူခဲ့သည်။ ထို့ပြင် ‘ စကြဝဠာ ’ အစချီ ကမ္ဘာလောင်ပျို့နှင့် ကမ္ဘာလောင်ကျမ်းတို့ကိုလည်း ရေးသားသည်ဟု အမှတ်အသားရှိပေသည်။ သို့ရာတွင် ထိုကျမ်းနှင့် ပျို့တို့ကို ရှာဖွေ၍ မတွေ့ကြရသေးချေ။

သာသနာလင်္ကာရစာတမ်းတို့၌ သျှင်မဟာသီလဝံသသည် တောင်တွင်းကြီးမြို့မှ အင်းဝနေပြည်တော်သို့ ကြွလာခဲ့ရာတွင် ပါရမီ၊ ဗုဒ္ဓါလင်္ကာရ၊ တောင်တွင်းလာပျို့ သုံးစောင်ကို ယူဆောင်ခဲ့ကြောင်း ဆိုထားသဖြင့် နောက်နှောင်းအရေးအသားတို့၌လည်း သာသနာလင်္ကာရအဆိုကိုပင် ကိုးကား၍ ရေးသားကြလေသည်။

တောင်တွင်းလာပျို့မှာ အင်းဝရောက်ပြီးမှ သျှင်မဟာရဋ္ဌသာရတို့နှင့် တွေ့ဆုံရပုံတို့ကို ရေးသားထားရာ တောင်တွင်းမြို့က ပါလာခဲ့သည် မဟုတ်ကြောင်း ထင်ရှားပေသည်။ ဗုဒ္ဓါလင်္ကာရဆိုသည်မှာလည်း ပျို့ဟူ၍ သီးခြားရှိသည် မဟုတ်ကြောင်း၊ ပါရမီခန်းကိုပင် ခေါ်ကြောင်းဖြင့် မန္တလေးခေတ်တွင် ပညာရှင်တို့ အငြင်းအခုံဖြစ်ခဲ့စဉ်က မိုင်းခိုင်းမြို့စား အတွင်းဝန်မင်းက အဆုံးအဖြတ် ပေးခဲ့ဖူးလေသည်။ ထိုအဆုံးအဖြတ်ကို ခိုင်မာစေသော အချက်တစ်ခုကိုလည်း ဆရာတော် သျှင်မဟာသီလဝံသကိုယ်တိုင် –

"နတ်ပြည်ထောင်ထား၊ လူတို့အားကို၊ ကြောင်းလျားကျင့်ညီ၊ ပါရမီသာ၊ တစ်စောင်ပါ" ကြောင်း ဝန်ခံ ရေးသားတော်မူထားလေသည်။

သက္ကရာဇ် ၈၀၀–ပြည့်ခန့်တွင် ရွှေနန်းကြော့ရှင် ဘုရင်နရပတိ တောင်းပန်သောကြောင့် 'ဗောဓိလုံးစုံ၊ ပွင်းဖူးငုံသား' အစချီ ဓမ္မပါလပျို့ကိုလည်း ရေးသားစပ်ဆိုတော်မူခဲ့ပြန်ပါသည်။ သို့သော်လည်း ထိုပျို့ကို ပြီးစီးအောင် ရေးသားစပ်ဆိုခြင်း မပြုနိုင်ခဲ့ချေ။ ၁၇–ပိုဒ်မျှ ရေးသားစပ်ဆိုပြီးချိန်ဝယ် ဇာတိမူလ အခြေခံကျသူတို့ သဘာဝအတိုင်း တစ်ဘဝခန္ဓာဝန်ကို ရုပ်သိမ်းတော်မူခဲ့ရရှာပါသည်။ ဆရာတော် ပျံလွန်တော်မူသော သက္ကရာဇ်ကို ၈၈၂–ခုနှစ်ဟုလည်းကောင်း၊ ၈၈၂–ခုနှစ် ကျော်ကျော်ဟုလည်းကောင်း အမျိုးမျိုး ရေးသားကြသည်။ သက္ကရာဇ် ၈၈၀–ပြည့်နှစ်၊ သက်တော် ၆၅–နှစ်၊ ဝါတော် ၄၅–ဝါအရတွင် ပျံတော်မူကြောင်းကိုကား ပညာရှင်အများအပြား လက်ခံထားခဲ့ကြပါသတည်း။

ဆရာတော် သျှင်မဟာသီလဝံသ ရေးသားပြုစုသော စာပေတို့ကို စုစည်းတင်ပြရသော် ပါရမီတော်ခန်းပျို့၊ တောင်းတွင်းလာပျို့၊ ဆုတောင်းခန်းပျို့၊ ဓမ္မပါလပျို့ ( ရေးသားဆဲ ပျံလွန်တော်မူသဖြင့် တပည့် ပုဂံဆရာတော်က ဆက်လက်ရေးသားရာ ၉၉၁–ခုနှစ်တွင် ပြီးသည်။) ကမ္ဘာလောင်ပျို့၊ တန်တားဦးမင်္ဂလာစေတီတော်မော်ကွန်း၊ ရွှေနန်းတည်မော်ကွန်း၊ ရွှေနန်းကြော့ရှင် နန်းဖွဲ့မော်ကွန်း၊ မိတ္ထီလာကန်တော်ဖွဲ့မော်ကွန်း၊(သျှိသျှားကန်ဘွဲ့မော်ကွန်းဟုလည်းခေါ်သည်၊) တိလောကဟု အစချီ ဆုံးမစာ၊ မွေးသမိခင်အစချီ ဆုံးမစာ၊ အသင်္ခါရိက ဉာဏသမ္ပယောအစချီ ဆုံးမစာ ( ၎င်းအချီပင် သျှင်မဟာရဋ္ဌသာရရေးလည်း ရှိသည်။) ရာဇဝင်ကျော်၊ ပါရာယနဝတ္ထု၊ မဟာရဟနီတိ၊ နေတ္တိပါဠိတော်နိသျ၊ ဆုံးမစာ စကားပုံ၊ ရတနာဗိမာန်ကျောင်းကျောက်စာ၊ ပေါရာဏကထာလင်္ကာဟောင်း၊ ဧကပိုဒ်ရတုများ၊ ရတုပိုဒ်စုံများ စသည်တို့ ဖြစ်ပေသည်။

(ကျမ်းကိုး) ဒေါ်မြင့်မြင့်သန်း တည်းဖြတ်သော ပါရမီတော်ခန်းပျို့ နိဒါန်းမှ သျှင်မဟာသီလဝံသအတ္ထုပ္ပတ္တိ၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာစာညွန့်ပေါင်းကျမ်း– ပထမတွဲ၊ မြန်မာစာပေသမိုင်း၊ ဆုံးမစာပေါင်းချုပ်၊ ကဗျာသာရတ္ထသင်္ဂြိုဟ်၊ ကဝိလက္ခဏာဒီပနီ၊ သာသနာလင်္ကာရစာတမ်း၊ မြန်မာစကားပြေ လက်ရွေးစင်အဖြေ၊ ကဝိသေနင်္ဗျူဟာကျမ်း၊ ဦးဖိုးကျားမှတ်စု၊ ၁၉၆၀–ခု၊ ဧပြီလထုတ်၊ ယဉ်ကျေးမှုမဂ္ဂဇင်းမှ 'သံဝေဂခန်းပျို့ သျှင်မဟာသီလဝံသမရေး' ဆောင်းပါး၊ ပိဋကတ်သမိုင်းစာတမ်း၊ ပေါရာဏကထာဋီကာ၊ ကန်တော်မင်းကျောင်းမေတ္တာစာအဖြေ၊

**သျှင်ခေမာ** ( ၈၁၅–၈၆၅ ခန့် )

သျှင်ခေမာသည် တောင်တွင်းကြီးမြို့နယ်၊ မန်ကျည်းယောင်ရွာ၌ မြန်မာသက္ကရာဇ် ၈၁၅–ခုနှစ်တွင် ဖွားပြင်ခဲ့သည်။ နံတော်တနင်္လာသားတည်း။ သျှင်ခေမာသည် ထိုနှစ်တွင် မွေးဖွားခဲ့သော ' ပေလေးပင် သျှင်လေးပါး ' အဝင်အပါ ဖြစ်သည်။

သက္ကရာဇ် ၈၃၅–ခုတွင် ရဟန်းအဖြစ်သို့ ရောက်တော်မူ၍ ဘွဲ့မည်ကို နံသင့်ယူကာ သျှင်ခေမာဟု မှည့်ခေါ်လေသည်။ သျှင်ခေမာသည် သျှင်ဥတ္တမကျော်၊ သျှင်မဟာသီလဝံသ၊ သျှင်အုန်းညိုတို့ကဲ့သို့ စာပေကျမ်းဂန်တို့၌ တတ်ပွန်လိမ္မာတော်မူ၏။ ယင်းသို့ တတ်မြောက်တော်မူသည့်အလျောက် ပိဋကတ်စာပေကျမ်းဂန်တို့ကို ရေးသားစီရင်တော်မူသည်ဟု ပိဋကတ်သမိုင်းတို့၌ အမှတ်အသားရှိသည်။ သို့ရာတွင် သျှင်ခေမာရေးသားသော ကျမ်းဟူ၍ မတွေ့ရချေ။ မည်သည့် စာပေကျမ်းဂန်တို့ကို ရေးသားသည်ဟုလည်း စာရင်းမျှကို ရှာဖွေမတွေ့ရသည်မှာ ဝမ်းနည်းဖွယ်ရာ ဖြစ်ပေတော့သည်။

ရှေးအခါက ပညာရှင်အချို့သည် နေပြည်တော်နှင့် မဆက်စပ်ပါက ၎င်းတို့၏ ပညာ အရည်အသွေးလည်း တိမ်မြုပ်ကြရ၏။ ထို့ပြင် ကျေးလက်ပညာရှင်တို့၏ စာပေများသည်လည်း ကျေးလက်ဒေသ၌ပင် တိမ်မြုပ်ပျောက်ကွယ်ကြရ၏။ သျှင်ခေမာရေးသားသော ကျမ်းစာတို့သည် လည်း ဤနည်းနှင်နှင်ပင် ဖြစ်ပေလိမ့်မည်။

သျှင်ခေမာသည် ကဗျာလင်္ကာနှင့် စပ်၍ကား မြန်မာစာပေသမိုင်း၌–

> " သျှင်ခေမာသည် မြန်မာဘာသာဖြင့် ကဗျာလင်္ကာများကို ရေးသားခဲ့သည်ဟု မတွေ့ ရပေ။ ရေးသားပြုစုလျက်နှင့် လုံခြုံစွာ သိမ်းဆည်းစုဆောင်းမည့်သူ မရှိ၍ ပျောက်ပျက် တိမ်မြုပ်သွားလေသလောဟု တွေးတောဖွယ် ဖြစ် "–

ကြောင်း ရေးသားထားသည်။

သျှင်ခေမာ၏ ကျမ်းစာတို့သည် ဤမျှတိမ်မြုပ်နေခဲ့ရသည်မှာ နောင်အခါ၌ အရပ်ဒေသ တစ်ခုတွင် နေထိုင်၍ ထိုအရပ်နာမည်ဖြင့် ကျမ်းစာများကို ပြုစုပြီး ကြာသော် သျှင်ခေမာနှင့် ဒေသအမည်တို့ ပေါင်းစပ်မရတော့သောကြောင့် ပျောက်ကွယ်သွားသလောဟု စဉ်းစားစရာ ဖြစ် သည်။ ထိုသို့ ရေးသားကြသော ဘွဲ့မည်နှစ်မျိုးရသည့် ပုဂ္ဂိုလ်များနှင့် နာမည်နှစ်မျိုးမက ဖြစ်နေသော ပညာရှင်တစ်ဦးတည်း၏ နာမည်များကို ပိဋကတ်သမိုင်းများ၌ တွေ့ရှိရ၏။ သျှင်ခေမာ၏ ကျမ်းစာ များနှင့် ပတ်သက်၍ ဤသို့လည်း စဉ်းစားစရာ တစ်ကြောင်း ပါလေသည်။

(ကျမ်းကိုး) စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာစာပေသမိုင်း၊ ကဝိသေနင်္ဂဟျူဟာကျမ်း၊

## ဝန်တောင်လယ်ဘုန်းတော်ကြီး ( ၈၂၀ ခန့်–၈၉၀ ခန့် )

ပြည်မြို့ ဝန်တောင်လယ်အရပ်တွင် သီတင်းသုံး နေထိုင်တော်မူသောကြောင့် ဝန်တောင်လယ်ဘုန်းတော်ကြီးဟု ခေါ်သည်။ ဘွဲ့မည်မှာ ဿျှင်သဒ္ဓမ္မဇောတ ဖြစ်သည်။ အချို့မှုတွင် ဿျှင်သဒ္ဓမ္မဇောတိ ဟုလည်း ရှိသည်။ ဆရာတော်သည် လောကီအရာ ကဗျာလင်္ကာ ဖွဲ့ဆိုမှုများ၌ အထူးအားဖြင့် ကျွမ်းကျင်လိမ္မာတော်မူ၏။

ကဗျာစာဆိုအကျော် ဿျှင်မဟာရဋ္ဌသာရဆရာတော် ပြည်မြို့သို့ မရောက်မီကပင် ဝန်တောင်လယ်ဘုန်းတော်ကြီးထံသို့ ရတုကဗျာများဖြင့် အမေးပုစ္ဆာပြုလုပ်၍ လျှောက်ထားမေးမြန်းခဲ့သည်။

သက္ကရာဇ် ၈၈၇–ခုနှစ်တွင် ဿျှင်မဟာရဋ္ဌသာရဆရာတော် ပြည်မြို့သို့ရောက်ရှိလာသော အခါ၌ကား စာဆိုတော်နှစ်ပါးတို့သည် ပိုမိုရင်းနှီးကြ၍ ခက်ရာခက်ဆစ် အမေးအဖြေများကို ရတုကဗျာများဖြင့် မေးကြ ဖြေကြသည်။

ဝန်တောင်လယ်ဘုန်းတော်ကြီးသည် ရတုကဗျာများကိုသာ အရေးများပြီး ဿျှင်မဟာရဋ္ဌသာရနှင့် တွဲဖက်သောကြောင့် ကျော်စောလာရခြင်း ဖြစ်သည်ဆိုက မှားမည်မဟုတ်ချေ။

(ကျမ်းကိုး) ကဗျာသာရတ္ထသင်္ဂြိုဟ်၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ စာဆိုတော်များ ရတုပေါင်းချုပ်၊

## သျှင်မဟာရဋ္ဌသာရ ( ၈၃၀-၈၉၂ )

သျှင်မဟာရဋ္ဌသာရ အရှင်မြတ်သည် မြန်မာ့စာပေသမိုင်းစဉ်တွင် ထိပ်တန်းပညာရှင် တစ်ပါး ဖြစ်တော်မူ၏။ ဆရာတော်သည် မိမိမွေးဖွားရာဒေသကို ကိုးခန်းပျို့နိဂုံး၌-

"တောင်ကား ပင်းယ၊ မြောက်မှ စစ်ကိုင်း၊ ရံသိုင်းသာလှ၊ ရွှေအင်းဝ၌၊ နန်းကမြင်ထင်၊ မြို့လယ်ခွင်ဝယ်၊ သခင်ဘုရား၊ တည်ထားသာသနာ၊ သချာ်အမွန်၊ နှစ်ထောင်လွန်၍၊ အစွန်မြတ်မူ၊ ဆယ့်နှစ်ခုဝယ်၊ ဥတုဝဿ၊ မိုးလရေးဖျား၊ နေသွားကရကဋ်၊ ခေါ်မှတ်ဝေါဟာ၊ အာသဋ္ဌာ၌၊ ပညာပွားဘို့၊ ကုသိုလ်ပို့သား၊ ငါတို့ဖွားရာ၊ ချက်မြှုပ်ရွာသည်၊ ။ အောင်ခြာပြည်ကြီး နားတောင်းတည်း။ " -

ဟု စပ်ဆိုပြခဲ့သဖြင့် သာသနာသက္ကရာဇ် ၂၀၁၂-ခု၊ မြန်မာနှစ် ၈၃၀-ပြည့် ဝါဆိုလအတွင်း ရတနာပူရ အင်းဝမြို့အလယ်၌ ဖွားမြင်တော်မူကြောင်း သိရှိရ၏။ နေ့ရက်အတိအကျကိုမူ အမှတ်အသား မရှိခဲ့ပေ။ အချို့က ဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့ဖွားဟု ဆိုကြသည်။ ဤအဆိုမှာ " ဥတုဝဿ၊ မိုးလရေးဖျား၊ နေသွားကရကဋ်၊ " ဟူသော အဖွဲ့ကို ထောက်၍ ဆိုလိုပဟန် ရှိသည်။ ထိုအဖွဲ့ကို ထောက်ရှုလျှင် လပြည့်နေ့ မဖြစ်နိုင်ပေ။ လပြည့်ကျော် တစ်ရက်နေ့သာ ဖြစ်နိုင်၏။ မိုးဥတုကို ရေတွက်ရာ၌ လပြည့်ကျော်တစ်ရက်နေ့မှ စ၍ ရေတွက်ရသည်။ ထို့ကြောင့် " မိုးလရေးဖျား " ဟူသော ပုဒ်ကို ထောက်၍ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့သော်လည်းကောင်း ဖြစ်မည်။ သို့မဟုတ် ထိုရက်နောက်ပိုင်း ရက်အနည်းငယ်အတွင်း ဖြစ်နိုင်သည်။

ဆရာတော်၏ အဖမျိုးရိုးနှင့် ပတ်သက်၍လည်း ကိုးခန်းပျို့ နိဂုံးမှာပင်-

" တလိုင်းပြည်လုံး၊ ယူကျုံးပိုက်ထုပ်၊ ထီးအုပ်သာငြိမ်၊ စည်းစိမ်ထူပြော၊ နတ်နှင့်လျော သား၊ သျှင်စောပုတူ၊ လိုက်ဆူကျော်ရှိန်၊ ပုသိမ်မင့်မြေး၊ စဉ်ရေးဘရိုး၊ "

ဟူ၍ စပ်ဆိုပြခဲ့၏။ ထိုအဖွဲ့အရ ရာဇဝင်လမ်းကြောင်းကို ပြန်ပြောင်းကြည့်ရှုလျှင် ဟံသာဝတီ ရာဇာဓိရာဇ်မင်း၏ သမီးတော် သျှင်စောပု၌ ဗညားဓမ္မရာဇာနှင့် ဗညားရန်ဟူ၍ မောင်တော်နှစ်ပါး ရှိသည်။ နောင်တော် ဗညားဓမ္မရာဇာသည် ရာဇာဓိရာဇ် မရှိသည့်နောက် ဟံသာဝတီ၌ မင်းပြုနေ၏။ ညီတော် ဗညားရန်သည် ဒလ၊ ဒဂုံ၊ ပုသိမ်တို့ကို စိုးပိုင်၍ ဘုရင်ငယ်ပြုလုပ်နေခဲ့သည်။ ထိုဗညာရန်မှ မွေးဖွားသော ဗညားအိမ်သည်လည်း ပုသိမ်မြို့ကို စိုးအုပ်နေခဲ့ပြန်သည်။ သျှင်စောပုသည် တူတော်သူ ဗညားအိမ်အား သမီးတော် နဲတကာသင်နှင့် စုံဖက်တော်မူစေသဖြင့် တူသမက် နှစ်ချက်တော် ဖြစ်ပေသည်။ ထိုသျှင်စောပု၏ သမီးတော်နှင့် တူသမက်တို့၏ မြေးဖြစ်သော ဓမ္မပါလအမတ်သည်ကား ဆရာတော် သျှင်မဟာရဋ္ဌသာရ၏ မွေးဖခင်ပေတည်း။

ဆရာတော်သည် မိခင်ဘက်မှ အမျိုးအနွယ်ကိုလည်း ကိုးခန်းပျို့နိဂုံးမှာပင် အောက်ပါ အတိုင်း ဖွဲ့ဆိုတော်မူခဲ့၏။

" တို့မိမျိုးလည်း၊ သတိုးမင်းဖျား၊ တရားစောင့်သုံး၊ ရန်လုံးထွင်ချော်၊ ရွှေမြေအင်းဝ၊ တည်စနန်းသီး၊ ပြည်ထောင်ကြီး၏၊ သမီးမြစ်ရင်း၊ နွယ်မယွင်းသည်၊ စည့်ကွင်း မလိမ်လှည့် တောင်းတည်း။ "

ဖော်ပြပါ အဖွဲ့ကို ထောက်၍ ဆရာတော်၏ အမိအနွယ်မှာ သက္ကရာဇ် ၇၂၆-ခုနှစ်တွင် ရတနာပူရ အင်းဝမြို့နန်းကို စတင် တည်ထောင်တော်မူသော သတိုးမင်းဖျား၏ အနွယ်တော်ဖြစ်ကြောင်းကိုမူ ဧကန်သိရှိကြရ၏။ သို့ရာတွင် အနွယ်အဆက်ကိုကား တိကျစွာ မရေးဆိုနိုင်ကြပေ။ ပညာရှင်အချို့က " သမီးမြစ်ရင်း " ဟူသော ပုဒ်ကို ထောက်၍ ဤသို့ ဆိုမိန့်ကြ၏။ သတိုးမင်းဖျား၏ အလယ်နန်းမိဖုရားမှာ စောမင်းညို ဖြစ်၏။ ထိုစောမင်းညိုမှ သမီးတော်စောနန်းကို ဖွားမြင်သည်။ သမီးတော် စောနန်း၏ မြစ်သည် ဆရာတော် သျှင်မဟာရဋ္ဌသာရ၏ မိခင်ဖြစ်ပေသည်။

စာဆိုတော်များ အတ္ထုပ္ပတ္တိကျမ်းကို ပြုစုသော ကျမ်းဆရာ၏ အဆိုအရ ဆရာတော်

သည် သတိုးမင်းဖျား၏ အနွယ်တော် ဖြစ်ကြောင်းမျှကိုသာ အတည်ပြုဖော်ပြထား၏။ ဤသို့ အတည်မပြုနိုင်ခြင်းမှာလည်း ကိုးခန်းပျို့ နိဂုံးလာ “ သမီးဖြစ်ရင်း ” ဟူသော ပုဒ်၌ မူကွဲများတွင် “အရီးမြစ်ရင်း၊ နွယ်မယွင်း” ဟုလည်းကောင်း၊ “ ဦးရီးမြစ်ရင်း နွယ်မယွင်း” ဟုလည်းကောင်း အသီးသီး ရှိနေကြသောကြောင့် ဖြစ်သည်။

မှန်နန်းတော် စနုဆောင်အတွင်း ပညာရှင် ၁၃-ဦးတို့ ရေးသားကြသော မှန်နန်းရာဇဝင်တော်ကြီး၊ ပထမတွဲ၌-

“ သတိုးမင်းဖျားမှာ သားတော် သမီးတော် ရှိသည်ဟု စာပေမတွေ့။ ရာဇဝင်သစ်၌ ကျောက်စာ၊ ဟတ္ထိပါလနိဂုံးများကို ညွှန်း၍ သမီးရှိဟန်ဆိုသည်မှာလည်း မည်သည့်ကျောက်စာဟူ၍ အတပ်မဆို။ ဟတ္ထိပါလနိဂုံးတွင်လည်း အချို့သော မူတို့၌ သမီးမြစ်ရင်းဟူ၍လည်းကောင်း၊ အရီးမြစ်ရင်းဟူ၍လည်းကောင်း၊ ဦးရီးမြစ်ရင်းဟူ၍လည်းကောင်း အသီးသီး ရှိကြသည်ဖြစ်၍ သမီးရှိ၏ဟု မုချမသိသာသည်။ ” -

ဟု ရေးသားထားပြီးလျှင် သတိုးမင်းဖျားတွင် သမီးမရှိသည့် အဆိုကို အတည်ပြုသကဲ့သို့ ရှိ၏။

အထက်ပါ အဆိုသုံးချက် ခြားနားမှုတို့ကို ယူ၍ မိမိတို့ သဘောသင့်သရွေ့ ဖွင့်ဆိုရေးသားထားကြသည်။ ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်း၌-

“ သတိုးမင်းဖျားအရီးတော်၏ မြစ်တော်ရင်း စောနန်းတို့ သင့်မြတ်ရာတွင် ပြည်စုန်ဘုရင် မဟာသီဟသူရ နန်းတက်နှစ် သက္ကရာဇ် ၈၃၀-ပြည့်တွင် အဝရွှေမြို့တော်၌ သျှင်မဟာရဋ္ဌသာရကို ဖွားမြင်တော်မူသည်။ ”-

ဟူ၍ အရီးမြစ်ရင်းပုဒ်အရ ဖွင့်ဆိုရေးသားခဲ့သည်။ ထိုအရီးတော်အနွယ်ဆိုသော စကားကို လေ့လာပြန်လျှင်လည်း သတိုးမင်းဖျား၏ ဖခင်မှာ တကောင်းမြို့စား သတိုးဆင်ထိန်းဖြစ်၏။ ထို သတိုးဆင်ထိန်း၏ နှမသည် အရီးတော် ဖြစ်ရပေမည်။ သို့ရာတွင် သတိုးဆင်ထိန်း၏ နှမနှင့် စပ်လျဉ်း၍ စာဟောင်းပေဟောင်းများ၌ အမှတ်အသား မတွေ့ရပေ။ သို့ဆိုလျှင် အရီးမြစ်ရင်း ဆိုသော စကားသည်လည်း သေချာလှသည် မဟုတ်ချေ။

တစ်ဖန် “ ဦးရီးမြစ်ရင်း ” ဟူသော ပုဒ်အတိုင်း အနွယ်တော်ကို ရှာဖွေပြန်လျှင် မှန်နန်းရာဇဝင်တော်ကြီး၌-

“ တစ်စီးရှင်သားတော် မင်းစောယွမ်းသည် မြို့တည်ပြီးလျှင် သီရိအသင်္ခယာဟူသော အမည်ကို ခံ၍ မြောက်ဘက်တစ်လွှားကို မင်းပြုတော်မူ၏။ သားတော် သမီးတော်ကား မိဖုရားကြီးတွင် သမီးတော် စိုးမင်းကိုယ်တော်ကြီး တစ်၊ မောင်တော် ကျစွာမင်း တစ်၊ ညီတော် နော်ရထာမင်းရဲ တစ်၊ ရာဇဝင်ကြီး၌ မင်းရဲမင်းကြီးဟု ရှိ၏။ ညီတော် တရဖျားငယ် တစ်၊ ပေါင်း လေးပါးတည်း။ ”-

ပါရှိပေသည်။ သတိုးမင်းဖျားသည် အစ်မတော် စိုးမင်းကိုယ်တော်ကြီးမှ မွေးဖွားသူ ဖြစ်၏။ စိုးမင်းကိုယ်တော်ကြီးတွင် မောင်တော် သုံးယောက်ရှိသဖြင့် သတိုးမင်းဖျားမှာလည်း ဦးရီးတော် သုံးယောက် ရှိခဲ့ပေသည်။ သို့ဆိုလျှင် ဆရာတော် သျှင်မဟာရဋ္ဌသာရသည် “ ဦးရီးမြစ်ရင်း၊ နွယ်မယွင်း ” ဟူသော စကားအရ မည်သည့်ဦးရီးတော်မှ ဆင်းသက်လာသနည်းဟု မေးသင့်ဖွယ်ရာ ဖြစ်ရပြန်လေသည်။

ထိုကြောင့် ဆရာတော်၏ အမိမျိုးရိုးမှာ သတိုးမင်းဖျား မင်းတရား၏ အနွယ်တော် ဖြစ်ကြောင်းကိုသာ ဧကန်အားဖြင့် မှတ်သားထားရပေဦးတော့မည်။

ဆရာတော်၏ ငယ်နာမည်မှာ မောင်မောက် ဖြစ်၏။ ဆရာတော်ကိုယ်တိုင်ကလည်း မိမိငယ်နာမည်ကို အထူးသဖြင့် လျှို့ဝှက်၍ ကိုးခန်းပျို့ နိဂုံးတွင် ဆိုလေဟန် ရှိ၏။ ထိုငယ်နာမည်ကို ဖော်ပြသော လျှို့ဝှက်စာစာပိုဒ်မှာ-

“ဧကက္ခရ၊ ကောသကျမ်းလာ၊ အဝဂ်ရာဝယ်၊ ဉစ္စာဝါစက၊ တတ်စွမ်းလှ၍၊ အတ္ထပြွမ်ပြွ၊

ဟောဖွင့်ချဲ့သည်၊ ၊ ဘက်မဲ့ အဘယ်သဒ္ဒါနည်း။ ” –

ဟူ၍ ဖြစ်၏။ ထိုစကားပိုဒ်မှ ဧကက္ခရကောသကျမ်းလာ အဝဂ်အရာဝယ် ‘ ဥစ္စ ’ အနက်ကိုဟောသော သဒ္ဒါသည် ‘ ရာ ’ ဖြစ်၏။ ရာသည် ဥစ္စဝါစက ဥစ္စအနက်ကို ဟော၏။ ဥစ္စဟူသော ပါဠိကို မြင့်ခြင်း၊ မောက်ခြင်း၊ မြင့်မောက်ခြင်း ဟု ပြန်ဆိုရ၏။ ဆရာတော်သည် ဤဥစ္စဝါစကသဒ္ဒါဖြင့် မောင်မောက်ဟူသော မိမိငယ်နာမည်တော်ကို ဝှက်ဆိုမိန့်တော်မူခြင်း ဖြစ်တန်ရာလေသည်။

သျှင်မဟာရဋ္ဌသာရလောင်းလျာ မောင်မောက်သည် ဘုရင်မင်းမြတ်၏ နန်းတော်သို့ ဖခင်ကြီးနှင့်အတူ လိုက်ပါ၍ နေလေ့ရှိခဲ့၏။ ဘုရင်မင်းခေါင်ကိုယ်တိုင်လည်း မောင်မောက်အား တစ်အူတုံဆင်း ညီငယ်ရင်းကဲ့သို့ အောက်မေ့၍ ချီးမြှောက်တော်မူခဲ့၏။ ငါးနှစ်သားအရွယ်မှာပင် ထီးမှုနန်းရာတို့ကို ကျွမ်းကျင်ခဲ့ပြီဟု ဆိုနိုင်၏။ ထို့ကြောင့် မိမိရေးသားသော ပျို့နိုဂုံးများတွင်–

“ ရွှေနန်းတော်ထက်၊ ငါးနှစ်သက်က၊ လေ့ကျက်ခဲ့မြောက်၊ ” (ကိုးခန်း)

“ ရတနာပူရ၊ ပြည်မတန်ဆောင်၊ တံခွန်ထောင်သား၊ မင်းခေါင်လက်ထက်၊ ပျို့ရွယ်သက်က၊ ဝမ်းထွက်စတော၊ မှတ်သောထွေဖြင့်၊ စာပေသင်ကာ၊ နေလှည့်ရာတွင်၊ ” (သံဝရ)

စသည်ဖြင့် ထည့်သွင်းရေးစပ်ခဲ့၏။

ဤတွင် နှောင်းခေတ်ရေးစာစောင် အမှတ်အသားတို့၌ ရှစ်နှစ်သားအရွယ်တွင် ဒုတိယဘုရင်မင်းခေါင်ထံတွင် သားအမှတ်မွေးမြူပါရန် ပေးဆက်အပ်နှံကြောင်း အဆိုပြုကြလေသည်။ ထိုအဆိုကို မဖြစ်နိုင်ကြောင်း စာဆိုတော်များအတ္ထုပ္ပတ္တိတွင် ရှင်းလင်းထားသည်။ ၎င်းတို့ အဆိုအရ ကိုးခန်းပျို့ နိဂုံးတွင်–

“ ရှစ်နှစ်တည်းက၊ ခမည်းတော်မင်း၊ မယ်တော်နှင်းသား၊ အရင်းအချာ၊ ငါ့တကာနှင့်၊ ငါသာရဟန်း၊ လူဝယ်ပန်းသို့၊ ရွှင်လန်းမချိုး၊ လွန်မြတ်နိုးလျက်၊ ” –

ဟူသော စကားကို ကိုးကား၍ ဆိုလေဟန် ရှိ၏။ ထိုစကားကို ရှင်းဦးအံ့။ ဒုတိယဘုရင်မင်းခေါင်အဖသည် သက္ကရာဇ် ၈၃၂–ခုနှစ်တွင် မင်းဖြစ်သော ရတနာမြစည်းခုံဒါယကာ မင်းတရားကြီး ဖြစ်သည်။ ထိုမင်းတရားကြီး၏ အဖဖြစ်သော ဒုတိယမင်းခေါင်၏ ဘိုးတော်သည် သက္ကရာဇ် ၈၀၄–ခုနှစ်တွင် မင်းဖြစ်သော ထူပါရုံဒါယကာ နရပတိကြီး ဖြစ်၏။ ထိုနရပတိ၏ သမီးတော်တွင်းသင်းစား ရွှေအိမ်သည်နှင့် မိဖုရားမောင်တော် ပခန်းစား သီဟပတေ့ကြီး၏သား ဥဇနာဟုလည်းတွင်သော သီဟပတေ့ငယ်နှင့် စုံဖက်ရာတွင် ဖွားမြင်သည့် သမီးတော်ကို ရှစ်နှစ်အရွယ်ကပင် ဘိုးတော်နရပတိကြီးသည် ဒုတိယဘုရင်မင်းခေါင်နှင့် စုံဖက်ပေးတော်မူသည်။

ဒုတိယမင်းခေါင်လည်း ထိုအခါက ခုနစ်နှစ်ကျော် ရှစ်နှစ်အရွယ်မျှသာ ရှိပေသေးသည်။ ဤသည်ကို ရည်၍ ဆရာတော်သျှင်မဟာရဋ္ဌသာရက “ နန်းထက်သမီး၊ စောင့်စည်းသီလ၊ ဒါနဖြည့်ဆည်း၊ ရှစ်နှစ်တည်းက၊ ခမည်းတော်မင်း၊ မယ်တော်နှင်းသား၊ ” ဟူ၍ စပ်ဆိုခဲ့ခြင်းဖြစ်ပေသည်။ ဆရာတော်သည် မိမိကိုယ်ကို ရည်ညွှန်း၍ စပ်ဆိုခဲ့ခြင်းမဟုတ်ပေ။ ထို့ကြောင့် ဆရာတော်လောင်းလျာ မောင်မောက်ကို မင်းတရားထံ မွေးစားရန် အပ်နှံသည်ဟူသော အဆိုမှာ လျော့ကန်တော့သည် မဟုတ်ကြောင်း တင်ပြထားလေသည်။ သို့ရာတွင် ဘုရင်မင်းခေါင်သည် မောင်မောက်အား ဝမ်းထွက်သားကဲ့သို့ ချစ်ခင်ယုယစွာ စောင့်ရှောက်ကြောင်းကိုကားဖော်ပြခဲ့ပြီးသော အဖွဲ့များဖြင့် ထင်ရှားလေသည်။

ဤသို့ ဘုရင်မင်းခေါင်က ချစ်ခင်ယုယစွာ စောင့်ရှောက်ခဲ့သည်မှာလည်း တစ်နွယ်ငင် တစ်စဥ်ပါဆိုသကဲ့သို့ ဖြစ်၏။ မောင်မောက်ဖခင် အမတ်ကြီးမှာလည်း ပြည်စုန်မင်း သီဟသူနှင့် မိဖုရားကြီးတို့အပြင် သားတော် ဒုတိယမင်းခေါင်နှင့် မိဖုရားတို့ကလည်း လက်သုံးတောင်ဝှေးသဖွယ် အားကိုးအားထားခြင်း ခံရသူ ဖြစ်သည်။ တစ်ဖန် မောင်မောက်၏ မိခင်ကြီးမှာလည်း ရာဇအနွယ်ပါသူပင် ဖြစ်သောကြောင့် နန်းတွင်းနန်းပြင် သွားလာဝင်ထွက်ရေး၌ ဦးစားပေးခြင်း ခံထားရသူဖြစ်သည်။ ထိုအကြောင်းတို့ကို ဖွင့်ဆို၍ ဆရာတော်ကိုယ်တိုင် ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့၌

ဤသို့ ဖွဲ့ဆိုတော်မူခဲ့၏။

" ကူဋ္ဌာဂါရ၊ ဂေဟာကြငှန်း၊ ပွင့်ရွှေနန်းနှင့်၊ မည်မှန်းအဝ၊ ပုရိန္ဒဟု၊ စွဲထသန္ဓေ၊ တို့ချက်ကြွေသား၊ မင်းနေပြည်သာ၊ ထိုနေရာဝယ်၊ သမ္မာမျိုးချ၊ ငါတို့ဘလည်း၊ ဓမ္မပါလ၊ ဗြဟ္မဏသို့၊ စာဂစွန့်ကြဲ၊ ကုသိုလ်ရဲလျက်၊ ဝမ်းထဲဖြောင့်စင်း၊ ဂုဏ်သတင်းတည့်၊ လှိုင်ခြင်းရနံ့၊ ပန်းနွယ်ပျံ့မျှ၊ လောကင့်သောက်စား၊ မကုန်အားသား၊ ပုဏ္ဏားဇော်ဂီ၊ မှီခိုရဟန်း၊ ကူးသန်းလားလာ၊ ချိုင့်ဗုမ်းရာဖြင့်၊ သဒ္ဓါပြန့်ပြန့်၊ စိတ်မတွန့်တည့်၊ ရှည်သန့်လက်ကြီး၊ ပေးမငြီးဟု၊ မြှောက်ချီးသာဓု၊ ယခုတိုင်အောင်၊ လူ့ဘောင်ပြောပ၊ ချီးမွမ်းကြ၏။ ရှေးကစီလျဉ်၊ မင်းစဉ်မင်းဆက်၊ မပျက်စွဲသုံး၊ ဤထုံးဤနည်း၊ ဤသို့တည်းဟု၊ သိပ်သည်းနတ်ရွာ၊ သိမြင်မှာလည်း၊ လိုရာမကျန်၊ တတ်ပွန်ကျယ်ဝန်း၊ အဆန်းဆန်းသား၊ ဂဏန်းဟူးရား၊ ကိုးပါးနဝင်း၊ တြင်းသုံးခု၊ ရှစ်ခုဂြိုဟ်ပြေး၊ ကောင်းကြွယ်ရေးနှင့်၊ ရန်ဘေးဥပဒ်၊ စက်သွားဖြတ်သို့၊ မချွတ်မှန်အောင်၊ ကျေးဇူးဆောင်သား၊ မင်းခေါင်မင်းဖျား၊ မင်းနှစ်ပါးတို့၊ မှတ်သားယုံကြုံ၊ မြတ်နိုးတုံသည်၊ ၊ စုပုံလက်သုံး တောင်ဝေးတည်း။ "

မောင်မောက်သည် ငယ်ရွယ်စဉ်မှ စ၍ နန်းတွင်သူ နန်းတွင်းသား ပညာရှင်များထံမှလည်းကောင်း၊ ဖခင်ဓမ္မပါလအမတ်ကြီးထံမှလည်းကောင်း၊ စာပေကဗျာစသော နည်းနာနယတို့ကို လေ့လာမှတ်သားခဲ့ရ၏။ အထူးသဖြင့် စာပေသင်ကြားရာ ဆရာကား နောင်တော်ရင်းဖြစ်သော သျှင်ဝရစက္ကပါလဖြစ်သည်။ မောင်မောက်သည် နောင်တော်ရင်းထံ၌ သင်ရိုးကျမ်းစာ အဖြာဖြာတို့ကို ဂရုပြု၍ လေ့လာသင်ကြားခဲ့သည်။ သို့ဖြင့် ကျောင်းတွင် ပညာသင်၍လည်းကောင်း၊ ဖခင်ကြီးနှင့် အတူ နန်းတော်တွင်းသို့ လိုက်၍လည်းကောင်း လည့်လည်ပျော်မြူးနေခဲ့လေသည်။

တစ်နေ့သောအခါ မောင်မောက် ၁၀–နှစ်သားအရွယ်တွင် ဖခင်ဖြစ်သူနှင့်အတူ နန်းတော်တွင်းသို့ လိုက်ပါသွားလေသည်။ ထိုအချိန်တွင် နန်းတော်တွင်း၌ အိမ်ရှေ့မင်း မဟာသီဟသူ၏ တောင်ဆောင်စံ မြောက်သားတော်သမီး သျှင်စိုးမင်း၊ မြောက်ဆောင်စံ တန်ဆောင်းရှင်ခံ မြောက်သားတော်သမီး မင်းလှမြတ်နှင့် မင်းဘုန်းထွတ်တို့ကို နားထွင်းမင်္ဂလာ ဆင်ယင်တော်မူနေခိုက်ဖြစ်၏။ ထိုအချိန်တွင် အိမ်ရှေ့မင်းတရားက မောင်မောက်၏ ဖခင်ကြီးအား သမီးတော်သုံးပါးနှင့် စပ်ဆိုင်ရာ မင်္ဂလာရှိသော ကဗျာလင်္ကာတို့ကို ဖွဲ့ဆိုလျှောက်ထားရမည်ဟု မိန့်တော်မူ၏။ ထိုအခါ မောင်မောက်က " ဖခင်အစား ကျွန်တော်မျိုး ဖွဲ့ဆိုလျှောက်ထားပါရစေ၊ "ဟု လျှောက်ထား၍ ရတ်တရက် စပ်ဆို လျှောက်ထားလိုက်သည်။

" အိုဘယ့်ဘယ် ၊ အိုဘယ့်သမီးတော် ၊ ထင်ပေါ်ဘုန်းပျံ့သင်း ၊ "

" အိုဘယ့်ဘယ် ၊ အိုဘယ့်သမီးတော် ၊ နတ်သော်ပုံမယွင်း ၊ "

" အိုဘယ့်ဘယ် ၊ အိုဘယ့်သမီးတော် ၊ စန္ဒော်လနယ်ဝင်း ၊ "

မောင်မောက်သည် ညီညွတ်သော ကာရန်ဝကျဖြင့် မှူးမတ်ဗိုလ်ပုံတို့ အလယ်တွင် ရဲဝံ့စွာ စပ်ဆို၍ လျှောက်တင်လိုက်ရာ ပရိသတ်အပေါင်းမှာ ဝမ်းမြောက် အံ့ဩစွာ မောင်မောက်၏ ပညာစွမ်းကို ချီးမွမ်းထောမနာကြကုန်၏။

မောင်မောက်သည် နောင်တော် သျှင်ဝရစက္ကပါလအထံ၌ စာပေသင်ကြားနေရာမှ ဆက်လက်၍ သီဟိုဠ်ရောက်ဘုန်းတော်ကြီးထံတွင်လည်း စာပေများကို နည်းခံသင်ကြားပြန်လေသည်။ ဤသည်ကို ရည်၍ ဘူရိဒတ်ဇာတ်ပေါင်းပျို့ နိဂုံး၌–

" ရဋ္ဌသာရ၊ လဒ္ဓသရော်၊ နွတ္တခေါ်သား၊ သူတော်သွေးရည်၊ ငါတုံသည်လည်း၊ ဖြောင့်ကြည်သဒ္ဓါ၊ နောင်ဆရာလျှင်၊ သမ္မာရင့်လှည့်၊ ညီတပည့်ဟု၊ မပြည့်ပေါ်တင်း၊ ထဲဝမ်းတွင်းက၊ ချစ်ခြင်းတမူ၊ မတူစသာ၊ နည်းနာသင်ထွေ၊ အခြေရမြောက်၊ ကြွံကြွံထောက်၍၊ ရောက်ပေါက်သိဃိုဠ်၊ ကျေးဇူးဟိုသား၊ ပုဂ္ဂိုလ်မည်သီး၊ ထေရ်ဘုန်းကြီးဝယ်၊ မှီးခဲ့လက်လွတ်၊ ကြွင်းမဲ့တတ်သား၊ သူမြတ်တို့ထံ၊ ထုံးစံရမိ၊ အပြည့်ကြည့်လျက်၊ "ဟု ဖွဲ့ဆိုထားလေသည်။

မောင်မောက် ထပ်ဆင့်ဆည်းကပ်ခဲ့သော သီဟိုဠ်ရောက်ဘုန်းတော်ကြီး ဆိုသည်မှာ သက္ကရာဇ် ၇၉၁–ခုနှစ်က ဓာတ်တော် ငါးဆူနှင့်အတူ အင်းဝသို့ သာသနာပြု ကြွရောက်လာသော သီရိသဒ္ဓမ္မာဘိလင်္ကာရနှင့် သီဟဠမဟာသာမိ မထေရ်နှစ်ပါးကို ရည်ညွှန်းဟန်တူပေသည်။ ထိုနှစ်ပါး ကို သီဟိုဠ်ရောက်ကြီး သီဟိုဠ်ရောက်ငယ်ဟူ၍ မှတ်သားကြသည်။ ထိုအရှင်နှစ်ပါးတွင် မောင်မောက် နည်းခံသင်ကြားခဲ့သော ဆရာမှာ "သီလဂုဏဝန်၊ ထေရ်မွန်ပုဂ္ဂိုလ်၊ သိန်းဃိုဠ်ရောက်ကြီး၊ သံဃာ့ထီးကို၊ "ဟု ကိုးခန်းပျို့ နိဂုံး၌ စပ်ဆိုသည်ကို ထောက်၍ အကြီးဖြစ်သော သျှင်သဒ္ဓမ္မာဘိလင်္ကာရ မထေရ်ကိုပင် ဆိုရမည် ဖြစ်ပေသည်။

ထိုသီဟိုဠ်ရောက် ဘုန်းတော်ကြီးထံ၌ ခိုမှီးနေစဉ် အသက် ၁၆–နှစ် အရွယ်တွင် 'သာကီယဟု၊ တေဇကျော်ဟိုး ' အစချီ ဘူရိဒတ်လင်္ကာကြီးကို ရေးသားစပ်ဆိုလေသည်။ ထိုအကြောင်းကို ကိုးခန်းပျို့ နိဂုံး၌–

"သိန်းဃိုဠ်ရောက်ကြီး၊ သံဃာ့ထီးကို၊ ခိုမှီးငြမ်းထောက်၊ ထိပ်ထက်ဆောက်မှ၊ ဆယ့်ခြောက်နှစ်ရွယ်၊ နှစ်ဆယ်အတွင်း၊ လေးနှစ်ကြွင်းဝယ်၊ မကင်းဝါသနာ၊ ဆက်တိုင်းပါ၍၊ ပညာမြင်သိ၊ စွမ်းသတ္တိဖြင့်၊ ဘူရိဒတ္တာ၊ ဆိုစပြီးမြောက်၊ "–

ဟု ဖွဲ့စပ်ထားရာ ဘူရိဒတ်လင်္ကာကြီးကို ၁၆–နှစ်အရွယ်မှ စတင်ရေးသားခဲ့ပြီး ၂၀– အတွင်း လေးနှစ်တာကာလ၌ ရေးသားခဲ့သည်ဟု ဆိုပေသည်။

မောင်မောက်သည် မည်သည့်ခုနှစ်တွင် သာမဏေဘောင်သို့ ဝင်ရောက်ခဲ့သည်ဟု အမှတ်အသား မတွေ့ရပေ။ ဘူရိဒတ်လင်္ကာကြီးကို ရေးသားချိန်တွင်အမူ လူ့ဇာတိ လူ့အဖြစ်နှင့်သာ ရှိနေပေသေးသည်။ သံဝရပျို့ နိဂုံး၌ "ခပ်သိမ်းဒါန၊ အနန္တကို၊ ဓမ္မအလှူ၊ အောင်သောဟူသည်၊ စိတ်ယူတည်ဘိ၊ လူ့ဇာတိက၊ ဘူရိဒတ္တ၊ ဆိုစပြီးမြောက်၊ "ဟု ရေးဖွဲ့ထားသောကြောင့် မောင်မောက်သည် ၁၆–နှစ်အရွယ် လူပျိုပေါက်သည်အထိ သျှင်သာမဏေဘောင်သို့ မဝင်ရသေး ကြောင်း ထင်ရှားသည်။ စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်း၌မူ မောင်မောက်သည် ၁၉–နှစ်ကျော် ၂၀–တွင်း၌ လူ့ဘဝ လူ့ဇာတိမှ တစ်ခါတည်း ရဟန်းဘောင်သို့ တက်ရောက်ခဲ့သည်ဟု မှတ်ချက် ချထား၏။ သို့ရာတွင် ခိုင်လုံသော အထောက်အထား မတွေ့ရပေ။

သျှင်မဟာရဋ္ဌသာရလောင်းလျာ မောင်မောက်သည် ၁၆–နှစ်အရွယ်၊ သို့မဟုတ် ထို့ထက် ပိုလွန်သည့် အရွယ်အထိ နန်းတော်တွင်း၌ ကျက်စား ပျော်ပါးနေခဲ့ရသောကြောင့်လည်းကောင်း၊ 'ဝဏ္ဏပဘာ ' နှင့် 'ပုရေနိသင် ' စသော ရတုများကို ရေးစပ်ထားသောကြောင့်လည်းကောင်း နှောင်းခေတ် သုတေသီတို့၏ အတွေး၌ သျှင်မဟာရဋ္ဌသာရ၏ ဘဝကဏ္ဍသစ်တစ်ခုကို ဖော်ထုတ် ခဲ့ကြသည်။ ဤသည်မှာ သျှင်မဟာရဋ္ဌသာရ၏ အချစ်ရေးကိစ္စပေတည်း။

သျှင်မဟာရဋ္ဌသာရ၏ ဘဝသည် နန်းသူတို့အလယ်တွင် ထင်ရှား ကျော်ကြားခဲ့၏။ ကဗျာလင်္ကာ စာဆိုတော်လေးဖြစ်သောကြောင့် နန်းတွင်းသူ အလှကလေးများက ပျူငှာအခွင့် အရေးပေး၍ မြတ်နိုးမိကြမည်။ ထိုအထဲတွင် သျှင်မဟာရဋ္ဌသာရနှင့် နှစ်ကိုယ်တူ ရည်မျှ၍ ချစ် ခဲ့ရသူမှာ 'ဝဏ္ဏပဘာ ' ခေါ် လှကလျာ ဖြစ်ခဲ့ပါသည်။ သျှင်မဟာရဋ္ဌသာရလောင်းလျာသည် ကဗျာဆရာ ဖြစ်သည့်အလျောက် ဝဏ္ဏဘာ၏ အလှကို လင်္ကာဖြင့် ကုံးသီခဲ့၏။ ရတုဖြင့် ရေးစီခဲ့၏။ ဆရာတော်သည် ဝဏ္ဏပဘာ၏ အလှသရုပ်ကို တောင့်တဲတွန့်ရတုပိုဒ်စုံဖြင့် ဖော်ထုတ်လှစ်ပြခဲ့၏။ ထိုရတုမှာ လူ့အဖြစ် လူ့ဇာတိကပင် ချစ်သူ၏ အလှကို ခြယ်မှုန်းခဲ့သည်ဟု ယူဆရ၏။ အဘယ့်ကြောင့်ဆိုသော် 'ပုရေနိသင် 'ချီရတုတို့၌ ရဟန်းဘဝဖြင့် စပ်ဆိုရာ အထိန်းအချုပ်ဖြင့် စပ်ဆိုခဲ့သည်။ ဝဏ္ဏပဘာအဖွဲ့မှာကား ချစ်သူ၏ အလှကို အားကုန်ခြယ်မှုန်း၍ သီကုံးဖွဲ့ဆိုခဲ့ခြင်း ဖြစ်၏။ ထို့ပြင် မျက်စိအောက်တွင် ရှုမြင်ရသည့်အတိုင်း ဖွဲ့ဆိုခဲ့ခြင်းလည်း ဖြစ်သည်။ ထို့ကြောင့် ဝဏ္ဏပဘာရတုကို ငယ်စဉ်လူ့ဘဝက ရေးသားခဲ့သည်ဟု ယူဆစရာ ရှိပေသည်။

ဤသို့ဖြင့် သျှင်မဟာရဋ္ဌသာရလောင်းလျာသည် ရဟန်းပြုရန် အချိန်အရွယ်သို့ ရောက်

ရှိလာခဲ့၏။ ထိုအခါ “ ကျွန်းတွင် ဇမ္ဗူလုံး၊ ပြိုင်တိုင်းရှုံးသည်၊ ပြစ်လုံးကင်းစင်ကွာ၊ မိုးသူဇာကို ” ပစ်ခွာထားခဲ့ရတော့မည်။ တစ်ချိန်ကဆိုလျှင် ဝဏ္ဏပဘာ လှကလျာ “ ငယ်ကျွမ်းဝင်နှင့်၊ သို့ပင်တာရှည်၊ ပျော်ရမည်ဟု ” လည်း မှတ်ထင်ခဲ့မိသဖြင့် “ ခက်မတစ်ထောင်၊ ပညောင်စောင့်နတ်၊ ရှင်နတ်မြတ်ကို ” ပင် ခိုင်မြဲစေမှုအတွက် သက်သေပြုခဲ့ကြဖူးသည်။ ဘယ်သို့ပင် “ ချစ်စထုံးနှောင်၊ ပျော်ရအောင်ဟု ” ရည်ရွယ်ထားပါသော်လည်း သာသနာတော်ရေးအတွက် ရဟန်းဘောင်သို့ တက်ရောက်ရတော့မည့် အခါတွင် ချီတုံ ချတုံ အာရုံထွေပြားလျက် စိတ်သောက ပွားခဲ့ရပေသည်။

ဤသို့ သာသနာရေးက တစ်ဖက်၊ အချစ်ရေးက တစ်ဖက်နှင့် စိတ်ဝိတက်များပြားနေရချိန်တွင် ငြိမ်သက်စွာ စိတ်ကို ထိန်းသိမ်းတော်မူလျက် “ သာသနာ့ဝန်ထမ်း ရဟန်းမြတ်ဘဝနှင့် မာတုဂါမတို့သည် မအပ်စပ်စွတကား၊ ” ဟု တရားသံဝေ ယူတော်မူချေ၍ သာသနာရေးကို အနိုင်ပေးခဲ့ရှာသည်။ “ ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်၊ ပျိုမျစ်မျစ်ကို ” ကြေကွဲစွာ ခွဲခွာတော်မူ၍ ရဟန်းဘဝကိုသာ ရယူတော်မူခဲ့သည်။ ထိုအကြောင်းကို ရဟန်းဘဝ ရယူတော်မူပြီးသည့်နောက်၌ စပ်ဆိုတော်မူသော ‘ ပုရေနိသင် ’ အစချီ ရတုပိုဒ်စုံတွင်–

“ ပုရေနိသင်၊ ဆက်တိုင်းကြင်၍၊ အိမ်ရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်၊ ထပ်ရစ်လက်သင်၊ ထုံးစတွင်၌၊ သွေးငင်ကြမ္မာ၊ ဝါသနာကြောင့်၊ ဆရာမိဘ၊ ကွပ်ဆုံးမလည်း၊ ချစ်စထုံးနှောင်၊ ပျော်ရအောင်ဟု၊ သန်ကောင်မဟူ၊ အတူယှဉ်နွဲ၊ သန်လွဲမခန့်၊ အသက်စွန့်၍၊ ဝေခွန့်ခရီး၊ ချုံကြီးတောအုံ၊ ဝါးရုံဝါးစေး၊ သစ်ကျားဘေးကို၊ မတွေးဆံဖျား၊ မလေးစားတည့်၊ တရားသံဝေ၊ အောက်မေ့ချေသော်၊ ကြေးရွှေဂဟော၊ မစပ်ချေသို့၊ စာပေတတ်ပွန်၊ ဓမ္မခန်နှင့်၊ ကျမ်းဂန်သိမြောက်၊ ပဥ္စင်းရောက်က၊ ထပ်လှောက်ကြင်ဖွယ်၊ ရှေးသောနှယ်ကို၊   ၊ အဘယ်ကြိုးရှာပေတော့မည်။ ” –

ဟု ဖော်ပြတော်မူခဲ့သည်။

သျှင်မဟာရဋ္ဌသာရသည် မိမိကိုယ်ကို တရားချ၍ ရဟန်းဘဝကို ရယူခဲ့သော်လည်း အလွမ်းဖြေ မပြေနိုင်ခဲ့ရှာပေ။ ထို့ကြောင့်လည်း စိတ်ပြေရာ ပြေကြောင်း အောက်မေ့၍ “ လူလည်းတစ်ထွေ၊ ရေလည်းတစ်ခြား၊ ဖျားလည်းတက်သက်၊ ကြောက်မက်ချင်ဖွယ်၊ ပင်လယ်ချောင်းမြောင်း၊ မကြီးတောင်းတည့်၊ ဆောင်းဆောင်းဆိုင်းဆိုင်း၊ ပြိုင်းရရိုင်းတည့်၊ မှိုင်းမှိုင်းအုပ်ထွေ၊ ဝေဝေမို့မို့၊ ညို့ရရို့နှင့်၊ မြသို့ရှိန်းရှိန်း၊ ခပ်သိမ်းတောတောင်၊ ကုန်အောင်ပတ်ကုံး၊ မျှော်မဆုံး ” သည့် ရခိုင်တောင်ကုန်းဒေသဆီသို့ ခရီးထွက်ခဲ့လေသည်။ ရခိုင်ပြည်သို့ ရောက်ရှိသည်တွင် ‘ နှစ်ကူးလည်း၍၊ မိုးစည်ပျံ့ပျူး၊ ’ အစချီ ရတုပိုဒ်စုံကို ရေးသားတော်မူသည်။

ထိုမှတစ်ဖန် စက်တော်ရာ ဒေသသို့ ဘုရားဖူးရန် ကြွရောက်ခဲ့ပြန်သည်။ ထိုဒေသသို့ ကြွချီတော်မူရင်း တောင်တောင်ရေမြေ သာယာပုံ၊ ငှက်တိရစ္ဆာန်တို့၏ ဖိမယှက်နွဲ ပျော်ပွဲဝင်နေကြပုံတို့ကို ဖွဲ့နွဲ့၍ တောလားလင်္ကာကို စီကုံးတော်မူသည်။

သျှင်မဟာရဋ္ဌသာရသည် အသက် ၁၆–နှစ်အရွယ် လူပျိုငယ်ဘဝက ရေးသားခဲ့သော ဘူရိဒတ်လင်္ကာကြီးကိုလည်း ရဟန်းအဖြစ်ရောက်မှ အပြီးသတ် ရေးသားနိုင်လေတော့သည်။ ထိုအကြောင်းကို ဘူရိဒတ်လင်္ကာကြီး နိဂုံး၌ –

“ မည်ပင်ရဋ္ဌ၊ သာရအစစ်၊ ဆယ့်ခြောက်နှစ်လျှင်၊ တက်သစ်အရွယ်၊ လူငယ်သော်က၊ ဆိုစတင်းလင်း၊ ကြွင်းဘိသောအား၊ ဆန်းပြားနည်းနာ၊ အဖြာဖြာလျှင်၊ လင်္ကာယတိ၊ စောင်းသို့ညှိ၍၊ ဘူရိဒတ္တ၊ နဂရပဝေ၊ ခေါ်ထွေအမည်၊ အပိုင်းသည်ကား၊ သာကြည်ချမ်းမွေ့၊ ဤတွင်ရွှေ့လျှင်၊ စေ့စေ့စုံစုံ၊ အပြီးကုန်၏၊ ” –

ဟု မှတ်သား ဖွဲ့ဆိုတော်မူခဲ့၏။

သက္ကရာဇ် ၈၅၆–ခုနှစ်၊ အသက် ၂၆–နှစ် အရွယ်၌ ဘူရိဒတ်လင်္ကာကြီး၏ အဆက်ဖြစ်

သော 'ဘူရိဒတ်ဇာတ်ပေါင်းပျို့ 'ကိုလည်း ရေးသားစီရင်တော်မူပြန်သည်။ ထိုအချိန်တွင် အင်းဝမြို့တော်၌ သီတင်းသုံးကြသော ရဟန်းပုဂ္ဂိုလ်အချို့သည် သျှင်မဟာရဋ္ဌသာရနှင့် သျှင်မဟာသီလဝံသတို့အား ကဗျာလင်္ကာစသည်တို့ကို ဖွဲ့ဆိုတော်မူကြသဖြင့် ' သာချင်းသည်များ ' ဟူ၍ သတ်မှတ်ခေါ်ဝေါ်ကြဟန် ရှိပေသည်။ ထိုစဉ်အခါက ဗုဒ္ဓသာသနာအမြင်ဖြင့် ရှုကြည့်ပါမူ ဤသို့ပင် ရှုမြင်ကြမည်သာ ဖြစ်သည်။ သို့ရာတွင် တစ်ဖက်မှ အပြစ်တင်သကဲ့သို့ ချီးမွမ်းထောမနာ ပြုသူတွေလည်း အများအပြားပင် ရှိချေမည်။

ယခုဖော်ပြခဲ့သော အချက်အလက်များနှင့် စပ်လျဉ်း၍လည်း ရှေးဟောင်းစာပေများ၌ များစွာ တွေ့ရခြင်း မရှိပေ။ တွေ့ရှိရသော စာဟောင်းအမှတ်အသားများတွင်လည်း သျှင်မဟာရဋ္ဌသာရ၏ လုပ်ဆောင်ချက်နှင့် ပတ်သက်၍ ဆိုလောက်ဖွယ်သော အကြောင်းများကို မတွေ့ရပေ။ သို့ရာတွင် ထိုခေတ်၏ တွေးခေါ်ယူဆချက်အရဆိုလျှင် ရဟန်းပုဂ္ဂိုလ်အချို့၏ အာရုံ၌ နှစ်မြို့နိုင်မည် မဟုတ်ချေ။ ကုန်းဘောင်ခေတ်ပိုင်းမှာပင် သင်္ကန်းရုံမှု၊ တင်မူ အသေးအဖွဲ့ကိစ္စလေးမှစ၍ သာသနာပိုင်နှင့်တကွ ရဟန်းပညာရှင်များ အတိဒုက္ခရောက်ခဲ့ကြရသည်။ ထို့ထက် ရှေးကျသော အင်းဝခေတ်တွင်မူ သျှင်မဟာရဋ္ဌသာရတို့ လုပ်ဆောင်ချက်များသည် အဘယ်မှာလျှင် ခမ်းနား၍ မလာဘဲ ရှိပါမည်နည်း။

သျှင်မဟာရဋ္ဌသာရ၏ လုပ်ဆောင်ချက်အပေါ်၌ မနှစ်သက်ကြောင်းကို ဖော်ပြသော ရှေးဦးစွာ တွေ့ရသည့်စာမှာ သာလွန်မင်းတရားလက်ထက် အမှတ်အသား ဖြစ်သည်။ သက္ကရာဇ် ၉၉၇–ခု၊ တန်ဆောင်မုန်းလဆန်း ၁၂–ရက်၊ သောကြာနေ့တွင် ရည်မှုံနှင့် အောင်မြတ်ကို စေတော်မူ၍ တောင်ဖီလာဆရာတော်ထံ လျှောက်တင်ရာ၌–

"ပြည်တွင် မဟာဓမ္မသာမိဘုန်းတော်ကြီးကို ဘိုးတော်မင်းတရားကြီး ပင့်တော်မူသောအခါ ရဋ္ဌသာရသူမြတ်တွင် တပည့်ခံတော်မူဖူးသလောဟု မေး၏။ မကြိုက်၍ မခံပေသည်ဟု ဆိုသည်။ ဘယ့်ကြောင့် မကြိုက်သနည်းဟု မေးသော် သူမြတ်တို့သည် စာပေကျမ်းဂန်မူကား တတ်၏။ ဝတ္ထုကံကျောင်းကို နေ၍ စည်းစိမ်းချမ်းသာ များလှသည်။ မထေရ်သဃ်ရာဇာအကျင့်သာ ဖြစ်သည်။ စာပေနာသည့် တပည့်တို့သည် ဒုကုဋ်တင်၍မျှ မနာကုန်။ ထို့ကြောင့် မကြိုက်၍ မခံပေသည်ဟု ဆိုသည်။ " –

ဟူ၍ သာလွန်မင်း အမေးပိုဒ်တွင်လည်းကောင်း၊

"သျှင်ဓမ္မသာမိသည် သျှင်ရဋ္ဌသာရ၌ တပည့်မခံဆိုရာမှာလည်း အရှင်ရဋ္ဌသာရတို့သည် ရပ်မအသုံးအဆောင်ကို သုံးဆောင်သည် ဖြစ်သောကြောင့် မခံလေသည်။ " –

ဟူ၍ တောင်ဖီလာဆရာတော် အဖြေပိုဒ်တွင်လည်းကောင်း တွေ့ရှိရလေသည်။

ဖော်ပြပါ အကြောင်းရပ်တို့ကို ကောက်ချက်ချလျှင် သျှင်မဟာရဋ္ဌသာရသည်–

၁၊ ဘုရင် မင်းမြတ်များ လှူဒါန်းသော ပြည့်စုံသည့်ကျောင်း၌ နေထိုင်ခြင်း၊

၂၊ စာပေပို့ချစဉ် စာလိုက်တပည့်တို့သည် ဒုကုဋ်တင်၍ မလိုက်ခြင်း၊

၃၊ ရပ်မအသုံးအဆောင်၌ ပါဝင်သည့်ဟု လူတို့သမုတ်သော စာပေများကို ဖွဲ့ဆိုခြင်း–

တို့ကို အဓိကအားဖြင့် တွေ့မြင်ရပေသည်။

ထိုအကြောင်းကိုပင် ထပ်လောင်း၍ သက္ကရာဇ် ၁၁၂၃–ခုနှစ်တွင် လက်ဝဲနော်ရထာက တောင်တွင်းခင်ကြီးဖျော်အား လျှောက်ထားသောကြောင့် ဖြေဆိုရဖူးသည်။ တစ်ဖန် သာသနာလင်္ကာရစာတမ်းကို ရေးသားသော မဟာဓမ္မသင်္ကြံ၏ စာအုပ်၌လည်း ထိုအကြောင်းကိုပင် ဖောက်သည်ချ ရေးခဲ့ပြန်သည်။ သို့ရာတွင် မူလစကားအတိုင်း မဟုတ်တော့ဘဲ ပြည်မဟာဓမ္မသာမိနေရာတွင် စစ်ကိုင်းသျှင်တိသာသနဓဇဟူ၍ ရေးသားထား၏။ အခြား အဓိပ္ပာယ်ကား အားလုံးတူသည်။ ထို့ပြင် အပိုမှတ်သားချက်များလည်း ပါဝင်လာခဲ့ပြန်သည်။ သာသနာလင်္ကာရစာတမ်းကျမ်းတွင် အောက်ပါအတိုင်း ရေးသားထားသည်။

" သက္ကရာဇ် ၈၄၂–ခုနှစ်၊ ရှမ်းဈေးလမ်းမအရှေ့၊ မနော်ရမ္မိဥယျာဉ်နှင့် မနီးမဝေးတွင် ဒုတိယဘုရင်မင်းခေါင်လက်ထက် သိမ်တော်သမုတ်ရသည်။ သိမ်မြောက် ဘုရားလည်းတည်သည်။ ထိုသိမ်ကို ဒုတိယဘုရင်မင်းခေါင်သိမ်ဟု တွင်သည်။ ရွှေစည်းခုံတောင်က သိမ်ကိုကား ပထမမင်းခေါင်သိမ်ဟု တွင်သည်။ ဒုတိယမင်းခေါင် သိမ်သမုတ်သည့်ကာလ အခြားသဃ်ာများက သာချင်းသည်တို့ ပါလျှင် ငါတို့ မလာမလိုက်ပြီဟု ဆိုသောကြောင့် သျှင်သီလဝံသနှင့် သျှင်ရဋ္ဌသာရတို့ သိမ်သမုတ်ရာ မပါဝင်ရဟူ၍ ဆရာစဉ်ဆက် ဥဒါန်းစည်ရှည် ပြောဆိုကြသည်။ "

အထက်ပါစကားကို သတိထား၍ လေ့လာလျှင် ချွတ်ယွင်းချက်များကို တွေ့ရမည်ဖြစ်၏။ ထိုရေးသားချက်အရ " ၈၄၂–ခု၊ ဒုတိယဘုရင်မင်းခေါင်လက်ထက် သိမ်သမုတ်သည် " ဟု ဆိုလိုရင်း ရှိ၏။ ၈၄၂–ခုနှစ်တွင် သျှင်မဟာရဋ္ဌသာရသည် ရဟန်းဘောင်သို့ ရောက်နိုင်သော အရွယ်လည်း မဟုတ်သေး။ ဆရာတော်သည် ၈၃၀–ပြည့်ဖွား ဖြစ်၍ ၁၂–နှစ်အရွယ်မျှသာ ရှိပေသေးသည်။ သို့မဟုတ်ဘဲ " သက္ကရာဇ် ၈၄၂–ခုနှစ်တွင် နန်းတက်သော ဒုတိယဘုရင်မင်းခေါင် လက်ထက် " ဟုဆိုလျှင် လက်ခံသင့်သကဲ့သို့ ရှိ၏။ သို့တိုင်အောင် ရဟန်းငယ်ကလေးမျှသာဖြစ်သော သျှင်ရဋ္ဌသာရအား သက်တော် ဝါတော်ကြီးမားသော ဆရာတော်ကြီးများက အလေးဂရုပြုကာ ဖယ်ရှားနေလမ့်မည် မဟုတ်ပေ။

ဖော်ပြခဲ့ပြီးသော ပြဿနာများကိုသာ စာဟောင်းပေဟောင်းများ၌ အမှတ်အသားတွေ့ရသေးသည်။ ရှင်မဟာရဋ္ဌသာရနှင့် သျှင်မဟာသီလဝံသတို့နှင့် စပ်လျဉ်း၍ နှောင်းခေတ်စာပေနယ်မြေတွင် အတည်မပြုလောက်သော အရေးအသားများကား မြောက်မြားလှစွာကုန်၏။ထိုအရေးအသားတို့သည်လည်း ယုံကြည်ဖွယ်ရာ တန်ဆာဆင်၍ ရေးသားခဲ့ကြသဖြင့် အတော်ပင် တွင်ကျယ်လျက် ရှိခဲ့၏။ သို့ရာတွင် နှုက်နှုက်ချွတ်ချွတ် လေ့လာသူ ပညာရှင်တို့သည်ကား စစ်၍ စစ်၍ ယုံကြည်ကြလေသည်။

မည်သို့ရှိစေ သျှင်မဟာရဋ္ဌသာရတို့ ခေတ်တွင် စာပေဖွဲ့နွဲ့မှုကို ယုံကြည်ကိုးစားသူလည်း ရှိမည်။ ပယ်မြစ်ကန့်ကွက်သူလည်း ရှိမည်။ ဤသည်မှာ လောကနိယာမ သဘောအရ ဖြစ်သည်။ သျှင်မဟာရဋ္ဌသာရဆရာတော်ကလည်း ဤကဲ့သို့ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းသဘောကို သိတော်မူသည်သာတည်း။ သို့သော်လည်း " ဘုရားလူ့ဘ၊ မုနိန္ဒလျက်၊ မိန်းမယောကျ်ား၊ လူ့စကားဖြင့်၊မကြားစကောင်း၊ မနာတောင်းကို၊ အကြောင်းဆောင်သွေး၊ ဟောတုံသေး " သဖြင့် ချီးမွမ်းမှု၊ ကဲ့ရဲ့မှုတို့ကို ကြည့်ရှုတော် မမူအားဘဲ လူ့အကျိုး လူ့စာရိတ္တအတွက် အတွေးလည်း မပျက်ခဲ့။ အရေးလည်း မပျက်ခဲ့။ ဆိုရေးရှိက ဆိုအပ်သည်သာ ဖြစ်ပေသည်။

ဤကဲ့သို့ ဇာတ်တော်ကြီးများကို ဖွဲ့ဆိုရာမှာလည်း ပညာရှင်ကြီးများအတွက်ဟူ၍ ဝန်ခံတော် မမူပေ။ စာကြီးပေကြီးများကို မဖတ်ရှုနိုင်သူ နုနယ် ငယ်ရွယ်သူများအတွက် အထူးအားဖြင့် ရည်ညွှန်းရေးသားထား၏။ ဆရာတော်သည် " ငါ၏ စာသည် ငါ့အောက် အသိပညာငယ်သော နုနယ်သူများအတွက် အသိပညာပြန်ပွားကာ အမှောင်ခွင်း၍ အလင်းကို ဆောင်နိုင်ပါစေ၊ " ဟူသော စေတနာဖြင့် ရေးသား ဖွဲ့ဆိုခဲ့ခြင်း ဖြစ်ပေသည်။ ဆရာတော်ကလည်း–

" လူတို့နားတွင်း၊ မိုက်မလင်းကို၊ ဝင်းဝင်းထွန်းညီး၊ ဉာဏ်ဆီမီးဖြင့်၊ မှောင်ကြီးကင်းပျောက်၊ ငါ့စာရောက်က၊ ငါ့အောက်ပညာ၊ နုသေးစွာသား၊ သမ္မာမပြန့်၊ လူအဝှန့်အား၊ စိတ်ပြားပညာ၊ ပွားပါလိမ့်မည်၊ သူတို့ရည်၍၊ သာကြည်ရွှင်လန်း၊ လင်္ကာညွှန်း "–

ရပါကြောင်း ဝန်ခံတော်မူခဲ့လေသည်။

ဤဘူရိဒတ်လင်္ကာကြီးနှင့် ဘူရိဒတ်ဇာတ်ပေါင်းပျို့တို့ကို ရေးသားပြီးနောက် ပြည်သူအများတို့သည် ဆရာတော်၏ ဉာဏ်ရည်အစွမ်းကို လေးစားကြည်ညိုကြသည်။ ဘုရင်နှင့် မှူးမတ်အသိုင်းအဝန်းမှလည်း ဆရာတော်၏ စာများကို အင်းဝရွှေနန်းတော်ကြီး အတွင်း၌ စာပွဲ

သဘင်ခံ၍ ကြားနာကြပြီးလျှင် ရွှေပန်း၊ ငွေပန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ကြဲမြှောက်ကာ ကောင်းချီးနမော် သာဓုခေါ်ကြလေသည်။

ဆရာတော်သည် ရဟန်းဘဝကို ရယူခဲ့ပြီးသည့်နောက် မိမိဘဝကို စာပေ၌သာ မြှုပ်နှံထားခဲ့၏။ ယင်းသို့ မြှုပ်နှံကာ စာပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်တော်မူရင်း တပည့်စာသင်သားများကိုလည်း စာပေပို့သခြင်း အလုပ်များကို မလစ်ဟင်းစေဘဲ ဆောင်ရွက်နေသည်ဖြစ်ကြောင်းကို -

" စိတ်ပြားဝေခွဲ၊ ကြံနှိုက်နဲလျက်၊ စာပွဲခံခံ၊ စာအံသောင်းသောင်း၊ တပည့်ပေါင်းကို၊ ဖြားယောင်းပစ္စည်း၊ ဖြည့်သိမ်းဆည်း၍၊ ဟောနည်းသွယ်ပြား၊ ရှင်တော်ကြားသို့၊ နားပါးဝင်ကြောင်း၊ သင်လိုက်ရှောင်း၏၊ မကောင်းဝန်တို၊ အကုသိုလ်ကား၊ 　၊ ငါ့ကို မချစ် ပစ်စေသော။ "–

ဟု ဇာတ်ပေါင်းခန်းပျို့ နိဂုံး၌ စပ်ဆိုတော်မူလေသည်။

ဤသို့ စာပေပြုစုခြင်း၊ ပို့ချခြင်းတို့ကို လုပ်ဆောင်လာရသောအခါ၌ ယခင်နှစ်များစွာက နန်းတော်တွင်းဝယ် ပျော်ပါး မော်ကြွားနေခဲ့သော အချိန်တို့ကို နှမြောလာဟန် ရှိသည်။ ယခုမူကား ရဟန်းဘဝကို ရယူနိုင်သဖြင့် ကြည်နူးမဆုံး ရှိလာသည်။ တစ်ဆက်တည်းပင် မိမိဘဝနှင့် ဆက်စပ်၍ ၅၅၀–ဇာတ်၊ ဝီသတိနိပါတ်မှ ဟတ္ထိပါလဇာတ်ကို သွား၍ သတိရလေဟန်ရှိသည်။ အဘယ့်ကြောင့် ဆိုသော် ဇာတ်တော်မှာ လောကီအာရုံ ကာမဂုဏ်တို့ကို ပယ်ခွာ၍ တောထွက်ပြီး တရားဓမ္မတို့ကို အားထုတ်သင့်ကြောင်း ပြဆိုသော ဇာတ်ဖြစ်သောကြောင့်တည်း။

ဆရာတော်သည် ထိုဇာတ်တော်ကြီးကို မိမိကိုယ်တိုင် စဉ်းစားမိရုံမျှ မကဘဲ ဘုရင်မင်းခေါင်အားလည်းဟောကြားတော်မူ၏။ ဘုရင်မင်းခေါင်နှင့် မိဖုရားကြီးအတုသိရိမာယာဒေဝီတို့သည် အလွန်နှစ်သက်တော်မူကြသဖြင့် ထိုဇာတ်တော်ကြီးကို ပျို့တစ်စောင် ဖွဲ့စီတော်မူပါရန် ကိုပင် ဦးတင်လျှောက်ထားကြကုန်၏။ ထိုအကြောင်းကို ကိုးခန်းနိဂုံး၌–

" နည်းလျှောက်ကြံမိ၊ ဟတ္ထိပါလ၊ ဇာတကဟု၊ ဓမ္မမြုတေ၊ ဟောကြားပေသော်၊ ထဲနေရပ်အောင်၊ သာစည်ဘောင်တွင်၊ မင်းခေါင်ဒုတိယ၊ တို့မွေးဘလျှင်၊ နားဝငြိမ့်ငြိမ့်၊ နှစ်သိမ့်ကြည်စွာ၊ တောင်းပန်ထွာသည်၊ 　၊ တန်ဆာဆင်စိမ့်သောကြောင်းတည်း။ " –

ဟူ၍ ဖွဲ့ဆိုတော်မူခဲ့သည်။ သို့ရာတွင် ထိုပျို့ကို ချက်ချင်း ဖွဲ့ဆို ရေးသားခြင်း မပြုနိုင်ခဲ့ပေ။

သက္ကရာဇ် ၈၅၈–ခုနှစ်၊ အသက် ၂၈–နှစ်အရွယ်တွင် ' တန်တားဦးတည် မင်္ဂလာစေတီမော်ကွန်း ' ကို ရေးစပ်ခဲ့သည်။ ထိုစေတီတော်အကြောင်းကား ဤသို့တည်း။ ဒုတိယဘုရင်မင်းခေါင်သည် နန်းတက်တော် မမူမီ အိမ်ရှေ့မင်းသား ဘဝက တန်တားဦးအရပ်၌ ညဥ့်အခါတိုင်းလိုလိုပင် အရောင်အဝါများ ပြိုးပြိုးပြက်ပြက် ဖြစ်သည်ကို မြင်ရသောကြောင့် ဒုဋ္ဌဂါမဏိမင်းကြီးသည် မဟာစေတီတော်ကြီးကို တည်တော်မူသည့်ကာလ နိမိတ်ထင်ရှား ပြဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်တော်မူ၏။ မင်းခေါင်သည် ထိုတန်တားဦးအရပ်၌ နောင်အခါတွင် ကျောင်းနှင့် စေတီတည်မည်ဟုလည်း အကြံအစည် ဖြစ်ခဲ့၏။ သို့နှင့် သက္ကရာဇ် ၈၄၂–ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်ရှိသော အခါ၌ ရှေးဦးစွာ မြေတလင်းကို ညှိ၍ ကျောင်းဆောက်တော်မူသည်။

မင်္ဂလာစေတီတော်ကို တည်တော်မူသည့် အခါ၌ကား ပြီးလွယ် ဖြစ်လွယ် တည်တော်မမူဘဲ ကိုယ်တော်တိုင် ကြပ်မတ်ကွပ်ကဲ၍ တည်လုပ်တော်မူသည်။ ထိုသို့ တည်လုပ်တော်မူရာတွင် မြေအောက် ဌာပနာတိုက်ကိုသာလျှင် စီရင်၍ ထားခဲ့၏။ အလယ်ဌာပနာကိုမူ မြတ်စွာဘုရားရှင်၏ ဓာတ်တော် မွေတော် အစစ်များ ရမှသာလျှင် ဌာပနာ၍ ပူဇော်တော့မည်ဟု ဆိုင်းငံ့ထားခဲ့လေသည်။

ထိုသို့ ဆိုင်းငံ့ထားခဲ့ရာ ၁၆–နှစ်ခန့်အကြာ သက္ကရာဇ် ၈၅၈–ခု၊ နယုန်လဆန်း ၉–ရက်၊ သောကြာနေ့တွင် ဓာတ်တော်ပို့ အခမ်းအနားကို ကျင်ပပြီးနောက် နယုန်လဆန်း ၁၃–

ရက်၊ အင်္ဂါနေ့တွင် ဌာပနာမှု အခမ်းအနားကို စီရင်တော်မူသည်။ ဆရာတော်သျှင်မဟာရဋ္ဌသာရ အရှင်မြတ်သည် ထိုတန်တားဦးတည် မင်္ဂလာစေတီတော်မြတ်ကြီး၏ ဓာတ်တော် ဌာပနာပွဲ အကြောင်းကို အသေးစိတ် လေ့လာတော်မူလျက် 'သုံးဆယ့်နှစ်ပါး၊ ထင်ရှားလက္ခဏာ၊' အစချီ တန်တားဦးမင်္ဂလာစေတီမော်ကွန်းကို ရေးသားစီကုံးတော်မူခြင်း ဖြစ်သည်။

ထို့ပြင် 'ကြားပိမ့်နတ်ရှင်၊ ရွှေနားဆင်လော့၊' အစချီ ဆင့်ပွားမော်ကွန်း တစ်စောင်ကို လည်း ရွှေနန်းကြော့ရှင် နရပတိလက်ထက် သျှင်မဟာရဋ္ဌသာရပင် စပ်ဆိုသည်ဟု ရှေးသူဟောင်း တို့ ဆိုစမှတ် ပြုကြသည်။ ဤမော်ကွန်းမှာလည်း မင်္ဂလာစေတီမော်ကွန်းပင် ဖြစ်၏။ သျှင်မဟာရဋ္ဌ သာရ ရေးသားသည်ဟူ၍ကား အတိအကျ မတွေ့ရပေ။ လက်ဝဲနေဝ်ရထာလျှောက်ထုံးတွင် တောင်တွင်းဆရာတော်က–

"ကြားပိမ့်နတ်ရှင်ချီသည့် တန်တားဦးတည်ကို သျှင်ရဋ္ဌသာရ လုပ်ပြန်သည်ဟူ၍ သုတ နှင့် ပြည့်စုံသည့် ရှေးသူဟောင်းတို့ ပြောစဉ်ရှိသည်။ တစ်ချက်မှာလည်း သျှင်ရဋ္ဌသာရလုပ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ စာသွားကို ဆင်ခြင်သော် အနက်အဓိပ္ပာယ် အနှစ် သာရ ရှိပေသည် ဖြစ်၍ ပညာရှိတို့ မှတ်သားလောက်သောကြောင့် သုံးပါးစုမှာ ဆရာသွင်း တန်သည့်အရာကို သွင်းလိုက်ပေသည်။ "–

ဟု ဖြေဆိုခဲ့သဖြင့် ဒုတိယမြောက် ဖော်ပြသော မော်ကွန်းကိုကား ဆရာစဉ် မှတ်သားချက်အရသာ သိရှိရပေဦးမည်။

သက္ကရာဇ် ၈၆၃–ခုနှစ်တွင် ဘုရင်မင်းခေါင် နတ်ရွာစံသဖြင့် သားတော်ရွှေနန်းကြော့ရှင် သည် ထီးနန်းအမွေကို ဆက်ခံ၍ မင်းပြုတော်မူသည်။ ရွှေနန်းကြော့ရှင်နှင့် သျှင်မဟာရဋ္ဌသာရ တိုကား ငယ်စဉ်က နန်းတွင်း၌ အတူကြီးပြင်းလာကြသော သူငယ်ချင်းများ ဖြစ်၏။ ရွှေနန်းကြော့ရှင် သည် ငယ်ပေါင်းဆရာတော် သျှင်မဟာရဋ္ဌသာရအား ကျောင်းဟောင်းတွင် ကျောင်းသစ်ဆင့်ကာ ဆောက်လုပ်တင်လှူ၍ ပစ္စည်းလေးပါးဒကာ ခံတော်မူသည်။ ထိုအကြောင်းကို သံဝရပျို့ နိဂုံး၌ လည်း–

"ဘုန်းသန်နရပတိ၊ ထွတ်ခိုင်ပြို့လည်း၊ တစ်မိတစ်ဖ၊ မပြားကြသို့၊ ယှဉ်ထလက်စွဲ၊ မ ကွဲမကွေ၊ တစ်နေရာတည်း၊ နေလည်းနေလေ့၊ တွေ့လည်းတွေ့ချင်၊ မြင်လည်းကြင်ချစ်၊ ငယ် ကျွမ်းဖြစ်၍၊ ကျောင်းသစ်ဆင့်လောင်း၊ ကျောင်းဟောင်းမလပ်၊ နှစ်ဆွမ်းကပ်၏၊ "–

ဟု ဖော်ပြခဲ့လေသည်။

ဆရာတော်သည် ရွှေနန်းကြော့ရှင် နရပတိလက်ထက်တွင် ပုံတောင်နိုင်မော်ကွန်း၊ ဝတ်ရုံကျောင်းဘွဲ့မော်ကွန်း၊ ဂမ္ဘီသာရပျို့ ဆုံးမစာတို့ကို ရေးသား စီရင်တော်မူသည်။ ထို့နောက် ဒုတိယဘုရင်မင်းခေါင်နှင့် မိဖုရားကြီးတိုက လျှောက်ထားတောင်းပန်ဖူးသောကြောင့် ဟတ္ထိပါလ ခေါ် 'စတုဓမ္မသာရကိုးခန်းပျို့' ကြီးကို အသက် ၅၅–နှစ် အရွယ်၌ ရေးသားဖွဲ့ဆိုတော်မူသည်။ ထိုပျို့ကို သက္ကရာဇ် ၈၈၅–ခု၊ တပိုတွဲလဆန်း ၁၂–ရက်၊ စနေနေ့၌ ပုရပိုက်ပေါ်တွင် အက္ခရာတင်၍ ပြီးစီးခဲ့ကြောင်းကို အောက်ပါအတိုင်း ဖွဲ့ဆိုပြထားသည်။

"အစွန်းငါးခု၊ ပသျှုအဋ္ဌ၊ ဒီဃသက္ကရာဇ်၊ ရောက်လစ်သောခါ၊ တစ်ရာသီတည်း၊ ကုံ တွင်ချည်းလျှင်၊ ဝေးစည်းဂြိုဟ်စု၊ ပေါင်းလုနီးနီး၊ မိုးစည်တီးသို့၊ သီးသီးနှံ့ချောက်၊ ကိန်းခန်း လျောက်ဖြင့်၊ မြောက်ခွင်တရက်၊ စစ်ကိုင်းဘက်က၊ ကြက်ယက်အင်းဝ၊ ညွှတ်မျှကမ်းနား၊ မအားခြေချ၊ ကူးကြဆဲဆဲ၊ တပို့တွဲ၌၊ ရောင်ကဲပဝင်း၊ လမင်းဖြူစင်၊ ထွန်းထင်ပြို့ပြို့၊ တစ်ဆယ့် နှစ်ရက်၊ လက်ကားမကာရ၊ ပြိဿစဉ်းမြတ်၊ နက္ခတ်ရောဟဏီ၊ တိထိဆယ်စေ့၊ စနေ နေ့ဝယ်၊ ထိုရွှေ့မလှဲ၊ နေမြဲတိုင်းပင်၊ မေတ္တာရွှင်လျက်၊ စာသင်ပျက်စဉ်၊ ကျက်လျှင်နှုတ်လွတ်၊ အပြီးသတ်၍၊ ရေးမှတ်ပုရပိုက်၊ တင်တုံလိုက်မှ၊ သောင်းတိုက်ဇမ္ဗူ၊ လူတို့နာခန့်၊ ပညာဖြန့် သည်၊　၊ နိုးခန့်နှလုံးမပြောင်းတည်း။ "

ဆရာတော်သည် ဒုတိယဘုရင်မင်းခေါင်၏ ဆန္ဒတော်ကို ဘုရင်မင်းမြတ် မရှိသည့်နောက် နှစ်ပေါင်းအတော်ကြာမှ ကိုးခန်းပျို့ဖြင့် ရေးစပ်ဖြည့်ဆည်းနိုင်လေတော့သည်။ အသက် ၂၅–နှစ်ခန့်ကပင် တောင်းပန်ထားခဲ့သော်လည်း မရေးသားနိုင်ခဲ့သဖြင့် ကိုးခန်းပျို့ကို ရေးသားပြီးချိန်တွင် ဆရာတော်သည် မင်းခေါင်နှင့် မိဖုရားတို့အား အမှတ်ရ တမ်းတမိသည်။ ထို့ကြောင့် ဆရာတော်သည် ကိုးခန်းပျို့ကြီးကို မကြားနာနိုင်တော့ပြီဖြစ်သော မင်းနှင့် မိဖုရားတို့အား “ငါသည် ဤစာကိုးခန်းကို ပြုစု၍ ရအပ်သော ကုသိုလ်အဖို့ကို အမျှဝေငှပါသည်၊ ငါ၏ ဒါယကာ မင်းမျိုးဆွေစုံတို့သည် ရောက်လေရာ ဘုံဗိမာန်မှ အမျှယူကြပါစေ၊ ”ဟူ၍ ကုသိုလ်အမျှကို ဝေငှတော်မူခဲ့ပါသည်။ ဤသည်ကို ရည်၍ ကိုးခန်းပျို့နိဂုံး၌–

“အရင်းအချာ၊ ငါ့တကာနှင့်၊ ငါသာရဟန်း၊ လူဝယ်ထွန်းသို့၊ ရှင်ပန်းမညိုး၊ လွန်မြတ်နိုးလျက်၊ မင်းစိုးဆွေစုံ၊ ရွှေဘုံပျော်ညောင်း၊ ဗိမာန်ပြောင်းလည်း၊ ဇာတ်ပေါင်းပြီးချုပ်၊ စာကိုးအုပ်ဖြင့်၊ ထုပ်ထုပ်ပိုက်ပိုက်၊ သကြိုဟ်လိုက်၍၊ တိုက်ရိုက်နတ်နား၊ ကြားပါလေ၍၊ နာစေခလို၊ တောင့်တဆိုသည်၊ ၊ ကုသိုလ်ဝေငှဆင့်လောင်းတည်း။ ”–

ဟု ဖွဲ့ဆိုတော်မူခဲ့ပေသည်။

ဆရာတော်သျှင်မဟာရဋ္ဌသာရသည် ကိုးခန်းပျို့ကြီးကို ရေးစပ်သီကုံးပြီးသော နှစ်မှာပင် အင်းဝပြည်ကြီး ပျက်စီးရန် ဖန်တီးလာတော့သည်။ မိုးညှင်းစလုံကြီးသည် မင်းနရပတိ၏ နိုင်ငံတော်သို့ ဝင်ရောက် ထိုးစစ်ဆင်လာခဲ့၏။ မင်းနရပတိသည်လည်း တပ်ပေါင်း ၁၅–တပ်တို့ဖြင့် ကိုယ်တော်တိုင် ချီတက်တိုက်ခိုက်သည်။ သို့ရာတွင် မိုးညှင်းစလုံ၏ အင်အားကို မခံနိုင်သဖြင့် တပ်တော်အားလုံး အဆီးအတားမရှိဘဲ ဖရိုဖရဲ ဖြစ်ကုန်ကြသည်။ ဤတွင် အင်းဝမြို့တော် တစ်ခုလုံးလည်း ကျီးလန့်စာစား ဖြစ်နေကြရလေသည်။

သက္ကရာဇ် ၈၈၆–ခုနှစ်သို့ ကူးပြောင်းလာခဲ့သော်ကား အခြေအနေမှာ ပို၍သာ ဆိုးရွားလာတော့သည်။ ဤကဲ့သို့ အခြေအနေမျိုးတွင် ပြည်ဘုရင်သတိုးမင်းစောကလည်း မိုးညှင်းစလုံကြီးဘက်မှ ကူညီ၍ တိုက်ခိုက်ပြန်သည်။ တိုက်လေသမျှလည်း မိုးညှင်းးစလုံကြီးနှင့် သတိုးမင်းစောတို့ကသာလျှင် နိုင်သည်ချည်း ဖြစ်ခဲ့၏။ သို့နှင့် တဖြည်းဖြည်း ထိုးစစ်ဆင်လာခဲ့ရာ အင်းဝမြို့တော်အနီးသို့ပင် ရောက်ရှိခဲ့လေသည်။

ထိုစစ်ပွဲတွင် ဘုရင်နရပတိ၏ လက်ရုံးတစ်သူလို အားပြုတော်မူရသော စာဆိုတော်သျှင်အဂ္ဂသမာဓိ၏ ဖခင် နတ်မောက်မြို့စားကြီး ဘယကျော်သူလည်း တောင်ပလူတွင် ကျဆုံးခဲ့ရ၏။ ဤသို့ အခြေအနေအရပ်ရပ် ယိမ်းယိုင်လာသဖြင့် ဘုရင်နရပတိလည်း မြို့မှထွက်၍ အရှေ့ဆင်ကောင်းဝက်ဝင်အရပ်သို့ ဆုတ်ခွာ တိမ်းရှောင်ခဲ့ရလေသည်။

ရွှေနန်းကြော့ရှင် ဘုရင်ရပတိ မရှိလျှင် မိုးညှင်းစလုံသည် ကတိထားရင်းအတိုင်း အင်းဝရွှေနန်းကို သတိုးမင်းစောအား တင်လေသည်။ ထို့နောက် သုံးရက်ခန့်ရှိလျှင် မိုးညှင်းစလုံလည်း ဆင်ကောင်း မြင်းကောင်းတို့ကို ယူ၍ စစ်ကိုင်းဆိပ်မှ ကူးပြီးလျှင် မိုးညှင်းသို့ ပြန်လေသည်။

မိုးညှင်းစလုံပြန်လျှင် ပြည်ဘုရင် သတိုးမင်းစောလည်း အင်းဝတွင် ရှိသော လူကြီးသူကြီးတို့ကို သိမ်းယူ၍ စုန်တော်မူသည်။ ထိုအခါ ရွှေနန်းကြော့ရှင် နရပတိ၏ မိဖုရား ဓမ္မာဒေဝီမှ ဖွားမြင်သော သမီးတော် သီရိဘုန်းထွတ်သည် အထိန်းတော်နှင့် ကွဲနေသဖြင့် အသက်ရှစ်နှစ်အရွယ် မင်းသမီးကလေးမှာ မယောင်မလည် ဖြစ်နေခဲ့၏။ သတိုးမင်းစောသည် ထိုမင်းသမီးကလေးကိုလည်း သိမ်းယူတော်မူခဲ့၏။ ဆရာတော်သျှင်မဟာရဋ္ဌသာရကိုလည်း ပင့်ဆောင်ခဲ့သည်။

ထိုအခါ ဆရာတော်သည် ကိုးခန်းပျို့ကြီးကိုလည်း ဆောင်ယူလိုသဖြင့် တပည့်များထံမှ သိမ်းဆည်းတော်မူခဲ့ရာ ရှစ်ခန်းကိုသာ ပြန်လည်ရရှိ၍ ဇာတ်ပေါင်းခန်းဖြစ်သော နဝမခန်းကိုကား မရရှိခဲ့ပေ။ ထိုရှစ်ခန်းကိုသာ ယူဆောင်၍ ပြည်ဘုရင်ပင့်ဆောင်ရာ အောက်ပြည်အောက်ရွာသို့ လိုက်ပါတော်မူခဲ့ရလေသည်။ ပြည်မြို့သို့ ရောက်ရှိသည်တွင် သတိုးမင်းစောက ဆရာတော်နှင့်

မင်းသမီး သီရိဘုန်းထွတ်တို့ကို ရည်ရွယ်၍ " အင်းဝကို ငါချီတော်မူသည်တွင် သျှင်တစ်ဆူ လူတစ်ယောက်လည်း ရခဲ့သည်၊ " ဟု ကြိမ်းပတော်မူလေသည်။

ဤနေရာတွင် ဆရာတော်သျှင်မဟာရဋ္ဌသာရ ပြည်မြို့သို့ ရောက်ရှိသော သက္ကရာဇ်ကို ၈၈၅–ခုဟုလည်းကောင်း၊ ၈၈၆–ခုဟုလည်းကောင်း အမှတ်အသား အမျိုးမျိုး ရှိသည်။ စာဆိုတော်များ အတ္ထုပ္ပတ္တိကျမ်းတွင် သက္ကရာဇ် ၈၈၇–ခု၊ နှစ်ဦးပိုင်းဟု တင်ပြထားသည်။ ထိုအဆိုအရ သုသောဓိတမဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၌– " သက္ကရာဇ် ၈၈၆–ခု၊ တပေါင်းလပြည့်ကျော် ၁၄–ရက်၊ စနေနေ့တွင် မိုးညှင်းစလုံတိုက်၍ အင်းဝ ရှေးဦးစွာ ပျက်သည်။ " ဟု အတိအကျ ဆိုထားသည်။ ထို့ကြောင့် အင်းဝပျက်သည်မှာ သက္ကရာဇ် ၈၈၆–ခုနှစ် မကုန်မီ တစ်ရက်ကသာ ဖြစ်သည်။ အင်းဝသို့ ရောက်ရှိ၍ တစ်ရက်မျှအတွင်း ပြည်မြို့သို့ စုန်ဆင်းနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ရာ ဆရာတော်သျှင်မဟာရဋ္ဌသာရသည် သက္ကရာဇ် ၈၈၇–ခု၊ နှစ်ဦးပိုင်းအချိန်၌ ပြည်မြို့သို့ ကြွရောက်သည်ဟု ဆုံးဖြတ်သင့်တော့သည်။

ဆရာတော်သျှင်မဟာရဋ္ဌသာရသည် ပြည်မြို့သို့ ရောက်ရှိရာတွင် အင်းဝနေပြည်တော်၌ ကျန်နေရစ်ခဲ့သော ကိုးခန်းပျို့မှ ဇာတ်ပေါင်းခန်းကို စုံစမ်းရှာဖွေတော်မူခဲ့သေး၏။ သို့ရာတွင် သတင်းအစ အနမျှ မရရှိသဖြင့် ဇာတ်ပေါင်းခန်းကို ထပ်မံ ရေးသားရာ သက္ကရာဇ် ၈၈၈–ခုနှစ်တွင် ပြီးစီးခဲ့လေသည်။

ထိုအခါကျမှ လွန်ခဲ့သော သုံးနှစ်ခန့်က ပျောက်ဆုံးနေခဲ့သော ဇာတ်ပေါင်းခန်းကို စစ်ကိုင်းမြို့ တပည့်များထံမှ ပြန်ရခဲ့သည်။ ဤဖြစ်ရပ်ကို အခြေခံ၍ ဆရာတော်သည် " ဇာတ်ပေါင်းခန်း၏ ဖြစ်ရပ်မှာ သျှင်မဟာဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ်ကျမ်းနှင့် တူနေသည်၊ ဝိသုဒ္ဓိမဂ်ကျမ်းကို ရေးသား ပြီးစီးချိန်ဝယ် သိကြားမင်းက ဝှက်ထားခဲ့သည်၊ ထပ်မံရေးသားပြန်ရာ ဒုတိယမြောက် ဝှက်ပြန်သည်၊ တတိယမြောက် ရေးသားပြီးသော အခါမှ သိကြားမင်းက ယခင်နှစ်မူကို ပြန်လည်ပေးအပ်သည်၊ ယခုလည်း ထိုအဖြစ်အပျက်နှင့် တူနေချေပြီ၊ ဇာတ်ပေါင်းခန်းကို မပျက်မစီး ပြန်လည်ရရှိခြင်းမှာလည်း ဆင်ဖြူရှင် သတိုးမင်းစော၏ နားတန်ဆာအလို့ငှာ ပြန်လည် ရရှိခြင်း ဖြစ်ပေသည်၊ " ဟု နှလုံးသွင်းမိသည့်အလျောက် ကျမ်းပြီး နိဂုံး၌–

" ဗုဒ္ဓဃောသာ၊ ဆရာထေရ်မြတ်၊ ကဝိထွတ်လျှင်၊ ပိဋကတ်နှုတ်၊ နက်စံထုတ်သား၊ ဝိသုဒ္ဓိမဂ်၊ သစ်စက်စက်ကို၊ သိုဝှက်သိကြား၊ ကွယ်ရာထားမှ၊ စီးပွားရှာရှာ၊ နှင်းပြန်လှာသို့၊ ဤစာဇာတ်ပေါင်း၊ သုံးနှစ်အောင်း၍၊ အကြောင်းမသိ၊ ပျောက်ကွယ်ရှိလျက်၊ ဇာတိရိုက်ရာ၊ နန်းဖွင့်ခါနှင့်၊ ကြမ္မာချိန်သင့်၊ လင့်သောကြိုက်ဝယ်၊ တစ်တိုက်စကြဝဠာ၊ ကျွန်းချာနိုပ်နင်း၊ မင်းတို့စီးတန်၊ မှန်သည်လက္ခဏာ၊ အင်္ဂါကြံရုံ၊ စွယ်စုံပျိုလူး၊ ရှေ့စူးရဲမာန်၊ လျှင်ထန်သန်ကြွား၊ စွမ်းအားခြသေ့်၊ လုမြွေဆင်းရောင်၊ ငွေတောင်အတူ၊ ဆင်ဖြူပေါက်ကြီး၊ ရမြောက်ပြီးသော်၊ ဝေနီးပြောင်ပြောင်၊ တန်ခိုးရောင်ဖြင့်၊ ရန်မှောင်ဖျောက်ပယ်၊ ပင်လယ်ချောက်မွှေ၊ သရေခေတ္တရာ၊ မြစ်ညာအင်းဝ၊ မြန်မာ့တိုင်းလုံး၊ ယူကျုံးနိုင်ငံ၊ နေလစံသို့၊ မောင်နှံလွှမ်းမိုး၊ နှစ်ပြည်စိုးသား၊ မင်းရိုးမင်းသား၊ မင်းတရား၏၊ ရွှေနားတန်ဆာ၊ ရတနာဟု၊ သဒ္ဓါနှိုးဆော်၊ နတ်များဖော်သည်၊ ။ ဘုန်းတော်အတုမဲ့တောင်းတည်း။ "–

ဟု စပ်ဆိုတော်မူလေသည်။

ပြည်ဘုရင် သတိုးမင်းစောသည် မိမိပင့် ဆောင်လာသော ဆရာတော်အား ပြည်မြို့မှ ဆရာတော် ပညာကျော်များနှင့် မိတ်ဆက်လို၍လည်းကောင်း၊ ဆရာတော်၏ အရည်အသွေးကို သိစေချင်၍လည်းကောင်း တစ်နေ့တွင် နန်းတော်သို့ ပင့်၍ ဆွမ်းကပ်ပွဲ ပြုလုပ်သည်။ ထိုအထဲတွင် ပြည်မြို့မှ ပညာတတ်ဆရာတော် အများအပြား ပါရုံမျှမက လာရောက်ကြသော မှူးမတ်ပရိသတ်များလည်း နန်းတော်တွင်းဝယ် ပြည့်နက်နေခဲ့သည်။ ထိုပရိသတ် အလည်တွင် ပြည်ဆရာတော်တို့အား သတိုးမင်းစောက " အင်းဝရွှေပြည်တော်က သျှင်မဟာရဋ္ဌသာရဆရာတော်သည် ကျမ်း

ဂန်တတ်၏လော၊ ”မေးလျှောက်လေသည်။ ထိုအခါ ပြည်ဆရာတော်တို့က “အရှင်မဟာရဋ္ဌသာရ သူမြတ်သည် ကျမ်းဂန် မထောင်းတာ ရှိပေ၏၊ ”ဟု မိန့်တော်မူကြလေသည်။

ဤသို့ မိန့်တော်မူကြလျှင် သျှင်မဟာရဋ္ဌသာရဆရာတော်က ငါ့ကိုပင် မထောင်းတာဟု ဆိုလေဘိသည်ဟု နှလုံးတော် ရှိပြန်၍ “မထောင်းတာသည် မည်သို့သော စကားနည်း၊ ပါဠိလော၊ အနက်လော၊ ပါဠိဆိုလျှင် မည်သို့ အနက်ပေး၍ အနက်ဆိုလျှင် မည်သို့အဓိပ္ပာယ်ဖွင့်ဆိုမည်နည်း၊ မည်သည့်အဓိပ္ပာယ်ကို ဆောင်သည့် ဝေါဟာရနည်း၊ ”ဟု ပရိသတ်အလည်တွင် ရဲဝံ့စွာ ပြန်လည် မေးမြန်းတော်မူရာ ပြည်ဆရာတော်တို့လည်း မည်သို့မျှ ဆိုနိုင်ခြင်း မရှိကြဘဲ ဆိတ်ဆိတ်သာ နေကြလေတော့သည်။ ထိုအဓိပ္ပာယ် သျှင်မဟာရဋ္ဌသာရသူမြတ်က မည်ကဲ့သို့ ပြန်လည် ရှင်းလင်း ပေးသည်ဟူ၍ကား အမှတ်အသား မတွေ့ရပေ။ ပြည်ဆရာတော်တို့ထံက စကားပြန်မရသော ကြောင့် ဖွင့်ဆိုပြောကြားခြင်း မရှိခဲ့ဟန်တူပေသည်။

ပြည်ဘုရင် ဆင်ဖြူရှင် သတိုးမင်းစောလည်း ဆရာတော်သျှင်မဟာရဋ္ဌသာရအား ပုထိုးကျောင်း၊ တောင်ခွင်ကျောင်း၊ မင်းတုန်းကျောင်းဟုဆိုအပ်သော ကျောင်းတော်ကြီး သုံးရပ်တို့ကို လှူဒါန်းပူဇော်သည်။ ထို့ပြင် ‘ မဟာသံဃရာဇာ ’ဟူသော ဘွဲ့တံဆိပ်တော်ဖြင့် သာသနာပိုင် အရာကိုလည်း ခန့်ထားပူဇော်လေသည်။

ထို့နောက်တွင်ကား ပြည်ဘုရင်သည် ဆရာတော်အား ဆထက်တန်ဖိုးကြည်ညိုတော် မူသဖြင့် ရွှေဆံတော်ဘုရား မြောက်ဘက်မှ ထီးဖြူရုံကျောင်းတော်ကြီးကိုလည်းကောင်း၊ တပြက်သာကျောင်းတော်ကြီးကိုလည်းကောင်း လှူတော်မူပြန်သည်။ ပစ္စည်းလေးပါးဖြင့်လည်း လိုလေသေး မရှိအောင် ထောက်ပံ့တော်မူလေသည်။ ထိုအကြောင်းကို သံဝရပျို့ နိဂုံး၌–

“အညာကသည်၊ ဤရွှေပြည်သို့၊ အကြည်ရောက်အောင်၊ သာဆောင်သိမ်းပြု၊ သားနှယ်ယုလျက်၊ ဆင်ဖြူသခင်၊ နန်းရှင်မင်းစိုး၊ လွန်မြတ်နိုး၍၊ ပုထိုးတောင်ခွင်၊ မင်းတုန်းတွင်၌၊ ကျောင်းထင်သုံးပါး၊ ရှေးဖျားလှူပြီး၊ ကြီးသည့်အရာ၊ မြောက်ထိုက်စွာဟု၊ မဟာသံဃရာဇာ၊ မည်သာအကျော်၊ သမိုက်ခေါ်မှ၊ ဆံတော်ရှင်မြောက်၊ ဆောက်သည့်သင်္ခမ်း၊ ထီးဖြူငြမ်း၌၊ ဆေးကွမ်းလက်ဖက်၊ နှစ်ခွက်ဟင်းထူး၊ စားတော်ဦးနှင့်၊ သင်ဖြူးယွန်းဖြစ်၊ ကညစ်ဂေါ်လီ၊ သုံလီရောင်ဖိတ်၊ သပိတ်သံလုပ်၊ ပိတ်အုပ်သင်္ကန်း၊ ရဟန်းပရိက္ခရာ၊ စေ့စုံစွာလျှင်၊ ဝိသာရဒ၊ ဆင်လှစွယ်ရှင်၊ ဖြူစင်ယပ်ဝန်း၊ အဆန်းအကြယ်၊ ပင်လယ်သင်္ခ၊ စသည်မကျန်၊ အိပ်ဖန်တွင်းပြင်၊ ထမ်းစင်ဆောင်ရွက်၊ ဝတ်ချက်ထီးစွဲ၊ အမြဲရေခပ်၊ လှူကျွန်အပ်၏၊ ဆောင်းစပ်ခါချိန်၊ ကထိန်မချွတ်၊ သဒ္ဒါညွတ်၍၊ ဂူထွတ်တရုက်၊ တပြက်သာကျောင်း၊ နှစ်တန်လောင်းသော်၊ ရှေးနှောင်းငါးကြိမ်၊ စည်းစိမ်ငါးရပ်၊ ငါးကျောင်းထပ်၏၊ ”–

ဟု ဖွဲ့ဆို ပြမှာတော်မူခဲ့၏။

ဆင်ဖြူရှင် သတိုးမင်းစော နတ်ရွာစံသောအခါ သားတော် ဘုရင်ထွေးသည် ထီးနန်းကို ဆက်ခံလေသည်။ ဘုရင်ထွေးလက်ထက်လည်း ဆရာတော်အား ခမည်းတော်မင်းတရား လက်ထက်ကကဲ့သို့ပင် ဆက်လက်ကိုးကွယ်တော်မူသည်။ ပြည်ဘုရင်ထွေးက ဆရာတော်အား ပြည်မြို့နှင့် ရွှေတောင်မြို့နှင့် အကြား အခွန်တစ်သောင်းထွက်သော ဥယျာဉ်တော် နှစ်ရပ်အတွင်း လေးမျက်နှာ တန်တိုင်း မီးတားနှင့်တကွ ဆုတောင်းပြည့်ဘုရား၊ မင်္ဂလာစေတီတော်၊ တန်ဆောင်း ဓမ္မအိမ်သိမ်၊ အရံကျောင်းပေါင်း များစွာတို့နှင့် ရွှေနန်းတော်နှင့် ထပ်တူထပ်မျှ ဖြစ်သော ကျောင်း တော်ကြီးကိုလည်း ဆောက်လုပ်တင်လှူတော်မူလေသည်။ ကျောင်းတော်ကြီးကို ရွှေနန်းတော်ကြီး ကဲ့သို့ ဗိမာန်တော်ကြီး ဖြစ်သောကြောင့် ‘ ရွှေနန်းတော်ဗိမာန်ကျောင်း ’ဟုပင် နာမည်သမုတ်တော် မူသည်။ ထိုအကြောင်းကို သံဝရပျို့ နိဂုံး၌ပင်–

“ခမည်းတော်ရှင်၊ နှစ်ပြည်မင်းလျှောင်၊ ဆောက်နှင်းခဲ့တိုင်း၊ ကိန်းခမ်းပိုင်းဖြင့်၊ ဖုန်းလှိုင်း သားတော်၊ လိုပြည့်သော်ကား၊ ကော်ရော်နှစ်သက်၊ ငါ့လက်ထက်လည်း၊ တိုးတက်မည်သာ၊

ငါ့ဆရာဟု၊ သဒ္ဒါလေလေ၊ ညွှတ်ရိုသေလျက်၊ သရေခေတ္တရာ၊ အောင်ခြာတမွတ်၊ နဂိုထွတ်မှ၊ တောင်မြတ်အတာ၊ ရှေ့မျက်နှာ၌၊ ရှုသာဆိုင်းဆိုင်း၊ တန်တိုင်းဝန်းဆီး၊ လုံးကြီးသစ်ရှည်၊ အသည်တစ်ချောင်း၊ တန်ဆောင်းဓမ္မအိမ်၊ ရွှေသိမ်တကွ၊ ဗုဒ္ဓဓာတု၊ တောင်းဆုပြည့်လျှင်၊ ဓာတ်ရှင်များးစွာ၊ ဌာပနာသား၊ မင်္ဂလာစေတီ၊ မဟေသီနှင့်၊ အစီတလျဉ်၊ ကျောင်းစဉ်ရံပတ်၊ ရွှေထွတ်ရွှေတိုင်၊ ရိပ်မြိုင်သာဝှဲ၊  ပိန္နဲချိုမြက်၊ သရက်ထန်းအုန်း၊ ဂမုန်းဇီဇဝါ၊ မြည့သာသွယ်တင့်၊ ရွှေပွင့်စံကား၊ ချယားကံ့ကော်၊ တစ်ဖော်ပုန်းညက်၊ လိုက်ဖက်သရဖီ၊ စုံစီပန်းမျိုး၊ ဆေးရိုးဟာလိဒ္ဒါ၊ သိင်္ဂိဝေရ၊ မရိစတို့၊ ပည်းမျှုထူထပ်၊ ရှစ်ရပ်မှီတင်း၊ ရေတွင်းသန့်သက်၊ မြစ်ထက်လင်းကြည်၊ ချမ်းငြိမ်းတည်လျက်၊ မိုရည်မတင်၊ သဲချင်ချင်သား၊ မြေပြင်အထိပ်၊ ပြည့်သိပ်သံဃာ၊ များစွာ လယ်ကျေး၊ ဈေးလည်းနီးယှဉ်၊ ဉယျာဉ်နှစ်စုံ၊ သောင်းပုံခွန်ရ၊ ကျောင်းလှရွှေတောင်၊ ထက် ခေါင်စွင့်စွင့်၊ သုံးဆင့်သွန်းသွန်း၊ ရွှေနန်းတော်ဟန်၊ ကျောင်းဗိမာန်ကို၊ စိတ်သန်ကြည်ဖြူ၊ လှူတော်မူ၏။ ”–

ဟု စပ်ဆိုတော်မူခဲ့၏။

ဆရာတော်သည် သက္ကရာဇ် ၈၉၁–ခုနှစ်တွင် ဒါယကာ ဘုရင်ထွေးအား ဆုံးမတော်မူလိုသဖြင့် ဧကာဒသနိပါတ်တော်လာ သံဝရဇာတ်တော်ကို ဖွဲ့စီ၍ ‘ သံဝရပျို့ ’ ကို ရေးသားတော်မူသည်။ နိဂုံး၌–

“ သက္ကရာဇ်သချ်ာ၊ ရှစ်ရာအစ၊ နဝအလယ်၊ နှောင်းဆွယ်ဧကေ၊ လကားအာသဠ်၊ နေ့မှန်ဗုဒ္ဓဝါ၊ ပုဏ္ဏာပြည့်ညီ၊ တိထီဆန်းတက်၊ ဆယ့်ငါးရက်ဝယ်၊ ”–

ဟု ရေးစပ်ထားသောကြောင့် သက္ကရာဇ် ၈၉၁–ခု၊ ဝါဆိုလဆန်း ၁၅–ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရေးသားပြီးစီးကြောင်း သိရှိရပေသည်။

ဆရာတော်သည် ပြည်ဘုရင်ထွေးအား သံဝရမင်းသားနှင့် ပုံပြုခိုင်းနှိုင်းကာ စပ်ဆိုတော်မူပြီးလျှင် နိဂုံး၌လည်း “ ဆင်ဖြူရှင်သား၊ မင်းတရားကို၊ စိတ်ဖျားလိမ္မာ၊ ပွားစိမ့်ငှာလျှင်၊ ဤစာကျေးဇူးဆပ်သတည်း။ ”ဟု ဘုရင်ထွေးအတွက် ရည်ညွှန်းချက်တို့ကို တိကျစွာ ဖော်ပြစပ်ဆိုတော်မူလေသည်။

ဆရာတော်သည် အခြား ကဗျာလင်္ကာနှင့် ပတ်သက်၍ အဖွဲ့အနွဲ့ အသစ်တို့ကိုလည်း တီထွင်၍ ဖွဲ့ဆိုတော်မူခဲ့ပေသည်။ ပဒုမ္မာကြာဆိုနည်းရတု၊ မုတ္တာရွဲ့သီဆိုနည်းရတု၊ ပုလဲတစ်တန့် သန္တာတစ်တန့်ဆိုနည်းရတု၊ တောင့်တဲတွန့်ရတု၊ သန်လျက်ချနည်းရတု၊ ဝဲရိုက်ဝဲသွင်း ဆုံးမစာလင်္ကာ စသည်တို့မှာ ဆရာတော်သျှင်မဟာရဋ္ဌသာရ၏ တီထွင်မှုများ ဖြစ်ပေသည်။

ဆရာတော်ရေးသားခဲ့သော စာပေများသည် ခေတ်အဆက်ဆက်၌ ထင်ရှားခဲ့သည်။ ပြည်သူတို့၏ စိတ်နှလုံးကို ယဉ်ကျေးသိမ်မွေ့စေခဲ့သည်။ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်ရန် ထွန်းပြတော်မူခဲ့သည်။ မြန်မာမှု မြန်မာ့ယဉ်ကျေးမှု၏ ပင်မဖြစ်သော စာပေရေးထုံးတို့သည်လည်း နှောင်းခေတ်ပညာရှင်တို့၏ အားကိုးရာ နည်းယူရာ ဖြစ်ခဲ့ပေသည်။ ကဝိလက္ခဏာသတ်ပုံကျမ်းကို ရေးသားသော စိန္တကျော်သူကလည်း–

“ ကဗျာကျမ်း၌လည်း အလွန်ရဲရင့်တော်မူထသော၊ ကြီးသောပညာလည်းရှိတော်မူထသော၊ အကြင်ရဋ္ဌသာရမည်သော မဟာထေရ်သည် ရှိ၏။ ထိုရဋ္ဌသာရမည်သော မဟာထေရ်၏ နည်းကို အမှီပြု၍ ကဝိတို့ မှတ်ရာဖြစ်သောကြောင့် ကဝိလက္ခဏာမည်သော သတ်ပုံထူးကို ဖွဲ့ဆိုပေအံ့။ ”–

ဟူ၍ မြတ်နိုးလေးစားစွာ နည်းခံခဲ့လေသည်။

ဤသို့ မြန်မာစာပေလောက၏ ရှေ့ဆောင်လမ်းပြ ကဝိတစ်ဆူ ဖြစ်တော်မူသော စာဆိုအကျော် သျှင်မဟာရဋ္ဌသာရဆရာတော်သည် သက္ကရာဇ် ၈၉၂–ခုနှစ်၊ သက်တော် ၆၂–နှစ်အရွယ်တွင် ပြည်မြို့၌ပင် ပျံလွန်တော်မူခဲ့ရှာလေသည်။ ဆရာတော်၏ ဖွားနှစ် လွန်နှစ်တို့ကို အကျဉ်း

သခင်ပအားဖြင့် မှတ်သားလွယ်ကူစိမ့်သောငှာ ဆရာတို့က–

“ ရဋ္ဌသာရ ၊ ခ တြန်း အငွ် ၊ ဖွားလတ်သက္ကရာ ။

စမ္မာ ဆိဒြ ၊ ဗသျှူးချ ၊ ပြောင်းကြွသက်ခန္ဓာ ။ ” –

ဟု စပ်ဆိုထားကြလေသည်။

ဆရာတော် ရေးသားသော ပျို့ ကဗျာ လင်္ကာအရပ်ရပ်တို့မှာ ဘူရိဒတ်လင်္ကာကြီး၊ စတုဓမ္မသာရကိုးခန်းပျို့၊ သံဝရပျို့၊ ဂမ္ဘီသာရပျို့၊ ‘ ကြားပိမ့်နတ်ရှင် ’ ချီ တန်တားဦးမင်္ဂလာစေတီတော်မော်ကွန်း၊ ‘ သုံးဆယ့်နှစ်ပါး ’ ချီ တန်တားဦးမင်္ဂလာစေတီတော်မော်ကွန်း၊ ပုံတောင်နိုင်မော်ကွန်း၊ ဝတ်ရုံကျောင်းဖွဲ့မော်ကွန်း၊ မင်္ဂလာအောင်ပွဲတော် ရဲရည်တက်မော်ကွန်း၊ ရတနာပူရမြို့တည်မော်ကွန်း၊ မိတ္ထိလာကန်တော်ဖွဲ့မော်ကွန်း၊ ရွှေစက်တော်သွား တောလားလင်္ကာ၊ ဝဲရိုက်ဝဲသွင်းသုံးမစာလင်္ကာ၊ ဘုရင့်ထံပေး မေတ္တာစာများ၊ ကျောင်းသားသာမဏေတို့အား ဆုံးမစာလင်္ကာ၊ မင်းကြီးသီရိသင်္ခယာသို့ပေး မေတ္တာစာများ၊ သျှင်မဟာသီလဝံသ၏ အမေးကို ဖြေဆိုသောရတု၊ ဝန်တောင်လယ်ဘုန်းတော်ကြီးအား မေးလျှောက်သည့်ရတု၊ ရာဇဝသတီခန်းရတု၊ မုတ္တာရွဲသီရတု၊ ပုလဲတစ်တန့် သန္တာတစ်တန့် ရေးနည်းရတု၊ နဝဘာအင်းဆိုနည်းရတု၊ ပဒုမ္မာကြာဆိုနည်းရတု၊ တောင်တဲတွန့်ရတု၊ သိကြားတိုင်ရတု၊ ဘုရားတိုင်ရတု၊ မယ်ဘွဲ့ရတုနှင့် ကိုယ်ရည်သွေးရတုစသည်တို့ ဖြစ်ပေသည်။

**(ကျမ်းကိုး)** စတုဓမ္မသာရကိုးခန်ပျို့နှင့် နိဒါန်း၊ သံဝရပျို့နှင့် နိဒါန်း၊ မှန်နန်းရာဇဝင်တော်ကြီး– ပထမတွဲနှင့် ဒုတိယတွဲ၊ သာလွန်မင်းအမေးတော်ပုံကျမ်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်း၊ မြန်မာစာညွန့်ပေါင်းကျမ်း– ပထမတွဲ၊ ပေါရာဏကထာကျမ်း၊ ကဗျာ့ပန်းကုံး၊ ဆုံးမစာပေါင်းချုပ်၊ ကဝိလက္ခဏာဒီပနီ၊ သာသနာလင်္ကာရစာတမ်း၊ ပိဋကတ်သမိုင်းစာတမ်း၊ မြန်မာစာပေသမိုင်း၊ ဂမ္ဘီသာရပျို့ဋီကာ၊ ကဗျာသာရ၊ ၁၉၆၈–ခု၊ ဇူလိုင်လထုတ် ငွေတာရီမဂ္ဂဇင်းမှ ရွှေကိုင်းသား၏ ‘ စစ်ကိုင်းအင်းဝမှ သျှင်မဟာရဋ္ဌသာရ၏ သမိုင်းဝင်ဌာနများ’ ဆောင်းပါး၊ တက္ကသိုလ်ဝင်းမွန်၏ ‘ သျှင်မဟာရဋ္ဌသာရ၏ စာပေအထွေထွေ ’ ဆောင်းပါး၊ နိုင်ပန်းလှ၏ ‘ မွန်မြန်မာစာဆို ’ ဆောင်းပါး၊

## သျှင်အဂ္ဂသမာဓိ (၈၄၁–၉၁၄)

စာဆိုတော် သျှင်အဂ္ဂသမာဓိကို ဒုတိယမင်းခေါင် အင်းဝမြို့၌ နန်းစံသော သက္ကရာဇ် ၈၄၁–ခုနှစ်တွင် ဒီပဲယင်းမြို့ (ယခု တပယင်းမြို့) တောင်ဘက် ခရီးငါးတိုင်ခန့်အကွာ ကန်ဖျားရွာ၌ ဖွားမြင်ခဲ့သည်။ ဆရာတော်မွေးဖွားသော သက္ကရာဇ်နှင့် စပ်လျဉ်း၍ အမျိုးမျိုး ဝိဝါဒကွဲပြားရာ အရပ်ရပ်ကျမ်းဂန်တို့ကို ထောက်ဆ၍ ထိုသက္ကရာဇ်ကို အတည်ပြုရေးသားရခြင်း ဖြစ်ပေသည်။

သျှင်အဂ္ဂသမာဓိ၏ ငယ်နာမည်မှာ မောင်နိုး ဖြစ်သည်။ နံတော်ကား တနင်္ဂနွေသား တည်း။ ဘွဲ့မည်ရင်းကို သျှင်အဂ္ဂသမ္မောဓိဟု မှည့်ခေါ်ထားသော်လည်း ပတ်ဝန်းကျင် ရဟန်းသျှင်လူ တို့က သျှင်အဂ္ဂသမာဓိဟု ခေါ်ဝေါ်လာကြရာမှ တွင်ကျယ်လာခဲ့ခြင်း ဖြစ်သည်။

သျှင်အဂ္ဂသမာဓိ၏ ခမည်းတော်ကား နတ်မောက်မြို့စားရိုး ဖြစ်သည်။ ပုဂံမှ ဆက်နွယ်လာခဲ့သည်။ ဆရာတော်၏ ဘိုးဘေးစဉ်ဆက်များသည် မှူးမတ်တို့၏ အစီးအနင်း အဆောင်အယောင်တို့ဖြင့် ခံစား၍ ကျော်ကြားခဲ့ကြသော မှူးကောင်း မတ်ကောင်းများ ဖြစ်ကြ ပေသည်။

ခမည်းတော် နတ်မောက်မြို့စားကြီးသည် တောင်တွင်းကြီးတိုက်ပွဲတွင် လက်ရုံးရည် အစွမ်းဖြင့် ချေမှုန်းသုတ်သင်နိုင်သဖြင့် ' ဘယကျော်သူ ' ဘွဲ့ဖြင့် ချီးမြှောက်ခြင်း ခံရသည်။ သံလွင်စည်၊ ရတနာစလွယ်၊ ထီး၊ ရွှေက၊ အိုးပျစ်စသော အဆောင်အယောင်များကိုလည်း အသနားတော်မြတ် ခံရသည်။ ရွှေနန်းကြော့ရှင် ဘုရင်နရပတိလက်ထက်၌ တိုက်ပွဲတိုင်းတွင် အောင်ပွဲအဆင့်ဆင့် ဆင်နွှဲနိုင်သဖြင့် အလွန်ကျော်စော ထင်ရှားသူ ဖြစ်လေသည်။

သျှင်အဂ္ဂသမာဓိ အရှင်မြတ်သည် အထူးသဖြင့် ကဗျာလင်္ကာတို့၌ ဝါသနာထက်သန်သူ ဖြစ်၏။ ငယ်စဉ်ကပင် ကဗျာစီကုံးမှု၌ အားပြုကြိုးစားခဲ့သည်။ ဆရာတော်ကိုယ်တိုင်လည်း နေမိငရဲခန်း နိဂုံးတွင် " ရေးကလည်းပါ၊ ဝါသနာကြောင့်၊ လင်္ကာစီဖြစ်၊ နေမိဇာတ်ကို၊ " ဟူ၍ မိမိ ဝါသနာရပ်ကို တင်ပြဖော်ကျူးခဲ့၏။ ကဗျာလင်္ကာကို ဆရာတော်သာ မဟုတ်။ ဆရာတော်၏ ခမည်းတော်ကြီး ဘယကျော်သူလည်း ဝါသနာပါလှသည်။ ငယ်စဉ် ရဟန်းပျိုဘဝကဆိုလျှင် မိမိရေးသားစီကုံးသော ကဗျာလင်္ကာများကို ခမည်းတော်ကြီးအား ရွတ်ဖတ်၍ ပြလေ့ရှိသည်။ ခမည်းတော်ကြီးကလည်း သားရဟန်း၏ ဉာဏ်စွမ်းကို ချီးကျူးလျက် ကြည်နူးမဆုံး ဖြစ်ခဲ့ပေသည်။

သက္ကရာဇ် ၈၈၆–ခုနှစ် ရွှေနန်းကြော့ရှင် နရပတိလက်ထက်တွင် မိုးညှင်းစလုံ၏သား သိုဟန်ဘွားနှင့် တောက်ပလူတွင် စီးချင်းတိုက်ခိုက်ရာ ဘယကျော်သူက ရဲမြတ်လှဟူသော ဆင်တော် နှင့် တိုက်ခိုက်သည်။ ထိုအခါ မိုးညှင်စလုံ၏တူ စမော်ခန်းက ဝင်ရောက်ကူညီ သောကြောင့် ဆင်ထက်မှ ကျဆုံးခဲ့ရရှာသည်။ ထို့ကြောင့် သက္ကရာဇ် ၉၀၄–ခုနှစ်တွင် နေမိဘုံခန်းပျို့ ကိုစပ်ဆိုပြီးသောအခါ၌ ငယ်စဉ်က အဖြစ်သနစ်တို့ကို ပြန်ပြောင်း အောက်မေ့လျက် နေမိဘုံခန်းကို မကြားနိုင်တော့ပြီဖြစ်သော ခမည်းတော်ကြီးအား တမ်းတမိကြောင်းကို –

> " မွေးဖခင်တည့်၊ တွေ့မြင်မျက်စိ၊ ယခုရှိ၍၊ နေမိဘုံခန်း၊ ကျမ်းထွေဆန်းကို၊ ရှုန်းရှုန်း ထွေပြား၊ မကြားပရ၊ ဆိုတောင့်တ၏၊ ငယ်ကဖြစ်၍၊ ရေးကျွမ်းငွေ့ကို၊ အောက်မေ့ဆဲဆဲ၊ ဝမ်းတို့ကွဲစွ၊ "–

ညည်းညူဖွဲ့ဆိုခဲ့ရှာသည်။

သက္ကရာဇ် ၈၈၈–ခုနှစ်တွင် အင်းဝပြည်ကြီး ပျက်စီးတိမ်းယိမ်းခဲ့၏။ ထို့ကြောင့် သျှင်အဂ္ဂသမာဓိသည် မြေတူးမြို့သို့ ကြွရောက်ခဲ့ရ၏။ ဆရာတော် မြေတူးမြို့သို့ ရောက်ရခြင်းမှာ မိုးညှင်းစလုံက အင်းဝမှ အပြန်တွင် ပင့်ဆောင်သွားပြီး မြေတူးမြို့၌ ကိုးကွယ်ထားသည်ဟုလည်း ဆိုသည်။ ကဗျတ္ထစန္ဒိကာကျမ်း၌ မိုးညှင်းစလုံနှင့် သားအဖတို့က ပင့်ဆောင်၍ ဧရာဝတီမြစ်မြောက် ဘက် တပယင်းမြို့တွင် ကိုးကွယ်သည်ဟုလည်း ဆိုပြန်သည်။

ဆရာတော်သည် မြေတူးမြို့သို့ ရောက်ရှိသည်တွင် ယွန်းပြည်မှ လောကီ လောကုတ္တရာ အဖြာဖြာနှင့် ပြည့်စုံသော ဆရာတော်တစ်ပါးနှင့် တွေ့ကြုံရသည်။ ထိုယွန်းဆရာတော်သည် သျှင်အဂ္ဂသမာဓိ၏ အရည်အချင်းကို မြတ်နိုးယုံကြည်တော်မူသဖြင့် သုဝဏ္ဏသာမဇာတ်တော်ကြီးကို လင်္ကာဖွဲ့ဆိုပါရန် တိုက်တွန်း တောင်းပန်လေသည်။ ဤသည်ကိုရည်၍ သုဝဏ္ဏသျှံသစ္စာခန်းနိဂုံး၌–

"နဂိုရ်ပြည်မ၊ ရွှေအင်းဝတွင်၊ ရေးကစာဟောင်း၊ မနာတောင်းလည်း၊ ရှားစောင်းတစ်ခွက်၊ ပျားတစ်စက်သို့၊ လိုက်ဖက်မသင့်၊ ကျင့်တင့်စကား၊ နားလည်းမဝင်၊ ရှိသည်မြင်သော်၊ ကျော်ထင်ဝန်းလည်၊ ယွန်းမင်းပြည်က၊ မည်ရည်လကောက်၊ ပူဇော်ရောက်သား၊ စွယ်ရောက်ညီစွာ၊ မြတ်ဆရာလျှင်၊ စိတ်ဖြာကြံစည်၊ ပညာရည်ကြောင့်၊ သာကြည်လှုလှု၊ တောင်းပန်ပြုသော်၊"

ဟု ရေးဖွဲ့ထားလေသည်။

ထိုဆရာတော်၏ တိုက်တွန်းတောင်းပန်ချက်ဖြင့် 'မဟာပဝရ၊ ရေးပုညဖြင့်၊' အစချီ သုဝဏ္ဏသျှံသူဌေးခန်းကိုလည်းကောင်း၊ 'ထိုတုံသရော်၊ တပည့်တော်တို့၊' အစချီ သုဝဏ္ဏသျှံလေးပစ်ခန်းကိုလည်းကောင်း၊ 'မဟာသမ္မတ၊ ဝံသနွယ်ရိုး၊' အစချီ သုဝဏ္ဏသျှံသစ္စာခန်းကိုလည်းကောင်း မြေတူးမြို့မှာပင် ရေးသားစီကုံးလေသည်။ ဤသို့ သုဝဏ္ဏသာမဇာတ်တော်ကြီးကို သုံးခန်းခွဲ၍ ပြုစုခဲ့ရာ စာပြီးနှစ်ကို "ပြီးတုံသနစ်၊ သက္ကရာဇ်လည်း၊ ရှစ်ရာ့ရှစ်ဆယ်၊ ကိုးခုဆွယ်လျက်၊" ဟု ဖွဲ့ဆိုထားသောကြောင့် ၈၈၉–ခုနှစ်တွင် ပြီးစီးကြောင်း သိရှိရလေသည်။

ဆရာတော်သည် သုဝဏ္ဏသျှံပျို့လင်္ကာကြီးကို ရေးသားရာ၌ မိမိကိုယ်ကို ဝင့်ဝါ၍ ရေးသားထားသည် မဟုတ်ပေ။ ယွန်းဆရာတော်ကြီး တောင်းပန် တိုက်တွန်းသောကြောင့်သာ ကျွမ်းကျင်သည် မဟုတ်သော်လည်း ရေးသားဖွဲ့စီပါကြောင်းဖြင့် "ရွယ်နုထွားထွား၊ တပည့်သားလည်း၊ များများဖွဲ့စာ၊ မကျွမ်းပါလျက်၊ သာယာပုံ့ပျူး၊ လင်္ကာကျူးသည်၊ " ဟူ၍ နှိမ့်ချရေးသားအပ်လေသည်။

သုဝဏ္ဏသာမဇာတ်တော် လင်္ကာများကို ရေးသားပြီးစီးချိန်ဝယ် မိုးညှင်းစလုံတို့ သားအဖသည် အင်းဝနေပြည်တော်သို့ ချီတက်တိုက်ခိုက်ကြသဖြင့် ရွှေနန်းကြော့ရှင် နရပတီတိုက်ပွဲကျသောကြောင့် သိုဟန်ဘွားကို အင်းဝရွှေနန်းတွင် တင်ကာ စီရင်ဖွယ်များကို ပြုလုပ်ပြီးနောက် မြေတူးမြို့သို့ ပြန်လည်ရောက်ရှိချိန် ဖြစ်၏။ သက္ကရာဇ် ၈၈၉–ခု၊ သီတင်းကျွတ်လဆန်း သုံးရက်၊ သောကြာနေ့ နံနက်အချိန်တွင် မိုးညှင်းစလုံကြီးသည် ဇနပုဒ်တိုင်းကားမှ အမတ်ဗိုလ်ပါများနှင့် အတူ နန်းတော်ရှေ့ ရင်ပြင်တွင် လက်ဝှေ့ကျွမ်းသတ်ပွဲကို ရှုစားနေချိန် ဖြစ်လေသည်။

ထိုအချိန်တွင် မိုးညှင်းစလုံကြီးသည် ဆရာတော်၏ သုဝဏ္ဏသျှံလင်္ကာခန်းကို ကြားနာရသဖြင့် ကြည်ညိုသဒ္ဓါ ပွားတော်မူ၏။ မင်း မိဖုရား နှစ်ပါးလုံးကပင် ဆရာတော်အား အထူးအားဖြင့် ဆည်းကပ်ကိုးကွယ်တော်မူကြသည်။ ငရဲခန်းပျို့ နိဂုံး၌လည်း–

"စလုံမင်ဖျား၊ မင်းတရားလည်း၊ ဘုရားအတူ၊ မှတ်တော်မူ၏၊ ဆုယူကြင်ဖက်၊ ဘုန်းချင်းယှက်က၊ ချစ်သက်မြဲအောင်၊ စီးပွားဆောင်လျက်၊ ရွှေရောင်ညီးညီး၊ ကမ္ဘုထီးနှင့်၊ ဘုံသီးတစ်ခြား၊ မိဖုရားလည်း၊ ငါးပါးဝန္ဒနာ၊ ကြည်ညိုစွာ၏၊ " –

ဟု ရေးပြု ဖွဲ့ဆိုခဲ့၏။ ဤသို့ ကြည်ညိုလေးမြတ်တော်မူကြသဖြင့် ဆရာတော်အား 'ပိဋကတ္တယဝိနယဓရ ' ဟူသော ဘွဲ့ကိုလည်း ချီးမြှင့် ဆက်ကပ်ကြလေသည်။

မိုးညှင်းစလုံကြီးနှင့် မိဖုရားတို့သည် မိမိတို့အတွက် ရည်ညွှန်း၍ စာပေများကို ရေးသားဖွဲ့ဆိုစေချင်ကြသည်။ တစ်ခါက ယွန်းဆရာတော် တောင်းပန်သောကြောင့် ပျို့အခန်းခန်းကို ရေးစပ်ခဲ့သည်။ ယခု ဒကာအရင်းများအတွက်ကိုမူ စာပေတတ်ပွန်ပါလျက် မဖွဲ့စီရကောင်းလားဟု မျက်ကွယ်၌ ဆရာတော်အား အပြစ်တင်သကဲ့သို့ ပြောကြားကြ၏။ ထို့ကြောင့် ဆရာတော်သည် စလုံကြီးအား ရည်ရွယ်၍ တစ်ကြောင်း၊ ဝါသနာအရပင် ဖွဲ့နွဲ့လိုသည်က တစ်ကြောင်း၊ ရဟန်းသျှင်လူတို့ ကြားနာစိမ့်သောငှာ တစ်ကြောင်းကြောင့် နေမိဇာတ်တော်ကြီးကို ရေးသား

ဖွဲ့ဆိုတော်မူလေသည်။ ထို့ကြောင့်ပင် နေမိငရဲခန်းပျို့ နိဂုံး၌လည်း–

"ရောင်ဝါဝင်းဝင်း၊ လင်းလင်းဝေးနီး၊ ညီးရရီးသား၊ ဇနီးမကွေ၊ မင်းနှစ်ဆွေတို့၊ ဆိုလေအရာ၊ နာလိုစွာလျက်၊ ဆရာကြည်ညွတ်၊ စာပေတတ်က၊ မြတ်ထွတ်ဘိသည်၊ ပုဂ္ဂိုလ်ရည်လျက်၊ ဘယ်မည်စာပေ၊ မဖွဲ့လေဟု၊ မချေနူတ်နက်၊ ငေါ်တငက်တည့်၊ သံမျက်မချို၊ မျက်လျှင်လိုသို့၊ တို့ကိုကွယ်ပြင်၊ အပြစ်တင်လည်း၊ သျှင်သျှင်လူလူ၊ နာစိမ့်ဟူ၍၊ လွယ်ကူမရ၊ ဖြစ်ဖူးလှသား၊ ရေးကလည်းပါ၊ ဝါသနာကြောင့်၊ လင်္ကာစီဖြစ်၊ နေမိဇာတ်ကို၊ " –

ဟူ၍ ဖွင့်ဆို လှစ်ပြတော်မူခဲ့သည်။

သို့ရာတွင် မိုးညှင်းစလုံကြီးသည် ဆရာတော်၏ နေမိဇာတ်တော်ပျို့များကို ကြားနာ၍ မသွားရရှာပေ။ သက္ကရာဇ် ၈၉၄–ခုနှစ်တွင် စလုံကြီးသည် အင်းဝသို့ စုန်၍ သားသိုဟန်ဘွားကို ခေါ်ပြီးလျှင် ပြည်မြို့သို့ သွားရောက်တိုက်ပွဲဆင်လေသည်။ ပြည်မြို့မှ အပြန်တွင် သိုဟန်ဘွားကို အင်းဝ၌ ထားခဲ့၍ မိုညှင်းသို့ ဆန်တက်ခဲ့၏။ မြေတူးမြို့အလွန်တွင် အတွင်းရှမ်း၊ အပြင်ရှမ်းတို့ အချင်းများရာမှ ကျွန်အမတ်တို့ လုပ်ကြံသဖြင့် စလုံကြီး အနိစ္စရောက်ရသည်။ ဆရာတော်၏ နေမိငရဲခန်းပျို့မှာကား သက္ကရာဇ် ၉၀၀–ပြည့်ရောက်မှ အဆုံးသတ် ပြီးစီးခဲ့သည်။ ထို့ကြောင့် စလုံမင်းမှာ ဆရာတော်၏ စေတနာအတုံ့ကိုမျှ ခံယူမသွားရရှာပေ။

ခမည်းတော်စလုံမင်း မရှိသည့်နောက် သားသိုဟန်ဘွားမင်းသည် စိတ်ထင်တိုင်း ပြုကျင့်၍ မြန်မာ့လက်နက်နိုင်ငံ အင်းဝ ပုဂံစသည်တို့ကို ဖျက်ဆီးပစ်လေသည်။ ဤသို့ ခေတ်ဆိုးကာလဆိုးနှင့် ကြုံကြိုက်နေရသဖြင့် ဆရာတော်သျှင်အဂ္ဂသမာဓိသည် အလွန်ပင် စိတ်ပျက်ရှာပေသည်။ မိမိရေးသား စပ်ဆိုထားသော စာများမှာလည်း ကျော်ကြားနိုင်ခြင်း မရှိခဲ့။ ခေတ်ကာလ ပျက်စီးနေသဖြင့် ဘုရားဟော စာပေကျမ်းဂန်တို့ကိုလည်း ကောင်းမွန်စွာ ပို့ချရခြင်း မရှိပေ။ ဘုမသိဘမသိ အမြင်မှား အယူမှား ဖြစ်နေသော ကံထူးပြည်တွင် ပတ္တမြားကိုပင် ဆန်ခြင်သော ခွက်ဖလားလောက်သာ အဖိုးထားသကဲ့သို့ အကောင်းအဆိုးကို မခွဲခြားတတ်သော ခေတ်ကြီးနှင့် ကြုံကြိုက်နေရလေသည်။ အကယ်၍ ရစ်ပတ်ချည်နှောင်ထားသော ကြိုးသာ ဖြစ်ဘိမူ ဓားဖြင့် လွှားလွှားစဉ်အောင် ဖြတ်ချင်မိတော့သည်။ ဤကြိမ်းဝါးချက်ကို အောက်ပါအတိုင်း ရေးသွင်း ဖွဲ့ဆိုခဲ့သည်။

"ရွှေပြည်အင်းဝ၊ ပုဂံစသား၊ မြန်မာ့လက်နက်၊ ပျက်သောအခါ၊ ကြိုက်ဘိပါ၍၊ ငါ့စာမကျော်၊ ငါတုံသော်လည်း၊ ရှင်တော်ဟောရွတ်၊ ပိဋကတ်ကို၊ နှုတ်မှတ်ခံနား၊ တပည့်သားအား၊ တည်ကြားနိစ္စ၊ မသင်ရတည့်၊ ဘုဘမသိ၊ ဒိဋ္ဌိဝင်ကျိုး၊ နှလုံးယွင်းဖီ၊ ကံထူးပြည်ဝယ်။ မွန်ရည်ကောင်းဖျား၊ ပတ္တမြားကို၊ ဖလားဆန်ခွက်၊ အဖိုးတွက်သို့၊ နှိုင်းချက်လေဟန်၊ တို့ရှင်မွန်လည်း၊ လွန်ရှာစနိုး၊ ကာလဆိုးကို၊ ကျိုးတပြီးကား၊ သံရှင်ဓားဖြင့်၊ လွှားလွှားစဉ်ကျ၊ ဖြတ်ချင်လှ၏။"

ဆရာတော်သည် ပြည်ထဲရေး မငြိမ်သက်မှုကြောင့် စိတ်မချမ်းမြေ့သော်လည်း ဝါသနာအရ ကဗျာလင်္ကာ ဖွဲ့စီသီကုံးရင်းဖြင့် ဖြေသိမ့်တော်မူခဲ့သည်။ နောင်အခါတွင် မိမိမွေးဖွားရာ နယ်မြေဖြစ်သော ဒီပဲယင်းမြို့သို့ ကြွရောက်၍ တပည့်စာသင်သားတို့အား စာပေပို့သ နေတော်မူခဲ့၏။ ထိုအချိန်တွင် နေမိဘုံခန်းကြီးကို စပ်ဆိုတော်မူရာ သက္ကရာဇ် ၉၀၄–ခုနှစ်၊ တပေါင်းလတွင် ပြီးစီးခဲ့လေသည်။

ဤသို့ဖြင့် ဆရာတော်သည် အင်းဝမြို့တွင် စည်သူကျော်ထင် နန်းတက်ပြီးနောက် တစ်နှစ်အကြာ သက္ကရာဇ် ၉၁၄–ခုနှစ်တွင် သက်တော် ၇၃–နှစ် အရွယ်၌ ပျံလွန်တော်မူခဲ့လေသည်။

ဆရာတော်ပြုစုခဲ့သော စာများမှာ သုဝဏ္ဏသျှံ သူဌေးခန်းပျို့၊ သုဝဏ္ဏသျှံ မြားမှန်ခန်းပျို့၊ သုဝဏ္ဏသျှံ သစ္စာခန်းပျို့၊ ထိုသုံးစောင်မှာ ၈၈၉–ခုအတွင်း ပြီးသည်။ နေမိနိက္ခမခန်းပျို့(၈၉၇)၊ နေမိငရဲခန်းပျို့(၉၀၀)၊ နေမိဘုံခန်းပျို့ (၉၀၄) တို့ ဖြစ်ပေသည်။

**(ကျမ်းကိုး)** နေမိဘုံခန်းပျို့ နိဒါန်းမှ သျှင်အဂ္ဂသမာဓိ အတ္ထုပ္ပတ္တိ၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာစာညွန့်ပေါင်းကျမ်း–ပထမတွဲ၊ မြန်မာစာပေသမိုင်း၊ ပိဋကတ်သမိုင်းစာတမ်း၊ ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်း၊

## သျှင်တေဇောသာရ ( ၈၅၀ ခန့်–၉၁၀ ခန့် )

အင်းဝရွှေနန်းကြော့ရှင် ဘုရင်နရပတိလက်ထက် စာပြုစာဆို အကျော်တစ်ပါးဖြစ်သော ဆရာတော် သျှင်တေဇောသာရသည် အင်းဝမြို့တွင် မွေးဖွား သန့်စင်တော်မူ၏။ မိဘမည်ရည်နှင့် ငယ်မည်တော်စသည်တို့ကို ခိုင်ခန့်သော အမှတ်အသား မတွေ့ရပေ။

သျှင်တေဇောသာရသည် စာဆိုအကျော် သျှင်မဟာရဋ္ဌသာရ၏ တပည့်ရင်းဖြစ်၍ ကျောင်းသားဘဝမှ သာမဏေဘဝ၊ ရဟန်းဘဝတိုင်အောင် အခြေခံစာပေများနှင့် ပျို့၊ကဗျာ၊ လင်္ကာ၊ မော်ကွန်းစသော အနုစာပေများကိုလည်းကောင်း၊ ပါဠိ အဋ္ဌကထာစသော လောကုတ္တရာ စာပေများကိုလည်းကောင်း သင်ကြားတတ်မြောက်တော်မူသည်။ သျှင်တေဇောသာရ ကိုယ်တိုင်ကလည်း ဆရာတော် သျှင်မဟာရဋ္ဌသာရထံမှ စာပေနည်းခံတော်မူကြောင်းကို ရွှေဟင်္သာမင်းပျို့ နိဂုံး၌–

“လေးကျွန်းမှန်ကင်း၊ တောင်ခပင်းတွင်၊ ကြီးမင်းမြင့်ခေါင်၊ မြင်မိုရ်တောင်၏၊ ယပ်စောင်မီခို၊ ယုဂန္ဓိုရ်နှင့်၊ နှိုင်းဆိုလိုက်လျော်၊ ကြားသိခေါ်သည်၊ တေဇော်သာရ၊ သာဝကလျှင်၊ ပုဗ္ဗကဝိ၊ ကြားလွှံ့သိသား၊ ခေါင်ထိဆရာ၊ ရဋ္ဌသာမှ၊ နည်းနာရမြောက်၊ တောင်ကိုဖောက်သည်၊ စိန်ကျောက်အလား၊ သွေး၍ထားသား၊ အသွားထက်မြက်၊ ဉာဏ်သန်လျက်ဖြင့်၊ ”–

ဟု ရေးသား ဖွဲ့ဆိုကာ မိမိဆရာ၏ ဂုဏ်ကိုလည်း ထည့်သွင်းဖော်ပြထားလေသည်။

သက္ကရာဇ် ၈၇၁–ခုနှစ်တွင် သျှင်တေဇောသာရသည် ရွှေဟင်္သာမင်းပျို့ကို ရေးသား စပ်ဆိုတော်မူသည်။ ဆရာတော်သည် ထိုပျို့ကို ရေးစပ်သည်မှာ အကြောင်းရှိပေသည်။ ထိုခေတ်အခြေအနေကို သုံးသပ်ဆင်ခြင်ကြည့်လျှင် ရွှေနန်းကြော့ရှင် ဘုရင်နရပတိအား နိုင်ငံတွင်းမှ မြို့စားတို့ အကြိမ်ကြိမ် ပုန်ကန်ထောင်ထားလျက် ခြားနားနေကြသည်။ ထို့ပြင် ဘိုးတော်ညီတော်စသော မင်းဆွေစိုးမျိုးထဲကပင် ဘုရင့်သစ္စာတော်ကို စောင့်သိရိုသေခြင်း မရှိကြ။ မှူးကြီးမတ်ကြီး အမှုထမ်း အရာထမ်းစသော လက်အောက်ကျေးကျွန်များမှာမူ သာ၍ပင် ဆိုးနေချေသေးသည်။

ဤသို့ ပြည်တွင်းဆူပူသောင်းကျန်းမှုကို အခွင့်ကောင်းယူ၍ မိုးညှင်းစလုံနှင့်သိုဟန်ဘွားတို့အရေးကလည်း တစ်နေ့တစ်ခြား ကြီးလေးလာခဲ့သည်။ ထိုအချိန်တွင် မျိုးချစ်စိတ် ထက်သန်၍ လူမျိုးရေး၊ ဘာသာရေး၊ သာသနာရေးတို့၌ တိုးတက်ပြန့်ပွားမှုကို အလိုရှိသော ဆရာတော်သျှင်တေဇောသာရသည် “ စူဠဟံသဇာတ်တော်လာ စစ်သူကြီး သုမုခသည် တိရစ္ဆာန်ပင် ဖြစ်လင့်ကစား အရှင်သခင်ဖြစ်သော ဓတရဋ္ဌရွှေဟင်္သာမင်း၏ ကျေးဇူးသစ္စာတော်ကို စောင့်သိ ရိုသေသေး၏၊ လူတို့မှုကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း၊ ”ဟူ၍ မင်းနရပတိ၏ မြို့စား ရွာစား ဆွေတော်မျိုးတော် မှူးမတ်ကျေးကျွန်တို့ သန္တာန်၌ ကိန်းအောင်းလာအောင် သတိပေးသော အနေအားဖြင့် သွယ်ဝိုက်၍ ရေးသားစပ်ဆိုခြင်း ဖြစ်လေသည်။

ဆရာတော် သျှင်တေဇောသာရက ဘယ်သို့ပင် သတိပေး၍ ရေးသားပါသော်လည်း မင်းဆွေစိုးမျိုး မှူးမတ်စသည်တို့မှာ အသိတရား မရနိုင်ကြပေ။ ထို့ကြောင့် တစ်နိုင်ငံလုံး စည်းလုံးမှု ပျက်ပြားလာကာ ဝါးအစည်း ပြေသကဲ့သို့ တဖြည်းဖြည်း ကစဉ့်ကလျား ဖြစ်လာသည်။ ရွှေဟင်္သာမင်းပျို့ကို ရေးသားစပ်ဆိုပြီးနောက် ၁၇–နှစ်အကြာ “ ဂငယ်သုံးခု ဥသျှစ်ထု ”ကိန်းနှင့် ကြုံကြိုက်ချိန်ဝယ် ရတနာပူရ အင်းဝရွှေမြို့တော်ကြီးကို မိုးညှင်းစလုံနှင့် သား သိုဟန်ဘွားတို့၏ သိမ်းပိုက်ခြင်းကို ခံရလေတော့သည်။

ထိုအခါ သာသနာရောင်မှေးမှန်၍ အန္တရာယ်များလည်း ပေါ်ပေါက်လာသည်။ ထိုအချိန်တွင် ကန္နီမြို့စား သီရိဇေယျနော်ရထာ၏ တောင်းပန်ချက်အရ ခေတ်နှင့် ကိုက်ညီဆီလျော်ဖွယ်ရှိသော ‘ ပြာဒ်ိုဟာခန်းပျို့ ’ ကို သက္ကရာဇ် ၈၉၈–ခုနှစ်တွင် ရေးသားစပ်ဆိုလိုက်သည်။ အဆိုပါ

မြို့စားမင်း တောင်းပန်သောကြောင့် ထိုပျို့ကို ရေးစပ်ကြောင်းကိုလည်း –

"ပြောင်ပြောင်ထွန်းညီ၊ ကြားလွှံ့ဘိသည်၊ သိရိဇေယျာ၊ နော်ရထာဟု၊ ပညာကျော်ဟိုး၊ ကန္နီစိုးသား၊ တန်ခိုးထွန်းညီး၊ အမတ်ကြီးလျှင်၊ ကြည်သီးစေတနာ၊ ချစ်မေတ္တာဖြင့်၊ သဒ္ဒါပြင်းထန်၊ ခွင့်တောင်းပန်သော်၊ "–

ဟူ၍ ပျို့နိဂုံး၌ စပ်ဆိုထားခဲ့လေသည်။

ဤသို့ သက္ကရာဇ် ၈၈၈–ခုနှစ်တွင် အင်းဝပြည်ကြီး ပျစ်စီးတိမ်းယိမ်းပြီးနောက် ဆရာတော် သျှင်တေဇောသာရသည် မည်သည့်အရပ်ဒေသို့ ကြွရောက်နေထိုင်သည်ဟု မတွေ့ရပေ။ မြန်မာစာပေသမိုင်း၌ကား "အင်းဝမြို့မှ အသက်မသေ ကျန်ရှိသော ရဟန်းတော်များသည်လည်း တောင်ငူသို့ တစ်လီ၊ ပြည်သို့ တစ်ပိုင်း၊ စစ်ကိုင်းသို့ တစ်ဝ ပြေးအောင်း ခိုဝင်နေကြရသည်တွင် သျှင်တေဇောသာရလည်း ပြည်သို့ စုန်ဆင်းလေသည်။ " ဟူ၍ ရေးသားထား၏။ သို့ရာတွင် ခိုင်မာသော အမှတ်အသား အတိအကျ မရှိပေ။

အထက်ဖော်ပြပါ ပြာဠိုဟာခန်းပျို့ကို သက္ကရာဇ် ၈၉၈–ခုနှစ်တွင် ကန္နီမြို့စားက တောင်းပန်၍ ရေးသည်ဆိုသောကြောင့် ဆရာတော်သည် အင်းဝမြို့မှ တိမ်းရှောင်နေငြားသော်လည်း အထက်အညာပိုင်း ရတနာပူရအင်းဝမြို့နှင့် အနီးမှာပင် သီတင်းသုံးနေခြင်း ဖြစ်တန်ရာပေသည်။

ဆရာတော် သျှင်တေဇောသာရသည် သိုဟန်ဘွားမင်း၏ အုပ်ချုပ်မှုကို မနှစ်သက်သည်က တစ်ကြောင်း၊ ဓညဝတီရခိုင်ပြည်ရှိ မဟာမြတ်မုနိဘုရားကို ဖူးမြင်လိုသည်ကတစ်ကြောင်းကြောင့် သိုဟန်ဘွားတို့ စေလွှတ်လိုက်သော သံတမန်များနှင့်အတူ ရခိုင်ပြည်သို့ လိုက်သွားဖူးကြောင်း အမှတ်အသားများ ရှိပေသည်။ သို့ရာတွင် မည်သည့်ခုနှစ်တွင် ကြွရောက်သည်ကိုမူ မတွေ့ရပေ။

ပိဋကတ်သမိုင်းစာတမ်းအရ သျှင်တေဇောသာရသည် ရွှေဟင်္သာမင်းပျို့နှင့် ပြာဠိုဟာခန်းပျို့ အပြင် ဗျာဒိတ်တော်ခန်းပျို့နှင့် အာဒါသမုခပျို့ဟောင်းတို့ကိုလည်း ရေးသားစပ်ဆိုတော်မူကြောင်း တွေ့ရှိရပေသည်။ ဆရာတော်သည် ပျို့လေးစောင်အပြင် ရတုများစွာကိုလည်း ရေးသားတော်မူခဲ့ပေသေးသည်။

**(ကျမ်းကိုး)** ရွှေဟင်္သာမင်းပျို့ နိဒါန်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာစာပေသမိုင်း၊ မြန်မာစာညွှန့်ပေါင်းကျမ်း–ပထမတွဲ၊ ကဗျာသာရတ္ထသင်္ဂြိုဟ်၊ ပိဋကတ်သမိုင်းစာတမ်း၊

## **ပုဂံဆရာတော်** ( ၈၆၀ ခန့်–၉၂၀ ခန့် )

သက္ကရာဇ် ၈၈၀–ပြည့်နှစ်တွင် ဆရာတော် သျှင်မဟာသီလဝံသ ပျံလွန်တော်မူခဲ့၏။ ထိုအခါ ဆရာတော်ရေးသားခဲ့သော ဓမ္မပါလပျို့မှာ ၁၇–ပိုဒ်မျှ ပြီးစီး၍ လက်စတင်းလင်းနှင့် ကျန်ရစ်သည်။ ထိုပျို့ကို ဆက်လက်၍ ရေးသားဖွဲ့ဆိုသူကား ပုဂံဆရာတော် ဖြစ်သည်။

ဆရာတော် သျှင်မဟာသီလဝံသ ပျံလွန်တော်မူပြီးနောက် အနှစ် ၃၀–မျှ လွန်ခဲ့ရာ ဓမ္မပါလပျို့ကို ဆက်လက်ရေးသားမည့်သူ မရှိဘဲ ဖြစ်နေခဲ့သည်။ ထို့ကြောင့် မိုးဖြနရပတိလက်ထက်တွင် ထင်ရှားသော ပုဂံဆရာတော်အား မင်းကျောင်းဆရာတော်၊ ရွှေကျောင်းဆရာတော်စသည်တို့က ဆက်လက်ရေးသားပါရန် တောင်းပန်လျှောက်ထားကြောင်းကို –

" ပြည်ပုဂံ၌၊ လှူခံလှူပေး၊ စည်းဝေးများပြား၊ မင်းသားလေးမည်၊ အမြဲတည်သော၊ ပြည်ကြီးအချုပ်၊ အစဉ်အုပ်တို့၊ လက်ရုပ်ကော်ရော်၊ သာစုဘော်ဖြင့်၊ ပူဇော်ကုန်လာ၊ အရိယာဘုန်းရှိ၊ ခေါင်ထိနှစ်ပါး၊ အထွတ်ထားနှင့်၊ နှစ်ပါးလည်းကောင်း၊ သဃ်ာပေါင်းဝယ်၊ ဦးခေါင်းအတူ၊ မှန်ကင်းထူသို့၊ ဆင်ဖြူသခင်၊ ငါးစီးရှင်ဘ၊ တစ်စီးရသော၊ သီဟတွင်ခေါ်၊ မင်းကျော်ဆရာ၊ ထေရ်မြတ်စွာနှင့်၊ ရတနာရွှေကျောင်း၊ ရွှေလောင်းစီးမှတ်၊ ရံပတ်သောင်းသောင်း၊ ထီးဆောင်းဆယ်စင်း၊ သဃ်ာမင်းနှင့်၊ ခင်းကျင်းညီညာ၊ အခါခါပင်၊ ပဏ္ဏာအများ၊ ပန်ထွာငြားသော်၊ "–

ဟု ရေးသား ဖွဲ့ဆို၍ ပြတော်မူခဲ့သည်။

ဤသို့တောင်းပန်ခြင်းကို အရင်းတည်၍ ဓမ္မပါပျို့ကို ဆက်လက် ရေးသားတော်မူရာ သက္ကရာဇ် ၉၉၁–ခု၊ သာသနာနှစ် ၂၀၉၃–ခုနှစ်တွင် ရေးသား ပြီးစီးခဲ့လေသည်။ ဤသိုကိုရည်၍–

"ဒေသနာတရား၊ အပြီးထားသား၊ ဘုရားသာသနာ၊ သချ်ာတွက်ဆောင်၊ နှစ်ထောင်ကိုးဆယ်၊ သုံးနှစ်ဝယ်လျှင်၊ "–

ဟူ၍ နိဂုံး၌ မှတ်သား ဖွဲ့ဆိုခဲ့လေသည်။

**(ကျမ်းကိုး)** စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာစာပေသမိုင်း၊

## သျှင်ဣန္ဒဂုတ္တ ( ၈၆၀ ခန့်–၉၂၅ ခန့် )

သျှင်ဣန္ဒဂုတ္တသည် စာဆိုတော် သျှင်မဟာသီလဝံသ၏ တပည့်တစ်ပါး ဖြစ်သည်။ ဆရာတော်သည် စစ်ကိုင်းမြို့၊ ရတနာဗိမာန်ကျောင်းတော်၌ သီတင်းသုံးနေခိုက် သက္ကတဘာသာဖြင့် ရှိသော နီတိကျမ်းတစ်စောင်ကို အမှီပြု၍ 'နဝရတ်ပျို့ 'ကို ရေးသားလေသည်။ ကျမ်းပြီးနှစ်မှာ ၉၁၇–ခုနှစ်တည်း။

နဝရတ်ပျို့ဟု ခေါ်တွင်ခြင်းမှာ သမ္ဘတမင်း အနွယ်တော် ဖြစ်သော သိရိကြမ္မာတိတျာမင်းလက်ထက် ရသေ့ပညာရှင်များဖြစ်သော ၁– ဓန္ဝန္တြီ၊ ၂– ချပန၊ ၃– အမရသိခ်၊ ၄– သိခ်၊ ၅– ပေတာလ၊ ၆– ဆာရိကပ္ပ၊ ၇– ကာလီဒါသ၊ ၈– ဝရာဟ၊ ၉– မဟီရ တို့က ပေါင်းသင်း ဆက်ဆံရေး၊ တိုင်းရေးပြည်ရေးနှင့် ကြီးပွား ချမ်းသာရေးတို့ကို တစ်ဦးလျှင် တစ်ဂါထာစီဖြင့် ကိုးဂါထာ ညွှန်ကြားပြသသည်။ ထိုကိုးဂါထာတို့သည် အဖိုးထိုက်တန်လှသည့်အတွက် ရတနာကိုးပါးနှင့်တူလှ၏။ ထိုရတနာတို့ကို ဖွဲ့ဆိုသီကုံးထားသောကြောင့် ' နဝရတ်ပျို့ ' ဟု ခေါ်တွင်ခြင်း ဖြစ်လေသည်။

**( ကျမ်းကိုး )** မြန်မာစာပေသမိုင်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ ။

## ဆားထုံဆရာတော် ( ၉၁၈–၉၇၀ ခန့် )

ဆားထုံဆရာတော်သည် မုံရွာအနီး မောင်းထောင်ကြီးရွာ၌ အဖဦးခိုင်၊ အမိဒေါ်ညှာတို့မှ သက္ကရာဇ် ၉၁၈–ခု၊ တန်ဆောင်မုန်းလဆန်း(၅) ရက်၊ တနင်္လာနေ့တွင် ဖွားမြင်ခဲ့ပေသည်။ ငယ်မည်မှာ မောင်ခုန်ဟူသတည်း။

မောင်ခုန်သည် အသက် ၂၀–ပြည့်၍ ရဟန်းပြုသည်တွင် ဘွဲ့မည်မှာ သျှင်ကဝိန္ဒဖြစ်၏။ နောင်အခါတွင် မုံရွာမြို့တောင်ဘက် ခုနစ်မိုင်ကွာသော ချက်တွင်းဖြစ် အနောက်ဘက်ကမ်းမှ ဆားထုံရွာ (ယခု ဆားထုံး) တွင် သီတင်းသုံးနေတော်မူသောကြောင့် ဆားထုံဆရာတော်ဟု တွင်သည်။

ဆားထုံဆရာတော်သည် ပုတ္တောဝါဒပျို့နှင့် ပရိတ်ကြီးဋီကာကို ရေးသား ပြုစုတော်မူခဲ့၏။ ရှေးရှေးသော စာပေတို့၌ ပုတ္တောဝါဒပျို့ကို တောင်တွင်းဆရာတော် ခင်ကြီးဖျော် ရေးသားသည်ဟု အဆိုပြုကြ၏။ သို့ရာတွင် ပုတ္တောဝါဒပျို့ အပိုဒ် ၁၇–၌–

> " ထုံးဟောင်းနည်းနာ၊ အဖြာဖြာကို၊ သိသာစေလို၊ ကဗျာချိုနှင့်၊ ဆိုအံ့သောငှာ၊ ဆားထုံရွာ၏၊ ဒိသာတောင်စောင်း၊ စဉ်းငယ်ရောင်းသည်၊ ချောင်းရှေ့ဘက်ကမ်း၊ ပန်းကားဝေဝေ၊ သီးမျိုးထွေ၍၊ " –

စသည်ဖြင့် ရေးစပ်ထားရာ ဆားထုံဆရာတော် ရေးသားကြောင်း ခိုင်မာစွာ သိရှိရပေသည်။

ဖော်ပြပါ အဖွဲ့များကို နှိုင်းယှဉ်ကြည့်ရာ၌ "**ဆားထုံရွာ၏** "ဟုလည်းကောင်း၊ "**ဆားတုံရွာ၏** "ဟုလည်းကောင်း အမျိုးမျိုး တွေ့ရှိရသည်။ သို့ဖြစ်၍ ယခုခေါ်ဝေါ်နေသော ဆားထုံးဟူသည့် ဝေါဟာရနှင့် အနီးစပ်ဆုံး ဖြစ်သော ဆားထုံကိုသာ အတည်ပြု၍ ဖော်ပြအပ်ပေသည်။ အခြားစာပေများ၌ကား ' ဆားတုံဆရာတော် 'ဟု ရေးသားကြသည်။

ဆရာတော် ပျံလွန်တော်မူသည့် သက္ကရာဇ် အမှတ်အသားကိုကား မတွေ့ရသေးဘဲ ရှိပါသည်။

**(ကျမ်းကိုး)** မြန်မာစာပေအထွေထွေ၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ကဗျာ့ပန်းကုံး၊ ဆုံးမစာပေါင်းချုပ်၊

## ဝရာဘိသံဃနာထဆရာတော် (၉၃၅ ခန့်–၁၀၀၀ ခန့် )

ဝရာဘိသံဃနာထဆရာတော်သည် ‘ မဏိကုဏ္ဍလဝတ္ထုကြီး ’ ဖြင့် စာပေသမိုင်းတွင် ထင်ရှားလာသော ဆရာတော်တစ်ပါး ဖြစ်ပေသည်။ ဆရာတော်၏ မဏိကုဏ္ဍလဝတ္ထုတော်ကြီး သည် မြန်မာစကားပြေလောကတွင် စံထားလောက်အောင် ရေးသားထားသဖြင့် နှောင်းခေတ် စာပေရှင်တို့၏ လက်သုံးကြီး ဖြစ်ခဲ့ပေသည်။

ဆရာတော်၏ နိဿယည်းဆရာမှာ သက္ကရာဇ် ၉၆၇–ခုနှစ်တွင် မဟာဓမ္မရာမင်း လက်ထက် တူရွင်းတောင်ခြေအရပ်မှ ပင့်ဆောင်၍ ကိုးကွယ်ထားသော မဟာသံဃနာထ ဟုလည်းကောင်း၊ မဟာရာမဟုလည်းကောင်း ဘွဲ့တံဆိပ် နှစ်ထပ်ရသည့် ဆရာတော်ဖြစ်သည်။ ထိုဆရာတော်အား မင်းတရားက လေးထပ်ကျောင်းတော်ကြီးနှင့်ကွ ကျောင်းရံ ၄၀–တို့ကို ရွှေအတိ ချ၍ ‘ စည်းခုံတော်ကျောင်း ’ ဟု သမုတ်ကာ လှူဒါန်းထားတော်မူ၏။ ဆရာတော်အား သာသနာပိုင်အရာကိုလည်း ခန့်အပ်ထားလေသည်။

ဝရာဘိသံဃနာထဆရာတော်သည် ထိုမဟာသံဃနာထမထေရ်၏ လေးထပ်ကျောင်း တော်ကြီးတွင် သီတင်းသုံးရင်း စာပေများကို ပို့သနေလေသည်။ ဆရာတော် သီတင်းသုံးသော ကျောင်းမှာ အရှေ့မြောက်ထောင့်ကျောင်း ဖြစ်သည်။ ထိုစည်းခုံတော် အရှေ့မြောက်ထောင့်ကျောင်း တွင် နေစဉ် အသီတိနိပါတ်၊ မဟာသုတသောမဇာတ်တော်ကြီးကို တန်ဆာဆင်လျက် မဏိကုဏ္ဍလ ဝတ္ထုတော်ကြီးကို ရေးသားတော်မူရာ သက္ကရာဇ် ၉၉၁–ခုနှစ်တွင် ပြီးစီးခဲ့လေသည်။

ဆရာတော်သည် မိမိ၏ ကျမ်းကို အဖိုးအနဂ္ဃထိုက်တန်သော နား၏တန်ဆာ ရတနာဖြစ် သောကြောင့် ဆိုနာမည်ကို ပေးအပ်ကြောင်း–

> “ အနဂ္ဃမဏိနာ၊ အဖိုးအတိုင်းမသိသော ပတ္တမြားဖြင့်။ စိတံ၊ စီအပ်သော။ မဏိကုဏ္ဍလ နာမကံ၊ ပတ္တမြားနားတောင်း ရောင်မောင်းရတနာ နားတန်ဆာနှင့် တူသောကြောင့် မဏိ ကုဏ္ဍလအမည်ရသော။ ဣဒံဂန္ထံ၊ ဤကျမ်းသည်။ ” –

ဟူသော နိဂုံးစကားဖြင့် ရေးသားတော်မူခဲ့ပါသည်။

**( ကျမ်းကိုး )** မဏိကုဏ္ဍလဝတ္ထု နိဂုံး၊ သာသနာလင်္ကာရစာတမ်း၊ သာသနဗဟုသုတပ္ပကာသနီကျမ်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာစာပေသမိုင်း၊

**တောင်ဖီလာဆရာတော်** ( ၉၄၀–၁၀၁၃ )

စစ်ကိုင်းမြို့ တောင်ဖီလာတောရ၌ သီတင်းသုံးနေတော်မူသဖြင့် တောင်ဖီလာဆရာတော်ဟု ကျော်စောခဲ့သော ဆရာတော်ကို သက္ကရာဇ် ၉၄၀–ပြည့်နှစ်၊ တပေါင်းလဆန်း ၁၅–ရက်နေ့တွင် အဖ ဦးဖိုးစ၊ အမိ မယ်သီတို့မှ မွေးဖွားသန့်စင်ခဲ့၏။ နံတော်မှာ ကြာသပတေးသားဖြစ်၍ ငယ်မည်တော်ကို မောင်ကျော်ဟု ခေါ်သည်။ မွေးဖွားရာဇာတိကား စလင်းမြို့ ဖြစ်သတည်း။

ခြောက်နှစ်သားအရွယ်တွင် မိမိ၏ ဦးရီးတော်အရင်းဖြစ်သော မင်းဝံတိုက်ဆရာတော် သျှင်ဥပါလိထံတွင် စာပေများကို သင်ကြားသည်။ ဦးရီးတော် သျှင်ဥပါလိသည် စာပေကိုတတ်ကျွမ်းတော်မူသောကြောင့် သဒ္ဒါရုစ်စောင်နိသျ၊ ဝစ္စဝါစကဒီပနီပါဌ်၊ ဝိဘတျတ္ထဒီပနီပါဌ်၊ သုတ္တသင်္ဂဟပါဠိတော်နိသျ၊ ဇာတ်ကြီးဆယ်စောင် အဌကထာနိသျ တို့ကို ရေးသားတော် မူ၏။

တောင်ဖီလာဆရာတော်လောင်းဖြစ်သော သူငယ်တွင် မွေးချင်းအရင်းဖြစ်သော နမတစ်ယောက် ရှိသည်။ အမည်မှာ မင်းအိမ်သူတည်း။ မင်းအိမ်သူသည် အရွယ်ရောက်လျှင် စလင်းမြို့သူကြီး မောင်အုန်းကျိုင်းနှင့် သင့်မြတ်ကြသည်။ တောင်ဖီလာဆရာတော်လောင်းလျာသူငယ်ကား သာသနာဝင် သျှင်ရဟန်းဘဝကို လိုမက်သဖြင့် အရွယ်ငယ်စဉ်မှာပင် သာမဏေဘောင်သို့ တက်၍ ပရိယတ်စာပေများကို သင်ကြားဆည်းပူးလေသည်။ သက္ကရာဇ် ၉၅၃–ခု၊ ငါးဆူဒါယကာ မင်းကြီးလက်ထက် အသက် ၁၃–နှစ်အရွယ်တွင် ပြည်မြို့သို့ ပင့်ဆောင်ခြင်း ခံရသည်။

ထိုအချိန်တွင် သတိုးဓမ္မရာဇာဘွဲ့ခံ မင်းကြီးနှောင်းသည် ပြည်မြို့၌ မင်းပြုနေသောအခါဖြစ်၏။ ငါးဆူဒါယကာ မင်းတရားက အဆောင်အယောင်နှင့်တကွ ပြည်မြို့ကို ပေး၍ "ငါ့ကိုချစ်လျှင် ပြည်သူရဟန်းတို့ကို ဝမ်းထွက်သားကဲ့သို့ ကျင့်ပါ၊ ငါ့အကျိုးတော်ကို လိုလျှင် ပြည်သူ ရဟန်းတို့ အကျိုးကို ဆောင်ပါ၊ "ဟူ၍ မှာတော်မူသောအတိုင်း မင်းကြီးနှောင်းသည် ပြည်သူလူထုအကျိုးကို ရွက်ဆောင်တော်မူသည်။ ရဟန်းသံဃာများကိုလည်း ပင့်ယူကိုးကွယ်သည်။ ထိုသို့ ပင့်ယူကိုးကွယ်သည့် သျှင်ရဟန်းများထဲတွင် တောင်ဖီလာဆရာတော်လောင်းဖြစ်သော သာမဏေငယ်လည်း တစ်ပါးအပါအဝင်ဖြစ်ပေသည်။

သာမဏေငယ်သည် ပြည်မြို့ နဝင်းရွှေကျောင်းမှ သီဟိုဠ်ရောက်ဆရာတော် သျှင်အတုလဝံသမထေရ်၏ အနွယ်ဖြစ်၏။ သာမဏေငယ်သည် ထိုနဝင်းတောင်ကြားကျောင်း၌ပင် နေတော်မူ၍ မကြာမီ ၁၅–နှစ်သား အရွယ်ရောက်သည်တွင် 'ဝေဿန္တရာပျို့ 'ကို စပ်ဆိုတော်မူ၏။ ထို့ကြောင့် ပြည်မြို့တွင် ဆရာတော်လောင်းလျာ သာမဏေ၏ ဂုဏ်သတင်းသည် ဝေးနီးပျံ့နှံ့လျက် ' သာမဏေကျော် 'ဟု ထင်ရှားလာလေသည်။

သက္ကရာဇ် ၉၅၉–ခုနှစ်တွင် ပြည်ဘုရင် မင်းကြီးနှောင်းအား အထိန်းတော်ရန်နိုင်စားက လုပ်ကြံ၍ ပြည်မြို့တွင် မင်းပြုသည်။ မင်းပြု၍ မကြာမီပင် ရန်နိုင်စားသည် သာမဏေကျော်၏ အရည်အသွေးကို မြင့်တင်သောအားဖြင့် ပစ္စည်းလေးပါးဒါယကာ ပြုလုပ်၍ ရဟန်းခံသည်။ ဘွဲ့တော်မှာ သျှင်မုနိန္ဒဃောသဟူ၍ ဖြစ်သည်။ သာသနာ့သမိုင်းများတွင်ကား ရဟန်းဖြစ်သောအခါ၌ ပြည်ပဥ္စင်းကျော်ဟူ၍ ခေါ်ဝေါ်ရေးသားကြသည်။

သက္ကရာဇ် ၉၆၇–ခုနှစ်တွင် အနောက်ဘက်လွန်မင်းတရားသည် အင်းဝရွှေနန်းကို သိမ်းမြန်း စိုးစံတော်မူ၏။ ၉၇၀–ပြည့်နှစ်တွင် ပြည်မြို့ကို အလိုတော်ပြည့်လေသည်။ ထိုအခါ မင်းတရားကြီးက "ယူကောင်းသော သူတို့ကိုလည်း သိမ်းယူတော်မူ၊ "ဟု မိန့်တော်မူသောကြောင့် တောင်ဖီလာဆရာတော်အလောင်း ဖြစ်သော သျှင်မုနိန္ဒဃောသနှင့် အရှင့်ကျေးဇူးသစ္စာကို စောင့်သိတတ်သော ၁၃–နှစ်အရွယ် ငထင်ငယ်တို့သည် အင်းဝသို့ ခေါ်ဆောင်ခြင်း ခံရသည်။ ထို့ကြောင့် အနောက်ဘက်လွန်မင်းတရားကြီးက "ပြည်မြို့ကို သိမ်းယူရာတွင် သျှင်တစ်ဆူ လူတစ်ယောက်သာ ရသည်၊ "ဟု မိန့်တော်မူကြောင်း အမှတ်အသား ရှိပေသည်။

အင်းဝသို့ ရောက်လျှင် မဟာမြတ်မုနိ အရံတွင် သုဓမ္မာဇရပ်၌ နေထိုင်ရ၏။ ထိုမင်းလက်ထက်တွင် သာသနာပိုင်ဆရာတော်မှာ တူရွှင်းတောင်ခြေမှ ပင့်၍ တင်မြှောက်ထားသော မဟာသံဃနာထဘွဲ့တံဆိပ်တော်ရ မဟာရာမဆရာတော် ဖြစ်သည်။ သာသနာပိုင်ဆရာတော်သည် စည်းခုံတော်ကျောင်းဟုခေါ်သော အရံကျောင်း ၄၀-ခြံရံသည့် လေးထပ်ကျောင်းတော်ကြီး၌ နေတော်မူ၏။ ပြည်ပဥ္စင်းကျော် သျှင်မုနိန္ဒဃောသသည် ထိုသာသနာပိုင်ဆရာတော် ဘုရားကြီးထံသို့ သွားရောက်၍ စာပေ မေးမြန်းလျှောက်ထားခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်သည်။ သာသနာပိုင်ဆရာတော်သည် ပြည်ပဥ္စင်းကျော်၏ အရည်အသွေးကို အလွန်နှစ်သက်တော်မူ၏။

ထိုအခါ အင်းဝတွင် သျှင်အရိယာလင်္ကာရလည်း စာပေအလွန်တတ်ပွန်သဖြင့် အင်းဝပဥ္စင်းကျော်ဟု ထင်ရှားသည်။ ပြည်ပဥ္စင်းကျော် ရောက်လာကြောင်းကို အင်းဝပဥ္စင်းကျော်ကြားသဖြင့် "တောတွင်းမှာသာ ကျော်လိမ့်မည်၊ မင်းနေပြည်မှာ မကျော်လေရာ၊ "ဟု ဗားတမော့ဆရာတော်အား ပြောကြားသည်ဆို၏။ ဗားတမော့ဆရာတော်က "မပုတ်ဘဲကို မပေါ်၊ မဟုတ်ဘဲကို မကျော်ဟု ရှေးသူဟောင်းတို့ ဆိုရိုးရှိသည်၊ မဟုတ်ဘဲ ကျော်ပါမည်လော၊ "ဟု အမိန့်ရှိလေသည်။

ထိုအခါ အင်းဝပဥ္စင်းကျော်က မိမိကိုယ်တိုင် ပြည်ပဥ္စင်းကျော်အား တွေ့လိုကြောင်း ပြောပြရာ ဗားတမော့ဆရာတော်က "ကိုယ်တိုင်သွား၍ မသင့်တော်ပါ၊ အာဂန္တုဧည့်သည် ဖြစ်၍ နိမ်ချရာ ရောက်ပလေသည်၊ အကြောင်းကို သိလိုလျှင် ဂါထာဗန္ဓဖွဲ့၍ မေးသင့်ပါသည်၊ "ဟု ပြောကြားသဖြင့် ဂါထာဖွဲ့၍ မေးမြန်းလေသည်။ ထိုမေးမြန်းချက်ကို ပြည်ပဥ္စင်းကျော်ကလည်း ၎င်းကဲ့သို့ပင် ဂါထာဖွဲ့စီ၍ ပြန်လည်ဖြေကြားသည်။ ပုဂ္ဂိုလ်ကျော်နှစ်ပါး အမေးအဖြေဟု ထင်ရှားလေသည်။

ပုဂ္ဂိုလ်ကျော်နှစ်ပါးတို့ ဤသို့ပြောကြားခြင်းကို အနောက်ဘက်လွန်မင်းတရားကြီး ကြားသိသောအခါ မင်းကြီးက လေးထပ်ကျောင်းဆရာတော်ကို ပင့်၍ ပုဂ္ဂိုလ်ကျော် နှစ်ပါးတို့ကို လေးထပ်ကျောင်းတွင် တွေ့ဆုံ၍ စကားပြောစေရန် လျှောက်ထားသည်။

ထို့ကြောင့် ပဥ္စင်းကျော် နှစ်ပါးသည် လေးထပ်ကျောင်းတွင် ရဟန်းသျှင်လူတို့ ရှေ့မှောက်၌ စကားပြောဆိုကြရ၏။ ဓာတုကထာဋီကာကို ပြောကြားကြရာတွင် အင်းဝပဥ္စင်းကျော်ကို ပြည်ပဥ္စင်းကျော်က နှစ်ကြိမ်သာ ပလေသည်ဟု လေးထပ်ဆရာတော်ကြီးက မိန့်ကြားလေသည်။ ထို့နောက် ဆရာတော်ကြီးက "ဂန္ထန္တရနှင့် စပ်သည်ကို သျှင်မုနိန္ဒဃောသအား မေးလျှင် ဝါးခွဲသကဲ့သို့ ရှိပေသည်၊ ဝိဂြိုဟ် ဝစနတ္ထနှင့် စပ်သည်ကို သျှင်အရိယာလင်္ကာရအား မေးလျှင် မိုးသေး မိုးဖွဲကျသကဲ့သို့ ရှိပေသည်၊ "ဟု ပုဂ္ဂိုလ်ကျော် နှစ်ပါး၏ သတ္တိကို ဆိုစမှတ်ပြုတော်မူသည်။

သျှင်မုနိန္ဒဃောသသည် အင်းဝရောက်၍ လေးနှစ်မျှအကြာ သက္ကရာဇ် ၉၇၄-ခုနှစ်တွင် သန်လျင်စား ငဇင်ကာအရေး ပေါ်ပေါက်လာသောကြောင့် အနောက်ဘက်လွန်မင်းတရားကြီးသည် သန်လျင်သို့ ချီတော်မူရသည်။ ထိုအခါ တောင်ဖီလာဆရာတော်လောင်းဖြစ်သော သျှင်မုနိန္ဒဃောသလည်း ပါရသည်။ ထိုမှတစ်ဖန် ဟံသာဝတီသို့ ပါရသည်။

အင်းဝသို့ ပြန်ရောက်သည်တွင် ၉၇၇-ခုနှစ်၌ ညီတော်စလင်းစား မင်းရဲကျော်စွာက သျှင်မုနိန္ဒဃောသအား ကိုးကွယ်လိုကြောင်း သုံးကြိမ်တိုင် လျှောက်ထား တောင်းဆိုသောကြောင့် မင်းရဲကျော်စွာ ကိုးကွယ်ရသည်။ ထို့နောက် စစ်ကိုင်းမြို့ မြစ်နားလေးထပ်ကျောင်းကို ၉၇၉-ခုတွင် ဆောက်လုပ်သည်။ ထိုအချိန်တွင် သာသနာပိုင်နေသော ကျောင်းမှာလည်း လေးထပ်ကျောင်းပင် ဖြစ်သဖြင့် မင်းရဲကျော်စွာ ဆောက်လုပ်သော ကျောင်းကို 'မြစ်နားလေးထပ်ကျောင်း' ဟု ခေါ်လေသည်။

သက္ကရာဇ် ၉၈၃-ခုနှစ်တွင် ကျောင်းတော်ကြီးကို သျှင်မုနိန္ဒဃောသအား တင်လှူတော်မူသည်။ ထိုနေ့၌ပင် အနောက်ဘက်လွန်မင်းတရားကြီးက 'တိပိဋကာလင်္ကာရ' ဟူသော ဘွဲ့တံဆိပ်

ကိုလည်း လှူဒါန်းတော်မူသည်။ သာသနာလင်္ကာရစာတမ်း၌ သာလွန်မင်းက ပေးလှူသည်ဟု ဆိုသည်။

ထိုစဉ်အတွင်း ဆရာတော်သည် ကျောင်းဒါယကာ မင်းရဲကျော်စွာက တောင်းပန်သော ကြောင့် ' ယသဝဍ္ဍနဝတ္ထု ' ကို ရေးသားတော်မူသည်။

သက္ကရာဇ် ၉၉၁–ခုနှစ်တွင် သာလွန်မင်းတရား နန်းတက်တော်မူသည်။ သို့ရာတွင် ရာဇဘိသေက မခံသေးဘဲ တိုင်းရေး ပြည်ရေး အရှုပ်အထွေးများကို သုတ်သင်တော်မူသည်။ အရေးတော် ပြီးပြေသောအခါမှ သက္ကရာဇ် ၉၉၅–ခုနှစ်တွင် ဟံသာဝတီ အနောက်မြောက်ယွန်း အောင်မြေအရပ်၌ မင်္ဂလာနန်းတော်ကို ဆောက်လုပ်စေ၍ ရာဇဘိသေကခံတော်မူသည်။

ထိုအခါ မွန်အမျိုးသား မှူးမတ် ရဟန်းသျှင်လူတို့က " မြန်မာရဟန်းများတွင် စာပေ ကျမ်းဂန် တတ်သိသူ မရှိကြ၊ " ဟု ပြောဆိုသော စကားကို သာလွန်မင်းတရားကြီး ကြားသိတော်မူ သဖြင့် အင်းဝရှိ လေးထပ်ဆရာတော်ဘုရားကြီးထံသို့ အသက် ၃၀–အရွယ်၊ ၄၀–အရွယ် ပိဋကတ် ဗေဒင် လောကဝတ် ဓမ္မဝတ် တတ်ကျွမ်းလိမ္မာသော ပုဂ္ဂိုလ် နှစ်ပါး သုံးပါးကို ဟံသာဝတီသို့ ပို့လွှတ်ပါရန် မှာကြားလျှောက်ထားလေသည်။ ထို့ကြောင့် လေးထပ်ဆရာတော်ကြီးသည် တိပိဋကာ လင်္ကာရမထေရ်၊ တိလောကာလင်္ကာရမထေရ်၊ တိသာသနာလင်္ကာရမထေရ်သုံးပါးတို့ကို နောက်ပါ သံဃာသုံးကျိပ်တို့နှင့်တကွ ဟံသာဝတီသို့ စေလွှတ်လိုက်သည်။

ဆရာတော်သုံးပါးတို့သည် ဟံသာဝတီသို့ ရောက်ကြလျှင် ရွှေမော်ဓောစေတီတော်ကြီး ၏ အရှေ့အရပ်၌ တဲကျောင်း သုံးကျောင်း ဆောက်လုပ်၍ ထိုကျောင်းများတွင် သီတင်းသုံးကာ စာပေကျမ်းဂန်တို့ကို ပို့သတော်မူကြသည်။ ရံခါ ဥပုသ်နေ့များတွင် ရွှေမော်ဓောစေတီ ရင်ပြင်တော် သုဓမ္မာဇရပ်၍ ရာမညတိုင်းသား မွန်အမျိုးသား ရဟန်းတော်များနှင့် စည်းဝေး၍ စာပေကျမ်းဂန်နှင့် စပ်သောစကားတို့ကို ပြောဆိုကြရသည်။ ထိုအခါမှ မွန်ရဟန်းပညာရှင်တို့သည် မြန်မာရဟန်းတော် တို့၏ စွယ်စုံတတ်ကျွမ်းမှုကို ချီးမွမ်းထောမနာ ပြုကြလေသည်။

သက္ကရာဇ် ၉၉၆–ခုနှစ်၊ သာလွန်မင်းတရားကြီး အင်းဝသို့ ဆန်တက်မည် ပြုရာတွင် တိပိဋကာလင်္ကာရဆရာတော်နှင့် အဖွဲ့သည် ပြန်လည်လိုက်ပါရန် ပြင်ဆင်ကြရ၏။ တိပိဋကာ လင်္ကာရဆရာတော်သည် ဟံသာဝတီရောက်စဉ် သိကျွမ်းရသော မွန်ဘုန်းတော်ကြီး တိလောက ဂုရုထံ သွား၍ ဂါရဝပြုလေသည်။ ထိုအခါ မွန်ဆရာတော်ကြီးက " တိပိဋကာလင်္ကာရဘုန်းကြီး သည် ဆွမ်းခံရာတွင် ဝါးခြမ်း ကြိမ်ခြမ်းပင် ရသော်လည်း ယူဆောင်၍ ကျောင်းကို ပြင်ဆင်လေ့ ရှိသည်၊ ထိုပုဂ္ဂိုလ်မျိုးသည် ကျောင်းကို အလှူခံရလွယ်သည်၊ " ဟု မိန့်တော်မူလိုက်၏။ မှန်ပေသည်။ တိပိဋကာလင်္ကာရဆရာတော်သည် မြစ်နားလေးထပ်ကျောင်းကိုလည်းကောင်း၊ တောင်ဖီလာ တောရကျောင်းကိုလည်းကောင်း လွယ်ကူစွာ အလှူခံရလေသည်။

ထိုနှစ်အတွင်း အင်းဝသို့ ပြန်ရောက်သည်တွင် သာလွန်မင်းတရားသည် တိပိဋကာ လင်္ကာရ ဆရာတော်အား ဆရာပြု၍ ကိုးကွယ်လေသည်။ မင်းတရားသည် တစ်စုံတစ်ခု ပြုလုပ်ဖွယ်ရာ များကိုလည်းကောင်း၊ အသိပညာရေးဆိုင်ရာများကိုလည်းကောင်း ဆရာတော်အား မေးမြန်းလေ့ ရှိပေသည်။ ထိုအမေးနှင့် အဖြေများကို စုပေါင်း၍ မှတ်တမ်းတင်ခဲ့ရာ 'သာလွန်မင်းအမေးတော်ပုံ ' ဟူ၍ ယခုတိုင် ထင်ရှားရှိပေသည်။ ဤအတွင်းတွင် ဆရာတော်သည် လူသူကင်းမဲ့သော တောချုံများ ဖုံးအုပ်နေသည့် စက်တော်ရာ နှစ်ဆူရှိရာသို့ ကြွရောက် တော်မူခဲ့သည်။ ထိုအချိန်မှ စ၍ လူဒါယကာတို့သည် စက်တော်ရာ သွားလမ်းများကို ခုတ်ထွင်ရှင်းလင်းကြလေတော့သည်။

ဆရာတော်သည် သက္ကရာဇ် ၁၀၀၀–ပြည့်နှစ်၊ တပေါင်းလပြည့် အင်္ဂါနေ့တွင် မြစ်နာလေးထပ်ကျောင်းမှ ဖဲခွဲ၍မင်းဝံတောင်ကြား တောင်ဖီလာတောရကျောင်းတွင် သီတင်းသုံး တော်မူသည်။ ဤကဲ့သို့ တောရကျောင်းသို့ ထွက်ခွာလာခြင်းကို ဆရာတော်သည် သာလွန်မင်းအား

အသိမပေးခဲ့ပေ။ အကယ်၍ အသိပေးပါကလည်း တားမြစ်နေဦးမည် ဖြစ်ကြောင်း ဆရာတော် သိပေသည်။ ထို့ကြောင့်လည်း တိတ်တဆိတ်ထွက်ခွာလာခဲ့ခြင်း ဖြစ်ပေသည်။

ဆရာတော် တောရဆောက်တည်သွားကြောင်းကို သာလွန်မင်းတရားကြီး ကြားလျှင် များစွာ စိတ်မကောင်းပေ။ မင်းကြီး၏ ဆန္ဒမှာ ဆရာတော်အား ကိုယ်တိုင် ဆွမ်းကပ်၍ အမြဲမပြတ် ဝတ်ပြုနေလိုသည်။ ယခုမူ ဝေးကွာသော နေရာသို့ ရောက်ရှိနေသဖြင့် ကိုယ်တိုင်သွားရောက်ရန် ခဲယဉ်းပေလိမ့်မည်။ သို့အတွက် တောင်ဖီလာတောရကိုကား မနေစေချင်ပေ။ မြစ်နားလေးထပ် ကျောင်းတွင် မနေလိုက အခြားနေရာတစ်ခုကို ဆရာတော်စိတ်ကြိုက် ရွေး၍ မနီးမဝေးမှာပင် နေမည်ဆိုက ကျောင်းဆောက်လှူမည်ဟု ရည်ရွယ်ထားသည်။ ထို့ကြောင့်ပင် များစွာ ရက်မဆိုင်းနိုင် ဘဲ တစ်ရက်ခြားဖြစ်သော လပြည့်ကျော် နှစ်ရက်နေ့တွင် သင်းတော်စားကို ခေါ်၍ ဤသို့ မိန့်တော်မူလိုက်သည်။

“ ဆရာတော်သည် ဂိုဏ်းသင်္ဃာအစည်းအဝေး အမျိုးရှာက ခွာတော်မူ၍ မင်္ဂဖိုလ် နိဗ္ဗာန်အလို့ငှာ မင်းအစရှိသော အမျိုးလေးပါးတို့၏ လယ်မြေကောင်းသဖွယ် အရညဝါသီ ဆောက်တည်တော်မူသည်ကို အလွန်ဝမ်းမြောက်သည်။ နေတော်မူသည့် အရပ်သည် ဝေး လွန်းလှသည်။ ကျွန်ုပ်တို့သည် အလှူဒါန မပြတ်ရောက်နိုင်မည် ခဲသည်။ မနီးမဝေး သင့်တင့် သောအရပ်ကို ယူတော်မူဟု လျှောက်ခဲ့။ စိတ်ချပြီးလျှင်လည်း ချပြီးသည့်အရပ် ဘုရားကျောင်း ကန် မြို့ရွာနှင့် အနီးအဝေးကို မှတ်ခဲ့။ ” ( သာလွန်မင်းအမေးတော်ပုံ )

သင်းတော်စားနှင့် အဖွဲ့သည် ဆရာတော်အား သာလွန်မင်းတရား မှာကြားတော်မူသော အထက်ပါစကားအတိုင်း လျှောက်ကြားကြ၏။ ထိုအခါ ဆရာတော်က မိမိသည် ပျိုရွယ်စဉ်ကပင် တောရဆောက်တည်မည်ဟု ရည်ရွယ်ခဲ့ကြောင်း၊ သို့ရာတွင် အကြောင်း အမျိုးမျိုးကြောင့် အထ မမြောက်နိုင်ခဲ့ကြောင်း၊ ယခုနေသော တောင်ဖီလာအရပ်သည် ရဟန်းတို့အတွက် လိုအပ်သော ဘုရားသိမ်စသည်တို့နှင့် ပြည့်စုံသဖြင့် ထိုအရပ်မှာပင် နေတော့မည့် အကြောင်းကို သင်းတော်စား နှင့် အဖွဲ့အား မှာကြားလိုက်သည်။

ဤသို့ တောင်ဖီလာအရပ်တွင် သီတင်းသုံးသော အခါမှ ဆရာတော်အား တောင်ဖီလာ ဆရာတော် ဟူသော နာမည်ထူးကို ခေါ်ကျူးခဲ့ကြပေသည်။ သာလွန်မင်းတရားကြီးကကည်း ဆရာ တော်သည် မိမိအလိုသို့ မလိုက်နိုင်တော့ကြောင်း သိရသောအခါတွင် တောင်ဖီလာတောရ၌ ကျောင်းဆောက်၍ လှူဒါန်းလေသည်။

တောင်ဖီလာဆရာတော်သည် မိမိသီတင်းသုံးရာ အရပ်၌ ‘ လေးကျွန်းဆီမီးဘုရား ’ ကို တည်တော်မူသည်။ နောင်အခါတွင် တောင်ဖီလာဘုရားဟုပင် ခေါ်ဝေါ်ကြသည်။

ဆရာတော်သည် ငယ်ရွယ်စဉ်မှ စ၍ အားလပ်ချိန်ကို မထားမူ၍ စာပေပြုစုမှု အလုပ်ကို ကြိုးပမ်းအားထုတ်တော်မူခဲ့၏။ ဆရာတော်၏ စာစုများသည် ပါဠိဘာသာကျမ်း၊ ပျို့၊ ရတု၊ ဓာတ်ကျမ်း၊ ဆေးကျမ်းစသည်ဖြင့် အမျိုးအစား စုံလင်လှသည်။ ဆရာတော်ရေးသော ကျမ်းစာရင်း တို့ကို တွေ့ရှိသမျှ ဖော်ပြရသော် ဝေဿန္တရာပျို့၊ အဋ္ဌသာလိနီကျမ်း ဂါထာ ၂၀–အဖွင့်၊ ယသဝဍ္ဎန ဝတ္ထု၊ သာလွန်မင်း အမေးတော်ပုံကျမ်း၊ ဝိနယာလင်္ကာရဋီကာ၊ ရာဇိန္ဒရာဇ နာမာဘိဓေယျဝိသော ဒနီ၊ လောကဝိဒူ၊ မာတိကာအကောက်၊ ဓာတုကထာပါဠိတော်နိသျ၊ ယမိုက် ၁၀–ကျမ်းပါဠိတော် နိသျ၊ ပဋ္ဌာန်းပါဠိတော်နိသျ၊ ဝိနည်းငါးကျမ်း ပါဠိတော်နိသျယ၊ ကထိနဝိနိစ္ဆယ၊ မနုသာရဓမ္မသတ်၊ ရွှေမျဉ်းဓမ္မသတ်၊ ကွန်ချာဆေးကျမ်း၊ ကွန်ချာဓာတ်ကျမ်း၊ သမ္ဘန္ဓဓာတ်ကျမ်း၊ ကမ္မဇရုပ်ကျမ်း၊ အဋ္ဌဓာတုကိန်းဥပဒေကျမ်း၊ မဟာနရီဓာတ်ကျမ်း၊ ဩဝါဒရတုပိုဒ်စုံ၊ ဖျက်စု ခက်စု မြဲစုများ၊ ထွက်ရပ်ပေါက်လင်္ကာတို့ ဖြစ်ကြပေသည်။

အနောက်ဘက်လွန်မင်းတရား အမေးတော်ပုံကျမ်းနှင့် ဝမ်းဘဲအင်းစံမင်း အမေးတော်ပုံ ကျမ်းတို့ကိုလည်း ရေးသားကြောင်း အချို့စာပေတို့၌ အမှတ်အသား ရှိ၏။ ဝမ်းဘဲအင်းစံမင်းအမေး

တော်ပုံကျမ်း ဆိုသည်မှာ အခြားဆရာတော် တစ်ပါးသာ ဖြစ်နိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် တောင်ဖီလာဆရာတော်သည် သက္ကရာဇ် ၁၀၁၃–ခုနှစ်တွင် စုတိသည်။ ဝမ်းဘဲအင်းစံမင်းသည် ၁၀၃၄–ခုနှစ်တွင် နန်းတက်သည်။ အိမ်နိမ့် ၂၂–နှစ်ဖြစ်၍ ၁၀၁၂–ခုနှစ်တွင် ဖွားမြင်သည်။ ဝမ်းဘဲအင်းစံမင်းသည် တောင်ဖီလာဆရာတော် အသက်ရှင်စဉ် တစ်နှစ်သား အရွယ်သာ ရှိပေသေးသည်။ ထို့ကြောင့် ဝမ်းဘဲအင်းစံမင်းအမေးတော်ပုံမှာ တောင်ဖီလာဆရာတော် ရေးသားသည် မဟုတ်ကြောင်း ထင်ရှားလှပေသည်။

တိပိဋကာလင်္ကာရဘွဲ့တော်ရ တောင်ဖီလာဆရာတော်ကြီးသည် သာသနာလင်္ကာရစာတမ်းအလိုအရ ၁၀၁၂–ခုနှစ်တွင် ပျံလွန်တော်မူကြောင်း ဆိုထား၏။ စာပေအများစုအရကား ၁၀၁၃–ခုနှစ်တွင် ပျံလွန်တော်မူကြောင်း အညီအညွတ် အဆိုပြုထားကြသည်။ ဆရာတော်သည် မိမိပျံလွန်တော်မူခါနီးတွင် လူမတွေ့နိုင်သော တောသို့ ဝင်တော်မူ၍ ခန္ဓာကိုယ်ကို တောတိရစ္ဆာန်တို့ စားသုံးရန်အတွက် ရေချမ်းအိုးကို တည်တော်မူပြီးလျှင် တိတ်တဆိတ် ပျံလွန်တော်မူကြောင်း အဆင့်ဆင့် အမှတ်အသား ရှိပေသည်။

**(ကျမ်းကိုး)** သာသနာလင်္ကာရစာတမ်း၊ သာလွန်မင်း အမေးတော်ပုံကျမ်း၊ မြန်မာစာပေသမိုင်း၊ ကထိန ဝိနိစ္ဆယ၊ ဦးဖိုးကျားမှတ်စု၊ သာသနဗဟုသုတပွကာသနီကျမ်း၊ ဆုံးမစာပေါင်းချုပ်၊ ကဗျာသာရတ္ထသင်္ဂြိုဟ်၊ ဒေါင်းဋီကာသစ်၊ မုံရွေးဆရာတော်မှတ်စု၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ပခန်းအကြောင်း သိကောင်းစရာ၊ မြန်မာစကားပြေ လက်ရွေးစင်အဖြေ၊ မြန်မာ့စွယ်စုံကျမ်း အတွဲ (၅)၊ သချၤာဂုဏပကာသနီကျမ်းကြီး၊ ငွေတာရီမဂ္ဂဇင်း အမှတ် ၁၂၃–မှ ဒဂုံဦးထွန်းမြင့်၏ ‘ တောင်ဖီလာဆရာတော်နှင့် ရှင်ဥပါလိ ’ ဆောင်းပါး ။

**တိလောကဂုရုဆရာတော်** ( ၉၄၀ ခန့်–၁၀၂၀ ခန့် )

တိလောကဂုရုဟူသော ဘွဲ့တံဆိပ်တော်ကို တိလောကဂုရုဆရာတော်ဟူ၍ ထင်ရှားလာသော ဆရာတော်ကား ပခန်းကြီးမြို့ အနောက်လက် ခြောက်တိုင်ကွာ ဆိတ်ဆင်းကျေးရွာ (ယခုမြိုင်မြို့နယ်) ၌ မွေးဖွားသည်။ သာမဏေဘဝမှ ရဟန်းပြုပြီးသော် အင်းဝမြို့သို့ ကြွရောက်၍ စာပေပရိယတ်များကို သင်ကြားဆည်းပူးသည်။ ရှေးဦးစွာ စာပေသင်သောကျောင်းကား ရွှေစည်းခုံစေတီတော် မြောက်စောင်းတန်းအနီး ဇေတဝန်ခြေတိုင်ကျောင်း ဖြစ်သည်။

တိလောကဂုရုလောင်းလျာ ပဥ္စင်းပျိုသည် စာပေကျမ်းဂန် တတ်ပွန်ပါလျက် ပျိုရွယ်သူတို့၏ စိတ်သဘာဝဖြင့် သာသနာ့ဘောင်တွင် မပျော်ပိုက်ဘဲ လူထွက်မည် အကြံရှိလေသည်။ သို့ဖြစ်၍ လူဝတ်လူစားများကို ယူ၍ အဖော်ရဟန်းတို့နှင့် လာခဲ့၏။ ထိုစဉ် “ ရဟန်းဘဝနှင့် ရွှေစည်းခုံစေတီတော်ကြီးကို နောက်ဆုံးဖူးမြင်ဦးမည်၊ ” ဟု ရွှေစည်းခုံရင်ပြင်တော်သို့ သွားရောက်၍ ရှိခိုးဦးတင်လေသည်။

ထိုအခိုက် အပျိုစင် အမျိုးသမီးတစ်ယောက်သည် ရေချမ်းအိုးကို ကိုင်လျက် ရင်ပြင်တော်ပေါ်သို့ တက်ရောက်လာ၏။ အမျိုးသမီးသည် လူထွက်လိုသော ရဟန်းနှင့် မနီးမဝေးတွင်ထိုင်၍ ရေချမ်းကပ်လှူပူဇော်သည်။ အမျိုးသမီးသည် ရဟန်းပျို ကြားလောက်သော အသံဖြင့် ဘုရားရှင်အား “ ဤကုသိုလ်ကောင်းမှုကြောင့် ဆင်းရဲကင်းရပါလို၏၊ ဖြစ်လေရာဘဝတိုင်း၌ ရဟန်းလူထွက်မယား မဖြစ်ရပါလိုဘုရား၊ ”ဟု လျှောက်ထားလေသည်။

ထိုစကားကို ရဟန်းပျိုကြားလျှင် အကျိုးအကြောင်းကို သမီးပျိုအား မေးကြည့်ရာ သမီးပျိုက “အရှင်ရဟန်း– လူထွက်သော ရဟန်းဆိုသည်မှာ မိုက်မဲသူသာ ဖြစ်သည်၊ ရဟန်းဆိုသည် သူတစ်ပါး လှူဒါန်းသော အစားအစာ၊ အဝတ်တန်ဆာ၊ အရိပ်သစ်မ်းနှင့် ပြည့်စုံသဖြင့် ချမ်းသာစွာ နေရပါလျက် လူထွက်၍ တဏှာကျွန် မယားကျွန်ခံဦးမည်ဆိုက သည့်ထက်မိုက်မဲသူ ဘယ်မှာ ရှိချိမ့်မည်နည်း၊ ဤမျှ မိုက်မဲသူ မယားဖြစ်ရပါမူ ကျွန်တော်မအတွက် ဘယ်မှာ ချမ်းသာရာ ရပါမည်နည်း၊ သို့အတွက် ဤဆုကို တောင်းပါသည်၊ ”ဟု ဖြေကြားလေသည်။

ရဟန်းပျိုသည် ထိုစကားကို ကြားလျှင် များစွာ တုန်လှုပ်လျက် သတိသံဝေဂလည်း ရမိရှာသည်။ ထို့ကြောင့် ရဟန်းဘဝဖြင့်ပင် အရိုးထုတ်တော့မည်ဟု ကြံ၍ ပါလာသော အဖော်ရဟန်းတို့အားလည်း ထိုအကြောင်းကို ပြောကြား၍ စစ်ကိုင်းဘက်သို့ ကူးပြီးလျှင် စာပေပရိယတ်များကို သင်ကြားခြင်း၊ ပို့ချခြင်းများ ပြုလုပ်လေတော့သည်။

ဤသို့ဖြင့် ပုညရှင်စေတီ အနီးတွင် ကျောင်းငယ်ကလေးဖြင့် နေတော်မူလျက် စာပေပို့သနေရာ စာသင်ရဟန်းများ နေစရာ မရှိအောင် များပြားလှဘိ၏။ ထိုအကြောင်းကို အင်ဝဘုရင်သိလျှင် ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းလေသည်။ ဆရာတော်အားလည်း ‘ တိလောကဂုရု’ ဟူသော ဘွဲ့တံဆိပ်ကို ပေးအပ်လှူဒါန်းသည်။ ထိုအချိန်မှစပြီး တိလောဂုရုဆရာတော် ဟူ၍ သာသနာရေးလောက၌ နေလအသွင် ထင်ရှားလာလေသည်။

ဖော်ပြပါ ဖြစ်ရပ်များကို မည်သည့်သက္ကရာဇ်တွင် ဖြစ်ပျက်ခဲ့သည်ဟု ပြောနိုင်ရန် အထောက်အထား ရှာဖွေမရ ဖြစ်သည်။ အရပ်ရပ် အကြောင်းများကို လေ့လာလျှင် အနောက်ဘက်လွန်မင်း လက်ထက်ဟု ဆိုနိုင်ဖွယ်သည်။ သာသနာလင်္ကာရစာတမ်းစသော အဆက်ဆက်သာသနာဝင်တို့၌ ၁၀၃၄–ခု နန်းတက်သော နရာဝရမင်းလက်ထက်ဟု အတည်ပြု ဆုံးဖြတ်ကြ၏။

သာသနာလင်္ကာရစာတမ်း၌လာသော စကားသည် ရှေ့နောက်မညီတတ်ပေ။ စာမျက်နှာ ၁၆၅–တွင် အနောက်ဘက်လွန်မင်းလက်ထက် သက္ကရာဇ် ၉၆၇–ခုနှစ်တွင် လကျာဘိနန်သူကျောင်း၌ သျှင်တိလောကဂုရုတို့ ပညာသင်ကြားကြောင်း ပြဆိုထားပြီး၊ တစ်ဖန် စာမျက်နှာ ၁၇၉–၌ နရာဝရမင်းလက်ထက် လူထွက်မည် ပြုသော ရဟန်းပျိုတစ်ဦး အကြောင်းကို ဖော်ပြထားရာ မညီမညွတ် ဖြစ်နေသည်ကို တွေ့ရှိရသည်။

ထို့ပြင် တိလောကဂုရုဆရာတော်၏ တပည့် သျှင်တေဇောဒီပသည် ခုနစ်ဝါ (ငါးဝါ) အရတွင် ပရိတ်ကြီးဋီကာကို ရေးသားသည် ဆို၏။ ထိုပရိတ်ကြီးဋီကာ နိဂုံး၌ ၉၇၁–ခုနှစ်တွင် ပါရှိသဖြင့် ဆရာတော်၏ တပည့်သည် ၉၇၁–ခုနှစ်တွင် ခုနစ်ဝါ ရပြီဆိုက ၎င်းသည် ၉၄၅–ခုဖွား ဖြစ်၏။ သျှင်တိလောကဂုရုမှာ ဧကန် ၉၄၅–ခု မတိုင်မီကပင် မွေးဖွားရမည် ဖြစ်သည်။ ထိုနှစ်၌ ဖွားသူပင်လျှင် နရာဝရမင်းလက်ထက် ၁၀၃၄–ခုနှစ်တွင် အသက် ၈၉–နှစ် ရှိနေပြီဖြစ်ရာ သျှင်တိလောကဂုရုဆရာတော်သည် နရာဝရမင်းလက်ထက် ရဟန်းပျို မဟုတ်တော့ကြောင်း ထင်ရှားလေသည်။

တစ်ဖန် တိလောကဂုရုဆရာတော်သည် နရာဝရမင်းလက်ထက် မတိုင်မီကပင်လျှင် ကျော်ကြားနေသော မင်းဆရာတစ်ပါး ဖြစ်နေ၏။ သာလွန်မင်းလက်ထက် သက္ကရာဇ် ၁၀၀၁–ခု၊ ပြာသိုလပြည့်ကျော် သုံးရက်နေ့တွင် သာလွန်မင်းတရားသည် ကောင်းမှုတော်သို့ ထွက်၍ တံဆိပ်ရ သံဃာတော်များနှင့် သံဃာတော် ၁၅–ကျိပ်တို့ကို ဆွမ်းကျွေးတော်မူသည်။ ထိုအထဲတွင် တံဆိပ်တော်ရ တိလောကဂုရုဆရာတော်၊ တောင်ဖီလာဆရာတော်၊ တိသာသနဓဇဘုန်းကြီးတို့ လည်း ပါဝင်ကြောင်း သာလွန်မင်းအမေးတော်ပုံကျမ်း၌ တောင်ဖီလာဆရာတော်၏ ရေးသားချက် ရှိပေသည်။

ယင်းအချက်တို့ကို ထောက်ထား၍ တိလောကဂုရုဆရာတော်သည် အနောက်ဘက် လွန်မင်းလက်ထက်မှာပင် ပေါ်ထွန်းလာသော ပညာရှင်တစ်ပါးဟူ၍ ဆုံးဖြတ်သင့်ပေသည်။ တိလောကဂုရုဟူသော ဘွဲ့တံဆိပ်သည်ကား အနောက်ဘက်လွန်မင်းလက်ထက် သို့မဟုတ် သာလွန်မင်းလက်ထက်တွင် ရရှိသည်ဟု မှတ်ယူရမည် ဖြစ်ပေသည်။

တိလောကဂုရုဆရာတော်ကြီးသည် သာသနာတော်အတွက် နက်နဲခက်ခဲလှသော ဓာတုကထာဋီကာဝဏ္ဏနာကျမ်း၊ ဓာတုကထာဋီကာအနုဝဏ္ဏနာကျမ်း၊ ယမကဝဏ္ဏနာဋီကာကျမ်း၊ ပဋ္ဌာနဋီကာဝဏ္ဏနာကျမ်းစသည်တို့ကို ပြုစုခဲ့ပါသည်။ ဆရာတော်သည် ပျို့ ကဗျာ လင်္ကာစသည် တို့ကို ပြုစုခဲ့သည်ဟု အမှတ်အသား မတွေ့ရသော်လည်း ကြည်ညွတ်ရိုသေဖွယ် ဖြစ်သောကြောင့် ထည့်သွင်း ဖော်ပြရခြင်း ဖြစ်ပေသည်။

**(ကျမ်းကိုး)** သာလွန်မင်းအမေးတော်ပုံကျမ်း၊ သာသနာလင်္ကာရစာတမ်း၊ ပခုက္ကူသာသနာဝင်၊ ပိဋကတ်သမိုင်းစာတမ်း၊ ပခန်းအကြောင်း သိကောင်းစရာ၊ ကဗျာကြေးမုံ ပိဋကတ်ကြေးမုံကျမ်း ။

## သျှင်ကုမာရကဿပ ( ၉၅၀ ခန့်–၁၀၀၀ ခန့် )

သျှင်ကုမာရကဿပသည် သက္ကရာဇ် ၉၆၇–ခုနှစ်တွင် နန်းတက်သော အနောက်ဘက်လွန်မင်းတရားကြီး လက်ထက်တွင် ပေါ်ထွန်းလာသည့် စာဆိုတော် တစ်ပါးဖြစ်သည်။

ဆရာတော်သည် ပခန်းကြီးမြို့မြောက်ဘက်၊ တောင်မင်းကျောင်း၌ အစဉ်အဆက်အားဖြင့် သီတင်းသုံးတော်မူသော ဆရာတော်များထံ၌ စာပေကျမ်းဂန်တို့ကို သင်ကြားတတ်မြောက်ခဲ့သည်။ သျှင်ကုမာရကဿပသည် မိမိနောင်တော်ရင်း ဖြစ်သော သိရိပုညလင်္ကာမရှိသည့်နောက် တောင်မင်းကျောင်း၌ပင် သီတင်းသုံးတော်မူရသည်။

ဆရာတော်အား ကိုးကွယ်သူမှာ အင်းဝမြို့ကို စိုးအုပ်ကွပ်ကဲရသော ' ဇေတရာဇ် ' ဘွဲ့ရ အမတ်ကြီး ဖြစ်သည်။ ထို့ကြောင့် ဓမ္မရာသီပျို့ နိဂုံး၌ –

" ရတနာပူရ၊ ရွှေအင်းဝဟု၊ နာမမည်မှန်း၊ မြို့ဦးစွန်းကို၊ ထက်ဝန်းနှံ့စပ်၊ စိုးအုပ်ကွပ်၍၊ ဆယ်ရပ်ကျော်လှစ်၊ ဇေတရာဇ်ဟု၊ နန်းသစ်တက်က၊ ရွှေဘွဲ့ရသား၊ မစ္စဝံသာ၊ မတ်ကြီးစွာ၏၊ ဆရာဖြစ်ထွေ၊ ရွှေကျောင်းနေလျက်၊ "–

ဟု စပ်ဆိုခဲ့ပေသည်။

ဆရာတော်သည် ထိုတောင်မင်းကျောင်း၌ သီတင်းသုံးတော်မူစဉ် ဓမ္မရာသီပျို့ကို ရေးစပ်တော်မူသည်။ ကျမ်းပြီး နိဂုံး၌–

" ဓမ္မရာသီ၊ တရားဆီတည့်၊ အညီစုပြွမ်း၊ ဤသည့်ကျမ်းကို ၊ တတ်စွမ်းစီရင်၊ ပြီးမြောက်စင်သား၊ ပေါ်ထင်ထွန်းပ၊ ကိုးရာ့ရှစ်ဆယ်၊ စွန်းဝယ်ခုနစ်၊ သက္ကရာဇ်၊ "–

ဟု ရေးဖွဲ့ထားသောကြောင့် သက္ကရာဇ် ၉၈၇–ခုနှစ်တွင် ရေးသားပြီးစီးကြောင်း သိရှိရ၏။

ဆရာတော်သည် ဓမ္မရာသီပျို့အပြင် ' ဓမ္မရသ ' ပျို့ကိုလည်း ရေးသားစပ်ဆိုတော်မူသေးသည်။ သို့ရာတွင် နှစ်ပေါင်းများစွာ ပေစာမူအဖြစ် တိမ်မြုပ်နေခဲ့သောကြောင့် ဓမ္မရာသီပျို့ကဲ့သို့ လူသိများ၍ ထင်ရှားခြင်း မရှိချေ။

ဆရာတော်ရေးသားသော စာပေစုတို့ကို ထိုပျို့နှစ်စောင်မှ လွဲ၍ အခြားမတွေ့ရသေးချေ။

**(ကျမ်းကိုး)** စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ကဝိလက္ခဏာဒီပနီ၊ ပိဋကတ်သမိုင်းစာတမ်း ၊

## သျှင်ကရဝိက (ပ) ( ၉၅၀ ခန့်–၁၀၁၀ ခန့် )

မြန်မာ့ ရဟန်းစာဆိုတော်များသမိုင်းတွင် သျှင်ကရဝိကဟူ၍ ထင်ရှားခဲ့သော စာဆိုတော် နှစ်ပါးရှိသည်။ ထိုတွင် ပထမဖြစ်သော သျှင်ကရဝိကကား သက္ကရာဇ် ၉၉၁–ခုနှစ်၊ တွင် နန်းတက်သော သာလွန်မင်းတရား လက်ထက်တွင် ပေါ်ပေါက်ခဲ့သူတည်း။

သျှင်ကရဝိကသည် သာလွန်မင်းတရား လက်ထက် ၉၉၇–ခုနှစ်တွင် ‘တက်ထွန်းလျှံဝါ၊ မော်ကွန်းစာကို ’အစချီ ရတုပိုဒ်စုံကို ရေးသား၍ သာလွန်မင်းအား ပေးဆက်ရာ မင်းတရားက နှစ်ခြိုက်တော်မူလှသဖြင့် ထန်းညွန့်ရှည်တွင် ရေးကူး၍ ရွှေကျည်တောက်ဖြင့် ထည့်ကာ ခေါင်းရင်းတွင် အမြဲထားရုံမျှမက အာဂုံလည်း ကျက်ဆောင်ထားလေသည်။

သျှင်ကရဝိကသည် မင်းရဲကျော်စွာ၏ ‘ လေးထပ်ကျောင်းတည် သမိုင်းမော်ကွန်း ’ ကိုလည်း ရေးသားတော်မူသည်။ ထိုမော်ကွန်းကို သာလွန်မင်းတရား လက်ထက်၌ ရေးသားဟန် မတူပေ။ လေးထပ်ကျောင်းသမိုင်းနှင့် စပ်လျဉ်း၍ သာသနာလင်္ကာရစာတမ်း၌–

> “(တောင်ဖီလာဆရာတော်အား) ၉၇၇–ခုနှစ်တွင် ညီတော်စလင်းစား မင်းရဲကျော်စွာ သုံးကြိမ်တိုင် တင်လျှောက်မှ မင်းရဲကျော်စွာက ကိုးကွယ်ရသည်။ ၉၇၉–ခု၊ စစ်ကိုင်း မြစ်နား လေးထပ်ကျောင်းကို မင်းရဲကျော်စွာ ဆောက်လုပ်သည်။ ၉၈၃–ခု၊ ထိုကျောင်းကို တင်လှူ တော်မူသည်။ ” –

ဟု ပါရှိပေသည်။

မင်းရဲကျော်စွာ ဆောက်လုပ်သော ကျောင်းသည် သက္ကရာဇ် ၉၇၉–၉၈၃–ခုနှစ်အတွင်း ဆောက်လုပ်ပြီးစီးသည် ဖြစ်သောကြောင့် လေးထပ်ကျောင်းတည် သမိုင်းမော်ကွန်းကိုလည်း ထိုနှစ်များ အတွင်း၌ ရေးသာသည် ဖြစ်ပေလိမ့်မည်။ သျှင်ကရဝိက၏ ‘မင်းရဲကျော်စွာတိ ဝိသုတော၊ ဓမ္မရာဇသ ကနိဋ္ဌော၊ ’အစချီ လေးထပ်ကျောင်းတည် မော်ကွန်းကို ‘ မြစ်နားလေးထပ်ကျောင်း တည်မော်ကွန်း’ ဟူ၍ သီးခြား မှည့်ခေါ်ထားလေသည်။ ထိုကျောင်းနာမည်ကဲ့သို့ပင် အခြား လေးထပ်ကျောင်းလည်း ရှိသေးသည်။ ထိုကျောင်းကို ‘ စည်းခုံတော် လေးထပ်ကျောင်း ’ ဟု ခေါ်တွင်လေသည်။

သျှင်ကရဝိကသည် မြစ်နားလေးထပ်ကျောင်းတည် မော်ကွန်းနှင့် တက်ထွန်းလျှံဝါချီ ရတုပိုဒ်စုံမှတစ်ပါး ‘မာဃနတ်ရှင်၊ ဖန်စီရင်၍ ’အစချီ ရတုပိုဒ်စုံကိုလည်း ရေးသားသေးသည်ဟု လက်ဝဲနော်ရထာ၏ စာဆိုတော်များ ရတုပေါင်းချုပ်တွင် တွေ့ရှိရလေသည်။

**(ကျမ်းကိုး)** သာသနာလင်္ကာရစာတမ်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာစာပေသမိုင်း၊ ပိဋကတ်သမိုင်း စာတမ်း၊ ကဗျာသာရတ္ထသင်္ဂြိုဟ်၊ ကဝိလက္ခဏာဒီပနီ၊ စာဆိုတော်များ ရတုပေါင်းချုပ်၊

## မဟာရတနာကရဆရာတော် ( ၉၇၀ ခန့်–၁၀၅၀ ခန့် )

မဟာရတနာကရဆရာတော်သည် သာလွန်မင်းတရား လက်ထက်တွင် ထင်ရှားသော ဆရာတော်တစ်ပါး ဖြစ်သည်။ ဘွဲ့မည်မှာ သျှင်သဒ္ဓမ္မာလင်္ကာရ ဖြစ်၏။ ငယ်စဉ်က ဆင်ဦးဘုရင် ဆရာတော်ထံတွင် စာပေများကို သင်ကြားရ၏။ ဆင်ဦးဘုရင်ဆရာတော်သည် တောင်ငူ၌ သီတင်းသုံးနေစဉ် သျှင်သဒ္ဓမ္မာလင်္ကာရမှာ ပဉ္စင်းပျိုမျှသာ ရှိသေးသည်။ ထိုအချိန်တွင် တောင်ငူ မိဖုရားက ကြည်ညိုသဖြင့် ဆွမ်းဝတ်တည်ရန် လျှောက်ထားရာ ဆရာဖြစ်သူက လာဘ်များလျှင် စာသင် ပျက်စီးမည်စိုးသောကြောင့် ပယ်မြစ်တားဆီးတော်မူသည်။

သျှင်သဒ္ဓမ္မာလင်္ကာရသည် နောင်အခါတွင် ပင်းယရွှေဥမင်ကျောင်းတိုက်၌ လေးဆက် မြောက် သီတင်းသုံးတော်မူသည်။ သက္ကရာဇ် ၁၀၀၁–ခုနှစ်တွင် သာလွန်မင်းတရားက ဘုံစံကျောင်းတော်ကို ဆောက်လုပ်၍ တင်လှူတော်မူသည်။ ဆရာတော်အား ' မဟာရတနာကရ' ဟူသော ဘွဲ့တံဆိပ်ကိုလည်း ပေးအပ်တော်မူ၏။ ထိုအခါမှ စ၍ မဟာရတနာကရဆရာတော် ဟူ၍ ထင်ရှားလာလေသည်။

ဆရာတော်သည် သာလွန်မင်းတရား၏ ' သီရိသုဓမ္မ မဟာရာဇာဓိပတိ ' ဟူသော ဘွဲ့နာမံတော်ကို ဆန်းအလင်္ကာစသည့် နည်းတို့ဖြင့် ' ရာဇိန္ဒ ရာဇ နာမာဘိဓေယျ ဒီပနီ ' ဟူသော ကျမ်းကို ရေးသားလေသည်။ ထိုကျမ်းကို နေမျိုးသီရိဇေယျကျော်ထင်လျှောက်ထုံး၌ စံကျောင်း ဆရာတော်ဟု ရှိသည်။ ဤသည်မှာ ဆရာတော်၏ ကျောင်းအမည်တွင် ဘုံသဒ္ဒါကို ချေထားသည် ဟု ယူဆဖွယ်ဖြစ်သည်။

မှန်နန်းရာဇဝင်တော်ကြီးတွင် " သာလွန်မင်းတရားဆရာတော် ပင်းယရွှေဥမင် မဟာရတနာကရဘုန်းကြီး စီရင်သော သက္ကဒါန်စာတမ်းတွင်လည်း " ဟု ကျမ်းညွှန်းပြထား သောကြောင့် ဆရာတော်သည် သက္ကဒါန်စာတမ်းကိုလည်း ရေးသားကြောင်း သိရှိရပေသည်။

သက္ကရာဇ် ၁၀၃၄–ခုနှစ်တွင် နန်းတက်သော ဝမ်းဘဲအင်းစံမင်း လက်ထက်၌ ဆရာတော်သည် အရိယာသူတော်ကောင်းတို့၏ အကျိုးငှာ ဓမ္မပဒကျမ်းကို မှီး၍ ' ရတနာကရ ဝတ္ထုတော်ကြီး ' ကို ရေးသားစီရင်တော်မူသည်။ ကျမ်းပြီးသော သက္ကရာဇ်မှာ ၁၀၄၂–ခု ဖြစ်၏။ ထိုဝတ္ထုကို ပင်းယရွှေစည်းခုံကျောင်းတိုက်၌ နေစဉ် ရေးသားသဖြင့် ဆရာတော်သည် နောင်အခါ တွင် ရွှေစည်းခုံကျောင်းတိုက်သို့ ပြောင်းရွှေ့နေဆိုင်သည်ဟု မှတ်ယူနိုင်ပေသည်။ သို့မဟုတ် နှစ်တိုက်တွင် အလှည့်ကျ သီတင်းသုံးသည်လည်း ဖြစ်နိုင်ပေသည်။

မာန်အောင်ရတနာ စနေမင်း လက်ထက် သက္ကရာဇ် ၁၀၆၉–ခု၊ ပြာသိုလပြည့်ကျော် ၁၂–ရက်နေ့တွင်–

> " ဘုံစံတုလွတ်ကျောင်းတော်ကို တင်လှူတော်မူမည်ဟူ၍ ဆင်းလုံးမြင်းရင်း စစ်သည် ဗိုလ်ပါများနှင့်တကွ ထွက်တော်မူ၍ ညဥ့်လေးချက်တီးကျော် တစ်မောင်းတွင် ဆရာတော် ရတနာကရအား လှူတော်မူသည်။ " –

ဟု မှန်နန်းရာဇဝင်တော်ကြီး– တတိယတွဲတွင် ဆိုထားသဖြင့် ဆရာတော်သည် ထိုနှစ်အထိ အသက်ရှင်ဆဲ ရှိသေးသလောဟု စဉ်းစားဖွယ် ဖြစ်၏။ အသက်ရှင်ဆဲ ဖြစ်သည်ဆိုက ဆရာတော် သည် အသက် ၁၀၀– ဝန်းကျင်သို့ ရောက်ရှိနေပေတော့မည်။ မှန်နန်းရာဇဝင်အရ ဆရာတော် ရတနာကရမှာ ဘွဲ့မည်ဖြစ်သော သျှင်ရတနာကရဟုဆိုက အခြားတစ်ပါးဟု ဆုံးဖြတ်ရပေ တော့မည်။

**(ကျမ်းကိုး)** သာလွန်မင်းအမေးတော်ပုံကျမ်း၊ မှန်နန်းရာဇဝင်တော်ကြီး– တတိယတွဲ၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာစာပေသမိုင်း၊ ကဗျာကြေးမုံ ပိဋကတ်ကြေးမုံကျမ်း၊ စာပေ့တာဝန်၊ သာသ နာလင်္ကာရစာတမ်း ။

## **နန်းကျောင်းဆရာတော်** ( ၉၈၆–၁၀၆၅ )

နန်းကျောင်းဆရာတော်သည် ပါဠိစာပေသင်ရိုးကျမ်း ဖြစ်သော သဒ္ဒါကျမ်းကို နိဿယ ပြန်ဆိုတော်မူသဖြင့် ထင်ရှားလာသော ဆရာတော် ဖြစ်သည်။ ဆရာတော်၏ နိဿယကျမ်း ကြီးမှာ ကောင်းမွန် မြင့်မြတ်လှသဖြင့် ခေတ်အဆက်ဆက် စာသင်သားတို့၏ လက်သုံးကျမ်းကြီး တစ်ဆူ ဖြစ်ခဲ့ပေသည်။ ထို့ကြောင့် " သင်္ဂြိုဟ် ဗားကရာ ၊ သဒ္ဒါ နန်းကျောင်း "ဟူ၍ ရှေးသူဟောင်း တို့ ဆိုစမှတ်ပြုကြလေသည်။

ဆရာတော်သည် ပြည်မင်း၏ အမတ်ကြီးဖြစ်သော နေမျိုးနော်ရထာ၏ သားဖြစ်၍ မူးမတ်မျိုးနွယ်မှ မွေးဖွားလာသူ ဖြစ်သည်။ မွေးဖွားရာ ဒေသကိုမူ တိကျစွာ မတွေ့ရသေးချေ။ အချို့မူ၌ ပခန်းကြီးကျေးလက် ဘလဘရွာသားဟု ဆိုကြသည်။ ဖွားသက္ကရာဇ်ကိုမူ မှန်နန်း ရာဇဝင်တော်ကြီး–တတိယတွဲ၌ သက္ကရာဇ် ၁၀၀၆–ခု၊ တပေါင်းတွင် သာလွန်မင်းတရား ကြီးသည် သုဓမ္မာဇရပ်တော်သို့ ထွက်တော်မူပြီးလျှင် သျှင်အဂ္ဂဓမ္မအား ရဟန်းအဖြစ်သို့ ထောက်ပံ့တော်မူကြောင်း တွေ့ရှိရ၏။ ထို့ကြောင့် ဆရာတော်၏ မွေးသက္ကရာဇ်ကို ၉၈၆–ခုဟု ရေးမှတ်ရခြင်း ဖြစ်ပေသည်။

ဖော်ပြခဲ့ပြီးသည့်အတိုင်း ရဟန်းပြုသောအခါ ဘွဲ့မည်မှာ သျှင်အဂ္ဂဓမ္မ ဖြစ်သည်။ သျှင်အဂ္ဂဓမ္မသည် အင်းဝမြို့မှ ဆရာတော် သျှင်အရိယာလင်္ကာရ၏ တပည့်ဖြစ်သည်။ ထိုခေတ်တွင် အရိယာလင်္ကာရဘွဲ့တံဆိပ်တော်ရ ဆရာတော် နှစ်ပါးရှိသည်။ ပထမအရိယာလင်္ကာရမှာ တောင်ဖီလာဆရာတော်နှင့် ပညာပြိုင်ဘက်ဖြစ်၍ ' အင်းဝပဋ္ဌင်းကျော် ' ဟု ခေါ်တွင်သည်။ ထိုဆရာတော်အား သာလွန်မင်းတရားက ကြည်ညိုတော်မူသဖြင့် အရိယာလင်္ကာရဟူသော ဘွဲ့တံဆိပ်တော်ကို ကပ်လှူ၍ ဒက္ခိဏာဝန်ကျောင်းတော်ကို တင်လှူမည်ရှိရာ မတင်လှူရမီ ပျံလွန် တော်မူသဖြင့် တပည့်ရင်းဖြစ်သော ကျမ်းဂန်တတ်ဆရာတော် တစ်ပါးကို အရိယာလင်္ကာရဟူသော ဘွဲ့တံဆိပ်တော်ကို ထပ်မံကပ်လှူ၍ ဒက္ခိဏာဝန်ကျောင်းတော်ကို တင်လှူလေသည်။

အထက်ဖော်ပြပါ နှစ်ပါးလုံးမှာ သာလွန်မင်းတရား လက်ထက်မှာပင် ဘွဲ့တံဆိပ်တော် ကို အတူရရှိကြသည်ဖြစ်၍ သျှင်အဂ္ဂဓမ္မ၏ ဆရာမှာ မည်သည့် အရိယာလင်္ကာရဘွဲ့ရ ဆရာတော် ဖြစ်သည်ကို တိကျသော အမှတ်အသား မတွေ့ရပေ။ သို့ရာတွင် ဒုတိယသျှင်အရိယာလင်္ကာရ ဆရာတော်မှာ ကောင်းမှုတော်ကြီး တည်လုပ်၍ လေးမျက်နှာတွင် တည်ဆောက်သော ကျောင်း များကို အပ်နှင်းချိန်တွင် ပေးအပ်သော ဘွဲ့ဖြစ်၏။ ထို့ကြောင့် သျှင်အဂ္ဂဓမ္မ၏ ဆရာသည် ပတမ အရိယာလင်္ကာရဘွဲ့တံဆိပ်တော်ရ ဆရာတော်ပင် ဖြစ်နိုင်ပေသည်။

သျှင်အဂ္ဂဓမ္မဟူသော ဘွဲ့မည်တွင် အလင်္ကာရဟူသော ဘွဲ့ကို ထပ်ဆင့်၍ လှူဒါန်း သဖြင့် ရဟန်းဖြစ်၍ မကြာမြင့်မီပင် ' သျှင်အဂ္ဂဓမ္မာလင်္ကာရ ' ဟု ထင်ရှားလာခဲ့၏။ ထို့ကြောင့် ဆရာတော်ကိုယ်တိုင် သဒ္ဒါနိဿယနိဂုံး၌–

> " အာဒိမှိ၊ ရဟန်းဖြစ်စ ရှေးကာလ၌။ အဂ္ဂဓမ္မောတိ၊ အဂ္ဂဓမ္မဟူ၍။ ဝိဿုတော၊ ကျော် စောထသော။ အထပစ္ဆာ၊ ထို့နောင်မှ။ အလင်္ကာရောတိ၊ အလင်္ကာရဟူ၍။ ဝိဿုတော၊ ကျော်စောထသော။ "–

ဟူ၍ ရေးသားတော်မူခဲ့၏။

ထိုဘွဲ့တံဆိပ်တော်ကို မည်သည့်ခုနှစ်တွင် ရရှိသည်ဟု မသိရသော်လည်း သာလွန်မင်း တရား လက်ထက်မှာပင် ရရှိသည်ဟု ဆိုနိုင်ပေသည်။ သက္ကရာဇ် ၁၀၁၀–ခုနှစ်တွင် သာလွန်မင်း တရား၏ သားတော် မင်းရဲရန္တမိတ်ခေါ် ပင်းတလဲမင်း သည် ထီးနန်းအမွေကို ဆက်ခံစိုးစံလေသည်။ ထိုမင်းလက်ထက်တွင် အိမ်ရှေ့မင်းသားဖြစ်သော မင်းရဲသီဟသူနှင့် မိဖုရား စန္ဒာဒေဝီတို့က အဓိကအားဖြင့် ကိုးကွယ်တော်မူသည်။ ကျောင်းလည်း ဆောက်လုပ် လှူဒါန်းသဖြင့် ထိုကျောင်း မှာပင် သီတင်းသုံးတော်မူရသည်။

ထိုအခါ သျှင်အဂ္ဂဓမ္မာလင်္ကာရသည် ' အိမ်ရှေ့မင်းဆရာတော် ' ဟုလည်းကောင်း၊ 'အိမ်ရှေ့မင်းကျောင်းဆရာတော် ' ဟုလည်းကောင်း အမည်တွင်လာပြန်သည်။ ဆရာတော်သည် ' တိသာသနလောက ' ဟူသော ဘွဲ့တံဆိပ်ကို ရရှိတော်မူကြောင်းကို သဒ္ဒါနိဿယနိဂုံး၌–

" စိဟနံ၊ တံဆိပ်အမည်ကား။ တိသာသနံမှိ၊ သာသနာတော်သုံးပါး၌။ အာလောဘူတတ္တာ၊ ပညာရောင်ရှိသည်အဖြစ်ကြောင့်။ တိသာသနလောကောတိ၊ တိသာသနလောကဟူ၍။ ဝိဿုတော၊ ကျော်စောထသော။ "–

ဟူ၍ ထည့်သွင်း ဖော်ပြခဲ့သည်။

ဆရာတော်သည် ပါဠိစာပေ သင်ကြားမှုသမိုင်းတွင် အကျော်ကြားဆုံး ဖြစ်သော သဒ္ဒါနိဿယကျမ်းကြီးကို ထိုမင်းလက်ထက်မှာပင် ရေးသားသည်ဟု ဆုံးဖြတ်ရပေသည်။အဘယ့်ကြောင့်ဆိုသော် ထိုကျမ်းပြီးနိဂုံး၌ နောင်အခါ ပြည်မင်းလက်ထက်၌ ရရှိသော ဘွဲ့တံဆိပ်တော်ကို ထည့်သွင်းထားခြင်း မရှိသေးသောကြောင့်တည်း။ သို့သော်လည်း ထိုကျမ်းကြီးမှာ ပြည်မင်းလက်ထက်လောက် ရောက်မှ ရေးသား ပြီးစီးသည်ဟု ခန့်မှန်းရပေသည်။

သက္ကရာဇ် ၁၀၂၃–ခုနှစ်တွင် ညီတော်ပြည်မင်းသည် ' မဟာပဝရ ဓမ္မရာဇာ လောကဓိပတိ ' ဟူသော နာမံတော်ဖြင့် မင်းပြုတော်မူသည်။ ပြည်မင်းတရားသည် ထီးနန်းစိုးစံစဉ် ဇာတာတော် မသန့်သည်ဟူ၍ အယူရှိသောကြောင့် ရန်အောင်မြင်ဘုရား အနောက် ရမ္မဝတီအရပ်၌ ယာယီနန်းတော်ကို ဆောက်လုပ်၍ စံတော်မူသည်။ နန်းတော်ကို ' ဘုံစံဝတီ ' ဟု သမုတ်တော်မူသည်။ သာသနာလင်္ကာရစာတမ်းတွင်မူ ' ဘုံသာဝတီ ' ဟု ရှိသည်။

ပြည်မင်းတရားသည် ထိုဘုံစံဝတီနန်းတော်တွင် အနည်းငယ်မျှ စံနေတော်မူပြီးလျှင် ထိုနန်းတော်ကို ဖျက်၍ ရွှေစည်းခုံ အနောက်တောင်ယွန်း ကျောင်းရံလေးကျောင်းနှင့်တကွ ဆောက်တော်မူ၏။ ထိုကျောင်းကို အဂ္ဂါဝရဘုန်းတော်ကြီးအား တင်လှူတော်မူသည်။ ဘုံစံဝတီနန်းမကြီးကိုကား ဆရာတော် သျှင်အဂ္ဂဓမ္မာလင်္ကာရအား တင်လှူတော်မူသည်။ ဆရာတော်၏ တတိယမြောက်ဘွဲ့ဖြစ်သော ' ရတနာလင်္ကာရ ' ဟူသော ဘွဲ့တံဆပ်တော်ကိုလည်း ပေးအပ်တော်မူသည်။ ထိုအကြောင်းကို မှန်နန်းရာဇဝင်တော်ကြီး– တတိယတွဲ၌–

" ဘုံစံဝတီနန်းမကိုကား နောင်တော် အိမ်ရှေ့မင်းဆရာတော် တိသာသနလောကဘုန်းကြီးအား သက္ကရာဇ် ၁၀၂၇–ခုနှစ်၊ ကဆုန်လပြည့်ကျော် ငါးရက် တနင်္ဂနွေနေ့ မွန်းယိမ်းကျော် ရှစ်နာရီ တစ်ပါဒ်တွင် နှစ်ကျောင်း တစ်ချိန်တစ်ခါတည်း လှူတော်မူသည်။ ရတနာလင်္ကာရဟူသော တံဆိပ်ကိုလည်း ပေးအပ်တော်မူသည်။ " –

ဟု ပါရှိပေသည်။

ဆရာတော်သည် ထိုနန်းကျောင်းတော်ကြီးကို အလှူခံချိန်၌ အသက်အရွယ်အားဖြင့် ၄၀–ကျော်မျှသာ ရှိပေသေးသည်။ ထိုနှစ်များအတွင်း ဘွဲ့တံဆိပ်တော် သုံးထပ်မျှ ရရှိခဲ့ပေသည်။ ဆရာတော်သည် ထိုဘုံစံဝတီ နန်းကျောင်းတော်ကြီး၌ သီတင်းသုံးသောအခါမှစ၍ ' နန်းကျောင်းဆရာတော် ' ဟူ၍ ခေါ်တွင်ထင်ရှားလာခဲ့လေသည်။

ပြည်မင်းတရားသည် ဆရာတော်၏ ဖခင်ကြီး နေမျိုးနော်ရထာအား မြှောက်စားအားထားဘိသကဲ့သို့ ဆရာတော်အားလည်း အထူးသဖြင့် ကြည်ညိုတော်မူ၏။ ပြည်မင်းတရားက ဆရာတော်အား " နောင်လာနောက်သားတို့အတွက် သိမှတ်လွယ်စိမ့်သောငှာ ရာဇဝင်စာတော်ကို ပြုစုတော်မူပါ၊ " ဟု လျှောက်ထား တောင်းပန်သောကြောင့် ရေးသားတော်မူရာ ထိုရာဇဝင်ကျမ်းကို ' နန်းကျောင်းရာဇဝင် ' ဟူ၍ ခေါ်တွင်လေသည်။

ဆရာတော်သည် ထိုအချိန်က မိမိခမည်းတော်ကြီးမှာလည်း နေမျိုးနော်ရထာဘွဲ့ဖြင့် ဝန်ပြုရသူ ဖြစ်သောကြောင့်လည်းကောင်း၊ ဆရာတော်၏ ပညာအရည်အသွေးမှာလည်း တောက်ပြောင်သူ ဖြစ်သောကြောင့်လည်းကောင်း လူပြုပါအမူ မှုးမတ်စည်းစိမ်ကို ဇကန်ရရှိနိုင်သူ

ဖြစ်၏။ မိမိနှင့် မိတ်ဆွေဖြစ်သော ရဟန်းလူထွက်များသည်ပင် မင်းမှုထမ်းများ ဖြစ်နေခဲ့ကြ၏။ ထိုအထဲမှ သတိုးမင်းကြီးဘွဲ့ခံ ရဟန်းလူထွက် အမတ်ကြီးသည် တစ်နေ့သ၌ မှူးမတ်တို့ အဆောင် အယောင် အခင်းအကျင်းများနှင့်တကွ ဆရာတော်၏ ကျောင်းသို့ ရောက်ရှိလာ၏။ သတိုးမင်းကြီးက ဆရာတော်အား "အရှင်ဘုရား– အရှင်သည် လူဖြစ်လျှင် ဤမျှလောက် စည်းစိမ်ကို ရရှိလိမ့်မည်၊" ဟု လျှောက်ထားလေသည်။ ထိုအခါ ဆရာတော်က "ဤမျှလောက် စည်းစိမ်သည် ငါတို့ အိမ်သာတစ်ခါတက်ကိုမျှ မတန်လေ၊ အိမ်သာ တစ်ကြိမ်တက်လျှင်ပင် အသုဘကမ္မဋ္ဌာန်း များစွာ ပွားများရသည် မဟုတ်တုံလော၊ " ဟု မိန့်ကြားတော်မူကြောင်း ဆရာစဉ်စကားဖြင့် ထင်ရှားခဲ့လေသည်။

ဆရာတော်သည် ဤကဲ့သို့ လူ့ဘ၀ လူ့စည်းစိမ်ကို မြတ်နိုး စုံမက်တော်မမူဘဲ စာပေ ရေးသားပြုစုခြင်း အလုပ်ကိုသာ ကြိုးပမ်းဆောင်ရွက်တော်မူ၏။ ဆရာတော် ရေးသားသော ကျမ်း စာများမှာ မာတိကာအရကောက်၊ ဓာတုကထာအရကောက်၊ ယမိုက် ၁၀–ကျမ်းအရကောက်၊ ပဋ္ဌာန်း ၂၄–ကျမ်းအရကောက်၊ မူလဋီကာဒွါရကထာအဖွင့်နိဿယ၊ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ နိဿယ၊ သင်္ဂြိုဟ်ကျမ်းရိုးကြီးတို့ ဖြစ်သည်။

ဆရာတော်သည် မင်းအဆက်ဆက် ကိုးကွယ်ချီးမြှောက်ခြင်း ခံရသည့်အလျောက် သက္ကရာဇ် ၁၀၆၁–ခုနှစ်တွင် နန်းတက်သော မာန်အောင်ရတနာခေါ် စနေမင်း လက်ထက်တွင် လည်း ဆရာတော်သီတင်းသုံးရာ ဘုံစံ၀တီကျောင်းတိုက်ကြီးအတွင်း သုံးထပ်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပြန်လေသည်။

မှန်နန်းရာဇ၀င်တော်ကြီး၌ သက္ကရာဇ် ၁၀၆၅–ခုနှစ်၊ နယုန်းတန်ခူးလတွင် ဆရာတော်သီတင်းသုံးရာဖြစ်သော ဘုံစံ၀တီကျောင်းတော်ကို တင်လှူကြောင်း ဆိုလေသည်။ မြန်မာမင်းလက်ထက် ထုံးတမ်းအရ မင်းဆရာတော်များ ပျံတော်မူလျှင် နောက်ထပ် မင်းကြိုက် ဆရာတော် တစ်ပါးအား ထပ်မံ တင်လှူလေ့ရှိသဖြင့် ဘွဲ့တံဆိပ်တော် သုံးထပ်ရ ဘုံစံ၀တီ နန်းကျောင်းဆရာတော်ကြီးသည်လည်း ထိုနှစ်အတွင်း၀ယ် ပျံလွန်တော်မူသဖြင့် နောက်ထပ် တင်လှူသည်ဟု ယူဆဖွယ် ရှိ၏။ သို့ဆိုလျှင် ဆရာတော်သည်လည်း ထိုနှစ်ပတ်၀န်းကျင်မှာပင် ပျံလွန်တော်မူသည်ဟု ဆုံးဖြတ်သင့်ပေတော့သည်။

**(ကျမ်းကိုး)** မှန်နန်းရာဇ၀င်တော်ကြီး–တတိယတွဲ၊ သာသနာလင်္ကာရစာတမ်း၊ နန်းကျောင်းမှ သဒ္ဒါကြီး နိဿယ–ဒုတိယတွဲ၊ ပခန်းအကြောင်း သိကောင်းစရာ၊ ပိဋကတ်သမိုင်းစာတမ်း၊ သာသန ဗဟုသုတပွကာသနီကျမ်း၊

## ရှာကြီး သျှင်ဥက္ကံသမာလာ ( ၁၀၄၀ ခန့်–၁၁၀၀ ခန့် )

သက္ကရာဇ် ၁၀၇၆–ခုနှစ်တွင် ရတနာပူရရွှေမြို့တော်၌ ညောင်ရမ်းကိုးဆက်မြောက် ဖြစ်သော လောကမာရ်အောင်စေတီတော်ဒါယကာ တနင်္ဂနွေမင်းတရားသည် ' မဟာသီရိသုဓမ္မရာဇာဓိရာဇာ ' ဟူသော ဘွဲ့တံဆိပ်နာမံကို ခံယူ၍ မင်းပြုတော်မူသည်။

ထိုမင်းလက်ထက်တွင် ရွှေယင်မြော်ရှာကြီးသား ဖြစ်သော ဆရာတော်သျှင်ဥက္ကံသမာလာသည် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့၌ လိမ္မာတတ်ကျွမ်းတော်မူသဖြင့် ထူးချွန်သော ဆရာတော်တစ်ပါး ဖြစ်သည်။ လောကရေး၊ ရာဇရေးတို့၌လည်း ကဲမောက်ကျွမ်းကျင်တော်မူသည်။

ဆရာတော် သျှင်ဥက္ကံသမာလာသည် သာသနာရေးဆိုင်ရာ အဆုံးအမကို အရုံဂိုဏ်းမှ ဩဝါဒခံယူထားသည့်အလျောက် မိမိတပည့်များကိုလည်း အရုံဂိုဏ်း၏ ဩဝါဒအတိုင်း ဆုံးမတော်မူ၏။ ဤသို့ ထူးချွန်တော်မူသဖြင့် တနင်္ဂနွေမင်းတရားက မဟာသေနာပတိ ခန့်အပ်ခြင်းခံရသော တွင်းသင်းမျုးကြီး ဖေယျနော်ရထာက နေပြည်တော်အင်းဝသို့ ပင့်ဆောင်၍ကိုးကွယ်ထား၏။ ရောဝတီမြစ်နား ရွှေကြက်ယက်ဘုရားအနီးတွင် ကျောင်းတော်ကြီးကိုလည်း ကြီးကျယ်စွာ ဆောက်လုပ်လှူဒါန်းထားလေသည်။

ဆရာတော်သည် နေပြည်တော်သို့ ကြွရောက်၍ သီတင်းသုံးရာတွင်လည်း မိမိတပည့်များအား ယခင်ကနည်းတူ အရုံဝါဒကိုသာ ထင်ရှားစွာ ဆုံးမတော်မူသည်။ ဆရာတော်အား ကိုးကွယ်သူမှာလည်း ထိုမင်းလက်ထက်တွင် ထင်ရှား၍ ဩဇာကြီးမားသူလည်း ဖြစ်သည်။ မင်းတရား၏ ယောက္ခမတော်လည်း ဖြစ်သည်။ ဤသို့ အဖက်ဖက်မှ ပြည့်စုံသဖြင့် နေပြည်တော်ရှိ အရုံဂိုဏ်းဝင်တို့က ဆရာတော်အား ဂိုဏ်း၏ ဦးစီးခေါင်းဆောင်အဖြစ် တင်မြှောက်ကြလေသည်။

တစ်နေ့သ၌ အရုံဂိုဏ်သား ရဟန်းတော်များက သာမဏေတို့ကို ရှာဝင် ရှာထွက်တို့၌ ရုံစေသင့်သည်ဟူ၍လည်းကောင်း၊ တောင်ဘီလူးဆရာတော် နှင့် အတင်ဂုဏ်းသား ရဟန်းတော်များက တင်စေသင့်သည်ဟူ၍လည်းကောင်း အဆိုနှစ်ရပ် ခြားနာနေကြရာ စကားချေဆိုကြရ၏။ ဤအယူအဆနှစ်ရပ်ကို အချေအတင် ပြောဆိုကြရာတွင် ဆရာတော် သျှင်ဥက္ကံသမာလာသည် အရုံဘက်မှ ဦးဆောင်ပြောဆိုရလေသည်။ သို့ရာတွင် နိုင်သည် ရှုံးသည်ဟု အဆုံးအဖြတ် မပေးနိုင်ခဲ့ချေ။

ဆရာတော်သည် " မိုး၍ရွာသည့် ရှာကြီးသား၊ သက်ငယ်ကျောင်းသား ယွန်းကျောင်းသား " ဟူသော တပေါင်အရ ပေါ်ပေါက်လာသူ ဖြစ်သည်ဟု ဆိုစမှတ်ရှိသည်။ လောက ဓမ္မ ရာဇအရေးတို့၌ ချီးမြှောက်ထောမနာခြင်း ခံရသော်လည်း ရွှေယင်မြော်ရှာကြီးသား ဖြစ်၍ ဘုရားနှင့် စပ်သဖြင့် အမျိုးညံ့သောကြောင့် မင်းတရားကြီးက ကြည်ညိုသော်လည်း ကိုးကွယ်တော်မမူဘဲ တွင်းသင်းမျုးကြီး ဖေယျနော်ရထာအား ကိုးကွယ်စေသည်ဟု ဆိုသည်။

အချို့စာတမ်းများအရကား " ရွှေယင်မြော်ရှာကြီးသား ဖြစ်သောကြောင့် ပညာလုံလောက်စွာ တတ်မြောက်ပါလျက် ဧကရာဇ်က မကိုးကွယ်သည်မှာ မင်းအားကိုးဖြင့် လူထွက်မည်စိုးသောကြောင့် တိတ်တခိုး ကြည်ညိုတော်မူသည်။ " ဟု အဆိုရှိကြ၏။ ဤအဆိုအရဆိုလျှင် ဆရာတော်သည် နောင်အခါ၌ လူပြုလေသလောဟုလည်း စဉ်းစားဖွယ် ဖြစ်သည်။

ဖော်ပြပါ ကိစ္စနှင့် ပတ်သက်၍ ရှေးဟောင်းပုရပိုက်တစ်ဆူတွင် ဝဏ္ဏဗောဓနအမတ် စီရင်သည့် ပါဠိသတ် စကားလုံးများကိုလည်းကောင်း၊ သဒ္ဒါပပဒခေါ် သတ်ပုံလင်္ကာအကျဉ်းတစ်ပုဒ်တွင်လည်း " ဝဏ္ဏဗောဓနေ၊ နာမပညတ်၊ ငါအမတ်လျှင်၊ " ဟူ၍ ရေးဖွဲ့ထားသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ ဆရာတော်သည် ဝဏ္ဏဗောဓနေသတ်အင်းကို အမှီပြု၍ ဝဏ္ဏဗောဓနေအမတ်ဟူ၍ ထင်ရှားကာ မင်းမှုထမ်းလုပ်နေလေသလောဟု စဉ်းစားစရာ ရှိနေပေသည်။ ဤကိစ္စကို ဆက်လက်လေ့လာရန် လိုအပ်နေပေသည်။ ဝဏ္ဏဗောဓနေသတ်အင်း နိဒါန်းတွင်–

" စာဟောင်းတစ်စောင်တွင်ကား ဟံသာဝတီရောက် မင်းတရားဆရာတော် ဖြစ်ဖူးကြောင်း "–

ကို ပြဆိုထားသည်။ ဆရာတော်၏ အတ္ထုပ္ပတ္တိကို ဤမျှသာ တွေ့ရသေးသည်။

ဆရာတော် ပြုစုခဲ့သော ကျမ်းများကား ဝဏ္ဏဗောဓနေမည်သော အင်းစောက်သတ်ပုံကြီး၊ ကဝိကဏ္ဍပါလင်္ကာ၊ တောင်ငူမင်းဆို ရတုစာတော်များအဖြေ၊ ပညာရှိ မန်ကျည်းကျပ်ရွာစား၊ မန်ကျည်း ကန်ရွာစားတို့၏ အမေးပုစ္ဆာများကို ဖြေဆိုသော 'မန်ကျည်းကျပ်ရွာစားလျှောက်ထုံး' စသည်တို့ ဖြစ်သတည်း။

**(ကျမ်းကိုး)** မှန်နန်းရာဇဝင်တော်ကြီး– တတိယတွဲ၊ ဝဏ္ဏဗောဓနေသတ်အင်း နိဒါန်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ သာသနာလင်္ကာရစာတမ်း၊ ရှေးဟောင်း ပုရပိုက်တစ်ဆူမှ 'သတ်ပုံလင်္ကာ အကျဉ်း '၊

## **သျှင်စန္ဒမဥ္ဇူသာ** ( ၁၀၄၉–၁၀၈၅ )

ယသော်ဓရောကန်တော့ခန်းပျို့ကို ရေးစပ်တော်မူသော သျှင်စန္ဒမဉ္ဇူသာဆရာတော်သည် သက္ကရာဇ် ၁၀၄၉–ခုနှစ်တွင် ပခန်းကြီးမြို့ကျေး၊ နောင်ဘ (နှောင်းဘ) ရွာ၌ မွေးဖွားတော်မူသည်။ ဆရာတော်သည် ငယ်စဉ်က နောင်ဘရွာ၌ သီတင်းသုံးတော်မူသော သျှင်ဓမ္မနန္ဒလင်္ကာရမထေရ် ထံ၌ ခိုမှီးလျက် စာပေပရိယတ်များကို သင်ကြား ဆည်းပူးခဲ့လေသည်။

သျှင်သာမဏေပြုသောအခါ ဘွဲ့မည်မှာ သျှင်စန္ဒမဉ္ဇူသာ ဟူ၍ ဖြစ်၏။ ငယ်ရွယ်စဉ် သာမဏေဘဝမှာပင် စာပေသင်ရိုးများကို ကုန်စင်အောင် တတ်ကျွမ်းလိမ္မာတော်မူသဖြင့် သုနာပရန္တတိုင်းဝယ် ‘ သာမဏေကျော် ’ ဟု ထင်ရှားခဲ့လေသည်။ အသက်၂၀–ပြည့်သဖြင့် ရဟန်းပြုသော အခါ၌လည်း ‘ ပဥ္စင်းသစ် ’ ဟူ၍ ထင်ရှားလာပြန်သည်။

ဆရာတော်သည် နောင်သောအခါ၌လည်း မိမိမွေးဖွားရာ နောင်ဘရွာ၌ပင် သီတင်းသုံး တော်မူလေသည်။ ယင်းသို့ သီတင်းသုံးတော်မူစဉ် အရပ်လေးမျက်နှာမှ ရောက်ရှိလာကြကုန်သော စာသင်သား ရဟန်းသံဃာတော်များအား စာပေ အဝဝတို့ကို ပို့ချတော်မူလေသည်။ ထိုတပည့် များထဲမှ ပထမကျော်အောင်စံထားဆရာတော် ဖြစ်လာမည့် မောင်ပန်းအောင်သည် ပညာထူးချွန်သူ တပည့်တစ်ယောက် ဖြစ်ခဲ့၏။ ဤသို့ ထူးချွန်သဖြင့်လည်း နောင်အခါတွင် ပထမကျော်အောင်စံထား ဆရာတော်ဟူ၍ ထင်ပေါ်ကျော်ကြားခဲ့ပေသည်။

ပထမကျော်အောင်စံထားဆရာတော်သည် ဟံသာဝတီရောက် မင်းတရား၏ ဘွဲ့နာမံကို ဖွဲ့ဆိုရာဖြစ်သော ရာဇာဓိရာဇနာမတ္ထပကာသနီကျမ်း၌ မိမိဆရာဖြစ်သော သျှင်စန္ဒမဉ္ဇူသာဆရာ တော်၏ ဂုဏ်ထူးဝိသေသများကို အောက်ပါအတိုင်း ရေးဖွဲ့ထားလေသည်။

> “ စန္ဒမဥ္ဇူသာတိစ၊ စန္ဒမဥ္ဇူသာဟူ၍လည်းကောင်း။ နဝူပသမ္ပဒါတိစ၊ ပဥ္စင်းသစ်ဟူ၍ လည်းကောင်း၊ သုတံ၊ ထင်ရှားသော။ ယံအာစရိယံ၊ အကြင်ဆရာကို။ နိဿာယ၊ အမှီပြု၍။ ဝသန္တော၊ နေလျက်။ အဟံ၊ ငါသည်။ သာသနေ၊ သာသနာတော်၌။ ဗုဒ္ဓိပတ္တော၊ လိမ္မာခြင်းသို့ ရောက်သည်။ အသ္မိ၊ ဖြစ်၏။ သောအာစရိယော၊ ထိုဆရာသည်။ သုနာပရန္တေ၊ သုနာပရန္တ အမည်ရှိသော။ ရဋ္ဌေ၊ တိုင်း၌။ ရမ္မေ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ ကုခန နဂရေ၊ ကူးခန်းမြို့၌။ နောဘာနာမိကေ၊ နောင်ဘအမည်ရှိသော။ ဂါမကေ၊ ရွာငယ်၌။ သုဇာတော၊ ဖွားတော်မူသည် လည်း၊ ဟောတိ၊ ဖြစ်၏။ ဝသန္တောစ၊ နေတော်မူသည်လည်း။ ဟောတိ၊ ဖြစ်၏။ နာနာဒေသ နိဝါသိနံ၊ အထူးထူးသော အရပ်၌ နေကုန်သော။ ပညတ္တိကာနံ၊ ပညာကို အလိုရှိကုန်သော။ သောတူနံ၊ စာသင်သားတို့၏။ တာနောစ၊ ကိုးကွယ်ရာသည်လည်းကောင်း။ လေနောစ၊ ပုန်းအောင်းရာသည်လည်းကောင်း။ ပရာယနောစ၊ လည်းလျှောင်းရာသည်လည်းကောင်း။ ဟောတိ၊ ဖြစ်တော်မူ၏။ တိပိဋကသဗ္ဗဓရော၊ ပိဋကတ်သုံးပုံကို ဆောင်တော်မူ၏။ သဒ္ဒသ တ္ထေ၊ သဒ္ဒါကျမ်း၌။ ဝသိကတော၊ ပြအပ်သော အလေ့အလာ ရှိတော်မူ၏။ ဉာသေ၊ ဉာသ် ကျမ်း၌။ ပရမကုသလော၊ အလွန်လိမ္မာတော်မူ၏။ ဆန္ဒောဘေဒေ၊ ဆန်းအပြား၌။ ကတဉာ ဏော၊ ပြုအပ်သော ဉာဏ်ရှိတော်မူ၏။ အလင်္ကာရေ၊ အလင်္ကာကျမ်း၌။ ဝိသာရဒေါ၊ အလွန် ရဲရင့်တော်မူ၏။ အဘိဓာနေ၊ အဘိဓာန်ကျမ်း၌။ ဝါစုဂ္ဂတော၊ နှုတ်ပါ ဆောင်တော်မူ၏။ နေတ္တိယံ၊ နေတ္တိကျမ်း၌။ အတိကောဝိဒေါ၊ အလွန်လိမ္မာတော်မူ၏။ ဗာဟိရသတ္ထေစ၊ ဝိတက် ဒဏ္ဍီ အစရှိသော ကျမ်းတို့၌လည်းကောင်း။ ဗေဒေသု၊ ဗြို့ဟဒ် ရာဇမတ္တံ အစရှိသောဗေဒင် ကျမ်းတို့၌လည်းကောင်း။ ဉာဏတရော၊ ဉာဏ်သွားခြင်းကို၊ ကတော၊ ပြုအပ်ပြီ။ ”

ဆရာတော်၏ ဘွဲ့မည်ကို အချို့အမှတ်အသားတို့၌ ‘ သျှင်စန္ဒမဥ္ဇူ ’ ဟု အရေးအသား ရှိကြပေသည်။ ထိုသို့ ရေးသားသည်မှာ ဆရာတော်၏ ယသော်ဓရောကန်တော့ခန်းပျို့၌ ပါသော

“ လေးထွေသီလ၊ ဂုဏ်ဝါပလျက်၊ စန္ဒမဥ္ဇူ၊ မြန်လူခေါ်ဆို၊ ထိုပုဂ္ဂိုလ်လျှင်၊ ”–

ဟူသော စီကုံးဖွဲ့ဆိုမှုကို ထောက်၍ ရေးသားကြဟန် တူပေသည်။ ထိုနိဂုံးအဖွဲ့တွင် လင်္ကာဖွဲ့ထုံး ဥပဒေအရ ပြေပြစ်စေရန်အတွက် ' သာ ' ပုဒ်ကို ချေ၍ ဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်၏ တပည့်ကြီးကိုယ်တိုင် ရေးသားထားသော ' သျှင်စန္ဒမဥ္ဇူသာ ' ဟူသော ဘွဲ့မည်ကို သာလျှင် အမှန်ဟု မှတ်ယူရပါမည်။ သာသနာဝင်စာပေများ၌လည်း ဤသို့ပင် ရေးသား ပါရှိပေသည်။

ဆရာတော်သည် နှောင်းလူ နောက်သားတို့အတွက် ရည်ရွယ်တော်မူ၍ ယသော်ဓရော ကန်တော့ခန်းပျို့ကို ရေးသားစပ်ဆိုတော်မူခဲ့သည်။ ပျို့၏ နိဂုံး၌ –

> "မှတ်သားစေအောင်၊ ဤစာစောင်ကို၊ ထွန်းပြောင်မုနိန္ဒ၊ သုံးလူ့ဘ၏။ ပွင့်ထသာသနာ၊ တိုင်ထက်သာလျှင်၊ မှန်စွာဖြောင့်ဖြောင့်၊ နှစ်ထောင့်နှစ်ရာ၊ ဆယ်မှာခြောက်ဟု၊ ခြောက်ခုစွန်းယွန်း၊ ဟေမန်ဆန်းက၊ "–

ဟု ရေးဖွဲ့ထားသောကြောင့် မြန်မာသက္ကရာဇ် ၁၀၈၄–ခု၊ သာသနာနှစ် ၂၂၆၆–ခုတွင် ရေးဖွဲ့ပြီးစီး ကြောင်း သိရှိရ၏။

ဆရာတော်သည် ထိုပျို့ကို ပျံတော်မူခါနီးမှပင် ရေးသားပြီးစီးခဲ့ခြင်း ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ဆရာတော်သည် သက္ကရာဇ် ၁၀၈၅–ခု၊ သီတင်းကျွတ်လဆန်း ငါးရက်နေ့၊ သက်တော် ၃၆–နှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သောကြောင့် ဖြစ်ပေတည်း။

**(ကျမ်းကိုး)** ရာဇာဓိရာဇ နာမတ္ထပကာသနီကျမ်း၊ ပခုက္ကူသာသနာဝင်၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ပခန်းအကြောင်း သိကောင်းစရာ၊ မြန်စာဂုဏ် စာညီလာ၊ မြန်မာ့စွယ်စုံကျမ်း–အတွဲ ၂ ၊ အနုသုရာဝိနိစ္ဆယကျမ်း ။

## **တောင်တွင်း မင်းကျောင်းဆရာတော်** ( ၁၀၆၀ ခန့်–၁၁၁၀ ခန့် )

တောင်တွင်း မင်းကျောင်းဆရာတော်၏ မွေးဖွားသက္ကရာဇ် စသည်တို့ကို အမှတ်အသား မတွေ့ရပေ။ သို့ရာတွင် စာဆိုတော်များ အတ္ထုပ္ပတ္တိ၌ သက္ကရာဇ် ၁၀၈၆–ခုဖွားဟူ၍ မုံရွေးဆရာတော် မှတ်စုကို အကိုးပြု၍ ရေးသားထားသည်။ ထိုသက္ကရာဇ်သည် တောင်တွင်းမင်းကျောင်းဆရာတော်၏ မွေးသက္ကရာဇ် မဟုတ်ပါ။ မုံရွေးဆရာတော် မှတ်စုတွင် မှတ်သားထားသည်မှာ တောင်တွင်း ခင်ကြီးဖျော်၏ ဖွားသက္ကရာဇ်သာ ဖြစ်ပါသည်။ ထို့ကြောင့် ခင်ကြီးဖျော်နှင့် မင်းကျောင်းဆရာတော်တို့၏ ဖွားသက္ကရာဇ်မှာ ရောထွေးနေခဲ့ပါသည်။

သို့ဖြစ်လျှင် တောင်တွင်း မင်းကျောင်းဆရာတော်၏ ဖွားသက္ကရာဇ်ကို ခန့်မှန်းရပေဦးမည်။ ကဝိလက္ခဏာဒီပနီကျမ်း၌ “ ဟံသာဝတီရောက်မင်းလက်ထက် တောင်တွင်း မင်းကျောင်းဘုန်းကြီး ”ဟု တွေ့ရသဖြင့် ဆရာတော်သည် ၁၀၉၅–ခုတွင် နန်းတက်သော ဟံသာဝတီရောက်မင်းတရားလက်ထက်၌ ဆရာတော်တစ်ပါးအဖြစ် ထင်ရှားနေပြီ ဖြစ်၏။ သက္ကရာဇ် ၁၀၈၆–ခုသာ ဖွားမြင်ခဲ့ပါလျှင် ဟံသာဝတီရောက်မင်း နန်းတက်ချိန်ဝယ် ကိုးနှစ်သား အရွယ်သာ ရှိပေဦးမည်။ ထို့ကြောင့် ၁၀၆၀–ခုကို ခန့်မှန်းရခြင်း ဖြစ်ပေသည်။

ဆရာတော်သည် တောင်တွင်းမြို့၏ အဓိပတိဖြစ်သူ မင်းလက်ယာက တောင်းပန်လျှောက်ထားသောကြောင့် ကန်တော်မင်းကျောင်းမေတ္တာစာအဖြေကို ရေးသားတော်မူသည်။ ထို့ကြောင့် တောင်တွင်းဆရာတော်၏ အဖြေကျမ်း၌–

> “ သာယာကျယ်ဝင်း၊ စည်ပင်လင်းသား၊ တောင်တွင်းမြို့၏၊ အဓိပတိ၊ ဘုန်းရှိအထွတ်၊ မင်းမြတ်လက်ယာ၊ ဝန္ဒနာလျှင်၊ နောင်လာစဉ်လျား၊ အမျိုးသားတို့၊ စီးပွားစိမ့်ငှာ၊ စီရင်ပါဟု၊ မေတ္တာစိတ်သန်၊ တောင်းပန်သောအား၊ ထင်ရှားရေးခါ၊ မဟာထေရ်ကျော်၊ ကန်တော်မင်းကျောင်း၊ အလောင်းသူမြတ်၊ သူတော်ထွတ်လျှင်၊ နေနတ်အမျိုး၊ သတိုးကျော်ထင်၊ ဘဝရှင်အား၊ လျှောက်ထားသေချာ၊ မေတ္တာစာ၏၊ ခဲစွာအံ့ဖွယ်၊ အဓိပ္ပာယ်ကို၊ အကျယ်သိသာ၊ ကျမ်းလာသောတိုင်း၊ နက်လှိုင်းအဖြေ၊ စီရင်ပေအံ့၊ ”

ဟူ၍ ရေးသားထားခဲ့သည်။

ဤသည်မှာ ဆရာတော်၏ မေတ္တာစာအဖြေကျမ်း၌ လာသောအတိုင်း ဖြစ်၏။ ကဝိလက္ခဏာဒီပနီကျမ်း၌ကား–

> “ ဟံသာဝတီရောက်မင်း လက်ထက် တောင်တွင်းကြီးမြို့တွင် လက်ယာဝဍ္ဎနာ၊ ဇေယနန္ဒရာဇာ နှစ်ဘွဲ့ရ မြို့သူကြီး ငကြွက်ဖြူက ဒုတိယမင်းခေါင်၏ အရီးတော် စစ်ကိုင်းမြို့စားမင်းလှထွတ်ဆရာ ကန်တော်မင်းကျောင်းရွာသား ကန်တော်မင်းကျောင်း မေတ္တာစာကို အဖြေစီရင်မည့်အကြောင်းနှင့် တောင်းပန်၍ တောင်တွင်းကြီးမြို့ မင်းကျောင်းဘုန်းကြီး ရေးသည့် ကန်တော်မင်းကျောင်း မေတ္တာစာအဖြေ၊ ”–

ဟူ၍ ရေးသားထား၏။

ဤ၌ လက်ယာဝဍ္ဎနာဆိုသည်မှာ ဆရာတော်၏ မေတ္တာစာအဖြေမှ “ မင်းမြတ်လက်ယာ၊ ဝန္ဒနာလျှင်၊ ” ဟူသော အဖွဲ့က အရေးအကူး လွဲမှားလေသလောဟု ထင်မှတ်ဖွယ်ရာ ရှိပေသည်။ ဝန္ဒနာဟူသော ပုဒ်မှာ ဘွဲ့နာမည် မဟုတ်ဘဲ ရှိခိုးခြင်း အဓိပ္ပာယ်ကို ယူ၍ ဖွဲ့ဆိုထားခြင်း ဖြစ်ပေသည်။

ဆရာတော်သည် တောင်တွင်းမြို့သူကြီး တောင်းပန်သောကြောင့်ပင် ဟိတသိဒ္ဓိကကျမ်းကိုလည်း ရေးသားတော်မူခဲ့သည်။ ထိုမှတစ်ပါး အခြားစာပေတို့ကို မတွေ့ရချေ။

**(ကျမ်းကိုး)** ကန်တော်မင်းကျောင်း မေတ္တာစာအဖြေ၊ ကဝိလက္ခဏာဒီပနီ၊

## **အတုလဆရာတော်** ( ၁၀၆၂–၁၁၄၈ )

ရတနာသိင်္ဃမြို့နန်းကို တည်ထောင်တော်မူသော အလောင်းမင်းတရားကြီး လက်ထက်တွင် သာသနာပိုင် ခန့်အပ်ခြင်းခံရသော အတုလဆရာတော်အား ဒီပဲယင်းမြို့ ကျေးကိုးကျေးအပါအဝင် ဥသျှစ်ကျေးရွာ၌ သက္ကရာဇ် ၁၀၆၂–ခုတွင် ဖွားမြင်သည်။ အချို့မူတွင် ၁၀၇၆–ခုဟုလည်း အဆိုရှိသည်။ နံတော် ဗုဒ္ဓဟူးသား ဖြစ်၍ ငယ်မည်မှာ မောင်ပန်းထွေးဟူ၏။ ရဟန်းပြုသောအခါ ဘွဲ့မည်မှာ သျှင်ယသ ဖြစ်သည်။

ကုန်းဘောင်နန်းတည် အလောင်းမင်းတရားကြီးသည် ဆရာတော် သျှင်ယသအားကြည်ညိုသဖြင့် ဆည်းကပ်ကိုးကွယ်တော်မူ၏။ ဆရာတော်အား ' အတုလယသ မဟာဓမ္မရာဇဂုရု 'ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်၍ သာသနာပိုင်လည်း ခန့်အပ်လေသည်။ ထိုဘွဲ့တံဆိပ်တော်ကို အစွဲပြု၍ ဆရာတော်အား ' အတုလဆရာတော် ' ဟူသောအမည်သည်ထင်ရှားလာခဲ့လေသည်။

အတုလဆရာတော်သည် ထိုခေတ်က သင်္ကန်းရုံဂိုဏ်း၊ သင်္ကန်းတင်ဂိုဏ်းဟု နှစ်ဂိုဏ်းရှိရာ သင်္ကန်းတင်သောဂိုဏ်း ဖြစ်ပေသည်။ သင်္ကန်းတင်ဂိုဏ်း၊ သင်္ကန်းရုံဂိုဏ်းတို့သည် သာသနာလင်္ကာရစာတမ်း စသည်တို့၌ ၁၀၇၆–ခုတွင် နန်းတက်သော ဆင်ဖြူရှင်တနင်္ဂနွေမင်း လက်ထက်တွင် ကွဲပြားကြသည်ဆို၏။ သာလွန်မင်း လက်ထက်ကလည်း ထိုကိစ္စကို သာလွန်မင်းတရားက တောင်ဖီလာပုဂ္ဂိုလ်ကျော်အား မေးလျှောက်ရာတွင် တောင်ဖီလာဆရာတော်က တင်ခြင်း ရုံခြင်း အမှုများမှာ ပုဂံခေတ်ကပင်လျှင် ထင်ရှားရှိခဲ့ကြောင်းကို ဖြေကြားတော်မူသည်။ ထိုအကြောင်းကို သာလွန်မင်းအမေးတော်ပုံကျမ်း၌ ထည့်သွင်းဖော်ပြထားလေသည်။

အတုလဆရာတော်သည် သာသနာပိုင် ဖြစ်သည့်အားလျော်စွာ အလောင်းမင်းတရား လက်ထက်တွင် မိမိအတင်ဂိုဏ်းမှာ အရေးသာလျက် ရှိ၏။ အလောင်းမင်းတရားကြီး ကိုယ်တိုင်ကလည်း သာသနာပိုင် အတုလဆရာတော်၏ အလိုသို့ လိုက်၍ နိုင်ငံတော်အတွင်းဝယ် အတင်အရုံ ကွဲပြားခြင်း မရှိစေရဘဲ ဒုကုဋ်တင်နွယ် တစ်ဂိုဏ်းတည်းသာ ဖြစ်စေလေသည်။ ထို့ကြောင့် သင်္ကန်းရုံနွယ်ဖြစ်သော ထေရ်သျှင်ရဟန်းတို့သည် မည်သို့မျှ ပြောဆိုခြင်းငှာ မစွမ်းနိုင်ကြပေ။

အလောင်းမင်းတရားသည် အတုလဆရာတော်အား သာသနာရေးသက်သက်၌သာ မဟုတ်ဘဲ တိုင်းရေးပြည်ရေး အုပ်ချုပ်ရေးများ၌လည်း အားကိုးတကြီး ရှိတော်မူသည်။ ထို့ကြောင့်လည်း အချို့သော စာပေတို့၌ အလောင်းမင်းတရားကြီး အောင်မြင်မှု ရခဲ့ခြင်းမှာ အတုလဆရာတော်၏ နည်းပေးဆုံးမမှုကြောင့် ဖြစ်ကြောင်း ရေးသားထားကြလေသည်။ ဤကဲ့သို့ အတုလဆရာတော်က အလောင်းမင်းတရားကြီးအား ဆုံးမဩဝါဒပေးသော တရားစာပုဒ်ပေါင်း ၇၂–ပုဒ်မျှ ရှိသည်ဟု သိရှိရပေသည်။

ထို့ပြင် အတုလဆရာတော်သည် တိုင်းရေး ပြည်ရေးနှင့် စပ်လျဉ်း၍လည်း အလောင်းမင်းတရား၏ ဘက်မှ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့၏။ အလောင်းမင်းတရား လက်ထက်တွင် ခြားနားနေသော သတိုးသိခ်သူတို့အထံသို့ စည်းလုံးမှုအတွက် မေတ္တာစာများ ရေးသား၍ စေ့စပ်မှု ပြုလုပ်ခဲ့၏။ ဤကဲ့သို့ တိုင်းရေးပြည်မှုတို့၌ ပါဝင်ဆောင်ရွက်လေ့ရှိသောကြောင့်လည်း အလောင်းမင်းတရားသည် ဆရာတော်အား ပစ္စုပ္ပန်အတွက် ကိုးကွယ်သည်ဟု အချို့စာများ၌ ရေးသားကြလေသည်။

အတုလဆရာတော်သည် သာသနာပိုင် ဖြစ်သည့်အားလျော်စွာ မိမိလက်ထက် ဖြစ်ပေါ်လာသော သာသနာရေးနှင့် ဆိုင်သော မှုခင်းအရပ်ရပ်တို့ကို စီရင်ဆုံးဖြတ်တော်မူရ၏။ ဆရာတော် ဆုံးဖြတ်ထားသော ဖြတ်စာများမှာ နောင်အခါတွင် တစ်စောင်တစ်ဖွဲ့ စုစည်းမိသဖြင့် ' အတုလဆရာတော်ဖြတ်ထုံး ' ဟူ၍ ဓမ္မသတ်စာပေနယ်တွင် နေရာရရှိခဲ့ပေသည်။ အတုလဆရာတော် သည် သက္ကရာဇ် ၁၁၂၀–ခု ဝန်းကျင်တွင် မိမိရုံးတော်သို့ ရောက်ရှိလာသော

ကျွန်မှု ကျောင်းမှု မြေမှုစသော မှုခင်းပေါင်း ၅၅–ခုကို ပေါင်းစည်း၍ ဖော်ပြထားလေသည်။

သာလွန်မင်းတရားသည် အမှုကိစ္စရှိလျှင် မိမိဆရာဖြစ်သော တောင်ဖီလာဆရာတော်အား လျှောက်ထားလေ့ ရှိသကဲ့သို့ အလောင်းမင်းတရားသည်လည်း မေးဖွယ်ကိစ္စ မှန်သမျှကို သာသနာပိုင် အတုလဆရာတော်အား လျှောက်ထား မေးမြန်းလေ့ရှိသည်။ ထိုသို့မေးမြန်းသော ပုစ္ဆာတို့ကို စုပေါင်း၍ မှတ်တမ်းတင်ခဲ့ရာ 'နန်းစဉ်ပုစ္ဆာအဖြေ 'ဟူ၍ ယနေ့တိုင် ထင်ရှားလေသည်။

ထို့ပြင် 'ဇမ္ဗူကျော်သောင်း၊ မြေကြီးစောင်းမျှ၊ 'အစချီသော အလောင်းမင်းတရား၏ ကျွန်ရင်း ဖ၈–ယောက်တို့ကို ဖွဲ့ဆိုထားသည့် 'ရဲတင်းလင်္ကာ 'ကိုလည်း အတုလဆရာတော်ပင် ရေးခဲ့သည်ဟု ဆုံးဖြတ်ကြသည်။ အချို့ကမူ အတုလဆရာတော် ခင်ကြီးဖျော် ရေးသားသည်ဟု ဆိုကြသေးသည်။ ခင်ကြီးဖျော်၏ ဘ၀အတ္ထုပ္ပတ်နှင့် စာပေလက်ရာများကို လေ့လာရာ၌ ဤကဲ့သို့ တိုင်းရေးပြည်မှုတို့တွင် ရေးသားလေ့ မရှိကြောင်း တွေ့ရှိရ၏။ ကဗျာ့ပန်းကုံးတွင်မူ–

"ရဲတင်းလင်္ကာကို နှိုင်းယှဉ်ကြည့်သောအခါ စာဟန် စာသွားမှစ၍ စကားအသုံးအနှုန်းတို့မှာ လူမည် ဦးပန်းထွေး၊ ရဟန်းဘွဲ့ ဦးယသတည်းဟူသော အတုလသာသနာပိုင်ဆရာတော်၏ လက်ရာနှင့် တူနေကြောင်း တွေ့ရ၏။"–

ဟူ၍ မှတ်ချက်ချထား၏။ ထို့ကြောင့် ရဲတင်းလင်္ကာကို ရေးသားသူမှာ အတုလဆရာတော် ဦးယသပင် ဖြစ်သော်လည်း တစ်ခေတ်တည်း ပေါ်ထွန်းနေသော အတုလဆရာတော် ခင်ကြီးဖျော်နှင့် လွဲမှားနေသည်ဟု မှတ်ယူဖွယ် ရှိပေတော့သည်။

အလောင်းမင်းတရားကြီးသားတော် နောင်တော်ကြီးမင်းလက်ထက် သက္ကရာဇ် ၁၁၂၄–ခုနှစ်တွင် တောင်တွင်းဆရာတော် ခင်ကြီးဖျော်အား ကျောင်းတင်လှူ ကိုးကွယ်လေသည်။ ဆရာတော် ခင်ကြီးဖျော်မှာ အရုံဂိုဏ်း၀င် တစ်ပါးဖြစ်၏။ ထို့ကြောင့် အရုံဂိုဏ်း၀င်တို့က အတင် အရုံပြဿနာကို ဆက်လက် ဖြေရှင်းရန် ဘုရင့်ထံ စာဆက်သွင်းကြ၏။ ထိုအခါ အတုလဆရာတော်နှင့် အတင်ဂိုဏ်း၀င် ဆရာတော်တို့က ရှေးမင်းများ လက်ထက်ကပင် ပြေငြိမ်းပြီး ဖြစ်သောကြောင့် ဖြေရှင်းစရာ မလိုကြောင်း ထပ်မံ စာဆက်သွင်းကြပြန်ရာ ပြောဆိုခွင့် မရကြပေ။

စဉ့်ကူးမင်းလက်ထက် သက္ကရာဇ် ၁၁၄၁–ခုနှစ်တွင် အတင် အရုံကိစ္စ ဖြစ်ပေါ်လာပြန်သည်။ ထိုအခါ၌မူ ဂိုဏ်းနှစ်ခုမှ ဆရာတော်ကြီးများသည် တင်သင့် ရုံသင့် အဆိုကို စင်ပြိုင်ပြောဆိုကြရသည်။ ထိုဆရာတော်ကြီးများ၏ ပြောဆိုချက်တို့ကို စုပေါင်း၍ မှတ်တမ်းတင်ထားရာ ' တင်သင့် ရုံသင့် အဆိုစာတမ်း 'ဟူ၍ ထင်ရှားရှိလေသည်။

ထိုသို့ ပြောဆိုကြရာ၌ အရုံဂိုဏ်း၀င်တို့က တရားကျမ်းဂန်နှင့် လျော်ညီသည်ဟုဆိုကာ အတုလဆရာတော်တို့ ဦးဆောင်သော အတင်ဂိုဏ်းမှာ ရှုံးနိမ့်သွားရလေတော့သည်။ ထို့ကြောင့် သက္ကရာဇ် ၁၁၄၂–ခုနှစ် နယုန်လဆန်း ၁၅–ရက်နေ့တွင် သျှင်သာမဏေတို့သည် မြို့တွင်း ရွာတွင်းသို့ ၀င်သည့်အခါ သင်္ကန်းကို ရုံပြီးမှ ၀င်ကြစေရန် အမိန့်တော်ပြန်တမ်းကို ထုတ်ပြန်လေသည်။

ထိုအခါမှ စ၍ အရုံဂိုဏ်း၀င်တို့သည် အခွင့်အရေးများ ရရှိလာကာ မိမိရေးသားသော စာပေများ၌ အတုလဆရာတော်အား အဓမ္မ၀ါဒီ တစ်ပါးအဖြစ် ရေးသားဖော်ပြကြ၏။ အမှန်မူ သင်္ကန်းရုံမှု တင်မှု ကိစ္စအသေးအဖွဲ့မှ လွဲ၍ အတုလဆရာတော်တို့ ဂိုဏ်းသည်လည်း သီလသိက္ခာနှင့် ပြည့်စုံသောဂိုဏ်းပင် ဖြစ်ပေသည်။ ၀ံသမာလာကျမ်း၌ကား နှစ်ဂိုဏ်းလုံးပင် ဓမ္မ၀ါဒီချည်း ဖြစ်ကြောင်း ရေးသားထား၏။ အတုလဆရာတော်သည် စာရိတ္တမွန်မြတ်သူ ဖြစ်ကြောင်းကိုလည်း သီလ၀ိသောဓနီကျမ်း၌ ရေးဆိုထားလေသည်။

ဘိုးတော် ဗဒုံမင်း နန်းတက်သော အခါ၌ကား အရုံဂိုဏ်းအင်အားမှာ ကြီးမားလာ၏။ အတုလဆရာတော်တို့မှာ အားနည်းနေပြီဟု ဆိုနိုင်၏။ ဗဒုံမင်းကလည်း မင်းဖြစ်၍ မကြာမီပင် သာသနာရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင်ရာ၌ အတင် အရုံပြဿနာတို့ကို အဓိကထား လျက် ရှင်းလင်းမည်ဟု ရည်ရွယ်၍ တင်သင့် ရုံသင့်ဟူသော အယူ၀ါဒကို စစ်ဆေးကြည့်ရှုရာ

ရုံသင့်သည့် ဝါဒသာလျှင် အမှန်ဖြစ်ကြောင်း အဆိုပြုကြလေသည်။

ထိုကိစ္စနှင့် ပတ်သက်၍ အယူတော်မင်္ဂလာလည်း ဘိုးတော်ဗဒုံမင်း၏တိုင်ပင်ရာ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့၏။ ပြဿနာနှင့် ပတ်သက်၍ အယူတော်မင်္ဂလာအမတ်အား ဗဒုံမင်းက မေးမြန်းရာတွင် အယူတော်မင်္ဂလာက မိမိသည် မြို့တွင်းသို့ လှည့်လည်ရာတွင် စနည်းတစ်ခုကို ရခဲ့ကြောင်း ထိုစနည်းမှာ–

> "ဦးပြီးယောကျ်ား ၊ လက်ဖက်စား ၊ တိုင်းကားပြည်ရွာ ဆူလတ္တံ့ ။ ဦးပြီးမိုးကြိုး ၊ ပစ်ခတ်ချိုးက၊အခိုးနေလမိုန်လတ္တံ့။ဦးပြီးလူမော်၊ရေကြောင်းပျော်သည်၊လှေပေါ်ဆောင်းမောက်ဖြစ်လတ္တံ့။ ထိုရောအခါ ၊ သာသနာသည် ၊ ရောင်ဝါနေသို့ ထွန်းလတ္တံ့။ "–

ဟူ၍ လျှောက်ထားသည်။

ဤနေရာ၌ "ဦးပြီးယောကျ်ား၊ လက်ဖက်စား "ဆိုသည်မှာ အတုလဆရာတော်သည် အမှုအခင်းများကို စီရင်ဆုံးဖြတ်ရာ၌ စိတ်တူလက်ဖက်စားစေသောကြောင့် ဤသို့ဖွဲ့ဆိုခြင်း ဖြစ်သည်။

ဖော်ပြပါ စနည်းဆိုသော စကားသည် ဟုတ်မည်၊ မဟုတ်မည်ကိုကား ခွဲခြားရန် ခက်ခဲလှဘိသည်။ အယူတော်မင်္ဂလာအမတ်သည် ၎င်းကိုယ်တိုင် ဖန်တီးလျှောက်တင်ချက်များ ဖြစ်လေသလောဟု သံသယဖြစ်ဖွယ် ရှိပေသည်။ အယူတော်မင်္ဂလာသည် အတုလဆရာတော်အား အမျက်ပွား၍ မုန်းထားနေသည်ဆိုက ထိုစနည်းသည် ဇာကန်ဖန်တီးချက်ဟူ၍ ဆုံးဖြတ်ရန် မခက်ခဲချေ။ အဘယ့်ကြောင့်ဆိုသော် တစ်ခါက အတုလဆရာတော်နှင့် အယူတော်မင်္ဂလာတို့ ဆုံတွေ့ကြရာတွင် အတုလဆရာတော်က " မင်္ဂလာအထူး ၊ မင်္ဂလာအကြူး ၊ မင်္ဂလာအရူး "ဟု ခွန်းချင်း စပ်ဆိုခဲ့ဖူးသည်။ ထိုအခါ အယူတော်မင်္ဂလာက မခံရပ်နိုင် ဖြစ်ကာ "အတုလဆရာတော် ယခုမှ တစ်ခါပေါ်၊ တစ်စုက မနာသော် "ဟူ၍ ခွန်းချင်းဖြင့် ပြန်လည် နှုတ်လှန်ထိုးခဲ့ဖူးသည်။ ထိုအခါက မကျေနပ်မှုသည် အယူတော်မင်္ဂလာ၏ နှုတ်ဖျားတွင် စနည်းဟူသော စကားဖြင့် ဖန်တီး၍ လျှောက်တင်လေသလော ဟု စဉ်းစားဖွယ် ဖြစ်ပေသည်။

ဗဒုံမင်းတရားသည်လည်း ဤသို့ လျှောက်တင်ချက်ကို နာခံ၍ အတုလဆရာတော်နှင့် အပေါင်းပါတို့အား အဓမ္မဝါဒီသမားများဟု အယူရှိကာ သေးသိမ်သော အသုံးအနှုန်းများဖြင့် အောက်ပါ အမိန့်ကို ထုတ်ပြန်လေသည်။

> " ဉသျှစ်ကျေးနေရင်း အတုလယသ မဟာဓမ္မရာဇဂုရု တံဆိပ်ခံ ငပန်းထွေးသည် ခမည်းတော် အလောင်မင်းတရားကြီးဘုရား၊ နောင်တော်မင်းတရား နှစ်ပါးလက်ထက် ရဟန်းသျှင်လူ ပြည်သူ ပြည်သား အပေါင်းတို့ကို နတ်ရွာဖီလာဖြစ်၍ အပါယ်လေးပါး နစ်မွန်းလေအောင် ဘုရားသခင် ဟောတော်မူသည့် ပါဠိ အဋ္ဌကထာ ကျမ်းဂန်ထွက် ရှိရာ မဖြစ်စေရ၊ ပါဠိ အဋ္ဌကထာ ဋီကာနှင့် ဆန့်ကျင်သော သာသနပစ္စတ္တိက အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ အလိုရှိရာ စီရင်ရေးသားထားသော စူဠဂဏ္ဌိကျမ်းကို အခိုင်ပြု၍ ဟောပြောပြသ ဆိုဆုံးမသည့်အတွင်း အကုသိုလ်သားကြီး အဓမ္မဝါဒီ မိစ္ဆာစွဲသော သူတို့ကို သဗ္ဗညုဘုရားသခင်မှ ထုတ်နုတ်ကယ်တင်ခြင်းငှာ မတတ်နိုင်ဖြစ်သည်။ ငပန်းထွေးနှင့်အတူ ဝါဒသဘော တူမျှသော သာသနာ့ပစ္စတ္တိက ငကျော်လေး၊ ငတုတ်ဖြူ၊ ငပေလိပ်၊ ငပန်းထွေးကို ခေါ်ရင်းကာလ အယူတူချက်တည်ပါလူ ငမြတ်ကျော်၊ ကြောဘက်၊ ငရော၊ ငသူ၊ ငလွမ်း တို့ကို ရွှေပြည်တော်ပတ်လည်နေပြန်စေလျှင် ရဟန်းသျှင်လူ ပြည်သူ ပြည်သားတို့ အယူမှားကြ၍ အပါယ်လေးပါး၌ နစ်မွန်းမည် ဖြစ်သည်။ သင်းတို့တစ်စုကို လူဝတ်လဲစေပြီးလျှင် အစုသစ်တောသို့ အသီးအသီး တစ်ယောက်စီပို့။ "

ကဝိသာရမဥ္ဇူသာကျမ်းတွင်ကား အတုလဆရာတော်ကို နှင်ထုတ်သော အခါ၌ အဝတ်

မပါ ဗလာကိုယ်ချည်းလည်းကောင်း၊ ခလုံများ ကာရန်၍လည်းကောင်း၊ စလောင်းဖုံးနှင့် ထမင်းကျွေး၍လည်းကောင်း၊ ကမ္ပည်းစာများ ရေးသား၍လည်းကောင်း၊ သံချပ်များ ရေးထိုး၍ လည်းကောင်း နှင်ထုတ်ပုံကို တခမ်းတနား ရေးသားထားလေသည်။ ဤသို့နှင်ထုတ်သည်ကို ရှေးရေး သာသနာရေးဆိုင်ရာ ကျမ်းစာတို့၌ အဆိုအမိန့် မရှိပေ။ နှောင်းခေတ်သုတေသီတို့ကမူ ကျမ်းဆရာ၏ ဖန်တီးချက်ဟု ယူဆကြလေသည်။

ဤသို့ဖြင့် အတုလဆရာတော်သည် ဘိုးတော် ဗဒုံမင်း၏ အတင်းအကြပ် လူဝတ်လဲ၍ နှင်ထုတ်ခြင်းကို ခံရလေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဗဒုံမင်းတရားသည် အမှားကြီး တစ်ခုကို ကျူးလွန်ကြောင်း မော်ပီဆရာသိန်း၏ ပစပ်ရာဇဝင်တွင် ဘုံကျော်ဆရာတော်ကြီး၏ ပုရပိုက်မှတ်စုမှ ကူးယူဖော်ပြထားသည်။ ထိုမှတ်စုတွင် ဗဒုံမင်းတရားသည် အမှားကြီး လေးခုကို ကျူးလွန်ထားကြောင်း၊ ထိုအမှားကြီးတို့မှာ–

၁။ ညီတော် ပင်းတလဲမြို့စား မင်းသားကို ရေ၌ ချ၍ ကွပ်မျက်တော်မူသော အမှားတစ်ချက်၊

၂။ အတုလဆရာတော်နှင့် ဆရာတော် ခြောက်ပါးကို အတင်းအကြပ် လူဝတ်လဲစေသော အမှား တစ်ချက် ၊

၃။ ရဟန်းတော်များကို သိက္ခာသစ်တင်စေသော အမှားတစ်ချက် ၊

၄။ မင်းကွန်းစေတီတော်ကြီးကို တည်လုပ်သော အမှားတစ်ချက် –

တို့ ဖြစ်ပေသည်။

အတုလဆရာတော်ကြီးသည် မင်းပြစ် မင်းဒဏ်သင့်သဖြင့် သက္ကရာဇ် ၁၁၄၆–ခုနှစ်တွင် လူဝတ်လဲရသောကြောင့် ရဟန်းဝါတော် ၆၄–ဝါ ရတော်မူ၏။ လူဝတ်လဲ၍ နှစ်နှစ်အကြာ နေပြီးလျှင် သက်တော် ၈၆–နှစ်အရတွင် သက္ကရာဇ် ၁၁၄၈=ခုနှစ်၌ ဘဝနတ်ထံ ပြောင်းကြွစံလွန်ခဲ့လေသည်။

**(ကျမ်းကိုး)** ကဗျာ့ပန်းကုံး၊ သာသနာလင်္ကာရစာတမ်း၊ တင်သင့် ရုံသင့် အဆိုစာတမ်း၊ အတုလဆရာတော် ဖြတ်ထုံး၊ မုံရွေးဆရာတော့်မှတ်စု၊ စာပေရိပ်မွန်၊ ရာဇဝင်ချုပ်ကျမ်းကြီး၊ သာသနဗဟုသုတ ပ္ပကာသနီကျမ်း၊ ကဝိသာရမဥ္ဇူသာကျမ်း၊ ပစပ်ရာဇဝင်၊ လုပ်သားသတင်းစာမှ ဦးသောင်း (ရေဦး)၏ ‘ ဗဒုံမင်းလက်ထက် သာသနာ ’ ဆောင်းပါး၊

## ပထမ ကျော်အောင်စံထားဆရာတော် ( ၁၀၆၇–၁၁၁၅ )

ဟံသာဝတီရောက် မင်းတရားကြီး၏ ကျော်အောင်စံထား ကျောင်းတိုက်ကြီးကို ပထမ အလှူခံ ရရှိတော်မူသဖြင့် ' ပထမ ကျော်အောင်စံထားဆရာတော် ' ဟူ၍ ကျော်ကြားလာသော ဆရာတော်ကား ပခန်းကြီးမြို့ စီရင်စု၊ ပိုက်သင်ရွာ၌ သက္ကရာဇ် ၁၀၆၇–ခုနှစ်တွင် အဖဦးရွှေအောင်၊ အမိ ဒေါ်ကြုတ်တို့မှ ဖွားသန့်စင်ခဲ့ပေသည်။ ငယ်နာမည်မှာ မောင်ပန်းအောင် ဟူ၍ ဖြစ်သည်။

မောင်ပန်းအောင် ခြောက်နှစ်သား အရွယ်တွင် မိဘနှစ်ပါးတို့က ပခန်းကြီးမြို့ နောင်ဘ ရွာ သျှင်ဓမ္မနန္ဒလင်္ကာရ မထေရ်၏ တပည့်ဖြစ်သော ပိဋကတ်ဗေဒင်စသော ကျမ်းဂန်တို့၌ လိမ္မာ တော်မူလှသည့် သျှင်စန္ဒမဥ္ဇူသာ၏ အထံတွင် အပ်နှံ၍ စာပေများကို သင်ကြားစေလေသည်။ သာမဏေပြုသောအခါ ဘွဲ့မည်မှာ သျှင်ဉာဏဝရဖြစ်သည်။

သျှင်ဉာဏဝရသာမဏေသည် သျှင်စန္ဒမဥ္ဇူသာထံတွင် သုံးနှစ်မျှ နည်းခံသင်ကြားသ ဖြင့် သာမဏေတို့၏ ကျင့်ဝတ်သိက္ခာများ၊ နေ့ဝါ ညဥ့်ဝါ ဆန်းအလင်္ကာစသော ကျမ်းများကို ကုန်ဆုံးအောင် တတ်မြောက်တော်မူလေသည်။ ထို့ကြောင့် သာမဏေသျှင်ဉာဏဝရသည် ' သာ မဏေကျော် ' ဟူ၍ ပတ်ဝန်းကျင်တွင် ထင်ရှားလာလေသည်။ ထိုအကြောင်းကို နောင်အခါ၌ ဆရာတော်ကိုယ်တိုင် ရေးသားသော အနုသုရာဝိနိစ္ဆယကျမ်း နိဂုံး၌–

> " သုံးနှစ်မျှသာ သဒ္ဒါ သင်္ဂြိုဟ် ညဥ့်ဝါ နေ့ဝါကို အကြွင်းမဲ့ ကုန်သဖြင့် သာမဏေ၏ ကျော်စောခြင်းတို့ဖြင့် ကျော်စောထသော၊ "–

ရေးသားခဲ့ပေသည်။

သက္ကရာဇ် ၁၀၈၅–ခု၊ သီတင်းကျွတ်လဆန်း ငါးရက်နေ့တွင် ဆရာရင်းဖြစ်သော သျှင် စန္ဒမဥ္ဇူသာဆရာတော်သည် ပျံလွန်တော်မူခဲ့ရှာသည်။ ထိုအချိန်တွင် သျှင်ဉာဏဝရမှာ အသက် ၁၈–နှစ်မျှသာ ရှိသေးသဖြင့် စာပေသင်ကြားရန် အချိန်များစွာ ရှိနေပေသေးသည်။ သို့အတွက် စာပေဆက်လက် သင်ကြားရန် အင်းဝနေပြည်တော်သို့ ကြွရောက်ခဲ့လေသည်။ အင်းဝရောက်လျှင် ဆင်ဖြူရှင်တနင်္ဂနွေမင်းတရား ကိုးကွယ်တော်မူသော အောင်မြေစံလွတ်တိုက် မဟာသီဟသူရ ဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မိုးထိဆရာတော်ထံတွင် တပည့်ခံ၍ ပါဠိ အဋ္ဌကထာတို့ကို ဆက်လက် သင်ကြားလေသည်။

ထိုအခါက မိုးထိဆရာတော် အထံ၌ သျှင်ဉာဏဝရကဲ့သို့ သာမဏေကျော်ဖြစ်သော သျှင်ဂမ္ဘီသာရခေါ် သာမဏေလည်း တစ်ပါးရှိသည်။ ထိုသာမဏေသည် ရွှေဘိုမြို့ တောင်လက် စမွန်းရွာသား ဖြစ်သည်။ ငယ်မည်မှာ မောင်ဖုန်းဟူ၏။ ထိုသာမဏေသည်လည်း စာပေထူးချွန်သူ ဖြစ်သည့်အလျောက် မိုးထိဆရာတော်မှာ သာမဏေကျော် နှစ်ပါးကို လက်ကိုင်ရရှိထားလေသည်။

သျှင်ဉာဏဝရနှင့် သျှင်ဂမ္ဘီသာရ နှစ်ပါးလုံးပင် မြန်မာမင်းလက်ထက် ထိပ်တန်းဖြစ်သော ပထမကျော် စာမေးပွဲကို ဝင်ရောက် ဖြေဆိုကြမည့်သူချည်း ဖြစ်နေ၏။ ပထမကျော်ဆိုသည်မှာ တစ်နှစ်တွင် နှစ်ပါးပေးရိုး မရှိဘဲ တစ်ပါးသာ ပေးလေ့ရှိသည့်အတွက် သာမဏေကျော် နှစ်ပါးလုံး သည် အင်အား အပြည့်အဝဖြင့် ကြိုးစားနေကြရလေသည်။

သက္ကရာဇ် ၁၀၈၆–ခုနှစ်၊ ကဆုန်လပြည့်နေ့တွင်ကား ပထမကျော် စာမေးပွဲကြီး ဆင်နွဲ ရာဖြစ်သော သုဓမ္မာဇရပ်တော်တွင် သာမဏေကျော် နှစ်ပါးလုံး စာစစ်မေးခြင်း ခံရလေသည်။ နှုတ်လွတ်အာဂုံ ပြန်ဆိုရာ၌ နှစ်ပါးလုံးပင် ပြန်ဆိုနိုင်ကြသည်။ ထို့နောက် စာကြပ်ဆရာတော်များက နှုတ်လွတ်မေးခွန်းဖြစ်သော ခက်ရာခက်ဆစ် ပြဿနာတို့ကို မေးမြန်းရာ၌လည်း သာမဏေကျော် နှစ်ပါးလုံးမှာ မထစ်မငေါ့ ဖြေဆိုနိုင်ကြသည်ချည်း ဖြစ်နေသည်။ ဤသို့ တစ်ပါးနှင့် တစ်ပါး သာလွန် ခြင်း မရှိကြလေရာ သာမဏေကျော် ပေးရန်အတွက် အခက်အခဲ ဖြစ်နေကြလေသည်။

ထိုအခါ ကြပ်မတ်သော ဆရာတော်များ ညှိနှိုင်းတိုင်ပင်ကြပြီးလျှင် သာမဏေကျော်

နှစ်ပါးအား ဤသို့ မိန့်ကြားကြ၏။ " သင်တို့နှစ်ပါးလုံးဟာ နှုတ်လွတ်အာဂုံ ပြန်ဆိုရာ၌ လည်းကောင်း၊ နှုတ်မေးခွန်းကို ဖြေဆိုရာ၌လည်းကောင်း အားအင်အပြည့်မျှ ဖြေဆိုနိုင်ကြပါပေသည်၊ တစ်ပါးထက် တစ်ပါး သာလွန်သည်ဟု ငါတို့ မဆုံးဖြတ်နိုင်ပြီ၊ သို့အတွက် သင်တို့၏ လက်ရေးကို ကြည့်၍ အဆုံးအဖြတ် ပြုအံ့၊ လက်ရေးကို ရေးသား ပြကြလော့၊ "

ဤသို့ အမိန့်ရှိလျှင် သာမဏေကျော် နှစ်ပါးတို့သည် ဆရာတော်တို့ ရှေ့မှောက်၌ ပုရပိုက်ကို ဖြန့်၍ ရေးသားကြ၏။ သျှင်ဉာဏဝရသည် ပုရပိုက်ပေါ်တွင် မျဉ်းကြောင်းချ၍ ရေးသားသည်။ သျှင်ဂမ္ဘီသာရမှာမူ မျဉ်ကြောင်းမချဘဲ ရေးသားသည်။ ပြီးလျှင် လက်ရေးပုံစံတို့ကို ဆရာတော်ကြီးများထံ အပ်နှံပြသကြသည်။

ဆရာတော်ကြီးများသည် လက်ရေးမူ နှစ်ခုလုံးကို ကြည့်ရှုပြီးလျှင် " လက်ရေးတွင် မျဉ်းဟူသည် ဆရာနှင့် တူသည်၊ ဘယ်အရာမဆို ဆရာကို လက်လွှတ်ခြင်းငှာ မသင့်ပေ၊ သျှင်ဂမ္ဘီသာရမှာ ဆရာကို လက်လွှတ်သည်နှင့် တူချေပြီ။ သျှင်ဉာဏဝရမှာမူ 'လက်ရေးကောင်းတို့မည်သည် မျဉ်းကြောင်းကို လက်မလွှတ်သင့် 'ဟူသော ဥပဒေသကို ရိုသေကျိုးနွံစွာ ရေးသားထားပေသည်၊ သို့ဖြစ်သောကြောင့် သျှင်ဉာဏဝရအား ပထမကျော် ဂုဏ်ထူးကို ပေးအပ်ကြရလိမ့်မည်၊" ဟု တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

ဤသို့ဖြင့် သျှင်ဉာဏဝရမှာ ပထမကျော်အောင်ပန်းကို ဆင်မြန်းရရှိပေတော့သည်။ ၎င်း၏ မွေးဖွာရာဖြစ်သော ပိုက်သင်ရွာမှ ဆွေမျိုးဉာတိ ၄၅–အိမ်ထောင်ကိုလည်း အသည်စာရင်းဝင် အဖြစ်မှ ထုတ်၍ မင်းရဲမြင်းစုတွင် သိမ်းသွင်းဖွဲ့စည်းလေသည်။ သျှင်ဉာဏဝရ မွေးဖွားရာ ပိုက်သင်ရွာ မြောက်ဘက်တွင် ကျောက်တိုင် နယ်နိမိတ်နှင့် ' မြင်းသည်ရွာဟောင်းကုန်း ' ဟု ယခုတိုင် ခေါ်တွင်နေကြသည်။

ပထမကျော် သျှင်ဉာဏဝရသည် ၁၀၈၇–ခုနှစ်တွင် သက်တော်စေ့သဖြင့် အောင်မြေစံ လွတ်ဆရာတော်ကြီးကို ဆရာပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။ သက္ကရာဇ် ၁၀၉၀–ပြည့်နှစ်တွင် ပခန်းကြီးမြို့သို့ ကြွရောက်၍ ပခန်းမြို့ အနောက်မျက်နှာရှိ ဒကာအောင်ဇေယျ ဆောက်လုပ်လှူဒါန်းသော ဘုံသုံးဆင့်ရှိ မတောင့်တကျောင်းတိုက်၌ သီတင်းသုံး၍ စာပေပို့သနေလေသည်။

သက္ကရာဇ် ၁၀၉၆–ခု နောက်ပိုင်းတွင် ဆရာတော်သည် ပခန်းမြို့မှ ကိစ္စတစ်ခုဖြင့် အင်းဝနေပြည်တော်သို့ ကြွရောက်ခဲ့၏။ အင်းဝတွင် ဟံသာဝတီရောက်မင်း အိမ်ရှေ့မင်းသား ဘဝက ဆောက်လုပ်လှူဒါန်းသော 'အိမ်ရှေ့မင်္ဂလာရွှေကျောင်းတိုက် 'အတွင်း ကျောင်းငယ်တစ်ခု၌ တည်းခိုနေလေသည်။ ယင်းသို့ တည်းခိုနေရာတွင် ထိုကျောင်းတိုက်မှ သီရိမဟာမင်္ဂလာဓမ္မထေရ်က တိုက်တွန်းသောကြောင့် ဟံသာဝတီရောက်မင်း၏ ဘွဲ့နာမံဖြစ်သော ' မဟာဓမ္မရာဇာဓိပတိ' ဆိုသည့် အက္ခရာ ကိုးလုံးကို အကျယ်ဖွင့်ဆို၍ ရာဇာဓိရာဇနာမတ္ထပကာသနီကျမ်းကြီးကို တစ်လကျော်မျှ အချိန်ယူ၍ ရေးသားရာ ၁၀၉၆–ခု၊ တပေါင်းလပြည့်ကျော် တစ်ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပြီးစီးခဲ့လေသည်။

ထိုကျမ်းကြီးကို ရေးသား၍ မကြာမီ ဟံသာဝတီရောက် မင်းတရားသည် ဆရာတော်အား ကြည်ညိုတော်မူသဖြင့် မိမိနေထိုင်ရန် ဆောက်လုပ်ထားသော ကျော်အောင်စံထားနန်းတော်ကြီးကို အင်းဝမြို့သို့ ရွှေ့၍ အရံကျောင်းငယ် ၁၀၀–နှင့်တကွ ကျောင်းတော်ကြီးကို ဆောက်လုပ်ကာ ' ကျော်အောင်စံထား 'ဟု သမုတ်ပြီးလျှင် ပထမကျော်ဆရာတော် သျှင်ဉာဏဝရအား ပခန်းမြို့မှ ပင့်ဆောင်၍ တင်လှူလေသည်။ ထိုအခါမှ စ၍ ကျော်အောင်စံထားဆရာတော်ဟု ထင်ပေါ်ကျော်စောလာလေသည်။

ကျော်အောင်စံထားဆရာတော်သည် အင်းဝနေပြည်တော်၌ အမြဲထာဝရ နေသည် မဟုတ်ပေ။ မိမိဇာတိရပ်ရွာ ပခန်းမြို့သို့လည်း ပြန်လည် သီတင်းသုံးသေးသည်။ သို့မဟုတ် ပခန်းနှင့် အင်းဝ အလှည့်ကျ နေထိုင်သည်ဟုလည်း ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် အင်းဝမြို့ရှိ

ကျော်အောင်စံထား ကျောင်းတိုက်ကြီးကို အလှူခံပြီးမှ ပခန်းမြို့ မတောင့်တကျောင်းတိုက်တွင် သီတင်းသုံးကြောင်း ‘ ကျော်အောင်စံထားအဖြေ ’ ဟူသော စာမူတစ်ခုကို တွေ့ရှိရသောကြောင့် ဖြစ်သည်။ ထိုစာမူတွင် ဒီပဲယင်းကျေး၊ သျှသျှစ်ကုန်းရွာ သျှင်ဉာဏသေိမထေရ်က ဝိနည်းဆိုင်ရာ အမေးများကို မေးလျှောက်ရာတွင် သက္ကရာဇ် ၁၁၀၀–ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁၀–ရက်တွင် ကူးသန်းကြီးမြို့ (ပခန်းကြီးမြို့) မတောင့်တတိုက်ကြီး၌ သီတင်းသုံးနေသော ပထမကျော်ဘုန်းတော်ကြီး ဖြေဆိုလိုက်ကြောင်း တွေ့ရှိရပေသည်။

ကျော်အောင်စံထားဆရာတော်သည် ထိုခေတ်တွင် ဖြစ်ပေါ်လာသော သာသနာရေးဆိုင်ရာ ပြဿနာအရပ်ရပ်တို့ကို ဖြေရှင်းပေးရသည်။ ဤကဲ့သို့ ဖြေရှင်းပေးခဲ့သော အဆုံးအဖြတ်များသည် ကျမ်းတစ်စောင်တစ်ဖွဲ့ ဖြစ်နေခဲ့ပေသည်။

သက္ကရာဇ် ၁၁၀၈–ခုနှစ်တွင်လည်း ဧရာဝတီမြစ်အနီးရှိ ပလိုင်းဆရာတော် သျှင်သုဇာတနှင့် အချို့တို့က ယိုသစ်စဖြစ်သော ထန်းရည် အုန်းရည်တို့ကို ရဟန်းတို့ သောက်သင့် မသောက်သင့် ဟူသော အယူဝါဒ ကွဲပြားကြသည်တွင် ကျော်အောင်စံထားဆရာတော်သည် ပါဠိ အဋ္ဌကထာ စာပေစုပေါင်း များစွာကို ညှိနှိုင်း၍ သုရာဝိနိစ္ဆယကျမ်းနှင့် အနုသုရာဝိနိစ္ဆယကျမ်းများကို ရေးသားစီရင်လေသည်။

ဆရာတော်သည် အင်းဝနေပြည်တော်မှ ကျေးလက်ဒေသများသို့ သာသနာ့ပြုရန် ဆန္ဒရှိသည့်အလျောက် မိမိသည် ကျေးလက်ဒေသသို့ သာသနာပြု ကြွရောက်မည့်အကြောင်းကို ဟံသာဝတီရောက်မင်းအား ပြောကြားသည်။ ထိုအခါ မင်းတရားက နေပြည်တော်မှာပင် နေတော်မူစေလိုသည့်အတွက် မကြွနိုင်ဘဲ ရှိခဲ့ရလေသည်။ သုံးကြိမ် သုံးခါ ပြောကြားသောအခါ၌ တိုင်းရေးပြည်ရေး အခြေအနေကလည်း မကောင်းသဖြင့် မင်းတရားက အလိုရှိရာသို့ ကြွသွားတော်မူရန် လျှောက်ထားလေသည်။

သက္ကရာဇ် ၁၁၁၀–ခုနှစ်တွင် နောင်အခါ မင်းအိုသာသနာပိုင် ဖြစ်လာမည့် သျှင်ဂုဏာဘိလင်္ကာရကို သဒ္ဒိဝိဟာရိက တပည့်အဖြစ် ခေါ်ဆောင်၍ ညောင်ကန်ရွာသို့ ကြွရောက်တော်မူခဲ့လေသည်။ ထိုညောင်ကန်ရွာ၌ သာသနာပြုစုတော်မူရင်း ငါးနှစ်တာမျှ နေထိုင်တော်မူ၍ သက္ကရာဇ် ၁၁၁၅–ခု၊ သက်တော် ၄၈၊ ဝါတော် ၂၈–ဝါအရတွင် ရွှေ့လျောစုတိတော်မူရလေသည်။

ပထမ ကျော်အောင်စံထားဆရာတော်သည် နှောင်းလူ နောက်သားတို့အတွက် ကျမ်းပေါင်းများစွာတို့ကို ပြုစုတော်မူခဲ့ပါသည်။ ဆရာတော် ရေးသားပြုစုသော ကျမ်းစာတို့ကို တွေ့ရှိသမျှ ဖော်ပြရသော် မြန်မာသဒ္ဒါကျမ်း၊ ရာဇာဓိရာဇနာမတ္တပကာသနီကျမ်း၊ ရာဇာလင်္ကာရကျမ်း၊ ကစ္စာယနသာရ နိဿယသစ်အကျယ်ကျမ်း၊ အဘိဓာန်နိဿယ၊ ကမ္မဝါစာဂဏ္ဌိ၊ ဒုဋ္ဌက္ခရဂဏ္ဌိ၊ စက္ကက်ဝိနိစ္ဆယ၊ မဟာနမက္ကာယပါဠိနိဿယ၊ ပါတိမောက္ခလေခနကျမ်း၊ အဋ္ဌသာလိနီဂဏ္ဌိ၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိ၊ ဝုတ္တောဒယဆန်းနိဿယ၊ သုရာဝိနိစ္ဆယ၊ အနုသုရာဝိနိစ္ဆယ၊ ပါဒနက်သန်ဘုရားရှိခိုး၊ ပါဠိမေတ္တာစာ တို့ ဖြစ်ပေသည်။

**(ကျမ်းကိုး)** ရာဇာဓိရာဇနာမတ္တပကာသနီကျမ်း၊ အနုသုရာဝိနိစ္ဆယ၊ ညောင်ကန်သာသနာဝင်၊ မှန်နန်းရာဇဝင်တော်ကြီး–တတိယတွဲ၊ သာသနာလင်္ကာရစာတမ်း၊ ပခန်းအကြောင်းသိကောင်းစရာ၊ မြန်မာ့စွယ်စုံကျမ်း–အတွဲ ၂ ၊ ပခုက္ကူသာသနာဝင်၊ ကဗျာကြေးမုံ ပိဋကတ်ကြေးမုံကျမ်း ၊

## သျှင်ဝိစိတ္တာစာရ ( ၁၀၇၀ ခန့်–၁၁၂၀ ခန့် )

မြန်မာကဗျာများကို ဖွဲ့ဆိုသီကုံးသူတို့နှုတ်တွင် အစပ်ခြောက်ပါး အသတ်ခြောက်ပါး ဟူသော စကားသည် တွင်ကျယ်ခဲ့၏။ ထိုအစပ် အသတ်တို့ကို ပထမဆုံး ဖော်ပြသော စာမှာ 'ကဝိလက္ခဏာစာငယ်' ဖြစ်၏။ ထိုစာငယ်ကို ပြုစုတော်မူသော ဆရာတော်မှာ သျှင်ဝိစိတ္တာစာရ ဖြစ်သည်။ သျှင်ဝိတ္တာရဟုလည်း ရှိသည်။

သျှင်ဝိစိတ္တာစာရ၏ ဆရာမှာ သျှင်မဟာဉာဏသာဂရ ဖြစ်ကြောင်း ကြားရဖူး၏။ ထိုဆရာတော်သည် မဟာဓမ္မရာဇာဓိပတိ ဘွဲ့ခံ လောကသရဖူစေတီတော်ဒါယကာ ဟံသာဝတီ ရောက်မင်းက မင်းဆရာပြု၍ ကိုးကွယ်ခြင်း ခံရသော ဆရာတော် ဖြစ်သည်။ ထို့ကြောင့် ၎င်း၏ တပည့်ဖြစ်သော သျှင်ဝိစိတ္တာစာရသည် သက္ကရာဇ် ၁၁၀၀–ခန့်က ထင်ရှားကျော်စောခဲ့သော ဆရာတော်ဟု ယူဆရန် သင့်ပေသည်။

ဆရာတော် သျှင်ဝိစိတ္တာစာရသည် ရှေးအခါက ပုံသေ ရေးမှတ်လေ့ မရှိသေးသော ကဝိလက္ခဏာစာငယ်ကို ရေးသားထားလေသည်။ ဆရာတော်၏ စာငယ်တွင်

- ပရမတ်သံ၊ လေးတွဲ့ နက်နဲသော ဂရုသံ၊ အလိုမရှိအပ်သော အနိဋ္ဌအသံ၊ ပညတ်သံ၊ ပေါ့လျော့ပေါ့လွင်သော လဟုသံ၊ အလိုရှိအပ်သော ဣဋ္ဌသံဟုဆိုသော အသံ ခြောက်ပါး ကို လည်းကောင်း၊
- ပသတ်၊ မသတ်၊ နိဂ္ဂဟိဟိတ် သေးသေးတင်သတ်၊ တသတ်၊ နသတ်၊ ရှိသင့်သော ယုတ္တအသတ်ဟု ဆိုအပ်သော အသတ်ခြောက်ပါးတို့ကိုလည်းကောင်း ၊
- သတ်စေ့နက် သုံးချက်ညီစပ်နည်း၊ ဦးတိုက်စပ်နည်း၊ ထိပ်ချင်းချွတ်စပ်နည်း၊ ထိပ်ချင်း ထပ်စပ်နည်း၊ ဘီလူးရယ်စပ်နည်း၊ ချိန်ခွင်လျှာစပ်နည်းဟုဆိုသော အစပ်ခြောက်ပါးတို့ကို လည်းကောင်း–

ဖွင့်ဆို ရေးသားထားလေသည်။ ဆရာတော်၏ အစပ်အသတ်တို့ကို နောက်နှောင်း ပညာရှင်တို့က ဝန်ခံသူတို့လည်း ရှိကြ၏။ ငြင်းဆန်သူတို့လည်း များလှ၏။ မည်သို့ရှိစေ မြန်မာကဗျာ အစပ်အသတ် တို့ကို ရှေးဦးစွာ ရေးမှတ်ခဲ့သော ကဝိလက္ခဏာကျမ်းငယ်ကား အကျိုးပြုစာပေအဖြစ် လက်ခံရမည် သာပါတည်း။

**(ကျမ်းကိုး)** ကဝိဘာရတီကျမ်း– ပထမတွဲ၊ ကဗျာကြေးမုံ ပိဋကတ်ကြေးမုံကျမ်း–ပထမတွဲ ၊

## ရွှေဥမင်ဆရာတော် ( ၁၀၇၅ခန့်–၁၁၃၅ခန့် )

ဘူရိဒတ်ဇာတ်ပေါင်းပျို့အဖြေကို ရေးသားတော်မူသော တိလောကာဘိလင်္ကာရဘွဲ့ရ ရွှေဥမင် ဆရာတော်သည် ရတနာပူရ အင်းဝမြို့အနီး တပ်သာရွာ၌ ဖွေးဖွားတော်မူသည်။ ဆရာတော် ကိုယ်တိုင်ကလည်း ဘူရိဒတ်ဇာတ်ပေါင်းပျို့အဖြေ နိဂုံး၌–

" လောကကြေးမုံ ၊ ရွှေစည်းခုံနှင့် ၊ ရွှေဘုံရတနာ ၊ ရောင်ဝါရွှန်းရွှန်း ၊ ရွာဦးစွန်းက၊ သောင်းလုံးပလျက် ၊ ဒေသတပ်သာ၊ ထိုသည့်ရွာ၌၊ သန္ဓေဆိုက်၌၊ "–

စသည်ဖြင့် ရေးသား ဖွဲ့ဆိုခဲ့၏။

" ဆယ့်ခြောက်နှစ်သို့၊ ရောက်လစ်သောခါ၊ ရတနာပူရ၊ ပြည်မတောင်ယွန်း၊ နေသို့ထွန်းလျက်၊ ပတ်ဝန်းဆောင်ဆောင်၊ တပြောင်ပြောင်လျှင်၊ ပယ်မှောင်မောက်မောက်၊ လျှံတောက်ပရမေ၊ ကျော်ဝုန်ဝေသည်၊ အောင်မြေစံလွတ်၊ ကျောင်းတော်မြတ်ဝယ်၊ တုလွတ်ဘုန်းတော်၊ ပညာကျော်သည်၊ နှိုင်းလျော်ဘက်ကင်း၊ သင်္ဃာမင်း၏၊ ထံရင်းဆည်းကပ်၊ ဆည်းထပ်ရှေးနှောင်း၊ မညောင်းရွတ်အံ၊ တကျံကျံနှင့်၊ " –

ဟူ၍ ရေးဖွဲ့ထားသောကြောင့် အသက် ၁၆–နှစ်သား အရွယ်တွင် ရတနာပူရ အင်းဝနေပြည်တော်၏ တောင်ဘက်၌ ရှိသော အောင်မြေစံလွတ်ဆရာတော်ထံတွင် ခိုဝင်၍ စာပေပရိယတ်များကို သင်ကြား ဆည်းပူးလေသည်။

ထိုအခါက ရတနာပူရ အင်းဝနေပြည်တော်ကြီးအတွင်း သုဓမ္မာဇရပ်ဝယ် စာမေးခံရာဆင်ဖြူရှင် တနင်္ဂနွေမင်းတရားက နှစ်ခြိုက်ကြည်ညိုတော်မူသဖြင့် သျှင်သာမဏေဘောင်သို့ သွတ်သွင်းချီးမြှောက်တော်မူသည်။ သျှင်သာမဏေ ပြုပြီးသောအခါ " ကြေညာနှံ့သိ၊ ဂုဏ်ထူးရှိသည်၊ ကဝိထွတ်ဖျား၊ ဆရာများ၌၊ ခစားသင်အံ၊ နည်းနာခံလျက်၊ နိယံမစဲ၊ စာသင်ပွဲဝယ်၊ နက်နဲပညာ၊ ဆည်းပူးရှာ၍၊ " အသက် ၂၀–ပြည့်လျှင် ရဟန်းဘဝကို ယူတော်မူသည်။

ရဟန်းငါးဝါရသော် ဆရာသမား ဆွေမျိုးဉာတကာများက အရပ်တစ်ပါးသို့ မကြွသွားစေလိုသောကြောင့် ဘုံသုံးဆင့်ရှိသော ဘုံစည်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းကြလေသည်။ ထိုကျောင်းတော်ကြီး၌ နေစဉ် တပ်သာရွာသူကြီးက ဘူရိဒတ်ဇာတ်ပေါင်းပျို့အဖြေကို ရေးသားတော်မူပါရန် လျှောက်ထား တောင်းပန်လေသည်။ ထို့ကြောင့်လည်း–

" တပ်သာမည်ရ၊ ကျော်ပေါက်ပြသည်၊ ဂါမသူကြီး၊ ကောင်းကြံမှီး၍၊ ပွားစည်းပညာ၊ ဖြစ်စိမ့်ငှာလျှင်၊ လင်္ကာဇာတ်ပေါင်း၊ စကားကြောင်းဝယ်၊ အဓိပ္ပာယ်ကို၊ သွယ်သွယ်နည်းနာ၊ စီရင်ပါဟု၊ ရိုကြာဖူးမောက်၊ ပန်ကြားလျှောက်သည်၊　၊ ညွတ်ခေါက်ချစ်ကြည်ညို၏တည်း၊"

ဟု ရေးသားဖွဲ့ဆိုထား၏။

ယင်းသို့ လျှောက်ထား တောင်းပန်ပါသော်လည်း တိုင်းရေးပြည်မှု မငြိမ်သက်ခြင်းကြောင့် ရုတ်တရက် မရေးဖြစ်နိုင်ခဲ့ပေ။ သို့ဖြင့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် အင်းဝရွှေပြည်ကို ပြန်လည်အုပ်စိုးနိုင်သောအခါမှ ဘူရိဒတ်ဇာတ်ပေါင်းပျို့အဖြေကို ရေးသားခဲ့ရာ သာသနာနှစ် ၂၃၀၅–ခု၊ မြန်မာနှစ် ၁၁၂၃–ခု တန်ဆောင်မုန်လပြည့်ကျော် ခုနစ်ရက်နေ့တွင် ရေးသားပြီးစီးခဲ့လေသည်။ ထိုအကြောင်းကို အောက်ပါအတိုင်း ရေးသားထားသည်။

" ဘူရိဒတ္တ၊ နာဂစောလောင်း၊ ရှေးဖြစ်ဟောင်း၌၊ ဇာတ်ပေါင်းမည်သာ၊ အလင်္ကာဝယ်၊ နည်းနာဆန်းကြယ်၊ အဓိပ္ပာယ်ကို၊ စီသွယ်ပြီးထ၊ သမယကား၊ ဂီရကုဋ္ဌာ၊ မညာချူရ၊ ရောက်က သက္ကရာဇ်၊ ပြည့်လစ်သာသနာ၊ လမှာတန်ဆောင်၊ တပြောင်ပြောင်လျှင်၊ ပယ်မှောင်ပဝင်း၊ ဝန်းဝန်းထွန်း၍၊ ပြည့်သည့်နေ့မှ၊ ကျော်လဆုတ်ပြီ၊ သတ္တမီနေ့၊ မာရ်အောင်နေ့ဝယ်၊ ချမ်းမြေ့ငြိမ်ငြိမ်း၊ မွန်တိမ်းခါသင့်၊ ရိပ်ရှည်မြင့်တွင်၊ ပြီးအောင်မြင်သည်၊　၊ သန့်စင်သိသာရှင်းရှင်းတည်း။ " ဟု စပ်ဆိုထားလေသည်။

**(ကျမ်းကိုး) စာဆိုတော်များ အတ္ထုပ္ပတ္တိ၊**

## ဆုံတားဆရာတော် ( ၁၀၈၀–၁၁၄၆ )

ဆုံတားသာသနာပိုင်ဆရာတော်ကား ဇန့်ကျီတိုက်စီရင်စု၊ ပေါက်မြင့်ရွာ၌ သက္ကရာဇ် ၁၀၈၀–ပြည့်နှစ်တွင် ဖွားမြင်ခဲ့သည်။ နံတော် စနေသား ဖြစ်၍ ငယ်မည်ကို မောင်စံဘီလူးဟု ခေါ်လေသည်။

မောင်စံဘီလူးသည် အသက် ၁၅–နှစ်သားအရွယ်တွင် သာမဏေဘောင်သို့ ဝင်ရောက်သည်။ အသက် ၂၀–ပြည့်၍ ရဟန်းပြုသောအခါ၌ ဘွဲ့မည်ကို သျှင်နန္ဒမာလာဟူ၍ မည့်ခေါ်လေသည်။ မော်ပီဆရာသိန်း၏ ရှေးဖြစ်စာတမ်းတွင် ရဟန်းပြုသောအခါ ဘွဲ့မည်မှာ သျှင်နန္ဒာဘိဓဇ ဟု ပြမှာထား၏။ သို့ရာတွင် ဆရာတော်ကိုယ်တိုင် ရေးသားခဲ့သော ဘိက္ခုဒေသနာကျမ်းနိဂုံး၌ "နန္ဒမာလာ၊ မဟာထေရ်ကျော်၊ ငါသူတော်လျှင်၊ "ဟူသော အဖွဲ့ကို ထောက်၍ နန္ဒမာလာဟူသော ဘွဲ့မည်သာလျှင် အမှန်ဖြစ်ကြောင်း မှတ်ယူအပ်ပေသည်။

ဆရာတော် သျှင်နန္ဒမာလာသည် မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်ကာ စာပေပို့ချခြင်း၊ တရားဓမ္မကို ဟောပြခြင်းစသော သာသနာပြု လုပ်ငန်းများကို အားထုတ်ဆောင်ရွက်တော်မူသည်။ ရဟန်းပျိုဘဝမှာပင် စာပေတတ်ပွန်တော်မူသဖြင့် ကျမ်းဂန် အများအပြားကို ရေးသားစီရင်တော်မူသည်။ ထိုအထဲတွင် မြန်မာ့ရိုးရာ ခုံသမာဓိ ပြုလုပ်လိုသူတို့အတွက် အားပြုကိုးစားရာဖြစ်သော မနုဓမ္မသတ်ကျမ်းကို ပခန်းငယ်မြို့နေ ခုံအတုလကျော်စွာ တောင်းပန်သောကြောင့် ရေးသားတော်မူသည်။

ထို့ပြင် သာသနာရေးဆိုင်ရာ စာပေသင်ကြားမှုအတွက် အထောက်အကူ ဖြစ်စေရန် ဝိနယဝိနိစ္ဆယ၊ သုတ္တသင်္ဂဟပါဠိတော်နိဿယ၊ သုမဟာဝါအဌကထာနိဿယ၊ သုပါဌေယျအဌကထာဂဏ္ဌိ၊ ဒွါဒသနိပါတ်ဇာတ်အဌကထာနိဿယ၊ တေရသနိပါတ်ဇာတ် အဌကထာနိဿယ စသော ကျမ်းများကိုလည်းကောင်း၊ သာသနာရေးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုအတွက် ဘိက္ခုဒေသနာကျမ်း၊ သာသနသုဒ္ဓိဒီပကကျမ်းစသော ကျမ်းများကို ရေးသားစီရင်တော်မူသည်။

ဆရာတော်သည် သက္ကရာဇ် ၁၁၃၃–ခု မတိုင်မီတွင် ကျမ်းပေါင်း ၁၆–ကျမ်းကို ရေးသားစီရင်တော်မူသည်ဟု ဆရာတော်ကိုယ်တိုင် အမှတ်အသားပြုကာ ထိုနှစ်တွင် ရေးသားပြီးစီးသော ဘိက္ခုဒေသနာကျမ်းနိဂုံး၌–

"တေဇော်ပဝင်း၊ သုံးလူ့မင်း၏၊ ကောင်းခြင်းသုံးဖြာ၊ ဒေသနာကို၊ မှန်စွာမညို၊ သိပါလိုဟု၊ မြွက်ဆိုသာယာ၊ ဆုပန်ထွာ၍၊ ဤစာလည်းကောင်း၊ အပေါင်းပြည့်လျှမ်း၊ ဆယ့်ခြောက်ကျမ်းကို၊ ရွှင်လန်းစေတနာ၊ ထက်လှစွာဖြင့်၊ မှန်စွာစီရင်၊ ပြီးအောင်မြင်သည်၊ ၊ နောင်လျှင်ရန်မျိုးငြိမ်းစေသော။ "–

ဟူ၍ ဖွဲ့ဆိုရေးသားခဲ့ပေသည်။

ဆရာတော်သည် စလင်းမြို့၊ မြို့ရှေ့ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် စဉ့်ကူးမင်းတရားက ပင့်ဆောင်သဖြင့် အင်းဝမြို့တော်သို့ ကြွရောက်တော်မူရသည်။ အင်းဝသို့ ရောက်လျှင် မြို့တော်၏ အရှေ့မြောက်အရပ်၌ မင်းရေသုံးသပ်ရန် ဆောက်လုပ်ထားသော ရေနန်း၌ တည်းခိုနေထိုင်ရလေသည်။

ဆရာတော်သည် သာသနာရေးဆိုင်ရာ ဂိုဏ်းများတွင် အရုံဂိုဏ်းဝင် ဆရာတော်တစ်ပါးဖြစ်သည်။ ထို့ကြောင့် ရွှေမြို့တော်သို့ ရောက်လျှင် စဉ့်ကူးမင်းအား သာသနာရေးဆိုင်ရာ အရုံဝါဒသာလျှင် မှန်ကန်ကြောင်း တရားဓမ္မဖြင့် ဟောကြားပြသပေးလေသည်။

စဉ့်ကူမင်းသည် ဆရာတော်၏ တရားဓမ္မကို ကြားနာရသဖြင့် နှစ်သက်သဘောကျကာ မြန်မာနိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြကုန်သော ရဟန်းသံဃာတော်များသည် အရုံဂိုဏ်းတရားဓမ္မအတိုင်း လိုက်နာကျင့်ဆောင်ကြရန် သက္ကရာဇ် ၁၁၄၂–ခု၊ နယုန်လဆန်း ၁၅–ရက်နေ့တွင် ထုတ်ဆင့် ပြဋ္ဌာန်းခဲ့လေသည်။

စဉ့်ကူမင်းသည် ဆရာတော်အား မြတ်နိုးကြည်ညိုတော်မူသဖြင့် လောကသရဘူစေတီတော် အရှေ့ဘက်တွင် ပြာသာဒ်နှစ်ဆောင်နှင့်တကွ လေးထပ်ကျောင်းတော်ကြီးကို ဆောက်လုပ်၍ တင်လှူလေသည်။ ဆရာတော်အား 'နရိန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု ' ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ပေးအပ်လှူဒါန်းလေသည်။ ဤနေရာ၌ ပိဋကတ်သမိုင်းစာတမ်းတွင် ဆရာတော်၏ ဘွဲ့မည်ကို အမျိုးမျိုး ပြဆိုထား၏။ သို့ရာတွင် မနောရမ္မာသိမ်ကျောက်စာ၌လည်းကောင်း၊ သာသနာလင်္ကာရစာတမ်းတို့၌လည်းကောင်း ဖော်ပြပါ ဘွဲ့မည်ကိုသာ အတည်ပြု ရေးသားကြပါသည်။

သက္ကရာဇ် ၁၁၄၃–ခုနှစ်တွင် ဘိုးတော် ဗဒုံမင်းတရားသည် အင်းဝမြို့နန်းကို စိုးစံလေသည်။ ထိုမင်းလက်ထက်တွင် ရွှေမြို့တော်ကို အသစ်တစ်ဖန် တည်ဆောက်သည်။ မြို့တော် ပန္နက်ချသည်နှင့် တစ်ပြိုင်နက် ကျောင်းတော်ကြီးလေးရပ်ကိုလည်း တစ်ပြိုင်နက် တည်လုပ်တော်မူ၏။ ထိုကျောင်းတော်ကြီးလေးရပ် အဝင်အပါဖြစ်သော အိမ်ရှေ့မိဖုရားက ဆောက်လုပ်သော ကျောင်းကို မင်္ဂလာဝေယန်ဟု ကမ္ပည်းတပ်မှတ်တော်မူ၍ ဆုံတားဆရာတော်အား တင်လှူတော်မူသည်။ ဘိုးတော်မင်းတရားကလည်း ' တိပိဋက သဒ္ဓမ္မသာမိ မဟာဓမ္မရာဇာဓိ ရာဇဂုရု ' ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းကာ သာသနာပိုင်ဆရာတော်အဖြစ် တင်မြှောက်လေသည်။

ဆရာတော်သည် နေပြည်တော်၌ ဆုံတားဆရာတော်ဟု ထင်ပေါ်ကျော်ကြားသည်။ အဘယ့်ကြောင့် ဤနာမည်ဖြင့် ကျော်ကြားသည်ဟု အမှတ်အသား မတွေ့ရဘဲ ရှိသည်။ သို့ရာတွင် ဆုံတားသည် ဗန့်ကျီနယ်က ရွာကြီးတစ်ရွာ ဖြစ်သည်။ ဆရာတော် မွေးဖွားရာ ပေါက်မြင့်ရွာသည် ထိုဆုံတားရွာကို အမှီပြုနေရာမှ ထိုနာမည် တွင်ရှိလာသလောဟုလည်း တွေးထင်ဖွယ်ရာ ဖြစ်သည်။

ဆုံတားဆရာတော်ဟု ထင်ပေါ်ကျော်ကြားသော ဆရာတော်ကြီးသည် သာသနာပိုင်အဖြစ် ရှည်ကြာစွာ မနေရပေ။ အဘယ့်ကြောင့်ဆိုသော် သက္ကရာဇ် ၁၁၄၆–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း သုံးရက်နေ့တွင် ဘဝသစ်သို့ ပြောင်းရွှေ့စံမြန်းရသောကြောင့် ဖြစ်ပေသည်။

**(ကျမ်းကိုး)** သာသနာလင်္ကာရစာတမ်း၊ အမေးတော်ဖြေကျမ်း–နိဒါန်း၊ ဘိက္ခုဒေသနာကျမ်း၊ သာသနဗဟုသုတပွကာသနီကျမ်း၊ ပိဋကတ်သမိုင်းစာတမ်း၊ မကွေးတိုင်း မြိုင်မြို့နယ် ထနောင်းခါးလှကျေးရွာမှ မနောရမ္မာသိမ်ကျောက်စာ ။

## ဒုတိယကျော်အောင်စံထားဆရာတော် ( ၁၀၈၀–၁၁၆၉ )

ဒုတိယ ကျော်အောင်စံထားဆရာတော်ကြီးကား ညောင်ရမ်းခေတ် သက္ကရာဇ် ၁၀၈၀–ပြည့်နှစ် တပိုတွဲလဆန်း ခြောက်ရက် တနင်္လာနေ့တွင် အင်းဝမြို့တောင်ဘက် ငဇင်ရိုင်းရွာ၌ ဖွားမြင်တော်မူသည်။ အဖမှာ ဦးမြတ်သာ ဖြစ်၍ အမိကား ဒေါ်နှင်းမှုန်ဖြစ်သည်။ မိဘတို့သည် ဆရာတော်လောင်းလျာအား မောင်ညိုထွေးဟူသော အမည်ကို မှည့်ကြကုန်၏။

မောင်ညိုထွေးသည် သက္ကရာဇ် ၁၀၉၅–ခုနှစ်တွင် သျှင်သာမဏေပြု၍ ဘွဲ့တော်မှာ သျှင်ဂုဏာစာရ ဖြစ်သည်။ သျှင်ဂုဏာစာရ၏ ဆရာမှာ ပထမ ကျော်အောင်စံထားဆရာတော် ဖြစ်သည်။ သို့ရာတွင် အခြားဆရာတော်များ ထံ၌လည်း လေ့လာဆည်းပူးတော်မူသေး၏။ ဤသည်ကို ရည်၍ ဆရာတော်သည် ဝေါဟာရတ္ထပကာသနီကျမ်း နိဂုံး၌ –

> “ ကျော်အောင်စံထားတိပညာတာ၊ ကျော်အောင်စံထားဟူသော တံဆိပ်နာမံဖြင့် အလွန်ထင်ရှားထသော။ အာစရိယော၊ ဆရာမြတ်မှလည်းကောင်း၊ အညာဟိ၊ တစ်ပါးသော ဆရာတို့မှလည်းကောင်း။ လဒ္ဓေါပဒေသံ၊ ရအပ်သော ဥပဒေသကို။ ”–

စသည်ဖြင့် ရေးသားမိန့်ဆိုတော်မူခဲ့ပြီ။

သျှင်ဂုဏာစာရသည် ရတနာပူရ အင်းဝရွှေပြည်၌ တတိယနန်းတည် ဆင်ဖြူရှင်မင်း လက်ထက် သူကောင်းပြုခြင်း ခံရသော အရွတ်ဝန်မင်းက ရွှေမြို့တော်၏ အရှေ့မျက်နှာ ကြေးနီချောင်း အနီးတွင် ကျောင်းဆောက်တင်လှူခြင်း ခံရသည်။ ကျောင်းကိုလည်း ကြေးနီချောင်း အနီးတွင် ဆောက်လုပ်သော ကျောင်းဖြစ်၍ ‘ ကြေးနီချောင်းကျောင်း ’ ဟု ခေါ်သည်။ ကာလ ရှည်လျားလာသဖြင့် ချောင်းပုဒ်ကျေ၍ ‘ ကြေးနီကျောင်း ’ ခေါ်သည်ဟု ဆိုပေသည်။

ဤကိစ္စနှင့် ပတ်သက်၍ ဝိဝါဒ ကွဲပြားကြ၏။ စာဆိုတော်များ အတ္ထုပ္ပတ္တိ အောက်ခြေမှတ်ချက်တွင် “ ဤတွင် အဝရွှေမြို့တော် အရှေ့ဘက်၌ ကြေးနီချောင်းဟူ၍ မရှိ။ ကျောင်းဆောက်လုပ်ရာတွင် အမိုးကို ကြေးနီပြားများဖြင့် အုပ်မိုးထားသောကြောင့် ကျေးနီကျောင်းဟု ခေါ်ခြင်းသာ ဖြစ်ကြောင်း ပုဂံဝန်ထောက်မင်း ဦးတင်ကမိန့်ကြားခဲ့ဖူးသည်၊ ” ဟု ပါရှိလေသည်။

တစ်ကြောင်းမှာလည်း ကြေးနီကျောင်းဆိုသည်မှာ ကြေးနီရောင် အဆင်းရှိသော အုတ်ကြွပ်တို့ကို မိုးထားသောကြောင့် ဤသို့ ခေါ်တွင်ကြောင်း ဆိုသည်။ သီဟိုဠ်ကျွန်းတွင် ယင်းကဲ့သို့ အုတ်ကျွတ်မိုး ပြာသာဒ်များကို ‘ လောဟမဟာပါသာဒ ’ ဟု ခေါ်သည်။ ဤကဲ့သို့သော ကျောင်းများကို ရှေးခေတ်မြန်မာပြည်၌လည်း ဆောက်လုပ်ခဲ့ကြ၏။ ကြီးကျယ်ခမ်းနားသော ကျောင်းကြီး မဟုတ်သော်လည်း ဝါးကျောင်းခေါင်ရှည်များကို ထိုအုတ်ကြွပ်ဖြင့်ပင် မိုး၍ ဆောက်လုပ်သော အလေ့အထ ရှိပေသည်။ ထိုခေတ်တွင် ဤကဲ့သို့ ဝါးကျောင်းခေါင်ရှည်များ ဆောက်လုပ်လေ့ ရှိကြောင်းကိုလည်း ပထမ ကျော်အောင်စံထားဆရာတော် ရေးသားခဲ့သော ရာဇာဓိရာဇနာမတ္ထပကာသနီကျမ်း၌–

> “ ဒက္ခဏပါကာရန္တိကေ၊ တောင်စောင်းတန်းတို့၏ အနီး၌။ ဣဋ္ဌကပရိစ္ဆန္နေ၊ အုတ်ကြွပ်တို့ဖြင့် မိုးအပ်သော။ ဒီဃဝဋ္ဋဘိကေ၊ ရှည်သော ခေါင်ရှိသော။ ဝေဠုစယေ၊ ဝါးဖြင့်စီအပ်သော။ ခုဒ္ဒကသေနာသနေ၊ ကျောင်းငယ်၌။ ”–

ဟူ၍ ရေးသားတော်မူခဲ့သည်။

ဤသည်ကိုထောက်လျှင် သျှင်ဂုဏာစာရကျောင်းသည်လည်း ယင်းကဲ့သို့ ကျောင်းမျိုးသာလျှင် ဖြစ်ဖွယ်ရာ ရှိပေသည်။

သက္ကရာဇ် ၁၁၁၅–ခုနှစ်တွင် ပထမ ကျောင်အောင်စံထားဆရာတော် ပျံလွန်တော်မူသဖြင့် ကြေးနီကျောင်းဆရာတော် သျှင်ဂုဏာစာရသည် ကျော်အောင်စံထားကျောင်းတိုက်ကြီးသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူရသည်။ ထိုအခါမှစ၍ ကြေးနီကျောင်းဆရာတော်ဟူသော အမည်

မေးမိုန်၍ ဒုတိယ ကျော်အောင်စံထားဆရာတော်ဟု ထင်ရှားလာလေသည်။ ထိုကျောင်းတိုက်ကို အလှူခံရချိန်ဝယ် ဆရာတော်သည် အသက် ၃၅–နှစ်မျှသာ ရှိပေသေးသည်။

ဒုတိယ ကျော်အောင်စံထားဆရာတော်သည် ရှေးပညာရှိတို့၏ အပင့်၊ အရစ်၊ သဝေ၊ နိဂ္ဂဟိတ်၊ သတ်ပုံ သတ်ညွှန်းတို့ကို လွယ်ကူစိမ့်သောငှာ ပျို့ ကဗျာ လင်္ကာ ဧချင်းတို့တွင် ကာရန်စောင့်၍လည်းကောင်း၊ ခွဲထားပြ၍လည်းကောင်း၊ စပ်ဆိုပြီးစီးသည်များ၌ မပြည့်စုံသည်ကို ဖြည့်စွက်၍လည်းကောင်း ဝေါဟာရများကို စစ်ဆေးဝေဖန်၍ စည်းကမ်းသတ်ပြီးလျှင် ' ဝေါဟာရတ္ထပကာသနီကျမ်းကြီး ' ကို ရေးသားပြုစုတော်မူလေသည်။ သက္ကရာဇ် ၁၁၃၁–ခု၊ ကဆုန်လပြည့်ကျော် လေးရက်နေ့တွင် ရေးသားပြီးစီးခဲ့သည်။

ထို့နောက် မဂအဘိဓာန်ဋီကာကျမ်းကြီးကိုလည်း နောင်လာ နောက်သားတို့အတွက် အကျိုးပွားများစိမ့်သောငှာ အဘိဓာန်ဋီကာနိဿယကျမ်းကြီးကို ရေးသားစီရင်တော်မူရာ သက္ကရာဇ် ၁၁၄၈–ခုနှစ်တွင် ပြီးစီးခဲ့၏။ နောက်နှောင်အခါ၌ ထိုဋီကာကျမ်းကိုပင် မင်္ဂလာရာမတိုက် မောင်းထောင်ဆရာတော်က နိဿယပြန်ဆိုပြန်သဖြင့် ဆရာတော်၏ နိဿယမှာ ' အဘိဓာန်ဋီကာနိဿယဟောင်း ' ဟူ၍ ထင်ရှားလေသည်။

ထို့ပြင် သက္ကရာဇ် ၁၁၅၁–ခုနှစ်တွင် သက်တော် ၇၁–နှစ် အရွယ်၌ 'ဝုတ္တောဒယဆန်း နိဿယ နံကျယ်ကြီး ' နှင့် ' ဝံသဒီပနီကျမ်း ' တို့ကိုလည်း ရေးသားပြုစုတော်မူပါသေးသည်။

မြန်မာစာပေသမိုင်းတွင် နေမင်းတစ်ဆူ တောက်ပတော်မူသော ဒုတိယ ကျော်အောင်စံထားဆရာတော်ကြီးသည် သက်တော် ၇၉–နှစ် ဝါတော် ၇၀–အရ၌ သက္ကရာဇ် ၁၁၆၉–ခုနှစ် တပေါင်းလကွယ်နေ့တွင် ဘဝနတ်နန်းသို့ ကြွမြန်းတော်မူလေသည်။

**(ကျမ်းကိုး)** စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာ့စွယ်စုံကျမ်း– အတွဲ ၂ ၊ ကဝိလက္ခဏာဒီပနီကျမ်း၊ ပခန်းအကြောင်း သိကောင်းစရာ၊ ပခုက္ကူသာသနာဝင်၊ ရာဇာဓိရာဇနာမတ္ထပကာသနီကျမ်း၊ ပိဋကတ်သမိုင်းစာတမ်း ၊

## **သျှင်ကရဝိက** (၃)　( ၁၀၈၀ ခန့်–၁၁၄၀ခန့် )

မြန်မာစာပေသမိုင်းစဉ်တွင် ဒုတိယမြောက်ဖြစ်သော သျှင်ကရဝိကသည် ဟံသာဝတီ ရောက် မင်းတရားကြီး ကိုးကွယ်တော်မူသော ပထမ ကျော်အောင်စံထားဆရာတော်၏ တပည့် တစ်ပါး ဖြစ်လေသည်။

ဆရာတော်သျှင်ကရဝိကသည် ၁၁၁၀–ပြည့်နှစ်တွင် ‘ ညွှန့်ဖူးဝေဝေ၊ ကျွန်းသပြေ၏ ’ အစချီ မင်းလှုယဉ်နုပျို့ကို စပ်ဆိုရေးသားတော်မူသည်။

အချို့အမှတ်အသားများအရ လေးထပ်ကျောင်းတည် မော်ကွန်းနှင့် တက်ထွန်းလျှံဝါချီ ရတုပိုဒ်စုံတို့ကို ရေးသားသော သျှင်ကရဝိကနှင့် မင်းလှဉ်နုပျို့ကို ရေးသားသော သျှင်ကရဝိကတို့ကို ရောထွေးလျက် ပြမှာကြကုန်၏။ သို့ရာတွင် ဒုတိယ သျှင်ကရဝိကသည် ဟံသာဝတီရောက်မင်း လက်ထက်တွင် ရေးသားခြင်း ဖြစ်၏။ ပထမ ကျော်အောင်စံထားဆရာတော်၏ တပည့်ဖြစ်သည်ဟု ဆိုသဖြင့် ပထမ ကျော်အောင်စံထားဆရာတော်သည်ပင် သက္ကရာဇ် ၁၀၆၇–ခုနှစ်မှ ဖွားမြင်သူ ဖြစ်သည်။ သို့ဖြစ်ရာ ဟံသာဝတီရောက်မင်းလက်ထက် သျှင်ကရဝိကသည် အနောက်ဘက်လွန် မင်းနှင့် သာလွန်မင်းတရားတို့ လက်ထက်တွင် ပေါ်ပေါက်ခဲ့သော သျှင်ကရဝိကနှင့် တစ်ပါးစီသာ ဖြစ်သည်ဟု မှတ်ယူရပေမည်။

**(ကျမ်းကိုး)** အနုသုရာဝိနိစ္ဆယ၊ မြန်မာစာပေသမိုင်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ သာသနာလင်္ကာရစာတမ်း၊

## သျှင်သီရိသဒ္ဓမ္မာဘိလင်္ကာရ ( ၁၀၈၅–၁၁၅၀ ခန့် )

သျှင်သီရိသဒ္ဓမ္မာဘိလင်္ကာရ ဆရာတော်၏ မွေးသက္ကရာဇ်နှင့် မွေးဖွားရာဒေသ စသည်တို့ကို တိကျစွာ မတွေ့ရပေ။ သို့ရာတွင် မွေးဖွားသက္ကရာဇ်ကိုမူ ဆရာတော်၏ တထာဂတဥဒါနဒီပနီကျမ်း နိဂုံး၌ ၃၈–ဝါအရတွင် ရေးသားပြီးစီးသည်ဟု မှတ်သား ဖော်ပြထား၏။ ဆရာတော်၏ကျမ်းသည် သက္ကရာဇ် ၁၁၄၃–ခုနှစ်တွင် ရေးသား ပြီးစီးသောကြောင့် ဆရာတော်ဖွားသောသက္ကရာဇ်ကို ၁၀၈၅–ခုဟု ဖော်ပြနိုင်ပါသည်။

ဆရာတော်သည် နောင်အခါ၌ ဒီပဲယင်းမြို့ အနောက်တောင်ထောင့်ရှိ မြို့သူကြီးမင်းဇေယျဝဍ္ဎ ဆောက်လုပ်သော ရွှေကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူသည်။ ထိုအကြောင်းကို ဆရာတော်ကလည်း –

> " ဒီပေယျနဂရဿ၊ ဒီပဲယင်းမြို့၏။ နရတိယံ၊ အနောက်တောင်ထောင့်ဖြစ်သော။ ဗာဟိရသ္မိံ၊ အပ၌။ ဥစ္စ ဘူမိဘာဂေ၊ မြင့်သော မြေအဖို့ရှိသော အရပ်၌။ ဇေယျဝဍ္ဎသု ဝှယေန၊ ဇေယျဝဍ္ဎ အမည်ရှိသော။ နဂရိကေန၊ မြို့သူကြီးသည်။ ကတေ၊ ဆောက်လုပ်အပ်သော။ ဒုရင် မုဒ္ဓေ၊ ဒုရင်၏ အထိပ်၌။ ကေတုသတိတေ၊ မှန်ကင်းနှင့် တကွဖြစ်သော။ တိဘုမ္မိကေ၊ ဘုံသုံးဆင့် ရှိသော။ အဗ္ဘန္တရသ္မိံ၊ အတွင်း၌။ ဟေမော ဘာသေန၊ ရွှေရောင်ဖြင့်။ ဇလန္တေ၊ တောက်ပထွန်းလင်း ဝင်းဝင်းပြောင်သော။ ဝိဟာရေ၊ လေးထွေဣရိယာ မျှတရာဖြစ်သော ကျောင်း၌။ ဝသန္တေန၊ နေသော။ " –

ဟူ၍ ရေးသားဖော်ပြခဲ့၏။

ဆရာတော်သည် ထိုကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တထာဂတဥဒါနဒီပနီခေါ် ကျမ်းကြီးကို ရေးသားပြုစုတော်မူလေသည်။ ထိုသို့ ရေးသားတော်မူရာ သာသနာနှစ် ၂၃၁၆–ခု၊ မြန်မာနှစ် ၁၁၄၃–ခုနှစ်တွင် ရေးသား ပြီးစီးခဲ့လေသည်။

ဆရာတော်၏ ကျမ်းကြီးသည် နောင်နှောင်းကာလ၌ ပေါ်ပေါက်လာသော ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ ဇိနတ္ထပကာသနီစသော ကျမ်းတို့ထက် နှစ်ဆကျော်မျှ ရေးသားထားသည့်ပြင် ထိုကျမ်းတို့ထက် ရှေးကျသောကြောင့် ဖော်ပြပါ ကျမ်းတို့၏ မှီရာ မူလကျမ်းကြီးတစ်ဆူလည်း ဖြစ်ပေသည်။ ထို့ကြောင့် ဆရာတော်၏ တထာဂတဥဒါနဒီပနီကျမ်းကြီးကို မူလမဟာဗုဒ္ဓဝင်ကျမ်းဟူ၍လည်းကောင်း၊ မူလမဟာဇိနတ္ထပကာသနီကျမ်း ဟူ၍လည်းကောင်း၊ မူလမဟာဗုဒ္ဓုပ္ပတ္တိကထာ ဟူ၍လည်းကောင်း ခေါ်ဆိုပါက ခေါ်ဆိုနိုင်ကြောင်း ပညာရှိ ကဝိသူမွန်အပေါင်းတို့ ဝန်ခံကြရပေသည်။

ဆရာတော် သျှင်သီရိသဒ္ဓမ္မာဘိလင်္ကာရ မထေရ်၏ အတ္ထုပ္ပတ္တိကို ဤမျှသာ တွေ့ရှိရပေသေးသည်။

**(ကျမ်းကိုး)** တထာဂတဥဒါနဒီပနီကျမ်း–ပဌမတွဲ နိဒါန်း နှင့် နိဂုံး ၊

## တောင်တွင်း ခင်ကြီးဖျော် ( ၁၀၈၆–၁၁၂၄ )

မြန်မာပညာရှင်တို့၏ သမိုင်းတွင် မကာရလောပအကျော် မတစ်လုံးကျေဆရာတော်ဟူ၍ ထူးချွန်စွာ ပေါ်ပေါက်ခဲ့၏။ ထိုပညာရှင်ကား တောင်တွင်းဆရာတော် ခင်ကြီးဖျော် ဖြစ်သတည်း။

တောင်တွင်းဆရာတော် ခင်ကြီးဖျော်ကား တောင်တွင်းကြီးမြို့ မြောက်လက် ခရီး ငါးတိုင်ကွာ မြို့လုလင်အနီး ပုတီးကုန်းရွာ၌ သက္ကရာဇ် ၁၀၈၆–ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ နံနက် နေဝန်းပေါ်ချိန်တွင် ဖွားမြင်ခဲ့၏။ အဖမှာ ပုတီးကုန်းရွာမှ ဗိသုကာလက်သမားဆရာကြီး ဦးပြေ ဖြစ်၍ အမိမှာ ဒေါ်ကြာဖြစ်၏။ မိဘနှစ်ပါးတို့က ဆရာတော် လောင်းလျာအား မောင်ဖျော်ဟု နာမကရဏမင်္ဂလာကို ပြုကြကုန်၏။

မောင်ဖျော်သည် မြို့လုလင်မြို့ ကန်ဦးကျောင်း ဆရာတော်ထံ၌ အသက် ခုနစ်နှစ်သား အရွယ်မှ စ၍ စာပေကို သင်ကြားရာ သင်ပုန်းကြီးကို တစ်ရက်တည်းဖြင့် ကုန်စင်အောင် တတ်မြောက်သည်။ သုံးလရှိလျှင် ပရိတ်ကြီးကို အပြီးတိုင် တတ်မြောက်၍ ကျောင်းသား သူငယ်အဖြစ်နှင့်ပင် ဇာတ်ကြီး ၁၀–ဘွဲ့ ပါဠိအနက်ကို အာဂုံဆောင်နိုင်ခဲ့လေသည်။

အသက် ၁၀–နှစ်သား အရွယ်တွင် သျှင်သာမဏေဘောင်သို့ ဝင်ရောက်ရာ ဆရာတော် က မောင်ဖျော်၏ ဉာဏ်ပဋိဘာန် ထက်သန်မှုကို အစွဲပြု၍ သျှင်ဉာဏဟူသော ဘွဲ့ကို ပေးအပ် လေသည်။ သာမဏေသျှင်ဉာဏသည် ငယ်ရွယ်သူပင် ဖြစ်သော်လည်း ခက်ရာခက်ဆစ် ပြဿနာ ကိုပင် ရုတ်တရက် ဖြေဆိုနိုင်စွမ်းရှိသူ ဖြစ်သည်။ ထို့ကြောင့်လည်း သာမဏေဘဝမှာပင် နာမည်သတင်း ကျော်စောစ ပြုခဲ့လေသည်။

သာမဏေသျှင်ဉာဏသည် စာပေပညာ သင်ကြားမှု၌ အထူးဝါသနာပါသူလည်း ဖြစ်၏။ မသိသောအရာ မတတ်သောအရာကို အလိုမရှိသည့်အလျောက် အသိပညာ အတတ် ပညာ ရမည်ဆိုလျှင် ခွဲလုံ့လကြီးစွာ သွားရောက် သင်ယူလေ့ ရှိသည်။ ထိုခေတ်တွင် နမလိုက် (နွားမလိုက်) ဆရာတော်ဟု ကျော်ကြားသော ဆရာတော်ထံသို့လည်း ကိုယ်တိုင်သွားရောက်၍ စာပေများကို သင်ကြား တက်ယူဖူးလေသည်။

အသက် ၂၀–အရွယ်သို့ ရောက်လျှင် ရဟန်းဘောင်သို့ တက်ရောက်တော်မူသည်။ ရဟန်းဖြစ်လျှင် တောင်တွင်းကြီးမြို့ပေါ်ရှိ ပညာတတ်ဆရာတော် ပုဂ္ဂိုလ်ကျော်များထံသို့ လှည့်လည် နည်းခံကာ လောကီ လောကုတ္တရာ ပညာများကို ဆက်လက် ဆည်းပူးပြန်လေသည်။ ရဟန်းတော် သျှင်ဉာဏသည် ဉာဏ်စွမ်းအလွန် လျင်မြန်သူ ဖြစ်သည်။ တစ်နေ့လျှင် ပေအင်္ဂါ တစ်ကိုက်ကိုလည်း ကောင်း၊ ဂါထာအားဖြင့်ဆိုလျှင် ၂၅၀၀–ခန့်ကိုလည်းကောင်း ကျက်ဆောင်နိုင်သည် ဆို၏။ ဤသို့ လျင်မြန်သော ဉာဏ်ရှိသောကြောင့်လည်း တောင်တွင်းနယ် တစ်ခွင်၌ နေလအသွင် ထင်ရှားခဲ့ ပေသည်။

သို့ရာတွင် မိမိနေရပ်ဒေသတွင် ကျော်ကြားသူ ဖြစ်သောကြောင့် ဘွဲ့နာမည်တော် မတွင်ဘဲ လူနာမည် ဖြစ်သော ဦးဖျော်ဆိုသည့် နာမည်ကိုသာ ခေါ်တွင်ခဲ့ကြသည်။ နောင်သောအခါ ရဟန်းတော်တို့အား ခေါ်ဝေါ်သည့် ရှေးခေတ်ဓလေ့ ထုံးစံအတိုင်း ခင်ကြီးဟူသော ပုဒ်ဖြင့် 'ခင် ကြီးဖျော်'ဟု ခေါ်တွင်ကြလေသည်။

ခင်ကြီးဖျော်သည် တောင်တွင်းကြီးမြို့ရှိ ပညာတတ်ဆရာတော်များထံမှ စာပေပညာ တို့ကို ဆည်းပူး၍ အထူးပင် တတ်မြောက်ပြီ ဖြစ်သော်လည်း အားရတင်းတိမ်ခြင်း မရှိသေးပေ။ အခြားသော ပညာရှင်တို့၏ နည်းနိဿယတို့ကိုလည်း ခံယူရန် ဆန္ဒရှိနေပေသေးသည်။ ထိုအခါ ရှေးပညာရှိတို့၏ စာပေအမွေအနှစ်တို့ကို ပုဂံမြို့၌ ရနိုင်မည်ဟု ဆုံးဖြတ်မိ၏။ ဤသို့ ဆုံးဖြတ်ပြီး နောက် ရဟန်းငါးဝါ အရတွင် ပုဂံမြို့သို့ ကြွရောက်၍ ရွှေကျောင်းဆရာတော်ထံ၌ ချဉ်းကပ်ကာ စာပေသင်ကြားမှု နည်းနာတို့ကို ထပ်မံဆည်းပူးပြန်လေသည်။

ပုဂံမြို့တွင် ဝါတွင်းသုံးလမျှ လေ့လာသဖြင့် ပညာရှင်တို့ သင်ကြားမှု နည်းစုံကို ပိုင်နိုင်စွာ ရရှိတော်မူသည်။ ထိုနောက်တွင်ကား ခင်ကြီးဖျော်သည် မိမိနေရပ်သို့ ပြန်၍ ရတနာဒေဝီကျောင်း မြောက်ဘက် ကပ်လျက် ဆုတောင်းပြည့်ဘုရားအနီး၌ ရှိသော ဆုတောင်းပြည့်ကျောင်း၌ သီတင်းသုံးနေသည်ဟု ယူဆရပေသည်။ ဦးဖိုးကျားမှတ်စုတွင်–

"ခင်ကြီးဖျော်၊ မြို့လုလင် ပုတီးကုန်းသား၊ တောင်တွင်းကြီးမြို့ မြောက် ၁၂–မိုင်ကွာ ရတနာဒေဝီကျောင်းမြောက်ဘက် ကပ်လျက် ဆုတောင်းပြည့်ဘုရား၊ ဆုတောင်းပြည့်ကျောင်း၊ ခင်ကြီးဖျော်နေသည့် နေရာဟောင်း၊ "–

ဟု အမှတ်အသား ရှိပေသည်။

ဆရာတော် ခင်ကြီးဖျော်သည် ငယ်ရွယ်စဉ်မှာပင် ဝီထိလက်ရိုးကျမ်း၊ ပုဒ်စစ်၊ သဒ္ဒါစစ်၊ နည်းလေးဆယ်၊ ပဌာန်းအရကောက်စသော ကျမ်းတို့ကို ရေးသားစီရင်တော်မူသည်။

သက္ကရာဇ် ၁၁၁၆–ခုနှစ်တွင် အင်းဝမြို့သို့ ကြွရောက်ခဲ့သည်။ တောင်တွင်းမှ ဆရာတော် ခင်ကြီးဖျော် ကြွရောက်တော်မူလာကြောင်းကို ပညာရှင်လောက၌ သတင်းရနံ့ ပျံ့နှံ့သွားလေသည်။ ထိုအခါ ရတနာသိင်္ဃ ကုန်းဘောင်နေပြည်တော်မှ ပညာရှင်များ ဖြစ်သော မင်းလက်ဝဲနော်ရထာစသော ပညာရှင်အများတို့က ဆရာတော်ထံသို့ ခက်ရာခက်ဆစ် ပြဿနာတို့ကို မေးမြန်းလျှောက်ထားကြကုန်၏။ ဆရာတော် ခင်ကြီးဖျော်ကလည်း မေးမြန်း လျှောက်ထားတိုင်းပင် မဆိုင်းမတွ ခဏချင်း ဖြေဆိုမိန့်ကြားပေးတော်မူသည်။ ထို့ကြောင့် ဆရာတော် ခင်ကြီးဖျော်၏ ဂုဏ်သတင်းသည် နေပြည်တော် ပညာရှင်လောက၌ ကျော်စောခြင်း ဖြစ်ခဲ့ပေသည်။

သက္ကရာဇ် ၁၁၂၂–ခုနှစ်တွင် အလောင်းမင်းတရားကြီး၏ သားတော် အိမ်ရှေ့မင်းသားသည် အသက် ၂၆–နှစ်၌ ထီးနန်းကို စိုးစံ၍ 'သီရိပဝရ မဟာဓမ္မရာဇာ 'ဘွဲ့နာမံကို ခံယူတော်မူလေသည်။ ထိုမင်းသည် စစ်ကိုင်းမြို့ကို ထပ်မံတည်ထောင်သောကြောင့် 'ဒုတိယစစ်ကိုင်းမြို့တည်မင်း 'ဟူ၍ ခေါ်တွင်လေသည်။ ထိုမင်းသည် ဆရာတော် ခင်ကြီးဖျော်၏ စာပေဂုဏ်သတင်းကို ကြားသိတော်မူသဖြင့် မှူးမတ်တော်တို့အား ဆရာတော်ကို နေပြည်တော်သို့ ရောက်အောင် ပင့်ဆောင်စေရမည်ဟု အမိန့်တော်မှတ်၍ စေလွှတ်လိုက်လေသည်။

တောင်တွင်းဆရာတော် ခင်ကြီးဖျော်သည် နေပြည်တော်ကဲ့သို့ လူနေထူပြောသော နေရာမျိုး၌ သီတင်းသုံး နေလိုဟန် မရှိပေ။ မိမိအား ပင့်ဆောင်ရန်အတွက် မှူးမတ်တို့ ရောက်ရှိလာသည်ဟု ကြားလျှင် နေပြည်တော်သို့ မလိုက်လိုသဖြင့် မကွေးမြို့ အစီအရင် တက်ဝံနဂါးရွာသို့ တိမ်းရှောင်၍ တွက်ခဲ့၏။ ဘုရင့်မှူးမတ်တို့လည်း မင်းမိန့်ကို ထမ်းရွက်၍ လာကြရသည်ဖြစ်ရာ ဆရာတော်အား မတွေ့လျှင် နေပြည်တော်သို့ ပြန်၍ မဖြစ်သောကြောင့် ဆရာတော်ကြွရာ နောက်သို့ လိုက်၍ ပင့်ဆောင်ကြ၏။

ဆရာတော် ခင်ကြီးဖျော်သည် မိမိနောက်မှ မှူးမတ်တို့ လိုက်နေသည်ကို သိလျက် နေရာတစ်ခုတွင် အမြဲမနေဘဲ ကျောက်ရဲ၊ ပခန်းငယ်၊ စဥ့်ကူး၊ ရွာသာ၊ ပုဂံ၊ တူရွင်းတိုင်၊ မဲတည်ရွာများသို့ လှည့်လည် ကြွသွားတော်မူသည်။ နောက်ဆုံးဖြစ်သော မဲတည်ရွာသို့ ရောက်လျှင် မှူးမတ်တို့က ရွာသူကြီးကို ဖမ်းဆီးချုပ်နှောင်၍ ဆရာတော်အား ရှာပေးရန် အတင်းအကြပ် ပြုလေတော့သည်။ ဆရာတော်သည် ထိုအကြောင်းကို ကြား၍ မိမိအတွက် တစ်ပါးသူ ဆင်းရဲမည်ကို မလိုလားသဖြင့် မှူးမတ်တို့ထံ သွားပြီးလျှင် "ဒကာတို့– သည်းခံကြပါ၊ ငါကြွခဲ့မည်၊ "ဟု ဝန်ခံချက် ပေးလိုက်သည်။ အချို့စာပေများတွင် နောင်တော်ကြီးမင်းတရား အိမ်ရှေ့စံဘဝက ပင့်ဆောင်သည်ဟု အဆိုရှိသည်။

သက္ကရာဇ် ၁၁၂၃–ခု ရောက်သောအခါမှ ဆရာတော်သည် မင်းတရား၏ အကြိမ်ကြိမ် ပင့်လျှောက်ချက်ကို လိုက်လျောအံ့ဟု ကြံ၍ ရတနာသိင်္ဃမြို့သို့ ကြွရောက်တော်မူလေသည်။ ထိုအခါ မင်းတရားကလည်း ကြီးကျယ်ခမ်းနားစွာ ကြိုဆိုတော်မူ၍ ဆရာတော်အတွက်

ရည်ညွှန်းလျက် ရတနာသိင်္ဃမြို့ အရှေ့မြောက်ယွန်းတွင် ပြာသာဒ်နှင့်တကွ သုံးထပ်ကျောင်းတော်ကြီးကို ရွှေပိန်းချ ဆောက်လုပ်ပြီးလျှင် ‘ မဟာဘုံသာ ’ ဟုကမ္ပည်းတပ်လျက် ဆရာတော်အား တင်လှူလေသည်။ ထိုအကြောင်းကို ဆရာတော် ခင်ကြီးဖျော်၏ အရိုးအိုးဘုရားဖြစ်သော ‘ လောကမဥ္ဇူဘုရားကျောက်စာ ’ တွင်–

“ ဇဝံ၊ ဤသို့ဝ့် သဘောတော်ဟိသော။ ဂုဏံ၊ ကျေးဇူးတော်ကိုဝ်။ ပသီဒိတွာ၊ ကြည်ညိုတော်မူရယ့်။ ယောဇနသတပ္ပမာနံ၊ ယူဇနာတစ်ရာ အတိုင်း အရှည် ဟိသော အရပ်သိုဝ့်။ အနေကက္ခတ္တုံ၊ အကြိမ်များစွာ။ ဂန္တွာန၊ သွားဦးရယ့်။ သဂါရဝံ၊ အရိုဝ်အသေ။ နိမန္တေသိ၊ ပင့်ဖိတ်စေ၏။ ယောဓမ္မရာဇာ၊ အကြင် သီရိပဝရ မဟာဓမ္မရာဇာ အမည်ဟိသော မင်းတရားသည်။ သုဘံ၊ တင့်တယ်စွာထသော။ အနေကဓဇလင်္ကာရံ၊ များစွာသော မှန်ကင်းတို့ဖြင့် တန်ဆာဆင်အပ်သော။ သဗ္ဗရာမ မယံ၊ အလုံးစုမ် ရွှေဖြင့် ပြီးထသော။ မဟာဘုံသာတိလဒ္ဓိတံ၊ မဟာဘုံမ်သာ တံဆိပ်လည်း ဟိထသော။ တဿဂုရုနော၊ ထိုဝ်ဆရာတော်အား။ အဒါသိ၊ လှူတော်မူ၏။ ”–

ဟု ဆရာတော်၏ တပည့်ဖြစ်သူ ပုညာရာမ မထေရ်က ရေးသားထားရှိခဲ့ပေသည်။

ဆရာတော်သည် ‘ ဉာဏာလင်္ကာရ မဟာဓမ္မရာဇဂုရု ’ ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ခံယူရရှိတော်မူသည်။ အနုဒီပနီကျမ်း နိဒါန်းတွင်မူ ‘ ဉာဏာဘိ ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ’ ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံတော်မူရ၍ သာသနာပိုင် တင်မြှောက်ကြောင်း ဆိုလေသည်။

ထိုအချိန်တွင် မဲထီးဆရာတော် တောင်းပန်သောကြောင့် အာဒိကပ္ပဒွါဒရာသီနက္ခတ်ကျမ်းကို ရေးသားသည်။ ထို့ပြင် လောကီဓာတ်ကျမ်း၊ ဆေးကျမ်းစသည်တို့ကိုလည်း အများအပြား ရေးသားတော်မူသည်။ နောင်တော်ကြီးမင်းတရား တောင်းပန်သောကြောင့် ငွေဖြစ်လုပ်ရပ်ကျမ်းကိုလည်း ရေးသားသည်ဟု အဆိုရှိလေသည်။

ဆရာတော်၏ ပညာအရည်အသွေးသည် မင်းတရား၏ အားပေးပူဇော်မှုကြောင့် နေပြည်တော် တစ်ခွင်ဝယ် ပေါ်လွင်ထင်ရှားတော်မူခဲ့၏။ မှူးမတ် ပညာရှင် အသိုင်းအဝိုင်းမှလည်း မေးဖွယ်ကိစ္စ ပြဿနာအရပ်ရပ်တို့ကို ဆရာတော်ထံ မေးလျှောက်၍ အဆုံးအဖြတ်ကို ခံယူကြရ၏။ မေးသမျှ အရာကိုလည်း မသိသည်ဟူ၍ မရှိဘဲ ဖြေဆိုနိုင်သည်ချည်း ဖြစ်သောကြောင့် ဆရာတော်အား မကာရလောပအကျော် ‘ မတစ်လုံးကျေဆရာတော် ’ ဟူ၍ ကင်ပွန်းတပ်ခေါ်ဆိုကြလေသည်။

တစ်ခါသော် နောင်တော်ကြီးမင်းတရားက “ ဆရာတော်သည် တစ်ပါးပညာများကို ကျွမ်းကျင်သော်လည်း အတီးအမှုတ်ကိုကား နားလည်မည် မဟုတ်၊ ” ဟု ဆိုကာ ဆိုင်းသမားများကို ကျောင်းတော်သို့ စေလွှတ်၍ တီးမှုတ်စေလေသည်။ ဆရာတော်သည် “ ဤအလုံးကိုခွဲ၊ ဤသို့တီး ” စသည်ဖြင့် ညွှန်ကြားပေးသည်။ ထိုညွှန်ကြားချက်အတိုင်း လိုက်၍ တီးကြရာ သာယာကြည်နူးဖွယ်သော တီးကွက်အဆန်းများ ပေါ်ထွက်လာလေသည်။ ထိုတီးလုံး၏ တေးသွားကိုကား ထိုအခါက မည်သည့် သီချင်းဟူ၍ မပြောပြနိုင်ကြပေ။ တီးကွက်ကိုသာ အစဉ်အဆက် မှတ်သား၍ တီးလာကြရာ မြဝတီမင်းကြီးတို့ လက်ထက်၌ တီးကွက်အတိုင်း သီချင်းရေး၍ အသုံးပြုကြရာတွင် ‘ သမာဒေဝနတ်ချင်း ’ ဟူ၍ ခေါ်တွင်လေသည်။

တစ်ခါလည်း “ စစ်တုရင်အတတ်ဆိုသည် ရဟန်းတော်များနှင့် မည်သို့မျှ မဆိုင်သော အတတ်ဖြစ်သည်။ ဆရာတော်သည် စစ်တုရင်ကို ကစားတတ်မည် မဟုတ်၊ ” ဟု ဆို၍ နောင်တော်ကြီးမင်းတရားက အကောင်းဆုံး စစ်တုရင်ကစားတတ်သူ တစ်ယောက်ကို စစ်တုရင်ပစ္စည်း အစုံအလင်ဖြင့် ကျောင်းတော်သို့ လွှတ်လိုက်၏။ ဆရာတော်သည် ထိုသူ ယူလာသော စစ်တုရင်ခုံကို ကြည့်၍ အစမ်းသဘောဖြင့် ပွဲဦးထွက် ထိုးကြည့်သည်။ ထိုပွဲတွင် ဆရာတော်

ရှုံး၍ ထိုအရှုံးသဘောကို မှတ်သားပြီးလျှင် နောက်ထပ် အကြိမ်ကြိမ်ဆက်၍ ထိုးရာ ဆရာတော် သာလျှင် အနိုင်ရလေသည်။ ထိုအခါ ဆရာတော်က "စစ်တုရင်ဆိုသည် အတွက်ပင် ဖြစ်သည်၊ အတွက်ကို သတိမူလျှင် မရှုံးနိုင်၊ "ဟု မိန့်တော်မူလေသည်။

ထို့ပြင်လည်း ဆရာတော်သည် စစ်ကိုင်းမြို့သို့ ရောက်ရှိခိုက်တွင် "ဆရာတော်သည် တံငါတို့နှင့် ဆိုင်သော ကွန်ပစ်သော အလုပ်ကိုကား လုံးဝ နားလည်နိုင်ဖွယ် မရှိပြီ၊ "ဟု ပြောဆိုသောကြောင့် ထူပါရုံဘုရား အနီးတွင် ညအခါ တံငါသည်တစ်ယောက်ကို ခေါ်၍ စမ်းသပ်လေသည်။ ရှေးဦးစွာ ဆရာတော်သည် တံငါသည်အား "သင်၏ ပညာစွမ်းဖြင့် ကွန်ကို ပစ်လော့၊ "ဟု ဆို၏။ တံငါသည်လည်း မိမိစိတ်တိုင်းကျစွာ ကွန်ကို ပစ်ချသည်။ ရရှိလာသော ငါးတို့ကိုလည်း ရေတွက်ထားရ၏။ ထို့နောက် ဆရာတော် စိတ်တိုင်းကျစွာ ညွှန်ကြားသည့်အတိုင်း ကွန်ကိုပစ်စေပြီးနောက် ရရှိလာသော ငါးတို့ကို ရေတွက်ကြည့်ရာ ပိုမိုနေသည်ကို တွေ့ရှိရလေသည်။

ဤသို့စသည်ဖြင့် ပညာပိုင်းဆိုင်ရာတို့၌ လက်တွေ့ရှုမြင်ကြရသောကြောင့် "မတစ်လုံး ကျေပှူသော ဘွဲ့ထူးနှင့် လျော်ကန် သင့်မြတ်လှပါပေသည်ဟု "ချီးမွမ်း ထောမနာ ပြုကြကုန်၏။

တောင်တွင်းဆရာတော် ခင်ကြီးဖျော်သည် နေပြည်တော်ဝယ် ပြိုင်ဘက်ကင်းအောင် ကျော်ကြားခဲ့သော်လည်း သက်ဓိုးမရှည်ရှာခဲ့ပေ။ ထိုမင်းလက်ထက် သက္ကရာဇ် ၁၁၂၄-ခု၊ သာသနာနှစ် ၂၃၀၆-ခု၊ သက်တော် ၃၈-နှစ်၊ သိက္ခာတော် ၁၈-ဝါအရတွင် စစ်ကိုင်းမြို့၌ သီတင်းသုံးနေတော်မူခိုက် လေနာရောဂါ ပြင်းထန်စွာ ခံစားရသဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရလေသည်။ ထိုသက္ကရာဇ်တွင် ပျံလွန်တော်မူကြောင်းကိုလည်း လောကမဥ္ဇူဘုရား ကျောက်စာ၌-

> "မုနိနော၊ ဘုရားရှင်၏။ ပရိနိဗ္ဗာနာ၊ ပရိနိဗ္ဗာန် လွန်တော်မူသည်မှ။ တဂ္ဂရေ၊ နှစ်ထောင် သုံးမ်းရာခြောက်နှစ်သော။ စက္ကမှိ၊ သာသနာတော်သည်။ ပတ္တေ၊ ရောက်သည်ရှိသော်။ သင်္ဂါမ ဇေယျာသမ္မတေ၊ စစ်ကြီးအောင်ရာဟူရှယ့် သမုတ်အပ်သော။ မဟာဇေယျပုရေ၊ မဟာဇေယျပူရ အမည်ဟိသော ပြည်ကြီး၌။ သောရာဇဂုရု၊ ထိုဝ်ဆရာတော်သည်။ ဇဂ္ဂဝဿမှိ၊ သုံမ်းဆယ့်ယှစ်နှစ်သော။ ဇီဝိတေ၊ အသက်တော်သည်။ သမာပန္နေ၊ ကောင်းစွာ ရောက်သည်ဟိသော်။ ကတ္တိသေသ သဒ္ဓမတ္တံ၊ ကျော်စောသံမျှသာ ကြွင်းကျန်တော်မူခြင်းသို့။ သမ္ပတ္တော၊ ရောက်တော်မူ၏။ "-

ဟု ရေးထိုးထားခဲ့လေသည်။

ဆရာတော် ပျံတော်မူလျှင် အလောင်းတော်ကို ခုနစ်ရက်ထား၍ မင်းတရားကိုယ်တိုင် ထီးဖြူလေးစင်း အုပ်မိုးစေတော်မူ၏။ အလောင်းတော်ကို ရွှေသန်လျင်းဖြင့် ဆောင်ယူတော်မူ၍ ကြီးကျယ်ခမ်းနားစွာ အဂ္ဂိဈာပနပြု၍ ပြာချခဲ့ကြလေသည်။ ကြွင်းကျန်ရစ်သော အရိုးဓာတ်တို့ကိုလည်း စစ်ကိုင်းမြို့မြောက် မင္ဂေဘုရား အနောက်တွင် အရိုးဓာတ်စေတီတော်ကို တည်ထားပူဇော်ခဲ့ကြလေသည်။

ဆရာတော်သည် ငယ်ရွယ် နုနယ်စဉ်မှာပင် ပျံလွန်တော်မူခဲ့သော်လည်း ကျမ်းစာပေါင်းများစွာတို့ကို ရေးသား၍ အမွေအနှစ် ထားရှိခဲ့ပေသည်။ ဆရာတော် ရေးသားသော ကျမ်းစာတို့မှာ သာသနာရေးဆိုင်ရာကျမ်းများ၊ ပါဠိသဒ္ဒါဆိုင်ရာကျမ်းများ၊ ဓာတ်ကျမ်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း စသည်ဖြင့် အမျိုးအစား စုံလင်လှပေသည်။

ဆရာတော် ခင်ကြီးဖျော်၏ ကျမ်းစာစုတို့ကို လေ့လာရသမျှ ဖော်ပြရသော်ကား ပဋ္ဌာန်း အရကောက်၊ ညာသ်ကောက်၊ ယမိုက်ဂဏ္ဌိ၊ ပုဒ်စစ်၊ သဒ္ဒါစစ်၊ သံဝဏ္ဏနာအဖွင့်၊ နည်းလေးဆယ်၊ မာတိကာဂဏ္ဌိ၊ ဓာတုကထာဂဏ္ဌိ၊ ကလျာဏီကျောက်စာ စကားပြေ၊ ကစ္စာယနသာရနိဿယ၊ ကစ္စာယနသာရအကောက်၊ နေတ္တိဟာရအကောက်၊ ဝိထိလက်ရိုးကျမ်း၊ အဘိဓမ္မာဂမ္ဘီရတ္ထဒေသနာ၊ အာဒိကပ္ပကျမ်း၊ ဒွါဒရာသီကျမ်း၊ ဓာတုဘေဒကျမ်း၊ ဓာတုဝိဘာဂကျမ်း၊ နေမိတ္တကကျမ်း၊ နရတန်ဆောင်ကျမ်း၊ နရမာလာပျို့၊ ဇမ္ဗူ့ကွန်ချာကျမ်း၊ ဇမ္ဗူ့ဦးဆောင်းကျမ်း၊ ဇော်ကဝိန္ဓာကျမ်း၊

ဒွါဒသစိန္တာနက္ခတ်ကျမ်း၊ သုတ္တမာလာ ဝုတ္တိမာလာကျမ်း၊ လက္ခဏသင်္ဂြိုဟ်ကျမ်း၊ နရသုခိပို့၊ ဝေနေယျသုခိကျမ်း၊ မဟာနရီကွန်ချာကျမ်း၊ ပဋ္ဌိစ္စသမုပ္ပာဒ်ဓာတ်ကျမ်း၊ ဓာတုသင်္ဂဟကျမ်း၊ ဓာတုဒီပနီကျမ်း၊ အရသာကျမ်း၊ အင်္ဂဝိဇ္ဇာကျမ်း ကိုးစောင်တွဲ၊ ကပ္ပါလင်္ကာရကျမ်း၊ လက်ရိုးဗေဒင်ဋီကာ၊ အသီတိဓာတ်ကျမ်း၊ ကဝေသာရကျမ်း၊ လက္ခဏဒီပကျမ်း၊ ဆနဝုတိကျမ်း၊ ဓာတွန္တြေကျမ်း၊ မဏိဇောတရသ်ကျမ်း၊ ပရမီသွာကျမ်း၊ ဇမ္ဗူ့ကျက်သရေကျမ်း၊ သာသနာသိုက်ကျမ်း၊ သဗ္ဗသာဓာရဏကျမ်း၊ ယောဟနကျမ်း၊ ပဋ္ဌပုမ်ကျမ်း၊ သာလာဘိသုဓာနသူဒနီကျမ်း စသည်တို့ပေတည်း။ လက်ဝဲနော်ရထာလျှောက်ထုံးမှာလည်း မင်းလက်ဝဲနော်ရထာ၏ အမေးများနှင့် ဆရာတော်ဖြေကြားထားချက်များကို စုပေါင်းထားသော ကျမ်းဖြစ်ပေသည်။

**(ကျမ်းကိုး)** အာဒိကပ္ပနှင့် ဒွါဒသိန်ကျမ်းဦး၌ ပါသော ခင်ကြီးဖျော်အတ္ထုပ္ပတ္တိ၊ သာသနာလင်္ကာရစာတမ်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မုံရွေးဆရာတော်မှတ်စု၊ အနုဒီပနီကျမ်း နိဒါန်း၊ သာသနဗဟုသုတပ္ပကာသနီကျမ်း၊ ဦးဖိုးကျား မှတ်စု၊ ဆုံးမစာပေါင်းချုပ်၊ ကဗျာ့ပန်းကုံး၊ မြန်မာ့စွယ်စုံကျမ်း–အတွဲ ၅၊ ကဗျာကြေးမုံ ပိဋကတ်ကြေးမုံကျမ်း၊ ပိဋကတ်သမိုင်းစာတမ်း၊ ၁၉၇၁–ခုအောက်တိုဘာလထုတ် ပါရဂူ၏ ‘ ခင်ကြီးဖျော်နှင့် ဘာသာဘေဒ ’ဆောင်းပါး၊

## တောင်လေးလုံးဆရာတော် ( ၁၀၉၀–၁၁၆၈ )

ရှုဘွယ်ကျမ်းပေါင်းများစွာတို့ကို စကားပြေဖြင့် ရေးသားတော်မူသော တောင်လေးလုံးဆရာတော်ကြီးသည် သက္ကရာဇ် ၁၀၇၆–ခုနှစ်တွင် နန်းတက်သော မှန်နန်းဆင်ဖြူရှင်မင်းလက်ထက် သက္ကရာဇ် ၁၀၉၀–ပြည့်နှစ်တွင် ဥဿျစ်ကျေးရွာ၌ ဖွားမြင်တော်မူသည်။ နံတော် ကြာသပတေးသားတည်း။ မိဘမည်ရည်နှင့် ငယ်မည်တော်တို့ကို မသိရပေ။ သက်တော်စေ့သဖြင့် ရဟန်းပြုရာတွင် ဘွဲ့တော်မှာ သျှင်မေဓာဝီဟူသတည်း။

ဆရာတော်သည် အလောင်းမင်းတရား နန်းစံ သုံးနှစ်မြောက် ၁၁၁၆–ခု၊ ရဟန်း ခြောက်ဝါရလောက်ကပင် ရှုဘွယ်ကျမ်းများကို ရေးသားတော်မူသည်။ တောင်လေးလုံးဆရာတော်ဟု ခေါ်တွင်ခြင်းမှာ မြတောင်၊ ပတ္တမြားတောင်၊ ရွှေတောင်၊ ငွေတောင်၊ ဤတောင်လေးလုံးတို့၏ အထွတ်၌ စေတီတို့ဖြင့် တင့်တယ်စွာ မန္တလေးဟူ၍ ကျော်စောထင်ရှားသော တောင်ထွတ်တောရ၌ သီတင်းသုံး နေတော်မူသောကြောင့် 'တောင်လေးလုံးဆရာတော် 'ဟု ခေါ်တွင်ခြင်း ဖြစ်သည်။ ထို့ကြောင့် ၁၁၅၁–ခုနှစ်တွင် ရေးသားပြီးစီးသော ဆရာတော်၏ နမောတဿဂမ္ဘီရရှုဘွယ်ကျမ်းနိဂုံး၌–

" ဤစာငယ်ကို ဇကပညာသာဓိက သတသဟဿ သက္ကရာဇ်တွင် မြတောင် ပတ္တမြားတောင်၊ ရွှေတောင်၊ ငွေတောင် ဟူသော တောင်တို့၏ လေးခုသော အထွတ်တို့၌ လေးဆူ သော စေတီတို့ဖြင့် အလွန်ရှုဖွယ် တင့်တယ်ခြင်းရှိသော မန္တလေးဟူသော နာမံဖြင့် ကျော်စောခြင်း သတင်းကိတ္တိရှိသော တောင်၏ အစ္ဆရိယပဗ္ဗာရဖြစ်သော တောင်ဝှမ်းအရညဝိဟာရ၌ သမဏသကျပုတ္တတို့၏ နေခြင်းဖြင့် နေသည်ကာလ စတုဂိရိ ထုတီဃောသနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သူမြတ်သည်၊ "–

ဟူ၍ ရေသားတော်မူခဲ့ပေသည်။

ဆရာတော်သည် ဘိုးတော်မင်းတရား လက်ထက်တွင် 'မုနိန္ဒာဘိ လင်္ကာရ သဒ္ဓမ္မသာမိ မဟာဓမ္မရာဇဂုရု 'ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်း ခံရသည်။ ဘိုးတော်မင်းတရား၏ အလယ်နန်းမိဖုရားကြီးက ၁၁၂၃–ခုနှစ်တွင် ဖွားမြင်သော ငယ်မည်တော် သျှင်မင်းတုတ်၊ သီရိမဟာစန္ဒာဘိရတနာ ပဘာဒေဝီဘွဲ့ခံ သရက်တောတိုက် ဘုံကျော်အောင်သာကျောင်း ဒါယိကာမ မင်းသမီးက ကိုးကွယ်တော်မူသည်။

ဆရာတော်သည် ရှုဘွယ်ကျမ်းများကို ရေးသားရာတွင် ခမည်းတော် ရဟန်းကြီးအတွက်လည်း ရှုဘွယ်တစ်စောင်ကို ရေးသားပေးရာ မဟာသမဏလက်စွဲ နိဗ္ဗိန္ဒရှုဘွယ်ဟု ခေါ်သည်။ ဆရာတော် ရေးသားသော ရှုဘွယ်ကျမ်းပေါင်း ၃၀–ကျော်မျှကို တွေ့ရှိရ၏။ ၎င်းတို့မှာ နမောတဿဂမ္ဘီရရှုဘွယ်၊ နာမရူပနိဗ္ဗိန္ဒရှုဘွယ်၊ ပကိဏ္ဏကရှုဘွယ်၊ နိဗ္ဗာန်ဆိပ်ဦးရှုဘွယ်၊ ဗြဟ္မစရိယရှုဘွယ်၊ မဟာဓမ္မသံဝေဂရှုဘွယ်၊ ယထာဘူတရှုဘွယ်၊ သညောဇနေဝိစ္ဆေဒရှုဘွယ်၊ အမတဒွါရရှုဘွယ်၊ အမတသောပါနရှုဘွယ်၊ အနုတ္တရရှုဘွယ်၊ အာနာပါနရှုဘွယ်၊ စာယဉ်ပန်းရှုဘွယ်၊ ဓမ္မဒါနရှုဘွယ်၊ ဓမ္မနီတိရှုဘွယ်၊ ဓမ္မနိဗ္ဗိန္ဒရှုဘွယ်၊ မဓုပိဏ္ဍိကရှုဘွယ်၊ ဓမ္မောသရှုဘွယ်၊ ဓမ္မပိယရှုဘွယ်၊ လက္ခဏရှုဘွယ်၊ သနာထရှုဘွယ်၊ သက္ကာယဒိဋ္ဌိဝိနောဒနီရှုဘွယ်၊ ရာဇကြေးမုံရှုဘွယ်၊ ဝေါဒါနရှုဘွယ်၊ အမတသိဝရှုဘွယ်၊ ဓမ္မပါနရှုဘွယ်၊ နိဗ္ဗာန်လက်သုံးရှုဘွယ်၊ သမ္မာဒိဋ္ဌိရှုဘွယ်၊ ရာဟုလောဝါဒရှုဘွယ်၊ နိဗ္ဗိန္ဒရှုဘွယ်၊ သီလာနိသံသရှုဘွယ်၊ ဥပေါသထရှုဘွယ်၊ ဂမ္ဘီရရှုဘွယ်၊ ဗုဒ္ဓေါ ဝါဒရှုဘွယ်၊ မဟာသမဏလက်စွဲ နိဗ္ဗိန္ဒရှုဘွယ်စသည်တို့ ဖြစ်လေသည်။

ဤသို့ ရှုဘွယ်ကျမ်းပေါင်း များစွာကို ရေးသားပြုစုတော်မူသော တောင်လေးလုံးဆရာတော်ကြီးသည် သက်တော် ၇၈–နှစ်၊ သိက္ခာတော် ၅၈–ဝါအရ၊ သက္ကရာဇ် ၁၁၆၈–ခုနှစ်တွင် အမရပူရမြို့တော်မြောက် မင်းရွာကျောင်းတိုက်အတွင်း သုံးထပ် ရွှေကျောင်းတော်၌ သီတင်းသုံး

နေတော်မူစဉ် ရွှေ့လျော စုတိတော်မူခဲ့လေသည်။

**(ကျမ်းကိုး)** စတုဂိရိရှုဘွယ်ကျမ်း နှင့် နိဒါန်း၊ မြန်မာစာညွှန့်ပေါင်းကျမ်း–တတိယတွဲ၊
အမေးတော်ဖြေကျမ်း၊

## သျှင်ဗုဒ္ဓရက္ခိတမဟာသာမိ ( ၁၀၉၂–၁၁၇၂ )

သျှင်ဗုဒ္ဓရက္ခိတမဟာသာမိကား ပခန်းကြီးမြို့ ကျေးလက် ခပိုရွာ၌ သက္ကရာဇ် ၁၀၉၂– ခုနှစ်တွင် ဖွားမြင်တော်မူသည်။ ငယ်မည်တော် မောင်ပျော်ဖြစ်၏။ ရဟန်းပြုသောအခါ ဘွဲ့မည်ကို သျှင်ပုညသေဋ္ဌဟု ခေါ်လေသည်။

ဆရာတော်၏ ‘ သျှင်ဗုဒ္ဓရက္ခိတမဟာသာမိ ’ ဟူသော ဘွဲ့တော်ကို မည်သည့်မင်း လက်ထက် တွင် ရရှိသည်ဟု မသိသာသော်လည်း ဆင်ဖြူရှင်မင်းတရား လက်ထက် (၁၁၂၅–၁၁၃၈) တွင် ထိုဘွဲ့မည်တော်ကို သုံးစွဲနေပြီဖြစ်ကြောင်း သိရှိရလေသည်။

ဆရာတော်သည် ဆင်ဖြူရှင်မင်းတရား လက်ထက်တွင် မြို့တော်၏ မော်ယွန်းချိုးအ တွင်း ဆုတောင်းပြည့်စေတီနှင့် ဟင်္သာစေတီနှစ်ဆူတို့၏ စပ်ကြား မြို့တော်နှင့် ခြားနာလျက် လူသူ နှင့် မရောနှောသော တဲကျောင်းတွင် သီတင်းသုံးတော်မူ၏။ ထိုအကြောင်းကို သက္ကရာဇ် ၁၁၂၉– ခုနှစ်၊ တန်ခူးလပြည့်ကျော် ခုနစ်ရက်နေ့ ဆက်သွင်းသော မေတ္တာစာတွင်–

“ ရတနာပူရ အင်းဝမြို့ကြီး၌ မဟာမြတ်မုနိ ဘုရားရှင် အရှေ့ လမ်းကြီးခြားလျက် မြို့တော် မော်ယွန်းချိုးအတွင်းတွင် ဆုတောင်းပြည့်စေတီ ဟင်္သာစေတီ နှစ်ဆူစပ်ကြား မြောက် နားလည်း မြို့တော်ခြားလျက် တောင်မျက်နှာ အနောက်မျက်နှာလည်း ချောင်းငယ် ခြားလျက် လူသူတို့နှင့် မရောမပြွမ်း မရှုပ်မထွေး မင်းလမ်းမတံခါးကို အိမ်ရာများနှင့်လည်း မနီးမစပ် ရေးဆရာ အစဉ်အဆက်တို့ သီတင်းသုံးနေရာ ရဟန်းတို့နှင့် လျောက်ပတ်စွာသော အရပ်တွင် တဲကျောင်း၌ သီတင်းသုံးတော်မူသည်။ ” –

ဟု ရေးသားထားလေသည်။

ဆရာတော်သည် ထိုကျောင်း၌ သီတင်းသုံးတော်မူစဉ် ဘုရင်နှင့်တကွ မှူးမတ်ပညာရှင် များ၏ အမေးပြဿနာ အရပ်ရပ်တို့ကို ဖြေကြားပေးတော်မူရလေသည်။ ထိုအထဲတွင် လက်ဝဲသုန္ဒရ လက်ဝဲနော်ရထာ၊ စည်သူကျော်ထင်၊ နေမျိုးသီရိဇေယျကျော်ထင်စသော ဘွဲ့မည်အမျိုးမျိုးဖြင့် ကျော်ကြားထင်ရှားခဲ့သော မုံရွေးဇာတိ စာဆိုတော်အမတ်ကြီး ဦးနေလည်း ပါဝင်ပေသည်။ ထို့ပြင် မင်းတရား၏ ကောင်းမှု ကုသိုလ်တော်များနှင့် အခြားကောင်းမှုတော် ပစ္စည်းများကိုလည်း ကမ္ပည်းစာတမ်းများ ရေးသားပေးရလေသည်။

ဆရာတော်သည် ဆင်ဖြူရှင်မင်းတရား၏ ‘ သီရီသုဓမ္မ မဟာရာဇာ ဓနိန္ဒာဓိပတိ ’ ဟူသော ဘွဲ့နာမံတော်ကို သီရီ၊ သုဓမ္မ၊ မဟာရာဇ၊ ဓနိန္ဒ၊ အဓိပတိ ဟူ၍ ငါးပုဒ်ခွဲပြီးလျှင် ဆန်း အလင်္ကာ သဒ္ဒါ နေတ္တိ စသော နည်းတို့ဖြင့် ရွေးချယ်စိစစ်လျက် ‘ ရာဇာဘိဓာနသူဒနီ ’ မည်သော ကျမ်းကို ရေးသားစီရင်တော်မူရာ သက္ကရာဇ် ၁၁၂၉–ခု၊ ပြာသိုလဆန်း ငါးရက်နေ့တွင် ပြီးစီးခဲ့၏။ ဤသည်ကို ရည်၍ ဆရာတော်၏ မေတ္တာစာ၌–

“ စာကိုယ်ပါဌ် အပြီးသို့ ရောက်သည်မှာ သက္ကရာဇ် ၁၁၂၉–ခု၊ ပြာသိုလဆန်း ငါးရက် ဘိသိက်မင်္ဂလာ ဥကင်သဖွင့်တော်မူသည့်နေ့ နတ်သိကြားတို့ နှိုးဆော်ဘိသကဲ့သို့ မနှောင့် မယှက် ချမ်းမြေ့သာယာစွာ အပြီးသို့ ရောက်ပါသည်။ အနက်နိဿယလည်း ၎င်းသက္ကရာဇ် ပြာသိုလပြည့်နေ့ မင်္ဂလာဥပုသ်နေ့၌ ဘုန်းတော်တိုက်တွန်း၍ ချမ်းမြေ့ကြည်စွာ အပြီးသို့ ရောက်ပါသည်။ ” –

ဟူ၍ ရေးသားပြဆိုတော်မူခဲ့သည်။

ဆရာတော်သည် ထိုကျမ်းကို ပြုစုစီရင်ပြီး၍ မေတ္တာစာတစ်ပုဒ်ကိုပါ ရေးသားပြီးလျှင် သက္ကရာဇ် ၁၁၂၉–ခု၊ တန်ခူးလပြည့်ကျော် ခုနစ်ရက်နေ့၌ ဆင်ဖြူရှင်မင်းတရားအား ပေးအပ်ခဲ့လေ သည်။

ဆရာတော်အား အဓိက ကိုးကွယ်သူမှာ ဒကာသခင်ရှင်ဟု တွေ့ရှိရသည်။ သခင်ရှင်ဆိုသည်မှာ အလောင်းမင်းတရား၏ သားတော် အငယ်ဆုံးဖြစ်သော ဇချင်းဘွဲ့ခံ ပင်းတလဲမင်းသားပင် ဖြစ်မည်ဟု ယုံကြည်ရသည်။ ပင်းတလဲမင်းသား၏ ငယ်မည်တော်ကို ဘိုးတော်ရှင်ဟုလည်းကောင်း၊ သခင်ဘိုးရှင်ဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲကြပေသည်။

ဆရာတော်သည် ဘိုးတော်မင်းတရား လက်ထက်တွင် ရတနာပူရမြို့တော် အနောက်မျက်နှာ သရက်တော မင်္ဂလာဝေယံကျောင်းတော်၌ သီတင်းသုံးတော်မူရသည်။ ထိုမင်းလက်ထက်တွင် 'ဗုဒ္ဓရက္ခိတ မဟာဓမ္မရာဇာဓိ ရာဇဂုရု 'ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်ခြင်းခံရလေသည်။

ဆရာတော်သည် မြန်မာစာပေအတွက် အားကိုးအားထား ပြုရသည့် အက္ခရသမ္ဘေဒ သတ်ပုံကျမ်းကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။

သက္ကရာဇ် ၁၁၇၂–ခုနှစ်တွင် အဆိုပါ ကျောင်း၌ စာပေပို့သနေတော်မူစဉ် ရွှေ့လျောစုတိတော်မူရလေသည်။

**(ကျမ်းကိုး)** ညောင်ကန်သာသနာဝင်၊ ပခန်းအကြောင်း သိကောင်းစရာ၊ စာပေရိပ်မွန်၊ စာပေ့တာဝန်၊ ပခုက္ကူသာသနာဝင်၊

## ချောင်းကောက်ဆရာတော် ( ၁၀၉၈–၁၁၅၅ )

မြန်မာစာပေသမိုင်းကြောင်းတွင် လောကီ လောကုတ္တရာ စွယ်စုံစာပေများကို ရေးသား ပြုစုတော်မူသော ချောင်းကောက်ဆရာတော်သည် သက္ကရာဇ် ၁၀၉၈–ခုနှစ်တွင် ပခန်းကြီးမြို့ မြောက်လက် အနောက်ပိုင်းရှိ သပြေငါးရွာ အဝင်အပါ ချောင်းကောက်ရွာ၌ မွေးဖွားတော်မူ၏။ နံတော်မှာ သောကြာသား ဖြစ်၍ ငယ်မည်တော်ကို မောင်ထွားဖြူဟု ခေါ်သတည်း။

မောင်ထွားဖြူသည် သာသနာ့ဘောင်သို့ ဝင်ရောက်သော အခါ၌ ဘွဲ့မည်တော်ကို သျှင်သဒ္ဓမ္မနန္ဒီဟု မှည့်ခေါ်လေသည်။ သီလက္ခန်ဂဏ္ဌိကျမ်း နိဒါန်း၌ ပဌမကျော်အောင်စံထား ဆရာတော်၏ တပည့်ဖြစ်သည်ဟု ပါရှိရာ ငယ်ရွယ်စဉ်အခါက သျှင်သဒ္ဓမ္မနန္ဒီသည် ပခန်းကြီးမြို့ မတောင့်တကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော ပဌမကျော် သျှင်ဉာဏဝရခေါ် ပဌမ ကျော်အောင်စံထားဆရာတော်ထံ၌ စာပေပရိယတ်များကို သင်ကြားဆည်းပူးခဲ့သည်ဟု ဆိုရပေမည်။

အသက်၂၀–အရွယ်တွင် ဆားလင်းကုန်းမင်းကြီးဟုလည်းကောင်း၊ ချောင်းကောက်မင်း တရားကြီးဟုလည်းကောင်း ကျော်ကြားထင်ရှားသော အနောက်ဘက်တိုက် ဝန်မင်းကြီး မဟာရာဇ သင်္ကြန်က ဒါယကာပြုလုပ်၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ထိုဆားလင်းကုန်းမင်းကြီးသည် မိမိနေရာ ဆားလင်းကုန်းရွာမှ အနောက်တောင်ယွန်း နှစ်မိုင်ခန့် အကွာ၌ တောင်ငါးလုံး ခြံရံလျက် ရှိသော မြေကွက်ကြီးသို့ ပြောင်းရွှေ့၍ ရွာတည်လေသည်။ ချောင်းကောက်တောင်ကို အမှီပြု၍ ချောင်းကောက်ရွာဟုပင် တွင်သည်။ ထိုရွာဦးတောင်ခြေ၌ ဘုံသုံးဆင့်ရှိသော အုတ်ကျောင်းတော် ကြီးကို ဆောက်လုပ်၍ တင်လှူတော်မူသည်။ သျှင်သဒ္ဓမ္မနန္ဒီသည် ထိုအုတ်ကျောင်းတော်ကြီး၌ သီတင်းးသုံးတော်မူရင်း စာပေပို့သခြင်း၊ စာပေရေးသားခြင်း စသော သာသနာ့တာဝန်တို့ကို ထမ်း ဆောင်တော်မူလေသည်။

သျှင်သဒ္ဓမ္မနန္ဒီသည် ငယ်ရွယ်သူပင် ဖြစ်သော်လည်း စာပေတတ်ပွန်မှု၌ ပခန်းနယ်တွင် အကျော်တစော ရှိတော်မူဘိ၏။ ထို့ကြောင့်လည်း သျှင်သဒ္ဓမ္မနန္ဒီအား ကျောင်းတင်လှူသူတို့ များပြား လှ၏။ အဓိက ကိုးကွယ်သူ ရဟန်းဒါယကာကြီး မဟာရာဇသင်္ကြန်မှာလည်း ထိုအချိန်က ဗန့်ကျီ ပခန်း ယောလေးမြို့ကို အုပ်ချုပ်ရသဖြင့် နေဝင်ဘုရင်ဟုပင် ကျော်စောသူ ဖြစ်ရာ သျှင်သဒ္ဓမ္မနန္ဒီ၏ ဘဝသည် အကျိုးပေး စုံလင်လှပေသည်။

သျှင်သဒ္ဓမ္မနန္ဒီသည် မိမိနေရာကား သာသနာပြုမည့်သူ ပေါများလှသည်။ သာသနာ အားနည်းရာ ဒေသများသို့ သာသနာပြုမည်ဟု ရည်ရွယ်လျက် ယောနယ် ကျောက်ကာရွာသို့ ကြွရောက်၍ သာသနာတော်ကို ပြုစုလေသည်။

ထိုမှတစ်ဖန် စာပေအကျော်အမော်များကို ပြိုင်ဆိုင်ကိုးကွယ်လေ့ ရှိကြသော ပခန်းမြို့မှ ဒါယကာများက သျှင်သဒ္ဓမ္မနန္ဒီ၏ စာပေဂုဏ်သတ္တိကို ယုံကြည်သည့်အလျောက် မိမိတို့မြို့၌ သီတင်းသုံး၍ သာသနာပြုပါရန် သွားရောက် ပင့်ဆောင်ကြ၏။ ယင်းသို့ ပင့်ဆောင်လာပြီးနောက် ပခန်းကြီးမြို့ အနောက်ဘက်ရှိ ဘုမ္မိဇေယျာကျောင်းတိုက်ကြီးသို့ ပင့်ဆောင်ကိုးကွယ်ကြသည်။

ဆရာတော်သည် ပခန်းကြီးမြို့သို့ ရောက်လျှင် စာပေပို့ချမှုကိုသာ ဦးစောက်ချ လုပ်ကိုင်ခဲ့သဖြင့် အောက်မြန်မာနိုင်ငံ ပြည် ရွှေတောင်နှင့် အထက်မြန်မာနိုင်ငံ ကလေး ရာဇဂြိုဟ် အထိ ကျော်ကြားသော နိဿယဉ်းဆရာတစ်ပါး ဖြစ်ခဲ့ပေသည်။ ထိုအကြောင်းကို ပခန်းကြီးမြို့ အနောက်ဘက်ရှိ ဘုမ္မိဇေယျာသိမ်ကျောက်စာ၌–

“ယောမြို့ ကျောက်ကာရွာမှ ပင့်ဆောင်ခဲ့၍ ပခန်းကြီးမြို့ ဘုမ္မဇေယျာတိုက်၌ ယာပိုထ် ရွှင်ပြုံး သီတင်းသုံးလျက် အောက်သို့ လားသော် ပြေ ရွှေတောင်၊ အထက်သို့လားသော် ကလေးရာဇဂြိုဟ် ဤအတွင်းဝယ် မီတင်းနေထိုင်ကြသော သံဃာတော်တို့၏ နိဿယာစရိယ

ဖြစ်ခြင်းကြောင့် နိသျှဉ်းဆရာတော်ဟု ထင်ပေါ်ကျော်စောသော။ ”–
ဟု ရေးထိုးထားသည်။

ထို့ပြင် မူလပခန်းမြို့တည်စဉ်က တပါတည်း တည်ထားခဲ့သော တိုက်ကြီး လေးတိုက် အဝင်အပါ ဘုမ္မိဇေယျာတိုက်ကိုပင် သျှင်သဒ္ဓမ္မနန္ဒီအား ပင့်ဆောင်ခဲ့ရာ အရပ်ကို အစွဲပြုပြီးလျှင် ‘ ကျောက်ကာကျောင်းတိုက် ’ ဟု ခေါ်တွင်ခဲ့ကြ၏။ ယနေ့အထိလည်း ပခန်းသားတို့သည် ထိုကျောင်းတိုက်ကို ကျောက်ကာကျောင်းတိုက်ဟုပင် ခေါ်ဆိုနေကြလေသည်။ ဤသည်ကိုရည်၍ ဘုမ္မိဇေယျာသိမ်ကျောက်စာ၌ပင်–

“ ဤတိုက်သည် တိုက်ကြီးလေးတိုက်အပါ ဘုမ္မိဇေယျာတိုက်ရင်း၊ ယောမြို့ ကျောက်ကာရွာမှ ပင့်ဆောင်ခဲ့သော ကင်္ခါဂဏ္ဍိ၊ ဝစ္စဝါစကဋီကာကျမ်းတို့ကို ပြုစုသော သျှင်သဒ္ဓမ္မနန္ဒီအမည်ရှိသော ကျောက်ကာဆရာတော်ကို အစွဲပြု၍ ကျောက်ကာကျောင်းတိုက်ဟုခေါ်ဝေါ်ပညတ်ကြပြန်သည်။ ” –
ဟု ရေးသား ထိုးမှတ်ခဲ့သည်။

ဆရာတော်သည် ရဟန်းဘဝဖြင့် သျှင်ဉာဏရံသီ တောင်းပန်သောကြောင့် ဝစ္စဝါစကဋီကာကျမ်းကို ပါဠိဘာသာဖြင့် ရေသား စီရင်တော်မူသည်။ ထို့ပြင် ကင်္ခါဝိတရဏီအဋ္ဌကထာဂဏ္ဌိကျမ်းကိုလည်း ရေးသားတော်မူ၏။ ထိုကျမ်းနှစ်ဆူကို ရေးသားသဖြင့်ပင် သာသနာစာပေသမိုင်း၌ ချောင်းကောက်ဆရာတော်ဟူ၍ ထင်ရှားခဲ့ပေသည်။ ထိုဂဏ္ဌိကျမ်းသည် သက္ကရာဇ် ၁၁၃၃–ခုနှစ်တွင် ရေးသား ပြီးစီးခဲ့သည်။ ထိုကျမ်းကို ချောင်းကောက်ရွာ အရှေ့ဘက် ဘုံသုံးဆင့် အုတ်ကျောင်းကြီး၌ သီတင်းသုံးနေစဉ် ရေးသားသည်ဟု ဆိုသဖြင့် ဆရာတော်သည် ပခန်းမြို့မှ ချောင်းကောက်ရွာသို့လည်း ပြန်လည်သီတင်းသုံးသေးကြောင်း သိရှိရ၏။

ဤသို့ သာသနာ့ဘောင်၌ ပေါ်လွင်ထင်ရှားခဲ့ပြီး ဖြစ်သော်လည်း ပျော်ပိုက်ခြင်း မရှိသဖြင့် ၁၁၃၇–ခုနှစ်တွင် လူ့ဘောင်သို့ ဆင်းသက်ခဲ့၏။ ဆရာတော်သည် စဥ့်ကူးမင်း နန်းတက်သောနှစ်၌ လူဘဝသို့ ရောက်ရှိ၍ ထိုမင်းလက်ထက်မှာပင် ‘ ရာဇဗလကျော်ထင် ’ ဟူသော ဘွဲ့ဖြင့် အမှုတော်ကို ထမ်းရွက်ရလေသည်။ ထိုဘွဲ့ကို မည်သည့်ခုနှစ်တွင် ရရှိသည်ဟု မသိရသော်လည်း သက္ကရာဇ် ၁၁၄၀–ပြည့်နှစ်၊ တန်ဆောင်မုန်းလ မတိုင်မီတွင် ရရှိနေပြီ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လူ့အဖြစ်နှင့် ရေးသော သီလက္ခန်ဂဏ္ဌိကျမ်းကို ထိုနေ့စွဲဖြင့် ရေးသားပြီးစီးခဲ့သည်။ ထိုကျမ်း နိဂုံးတွင် “ ရာဇဗလကျော်ထင်က္ကတိ ၊ လဒ္ဓဗန္ဓေန ဓီမတာ၊ ” ဟု ရေးသား ဖွဲ့ဆိုခဲ့သောကြောင့် ဖြစ်ပါသည်။

ရာဇဗလကျော်ထင်သည် ဗုဒ္ဓဘာသာစာပေတို့၌ ကျွမ်းကျင်သူ ဖြစ်သောကြောင့် ထိုခေတ်တွင် ဖြစ်ပေါ်လျက် ရှိသော အတင် အရုံ ပြဿနာတို့ကို ဖြေရှင်းရာ၌ နှစ်ဖက်ပြောဆိုချက်တို့ကို စိစစ်မေးမြန်းရ၏။ ထိုစိစစ်ပွဲကြီးကို သက္ကရာဇ် ၁၁၄၁–ခု၊ တပေါင်းလပြည့်ကျော် ခြောက်ရက် ကြာသပတေးနေ့တွင် စတင် ကျင်းပလေသည်။ ထိုအကြောင်းကို တင်သင့် ရုံသင့် အဆိုစာတမ်း၌–

“ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့၌ လိမ်မာသော လကျ်ာရန္တမိတ်၊ ရာဇကျော်ထင်၊ ရာဇဗလကျော်ထင် တို့ကို ဆစ်ဖုမေးမြန်း လျှောက်ထားရမည်ဟု မိန့်တော်မူသည်။ ”–
ဟု မှတ်သား ရေးထားခဲ့၏။

ဘိုးတော်ဗဒုံမင်းတရား နန်းတက်သော အခါ၌လည်း ဆက်လက်၍ သူကောင်းပြုချီးမြှောက်တော်မူသည်။ ရာဇဗလကျော်ထင် အမှုထမ်းရသော လုပ်ငန်းကား များလှပေသည်။ လေးဆယ်ကျော် သွေးသောက်ကြီး အဖြစ်လည်းကောင်း၊ စကုမြို့စား ပြည်မြို့စား၏ အကြီးတော်အဖြစ်လည်းကောင်း ထမ်းဆောင်ရပေသည်။ ထို့ပြင် သက်ပန်းရွာကို အပိုင်စားပေး၍ အတွင်းဝန်ခန့်ထားခြင်းကိုလည်း ခံရလေသည်။

အချို့ အမှတ်အသားများအရ ဘိုးတော်မင်းတရား လက်ထက်တွင် ' ဗလရာဇာ' ဟူသော ဘွဲ့ဖြင့် ချီးမြှောက်ခံရကြောင်း အဆိုရှိသည်။ သက်ပန်းရွာစား အတွင်းဝန်ကြီးသည် ဘိုးတော်မင်းတရား လက်ထက်မှာပင် တွင်းသင်းတိုက်ဝန် မဟာစည်သူနှင့် တွဲဖက်၍ ကျောက်စာဝန် ခန့်ထားခြင်းလည်း ခံရပြန်သည်။

သက်ပန်းအတွင်းဝန်ကြီးသည် လူ့ဘဝရောက်မှလည်း သာသနာစာပေများကို ရေးသားပြုစုခဲ့သေးသည်။ ထို့ပြင်လောကီဥစ္စာ ဖြစ်သော ဓမ္မသတ်ကျမ်း၊ ပို့၊ မော်ကွန်းစသည်တို့ကိုလည်း ရေးသားခဲ့ပေသည်။ ၎င်း၏ မွေးဖွားရာဒေသဖြစ်သော ချောင်းကောက်ရွာ တောင်ခြေ၌လည်း ဘုရားတစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည်။ ထိုဘုရား၏ ဘွဲ့မည်ကို မည်ကဲ့သို့ ခေါ်သည်ဟု မသိရသော်လည်း ဒေသခံပုဂ္ဂိုလ်များကမူ ' သက်ပန်းဝန်ဘုရား ' ဟု ယနေ့တိုင် ခေါ်တွင်နေကြလေသည်။

ချောင်းကောက်ဆရာတော်ဟုလည်းကောင်း၊ သက်ပန်းဝန်ဟုလည်းကောင်း ခေါ်တွင်ထင်ရှားသော စာဆိုတော်ကြီးသည် သက္ကရာဇ် ၁၁၅၅–ခုနှစ် ဘိုးတော်မင်းတရား လက်ထက်၌ပင် နန်းတော်အရှေ့တောင်ထောင့် ဝင်းအတွင်း အိမ်တော်၌ ကွယ်လွန် အနိစ္စရောက်ခဲ့လေသည်။

ဆရာတော် ရေးသားခဲ့သော စာပေအမွေအနှစ်တို့ကို တွေ့ရှိသမျှ ဖော်ပြရသော် ဝစ္စဝါစကဋီကာ၊ နေတ္တိအဋ္ဌကထာနိဿယ၊ ကင်္ခါဝိတရဏီအဋ္ဌကထာဂဏ္ဌိ၊ ကစ္စာယနသာရအကောက်၊ သုတ်သီလက္ခန်အဋ္ဌကထာဂဏ္ဌိ၊ မောဟဝိစ္ဆေဒနီဓမ္မသတ်ကျမ်း– သုံးတွဲ၊ မဟာပုရိသလက္ခဏာပို့၊ မုဒ္ဒါဘိသိက်မော်ကွန်း၊ သုတဗုဒ္ဓိစာငယ်၊ ပစ္စဝေက္ခဏာဂဏ္ဌိ တို့ ဖြစ်ပေသည်။

**(ကျမ်းကိုး)** သီလက္ခန်အဋ္ဌကထာဂဏ္ဌိနိဒါန်း၊ ကင်္ခါဝိတရဏီဂဏ္ဌိ၊ ရှေးဖြစ်စာတမ်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ပခန်းအကြောင်း သိကောင်းစရာ၊ ပခုက္ကူသာသနာဝင်၊ ပိဋကတ်သမိုင်းစာတမ်း၊ ပခန်းကြီးမြို့ အနောက်ဘက်ရှိ ' ဘုမ္မိဇေယျာသိမ်ကျောက်စာ '၊ ၁၅၊ ၁၀၊ ၁၉၇၂– ခုထုတ် ဟံသာဝတီသတင်းစာမှ ဘုန်းနွယ် (ရေစကြို)၏ ' သက်ပန်းအတွင်းဝန်ကြီး ' ဆောင်းပါး၊

## ဗားကရာဆရာတော် ( ၁၁၀၀–၁၁၅၇ )

ပိဋကတ်သုံးပုံ အလုံးစုံကို တတ်ကျွမ်းလိမ္မာတော်မူသဖြင့် တိပိဋကာလင်္ကာရစသော ဘွဲ့ထူးကို ခံယူတော်မူရသည့် ဗားကရာ သာသနာပိုင်ဆရာတော်ကြီးသည် သက္ကရာဇ် ၁၁၀၀– ပြည့်နှစ်တွင် ပခန်းကြီးမြို့ စီရင်စု မြိုင်ရွာ (ယခု မြိုင်မြို့) ၌ ဖွားမြင်ခဲ့၏။ ငယ်မည်တော် မောင်ကျော်ထွေး ဟူ၏။

ဆရာတော် မွေးဖွားရာ ဒေသကို အချို့စာပေများ၌ မြိုင်နယ် အလယ်ကန်ရွာဟုလည်း ရှိသည်။ သို့ရာတွင် ဆရာတော် ငယ်စဉ်က ရေးသားသော ဟံသာဝတီရောက်မင်း ရတုအဖြေ နိဂုံး၌ –

"မြိုင်ဏ္ဏတျာဘိ ဂါမမှီ၊ ပညာရှိတို့ကို ပညာရှိ၏ဟု ခံ့တည်ထားရာ မွေ့လျော်ရာ ဖြစ်သောကြောင့် မြိုင်ဟူသော အမည်သညာဖြင့် ကျော်စောထင်ရှားသော ရွာမြတ်၌။ ဇာတေန၊ ပဋိသန္ဓေအားဖြင့် ဖြစ်ထသော။ "–

ဟူသော ရေးသားချက်ကို ယူ၍ ရေးသားခြင်း ဖြစ်သည်။

မောင်ကျော်ထွေးကို သာမဏေပြုသောအခါ၌ စနေသား ဖြစ်သောကြောင့် ဘွဲ့မည်ကို သျှင်နန္ဒမာလာဟူ၍ မှည့်ခေါ်လေသည်။ ရဟန်းပြုသော အခါ၌ကား သျှင်ဓမ္မာဘိနန္ဒဟူသော ဘွဲ့တော်ကို အသစ်ပြုတော်မူသည်။

သျှင်ဓမ္မာဘိနန္ဒသည် ခုနစ်ဝါ အရတွင် အသိခက်ခဲသော ကဗျာ ငါးပုဒ်၏ အဖြေကို ရေးသားတော်မူ၏။ ထိုကဗျာတို့မှာ–

၁။ ငမြာငယ် ဘုမ္မိရတနာ ဆရာတော်က ပထမ ကျော်အောင်စံထား ဆရာတော်ထံ ပေးသည့် ပါဠိဝေါဟာရတို့ကို မြန်မာမှု မေတ္တာစာဟန်သို့ လိုက်၍ ရေးသားသော မေတ္တာစာ၊

၂။ ကျော်အောင်စံထား ဆရာတော်က ပြန်ပေးသော မြန်မာမှု ပါဠိမေတ္တာစာ၊

၃။ ဟံသာဝတီရောက် မင်းတရားဆို 'ပုဂ္ဂိုလ်ခြောက်မည်၊ သန္ဓေတည်သား ' အစချီ ရတု ပိုဒ်စုံ (သုံးပုဒ်) –

တို့ ဖြစ်ပေသည်။ ထိုကဗျာသုံးပုဒ်တို့မှာ လျှို့ဝှက်ခက်ခဲသော အနက်ရှိသောကြောင့် အဖြေပြု ရေးသားပါရန် ကိုသာမွေးဆိုသူ ဒါယကာက တောင်းပန်သောကြောင့် ရေးသား ဖြေဆိုရာ သက္ကရာဇ် ၁၁၂၈–ခု၊ ဝါဆိုလဆန်း ရှစ်ရက်နေ့တွင် ပြီးစီးခဲ့လေသည်။

သျှင်ဓမ္မာဘိနန္ဒသည် ရဟန်းဘဝတွင် ရတနာပူရ အင်းဝနေပြည်တော်ရှိ ဗားကရာ ကျောင်းတိုက်၌ နေတော်မူသည်။ ထို့ကြောင့် နောင်အခါ၌ ဗားကရာဆရာတော်ဟု ကျော်စော လာလေသည်။ ဆရာတော်အား အဓိကကိုးကွယ်သူမှာ နေမျိုးကျော်ထင်ဘွဲ့ရ မကွေးမြို့စား အတွင်းဝန်မင်း ဖြစ်၏။ ဆရာတော်သည် ထိုကျောင်း၌ပင် နေ၍ စာပေပို့ချခြင်း၊ ကျမ်းဂန်ပြုစုခြင်း စသော တာဝန်တို့ကို ဆောင်ရွက်တော်မူသည်။

ထိုခေတ်တွင် ရွာဝင် ရွာထွက်တို့၌ သင်္ကန်းရုံ ဝင်သောဂိုဏ်း၊ သင်္ကန်းတင် ဝင်သော ဂိုဏ်းဟူ၍ သာသနာရေးဆိုင်ရာ နှစ်ဂိုဏ်းရှိရာ ဗားကရာဆရာတော်သည် အရုံဂိုဏ်းဝင် ဆရာတော်တစ်ပါး ဖြစ်သည်။ ထိုခေတ်တွင် သာသနာရေး အရုံ အတင် ကိစ္စမှာ အကြီးအကျယ် ကွဲပြားနေကြသည်။ ထို့ကြောင့် စဉ့်ကူးမင်း နန်းတက်လာသောအခါ "ရုံသင့် တင်သင့် ဟူသော ပြဿနာကို နှစ်ဖက်ပညာရှင်တို့ သုဓမ္မာဇရပ်တော်တွင် ပြောဆိုစေရမည်၊ "ဟူသော အခွင့်အရေး ရရှိလာကြသည်။

ထိုအခါ အရုံဂိုဏ်းဝင် ဆရာတော်တို့က မိမိတို့ ဂိုဏ်းမှ ပါဠိ အဋ္ဌကထာ ဋီကာကျမ်း ဂန် ကျနသော ပညာကျော် ဆရာတော်တို့ကို ရွေးထုတ်ကြရ၏။ ထိုသို့ ရွေးကောက်ရာတွင် ဗားကရာဆရာတော်နှင့် ကတိုးဆရာတော် နှစ်ပါးတို့ကို သဘောတူ ကောက်ယူကြ၏။ ထိုနှစ်ပါးတွင်

လည်း သုဓမ္မာဇရပ်တော်တွင် ပြောဆိုရာ၌ တစ်ပါးတည်း ဦးဆောင်ရမည် ဖြစ်ရာ အစမ်းသဘော အားဖြင့် မန်လည်ဆရာတော်ကြီး ရှေ့မှောက်၌ အချေ အတင် ပြောဆိုကြရ၏။ ရှေးဦးစွာ ဗားကရာ ဆရာတော်ကို အရုံဘက်က ထား၍ ပြောဆိုစေရာ ဗားကရာဆရာတော်က အနိုင်ရရှိသည်။ တစ်ဖန် ဗားကရာဆရာတော်ကို အတင်ဘက်က ထား၍ ပြောဆိုပြန်စေရာ ဗားကရာဆရာတော်ကပင် အနိုင်ရရှိပြန်လေသည်။ ထို့ကြောင့် သုဓမ္မာဇရပ်တော်တွင် ပြောဆိုရာ၌ အရုံဂိုဏ်းဝင်တို့၏ ကိုယ်စား ဗားကရာဆရာတော်အား ဦးဆောင်၍ ပြောဆိုစေကြလေသည်။

ထိုပွဲကြီးတွင် ဆစ်ဖုမေးမြန်းရန် အတွက် စဥ့်ကူးမင်းကလည်း ထိပ်တန်းပညာရှင်များ ကို အထူးခန့်အပ်ထားပေးသည်။ သို့ဖြင့် ၁၁၄၁–ခု၊ တပေါင်းလပြည့်ကျော် ခြောက်ရက်၊ ကြာသ ပတေးနေ့မှ စ၍ အခြေအတင် ပြောဆိုကြရလေသည်။ ပြောဆိုသော ရက်များအားလုံးတွင် ဗားကရာဆရာတော်တို့ ဘက်ကသာလျှင် အနိုင်ရရှိခဲ့ပေသည်။ ထိုပြောဆိုချက်များကို နေ့စဉ် မှတ်တမ်း ထားရှိခဲ့ရာ ယနေ့တိုင် ထင်ရှားရှိနေပေသည်။

ဗားကရာဆရာတော်သည် ဘွဲ့တံဆိပ်တော်နှင့် စပ်လျဉ်း၍ နှစ်ကြိမ် ရရှိခဲ့သည်ဟု သိရသည်။ ပထမအကြိမ် ရရှိသော ဘွဲ့မှာ ' တိပိဋကာလင်္ကာရ မဟာဓမ္မရာဇဂုရု ' ဟူသော ဘွဲ့ တံဆိပ်တော် ဖြစ်သည်။ ထိုဘွဲ့တော်ကို ဘိုးတော်ဗဒုံမင်း နန်းတက်စ အချိန်ထိ မပြောင်းမလဲ ခေါ်ဝေါ်တည်ရှိနေကြောင်း သိရှိရ၏။ ဆရာတော်ကိုယ်တိုင်လည်း သက္ကရာဇ် ၁၁၄၅–ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၌ ရေးသား ပြီးစီးသော ဓမ္မနီတိနိဿယနိဂုံး၌–

> " တိပေဋက အလင်္ကာရ မဟာဓမ္မရာဇဂုရုတိ လက္ခဏာ၊ ပါဠိ အဋ္ဌကထာ ဋီကာတို့၌ ခွဲခြမ်းနိုင်သော ဉာဏ်အစွမ်းရှိသည် ဖြစ်၍ ပိဋကတ်သုံးပုံကို တင့်တယ်အောင် တန်ဆာဆင် တတ်သည်၏ အဖြစ်ကြောင့် တိပိဋကာလင်္ကာရ မဟာဓမ္မရာဇဂုရု ဟူသော တံဆိပ်နာမံ ရှိထသော။ "

ဟူ၍ ရေးသားခဲ့၏။

ဆရာတော်သည် ထိုဘွဲ့တံဆိပ်တော်ကို စဥ့်ကူးမင်း လက်ထက်၌ ရရှိသည်ဟု အမှတ် အသား ရှိပေသည်။ ထိုအချိန်တွင် ဆရာတော်၏ ကျောင်းဒါယကာမှာလည်း အတွင်းဝန် နေမျိုးကျော်ထင်ဟူ၍ တွေ့ရှိရ၏။ သက္ကရာဇ် ၁၁၄၈–ခုနှစ်လောက်မှ ဘိုးတော်ဘုရား အမေးတော်ပုံ ၌ " ကျောင်းဒကာ မကွေးမြို့စား မဟာသီရိဇေယျသင်္ခယာ " ဟူသော ဘွဲ့ကို ထပ်မံ တွေ့ရှိရပြန် ပါသည်။ ထိုဘွဲ့သည် ထပ်ဆင့်၍ ရရှိသော ဘွဲ့ဟူ၍ မှတ်သားရဖွယ် ရှိသည်။ အချို့စာပေများ ၌ မဟာသီရိဇေယျသင်္ကြန် ဟုလည်း ရှိသည်။

ဆရာတော်သည် ဘိုးတော်ဗဒုံမင်း နန်းတက်စ အချိန်၌ မင်းတရား၏ ကိုးစားမှုကို အများဆုံး ခံယူရ၏။ မေးဖွယ်ကိစ္စတို့ကိုလည်း မဟာဒါန်ဝန်တို့အား လျှောက်ထားခိုင်းလေ့ ရှိသည်။ တစ်ခါတစ်ရံတွင်လည်း ဒါယကာမကွေးမြို့စားအား လျှောက်ထားခိုင်းလေ့ ရှိသည်။ ဗဒုံမင်း နန်းတက်စတွင် ဆင်ဖြူရှင် လက်ထက်မှ နန်းစဉ် သိမ်းဆည်းခဲ့သော အိပ်မက်တော်ကို ဗဒုံမင်း မေးလျှောက်သောကြောင့် ဖြေဆိုပေးရသည်။

ဘိုးတော် ဗဒုံမင်းတရားသည် သက္ကရာဇ် ၁၁၄၈–ခုနှစ်ခန့်တွင် တိုင်းပြည်၌ တင်း တောင်း ခွက်စသည် အညီအညွတ် ဖြစ်စေလိုသဖြင့် ပညာရှင်တို့နှင့် ညှိနှိုင်း သတ်မှတ်ရာ ဆရာတော်၏ အဆုံးအဖြတ်ကို နာခံလိုသဖြင့် ကျောင်းဒါယကာ မဟာသီရိဇေယျသင်္ခယာကို လျှောက်ထားစေရာ ဆရာတော်သည် မေတ္တာစာ ရေးသား၍ ဖြေကြားပေးရလေသည်။ ထိုအဖြေ များသည် နောင်အခါ၌ ဘိုးတော်ဘုရား အမေးတော်ပုံဟု ထင်ရှားသည်။

သက္ကရာဇ် ၁၁၄၈–ခုနှစ်တွင် ဘိုးတော်ဗဒုံမင်းတရားသည် မိမိ နန်းတက်စက တင်မြှောက်ထားသော သာသနာပိုင် ဆရာတော်ကြီး လေးပါးမှာ ပုထုဇဉ်ဂတိသို့ လိုက်၍ လွတ် လွတ် မစီရင်ချင် မစီရင်ဝံ့သကဲ့သို့ ရှိသည်ဆိုကာ နောက်ထပ် ဆရာတော် ရှစ်ပါးကို ဖြည့်စွက်၍

သာသနာပိုင် ခန့်အပ်ပြန်လေသည်။ ထိုအထဲတွင် ဗားကရာဆရာတော်လည်း သာသနာပိုင်ဆရာတော် အဖြစ် ပါဝင်ဆောင်ရွက်ရလေသည်။

ဗားကရာဆရာတော်၏ ဒုတိယမြောက် ဘွဲ့တံဆိပ်ဖြစ်သော ' တိပိဋကာလင်္ကာရ သီရိဓဇ မဟာဓမ္မရာဇဂုရု 'ဟူသော ဘွဲ့တံဆိပ်ကိုလည်း ဗဒုံမင်းတရားက လျှုဒါန်းပူဇော်ခြင်း ဖြစ်လေသည်။ ထိုအကြောင်းကို ပဏ္ဏာမဒီပနီကျမ်း နိဂုံး၌–

" တိပိဋကတ္တာလင်္ကာတတ္တာ၊ ချစ်ရှင်ဟောထား သုံးပါးပိဋကတ် ပရိယတ်ကို ထူမြတ်လှစွာ ဉာဏ်တန်ဆာဖြင့် တန်ဆာဆင်တတ်သည်၏ အဖြစ်ကြောင့်။ တိအာဒိ ဂရုဒန္တေန၊ တိအစ ဂုရုအဆုံးရှိသော။ နာမေန၊ အမရပုရ ပြည်မသနင်း မင်းထက်မင်းသည် အပ်နှင်းကပ်လှူအပ်သော တိပိဋကာလင်္ကာရ သီရိဓဇ မဟာဓမ္မရာဇဂုရုဟူသော နာမံတံဆိပ်တော်ဖြင့်။ ဇမ္ဗုဒီပေ၊ ဇမ္ဗူခေါ်မှန်း သောင်းတိုက်ကျွန်း၌။ ဝိသုတေန၊ ကောင်းကင်မိုးဝယ် ကြယ်များလယ်တွင် တင့်တယ်ထွန်းပ ပြည့်သည့်လသို့ ပေါက်ပြသတင်း ကျော်စောခြင်းလည်းရှိထသော" စသည်ဖြင့် ဆရာတော်၏ တပည့်ဖြစ်သော သျှင်ပညာသီဟ ရဟန်းတော်က မှတ်တမ်းတင်၍ ရေးသားထားခဲ့ပေသည်။

ဗားကရာဆရာတော်သည် စာပေကျမ်းဂန် အမြောက်အများကို ပြုစုရေးသားရာ၌ အချို့သော ကျမ်းဂန်များကို ကိုယ်တိုင် ရေးသားသည် မဟုတ်ပေ။ စိတ်ချရသော တပည့်များအား ပို့ချပြီးလျှင် မှတ်တမ်းပြု ရေးသားထားရာမှ ကျမ်းတစ်စောင် တစ်ဖွဲ့ ဖြစ်လာခဲ့ပေသည်။ ကျမ်းဂန်များကို မှတ်တမ်းပြု ရေးသားရာ၌ ဂူကြီးဆရာတော် သျှင်ပညာသီဟမထေရ်နှင့် နွားပြင်းဆရာတော် သျှင်မုနိန္ဒသာရမထေရ်တို့သည် ဆရာတော်၏ အားထားရသော တပည့်ကြီးများ ဖြစ်ကြသည်။ တင်သင့် ရုံသင့် အဆိုစာတမ်းကို တပည့် သျှင်ဝရတေဇောက မှတ်တမ်းတင် ရေးသားခဲ့ခြင်းဖြစ်၏။

ဤသို့စသည်ဖြင့် မှတ်တမ်းတင်ခဲ့ရာ သျှင်ပုညသေဋ္ဌသာမဏေ မှတ်တမ်းတင်ခဲ့သော အဘိဓမ္မတ္ထသင်္ဂဟနိဿယမှာ ယနေ့အထိ ကျော်ကြားလှသော ကျမ်းစာတစ်ဆူ ဖြစ်သည်။ မြန်မာမင်းလက်ထက်တွင် ရေးပြုကြသော နိဿယကျမ်းပေါင်း ၃၀–ကျော်အနက် ဆရာတော်၏ နိဿယကို စာသင်သားတို့ အများဆုံး အသုံးပြု လေ့လာကြပေသည်။ ထို့ကြောင့် " သင်္ဂြိုဟ် ဗားကရာ ၊ သဒ္ဒါ နန်းကျောင်း "ဟု စာသင်သားတို့ ဆိုထုံးပြုကြလေသည်။

ဘိုးတော်ဗဒုံမင်း လက်ထက်တွင် ပညာရှင်များနှင့် ညှိနှိုင်းကာ ပံ့တော်ပြက္ခဒိန်ကို ထုတ်ပြန်ထားလေသည်။ ဗားကရာဆရာတော်သည် ထိုပံ့တော်ပြက္ခဒိန်ကို သဘောမကျ ရှိပေသည်။ ဘိုးတော်မင်းတရား လက်ထက်မှ ပေါ်ပေါက်လာသော ပံ့တော်ပြက္ခဒိန်တွင် ပါဠိ အဋ္ဌကထာဋီကာ သာသနာကျမ်းဂန်များနှင့် အလျော်ညီသကဲ့သို့ ဖြစ်သော လပြည့်နေ့တိုင်း လမပြည့်ခြင်း၊ လကွယ်နေ့ ဆိုသော်လည်း လမကွယ်ခြင်း စသော အချက်ငါးချက်တို့ကို ဖော်ပြထား၏။ ဗားကရာဆရာတော်သည် ထိုအချက်တို့ကို မနှစ်သက်သောကြောင့်ပေလား မသိရပေ။ ဘိုးတော်မင်းတရားက " ပံ့တော်ပြက္ခဒိန်နှင့် မူလပြက္ခဒိန်တို့တွင် အဘယ်ကို နှစ်သက်သနည်း၊ "ဟု မေးသောအခါ ဗားကရာဆရာတော်က " ပံ့တော်ပြက္ခဒိန်သည် ဘုန်းတော်ကြောင့် ပေါ်ပေါက်လာခြင်းသာ ဖြစ်သည်၊ မူလပြက္ခဒိန် အဟောင်းသာ အမှန်ဖြစ်သည်၊ "ဟု မင်းလိုမလိုက် မင်းကြိုက်မဆို မိမိအယူကိုသာလျှင် ပြတ်သားစွာ မိန့်ဆိုတော်မူသည်။ ထိုအခါ ဘိုးတော်မင်းတရားသည် မိမိပြက္ခဒိန်ကို ဤသို့ ပြောကြားရပါမည်လားဟု မကျေမနပ်ဖြစ်၍ အဝတ်ဖြူလဲကာ နေရပ်သို့ ပို့ဆောင်ခြင်း ခံရရှာလေသည်။

သီလဝိသောဓနီကျမ်းစသည်တို့တွင် မင်းဇကရာဇ် ရာဇဝတ်တော် သိမ်းလျှင် သိက္ခာပြန်တင်သည်ဟု အဆိုရှိသည်။ ထိုအဆိုသည် မည်သည့် အထောက်အထားနှင့် ရေးသားသည်ဟု မသိရပေ။ မည်သို့ရှိစေ ဆရာတော်သည် လူဝတ်လဲ နေရသော အချိန်မှာမူ ကြာမောလှသည် မဟုတ်ပေ။ ဆရာတော် လူဝတ်လဲရသော ခုနှစ်ကို မတွေ့ရသော်လည်း ပံ့တော်ပြက္ခဒိန်နှင့်

ပတ်သက်၍ကား သက္ကရာဇ် ၁၁၅၇–ခု၊ နှစ်ဦးပိုင်းထက် စောမည် မဟုတ်ပေ။ ဘိုးတော်မင်းတရားသည် မိမိပုံတော် ပြက္ခဒိန်နှင့် ပါဠိ အဋ္ဌကထာ ဋီကာစသော သာသနာတော် ကျမ်းများနှင့် ညီမညီ ဟူသော အမေးတော်ကို သက္ကရာဇ် ၁၁၅၇–ခု၊ နတ်တော်လဆန်း ကိုးရက်နေ့စွဲဖြင့် မောင်းထောင်သာသနာပိုင်အားလည်း မေးလျှောက်ခဲ့လေသည်။ သို့ဖြစ်ရာ ပုံတော် ပြက္ခဒိန်ကိစ္စသည် ထိုနှစ်လောက်တွင် ဖြစ်ပေါ်လာသည်ဟု ခန့်မှန်း မှတ်ယူနိုင်ဖွယ် ရှိသည်။ သို့ဖြစ်ရာ ဗားကရာဆရာတော် လူဝတ်လဲရသော အချိန်မှာ တစ်နှစ်ပင် ရှိကောင်းမှ ရှိပေမည်။ အဘယ့်ကြောင့်ဆိုသော် ဗားကရာဆရာတော်ဟောင်း ဖြစ်သော ဆရာကြီးသည် သက္ကရာဇ် ၁၁၅၇–ခု၊ သက်တော် ၅၇–နှစ်တွင် ကွယ်လွန်အနိစ္စရောက်သောကြောင့်တည်း။

ဗားကရာဆရာတော်ကြီး ရေးသားခဲ့သော စာပေကျမ်းဂန်တို့ကို စာရင်းရသမျှ ဖော်ပြရသော် သဒ္ဒတ္ထဘေဒစိန္တာနိဿယ၊ ကစ္စာယနသာရနိဿယ၊ ဝစ္စဝါစကနိဿယ၊ ဝစ္စဝါစကဒီပနီနိဿယ၊ သမ္ဗန္ဓစိန္တာနိဿယ၊ ဝိဘတျတ္ထနိဿယ၊ သဒ္ဒဝုတ္တိနိဿယ၊ သဒ္ဒဗိန္ဒုနိဿယ၊ ဝါစကောပဒေသနိဿယ၊ ကစ္စယနဘေဒနိဿယ၊ ဂန္ဓာဘရဏနိဿယ၊ ဓမ္မနီတိနိဿယ၊ သုဘောဓာလင်္ကာရနိဿယ၊ ဝုတ္တောဒယဆန်းနိဿယ၊ သဒ္ဒမေဓဒီပနီ၊ သဒ္ဒါကြီး ရှစ်စောင်သုတ်နက်၊ သရာပကတိဗျဥ္ဇနေသုတ်အဖွင့် ချာသနိဿယ၊ ဘိက္ခုပါတိမောက်နိဿယ၊ ခုဒ္ဒသိက္ခာနိဿယ၊ ဒသကနိပါတ်ဇာတ်အဋ္ဌကထာနိဿယ၊ ဧကာဒသကနိပါတ်ဇာတ်အဋ္ဌကထာနိဿယ၊ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာနိဿယ၊ သင်္ဂြိုဟ်အရကောက်၊ ပဏ္ဏာမဒီပနီ၊ မာတိကာအရကောက်၊ ပရမတ္ထဗိန္ဒုစာကိုယ်နိဿယ၊ ပရမတ္ထဗိန္ဒုဋီကာနိဿယ၊ မူလဋီကာဒွါရကထာအဖွင့်နိဿယ၊ ဓာတုကထာမူလဋီကာနိဿယ၊ ပါဠိမေတ္တာစာနှစ်ပုဒ်အဖြေ၊ ဘိုးတော်ဘုရား အမေးတော်ပုံ အဖြေ၊ တင်သင့် ရုံသင့် အဆိုစာတမ်း၊ ဟံသာဝတီရောက်မင်း ရတုအဖြေတို့ ဖြစ်ပေသည်။

**(ကျမ်းကိုး)** အမေးတော်ဖြေကျမ်း၊ ပခုက္ကူသာသနာဝင်၊ တင်သင့် ရုံသင့် အဆိုစာတမ်း၊ ပဏ္ဏာမဒီပနီကျမ်း–နိဂုံး၊ ပခန်းအကြောင်း သိကောင်းစရာ၊ ဓမ္မနီတိနိဿယ၊ ဝိနယသမူဟ ဝိနိစ္ဆယကျမ်း–ဒုတိယတွဲ၊ ဆန်းမဟာနိဒါန်း၊ ကဗျာကြေးမုံ ပိဋကတ်ကြေးမုံကျမ်း၊

## ညောင်ကန်ဆရာတော် ( ၁၁၁၅–၁၁၈၃ )

နိပါတ်ဇာတ်တော်ကြီးများကို မြန်မာမှုပြု၍ စကားပြေ ပြန်ဆို ရေးသားသောကြောင့် ထင်ရှားခဲ့သူကား ညောင်ကန်ဆရာတော်ကြီးတည်း။

ဆရာတော်အား ဗဒုံမြို့ကျေး ညောင်ကန်ရွာ၌ သက္ကရာဇ် ၁၁၁၅–ခုနှစ်တွင် မွေးဖွား တော်မူသည်။ ငယ်မည်တော်ကို မောင်ရောင်ဟု ခေါ်သည်။ မောင်ရောင် ကျောင်းသားအရွယ်သို့ ရောက်သောအခါ မိဘနှစ်ပါးတို့က ကျော်အောင်စံထားဆရာတော်၏ တပည့်ဖြစ်သော ညောင်ကန်ရွာ အနောက်တိုက် မင်းအိုဆရာတော်ကြီး အထံ၌ စာပေသင်ကြားရန် အပ်နှံကြ၏။ မောင်ရောင်သည် ကျောင်းသားတို့ သင်ကြားအပ်သော စာပေတို့ကို ကုန်စင်အောင် သင်ကြားပြီး နောက် ၁၅–နှစ်သား အရွယ်တွင် သျှင်သာမဏေပြုသည်။ ထိုအခါ မင်းအိုဆရာတော်ကြီးက ဘွဲ့မည်ကို သျှင်ကဝိန္ဒဟု မှည့်ခေါ်တော်မူသည်။

သျှင်ကဝိန္ဒသည် သာမဏေဝတ်ဖြင့် သဒ္ဒါ၊ သင်္ဂြိုဟ်၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်္ဒ၊ ညဝါ သင်ရိုးကျမ်းစာများကို ကုန်စင်အောင် သင်ကြား၏။ ထို့ပြင် ဗေဒင်ကျမ်းဖြစ်သော မြို့ဟဒ် ရာဇမတ္တဏ် အစရှိသော ကျမ်းတို့ကိုလည်း လေ့လာ ဆည်းပူးလေသည်။ ရဟန်းပြုသော အခါ၌ လည်း မင်းအိုဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုသည်။ ဘွဲ့တော်မှာ သျှင်ကဝိန္ဒာဘိဟူ ၍ ဖြစ်လေသည်။

ရဟန်းတော် သျှင်ကဝိန္ဒာဘိသည် ပါဠိတော် အဋ္ဌကထာ ဋီကာ အဖြာဖြာတို့ကို သင် ကြား တတ်မြောက်တော်မူသဖြင့် ညောင်ကန်ရွာ၌ပင် စာသင်သားတို့အား စာပေပို့သ၍ နေတော်မူသည်။ ဆရာတော်သည် စာပေကျမ်းဂန်တို့၌ တတ်ပွန်လိမ္မာသောလည်း ဝါသနာဘာဂီ ဆိုက်တိုင်းမိုဟူသော ဆိုရိုးစကားအရ အပြောအဆို အမူအရာမှစ၍ ကြမ်းတမ်း ခက်မာတော်မူ ဘိသည်။ ထို့ကြောင့်ပင် ဆရာတော်အား ရပ်ရွာရှိ ဒါယကာများက ဘွဲ့တော်ကို မခေါ်ကြဘဲ ' ဦးတေတေး ' ဟုသာ ခေါ်ကြသည်။

ထိုအချိန်တွင် အမရပူရမြို့တော်၌ ဘိုးတော်ဗဒုံမင်းသည် ထီးနန်းကို စိုးအုပ်၍ မင်းလုပ်နေလေသည်။ ဗဒုံမင်းသည် ဆရာတော်၏ စာပေဂုဏ်သတင်းကို ကြားသိတော်မူသဖြင့် မြို့စာရေး တစ်ဦးအား ဆရာတော်ထံသို့ စေလွှတ်၍ စုံစမ်းစေလေသည်။ မြို့စာရေးလည်း ညောင်ကန်ရွာ အနောက်တိုက်သို့ သွားရောက်၍ စုံစမ်းရာ စာချနေသော ဆရာတော်ကို တွေ့ရ၏။ ဆရာတော်သည် နှုတ်က စာပေပို့ချနေသော်လည်း စာကိုမကိုင်ဘဲ နီးဖြာနီးရက်ရင်း စာပေပို့ချ တော်မူသည်။ ညဥ့်အခါ ရောက်လျှင်လည်း တပည့်စာသင်သားတို့အား ဗေဒင်လက်ရိုးစသော ကျမ်းများကို နှုတ်တက်ချ၍ တွက်စေသည်။

မြို့စာရေးသည် ဆရာတော်၏ လုပ်ဆောင်ချက် မှန်သမျှကို စုံစမ်းပြီးနောက် နေပြည် တော်သို့ ပြန်၍ ဘိုးတော်ဗဒုံမင်းအား အကြောင်းစုံကို လျှောက်ထားလေသည်။ ထိုအခါ ဗဒုံမင်းသည် ဆရာတော်အား ကြည်ညိုသဖြင့် နေပြည်တော်သို့ ကြွရောက်ပါရန် ပင့်ခေါ်စေလေ သည်။ မြို့စာရေးလည်း မင်းမိန့်ကို ဦးထိပ်ရွက်လျက် ဆရာတော်ထံသို့ လာရောက် ပင့်ခေါ်ရပြန် လေသည်။

ဆရာတော်ထံသို့ ရောက်လျှင် မြို့စာရေးက " နေပြည်တော်သို့ ကြွရောက်ပါရန် ဘိုးတော်မင်းတရားကြီးက စေခိုင်းသဖြင့် ပင့်လျှောက်ရပါသည်ဘုရား၊ " ဟု လျှောက်ထား၏။ ထိုအခါ ဆရာတော်က " အေး– ငါလာချင်တဲ့အခါ လာခဲ့မယ်၊ " ဟု ပြတ်ပြတ်ပင် ပြောလွှတ် လိုက်သည်။ မြို့စာရေးလည်း ထပ်မံ လျှောက်ထားရန် မလိုတော့ဘဲ နေပြည်တော်သို့ ပြန်ခဲ့လေ တော့သည်။

ဆရာတော်သည် နောင်အခါမှ နောက်ပါ ကပ္ပိယတစ်ယောက်ကို ခေါ်ဆောင်ပြီးလျှင်

နေပြည်တော်သို့ ကြွရောက်ခဲ့၏။ ဆရာတပည့်နှစ်ဦးတွင် ပစ္စည်းအပိုဟူ၍ မပါဘဲ ဆရာတော်မှာ ယပ်တောင်တစ်ချောင်းနှင့် ဒါယကာမှာ ဓားမကြီးတစ်ချောင်းသာ ပါသောဟူ၏။ သို့နှင့် ဘုရင့်နန်းတော်သို့ ဝင်ရောက်သွားကြသည်။ နန်းတော်တွင် တံခါးစောင့်များက တားဆီးကြ၏။ ဆရာတော်သည် အစောင့်များ တားဆီးဆဲမှာပင် အတင်းတိုးဝင်လာခဲ့သည်။ အစောင့်များသည် ဆရာတော်အား ရဟန်းသံဃာတော် ဖြစ်၍ မည်သို့မျှ မပြောဆိုဘဲ နောက်ပါ ဒါယကာကိုကား ဖမ်းဆီးထားလိုက်ကြလေသည်။

ဆရာတော်သည် နန်းတော်တွင်း ညီလာခံသဘင် ကျင်းပရာ ဘိုးတော်မင်း၏ ရှေ့မှောက်သို့ ရောက်ရှိသွား၏။ ထိုအခါ မင်းတရားက "ဘယ်ကဘုန်းကြီးတုံး၊ ဘာလုပ်မယ့် လာတာတုံး၊ "ဟု ဆည်း၍ မေးသည်။ ထိုစကားကို ဆရာတော် ကြားလျှင် "ဒကာတော်က ဘုရားစကား မပြောဘဲကိုး၊ "ဟု မိန့်တော်မူလိုက်၏။ ထိုအခါမှ ဗဒုံမင်းသည် မိမိစကားကို ရိပ်စားမိ၍ "အရှင်ဘုရား၊ ဘယ်အရပ်က ကြွလာပါတုံးဘုရား၊ ဘွဲ့နာမည်တော်ကို မိန့်ကြားပါဘုရား၊ "ဟုမေးလျှောက်သည်။

ဆရာတော်သည် မင်းတရားက ပင့်ဆောင်သည်ဆို၍ ရောက်လာရကြောင်း မိန့်ကြားသည်။ ထို့နောက်မင်းတရားအား ဓမ္မကထာတို့ကိုလည်း မိန့်ကြားသည်။ ဗဒုံမင်းသည် တစ်ချိန်ကပင် ဆရာတော်အား ကြည်ညိုတော်မူသဖြင့် ပင့်ခိုင်းထားရာ တရားဓမ္မကို ကြားနာရသော အခါ၌ သဒ္ဓါတရား ထက်သန်လာကာ "အရှင်ဘုရား၊ ဒကာတော်အား လောက ဓမ္မရေးရာ၌ ဆုံးမတော်မူရန် ဤနေပြည်တော်၌ သီတင်းသုံးတော်မူပါဘုရား၊ "ဟု လျှောက်ထားလေသည်။

ထို့နောက် ဘိုးတော်မင်းတရားကြီးက မြောက်နန်းစံဖြစ်သော အိမ်ရှေ့မင်း၏ မယ်တော် သီရိစန္ဒာရတနာဒေဝီ မိဖုရားကြီးအား ဆရာတော်ကို အဓိကအားဖြင့် ကိုးကွယ်စေသည်။ မြောက်နန်းမိဖုရားကြီးကလည်း မဟာမုနိဘုရား၏ အရှေ့မျက်နှာတွင် ဘုံလေးဆင့် ရှိသော ကျောင်းတော်ကြီးကို ဆောက်လုပ်၍ အတွင်းအပြင် ရွှေပိန်းချကာ 'မင်္ဂလာဘုံကျော်ကျောင်း' ဟူ၍ သမုတ်ပြီးလျှင် ဆရာတော်အား တင်လှူလေသည်။ ကျောင်းတော်ကြီးကို အလှူခံပြီး၍ သက္ကရာဇ် ၁၁၅၃-ခု၊ ပြသိုလဆန်း ၁၀-ရက် အင်္ဂါနေ့တွင် 'ကဝိန္ဒာဘိ သဒ္ဓမ္မဝရ သီရိဓဇ မဟာ ဓမ္မ ရာဇဂုရု 'ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ရွှေကရားဖြင့် ရေစက်ချ လှူဒါန်းလေသည်။ ဆရာတော်သည် မိမိသီတင်းသုံးခဲ့ရာ ဇာတိဒေသကို အစွဲပြု၍ ညောင်ကန်ဆရာတော်ဟုပင် နေပြည်တော်၌ ထင်ရှားသည်။

ဆရာတော်သည် ထိုမင်းလက်ထက်မှာပင် 'ကဝိန္ဒာဘိဝံသ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု 'ဟူသော ဘွဲ့တံဆိပ်ကိုလည်း ထပ်မံ ရရှိပြန်ပါသည်။ ထိုစဉ် ကျောင်းအမဖြစ် သော မိဖုရားကြီး၏ တူတော်သူ သီရိဇေယျသူကျော်စွာ အမတ်ကြီး တောင်းပန်သောကြောင့် မင်္ဂလာတရားတော်များကို အထူးထူးသော ဇာတ်နိပါတ်တော်တို့မှ ထုတ်နုတ်၍ မင်္ဂလတ္ထဒီပနီကျမ်း ကြီးကို မြန်မာစကားပြေဖြင့် ရေးသားတော်မူသည်။ ကျမ်းနိဂုံး၌လည်း-

"သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်၏ ပရိနာယက သားကြီးရတနာ ဥပရာဇာမင်းမြတ်၏ မယ်တော်မိဖုရားမြတ်၏ တူတော်ရင်း ဖြစ်သော သဒ္ဓါ သီလအစရှိသော သူတော်ကောင်းတို့၏ ဥစ္စာတရားနှင့် ပြည့်စုံသော သီရိဇေယျသူကျော်စွာ အမည်ရှိသော အမတ်ကြီးသည် သာသနာတော်၏ အစီးအပွား များစိမ့်သောငှာ တောင်းပန်အပ်သည် ဖြစ်၍၊ "-

ဟု ရေးသားထားပါသည်။

ထို့ပြင် ဆရာတော်သည် ၅၅၀- နိပါတ်တော်များကို မြန်မာမှု သက်သက်ဖြင့် စကားပြေ ရေးသား ပြန်ဆိုခဲ့ရာ ယနေ့တိုင် ခန့်ထည်စွာ တည်ရှိနေခဲ့ပါသည်။ နိပါတ်တော်စကားပြေ ဝတ္ထုကြီး များအနက် ဆရာတော်၏ စကားပြေကျမ်းကြီးများမှာ အသုံးအများဆုံး စာများ ဖြစ်ကြ၏။

ဆရာတော်သည် ရာဇဝင်ဆိုင်ရာတို့၌ နှုတ်ငုံဆောင်လိုသူတို့ အတွက်လည်း ရာဇဝင်ချုပ်ပါဌ်နိဿယကို ရေးသား စီရင်တော်မူသည်။ ထိုမှျသာမက သဒ္ဒါငယ်နိဿယ၊ သတိပဋ္ဌာန်နိဿယ၊ မဟာဝင်အဋ္ဌကထာနိဿယ၊ မြို့ဟဒ်နိဿယ၊ ရာဇမတ္တဏ်နိဿယတို့ကိုလည်း ပြုစုတော်မူခဲ့သည်။ ပိဋကတ်သမိုင်းစာတမ်း၌ကား ဝံသမာလာကျမ်းနှင့် သချၤာပကာသစာကိုယ်နိဿယကျမ်းတို့ကိုလည်း ရေးသားကြောင်း တွေ့ရှိရ၏။

ဤသို့ ကျမ်းပေါင်း များစွာတို့ကို ပြုစုတော်မူရင်း သက်တော် ဖ၈–နှစ်၊ သက္ကရာဇ်၁၁ဖ၈–ခုနှစ်တွင် မင်္ဂလာဘုံကျော် ကျောင်းတိုက်ကြီး၌ ပျံလွန်တော်မူခဲ့လေသည်။ ဆရာတော်၏ အရိုးဓာတ်များကို မန္တလေးမြို့ တောင်ပြင် ဖွန်းစုရပ်၌ တပည့်ဒကာတို့က စေတီတည်ထား၍ ကိုးကွယ်ခဲ့ကြလေသည်။

**( ကျမ်းကိုး)** ညောင်ကန်သာသနာဝင်၊ အမေးတော်ဖြေကျမ်း၊ သာသနဗဟုဿုတပ္ပကာသနီကျမ်း၊ မင်္ဂလတ္ထဒီပနီကျမ်း၊ သာသနာလင်္ကာရစာတမ်း၊ ၁၉၇၀–ပြည့်၊ အောက်တိုဘာလထုတ်၊ မိုးဝေမဂ္ဂဇင်းမှ ဘဝင်း၏ ‘ ဓာတ်နိပါတ် ဘာသာပြန်ဆရာ ဦးတေတေး ’ ဆောင်းပါး၊

**မောင်းထောင်သာသနာပိုင်** ( ၁၁၁၅–၁၁၉၄ )

မောင်းထောင်သာသနာပိုင် ဆရာတော်သည် အလုံမြို့ကျေး မောင်းထောင်ရွာ၌ သက္ကရာဇ် ၁၁၁၅–ခုနှစ်တွင် အဖနတ်ရှင်ယက္ခ ဦးစံဦး၊ အမိ ဒေါ်ခွေးတို့မှ ဖွားမြင်သည်။ မောင်းထောင်ရွာ အနောက် လယ်တည်ရွာဟုလည်း အဆိုရှိသည်။ နံတော်မှာ အင်္ဂါသားဖြစ်၍ ငယ်မည်ကို မောင်မြတ်နေဟု ခေါ်လေသည်။

မောင်မြတ်နေသည် ငယ်စဉ်မှာပင် ကျောင်းလိုက်၍ စာပေများကို သင်ကြားသည်။ အသက် ၁၃–နှစ်အရွယ်တွင် သာမဏေပြု၏။ အရုံ အတင်သာသနာပြု စေလွှတ် စာတမ်းတွင်ကား ၁၀–နှစ်သားအရွယ်တွင် သာမဏေ ပြုကြောင်းကို ဆိုသည်။ သာမဏေပြုလျှင် ဘွဲ့မည်မှာ သျှင်ဉာဏဖြစ်သည်။ သျှင်ဉာဏသည် ပါဠိ အဋ္ဌကထာတို့ကို လေ့လာသင်ကြားရာ ထက်မြက်သူဖြစ်သည့်အလျောက် သာမဏေဘဝဖြင့် သင်ရိုးကျမ်းများကို ကုန်စင်အောင်တတ်မြောက်လေသည်။

သက်တော်စေ့၍ ရဟန်းပြုသောအခါ ဘွဲ့မည်မှာ သျှင်ဉာဏာဘိဝံသ ဖြစ်သည်။ သျှင်ဉာဏာဘိဝံသသည် ပိဋကတ်စာပေတို့၌သာ မကဘဲ သက္ကတဘာသာ (ဘင်္ဂလီ၊နာဂရီ)တို့၌လည်း တတ်ကျွမ်းလိမ္မာတော်မူသည်။ ရဟန်းသုံးဝါရလျှင် စာသင်သားတို့အား လက်ခံ၍ မောင်းထောင်ရွာ အရှေ့ မင်္ဂလာအရံ၌ စာပေပို့သနေတော်မူသည်။

ရဟန်းခြောက်ဝါမြောက်တွင် ၎င်းရွာ၏ မြောက်ဘက်ရှိ တောရကျောင်း၌ သီတင်းသုံး၍ နေတ္တိဋီကာသစ်ကို ရေးသားလေသည်။ ၎င်းဋီကာကျမ်းနှင့် ပတ်သက်၍ ဆရာတော်ကိုယ်တိုင် လူ့အဖြစ်ရောက်မှ ရေးသားသော သာသနာလင်္ကာရစာတမ်း၌–

"ပဥ္စင်းတစ်ဝါကသည် ငါးဝါတိုင်အောင် ယခုရှိသမျှ စာပေကျမ်းဂန်ကို အကုန်အစင် ကြည့်ရှုလေ့လာမည် ရည်မှတ်၍ နေတ္တိကျမ်းတွင် ပါသော ဥဒါဟရဏ်ပါဠိကို အခြေအစွဲ ပြုလျက် မှတ်သား ကြည့်ရှု၏။ ခြောက်ဝါရလျှင် ပေဋကာလင်္ကာရမည်သော နေတ္တိဋီကာသစ်ကို ပြု၏။ ဋီကာဟောင်းမှာ ငါးအင်္ဂါခန့်သာ ရှိ၍ ကျဉ်းလွန်းသည်။ ထိုဋီကာဟောင်းထက် ကျယ်သောကြောင့် မဟာဋီကာဟု ကမ္ပည်းတပ်မှတ် ခေါ်ဝေါ်ကြသည်။ "–

ဟု ရေးသားထားလေသည်။

ဘိုးတော်ဗဒုံမင်းသည် သက္ကရာဇ် ၁၁၄၃–ခု၊ တပို့တွဲလပြည့်ကျော် ၁၅–ရက်နေ့တွင် ရွှေနန်းတက်တော်မူ၏။ တန်ခူးလဆန်း နှစ်ရက်နေ့တွင် လူဆရာ ဦးညိုနှင့် ဦးပြစ်တို့က "မောင်းထောင်ရဟန်းငယ်သည် စာပေကျမ်းဂန် ရမိလှသည် "ဟု ပြောဆိုကြသည်။ ထိုအကြောင်းကို ဘိုးတော်မင်းတရား ကြားသဖြင့် မင်းတရားက " ယခု ထိုရဟန်းသည် ဘယ်မှာနည်း၊ "ဟု မှူးတော် မတ်တော်တို့အား မေးမြန်း၏။ မောင်းထောင်မှာပင် ရှိနေကြောင်း လျှောက်တင်ကြရာတွင် မင်းတရားက " ယခုပင် အလျင်အမြန် ရောက်အောင် ပင့်ခေါ်စေ၊ "ဟု အမိန့်တော်မှတ်၍ တောင်ဘက်တိုက်ဝန် မင်းကျော်ရွှေတောင်အား ပင့်ခေါ်စေလေသည်။

ထိုသက္ကရာဇ် တန်ခူးလပြည့်ကျော် ရှစ်ရက်နေ့တွင် မောင်းထောင်ရဟန်းတော်သည် မိမိ၏ စာပေသင်ကြားပေးနေသော စာသင်သား ရဟန်းတော် ၈၅–ပါးတို့နှင့် အတူ ရတနာပူရ အင်းဝမြို့တော်သို့ ရောက်ရှိလာရလေသည်။ မြို့တော်သို့ ရောက်သောအခါ ရှေးဦးစွာ တွင်းသင်း လေးထပ်ကျောင်း၌ ခေတ္တ တည်းခိုနေထိုင်ရ၏။ ထိုအချိန်တွင် မောင်းထောင်ရဟန်းတော်မှာ ခြောက်ဝါကျော်မျှသာ ရှိပေသေးသည်။

ဘိုးတော်မင်းတရားသည် မောင်းထောင်ဆရာတော်နှင့် နောက်ပါ ရဟန်းတော်တို့အတွက် ရည်စူး၍ မိုးထိကျောင်း အနောက်မြောက်တွင် ယာယီကျောင်းတော်ကို အမြန်ဆောက်လုပ်စေသည်။ ထိုနှစ်ဝါဆိုလဆန်း ရှစ်ရက်နေ့မှာပင် ယာယီကျောင်းတော် ပြီးစီးသဖြင့် အိမ်ရှေ့မင်းနှင့် မှူးမတ်တို့ ထွက်၍ ရွှေကရားဖြင့် ရေစက်ချကာ လှူဒါန်းလေသည်။ ဆရာတော်အား 'ဉာဏ

ဘိ သာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ’ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ပေးအပ်လှူဒါန်းလေသည်။

ဆရာတော်သည် ထိုယာယီကျောင်း၌ သီတင်းသုံးစဉ် ပုဏ္ဏားများနှင့် တိုင်ပင်၍ ရာဇဘိသေကကျမ်းကို ပြန်ဆိုရ၏။ ပိဋကတ်တော်ကိုလည်း စောင်မရသည်။ ထို့နောက် ပိဋကတ်တော်ရေးကူးသော လုပ်ငန်းများကို အပ်နှံသဖြင့် စာရေး ၁၀၀၊ ပေလုပ်မျဉ်းကိုင် ၅၄၊ စာကြည့် စာတည်း သံဃာတော် ၅၀ အပါ သံဃာတော် ၅၀– တို့နှင့် ရွှေရေး၊ မင်ရေး၊ ကညစ်ရေး အက္ခရာ သုံးပါးတို့ဖြင့် ရေးသားရာ၌ တည်းဖြတ်တော်မူရလေသည်။

သက္ကရာဇ် ၁၁၄၈–ခုနှစ်သို့ ရောက်သောအခါ ဘိုးတော်မင်းတရားသည် ယခင်က တင်မြှောက်ထားသော သာသနာပိုင်ဆရာတော် လေးပါးတို့မှာ ပုထုဇဉ်ဂတိသို့ လိုက်၍ လွတ်လွတ်မစီရင်ဝံ့၊ မစီရင်ချင်သကဲ့သို့ ထင်မှတ်တော်မူ၍ နောက်ထပ် ဆရာတော်ရှစ်ပါးကို အားဖြည့်ပြီးလျှင် ဆရာတော် ၁၂–ပါးကို ဖွဲ့စည်းတင်မြှောက်လေသည်။

ဘိုးတော်မင်းတရား နန်းတက်စက ခန့်အပ်ထားသော သာသနာပိုင်ဆရာတော်များမှာ မင်းအိုဆရာတော်၊ ဆုံတားဆရာတော်၊ မန်လည်ဆရာတော်၊ မင်းရွာဆရာတော်တို့ ဖြစ်ကြ၏။ နောက်ထပ် ခန့်အပ်သော ဆရာတော် ရှစ်ပါးမှာ ရွှေတောင်ဆရာတော် ၊ ဗားကရာဆရာတော်၊ ကတိုးဆရာတော်၊ မဲထီးဆရာတော်၊ မုံတောဆရာတော်၊ စလင်းဆရာတော်။ ဆင်တဲဆရာတော်၊ မောင်းထောင်ဆရာတော်တို့ ဖြစ်ကြသည်။

ဘိုးတော်မင်းတရားသည် အသိပညာဆိုင်ရာ အမှုကိစ္စများတွင် မောင်းထောင်ဆရာတော်ကို အခြားဆရာတော်များထက် အားကိုးလေ့ရှိသည်။ မိမိတစ်စုံတစ်ရာ မေးမြန်းဖွယ်ရှိသည်တို့ကို မောင်းထောင်ဆရာတော်အား အများအားဖြင့် မေးမြန်းလေ့ ရှိသည်။ ဆရာတော်ကလည်း မင်းတရား မေးမြန်းသော ကိစ္စမှန်သမျှကို မပြတ် ဖြေဆိုပေးလေ့ ရှိသည်။ ထိုအမေးအဖြေများကို သက္ကရာဇ် ၁၁၄၅–ခု၊ ဝါခေါင်လပြည့်ကျော် နှစ်ရက်နေ့မှ စ၍ ဆရာတော်ကိုယ်တိုင် မှတ်တမ်းတင်ခဲ့ရာ နောင်အခါသော် ကြီးကျယ်ခမ်းနားသော မှတ်တမ်းစာစုကြီး တစ်ခု ဖြစ်ခဲ့၏။ ထိုစာစုကြီးကို အမေးတော်ဖြေကျမ်းဟု ခေါ်တွင်လေသည်။

သက္ကရာဇ် ၁၁၅၀–ပြည့်နှစ်တွင်မူ ဘိုးတော်မင်းတရားက မောင်းထောင်ဆရာတော်တစ်ပါးတည်းကိုသာ သာသနာပိုင်အဖြစ် ခန့်အပ်တော်မူပြန်လေသည်။ ယခင်ဆရာတော်တို့ ပြုစုစီရင်သော အရာသည် ပုထုဇဉ်ဂတိအားဖြင့် တစ်ပါးပါးသို့ လိုက်၍ စီရင်ကြသောကြောင့် မပြီးပြေနိုင်ဟု ထင်မှတ်တော်မူ၍ မောင်းထောင်ဆရာတော် တစ်ပါးတည်းကိုသာ သာသနာပိုင် ခန့်အပ်တော်မူကြောင်း သာသနာလင်္ကာရစာတမ်းတွင် ဆိုသည်။

မောင်းထောင်ဆရာတော်သည် မိမိတစ်ပါးတည်းကို သာသနာပိုင် ခန့်အပ်သော နေ့၌ပင် ကျောင်းဦးဘုရား ရှေ့မှောက် သံဃာတော်များ အလယ်တွင်–

> “ သာသနာရေး သာသနာမှုနှင့် စပ်သမျှကို ဆန္ဒာ ဒေါသာ ဘယာ မောဟာ အဂတိလေးပါး မလားဘဲ တရားရှိရာ ရွက်ဆောင်မည်၊ အသက်ကိုသော်လည်း စွန့်မည်၊ တရားကိုမစွန့်ပြီ၊ သာသနာ့ဒါယကာ တရားမင်းမြတ်က အမိန့်တော် အထူးပြန်သော်လည်း မှန်ရာသာလိုက်မည်၊ တရားကို စွန့်၍ မလိုက်ပြီ၊ မနာခံသော် ခပ်မဆိတ်သာ နေမည်၊ ”–

ဟု အဓိဋ္ဌာန်ပြုပြီးလျှင် သာသနာပိုင်တို့၏ လုပ်ဆောင်ရမည့် ဝတ္တရားများကို လက်ခံ ဆောင်ရွက်တော်မူသည်။

ဘိုးတော် ဗဒုံမင်းတရားသည် မောင်းထောင်ဆရာတော်အတွက် ရည်စူး၍ ရခိုင်ဘုရားကြီး မဟာမြတ်မုနိ တောင်စူးစူးအရပ်၊ ပယ်စာခန့် မြေမျက်နှာ၌ တံတိုင်းနှစ်ထပ်တို့ဖြင့် ခြံရံလျက် စမြင်ပါ ဘုံလေးထပ်ရှိ ကျောင်းတော်ကြီးကို ကွန်းစဉ်သစ်ရပ် ဖ၁–တောင်၊ ကွန်းစဉ်ထုပ်ကိုးတောင်၊ ကျောင်းမာရာဘင်ဆီး၊ ဥကင်ရာဇပလ္လင်တည်၊ ဝဲယာ ထီးဖြူလေးစင်းစိုက်၊ အမိုးဘုံ

ခုနစ်ဆင့် ရှိသော ပြာသာဒ်ကျောင်းတော်ကြီးကို ထက်အောက်တွင်းပြင် ရွှေစင်အတိချ၍ ဆောက်လုပ်လေသည်။

ထိုကျောင်းတော်ကြီးကို ဆရာတော်အား တင်လှူတော်မမူမီ မည်သို့ ကမ္ပည်းတပ်သင့်ကြောင်းကို ဘိုးတော်မင်းတရားက ဆရာတော်ထံသို့ အတွင်းဝန်တို့အား လျှောက်ထားစေသည်။ ထိုကြောင့် အတွင်းဝန်တို့က မဟာဒါန်ဝန်စာရေးတို့ကို စေလွှတ်၍ ၁၁၅၁–ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀–ရက်နေ့တွင် လျှောက်ထားစေသည်။ ဤတွင် ဆရာတော်သည် ကျောင်းတော်ကြီးနာမံတော်အတွက် မေတ္တာစာကို ရေးသား ဆက်သွင်းရသည်။ ထိုမေတ္တာစာတွင်–

"တိုက်အရံနှင့် ကျောင်းထူးခြား၍ တပ်မှတ်တော်မူလိုသော် တံတိုင်းနှစ်ထပ် ခြံရံသည့်အရံကို အသောကာရာမ၊ ကျောင်းတော်ကို ရတနာဘုံကျော် တပ်မှတ်တော်မူသင့်သည်။ ယင်းသည် နာမံကမ္ပည်းများမှာလည်း စိုးရိမ်ခြင်း ကင်းရာ ကင်းကြောင်း ဖြစ်သော အရံအာဝါသဟူသော အနက်ကြောင့် အသောကာရုံ၊ အသောကာရာမတိုက် ဆိုသည်။ ကျော်စောအံ့သြဖွယ် ရတနာအတိ ပြီးသော ဘုံဗိမာန်ဟူသော အနက်ကြောင့် ရတနာဘုံကျော် ဆိုသည်။ "–

စသည်ဖြင့် ရေးသားထားလေသည်။

ဘိုးတော်မင်းတရားသည် မိမိကုသိုလ်တော်ကြီးကို ဆရာတော် ပေးသော ဘွဲ့နာမံတော်အတိုင်း 'အသောကာရာမတိုက်၊ ရတနာဘုံကျော် ကျောင်းတော်ကြီး ' ဟူ၍ ကမ္ပည်းတပ်မှတ်တော်မူလေသည်။

ထိုနှစ် တပေါင်းလဆန်း ၁၄–ရက်နေ့တွင် ကျောင်းတော်ကြီးကို ဗဒုံမင်းတရားကိုယ်တိုင် ကျောင်းဦးပြာသာဒ်တော် အတွင်း၌ ရွှေကရားဖြင့် ရေစက်ချ၍ တင်လှူသည်။ ထိုနေ့၌ပင် 'ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ' ဟူသော ဘွဲ့တံဆိပ်ကိုလည်း ပေးအပ်လှူဒါန်းလေသည်။

သက္ကရာဇ် ၁၁၅၂–ခု၊ နတ်တော်လဆန်း ၁၅–ရက်နေ့တွင်လည်း ရွှေမြို့တော်အနောက်မြောက်ထောင့် ရွှေဂူကြီး အနီး၌ သုဓမ္မာဇရပ်၊ ပိဋကတ်တိုက်၊ ပြာသာဒ်တို့ဖြင့် တန်ဆာဆင်သော ဘုံသုံးဆင့်ရှိ 'စံကျောင်းတော် ' ကို ဘိုးတော်မင်းတရားကိုယ်တိုင် တင်လှူပြန်သည်။

ထိုနောက်တွင်ကား သက္ကရာဇ် ၁၁၅၃–ခုနှစ်တွင် မြို့တော်မှ အရှေ့မြောက်ထောင့် ဘုံလေးဆင့် ရှိသော ' အောင်မြေဘုံကျော်ကျောင်းတော်ကြီး 'ကိုလည်းကောင်း၊ သာသနာပိုင်ဆုံတားဆရာတော် ပျံလွန်တော်မူသဖြင့် ဆရာတော်၏ ကျောင်းဖြစ်သော အိမ်ရှေ့မိဖုရားကောင်းမှု ' မင်္ဂလာဝေယန်ကျောင်းတော်ကြီး ' ကိုလည်းကောင်း ထပ်မံ တင်လှူပြန်သည်။ ထို့ပြင်ဝန်ရှင်တော် အသည်ဝန်မင်း ဆောက်လုပ်သော ' အောင်ပင်လယ် တောရကျောင်း ' ကိုလည်းဆရာတော်အား တင်လှူပြန်သဖြင့် ဆရာတော်မှာ တိုက်ကြီး ငါးရပ်၌ အလဲအလှယ် နေထိုင်၍ သာသနာရေး သာသနာမှုကို ပြုစုစီရင်ရလေသည်။

သာသနာသမိုင်းတွင် ဆရာတော် ဆောင်ရွက်ခဲ့သော လုပ်ဆောင်ချက်များမှာ များပြားလှ၏။ ထိုလုပ်ဆောင်ချက်များမှ ထင်ရှားသော လုပ်ဆောင်ချက်တို့ကို ဤသို့ တွေ့ရ၏။

၁၁၄၆–ခုတွင် အရုံ အတင်ကိစ္စကို ဆရာတော်ကြီးများနှင့် တိုင်ပင်၍ သုတ်သင်ရခြင်း၊ ၁၁၄၇–ခုတွင် ဝင်္ကတိုင်း နဝဒီပ၊ သိန်းဃိုဋ္ဌက္ကျွန်း (သီရိလင်္ကာ) သီဟဠဒီပမှာ ရှိသော စာပေတို့ကိုယူစေသင့်ကြောင်း မေတ္တာစာ ဆက်သွင်း၍ ဗြာဟ္မဏပုဏ္ဏားတို့ကို စေလွှတ်ပြီး ၁၁၄၈–ခုနှစ်တွင်နေပြည်တော်သို့ အရောက်ဆက်သစေခြင်း၊ နိုင်ငံခြားမှ ရောက်ရှိလာသော စာပေတို့ကိုမြန်မာဘာသာ ပြန်ဆိုတော်မူခြင်း၊ ၁၁၅၀–ပြည့်တွင် တစ်ပါးတည်း သာသနာပိုင်အဖြစ် တာဝန်ယူ၍ သာသနာမှုကို ပြုစု ဆောင်ရွက်ခြင်း၊ ၁၁၆၂–ခုတွင် သီဟိုဠ်သာသနာပြုလုပ်ငန်းနှင့်တကွအမရပူရနိကာယကို အစပြုခဲ့ခြင်း စသည်တို့ ဖြစ်ပေသည်။

ဆရာတော်သည် ပါဠိ မြန်မာ ဘာသန္တရတို့၌ နှံ့စပ်တော်မူသည့်အလျောက် ပြုတော်မူသော ကျမ်းဂန်တို့မှာလည်း မြန်မာစာပေနယ်တွင် အနှံ့အပြားပင် တွေ့မြင်နိုင်ပေသည်။ ပါဠိဘာသာဖြင့် ရေးသားသော ကျမ်းတို့တွင် နေတ္တိမဟာဋီကာနှင့် သီလက္ခန်ဋီကာသစ်တို့မှာ ဆရာတော်၏ ပြောင်မြောက်သော လက်ရာကြီးများ ဖြစ်ကြ၏။ ပါဠိကဗျာ စီကုံး ထုံးဖွဲ့မှုနှင့် ပတ်သက်၍လည်း ပြောင်မြောက်သော လက်ရာမွန်တို့ကို တိကုမ္ဘစေတီယထောမနာစာတမ်းနှင့် မဟာသကျသီဟသမိုင်းတို့တွင် တွေ့မြင်နိုင်သည်။ စကားပြေ အရေးအသားနှင့် စပ်၍ကား သာမဏေကျော်လေးပါးဝတ္ထု၊ ဓမ္မောပဒေသဝတ္ထု၊ သာသနာလင်္ကာရစာတမ်း၊ ပရမတ္ထရတနာဝလိ ကျမ်းစသည်တို့တွင် ဆရာတော်၏ လက်ရာတို့ကို တွေ့ရ၏။ အထူးအားဖြင့်ဆိုလျှင် ဆရာတော်၏ လောကဝတ်၊ ဓမ္မဝတ်၊ ရာဇဝတ်တို့၌ ကျွမ်းကျင်မှုကို အမေးတော်ဖြေကျမ်းကြီးက ညွှန်ပြနေပေသည်။

ဆရာတော်သည် မြန်မာကဗျာ လင်္ကာတို့၌ အရေးအသား နည်းပါးလှသော်လည်း မြန်မာစာညွှန့်ပေါင်းကျမ်းတွင်ကား မင်းတိုင်ပင်အမတ် အဖြစ်ရောက်မှ ရေးသားသော အဲမောင်း လုံကစားရေး ၃၇–ချင်း လူးတားများကို ရေးသားကြောင်း တွေ့ရှိရ၏။ ထို့ပြင် ပိဋကတ်သမိုင်းစာ တမ်းမှ ရတုစာရင်း၌လည်း ‘မဟာဓမ္မသင်္ကြန်ဆိုရတု ’ဟု ပါရှိသဖြင့် ရတုကိုလည်း ရေးသားသည် ဟု ဆိုမှတ်ရပါဦးမည်။

ဆရာတော်ရေးသားခဲ့သော ပါဠိကျမ်း၊ ဘာသာပြန်ကျမ်း၊ စကားပြေကျမ်းစသည်တို့ကို လက်လှမ်းမှီသမျှ ဖော်ပြရသော် သီလက္ခန်ဋီကာသစ်၊ နေတ္တိဋီကာသစ်၊ အရိယဝံသာလင်္ကာရကျမ်း၊ ဝိနည်းငယ်လေးစောင်နိဿယ၊ ပကိဏ္ဏကဇာတ်နိဿယ၊ တေသကုဏဇာတ်နိဿယ၊ သာမဏေ ကျော်လေးပါးဝတ္ထု၊ ရာဇောဝါဒဝတ္ထု၊ တိကုမ္ဘစေတီယထောမနာစာတမ်း၊ ဆန္ဒန္တနာဂရာဇုပ္ပတ္တိကထာ ပါဌ်၊ ရာဇာဓိရာဇ ဝိလာသနီပါဌ်၊ မဟာသကျသီဟသမိုင်းပါဌ် နိဿယ၊ သရဿတီဗျာကရုဏ်း နိဿယ၊ ဗာလပ္ပဗောဓနနိဿယ၊ အမရကောသအဘိဓာန်နိဿယ၊ ဧကက္ခရကောသနိဿယ၊ နာနတ္ထဒွနိဿယ၊ ရာဇမတ္တဏ်နိဿယ၊ ဗြို့ဟဒ်နိဿယ၊ သရောဒယနိဿယ၊ ဇောတိသုဇာတက နိဿယ၊ လဃုသင်္ဂဟနိဿယ၊ သုပိနာချာယနိဿယ၊ လက္ခဏာကျမ်းနိဿယ၊ သူရိယသိဒ္ဓန္တ နိဿယ၊ ဘာသုတီနိဿယ၊ ဘာသုတိစကားပြေ၊ ဘာသုတိကိန်း၊ ရာဇာဘိသေကနိဿယ၊ ဒဗ္ဗ ဂုဏ်းနိဿယ၊ သာရကောမုဒီနိဿယ၊ သြသဓရတနာကရနိဿယ၊ သရရတုကထနနိဿယ၊ ဓာတုပြဒံသနိဿယ၊ ကာမရတနနိဿယ၊ ဝုတ္တောဒယနိဿယ၊ သာသနာဝံသစာတမ်း၊ မောင်းထောင်နိယံ၊ ရာဇိန္ဒရာဇ သုဓမ္မာစာရ ဒီပနီ၊ မာတိကာဂဏ္ဌိ၊ ဓာတုကထာဂဏ္ဌိ၊ ပိဋကတ် ဆင်ကြန်တော်၊ ဓနုဗ္ဗေဒစာတမ်း၊ ဆေးသစ်ပင် ၇၀၀–ကျော်စာတမ်း၊ ပရမတ္ထရတနာဝလိကျမ်း၊ တေသကုဏဝတ္ထု၊ အမေးပုစ္ဆာ ဝိသဇ္ဇနာကျမ်း၊ ဓမ္မောပဒေသဝတ္ထု၊ ရာဇာဘိသေကစာတမ်း၊ လောကသင်္ကေတဒီပနီ (နေမိတ္တကဝိဇ္ဇာ)၊ သာသနာလင်္ကာရစာတမ်း၊ သရဏာဒိဝိနိစ္ဆယ နှစ်ကျမ်း၊ အမေးတော်ဖြေကျမ်း၊ အဲမောင်း ၃၇–ချင်း လူးတားများ၊ ရတုများ ဖြစ်ကြပေသည်။

ဤကဲ့သို့ သာသနာ့ဝန် စာပေဝန်တို့ကို ထမ်းဆောင်နေရင်း သက္ကရာဇ် ၁၁၇၃–ခုနှစ်တွင် ဆရာတော်မှာ လူဝတ်လဲလိုက်ရပေတော့သည်။ ထိုသို့ လူဝတ်လဲရခြင်းမှာလည်း ဆရာတော်ကိုယ်တိုင် သာသနာ့ဘောင်၌ မပျော်ပိုက်၍ မဟုတ်ပေ။ ဘိုးတော်မင်းတရား၏ ဘာသာရေးယုံကြည်ချက် အပြောင်းအလဲကြောင့်ဖြစ်ပေသည်။ သာသနဗဟုသုတပ္ပကာသနီကျမ်း တွင်ကား ဘိုးတော်မင်းတရားကြီး စိတ်ဖောက်ပြန်သော ဝေဒနာကြောင့် သာသနာပိုင်မောင်းထောင် ဆရာတော်စသော ပုဂ္ဂိုလ်ကျော်တို့ လူထွက်ရကြောင်း အဆိုရှိသည်။

ဘိုးတော်မင်းတရားသည် သာသနာရေးကိစ္စ၌ အယူဖောက်ပြန်ခဲ့သည်မှာ မှန်၏။ ဤသည်ကို စိတ်ဖောက်ပြန်ကြောင်း ရေးသားကြသည်ဟုလည်း ယူဆဖွယ်ဖြစ်၏။ ၎င်း၏ အယူအဆမှာ သာသနာ မရှိတော့ပြီဟူသော အယူအဆဖြစ်သည်။ ဤအယူဝါဒကို စိတ်ဖောက်ပြန်

စိတ်ဖောက်ပြန်သွားသောကြောင့် ယူဆသော အယူဖြစ်ကြောင်း ဆိုကြသည်။ ဤအယူအဆကို ဖြေဖျောက်ရန်အတွက် စာပေရှင် ကြည့်ကန်ဿျှင်ကြီးတို့သည်ပင် သွားရောက်၍ တရားဓမ္မကို ဟောပြရကြောင်း သစ္စာဘာဝီကျမ်း၌ တွေ့ရှိရ၏။ လယ်တီဆရာတော်ကြီး ရေးသားသော သာသန ဝိသောဓနီကျမ်း၌လည်း–

"ဘိုးတော်ရှင်ဘုရင်သည် ထိုအယူကို ခိုင်စွာ ယူပြီးလျှင် ငါ၏ နိုင်ငံတော်အတွင်း၌ တစ်ဦးတစ်ယောက်မျှ မရှိကြစေနှင့်ဟူ၍ တစ်နိုင်ငံလုံးကို ဆင့်ဆိုလေ၏။ အမရပူရမြို့တော်ရှိ ဆရာတော် သံဃာတော်တို့ကိုလည်း အတင်းအကြပ် အဝတ်ဖြုလဲ၍ လူထွက်စေ၏။ "–

ဟု ရေးသားထားလေသည်။ သို့ရာတွင် တိုင်းသူ ပြည်သားတို့က လုံးဝ လက်မခံကြသဖြင့် ထိုအယူအဆကို ပြန်လည် သိမ်းဆည်း၍ ဝန်ခံလက်လျှော့ကြောင်း အဆိုရှိလေသည်။

ဤသို့ ဘိုးတော်မင်းတရား အယူမှောက်မှားရာတွင် မောင်းထောင်ဆရာတော်သည် အဝတ်ဖြုလဲ၍ လူထွက်လိုက်ရပေသည်။ ဆရာတော် လူဝတ်လဲသော အခါ၌လည်း မဟာဓမ္မ သင်္ကြန်ဟူသော ဘွဲ့တံဆိပ်ဖြင့် မင်းတိုင်ပင်အမတ် ခန့်အပ်ခြင်း ခံရ၍ ချည်ပါ တောင်ရွာ မြောက်ရွာတို့ကို အပိုင်စားရ၏။ ထို့ကြောင့် ချည်ပါရွာစားဟုလည်း အချို့စာပေတို့၌ ခေါ်ဝေါ် ရေးသားကြသည်။

ဆရာတော်သည် လူပြုသော အခါ၌လည်း စာပေပြုစုရေးသားခြင်း၊ အယူဝါဒဆိုင်ရာ များကို ဖြေရှင်းပေးခြင်းစသော အမှုကိစ္စများကို ဆောင်ရွက်ပေးသည်။ ထိုခေတ်တွင် အသိပညာဆိုင်ရာ ပြဿနာများကို ပညာရှင်အများအပြားပင် ဆရာကြီးထံသို့ လာရောက်၍ အဆုံးအဖြတ်ကို ခံယူလေ့ ရှိပေသည်။

မဟာဓမ္မသင်္ကြန်အမတ်ကြီးသည် သက္ကရာဇ် ၁၁၈၁–ခု၊ ဖန်နန်းရှင် ဘကြီးတော်မင်း တရား မုဒ္ဓါဘိသိက်ခံသောအခါ အဘိသေကကျမ်း စာတမ်းအစောင်စောင်တို့ကို သုံးနှစ်ပတ်လုံး မယိုမယွင်း သင့်တင့် မှန်ကန်သော အစီအရင်ဖြစ်အောင် ဦးဆောင်ပြုလုပ်ခဲ့၏။

သက္ကရာဇ် ၁၁၉၁–ခုနှစ်၊ နယုန်လဆန်း တစ်ရက်နေ့မှ စ၍ ၁၁၉၃–ခုနှစ်အထိ သုံးနှစ်ခန့် ကာလပတ်လုံး မှန်နန်းတော် ဆောင်တော်ဦး နန်းမစနုဆောင်၌ မှန်နန်းရာဇဝင်တော်ကြီးကို ပြုရသော ပညာရှင် ၁၃–ဦးတွင်လည်း အမတ်ကြီး မဟာဓမ္မသင်္ကြန် ပါဝင်ဆောင်ရွက်ရသည်။

ဤသို့မြောက်မြားစွာသော စာပေကျမ်းဂန်တို့ကို ပြုစုရေးသားတော်မူသည့် မောင်းထောင်သာသနာပိုင်ဟောင်း ဆရာကြီး မဟာဓမ္မသင်္ကြန်ဘွဲ့ခံ ဦးမြတ်နေသည် သက္ကရာဇ် ၁၁၉၄–ခု၊ပြာသို လပြည့်ကျော် လေးရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သည်။ အမတ်ကြီး အလောင်းကို မှူးကြီး မတ်ကြီးတို့ သင်္ဂြိုဟ်မြဲ ရှိသည့်အတိုင်း ထီးဖြူသန်လျင်းတို့ဖြင့် ခမ်းနားစွာ သင်္ဂြိုဟ်လေသည်။

**(ကျမ်းကိုး)** အမေးတော်ဖြေကျမ်းနှင့် နိဒါန်း၊ ကဝိလက္ခဏာဒီပနီကျမ်း၊ သာသနဗဟုဿုတပ္ပကာသနီကျမ်း၊ သာသနာလင်္ကာရစာတမ်း၊ မြန်မာစာညွှန့်ပေါင်းကျမ်း–တတိယတွဲ၊ ကဗျာကြေးမုံ ပိဋကတ်ကြေးမုံကျမ်း၊ သာသနဝိသောဓနီကျမ်း–ပထမတွဲ၊ ကဝိသာရမဉ္ဇူသာကျမ်း၊ ပိဋကတ်သမိုင်းစာတမ်း၊ ရှေးဖြစ်စာတမ်း၊

## **ကြည့်ကန်သျှင်ကြီး** ( ၁၁၁၉–၁၁၇၃ )

ကြည့်ကန်သျှင်ကြီး၏ မွေးဖွားရာ ဒေသနှင့် ပတ်သက်၍ တစ်ချိန်က အငြင်းပွားခဲ့ကြ၏။ ဤသည်မှာ ကြည့်ကန်ဟူသော အခေါ်တူကျေးရွာတွေ များပြားနေသောကြောင့် ဖြစ်သည်။ ထို့ပြင် သတ်ပုံကျမ်းကို ရေးသားသော ပညာရှင်တို့သည်လည်း မိမိတို့ သိရှိထားသော ကျည်းကန်ကို ထည့်သွင်း ရေးသားခဲ့ကြ၏။ ဥပမာ ကဝိမျက်မှန်သတ်ပုံကျမ်း၌ " မကျည်းကန်ရွာ၊ ကျည်းကန် ရွာက၊ ရေးပါညသတ် ယပင့်မှတ်၊ "ဟုလည်းကောင်း၊ ကဗျာသာရတ္ထသင်္ဂဟသတ်ပုံကျမ်း၌လည်း " မကျည်းကန်ရွာ၊ ကျည်းကန်ရွာက " ဟုလည်းကောင်း ရေးဖွဲ့ထားကြ၏။ ဤသည်တို့ကို အကိုးပြု၍ ကြည့်ကန်သျှင်ကြီး၏ ရွာမည်သည်လည်း ကကြီး ယပင့် ညသတ်နှင့် 'ကျည်းကန်' ဟူ၍ ဖြစ်သွားလေတော့သည်။

အမှန်မူ သျှင်ကြီးမွေးဖွားရာ ဒေသသည် 'ကြည့်ကန် ' သာ ဖြစ်၏။ ကြည့်ကန်ရွာ၏ ဇာတ်ပွတ်အရ ကြည့်ကန်ရွာသည် တစ်ချိန်က မဟာဂါမဆိုသော ရွာဖြစ်၏။ ထို့နောက် အလောင်း စည်သူမင်းကြီးသည် ကန်တော်ကြီးကို တူးဖော်၍ မင်းကြီးကိုယ်တော်တိုင် ကြည့်ရှုသော ကန်တော်ကြီး ဖြစ်သောကြောင့် 'ကြည့်ကန်ကြီး 'ဟု ခေါ်ဆိုလာကြသည်။ ထိုကန်ကြီးကို အမှီပြု ၍ ရွာအမည်ကိုလည်း ကြည့်ကန်ကြီးရွာဟု ခေါ်ဆိုလာကြသည်။ ထို့ကြောင့် ကြည့်ကန်ရွာကို ကြည့်ရှုခြင်း အဓိပ္ပာယ်ရှိသော ရရစ်ဖြင့်သာ ရေးသားရပါမည်။ ထိုကြည့်ကန်ရွာ အနွယ်ဝင်များ သည်လည်း ယနေ့အထိ ကြည့်ကန်ရွာ ဟူ၍သာ ရေးသားနေကြလေသည်။

အဆိုပါ သမိုင်းဝင် စာပေစုတို့က ကျည်းကန်ဟု ရေးသားလာကြရာမှ မူလကြည့်ကန် ရေးထုံး လွဲမှားသွားရပေသည်။ ထိုမျှသာ မကဘဲ ကြည့်ကန်သျှင်ကြီး၏ မွေးဖွားရာ ဒေသသည် လည်း တစ်မျိုးပြောင်း၌ 'မုံရွေးကျည်းကန် 'ဖြစ်သွားရတော့သည်။ ယနေ့ခေတ်ရေး စာပေတို့တွင်မူ ကြည့်ကန်ရွာ နေရာအမှန်ကို ရေးသားဖော်ပြကြပြီ ဖြစ်သော်လည်း ရေးထုံးအနေအားဖြင့်ကား ကျည်းကန်ဟူ၍ပင် ရေးသားဖော်ပြနေကြဆဲ ဖြစ်သည်။ ဤသည်မှာ မြန်မာပြည်တွင် ကျည်းကန်ဟူသော သာမညအခေါ်တူ ကျေးရွာတွေ များပြားနေသောကြောင့်ပင် ဖြစ်ပါသည်။

ရှာဖွေ တွေ့ရှိရသော သာမည အခေါ်တူ ကျေးရွာများမှာ ရွှေဘို ဝက်လက်နယ်ရှိ လှတော ကျည်းကန်၊ ခင်ဦးမြို့နယ် ကျည်းကန်၊ ထန်းတပင်နယ် ကျည်းကန်၊ အလုံ ကျည်းကန်၊ ပခန်းမြောက်လက် ( ရေစကြိုနယ်) တောင်အို ကျည်းကန်၊ နွားထိုးကြီးနယ် ကျည်းကန်၊ မြစ်ကွေ့ နယ် ကျည်းကန်တို့ ဖြစ်ကြ၏။ သို့ဖြစ်၍လည်း ကြည့်ကန်သျှင်ကြီး၏ မွေးဖွားရာ ဒေသသည် အခြားကျည်းကန်များနှင့် ရောထွေးသွားရခြင်း ဖြစ်ပေသည်။ မုံရွေးကျည်းကန်ဟူ၍လည်း အငြင်း အခုံ ဖြစ်ခဲ့ကြလေသည်။

ကြည့်ကန်သျှင်ကြီး၏ မွေးဖွားရာ ဇာတိအမှန်သည် သျှင်ကြီးကိုယ်တိုင် ရေးသားခဲ့သော စာပေစုတို့၌ ပါရှိပြီး ဖြစ်သည်။ အထောက်အထားများကား သက္ကရာဇ် ၁၁၅၅–ခု၊ ကဆုန်လပြည် ကျော် ငါးရက်၊ တနင်္လာနေ့တွင် ရေးသားပြီးစီးသော ဇေယျဝဍ္ဎနာကျမ်း နိဂုံး၊ မင်္ဂလာအောင်မြေချီ ဧကပိုဒ်လင်္ကာ၌–

" အမရပူရာ၊ ပြည်အောင်ချာမှ၊ တိမ်းခါယိမ်းဘိ၊ နရတိယွန်း၊ ကြက်လျှာစွန်းတွင်၊ ရည်ညွန်းချင့်သော်၊ သုံးသောင်းကျော်ကွာ၊ ခန့်အတာဝယ်၊ ဆယ်ရွာကျက်သရေ၊ မြတေယုက် နော၊သာပြန်ပြောသည့်၊ လက်တောမည်၊ ရပ်ထူးလည်၏၊ နောက်ဖီတောင်ယွန်း၊ ဒိသာစွန်း တွင်၊ ရွှန်းတမို့မို့၊ မှိုင်းညို့ညို့နှင့်၊ နတ်တို့ပျော်ရာ၊ တုသိတာသို့၊ ရတနာသုံးပါး၊ တည်ထုခြား၍၊ သိကြားသောမှ၊ နေလိုလှဟု၊ တောင်တခမန်း၊ သာထူးဆန်းသည့်၊ အောင်ခန်းမင်္ဂလာ၊ **ကြည့်ကန်ရွာ**၏၊ ဌာနုတ္တရ၊ အာသနသခင်၊ ထိုအရှင်ကား၊ "–

ဟု ရေးဖွဲ့ထားလေသည်။

ထို့ပြင် ကြည့်ကန်သျှင်ကြီးက မုံရွေးဆရာတော်ထံ ပေးသော မေတ္တာစာတစ်ပုဒ်၌–

“ ဆုပတ္တနာ မေတ္တာမပျက် ဆက်သလေ့ ရှိပါသော ဇရာဝတီ သီတာမြစ်ဆုံ ကမ်းခံ နောက်ပါး ငါးရာတွင်း ငါးပြန်ခန့်လောက် အနောက်ဘက်တိုက်ကြီး အတွင်း လက်တော ဆယ်ရွာအဝင်၊ ရေယဉ်ချောင်းဆန် **ရွာကြည့်ကန်က** နန္ဒဓဇ ပဋိလောမ သိန္နေဟဝါစာ မေတ္တာ စကား ပြန်ကြား လျှောက်လိုက်ပါသည်၊ ပါရမီတိံသ ဇိနဆုယူ ဖြည့်တော်မူလေ့ ရှိပါသော အရိယဝံသ အာဒိစ္စရံသီ အရှင်သူမြတ်၊ ”–

ဟု ရေးသားထားလေသည်။

အထက်ပါ အထောက်အထားများ အရ ကြည့်ကန်သျှင်ကြီး၏ မွေးဖွားရာ ဒေသနှင့် သီတင်းသုံးတော်မူရာ အရပ်သည် ပခန်းကြီးမြောက်လက် လက်တောဆယ်ရွာ အဝင်အပါဖြစ်သော ကြည့်ကန်ကိုသာ မှတ်ယူရမည် ဖြစ်ပေသည်။ ယခုအခါ မကွေးတိုင်း မြိုင်မြို့နယ် မြောက်ပိုင်း၌ ရှိလေသည်။

ထိုကြည့်ကန်ရွာကြီးမှာပင် သမိုင်းဝင် စာဆိုတော် ဖြစ်လာမည့် ကြည့်ကန်သျှင်ကြီး လောင်းလျာကို သက္ကရာဇ် ၁၁၁၉–ခုနှစ်တွင် ဖွားမြင်ခဲ့လေသည်။ အဖကား ရာဇသေဝကဟူသော ဘွဲ့မည်ဖြင့် နေပြည်တော်တွင် သံတော်ခံအဖြစ် အမှုထမ်းနေသူ ဖြစ်သည်။ အမိအမည်မှာ ဒေါ် အိုးပုတ် ဖြစ်သည်။ မိဘနှစ်ပါးတို့က အလောင်းလျာကို စနေသား ဖြစ်သောကြောင့် နံသင့်အက္ခရာ ဖြင့် မောင်နုဟူသော အမည်နာမကို ပေးကြကုန်၏။

မောင်နု၏ မျိုးရိုးပြဿနာနှင့် ပတ်သက်၍ကား သျှင်ကြီးကိုယ်တိုင် ရေးသားခဲ့သော ‘ မှတ်ဖွယ်နောင်လာ၊ ကမ္ဘည်းမှာပိမ့်၊ ’ အစချီ ဧကပိုဒ်လင်္ကာ၌–

“ နန္ဒဓဇ၊ နွတ္တသညာ၊ မည်ဝေါဟာနှင့်၊ ဤစာဖြေသူ၊ ငါတုံမူကား၊ တောင်ငူပြည်ကြီး၊ ရှေးအတီးက၊ နေမီးတမျှ၊ စိုးစံပသား၊ နရသနင်း၊ ပြည့်ရှင်မင်း၏၊ စက်ရင်းမှုကုံ၊ ကိုယ်ယုံ တော်မင်း၊ ဆောင်မြဲမင်းဟု၊ နန်းတွင်းနန်းပြင်၊ ကျော်ထင်ရှားလစ်၊ ဘေးရှင်မြစ်တည့်၊ ”–

ဟူ၍လည်းကောင်း၊

စွယ်စုံကျော်ထင် ပုစ္ဆာကျမ်း နိဂုံးတွင်လည်း–

“ တောင်ငူပုနဂရိန္ဒဿ၊ တောင်ငူပြည်ကြီးကို အစိုးရတော်မူသော ရေမြွေသခင် ရွှေ နန်းရှင်၏။ ဂေဟနိစ္စန္ဒာနုနေတ္တော၊ အဆောင်မြဲမင်း၏ မြစ်လည်း ဖြစ်ထသော။ နန္ဒဓဇော၊ နန္ဒဓဇအမည်ရှိသော ငါသည်။ ”–

ဟူ၍လည်းကောင်း ရေးသားထားလေသည်။

ထို့ကြောင့် မောင်နု၏ အမျိုးအနွယ်သည် အင်းဝပြည်ကြီး အပျက်၌ ကေတုမတီ တောင်ငူပြည်ကို အစိုးရတော်မူသော ဘုရင့်အဆောင်တော်မြဲမင်း၏ မြစ်ဖြစ်ကြောင်း သိရှိရ ပေသည်။

မောင်နု ငါးနှစ်သား အရွယ်တွင် မိဘများက ကြည့်ကန်ရွာ မင်္ဂလာကျောင်းဆရာတော် အထံတွင် အပ်နှံကာ ပညာများကို သင်ကြားစေခဲ့၏။ ကျောင်းသားအရွယ်မှာပင် သဒ္ဒါ သင်္ဂြိုဟ် စသော ကျမ်းများကို သင်ယူပြီးနောက် ၁၄–နှစ်သားတွင် သာမဏေဝတ်၍ မြန်မာနိုင်ငံ အရပ်ရပ်ရှိ ဆရာတော် ပညာကျော်များ အထံသို့ ခိုဝင်ကာ လောကီ လောကုတ္တရာ ပညာရပ် အဖြာဖြာတို့ကို လေ့လာသင်ကြားသည်။

ကြည့်ကန်သျှင်ကြီးဟူ၍ ကျော်စောလာမည့် သာမဏေသျှင်နန္ဒဓဇသည် မိမိစာပေသင် ကြားခဲ့သော ဆရာတော်ကြီး ၂၂–ပါးကို ၎င်း၏ စာပေစုများ၌ ထည့်သွင်း ရေးသားခဲ့၏။ ကြည့်ကန်သျှင်ကြီး စာပေသင်ကြားခဲ့သော ရောတော်ကြီးများမှာ ထိုခေတ်တွင် အလွန်ထင်ရှား သော ဆရာတော်ကြီးများ ဖြစ်ကြောင်း တွေ့ရှိရ၏။ လက်တောရွာ အသောကာရုံဆရာတော်၏ တိုက်တွန်းချက်ကြောင့် ရေးသားသော ဖေယျာဝန္ဒနာရှိခိုးစာကျမ်း နိဂုံး၌–

" အောင်ခန်းမင်္ဂလာ၊ ကြည့်ကန်ရွာ၏၊ ဌာနုတ္တရ၊ အာသနသခင်၊ ထိုအရှင်ကား၊ အစဉ်ထံရင်း၊ မင်းအို မင်းရွာ၊ ဥပရာက၊ ကျောက်ကာ မြေထု၊ စကု ကျားတက်၊ ဝချက် ပိုက်သင်၊ ရွှေကြာပင်နှင့်၊ ဗုဒ္ဓကုံရ၊ ဂါမအင်တိုင်း၊ ပလိုင်း ရှားကိုင်း၊ ငှက်ပျောကိုင်း ဆံတား၊ ငါးရာ ရွာထောင်၊ မောင်းထောင် သမထော၊ လက်တော ကြည့်ကန်၊ မှန်နှစ်ကျိပ်နှစ်၊ ထေရ်ကျော်ဖြစ် သား၊ ဆရာများ၏၊ ထံပါးခရို့၊ ပညာနို့ကို၊ သောက်စို့ဝဝ၊ နည်းပေါင်းရသည့်၊ နန္ဒဓဇ၊ မည်ရ တွင်ခေါ်၊ မြတ်သူတော်ပင်၊ စီရင်ကျစ်လျစ်၊ ရှိခိုးသစ်၏၊ "–

ဟု ရေးဖွဲ့ထားခဲ့သည်။

အထက်ပါ လင်္ကာအဖွဲ့အရ ကြည့်ကန်သျှင်ကြီး ပညာသင်ကြားခဲ့သော ဆရာတော်များမှာ မင်းအိုဆရာတော်၊ မင်းရွာဆရာတော်၊ ဥပရာဆရာတော်၊ ကျောက်ကာဆရာတော်၊ မြေထုဆရာတော်၊ လက်တောဆရာတော်၊ စကုဆရာတော်၊ ကျားတက်ဆရာတော်၊ ဝချက်ဆရာတော်၊ ပိုက်သင်ဆရာတော်၊ ရွှေကြာပင်ဆရာတော်၊ ဗုဒ္ဓကုံရဆရာတော်၊ အင်တိုင်းဆရာတော်၊ ပလိုင်းဆရာတော်၊ ရှားကိုင်းဆရာတော်၊ ငှက်ပျောတောဆရာတော်၊ ဆံတားဆရာတော်၊ ငါးရာဆရာတော်၊ ရွာထောင်ဆရာတော်၊ မောင်းထောင်ဆရာတော်၊ သမထောဆရာတော်၊ ကြည့်ကန်ဆရာတော်တို့ ဖြစ်ကြပေသည်။

အထက်ပါ ဆရာတော်ကြီးများ အထံ၌ ပညာများကို လေ့လာ သင်ကြားပြီးနောက် ရဟန်းဘဝကို မရယူဘဲ သာမဏေကြီး (သျှင်ကြီး) အဖြစ်ဖြင့်သာ မူလကြည့်ကန်ရွာသို့ ပြန်၍စာပေ ပို့ချနေခဲ့၏။

ဤနေရာ၌ အယူအဆ ကွဲလွဲချက်တစ်ခု ရှိသည်။ ယနေ့ ကြည့်ကန်သျှင်ကြီး၏ အတ္ထုပ္ပတ်ကို ရေးသားကြသော စာပေအများအပြားတို့၌ သျှင်ကြီးသည် စဉ့်ကူးမင်းလက်ထက်နှင့် ဘိုးတော်မင်းတရား လက်ထက်တို့၌ လွှတ်ရုံးများတွင် မင်းမှုထမ်းပြီးမှ အသက် ၃၀–ကျော်တွင် သာမဏေပြုသည်ဟု အရေးအသား များကြ၏။

ကြည့်ကန်သျှင်ကြီးသည် အသက် ၃၀–ကျော်မှ သာမဏေပြုသည်ဟု အထောက်အထား မတွေ့ရပေ။ မင်းမှုထမ်းခဲ့သည်ဟုလည်း ခိုင်မာစွာ မရှိ။ ငယ်စဉ်ကပင် သာမဏေဘဝဖြင့် အမြဲနေခဲ့သည်ဟု မှတ်ယူရပေမည်။ အဘယ့်ကြောင့်ဆိုသော် မုံရွေးဆရာတော်က ကြည့်ကန် သျှင်ကြီးထံသို့ ပေးသော မေတ္တာစာပိုဒ်တွင်–

"သလ္လာဝတီ သီတာမြစ်ကြီး၏ အရှေ့မျက်နှာ မုံရွေးရွာဇာတိ ပဝတ္တိအခါဆားလင်းကြီးရွာက အရိယဝံသ အာဒိစ္စရံသီ ပိယဝါစာ မေတ္တာစကား ကြားရောက်လိုက်ပါသည်။ သမ္မာသမ္ဗုဒ္ဓ ဘုရားဆုကို ပန်ယူတော်မူလေ့ ရှိသော နန္ဒဓဇသူမြတ်၊ ပုဗ္ဗေဝ သန္နိဝါသေန စသော ပါဠ်နှင့် အညီ ရေးရေးသော ဘုရားသဗ္ဗညုတို့ထံ ဆုပန်ယူ၍ အတူတကွ တိံသပါရမီတို့ကို စိတ်ညီ စိတ်မျှ အတူတကွ ဖြည့်ကြဖူးသည်နှင့် လျော်ညီစွာ ယခုအခါ တစ်ကြိမ် တစ်ခါမျှ ညီတော် မျက်နှာကို မမြင် မတွေ့ရဖူးသော်လည်း ၁၁၄၈–ခုနှစ်တွင် ညီတော်မြတ်တို့ ရပ်ကြီး ရွာနေ မောင်ကလျာဏတို့တွင် မွေးလှစွာသော သတင်းကို လေညှင်းယူ၍ ကြူလှာ ကြိုင်လှာသည်မှ စ၍ တွေ့ချင် မြင်ချင်သော နှလုံး၌ ရစ်ထုံးမကွာ စေတနာအလွန် ရှိပါ၍၊ "–

စသည်ဖြင့် ရေးသားထားသည်။

အထက်ပါ ရေးသားချက်တို့ကို ထောက်ထားသဖြင့် သက္ကရာဇ် ၁၁၄၈–ခုနှစ်တွင် ကြည့်ကန်သျှင်ကြီး၏ ဘဝနှင့် စာပေတို့သည် ကျော်စောမှု ရှိနေပြီ ဖြစ်သည်။ ထိုနှစ်တွင် သျှင်ကြီး၏ အသက်သည် ၂၉–နှစ်သာ ရှိသေးသည်။ သျှင်ကြီးမွေးသော သက္ကရာဇ်သည် ၁၁၁၉–ခု ဖြစ်သည်။ ထို့ကြောင့် အသက် ၃၀–ကျော်မှ သင်္ကန်းဝတ်သည်ဆိုသော အတွေးအရေးတို့သည် မမှန်ကန်တော့ ချေ။ ငယ်စဉ်ကပင်သင်္ကန်းဝတ်ဖြင့် နေခဲ့သည်ဟု မှတ်ယူရပေမည်။

ကြည့်ကန်သျှင်ကြီးသည် ကြည့်ကန်ရွာ မင်္ဂလာကျောင်း၌ နေစဉ် ၎င်းနှင့် စာပေမိတ်ဆွေရင်းတစ်ဦး ရှိ၏။ ထိုပုဂ္ဂိုလ်ကား မုံရွေးဆရာတော် ဖြစ်သည်။ တစ်ခါတစ်ရံ မုံရွေးဆရာတော်က ကြည့်ကန်သျှင်ကြီးအား ရဟန်းဘောင်သို့ တက်ရန် တိုက်တွန်းတတ်၏။ ထိုအခါများ၌ သျှင်ကြီးက ရဟန်းဘောင်တက်မှ နိဗ္ဗာန်ရမည်ဟု ဘုရားမဟောကြောင်း ပြောပြ၍ ငြင်းပယ်လေ့ ရှိသည်။

ကြည့်ကန်သျှင်ကြီးနှင့် မုံရွေးဆရာတော်တို့သည် အခါအားလျော်စွာ လူလွတ်၍ တစ်ဦးနှင့် တစ်ဦး ပညာများ စမ်းသပ်မေးလေ့ ရှိကြသည်။ ထိုအထဲတွင် မုံရွေးဆရာတော်က ကြည့်ကန်သျှင်ကြီးအား ခက်ရာခက်ဆစ် အမေးပုစ္ဆာ ၅၅–ချက်ကို ရေးသား မေးမြန်းရာတွင် ကြည့်ကန်သျှင်ကြီးက ကျမ်းပေါင်း ၁၀၀–ကျော်တို့ဖြင့် ညှိနှိုင်း၍ ဖြေဆိုလိုက်သော 'မုံရွေးအမေး ကြည့်ကန်အဖြေ 'ကျမ်းသည် မှတ်တမ်းဝင်ကျမ်း ဖြစ်နေလေသည်။

သျှင်ကြီးသည် စာပေများကို ပို့ချလျက် တစ်ဖက်ကလည်း စာပေပြုစုခြင်း အလုပ်ကို အပတ်တကုတ် ကြိုးပမ်းအားထုတ်နေစဉ် ဥပဇ္ဈာယ်ဆရာဖြစ်သော မင်္ဂလာကျောင်းရာတော် ပျံလွန်တော်မူသဖြင့် မင်္ဂလာကျောင်းအနီး၌ ဘုံသာထွန်းဟူသော ကျောင်းကို တည်ထောင်၍ သီတင်းသုံးနေလေသည်။ မြန်မာစာပေသမိုင်းတွင် ကျော်ကြားလှသော စွယ်စုံကျော်ထင်ကျမ်းကို ထိုကျောင်းမှာပင် ရေးသားခဲ့၏။

သက္ကရာဇ် ၁၁၅၈–ခုနှစ်တွင် ဘိုးတော် ဗဒုံမင်းတရားက ပင့်ဖိတ်သောကြောင့် နေပြည်တော်သို့ တစ်ခေါက် ကြွရောက်ခဲ့၏။ ကြွရောက်ရခြင်း အကြောင်းကား ဘိုးတော်မင်းတရားသည် သာသနာတော် မရှိတော့ဟူ၍ ယုံကြည်နေသောကြောင့် ဖြစ်၏။ ယင်းကိစ္စနှင့် ပတ်သက်၍ ကြည့်ကန်သျှင်ကြီးသည် ဘိုးတော် ဗဒုံမင်းအား တရားဓမ္မကို ဟောပြရလေသည်။

သက္ကရာဇ် ၁၁၆၈–ခုနှစ်တွင်လည်း ဘိုးတော်မင်းတရားက ပင့်လျှောက်၍ နေပြည်တော်သို့ နောက်တစ်ခေါက် ကြွရောက်ရပြန်သည်။ နေပြည်တော်သို့ ရောက်လျှင် ဘိုးတော်မင်းတရားကြီးက မိဖုရားများအတွက် တရားသံဝေဂ ရစေရန် ဂီတနှင့် စပ်ဆိုင်သော ကမ္ဗည္ဘာန်းစာကို ရေးသားပါရန် တောင်းပန် လျှောက်ထားလေသည်။

ကြည့်ကန်သျှင်ကြီးသည် မင်းတရား၏ လျှောက်ထားချက်ကို ဝန်ခံလျက် ကြည့်ကန်ရွာသို့ ပြန်ရောက်လျှင် သတ္တောဝါဒီခေါ် ကမ္ဗည္ဘာန်းကျမ်းကို ရေးသား၍ နေပြည်တော်သို့ တင်ပို့လိုက်သည်။ ၎င်းသတ္တောဝါဒီကမ္ဗည္ဘာန်းကျမ်းသည် မြန်မာကဗျာလောကတွင် ရေးဖွဲ့ပုံ ဆန်းပြားလှသော ကျမ်းတစ်ကျမ်းဖြစ်၍ ခက်ခဲ နက်နဲသော စီကုံးမှုဖြင့် စီကုံးထားလေသည်။ မြန်မာစာပေ လောကတွင် ဤကျမ်းမျိုးကို မည်သည့်စာဆိုတော်မျှ ရေးသားဖူးခြင်း မရှိချေ။ ပါဠိဝေါဟာရတို့ကို မြန်မာအသံဖြင့် ဖတ်ယူလျှင် အဓိပ္ပာယ်တစ်မျိုး ရရှိပြီး နိဿယပြန်သောအခါ၌မူ ကမ္ဗည္ဘာန်းစာများဖြစ်နေသည်ကို တွေ့ကြရလေသည်။

ကြည့်ကန်သျှင်ကြီးသည် ကြည့်ကန်ရွာမှာပင် အမြဲ သီတင်းသုံးသည်ကို တွေ့ရ၏။ ထို့ကြောင့်လည်း ကြည့်ကန်သျှင်ကြီးဟု ခေါ်တွင်နေခြင်း ဖြစ်သည်။ ဒေသန္တရ ဗဟုသုတကိုကား အလွန်လိုလားသူ ဖြစ်၍ ခရီးထွက် လေ့လာလေ့ ရှိကြောင်းကို သျှင်ကြီး၏ စာပေများအရ သိရှိရပေသည်။

ဒေသန္တရ ဗဟုသုတကို ရှာမှီးလေ့ရှိသော သျှင်ကြီးသည် နောက်ဆုံး၌လည်း ခရီးသွားလာရင်းပင် ဘဝကို အဆုံးသတ်ခဲ့ရရှာသည်။ ဖြစ်ရပုံကား သျှင်ကြီးသည် သက္ကရာဇ် ၁၁၇၃–ခု၊ နှစ်ဦးပိုင်းလောက်တွင် ရွှေစက်တော်သို့ ဘုရားဖူးရန် ကြွရောက်ခဲ့သည်။ ယင်းသို့ ကြွရောက်ရာတွင် ရွှေစက်တော် အနီးမှ မရုက်ရွာသို့ ရောက်ရှိခဲ့၏။ ထိုရွာ၌ တည်းခိုနေစဉ် ရွာသူ ရွာသားတို့က ကြည်ညိုလှသဖြင့် မိမိတို့ ရွာ၌ တစ်နှစ်တစ်ဝါမျှ သီတင်းသုံးပါရန် လျှောက်ထားကြလျှင် သျှင်ကြီးကလည်း ဝန်ခံချက် ပေးလိုက်သည်။

ထိုအခါ ရွာသားတို့သည် ယာယီကျောင်းငယ်ကို ဆောက်လုပ်၍ လှူဒါန်းကြသည်။

သျှင်ကြီးသည် ထိုကျောင်းငယ်ကလေး အတွင်း၌ သီတင်းသုံးနေရာ တစ်နေ့သ၌ ကျောင်းပေါ်မှ အဆင်းတွင် မခိုင့်တခိုင်နှင့် ကျောင်းကလေးသည် လေကားပျက်ကျတော့သည်။ ကြည့်ကန်သျှင်ကြီး သည် ထိုဒဏ်ရာဖြင့်ပင် မရက်ရှာကလေး၌ ပျံလွန်တော်မူခဲ့ရလေသည်။

ထို့ကြောင့် ကြည့်ကန်ရှာ အနွယ်ဝင်များသည် သျှင်ကြီး၏ မွေးသက္ကရာဇ်နှင့် ပျံလွန်တော်မူသည့် သက္ကရာဇ်ကို အတိုကောက်အားဖြင့်–

“ နှောဇက်ဇက်ဇက်၊ ဖွားတုံလစ်၊ သျှင်ချစ်ကိုရင်ကြီး။

ဆယ်တန်အုပ်အော၊ ထိုနှစ်ကော၊ ပျံသော ဒေဝင်မှီး။ ”–

ဟူ၍ မှတ်သားထားခဲ့ကြလေသည်။

ကြည့်ကန်သျှင်ကြီးသည် ပျံလွန်တော်မူသည်အထိ အသက်အရွယ်အားဖြင့် ၅၃– နှစ်မျှသာ ရှိပေသေးသည်။ ထိုနှစ်များအတွင်း ရေးသားခဲ့သော စာပေများမှာ သုတ်သုံးကျမ်း ပါဠိတော် နိဿယ၊ မုံရွေအမေး ကြည့်ကန်အဖြေ၊ ဗျဉ္ဇနာဒိပ္ပနီကာကျမ်း၊ ဆနဝုတိကျမ်း၊ ဇေယျဝန္တနာ ကျမ်း၊ မကာရန္တ ဗေဒင်တွက်ရိုးလင်္ကာ၊ မနော်ဇာကျမ်း၊ စွယ်စုံကျော်ထင် ပုစ္ဆာကျမ်း၊ သတ္တောဝါဒီ ကမ္မဋ္ဌာန်းကျမ်း၊ ပစ်တိုင်းတောင်ကမ္မဋ္ဌာန်းကျမ်း၊ ဗေဒင်လက်ရိုးကျမ်း၊ စကားပုံများ၊ မေတ္တာစာများ၊ ရတုများ၊ ကြည့်ကန်နယ် မြေပုံတို့ ဖြစ်ပေသည်။

**(ကျမ်းကိုး)** ၁၉၆၉–ခု။ မေလထုတ် ဝတ်မှုန်မဂ္ဂဇင်း မှ ရွှေကြို သျှင်ဘုန်း ရေးသော ‘ကြည့်ကန်သျှင်ကြီး’ ဆောင်းပါး၊

**မင်းပူး ဦးသြဘာသ** ( ၁၁၂၀ ခန့်–၁၁၆၀ ခန့် )

ဇာတ်တော်ကြီး ၁၀–ဘွဲ့မှ ရှစ်စောင်သော ဇာတ်တို့ကို မြန်မာစကားပြေ ပြန်ဆိုတော်မူသော ဦးသြဘာသ အရှင်သူမြတ်ကား သက္ကာဇ် ၁၁၂၀–ပြည့်ခန့်တွင် ဖွားမြင်သူ ဖြစ်၏။

ဆရာတော်၏ ဖွေးဖွားရာ ဒေသနှင့် ပတ်သက်၍ အဆိုအမျိုးမျိုး ကွဲပြားကြ၏။ ဝေဿန္တရာဇာတ်တော်ကြီး နိဒါန်းနှင့် မဟာဇနကဇာတ်တော်ကြီး နိဒါန်းမှ ဆရာတော် ဦးသြဘာသ၏ အတ္ထုပ္ပတ္တိတွင် စကုမြို့နယ် မင်းပူးရွာကြီးအနီး သာစည်ရွာငယ်၌ မွေးဖွားကြောင်း ဆိုသည်။ မြန်မာစာပေသမိုင်း၌ကား မင်းပူးမြို့တွင် ဖွားမြင်သည်ဟု ဆိုသည်။ စာဆိုတော်များ အတ္ထုပ္ပတ္တိတွင်မူ ရပ်သာရွာ၌ မွေးဖွားသည်ဟု ဆိုသည်။

ဖော်ပြပါ အဆိုသုံးရပ်တို့တွင် သာစည်ရွာ၌ မွေးဖွားသော အဆိုကို လေ့လာရာ ခိုင်မာသော အထောက်အထားကို မတွေ့ရပေ။ ယင်းအဆိုအရ စန္ဒကုမာရဇာတ်တော်ကြီး နိဂုံး၌ “စကုမုန်ကင်း၊ ကျော်သတင်းနှင့်၊ မင်းပူးဟူသည်၊ ရပ်သာစည်တွင်၊ ” ဟူသော အဖွဲ့ကို ထောက်၍ ရေးဆိုကြဟန် ရှိသည်။ ထိုနိဂုံးအဖွဲ့၏ အဓိပ္ပာယ်မှာ သာယာစည်ကားသော မင်းပူးရွာကြီးဟုသာ အဓိပ္ပာယ်ထွက်ပါသည်။ ထို့ကြောင့် ရပ်သာစည်ဟူသော ပုဒ်သည် ကျေးရွာနာမည် မဟုတ်ဘဲ မင်းပူးအား အမွှန်းတင်သော စကားသာ ဖြစ်နိုင်ပေသည်။

မြန်မာစာပေသမိုင်း၏ မင်းပူးရွာ၌ ဖွားမြင်သည်ဟူသော အချက်သည်လည်း မည်သည့် အထောက်အထားဖြင့် ဆိုသည်ကို မသိရသော်လည်း ရပ်သာရွာ၌ ဖွားမြင်သည်ဟူသော အဆိုမှာမူ နေမိဇာတ်တော်ကြီး နိဂုံး၌ “ သာကေတဇာတိဉာတေန၊ ရပ်သာမြို့ အသည်ကြီးသားလည်း ဖြစ်ထသော။ ” ဟူ၍ ရေးသားထားသဖြင့် အတည်ပြု ရေးဆိုခြင်း ဖြစ်ပေသည်။ ထိုအဆိုနှစ်ရပ်ကို ထပ်မံ လေ့လာသော အခါ၌ နာရဒဇာတ်တော်ကြီး နိဂုံး ပိုဒ်စုံရတုတွင်–

> “ သမ္မုတိရာဇ်၊ စောနေစစ်လျှင်၊ ဘုန်းသစ်ပွင့်လန်း၊ စိုးမြန်းစံရာ၊ အဖြာဖြာတွင်၊ ရပ်သာဟူသည်၊ မြို့အောင်စည်၌၊ အသည်ကြီးသား၊ တို့ဘိုးဘွားလျှင်၊ တိုင်းကားပြည်ရွာ၊ မငြိမ်ရာတွင်၊ ရပ်သာနဂရ၊ ထိုဌာနမှ၊ တူကွမကွေ၊ မျိုးဆွေနွယ်ချည်း၊ တစ်အုပ်တည်းလျှင်၊ တစည်းတဝေး၊ လုပ်ကျွေးကိုးကွယ်၊ မြတ်နွယ်ဆရာ၊ တို့ထိပ်ချာနှင့်၊ သာယာပျိုနု၊ စကုမြို့ကျေး၊ ရွာသေဌေးဟု၊ နီးဝေးခိုလာ၊ ငြိမ်းချမ်းစွာသား၊ ဧရာမြစ်ဦး၊ ကမ်းနဖူးဝယ်၊ မင်းပူးအောင်မြေ၊ ကျက်သရေသို့၊ ဖြိုးဝေကံတင်၊ ရောက်ကြလျှင်လည်း၊ နှစ်အင်တရား၊ စက်လေးပါးတွင်၊ တော်သားကြိမ်သင့်၊ ကောင်းကျိုးဆင့်ရှင့်၊ ”–

ဟူ၍ ဖွဲ့ဆိုထားပေသည်။

ထိုဖွဲ့ဆိုချက်ကို ထောက်ရှုလျှင် ဆရာတော်ဦးသြဘာသ၏ မိဘမျိုးနွယ်သည် ရပ်သာမြို့မှ အသည်မျိုးနွယ် ဖြစ်ကြောင်း သိရှိရ၏။ ဆရာတော်၏ မိဘဘိုးဘွားများသည် တိုင်းပြည် မငြိမ်သက်မှုကြောင့် ဇာတိရပ်မြေဖြစ်သော ရပ်သာမြို့မှ ဆွေမျိုးတစ်စုလုံး ပြောင်းရွှေ့ခဲ့ကြရ၏။ ထိုသို့ ရွှေ့ပြောင်းလာရာတွင် ဆွေမျိုးစုများ ကိုးကွယ်ထားသော ဆရာတော်ကိုပါ ပင့်ဆောင်ခဲ့ကြသည် ဆို၏။ ဤသို့ တိုင်းပြည်အရေး အခြေမလှသဖြင့် ပြောင်းရွှေ့ခဲ့ကြရာ ဧရာဝတီမြစ်ကမ်းနဖူးရှိ သူဌေးရွာဟု ခေါ်လောက်သော ဖွံ့ဖြိုးတိုးတက်နေသည့် မင်းပူးရွာသို့ လာရောက်အခြေချကြလေသည်။

မင်းပူးရွာသို့ ရွှေ့ပြောင်းလာကြရာ၌ မိဘဘိုးဘွားများဟူ၍သာ တိကျစွာ ပါသည်။ ဆရာတော်ကိုယ်တိုင်ကမူ “ မိမိသည် ရပ်သာရွာမှ မွေးဖွား၍ လိုက်ပါလာခဲ့ရပါသည်၊ ” ဟူသော ဝန်ခံချက်မျိုး မပါရှိပေ။ နေမိဇာတ်တော် နိဂုံးလာ စကားမှာလည်း ရပ်သာရွာ အသည်ကြီးသားဟုသာ ပါရှိသဖြင့် ရပ်သာတွင် မွေးဖွားသည်ဟု မဆိုပေ။ မိမိ၏ အဖသည် ရပ်သာရွာ၌ နေထိုင်ခဲ့သဖြင့် ဤစကားကို ဆိုနိုင်ခွင့် ရှိသည်။ ဆိုလိုသည်မှာ ရပ်သာရွာတွင် နေထိုင်ခဲ့သော အသည်ကြီး

သားဟူ၍လည်း အမိပွာယ်ဆောင်ပေသည်။ ဤသို့ ဆိုရုံမျှဖြင့် ရပ်သာရွာတွင် မွေးဖွားသည်ဟု ကောက်ချက်ချ၍ မရနိုင်သေးပေ။ သို့ဆိုလျှင် မင်းပူးရောက်သောအခါမှ မွေးဖွားသလောဟူငြားအံ့။ ဤသို့လည်း အဆုံးအဖြတ်ပေးစရာ သက်သေ မရသေးချေ။

အထက်ပါ အကြောင်းရပ်တို့ကို သုံးသပ်လျှင် ဆရာတော် ဦးသြဘာသသည် ရပ်သာ၌လည်း ဖွားမြင်နိုင်သည်။ မင်းပူးရောက်မှလည်း ဖွားမြင်နိုင်ပေသည်။ မည်သို့ ဖြစ်စေ၊ ဆရာတော်သည် ပထမအရွယ် ငယ်စဉ်ကပင် မင်းပူးရွာ၌ ဖခင်အသည်ခေါင်းနှင့်အတူ နေထိုင်ခဲ့ရ၏။ ထိုအကြောင်းကို စန္ဒကုမာရဇာတ်တော်ကြီး နိဂုံး၌–

"စကုမှန်ကင်း၊ ကျော်သတင်းနှင့်၊ မင်းပူးဟူသည်၊ ရပ်သာစည်တွင်၊ အသည်ခေါင်းသား၊
ပျိုထွားနနယ်၊ အာဒိရွယ်က၊ "–

ဟု စပ်ဆိုခဲ့လေသည်။

သူငယ်ဘဝတွင် မင်းပူးအရပ်၌ အထူးကျော်စောလှသော မင်းပူးရွာ၏ အနောက်တောင်ယွန်း လေသာကျောင်းတိုက် ဆရာတော်ကြီးအထံတွင် ခိုဝင်၍ စာပေပရိယတ်တို့ကို သင်ကြား ဆည်းပူးလေသည်။ ဆရာတော်ကိုယ်တိုင်ကလည်း–

"မင်းပူးတန်ဆောင်၊ နောက်တောင်ခပ်ယွန်း၊ သိကြားညွှန်း၍၊ တက်ထွန်းကျက်သရေ၊
ဘုန်းပွင့်မြေဝယ်၊ ဓာတ်မွေတော်ပေါင်း၊ ကျိန်းအောင်းပျော်ရာ၊ ရှေ့မျက်နှာက၊ များစွာစေတီ၊
သရီရမျိုး၊ ဂူပုထိုးဝယ်၊ အမျိုးတကာ၊ ပူဇော်ရာသား၊ မဟာစေတိယ၊ ပဗ္ဗတနှင့်၊ ချိုမြရသာ၊
သြဇာပြည့်နှက်၊ သရက်အုန်းပေ၊ ညွန့်ဝေရွှင်ရွှင်၊ မြေပြင်သန့်ရှင်း၊ ရေတွင်းရေကန်၊ ပန်းမန်
ကြိုင်မွှေး၊ ထုံနံ့အေးလျက်၊ ရန်ဘေးမိစ္ဆာ၊ ပြောက်လွင့်ကွာသား၊ လေသာသမိုက်၊ ကျောင်း
တိုက်တော်ကြီး၊ သဃ်ာ့ထီးဟု၊ ဝေးနီးခိုလာ၊ ရုံသဃ်ာကို၊ နည်းနာဥပဒေ၊ ပို့ငှဝေလျက်၊ လေး
ထွေသီလ၊ ဖြူစင်ပသား၊ မိုးဝကြယ်ရုံ၊ ရွှေလစံသို့၊ ဘုန်းလျှံဂုဏ်ဝင်း၊ ကျော်နှံ့ခြင်းရှင့်၊ ထံရင်း
မကွာ၊ မြတ်ဆရာဝယ်၊ သဒ္ဒါကစ္စည်း၊ ချသည်နည်းနှင့်၊ ပစ္စည်းနာမ်ရုပ်၊ ပစ္စယုဂ်ဝိထိ၊ နှိုင်းညှိ
ပဋ္ဌာန်း၊ ဆန်းအလင်္ကာ၊ ကဗျာဖွဲ့ထုံး၊ ပန်းနွယ်ကုံး၍၊ နှလုံးယဉ်ကျေး၊ ဂုဏ်နံ့မွှေး "–

ရပါကြောင်းဖြင့် နာရဒဇာတ်တော်ကြီး နိဂုံး၌ ရေးသားခဲ့၏။

ဆရာတော်လောင်းလျာ သူငယ်သည် လေသာတိုက်ဆရာတော်ထံ၌ နေစဉ် ကျောင်းသားအရွယ်မှ သျှင်သာမဏေဘောင်သို့ ရောက်သောအခါ၌ တနင်္ဂနွေသား ဖြစ်သောကြောင့် ဘွဲ့မည်ကို သျှင်သြဘာသဟု မှည့်ခေါ်သည်။ ဤသည်ကို ရည်၍ ဝေဿန္တရာဇာတ်တော်ကြီး နိဂုံး၌–

" ဣတိကာရဏာ၊ ဟိတ်ဖြင့်ပြသော်၊ သရုရှစ်လုံး၊ အဆုံးကိုလျှင်၊ အစတင်၍၊ ဘတွင်
အာနှင့်၊ နောက် သဆင့်၍၊ နံသင့်မိတ်ပါ၊ အက္ခရာနှင့်၊ ဆရာမြတ်လှ၊ ဘွဲ့မည်ရ၍၊ "–

ဟု စီကုံးတော်မူခဲ့သည်။

သာမဏေသျှင်သြဘာသသည် လေသာတိုက်ဆရာတော်ကြီး အထံတွင် စာပေကျမ်းဂန်တို့ကို လေ့ကျက် သင်ကြားခဲ့ရာ သံဃာ ၁၀၀၀–မျှ ရှိသော လေသာကျောင်းတိုက်ကြီး၌ သျှင်သြဘာသ၏ နာမည်သည် အထူးကျော်ကြားခဲ့၏။ ဆရာဖြစ်သော လေသာဆရာတော်ကိုယ်တိုင်ကလည်း စာပေပရိယတ်ကို အထူးတတ်ကျွမ်းသည့်အလျောက် စာပေကျမ်းဂန်တို့မှ မီရာနိဿယကျမ်းတို့ကို ရေးသားစီရင်တော်မူသော ဆရာတော် ဖြစ်သည်။ သျှင်သြဘာသကလည်း မိမိဆရာတော်၏ ဂုဏ်ထူးဝိသေသတို့ကို ဝေဿန္တရာဇာတ်တော်ကြီး နိဂုံး၌–

"မင်းပူးမည်သာ၊ ဂုဏ်ထူးရွာ၌၊ ဂုဏာစာရ၊ လောကသမ္မုတိ၊ ရထိုက်ဘိသား၊ ဘူရိ
ပညာ၊ ထိုဆရာလျှင်၊ လေးဖြာသီလ၊ ဖြူစင်ပလျက်၊ ပန္နရသီ၊ တိထီပြည့်၍၊ ဖြစ်မည့်နေ့တွင်၊
ဘုန်းဟော့ထွတ်စံ၊ ကြယ်ပေါင်းရံလျက်။ ရောင်လျှံပထွန်း၊ လပြည့်ဝန်းနှင့်၊ နှုန်းတန်းပုံသွယ်၊
သဃ်ာလယ်၌၊ ပြန့်ကြွယ်နည်းနာ၊ အဖြာဖြာနှင့်၊ ဋီကာကစ္စည်း၊ ဉာသ်နည်းနေတ္တိ၊ ပါဠိ

အဋ္ဌကထာ၊ ညဝါလက်သုံး၊ ကျမ်းရိုးထုံးကို၊ ပန်းကုံးအသွင်၊ လုကြောင်းဆင်၍၊ စာသင်ဝန်းလျား၊ တပည့်များအား၊ တရားနက်လေး၊ နည်းနာကြွေး၏၊ ရှည်ဝေးနှောင်လာ၊ သာသနာ၌၊ ပညာမေးရက်၊ အသိခက်၍၊ အနက်မရဲ၊ ဆိုဝံ့ခဲလည်း၊ တံကဲမလိမ့်၊ မှီရစ်စိမ့်ဟု၊ နှစ်သိမ့်စေမှု၊ ကျမ်းဂန်ပြုရှင့်၊ သုတဗုဒ္ဓိ၊ ကျေးဇူးသိသား၊ ပရိပဋ္ဌိ၊ ပဋ္ဌိအစဉ်၊ ပတ်ရစ်ယှဉ်လျက်၊ နှစ်စဉ်တရား၊ ဖြည့်သောအားဖြင့်၊ အများတကာ၊ ဝေးနီးလာ၍၊ ပဒေသာပင်၊ မှတ်ကြထင်သည်၊ ၊ စာသင်အောင်ပွဲ ခံမစဲ ။ ”–

ဟူ၍ ဖွဲ့ကျူးတော်မူခဲ့သည်။

သျှင်ဩဘာသသည် အသက် ၂၀–အရွယ်တွင် ရဟန်းဘောင်သို့ ဝင်ရောက်တော်မူ၏။ ရဟန်းဘောင် ဝင်ရောက်သောအခါ၌ လေသာဆရာတော်၏ “ တပည့်ပေါင်းတွင်၊ ကောင်းရာငင်ငင်၊ ရွေးစုဝင်သား၊ မျက်ရှင်ဆံကျိုး၊ ငယ်လုနိုးလည်း၊ အဖိုးပြတ်သော်၊ ဂုဏ်ညွှန့်ပေါ်သို့၊ တစ်ခေါ်စလောက်၊ ” သော ရဟန်းမျိုး ဖြစ်ခဲ့ပေသည်။ သို့အလျောက် သက္ကရာဇ် ၁၁၄၄–ခု၊ ပြာသိုလအတွင်း၌ မောင်ထောက်ဆိုသူ လုလင်ပျိုက တောင်းပန်သောကြောင့် စန္ဒကုမာရဇာတ်တော်ကြီးကို စကားပြေ ပြန်ဆို ရေးသားလေသည်။ ထိုဇာတ်တော်ကြီးကို ရေးသားချိန်ဝယ် သျှင်ဩဘာသရဟန်းတော်သည် နုနယ်ငယ်ရွယ်သော ရဟန်းပျိုမျှသာ ရှိသေးကြောင်း–

“ အာဂုံလေ့လာ။ စွမ်းပညာဖြင့်၊ ရောင်ဝါရွှင်ပျ၊ ဩဘာသဟု၊ နာမနုနယ်၊ ပဥ္စင်းငယ်လျှင်၊ ”–

ဟူသော နိဂုံးစကားဖြင့် ညွှန်ပြခဲ့သည်။

ထို့နောက် ဆက်လက်၍ တပေါင်းလတွင် နာရဒဇာတ်တော်ကြီး ဝတ္ထုကိုလည်းကောင်း၊ ၁၁၄၅–ခု၊ ဝါခေါင်လတွင် ဝိဓူရဇာတ်တော်ကြီး ဝတ္ထုကိုလည်းကောင်း၊ ထိုနှစ် တပေါင်းလတွင် ဝေဿန္တရာဇာတ်တော်ကြီး ဝတ္ထုကိုလည်းကောင်း၊ ၁၁၄၆–ခု၊ တန်ဆောင်မုန်းလတွင် မဟောသဓဇာတ်တော်ကြီး ဝတ္ထုကိုလည်းကောင်း၊ ၁၁၄၇–ခု၊ နယုန်လတွင် မဟာဇနကဇာတ်တော်ကြီး ဝတ္ထုကိုလည်းကောင်း၊ ၁၁၄၈–ခု၊ ဝါဆိုလတွင် နေမိဇာတ်တော်ကြီး ဝတ္ထုကိုလည်းကောင်း ရေးသားပြီးစီးခဲ့လေသည်။

ရဟန်းတော် သျှင်ဩဘာသသည် လေးနှစ်ကျော်ကာလအတွင်း ဇာတ်တော်ကြီး ခုနစ်စောင်ကို ရေးသား ပြီးစီးခဲ့၏။ နေမိဇာတ်တော်ကြီးကို ရေးသားပြီး၍ ငါးလခန့် အကြာတွင် မင်္ဂလာတိုက်မှ သျှင်နန္ဒမေဓာ မထေရ်မြတ်က ဘူရိဒတ်ဇာတ်တော်ကြီး ဝတ္ထုကို ရေးသားလိုက်လေသည်။ ဤသို့ ရေးသားလိုက်သဖြင့် သျှင်ဩဘာသ ရည်ရွယ်ထားသော ဇာတ်တော်ကြီး ၁၀–စောင် ဝတ္ထုကြီးများ အတွက် အနှောင့်အယှက်ကဲ့သို့ ဖြစ်သွားရဟန်တူသည်။ ထို့ကြောင့် မိတ်ဆွေ မောင်ထောက် တောင်းပန်၍ ရေးသားခဲ့သော ဇာတ်တော်ကြီးများကို ဆက်လက် ရေးသားရန် လက်တွန့် နေခဲ့ရဟန် ရှိ၏။ သို့ဖြစ်၍လည်း ကျောင်းဒါယကာဖြစ်သူ မောင်ထောက်၏ ဖခင်ကြီး ဦးဝက အကြိမ်ကြိမ် တောင်းပန်ရပြန်သည်။ ထိုသို့ တောင်းပန်သဖြင့် ရေးသားသော တေမိယ ဇာတ်တော်ကြီး နိဂုံး၌–

“ ဥပါသကေ– ဥပါသကေန၊ ကျောင်းတကာ မောင်ဝအမည်ရှိသော ဒါယကာသည်။ ယာစိတေန၊ အဖန်တလဲလဲ တောင်းပန်အပ်သည် ဖြစ်၍။ ကတာ– ရစိတာ၊ ရေးစီထုတ်အပ်ပြီ။ ”–

ဟူ၍ ရေးဆိုခဲ့သည်။ ထိုဇာတ်တော်ကြီးသည် သက္ကရာဇ် ၁၁၄၈–ခုနှစ်၊ တပို့တွဲလတွင် ရေးသားပြီးစီးခဲ့လေသည်။

ရဟန်းတော် သျှင်ဩဘာသသည် အမရပူရ မြို့တော်သို့ ကြွရောက်၍ သံလွတ်ဆရာတော်ထံတွင် စာပေပရိယတ်များကို လေ့လာ ဆည်းပူးသည်ဟုလည်း အမှတ်အသား ရှိသည်။ သို့ရာတွင် မည်သည့်နှစ်တွင် ကြွရောက်သည်ဟုကား အမှတ်အသား မတွေ့ရချေ။

သျှင်ဩဘာသသည် ရွှေမြို့တော် သံလွတ်ဆရာတော်ကြီးထံ၌ နေစဉ် တစ်နေ့တွင် အမရပူရမြို့တည် ဘိုးတော်မင်းတရားက သံဃာတော် အပါး ၂၀–တို့အား နန်းတော်သို့ ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူသည်။ ထိုဆွမ်းကျွေးပွဲသို့ သံလွတ်ဆရာတော်ကြီး မလိုက်ပါနိုင်သဖြင့် သျှင်ဩဘာသအား ကိုယ်စား ထည့်လွှတ်လိုက်၏။

ဆွမ်းကျွေးအပြီးတွင် ပရိတ်တရားတော်တို့ကို ရွတ်ဆိုကြရာ၌ ဣတိပိသောစသော ဂုဏ်တော်တို့ကို ရွတ်ဆိုသောအခါ အခြားဆရာတော်တို့က တိသဒ္ဒါထည့်၍ မရွတ်ဆိုကြဘဲ သျှင်ဩဘာသကမူ တိသဒ္ဒါထည့်၍ ရွတ်ဆိုလေသည်။ ဤသည်ကို ဆရာတော်များက သဘောမကျနပ်၍ သုဓမ္မာဇရပ်၌ စည်းဝေးပြီးလျှင် သျှင်ဩဘာသအား စစ်မေးလျှောက်ဆိုစေရာ ဘုရားဂုဏ်တော်အကြောင်း သုံးရက်၊ တရားဂုဏ်တော်အကြောင်း သုံးရက်၊ သံဃာ့ဂုဏ်တော်အကြောင်း သုံးရက် လျှောက်ထားရလေသည်။ ထိုအခါ မင်းဇေကရာဇ်နှင့်တကွ ရဟန်းပရိသတ်၊ လူပရိသတ် အပေါင်းတို့က ချီးမွမ်းထောမနာ ပြုကြကုန်၏။

သျှင်ဩဘာသသည် အမရပူရမြို့တော်မှ ပြန်ရောက်သော အခါ၌လည်း မင်းပူးရှိ လေသာတိုက်မှာပင် သီတင်းသုံးတော်မူသဖြင့် မင်းပူးဦးဩဘာသဟု ထင်ရှားခဲ့လေသည်။

ဆရာတော်သည် ပိဋကတ်စာပေ ကျမ်းဂန်တို့၌သာ မကဘဲ လောကီပညာရပ်ဆိုင်ရာ ဗဟုသုတတို့၌လည်း တတ်ကျွမ်းတော်မူသည်။ ဆရာတော်ကိုယ်တိုင်ကလည်း ပညာရေးအတွက် ဆိုလျှင် ဆင်းရဲခံ၍ လိုက်စား ရှာမှီးလေ့ ရှိသည်။ ထို့ကြောင့်လည်း ဗေဒင်ပညာရပ်များ၊ လောကီပညာရပ်များ၊ ပန်းပုပညာရပ်စသည်တို့ကို တတ်မြောက် ကျွမ်းကျင်တော်မူသည်။ ဆရာတော်သည် စာပေပို့ချတော်မူချိန်တွင် ပန်းပုရုပ်များကို ထုလုပ်နေလေ့ ရှိသည်ဟု ဆိုသည်။

လေသာဆရာတော်ကြီး ပျံလွန်တော်မူလျှင် ဆရာတော် ဦးဩဘာသသည် ကျောင်းတိုက်ကြီးကို ဆက်ခံ၍ သီတင်းသုံးတော်မူရသည်။ အမရပူရမြို့တော် မင်းဇေကရာဇ်အထံမှ ဘွဲ့တံဆိပ်တော်ကို ကပ်လှူ၍ လှေတော်အမှုထမ်း ပဲ့နင်းများကိုလည်း ဆရာတော် အလိုရှိရာသို့ ပို့ဆောင်ပေးရန် အပ်နှံတော်မူသည်။

ဆရာတော်သည် လေသာကျောင်းတိုက်၌ ပိဋကတ်တော်များကို ပို့သနေရာ မင်းပူးရွာ၌ "လေသာကန်ပေါင် ရေမအောင်တဲ့ ကန်စွန်းသီး ဖောင်းပွပွကြီး၊ "ဟူသော တပေါင်သံကို ကြားတော်မူလျှင် လှေတော်ပဲ့နင်းကို ခေါ်၍ အမရပူရမြို့တော်သို့ ဆန်တက်တော်မူသည်။ အမရပူရမြို့တော်သို့ ရောက်လျှင် သံလွတ်ဆရာတော်ကြီးအား ပူဇော်၍ ပြန်လာတော်မူရာ လမ်းခရီးတစ်ဝက်၌ လှေတော်ထက်တွင် ဝါ ၂၀–ပြည့်၍ ပျံလွန်တော်မူရရှာသတည်း။

**(ကျမ်းကိုး)** ဇာတ်ကြီး ဆယ်ဘွဲ့ ဝတ္ထုတော်ကြီး– ဒုတိယတွဲ၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ဝေဿန္တရာဇာတ်တော်ကြီး နိဒါန်းလာ ဆရာတော် ဦးဩဘာသ၏ အတ္ထုပ္ပတ္တိ၊ မြန်မာစာပေသမိုင်း၊ မြန်မာစာညွှန့်ပေါင်းကျမ်း–တတိယတွဲ၊

## သျှင်နန္ဒမေဓာ ( ၁၁၂၀ ခန့်–၁၁၆၀ ခန့် )

သျှင်နန္ဒမေဓာသည် မင်းပူးဆရာတော် ဦးသြဘာသတို့နှင့် တစ်ခေတ်တည်းပေါ်၍ တစ်ပြိုင်တည်း ကျော်စောတော်မူသော ဆရာတော်တစ်ပါး ဖြစ်သည်။ မင်းပူးဆရာတော်နှင့်လည်း ဆရာတစ်ပါးစီတွင် ခိုဝင်သင်ကြားကြ၍ စာဆိုပြိုင်ဖက် ဖြစ်လာကြသည်ဟူ၍လည်း ယူဆစရာ ရှိပေသည်။

ဤနေရာ၌ မြန်မာစာပေသမိုင်းတွင် မင်းပူးဆရာတော်နှင့် လေသာတိုက်တွင် အတူ စာသင်ဖက် ဖြစ်သည်ဟုလည်း ဆိုသည်။ ၎င်း၏ အဆိုအရ "မင်္ဂလာလှုံမြူး၊ ရွာမင်ပူး၏၊ နောက်စူး ဒိသာ၊ ရပ်မျက်နှာဝယ်၊ လေသာတိုက်ကျော်၊ ဆရာတော်၏၊ ဉာဏ်တော်ဖလန်၊ ဆုကြီးပန်သား၊ နန္ဒမေဓာ၊ သညာပုံ့ဆွတ်၊ "ဟူသော အဖွဲ့ကို ထောက်၍ လေသာတိုက် ဆရာတော်၏ တပြည့်ဖြစ် ကြောင်း ရေးဆိုထား၏။ စာဆိုတော်များ အတ္ထုပ္ပတ္တိတွင်လည်း ထိုအဆိုကိုပင် ထပ်မံ ဖော်ပြ၏။

သျှင်နန္ဒမေဓာ ရေးသားသည့် ဘူရိဒတ်ဇာတ်တော်ကြီး နိဂုံး ဇကပိုဒ်၌ကား "ရွာမင်း ပူး၏၊ နောက်စူးဒိသာ၊ ရပ်မျက်နှာဝယ်၊ မင်္ဂလာတိုက်ကျော်၊ ဆရာတော်၏၊ "ဟူ၍ တွေ့ရှိရသည်။ ထို့ကြောင့် သျှင်နန္ဒမေဓာသည် မင်းပူ၏ အနောက်စူးစူးမှ မင်္ဂလာတိုက်ဆရာတော် ၏ တပည့်ဖြစ် ကြောင်း မှတ်အပ်၏။

မင်းပူးဦးသြဘာသ ဆရာတော်နှင့် ကျောင်းတိုက်ကား မင်းပူးရွာ၏ အနောက်တောင် ယွန်းမှ လေသာကျောင်းတိုက် ဆရာတော်ဖြစ်သည်။ ထိုအကြောင်းကို နာရဒဇာတ်တော်ကြီး နိဂုံး၌ "မင်းပူးတန်ဆောင်၊ နောက်တောင်ခပ်ယွန်း၊ သိကြားညွှန်း၍၊ တက်ထွန်းကျက်သရေ၊ " ဟုလည်းကောင်း၊ "ပျောက်လွင့်ကွာသား၊ လေသာသမိုက်၊ ကျောင်းတိုက်တော်ကြီး၊ "ဟုလည်း ကောင်း ရေးသားခဲ့ပေသည်။

ဤသည်တို့ကို မျှော်ရည်၍ မင်းပူးဦးသြဘာသနှင့် သျှင်နန္ဒမေဓာတို့သည် တစ်ကျောင်းစီ နေ၍ တစ်ဆရာစီ စာသင်ခဲ့ကြကြောင်းကို ပြည့္ဆန်ရခြင်း ဖြစ်ပါသည်။ ထို့ပြင် ဆရာတော် နှစ်ပါး တို့၏ နေရာမှာ မင်းပူး၏ အနောက်စူးစူးနှင့် အနောက်တောင်ယွန်းဟု ဆိုသဖြင့် စာပေအရာ၌ ပြိုင်ဖက်များပင် ဖြစ်လောက်ကြောင်းကို ရေးဆိုရခြင်း ဖြစ်ပေသည်။

ဆရာတော် သျှင်နန္ဒမေဓာသည် မင်္ဂလာတိုက်၌ သီတင်းသုံးနေစဉ် သျှင်ဥက္ကံသခေါ် သာမဏေငယ်က တောင်းပန်သောကြောင့် ဘူရိဒတ်ဇာတ်တော်ကြီးကို စကားပြေပြန်ဆို ရေးသားတော်မူလေသည်။ ဤသည်ကို ရည်၍ ဘူရိဒတ်ဇာတ်တော်ကြီး နိဂုံး၌–

> "စကားမြန်မာ၊ ညီညွတ်စွာနှင့်၊ သမ္မာစောင့်ယူ၊ သျှင်လူတကာ၊ မှတ်စိမ့်ငှာလျှင်၊ ထုတ်ပါမည့်ကြောင်း၊ လျှံတောင်းပဏာမျှ၊ ဥက္ကံသဟု၊ နာမမြဲတော၊ သာမဏေလျှင်၊ ရှိသေ ဝတ်တွား၊ တောင်းပန်အားဖြင့်၊ "–

ဟု ရေးသားခဲ့၏။

ထိုသာမဏေ၏ တောင်းပန်ချက်ဖြင့် ဘူရိဒတ်ဇာတ်တော်ကြီးကို ရေးသားခဲ့ရာ သက္က ရာဇ် ၁၁၄၈–ခု၊ နတ်တော်လပြည့်ကျော် နှစ်ရက် အင်္ဂါနေ့တွင် ပြီးစီးခဲ့ပေသည်။ ဆရာတော် သျှင်နန္ဒ မေဓာသည် ဘူရိဒတ်ဇာတ်တော်ကြီးမှတစ်ပါး အခြားသော စာပေများကို ရေးသားသည်ဟု မတွေ့ရှိရချေ။

**(ကျမ်းကိုး)** ဇာတ်ကြီးဆယ်ဘွဲ့ ဝတ္ထုတော်ကြီး–ဒုတိယတွဲ ၊

## မုံရွေးဆရာတော် ( ၁၁၂၈–၁၁၉၆ )

မုံရွာမြို့ တောင်ဘက် ခရီးလေးတိုင် အကွာတွင် မုံရွေးဟုလည်းကောင်း၊ မင်းရွေးဟု လည်းကောင်း ခေါ်သောရွာ ရှိ၏။ ထိုရွာနှင့် တွဲစပ်၍ ခေါ်သော ကြေးမုံရွာသည်လည်း ကပ်လျက် ပင် တည်ရှိသည်။ ဆရာတော်သည် ကြေးမုံရွာ၌ သက္ကရာဇ် ၁၁၂၈–ခုနှစ်၊ နယုန်လဆန်း လေးရက် တနင်္ဂနွေနေ့ မွန်းလွဲပဟိုရ် သုံးချက်တီးအချိန်တွင် အဖ ဦးဖေယျ၊ အမိ ဒေါ်မင်းလှတို့မှ မွေးဖွား သန့်စင်ခဲ့ပေသည်။

ဤသည်ကို ရည်၍ ဆရာတော်ကိုယ်တိုင် ကုသပျို့ နိဂုံး၌–

"အဋ္ဌာဝီသ၊ သတသဟဿ်၊ နှစ်မြတ်ဖုဿျ၊ အမည်ရ၏၊ လကားနယုန်၊ ရောင်ဟုန်လန်း လန်း၊ လေးရက်ဆန်းတွင်၊ တည့်မွန်းလွန်မြောက်၊ ဆယ့်ခြောက်ဖဝါး၊ တူကားလင်္ဂမှန်း၊ စန်း ကားမေထုန်၊ ဂဠုန်ဆင်မြတ်၊ ရေနတ်တကွ၊ ခွင်ပြီဿတည့်၊ ကုမ္ဘအသူရိန်၊ မိန်နေသောကြာ မှတ်၊ ကာရကဋ္ဌဇိဝါ၊ မကာရေဘောမ၊ နက္ခတ်ရမူ၊ သုဒ္ဓလေးလုံး၊ နှစ်ပါဒ်ဖုံးလျက်၊ သုံးဗီဇနာ၊ သံသာပဟိုရ်၊ သုံးချက်ပိုတွင်၊ ကြည်ညိုမိခင်၊ ဖွားမြော်မြင်သည်၊ ၊ လူတွင်မှတ်ရန် ထုံး တီးတည်း။ "–

ဟူ၍ စပ်ဆိုပြခဲ့လေသည်။

ဆရာတော်၏ မိဘမျိုးရိုးနှင့် ပတ်သက်၍ အဋ္ဌမမြောက် ဇေတဝန်ဆရာတော် အဆို အရ ဦးဖေယျသည် ကြေးမုံ ကိုးသင်းနယ်မြေ သူကြီးဖြစ်ကြောင်း အမှတ်အသား ရှိ၏။ ကုသပျို့ နိဂုံး၌လည်း " သဒ္ဓါမညိုး၊ သူကြီးရိုးက၊ ဘေးဘိုးစဉ်သက်၊ နွယ်ခဲ့ဆက်သား၊ ကြန်လက်စုံစွာ၊ မထေရ်ငါလျှင်၊ "ဟုလည်းကောင်း၊ ဥတိန္နပျို့ နိဂုံး၌လည်း " ပြည်စိုးမဆိုင်၊ မပိုင်သူကြီး၊ ရိုးရာ ပြီးသည်၊ မြင်းစီးတို့သာ၊ စိုးကွပ်ရာသည်၊ ရပ်ရွာထုံးစံ မော်ကွန်းတည်း။ "ဟုလည်းကောင်း ရေးစပ်ခဲ့ သဖြင့် စုသူကြီးရိုးရာ စဉ်ဆက်ဖြစ်ကြောင်း သိရှိရပေသည်။

မုံရွေးဆရာတော်မှာ ငယ်မည်တော် နှစ်မျိုး ရှိသည်။ ကနဦး အမည်မှာ တနင်္ဂနွေသား ဖြစ်သောကြောင့် မောင်အောင်မြဟု မှည့်ခေါ်ထားကြ၏။ သို့ရာတွင် မောင်အောင်မြသည် ငယ်စဉ် ကပင် အရွယ်နှင့် မလိုက်အောင် နိုးကြားလှသော အသိပညာရှိသူ တစ်ယောက် ဖြစ်သောကြောင့် ပတ်ဝန်းကျင်က မောင်နိုးဟု ခေါ်ဝေါ်ကြသည်။ ထို့ကြောင့် မောင်နိုးဟူသော နာမည်သည်သာ ပေါ်လွင်ထင်ရှားခဲ့ပေသည်။

မောင်နိုး အသက် ခြောက်နှစ်သား အရွယ်ရောက်သောအခါ မိဘနှစ်ပါးတို့က မုံရွေးရွာ အရှေ့၌ အချုပ်ဝန်မင်းက ဆောက်လုပ်သော သာစံမင်းကျောင်းဆရာတော် သျှင်ဂုဏဝဏ္ဏမထေရ် ထံ အပ်နှံ၍ ပညာများကို သင်ကြားစေသည်။

အသက် ၁၂–နှစ်သား အရွယ်တွင် ' ဝိစိတ္တာလင်္ကာရ သဒ္ဓမ္မ မဟာဓမ္မရာဂုရု 'ဘွဲ့တံ ဆိပ်တော်ရ ပထမဇေတဝန်ဆရာတော် မဟာဝိစိတ္တာရာမာဘိဝရ သမ္မောဓိ မဟာထေရ်မြတ်ထံသို့ ရောက်ရှိ၍ သျှင်သာမဏေပြုသည်။ ဘွဲ့တော်မှာ သျှင်အာဒိစ္စဖြစ်သည်။

သျှင်အာဒိစ္စသည် ဉာဏ်စွမ်း အလွန်လျင်မြန်သူ ဖြစ်၏။ ပါဠိစာပေများကို ကျက်မှတ် ရမည်ဆိုလျှင် ၁၂–ကြောင်းရေးပေ တစ်ကိုက်ခန့်ကို တစ်မနက်မျှ ကျက်၍ နှုတ်လွတ် ပြန်ဆိုနိုင် ၏။ မြန်မာစာပေ ရိုးရိုးဖြစ်လျှင် တစ်ခေါက်နှင့်ပင် ရသည်ဆို၏။ ပျို့ ရတု လင်္ကာ စသည်တို့ကိုမူ သုံးခေါက်ခန့် ကျက်လျှင် အာဂုံပြန်နိုင်တော့သည်ဟု ဆိုပေသည်။ ဤသို့ စူးရှထက်မြက်သော ဉာဏ် ရှိသောကြောင့်လည်း ၁၂–နှစ်သား အရွယ်မှာပင် အာဒါသမုခပျို့သစ်၊ မဟာသီလဝပျို့နှင့် မယ်ဖွဲ့ မောင်ဖွဲ့ ရတု လင်္ကာ မေတ္တာစာ စသည်တို့ကို ရေးသားနိုင်လေသည်။

အသက် ၁၅–နှစ်သား အရွယ်သို့ ရောက်လျှင်ကား ရတု၊ ရကန်၊ ဧချင်း၊ မော်ကွန်း၊ လူးတား၊ ဗေဒင်ကျမ်းစာ အဖြာဖြာတို့ကို အနှံ့အပြား ရေးသား စပ်ဆိုနိုင်ခဲ့လေသည်။ ဆရာတော်

ကိုယ်တိုင်ကလည်း ဥတိန္နပျို့ နိဂုံးတွင်–

"သိပ္ပဝိဇ္ဇာ၊ လူ့ဖွယ်ရာဟု၊ လင်္ကာဆောင်ပါး၊ လူးတားဝတ္ထု၊ ရတုရကန်၊ အဲအန်သာချင်း၊ ရဲတင်းပိုဒ်စုံ၊ သတ်ပုံတေးတျာ၊ ဖတ်စာဧချင်း၊ စောင်းညှင်းမှတ်ရိုး၊ အတီးမျိုးနှင့်၊ ဘွဲ့ကြိုးတေးခံ၊ ရာဇသံဆုံးဖြတ်၊ ဓမ္မသတ်ကောက်တမ်း၊ ထုံးငြမ်းခွဲစု၊ မနုသံပိုင်း၊ သမိုင်းမော်ကွန်း၊ နိဒါန်းပုံပြင်၊ ရာဇဝင်နှင့်၊ ဗေဒင်တိတ္ထုံ၊ မှာတော်ပုံက၊ သက္ကတနှင့်၊ သေနင်္ဂစာ၊ ဝိဇ္ဇာမယ၊ ရာဇမတ္တန်၊ ဆင်ကြန်မြင်းကြန်၊ မှတ်ရန်များစွာ၊ ရှာရှာဖွေဖွေ၊ စာပေယဉ်နု၊ စပ်ဆိုမှု"–

ကို ပြုခဲ့ပြီ ဖြစ်ကြောင်း ဝန်ခံ ရေးသားတော်မူခဲ့၏။

သာမဏေ သျှင်အာဒိစ္စသည် သက္ကရာဇ် ၁၁၄၈–ခုနှစ်တွင် နေမျိုးဇေယျသူရ ဘွဲ့ခံ ငါးစို့ဝန်ကြီး ဦးမြတ်နိုးက ရဟန်းဒါယကာ ပြုလုပ်၍ မဟာဝိစိတ္တာရာမ ဆရာတော်ကို ဥပဇ္ဈာယ် ပြုကာ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ဤနေရာ၌ စာဆိုတော်များ အတ္ထုပ္ပတ္တိတွင် သာမဏေဘွဲ့ကို သျှင်အရိယာဝံသဟု ပြမှာသည်။ ရဟန်းပြုသောအခါ ဆရာတော်က အာဒိစ္စရံသီ ဟူသော နောက်ဆက်ပုဒ်ကို ထည့်၍ အရိယာဝံသအာဒိစ္စရံသီ ဟု မှည့်ခေါ်ကြောင်းဆိုသည်။ ပိဋကတ်သမိုင်းစာတမ်းတို့၌ မုံရွေးဆရာတော် သျှင်အာဒိစ္စဟုသာ ပါသည်။

ရဟန်းတော် သျှင်အာဒိစ္စသည် မဟာဝိစိတ္တာရာမ ဆရာတော်ကြီးထံ၌ ပါဠိ အဋ္ဌကထာ ဋီကာစသော လောကုတ္တရာစာပေများနှင့် တကွ ဗေဒင် သက္ကတစသော ဘာသန္တရစာပေများကို သင်ကြား တတ်မြောက်တော်မူ၏။ သို့ရာတွင် တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသကဲ့သို့ နည်းနိဿယ စုံလင်စေခြင်းငှာ ဆရာတော် ပညာကျော်တို့ အထံ၌ ဆက်လက်၍ စာပေပညာများကို ဆည်းပူးတော်မူပြန်သည်။ ထိုဆရာတော်များမှာ–

၁။ သက်ကယ်ကျင်း မင်းကျော်သူရန်အောင် ဝါးကျောင်းဆရာတော် သျှင်ပညာသာရမထေရ်၊

၂။ ဆားလင်းကြီး မြောက်တိုက် ဒီပါလင်္ကာရ ဓမ္မာဘိဃောသ မဟာဓမ္မရာဇဂုရုဆရာတော်၊

၃။ ဆားလင်းကြီး မြောက်တိုက် သျှင်ဇယန္တာလင်္ကာရမထေရ်၊

၄။ လယ်ဇင် မြောက်တိုက် သျှင်ပညာသာရမထေရ်၊

၅။ ဆားထုံး သျှင်ကဝိသာရမထေရ်–

တို့ ဖြစ်ပေသည်။

ရဟန်းတော် သျှင်အာဒိစ္စသည် သက်တော် ၂၉–နှစ်၊ သိက္ခာတော် ကိုးဝါအရ၊ သက္ကရာဇ် ၁၁၅၇–ခုနှစ်တွင် အမရပူရမြို့တည် ဘိုးတော်မင်းတရားက ပင့်ခေါ်တော်မူပြီးလျှင် နန်းမြို့တော် အတွင်း ငါးထပ်ရွှေကျောင်းတော်ကြီး၊ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်တော်ကြီး နှစ်ဆောင်၊ စကြ်န် ကျောင်းတော်၊ စောင်းတန်းလေးသွယ်တို့ဖြင့် ခမ်းနားကြီးကျယ်သော ရွှေပိန်းချ ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းတော်မူ၏။ ဆရာတော်အား 'အရိယသဒ္ဓမ္မဝံသ အာဒိစ္စရံသီ' ဟူသော ဘွဲ့တံဆိပ်ကိုလည်း ဆက်ကပ်၍ နန်းဦးဆရာတော် အဖြစ် ကိုးကွယ်ထားလေသည်။

သက္ကရာဇ် ၁၁၆၃–ခုနှစ်တွင် မုံရွေးရွာမှ ဆရာရင်း ဖြစ်သော ပထမဇေတဝန်ဆရာတော် မဟာဝိစိတ္တာရာမာဘိဝရ သမ္မောဓိဆရာတော်ကြီးသည် သက်တော် ၈၆–နှစ်၌ ပျံလွန်တော်မူ၏။ ထို့ကြောင့် ဆရာတော် သျှင်အာဒိစ္စသည် ဇာတိရပ်ရွာဖြစ်သော မုံရွေးရွာသို့ ပြန်၍လက်ဝဲနော်ရထာ ဆောက်လုပ်သော ကလျာဏီရွှေကျောင်းနှင့် သူဌေးခံမင်းကြီး ရွှေကျောင်းဦးပု ဆောက်လုပ်သော ဇေတဝန်ရွှေကျောင်းကြီးတို့ကို အလှူခံ၍ သီတင်းသုံးတော်မူရလေသည်။

ဆရာတော် သျှင်အာဒိစ္စသည် နေရပ်ဇာတိ မုံရွေးရွာသို့ ပြန်၍ သီတင်းသုံးရသော အခါ ဘိုးတော်မင်းတရားက သာသနာပိုင် မောင်းထောင်ဆရာတော်နှင့် တိုင်ပင်၍ တံဆိပ်စာချွန်တော် စသော အဆောင်အယောင်နှင့်တကွ ဂိုဏ်းအုပ်ဆရာတော် အဖြစ်တင်မြှောက်လိုက်ကြလေသည်။ တစ်နှစ်ခန့် ကြာလျှင် ဂိုဏ်းအုပ်ဆရာတော်အဖြစ်မှ နယ်ပယ်၌ အကြီးဆုံး ဖြစ်သော ဂိုဏ်းချုပ်ဆရာတော် အဖြစ်သို့ တင်မြှောက်ခြင်း ခံရပြန်လေသည်။

မုံရွေးဂိုဏ်းချုပ်ဆရာတော်သည် သက္ကရာဇ် ၁၁၈၀–ပြည့်နှစ်တွင်မဟာဇေတဝန်ကျောင်းတော်ကြီး အတွင်း အင်္ဂါထောင့် အရပ်၌ မြောက်မြားစွာသော ဓာတ်တော် မွေတော်တို့ကို ဌာပနာတော်မူ၍ သံတောင် ၆၀–ရှိသော စေတီတော်ကြီးကို တည်လုပ်တော်မူခဲ့၏။ စေတီတော်ကြီး၏ အရှေ့ဘက်၌လည်း ဘုံ ငါးဆင့်ရှိသော ပြာသာဒ်တော်၊ အနောက်ဘက်၌လည်း ဘုံခုနစ်ဆင့် ရှိသော ပြာသာဒ်တော်၊ ဝဲယာ ရွှေဂူနှစ်လုံး၊ ဆင် ၁၀–ကောင် ခြံရံလျက် တည်ဆောက်တော်မူပြန်သည်။ ထိုစေတီတော်ကို ' မင်္ဂလာရန်အောင် မြတ်စွာဘုရား ' ဟူ၍ ကမ္ပည်းထိုးမှတ်ကာ ကျောက်စာများလည်း ရေးထိုးထားခဲ့လေသည်။

ထို့ပြင် မုံရွေးရွာသားများ ဖြစ်ကြသော လက်ဝဲသုန္ဒရစသည်မှ မဟာသူရအထိ ၁၁–ဘွဲ့ရသော ဦးမြတ်သာနေ တည်ထားကိုးကွယ်သည့် တိလောကစေတီတော်ကြီးကိုလည်းကောင်း၊ ၎င်း၏ ညီအရင်းဖြစ်သော ဝေဠုသုန္ဒရစသည်မှ အဂ္ဂမဟာသေနာပတိ အထိ ၁၂–ဘွဲ့ရ ဦးမြတ်သာဝေ တည်ထားကိုးကွယ်သည့် လေးကျွန်းရန်အောင် ပုထိုးတော်ကြီးကိုလည်းကောင်း၊ ထိုဝန်ရှင်တော်မင်း နှစ်ပါးတို့၏ တူတော်ရင်း ဖြစ်သော သူဌေး ခုံမင်းကြီးဦးပု တည်ထားကိုးကွယ်သည့် ရတနာမဏိဘုရားကိုလည်းကောင်း ဟောင်းနွမ်းနေသည်များကို သက္ကရာဇ် ၁၁၉၃–ခုနှစ် ရောက်သောအခါ မွမ်းမံ ပြင်ဆင်၍ သုံးဆူလုံးကို ဖိနပ်တော်အထိ ရွှေသက်န်း ကပ်လှူပူဇော်ခဲ့လေသည်။

ဆရာတော်သည် မိမိကိုယ်တိုင်လည်း စာပေများကို ရေးသားပြုစုတော်မူ၍ ဇေတဝန်ကျောင်းတိုက်၍လည်း ပါဠိ အဋ္ဌကထာ ဋီကာ နိဿယစသော လောကုတ္တရာကျမ်းတို့ကိုလည်းကောင်း၊ သက္ကတစသော ဘာသန္တရကျမ်းပေါင်း များစွာနှင့် ဝတ္ထု ပုံပြင် သမိုင်း မော်ကွန်း ဓမ္မသတ် ရာဇဝင် ဗေဒင် ကဗျာလင်္ကာ စသည်များကိုလည်းကောင်း တခမ်းတနား ရေးသား ကူးယူစေရ၏။ ထိုသို့ ရေးကူးခဲ့ရာ ပေအင်္ဂါပေါင်း တစ်သိန်းကျော် ပြီးစီး၍ မဟာဇေတဝန် ကျောင်းတိုက်ကြီး အတွင်း စာတိုက်ကြီးငယ်တို့ဖြင့် ပူဇော်ထားလေသည်။

သက္ကရာဇ် ၁၁၈၁–ခုနှစ်တွင် နန်းတက်သော ဖလ်နန်းရှင်ခေါ် ဘကြီးတော်ဘုရင်မင်းမြတ်သည် မုံရွေးဆရာတော်၏ စာပေဂုဏ်သတ္တိကို ရှိသေကြည်ညိုတော်မူ၍ နေပြည်တော်အင်းဝသို့ ပင့်ဆောင်တော်မူလေသည်။ အင်းဝရောက်လျှင် ထီးလှိုင်ရှင်ဘုရား အနီး၌ ရတနာစုံစီချယ်၍ ကြီးကျယ်ခမ်းနားသော ' မင်္ဂလာဘုံသာ 'မည်သော ပြာသာဒ်ကျောင်းတော်ကြီးကို ဆောက်လုပ်၍ တင်လှူပူဇော်လေသည်။ ဆရာတော်အား ' ဣန္ဒဝံဇိရာလင်္ကာရ သီရိဓဇ မဟာဓမ္မရာဇဂုရု ' ဟူသော ပထမတံဆိပ်တော်၊ ' ဣန္ဒဝံဇိရာဘိလင်္ကာရ သီရိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု ' ဟူသော ဒုတိယတံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းတော်မူ၏။ မုံရွေးဆရာတော်သည် ထိုကျောင်းတော်ကြီးကို ဖွဲ့ဆိုသော ' ပြာသာဒ်ကျောင်းဘွဲ့မော်ကွန်း 'ကိုလည်း ရေးသားသည်။

ဘကြီးတော်ဘုရင်မင်းမြတ်သည် မုံရွေးဆရာတော်အား လောကရေး၊ ဓမ္မရေး၊ ရာဇရေးတို့၌ အထူးပင် အားကိုးတော်မူသည်။ အကြောင်းကိစ္စရှိ၍ ပြဖွယ်အမှုများကို မင်း မိဖုရားနှစ်ပါးတို့သည် ဆရာတော်ကျောင်းသို့ လာရောက်၍ လျှောက်ထားလေ့ ရှိသည်။ တစ်ခါတစ်ရံ၌လည်း နန်းတော်သို့ ပင့်၍ အထူးအားဖြင့် တိုင်ပင် ဆွေးနွေးတော်မူ၏။ ယင်းသို့ အားကိုးရသောကြောင့်ပင် ဆရာတော်အတွက် ရိက္ခာတော်တို့ကို အပြည့်အစုံ လှူဒါန်းထားသော်လည်း မိမိပွဲတော်အုပ်တို့ကို ဆရာတော်ထံသို့ အမြဲမပြတ် ပေးပို့ လှူဒါန်းလေ့ ရှိသည်။

ဘကြီးတော်မင်းတရားနှင့် မိဖုရားကြီးတို့ အထူးကိုးကွယ်သော ဆရာတော်နှစ်ပါးရှိသည်။ အခြားတစ်ပါးမှာ ဆရာတော်ဦးဗုဓ် ဖြစ်၏။ မင်း မိဖုရားတို့သည် ဆရာတော် ဦးဗုဓ်ထံသို့ လှူဖွယ်ဝတ္ထုများကို သွားရောက် လှူဒါန်းပြီဆိုလျှင် ဆရာတော်ဦးဗုဓ်သည် အလှူပစ္စည်းကိုသာ အကပ်ခံ၍ မိမိစာကိုသာ ကြည့်မြဲ ကြည့်နေလေ့ ရှိ၏။ ဘုရင်မင်းမြတ်နှင့် မိဖုရားတို့မှာ ဆရာတော်နှင့် စကားပြောရသည့်အခါဟူ၍ နည်းပါးလှသည်။

မုံရွေးဆရာတော်ကား မင်း မိဖုရား မှူးမတ် ပုဂ္ဂိုလ်အလိုက် ထိုက်သင့်သလို ဥပမာ ပုံပြင် ဝတ္ထုစသည်တို့ဖြင့် ဟောပြောတော်မူလေ့ ရှိပေသည်။ ထို့ကြောင့် "ဆရာတော် ဦးဗုဓ်ကို ကိုးကွယ်ရသည်မှာ နိရောဓသမာပတ်ကို ဝင်စားနေသော ရဟန္တာကြီးကို ကိုးကွယ်ရသည်နှင့် တူပါပေသည်၊ မုံရွေးဆရာတော်ကို ကိုးကွယ်ရခြင်းသည် သျှင်သာရိပုတ္တရာ သျှင်အာနန္ဒာနှစ်ပါးလုံးကို ကိုးကွယ်ရသည်နှင့် တူပါပေသည်၊ "ဟု မင်း မိဖုရားနှစ်ပါးတို့က မိန့်ကြားတော်မူလေ့ ရှိကြပေသည်။

မုံရွေးဆရာတော်သည် သက္ကရာဇ် ၁၁၈၈–ခုနှစ်တွင် မုံရွေးရွာ အရှေ့ ရွှေမြင်တင်တောင်၏ ပတ်လည် တာပေါင်း ၈၀၀၀–အတွင်း၌ တောတိရစ္ဆာန်စသော သတ္တဝါတို့ကို မည်သူမျှ သတ်ဖြတ်ခြင်း၊ ဖမ်းယူခြင်း မပြုရန်အတွက် ဘကြီးတော်ဘုရင်မင်းမြတ်ထံတွင် အလှူခံတော်မူ၏။ ဘုရင်မင်းမြတ်ကလည်း ဆရာတော် အလှူခံသော ဇီဝိတဒါနအလှူတော်ကို သဒ္ဓါကြည်ဖြူစွာပင် ပေးလှူတော်မူသည်။ ထိုအခါ ဆရာတော်သည် မုံရွေး နွားထိန်းရွာသား ဖြစ်သော ရွှေတိုက်ဝန်မင်းနှင့် တိုင်ပင်ပြီးလျှင် အရပ်လေးမျက်နှာ၌ မော်ကွန်းကျောက်တိုင်တို့ကို စိုက်ထူ၍ ဘေးမဲ့ ပေးခဲ့လေသည်။

သက္ကရာဇ် ၁၁၉၁–ခုနှစ်တွင် ဘကြီးတော်မင်းမြတ် တောင်းပန်သောကြောင့် သမိုင်းတွင် ရစ်မည့် ရာဇဝင်ကျမ်းကြီး တစ်စောင်ကို ပြုစုကြရသည်။ ထိုရာဇဝင်ကြီးမှာ ပညာရှင်တစ်ဦးတည်း ရေးသားရသည် မဟုတ်ပေ။ ထိုခေတ်တွင် ရာဇဝင်ဆိုင်ရာတို့၌ ကျွမ်းကျင်ကြသည့် ရဟန်းပညာရှင် လူပညာရှင်တို့ ပေါင်းစု ဖွဲ့စည်းထားသော စာပြုအဖွဲ့မှ ပြုစုကြရခြင်း ဖြစ်သည်။

ဘကြီးတော်မင်း၏ ရာဇဝင်ပြု အဖွဲ့တွင် ပညာရှင် ၁၃–ဦး ပါဝင်ပေသည်။ ၎င်းတို့မှာ ၁–မုံရွေးဆရာတော် မဟာနာယက၊ ၂–သော်ကပင်ဆရာတော် ဥက္ကဋ္ဌ၊ ၃–မင်းတိုင်ပင်အမတ် မဟာဓမ္မသင်္ကြန် (မောင်းထောင်သာသနာပိုင်ဟောင်း)၊ ၄–မြင်းစုဝန်ကြီး ဦးယောက်၊ ၅–သံတော်ဆင့် ဦးခြိမ့်၊ ၆–စာရေးတော်ကြီး ဦးဖျော်၊ ၇–ပုဏ္ဏားပညာရှိ ကုမုန္ဒရ၊ ၈–ပုဏ္ဏားပညာရှိ ရာဇဒေဝ၊ ၉–ဗြဲတိုက်သံတော်ဆင့် ဦးရွှဲ၊ ၁၀–စာရေးတော်ကြီး ဦးလူကြီး၊ ၁၁–စာရေးတော်ကြီး ဦးအောင်သာ၊ ၁၂–အတွင်းဝန် ဆောမြို့စား၊ ၁၃–အသည်ဝန် စဉ့်ကူမြို့စား တို့ဖြစ်ကြသည်။

မုံရွေးဆရာတော်သည် ရာဇဝင်စာပြုအဖွဲ့တွင် မဟာနာယက အဖြစ်ဖြင့် တာဝန်ယူ၍ စာပြုပညာရှင်များနှင့် ညှိနှိုင်းကာ မှန်နန်းတော် စနုဆောင်အတွင်း၌ ရာဇဝင်တော်ကြီးကို ပြုစုကြရ၏။ ထို့ကြောင့် ရာဇဝင်နာမည်ကိုလည်း 'မှန်နန်းရာဇဝင်တော်ကြီး 'ဟု ခေါ်တွင်ထင်ရှားလေသည်။

မှန်နန်းရာဇဝင်တော်ကြီး ရေးသား ပြီးဆုံးလျှင် ဘုရင်မင်းမြတ်သည် မိမိကိုယ်တိုင် ဖတ်ရှုခြင်း၊ သံတော်ဆင့်တို့ကို ဖတ်ရှုစေခြင်းဖြင့် သုံးသပ်တော်မူပြီးနောက် မုံရွေးဆရာတော်အား "၎င်းရာဇဝင်တော်ကြီးကိုပင် ပညာရှင်တို့ စကားများနှင့် သေနင်္ဗျူဟာနည်းစသည်တို့ကို ထပ်မံဖြည့်စွက်၍ ရေးသားတော်မူပါဦး၊ "ဟု လျှောက်ထားသဖြင့် မုံရွေးဆရာတော်သည် သီးခြား ရာဇဝင်တော်ကြီးတစ်စောင်ကို ရေးသားတော်မူရပြန်လေသည်။

မုံရွေးဆရာတော် နောက်ထပ် ရေးသားသော ရာဇဝင်တော်ကြီးကို 'မုံရွေးရာဇဝင်တော်ကြီး 'ဟု ခေါ်ဝေါ်ကြကုန်၏။ ဆရာတော်ကိုယ်တိုင်ကမူ မိမိ ရေးသော ရာဇဝင်ကျမ်းကြီးကို 'ရာဇိန္ဒရာဇဝရမဏ္ဍနီရာဇဝင်တော်ကြီး 'ဟု တပ်မှတ် ခေါ်ဝေါ်တော်မူခဲ့ပေသည်။ မှန်နန်းရာဇဝင်တော်ကြီးမှာ ၂၅–အင်္ဂါစီ ပေသုံးထုပ် ရှိ၍ မုံရွေးဆရာတော်၏ ရာဇဝင်ကြီးမှာ ပေလေးထုပ် ရှိ၍ အင်္ဂါပေါင်း ၁၂၀–မျှ ရှိပေသည်။

ဆရာတော်သည် ရာဇဓောဝါဒမေတ္တာစာ၊ ရာဇဓောဝါဒကျမ်းတို့ကို ရေးသား၍ မင်းနှင့် မှူးမတ်တို့အား ဆုံးမတော်မူ၏။ ကုသပျို့နှင့် ပဉ္စာဝုဓပျို့တို့မှာ ဘုရင်မင်းမြတ် တောင်းပန်သောကြောင့် ရေးသားခြင်း ဖြစ်ပေသည်။ ထို့ပြင် ဆရာတော် ရေးသားသော ကျမ်းပေါင်းများစွာ ၁၀၀–

ကျော်မှု ရှိသည်ဟု အမှတ်အသား ရှိပေသည်။ ရဟန်းခုနစ်ဝါရက မယ်တော်ကြီး တောင်းပန်သောကြောင့် ဥတိန္နပျို့ကို ရေးစပ်သည်ဆို၏။ ထိုမှတစ်ပါးလည်း နာနာဆန္ဒပျို့၊ အာဒါသမုခပျို့၊ နာရဒပျို့၊ မဟာသီလဝပျို့၊ အာကာသသျှတ္တရပျို့၊ အာကာသစာရီပျို့၊ မင်္ဂလသုတ်ပျို့၊ သမန္တစက္ခုဒီပနီကျမ်း ၉–တွဲ၊ ဝိနိစ္ဆယဘေဒဓမ္မသတ်၊ ကဝိမဏ္ဍနီသတ်ပုံကျမ်း၊ ငါးရာ့ငါးဆယ်ထွက် ဇာတ်တော်ပေါင်း ၆ဝ၊ ဂမ္ဘီရကထာ၊ ရတနာကြေးမုံစသော ကျမ်းစာတို့မှာ ဆရာတော်၏ ထင်ရှားကျော်ကြားသော စာများ ဖြစ်ကြ၏။

ဆရာတော်သည် နေပြည်တော်ဝယ် အမျိုးလေးပါးတို့နှင့် အခါခပ်သိမ်း ရောယှက်နေရသဖြင့် မိမိတစ်ပါးတည်းသာ အေးချမ်းစွာ တရားဓမ္မကို နှလုံးသွင်းနိုင်ရန်အတွက် ရွှေမြင်တင်တောင်သို့ ကြွ၍ တောရဆောက်တည်တော်မူသည်။

ဆရာတော်သည် နေပြည်တော်ဝယ် ခန့်ညားထယ်ဝါစွာ နေခဲ့သော်လည်း တောရဆောက်တည်သော အခါ၌မူ တွေ့ရာအရပ်မှ ပံသုကူ အဝတ်စုတ်တို့ကို ကောက်ယူ၍ စပ်ဖာချုပ်ပြီး လျှင် ညောင်ခေါက်ဆိုးကာ ဝတ်ရုံတော်မူ၏။ နေပူ မိုးရွာသော်လည်း မိမိကိုယ်တိုင်သာ ဆွမ်းခံ၍ ဘုဉ်းပေးတော်မူ၏။ တောရဆောက်တည်ရာ၌ ဓုတင် ၁၃–ပါးလုံးကို ဆောက်တည်တော်မူသည်။

ထို့နောက်မှ နေပြည်တော် အင်းဝသို့ ပြန်၍ သီးတင်းသုံးတော်မူရသည်။ ဆရာတော်သည် ဒုက္ခအပေါင်းတို့တွင် ဇာတိဒုက္ခကို အထူးကြောက်ရွံ့တော်မူဟန် ရှိသည်။ အဘယ့်ကြောင့် ဆိုသော် ဥတိန္နပျို့တွင် ယခုဘဝက စုတိကျသော် ဇမ္ဗူကျွန်းဦး သပြေပင်၌ အလွန်အသက်ရှည်သော ဘုမ္မဇိုဝ်းနတ်ကြီး ဖြစ်၍ အရိမေတ္တေယျဘုရားရှင် လက်ထက်၌ ဝီရိယာဓိကဘုရားဆု ဗျာဒိတ်ကို ခံယူရပါစေကြောင်း ဆုတောင်းခဲ့၏။ ထိုအကြောင်းကို ပျို့နိဂုံး၌–

> "ငါလည်းပြုစု၊ ဤကောင်းမှုကြောင့်၊ ယခုဘဝ၊ ရာမျှသက်လုံး၊ ကောင်းဆုံးကုသလ၊ ဒသပါရမီ၊ ဖြည့်ညီမကင်း၊ များခြင်းပွားစီး၊ ဆည်းပူးပြီးမှ၊ စုတိကျသော်၊ ဒီပရပ်ထူး၊ ကျွန်းဦးမြေနု၊ ဇမ္ဗူသပြေ၊ ပင်ရိပ်ဝေတွင်၊ နေဂုဏ်တေဇ၊ တန်ခိုးပသည်၊ ဘူမဒေဝါ၊ ရာဇာဓမ္မရာဇ်၊ နတ်မင်းဖြစ်လျက်၊ တွက်စစ်အသက်၊ နှစ်ရက်ရှည်စွာ၊ မေတ္တေယျာစော၊ ပွင့်သောခါမှ၊ လူ့ဘုံကျ၍၊ အဋ္ဌအင်္ဂါ၊ ပြည့်စုံစွာလျက်၊ ဝီရိယာဓိက၊ နိယတဟိတ်၊ ဗျာဒိတ်တော်ကို၊ ဆင်ရလို၏၊ "–

ဟု ရေးပြု ဆုတောင်းခဲ့လေသည်။

ဤသို့ ဂုဏ်တော်ပေါင်းနှင့် ပြည့်စုံတော်မူသော မုံရွေးဆရာတော်ကြီးသည် အတ္တဟိတ၊ ပရဟိတ အကျိုးစီးပွားတို့ကို ရွက်ဆောင်တော်မူလျက် သက်တော် ၆၉–နှစ်၊ ဝါတော် ၄၉–ဝါအရ သက္ကရာဇ် ၁၁၉၆–ခုနှစ်၊ ဝါဆိုလအတွင်း မင်္ဂလာဘုံသာ ကျောင်းတော်ကြီး၌ အနိစ္စသဘောဖြင့် ရွှေ့လျော စုတိတော်မူရရှာသတည်း။

**(ကျမ်းကိုး)** မင်္ဂလသုတ်ပျို့နှင့် တွဲသော ဆဋ္ဌမမြောက် မုံရွေးဇေတဝန်ဆရာတော်ရေး 'မုံရွေးဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိအကျဉ်း '၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ပိဋကတ်သမိုင်းစာတမ်း၊ ဆုံးမစာပေါင်းချုပ်၊

## သျှင်အတုလစက္က (၁၁၂၅ ခန့်–၁၁၈၅ ခန့် )

ပိဋကတ်ကျမ်းစာ အဖြာဖြာတို့မှ မှတ်သားဖွယ်ရာ ဗဟုသုတတို့ကို ပေါင်းစု၍ လင်္ကာများဖြင့် ရေးသားပြုစုသူမှာ သျှင်အတုလစက္က ဖြစ်၏။ ဆရာတော်သည် ယင်းတော်မြို့တွင် မြို့စားမင်း ဦးပုဆောက်လုပ်သော ကျောင်း၌ သီတင်းသုံးလျက် သံဃာတော်များအား စာပေပို့သ နေလေသည်။ သုမေဓာလင်္ကာ နိဂုံး၌လည်း–

“ လူမျိုးပေါင်းခေါ်၊ ယင်းတော်မည်ရ၊ မြို့ဌာနတွင်း၊ သန့်ရှင်းညီညို၊ သုံးလိုဆန္ဒ၊ အေးမြဝန်းလည်၊ သီတာရည်သို့၊ ”–

ဟုလည်းကောင်း၊

“ ကြည်လင်သန့်ရှင်း၊ သဒ္ဒါခြင်းနှင့်၊ မြို့မင်းမောင်ပု၊ မေရုပဗ္ဗတ၊ တောင်မမျှဘူး၊ ဂုဏ်ရောင်မြူးလျက်၊ ကျေးဇူးလည်းတင်၊ မိခင်မယ်တော်၊ မှည့်ခဲ့ခေါ်၏၊ သုံးဘော်လောက၊ ဖြစ်သမျှ၌၊ အမြိုက်ရသ၊ တိုက်ကျွေးရအောင်၊ ကြံဆောင်လို့လ၊ ဇောမြမြနှင့်၊ ဆောက်ကြတည်ပြီး၊ ကျောင်းကြီးဆောင်ဆောင်၊ ဂုဏ်ရောင်ဝင်းဝါ၊ သင်္ဃာရဟန်း၊ ပျော်ခန်းပတ်လည်၊ လွန်တင့်တယ်လျက်၊ နှစ်သက်ယူကျုံး၊ စုရုံးအုတ်အော်၊ သင်္ဃာတော်ပေါင်း၊ ထေရ်မြတ်လောင်းနှင့်၊ လမ်းကြောင်းသာယာ၊ သာသနာခန်း၊ ဖြည့်စွန်းနေ့ည၊ ပျော်ပါးလှလျက်၊ အတုလစက္က၊ နာမတွင်မည်၊ ငါမထေရ်သည်၊ ”–

ဟုလည်းကောင်း ရေးသားခဲ့ပေသည်။

ဆရာတော်သည် ဗဟုသုတကြွယ်ဝလိုသူတို့ အတွက် နှုတ်ငုံဆောင်ဖွယ်ရာ ဖြစ်သော သုမေဓာလင်္ကာခေါ် ဗဟုသုတလင်္ကာများကို ရေးသားထားလေသည်။ ထိုလင်္ကာများကို –

“ ခေါ်မည်ကောဇာ၊ ထောင်ကသာ၍၊ တစ်ရာကကယ်၊ ခုနစ်ဆယ်လွန်၊ ငါးခုစွန်တွင်၊ ထက်ဝန်းကျင်လုံး၊ နှင်းရည်ဖုံးလျက်၊ မိုးလုံးသက်တည်၊ လေပြည်တလိုက်၊ မိုးတပြိုက်နှင့်၊ နှင်းဝိုက်လည်သော်၊ စက်မပျော်တွင်၊ ဘဝင်မကျ၊ လူတိုင်းတ၍၊ ချမ်းမြရွှန်းစို၊ ပြာသိုလပြည့်၊ အလည်တည့်သော်၊ လဝန်းပေါ်မှာ၊ ”–

စသည်ဖြင့် ရေးဖွဲ့ထားသောကြောင့် သက္ကရာဇ် ၁၁၇၅–ခု၊ ပြာသိုလပြည့်နေ့တွင် ရေးသား ပြီးစီးကြောင်း သိရ၏။ ဆရာတော်၏ အတ္ထုပ္ပတ္တိကို ဤမျှသာ တွေ့ရသေးသည်။

**(ကျမ်းကိုး)** သုမေဓာလင်္ကာ နိဂုံး ၊

## မုန်တိုင်ပင် ဆရာတော် ( ၁၁၄၀–၁၂၂၁ )

ပိဋကတ်သုံးပုံတို့မှ မှတ်သားဖွယ်ရာ အဖြာဖြာတို့ကို လင်္ကာသံပေါက်တို့ဖြင့် ကျမ်းများကို ပြုစုတော်မူသော မုန်တိုင်ပင်ဆရာတော်သည် သက္ကရာဇ် ၁၁၄၀–ပြည့်နှစ်၊ တော်သလင်းလဆန်း ငါးရက် ဗုဒ္ဓဟူးနေ့ နံနက် တစ်ချက်တီးကျော် အချိန်တွင် ဖွားမြင်တော်မူသည်။ ဤသည်ကို ရည်၍ သုံးပုံဟင်းလေးကျမ်း နိဂုံး၌–

"ဇက်နှစ်လုံးနောက်၊ လောက်လေလေးခု၊ တည်မှုသုည၊ လုံးဇကတည့်၊ လမှာတော်သလင်း၊ ဆန်းခြင်းငါးရက်၊ နံနက်အခါ၊ နေ့မှာဗုဒ္ဓဟူး၊ ဆန်းထူးနေတက်၊ တစ်ချက်တီးကျော်၊ ပါဒ်သော်နှစ်ပါဒ်၊ ဆယ့်လေးရပ်ဗီဇနော၊ တစ်ပြန်ခရာ ပြည့်လျက်၊ ကန်လဂ်တူစန်း၊ တစ်ခန်းမှတ်ရန်၊ ကန်နှင့်တြင်း၊ သိဟ်နဝင်းတည်း၊ စီးလျှင်းနက္ခတ်၊ ဆယ့်သုံးရပ်တည့်၊ ပါဒ်လဂ်အစီး၊ အပြီးခြောက်ဖဝါး၊ ရောက်ငြားတစ်နာရီ၊ အချိန်ဤတွင်၊　၊ လူစင်ရဟန်း ဖြစ်သတည်း။"

ဟူ၍ ရေးသားတော်မူခဲ့လေသည်။

ဆရာတော်လောင်းလျာသည် ၁၀–နှစ်သားအရွယ် ရောက်လျှင် မိဘနှစ်ပါးတို့က မုန်တိုင်ပင်ရွာ ဆရာတော် သျှင်အာစာရမ္မမထေရ်ထံတွင် အပ်နှံ၍ စာပေများကို သင်ကြားစေသည်။ သို့ရာတွင် သူငယ်မှာ အိမ်မှုကိစ္စ ဗာဟိရအလုပ်တို့ကို လုပ်ကိုင်နေရသဖြင့် ကျောင်းသို့ မှန်ကန်စွာ မလိုက်နိုင်ခဲ့ရှာပေ။

ဆရာတော်သည် ငယ်စဉ်ကလေးဘဝက ကျွဲကိုလည်း ကျောင်းရသည်။ နွမများနှင့် အတူလိုက်၍ ပေါင်းကိုလည်း သင်ရသည်။ လယ်ကိုလည်း စောင့်ရသည်။ ဤကဲ့သို့ ကျွဲကျောင်း ပေါင်းသင် အလုပ်ဖြင့် လယ်ယာအလုပ်တို့ကို လုပ်ကိုင်နေရငြားသော်လည်း သူငယ်သည် စာပေသင်ကြားလိုမှု၌ ဆန္ဒကြီးမားလှသူ ဖြစ်ရာ ကျွဲပေါ်မှာပင် စာပေကို လေ့ကျက်ခဲ့၏။ ပေါင်းသင်ရင်းလည်း မှတ်သားခဲ့၏။ လယ်စောင့်ရင်းလည်း ရွတ်အံခဲ့၏။ ထိုအကြောင်းကို ဆရာတော်ကိုယ်တိုင် သုံးပုံအိတ်ထောင့်ကျမ်း နိဂုံး၌–

"ပညာနုသေး၊ မောဟမေး၊ ရှေးရှေးငယ်အခါ ။
တရားကိုပင်၊ ချစ်စုံမင်၊ သင်အံကျွဲပေါ်မှာ ။
နွမအများ၊ အတူသွား၊ လယ်ကြားပေါင်းသင်ရာ ။
ထိုခါမပြတ်၊ သင်အံမှတ်၊ အားလပ်မနေပါ ။
ကျွဲကိုလည်းကျောင်း၊ ပေါင်းကိုလည်းသင်၊ လယ်စောင့်သွင်၊ သင်အံဆည်းပူးရာ ။
မေ့မေ့လျော့လျော့၊ ပေါ့တော့တော့၊ ဘော်ကြော့မနေပါ ။"–

ဟူ၍လည်း ဝန်ခံမိန့်ကြားခဲ့လေသည်။

ဤကဲ့သို့ အလုပ်တွေ များပြားသည့် အကြားမှ ကြိုးစားလေ့ကျက်ခဲ့သဖြင့် စာပေကျမ်း ဂန်တို့၌ တတ်ကျွမ်းလာသော အခါတွင် "ငါ၏နည်းတူ၊ ခဲလေမူ၊ လွယ်ကူတတ်လေပါ။"မည်ဟူသော ဩဝါဒကိုလည်း ပေးတော်မူခဲ့ပါသည်။

ဆရာတော်၏ လောင်းလျာ သတိုးသားသည် အသက် ၁၆–နှစ်သား အရွယ်တွင် သာမဏေ ဘောင်သို့ ဝင်ရောက်သည်။ ဆရာတော်ကလည်း "ခြောက်နှစ်စွန်းကယ်၊ သက်တစ်ဆယ်၊ သျှင်ငယ်ဖြစ်သည်သာ။"ဟု မှတ်သားတော်မူခဲ့၏။ သာမဏေပြုသောအခါ ဘွဲ့မည်မှာ သျှင်ပရမ ဟူ၍ ဖြစ်သည်။

သာမဏေသျှင်ပရမသည် အသက် ၂၀–ပြည့်သော်လည်း ရဟန်းဘောင်သို့ မရောက်ဘဲ အသက် ၂၃–နှစ် အရွယ်ရောက်မှ သက္ကရာဇ် ၁၁၆၃–ခုနှစ်၊ တန်ခူးလဆန်း ၁၀–ရက်၊ သောကြာနေ့ တွင် ကွမ်းအုံဆရာတော်ကြီး သျှင်ဥတ္တမာစာရကို ဆရာပြု၍ မုန်တိုင်ပင်ရွာ အရှေ့ဘက် လေးဖာလုံ ခန့်အကွာ အင်ပင်ရွာဦးထိပ်ရှိ မူးမြစ်နဒီသိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူ၏။ ထို့ကြောင့်

သုံးပုံဟင်းလေးကျမ်း နိဂုံး၌–

“ ကောဇာသက္ကရာဇ်၊ ဇော်နှစ်လုံးခံ၊ ခြောက်သုံးရံလျက်၊ လမွန်တန်ခူး၊ ဆန်းဦးတက်ရောက်၊ သောကြာနေ့တိမ်း၊ ညချမ်းယိမ်းဝယ်၊ နှစ်ဆယ့်ခုနစ်ဘဝါး၊ ဆာယာသွားတွင်၊ ရွာအင်ပင်၏၊ ရှေ့ခွင်မျက်နှာ၊ မဝေးကွာသား၊ သာယာရိပ်ငြိမ်၊ နဒီသိမ်၌၊ အချိန်သင့်ရောက်၊ ပဋ္ဌင်းမြောက်သည်၊ ”–

ဟူ၍ ရေးသား ဖွဲ့ဆိုတော်မူခဲ့၏။ ရဟန်းဖြစ်တော်မူသောအခါ ဘွဲ့တော်ကို နံသင့်အက္ခရာဖြင့် သျှင်ဝံသပါလဟူ၍ ပြောင်းလဲ ခေါ်တွင်လေသည်။

ရဟန်းတော် သျှင်ဝံသပါလသည် သက္ကရာဇ် ၁၁၆၈–ခုနှစ်၊ ရဟန်းလေးဝါ အရတွင် ဖခင်ဖြစ်သူ ဒါယကာကြီး ဆောက်လုပ်လှူဒါန်းသော ကျောင်း၌ နေတော်မူရသည်။ ခမည်းတော်ကြီးက ပစ္စည်းလေးပါးတို့ဖြင့်လည်း ထောက်ပံ့လှူဒါန်းသည်။ ထို့နောက်တွင်ကား မင်းနေပြည်သို့ ကြွရောက်၍ ပညာရှာမှီးသေးသည်ဟု ယူဆရသည်။

ဤနေရာ၌ အခြားသော အတ္ထုပ္ပတ္တိများတွင် ဘိုးတော်မင်းတရားလက်ထက်၌ သားတော် အိမ်ရှေ့မင်းတရားက အင်းဝမြို့ အရှေ့တောင်ထောင့် အရပ်၌ မင်္ဂလာရွှေဘုံမိုးထိ ကျောင်းဟူသော အမည်ဖြင့် ကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းသည် ဆို၏။ ဘိုးတော်မင်းတရားကလည်း ‘ ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ’ ဘွဲ့တံဆိပ်ကို ဆက်ကပ်သည်ဟုလည်း ဆိုသည်။ ဤအဆိုတို့သည် ဆရာတော်ကိုယ်တိုင် ရေးသားခဲ့သော သုံးပုံတံချူကျမ်းနှင့် သုံးပုံအိတ်ထောင့်ကျမ်း နိဂုံးလာ စကားတို့နှင့် ဆန့်ကျင်လျက် ရှိလေသည်။

ဤသို့ ဆန့်ကျင်သည် ဆိုရခြင်းမှာလည်း ထိုခေတ်တွင် မုံတောဆရာတော်နှင့်မုန်တိုင်ပင်ဆရာတော်ဟူ၍ နှစ်ပါးရှိနေသောကြောင့်လည်း ဖြစ်၏။ မုံတောဆရာတော်သည် ဘိုးတော်မင်းတရားလက်ထက် သာသနာပြုအဖွဲ့တွင် ဝန်ဆောင်ဆရာတော်တစ်ပါး ဖြစ်သည်။ မုံတောဆရာတော်၏ အတ္ထုပ္ပတ်ကို သက္ကရာဇ် ၁၂၁၃–ခုနှစ်က မင်းလှသီရိသီဟသူ ရေးသားသော ဆရာတော် ၁၀၅–ပါး စာရင်း၌ ထည့်သွင်း ရေးသားထား၏။ ထိုဆရာတော်သည် သက္ကရာဇ် ၁၁၀၂–ခုနှစ်တွင် မုံတောရွာ၌ မွေးဖွားသည်။ အဖဦးဖျော် ဖြစ်၏။ အမရပူရ ဘိုးတော်မင်းတရား၏ သားတော် အိမ်ရှေ့မင်းက ကိုးကွယ်၍ ‘ ဝံသာဘိလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ’ ဟူသောဘွဲ့တံဆိပ်ကို ကပ်လှူကြောင်း ဆိုပေသည်။

ဖော်ပြပါ အတ္ထုပ္ပတ်ကို ယူ၍ မုံတောနှင့် မုန်တိုင်ပင်ဆရာတော်တို့ကို အတူဟု ယူဆကာ ရောထွေး တင်ပြခဲ့ကြ၏။ ထို့ကြောင့် ဆရာတော်နှစ်ပါးလုံး၏ ဖခင်မှာလည်း ဦးဖျော်ချည်း ဖြစ်နေတော့သည်။ မူလရေးသားသော မင်းလှသီရိသီဟသူ၏ အမှတ်အသားများသည်ပင် သံသယဖြစ်ဖွယ်ရာများ ရှိနေပေသည်။ မုံတောဆရာတော်၏ ဘွဲတံဆိပ်ကို အမေးတော်ဖြေကျမ်း နိဒါန်း၌ ‘ဇနိန္ဒာဘိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ’ ဟူ၍ သာသနဝံသပ္ပဒီပိကာကျမ်း၌ ပါကြောင်း ဆိုထား၏။ ဤသို့ဆိုလျှင် မုံတောဆရာတော်၏ ဘွဲ့တံဆိပ်မှာလည်း မုန်တိုင်ပင်ဆရာတော်၏ ဘွဲ့တံဆိပ်နှင့် ရောထွေးနေကြောင်း ဆုံးဖြတ်ရပေတော့မည်။

မုန်တိုင်ပင်ဆရာတော်သည် ၁၁၈၆–ခု၊ တန်ဆောင်မုန်းလတွင် မုန်တိုင်ပင်ရွာ၌ သီတင်းသုံးတော်မူ၍ အရပ်ရပ်မှ လာရောက်ကြသော စာသင်သားတို့အား စာပေပို့ချတော်မူလေသည်။ ထိုအခါ ဘကြီးတော်မင်းတရားက ရွှေမြို့တော်၏မြောက် ဖ၈–ရွာတို့၌ အကြီးအမှူးဆရာတော် အဖြစ် တင်မြှောက်တော်မူ၏။ ဆရာတော်အား ‘ ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇဂုရု ’ ဟူသော ဘွဲ့တံဆိပ်ကိုလည်း ဆက်ကပ်လှူဒါန်းလေသည်။ ဤသည်တို့ကို ရည်၍ သုံးပုံအိတ်ထောင့်ကျမ်း နိဂုံး၌–

“ ကောဇာသက္ကရာဇ်၊ နှစ်လုံးဇော်၊ ရှစ်နှစ်ခြောက်ခုဝယ် ။
ဥတုဟေမန္တ၊ ကထိန်လ၊ ချမ်းစထိုခါဝယ် ။

မုန်တိုင်ပင်ဟု၊ ခေါ်တွင်မယွင်း၊ ဂုဏ်သတင်း၊ ပျံ့ခြင်းပန်းသဖွယ် ။
ရပ်ထက်ဝန်းကျင်၊ စာသင်သမား၊ ရောက်လာငြား၊ ရေဆိပ်နွားသဖွယ် ။
ဘယ်တွင် မဆုံး၊ တအုန်းအုန်း၊ ပိတုန်းပျားသဖွယ် ။–

ဟူ၍ စပ်ဆိုထားပေသည်။

ဆရာတော်သည် ဖော်ပြပါ ဘွဲ့တံဆိပ်တော်ကို သက္ကရာဇ် ၁၁၉၁–ခု၊ တော်သလင်းလ၏ ဤမှာဘက်တွင် ရရှိသည်ဟု ဆိုရပေမည်။ ထိုနေ့စွဲဖြင့် ရေးသားသော သုံးပုံတံချူကျမ်း နိဂုံးတွင်မူ "မုန်တိုင်ပင်ရွာ၊ ရပ်ဂါမာ၌၊ ဝံသာဘိလင်္ကာရ၊ ဓဇနောက်လာ၊ မဟာရာဇဂုရု၊ ခြောက်ခုအက္ခရာ၊ တံဆိပ်စာနှင့်၊ "ဟူ၍ ဖွဲ့ဆိုထားသောကြောင့် ဆရာတော်၏ ပထမဘွဲ့တံဆိပ်တော်ကို သိမှတ်ရ၏။

ဒုတိယမြောက် ဘွဲ့တံဆိပ်ကိုကား ထိုသက္ကရာဇ် တပို့တွဲလတွင် ရေးသားပြီးစီးသော သုံးပုံအိတ်ထောင့်ကျမ်း နိဂုံး၌ "ဝံသာဘိလင်္ကာရ၊ ခေါ်တွင်ထ၊ ဓဇပုဒ်အလယ်။ မဟာဓမ္မရာဇဂုရု၊ သမာသ်စု၊ တွဲမူ နောက်ပုဒ်ဝယ်။ "ဟု ရေးသားထားဖြင့် သက္ကရာဇ် ၁၁၉၁–ခု၊ တော်သလင်းလနှင့် တပို့တွဲလအကြား ဒုတိယမြောက် ဘွဲ့တံဆိပ်တော်ကို ရရှိသည်ဟု ဆိုနိုင်ခြင်း ဖြစ်၏။

အခြားအမှတ်အသားတို့၌ ဆရာတော်၏ ဘွဲ့တံဆိပ်တော်ကို အမျိုးမျိုး ရေးမှတ်ကြ၏။ ၎င်းတို့ ရေးမှတ်သော ဘွဲ့တံဆိပ်များမှာ ထိုခေတ်၏ ဘွဲ့တံဆိပ်ပေးမှု စည်းကမ်းကို ကျော်လွန်နေသော ပုဒ်များ ပါရှိနေလေသည်။ ထိုခေတ်မှ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ် ရဟန်းတော်တို့အား ဘွဲ့ပေးမှု စည်းစနစ်များကို အမေးတော်ဖြေကျမ်း၌ တွေ့မြင်နိုင်လေသည်။

ထို့ကြောင့် မုန်တိုင်ပင်ဆရာတော်၏ "တံဆိပ်နှစ်ထပ်၊ ဘွဲ့နှစ်ထပ်၊ နှစ်ရပ်ဘွဲ့သညာ" ဟူသော ကဗျာအဖြေမှာ 'ဝံသာဘိလင်္ကာရဓဇ မဟာရာဇဂုရု 'ဟူသော ပထမဘွဲ့တံဆိပ်တော်၊ 'ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇဂုရု 'ဟူသော ဒုတိယတံဆိပ်တော်တို့ ဖြစ်ကြပေသည်။

မုန်တိုင်ပင်ဆရာတော်သည် ပိဋကတ်သမိုင်းစာတမ်း၌ ငါးရာ့ငါးဆယ်ဇာတ်တော်ကြီးကို လည်း စကားပြေ ပြန်ဆိုရေးသားကြောင်း တွေ့ရှိရ၏။ ထို့ပြင် ဆရာတော်၏ ဘွဲ့တံဆိပ်တော် နာမည်ဖြင့် ဝိသတိနိပါတ်နှင့် တိံသနိပါတ်ဇာတ်အဋ္ဌကထာတို့ကိုလည်း နိဿယပြန်ဆိုရေးသား ကြောင်း တွေ့ရှိရပြန်လေသည်။

ဆရာတော်သည် ပိဋကတ်သုံးပုံတို့မှ ကျင့်ကြံမှတ်သားဖွယ်ရာတို့ကိုလည်း စုစည်း၍ သံပေါက်စသော ကဗျာဖွဲ့ထုံး ဥပဒေများဖြင့် ရေးသားပြုစုတော်မူသည်။ ဆရာတော် ရေးသားသော ကျမ်းတို့မှာ သုံးပုံတံချူကျမ်း၊ သုံးပုံဟင်းလေးကျမ်း၊ သုံးပုံလှေကားကျမ်း၊ သုံးပုံတံတားကျမ်း၊ သုံးပုံအိတ်ထောင့်ကျမ်း စသည်တို့ ဖြစ်ပေသည်။

မုန်တိုင်ပင်ဆရာတော်ကြီးသည် သက္ကရာဇ် ၁၂၂၁–ခု၊ ပြာသိုလပြည့်ကျော် ၁၁–ရက် နေ့တွင် သက်တော် ၈၂–နှစ်သို့ အကူး၌ ရွှေ့လျောစုတိတော်မူရရှာသတည်း ။

**( ကျမ်းကိုး )** သုံးပုံတံချူကျမ်း သုံးပုံအိတ်ထောင့်ကျမ်းနှင့် နိဒါန်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ အမေးတော်ဖြေကျမ်း၊ ပိဋကတ်သမိုင်းစာတမ်း၊

## **စဥ့်ပါဆရာတော်** ( ၁၁၄၀ ခန့်–၁၂၁၀ ခန့် )

ဓမ္မနီတိချိုးတို့ကို ရေးသားသော စဥ့်ပါဆရာတော်ကား စစ်ကိုင်းနယ် မန်ကျည်းစင်ရွာ ဇာတိဖြစ်သည်။ ငယ်မည်တော်ကို မောင်ရွှင်ဟု ခေါ်သည်။ ရဟန်းဘောင်သို့ ဝင်ရောက်သောအခါ၌ စစ်ကိုင်းမြို့ စဥ့်ပါတောရ၌ သီတင်းသုံးနေတော်မူသောကြောင့် စဥ့်ပါဆရာတော်ဟု ခေါ်တွင်သည်။

စဥ့်ပါဆရာတော်သည် ဘကြီးတော်မင်းတရားနှင့် သာယာဝတီမင်းတို့ လက်ထက် သက္ကရာဇ် ၁၁၈၁–ခုမှ ၁၂၀၈–ခုနှစ်အတွင်းလောက်တွင် ကျော်ကြားထင်ရှားသောဆရာတော် ဖြစ်ပေသည်။

စဥ့်ပါဆရာတော်သည် လူ၏လက္ခဏာရုပ်ဟော ဖြစ်သော သာမုဒြိကပျို့ကိုလည်း ရေးသားတော်မူ၏။ ထို့ပြင်ရတုများ၊ မေတ္တာစာများကိုလည်း ရေးသားသည်။ ဆရာတော့်အတွက် ထင်ရှားလာသော စာများကား ဓမ္မနီတိချိုးများ ဖြစ်ပေသည်။ ဓမ္မနီတိကျမ်းသည် အိန္ဒိယနိုင်ငံမှ မူရင်းသက္ကဘာသာဖြင့် ရှိသော ကျမ်းဖြစ်၏။ ထိုကျမ်းသည် ဘိုးတော် ဗဒုံမင်းလက်ထက် မတိုင်မီက မြန်မာပြည်သို့ ရောက်ရှိခဲ့ဟန်တူသည်။ ဂါထာ ၃၁၄–ပုဒ်မျှ ရှိ၏။ ဗဒုံမင်းလက်ထက် ၁၁၄၅–ခုနှစ်တွင် တောင်ဘက်တိုက်ဝန်မင်း တောင်းပန်သောကြောင့် ဗားကရာဆရာတော်ကြီးက နိဿယပြန်ဆိုခဲ့၏။ စဥ့်ပါဆရာတော်သည် ထိုဓမ္မနီတိ နိဿယကို လွယ်လင့်တကူ အာဂုံဆောင်ရွက် လေ့ကျက်နိုင်ရန်အတွက် ကွန်းထောက်သဖြန် အသွားမျိုးဖြင့် ဓမ္မနီတိချိုးများကို ရေးသားတော်မူလေသည်။

ထိုဓမ္မနီတိချိုးများကို ရေးသားပြီးသော နှစ်မှာ ဓမ္မနီတိချိုးပုဒ်ရေ ၁၆၆–၌ –

“ သက္ကရာဇ်မှာကောင့်၊ ဧအေစ်ကယ် စဥ်စီ၊ ။ အင်္ဂဆင့်ကယ် ယှဉ်ပြိုင်သင့်၊ ကဲမြင့်နောက်ဆီ၊ ။ စက်ရာသီ၊ ခါမှီတူတွင်း၊ ။ ပထမာဇေယျာ တိထီရက်ကယ်၊ သုံးချက်ချိန်ကြွင်း။ ။ ” –

ဟု စပ်ဆိုထားသောကြောင့် သက္ကရာဇ် ၁၁၈၆–ခု၊ သီတင်းကျွတ်လဆန်း တစ်ရက်၊ သုံးချက်တီးအချိန်တွင် ရေးသားပြီးစီးကြောင်း သိရှိရ၏။

စဥ့်ပါဆရာတော်၏ ဓမ္မနီတိချိုးသည် အစပ် အသတ်တို့ကို များစွာ ဂရုမထားဘဲ လိုရင်းအဓိပ္ပာယ်ကိုသာ ထိရောက်အောင် လေးနက်စွာ စပ်ဆိုထား၏။ ထို့ကြောင့် စကားလုံး ဝေါဟာရတို့မှာ လုပချော့မွေ့လျက် နှစ်သက်ဖွယ် ကန္တိဂုဏ်နှင့် ပြည်စုံပါသတည်း။

**( ကျမ်းကိုး )** ဆုံးမစာပေါင်းချုပ်၊ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ ပိဋကတ်သမိုင်းစာတမ်း၊

## ရွှေကျောင်းဦးပညာ ( ၁၁၄၀ ခန့်–၁၂၀၀ ခန့် )

ဆရာတော်ဦးပညာသည် သက္ကရာဇ် ၁၁၈၁–ခုနှစ်တွင် စတုတ္ထအင်းဝမြို့နန်းကို တည်ထောင်တော်မူသော မဟာဝိဇယရံသီစေတီတော်ဒါယကာ ဘကြီးတော်မင်းတရား လက်ထက်၌ မင်းလှျုသော ရွှေကျောင်းတွင် သီတင်းသုံးနေတော်မူသည်။ ဤသည်ကို စွဲ၍ ရွှေကျောင်းဆရာတော် ဦးပညာဟု ခေါ်တွင်ခြင်း ဖြစ်လေသည်။

ဆရာတော်သည် မင်းလှျုသော နေပြည်တော်ရှိ ရွှေကျောင်းမှ ဖဲခွာခဲ့၍ ဆံရစ်(ဇရစ်) ရွာသို့ ကြွရောက်၍ သီတင်းသုံးနေတော်မူသည်။ ဆံရစ်ရွာတွင် နေတော်မူရာ၌ သံ သစ်သား လုံးဝမပါဘဲ ကြိမ်ဖြင့် ဖွဲ့ချည်၍ ဆောက်လုပ်သော ဝါးညိုကျောင်းကလေး၌ နေတော်မူသည်။ ဆရာတော်သည် ထိုဝါးကျောင်းကလေး၌ နေတော်မူစဉ် ၅၃–ပုဒ်ရှိသော မာတောဝါဒဆုံးမစာကို ရေးသားစပ်ဆိုတော်မူသည်။ ထိုအကြောင်းကို ဆုံးမစာ နိဂုံး၌–

> “ ဇလီပျဉ်ယောင်၊ မထောင်မမိုး၊ တင့်စနိုးလည်း၊ မမိုးအုတ်ကြွပ်၊ သံနှင်စပ်က၊ အပ်မျှမထိ၊ ပျော့ပျော့အိသည်၊ မီကျီး ဖယောင်း၊ ကြိမ်ညွှတ်ကောင်းကို၊ အစောင်းနှစ်ဖက်၊ ညီစွာရက်မှ၊ ဆစ်မျက်မရုံး၊ ခွေလိုက်ဖုံးသည်၊ ထုံးနိဿယဉ်း၊ သန္တာစီးသို့၊ ကမ္ဗည်းမလပ်၊ အမိုးကပ်လည်း၊ တစပ်တည်းကျ၊ လေးသစ်မျှလျက်၊ သာလှရိပ်ကောင်း၊ ဝါးညိုကျောင်း၌၊ နေအောင်းမကွာ၊ သူတော်ငါလျှင်၊ ”–

စသည်ဖြင့် ရေးဖွဲ့ထားလေသည်။

ရွှေကျောင်းဦးပညာသည် မှုံမတ်မျိုးနွယ်မှ ဆင်းသက်မွေးဖွားသည်ဟု စစ်ကိုင်းမြို့ မိဇာဈေးနေ အမှာတော်ရေး ဦးသင်း၏ မှတ်စုတွင် တွေ့ရသည်။ သို့ရာတွင် မိဘမည်ရည်စသည်ကိုကား မတွေ့ရဘဲ ရှိပေသည်။ ဆရာတော်ဦးပညာ ရေးသားသော မာတောဝါဒဆုံးမစာ လင်္ကာများမှတစ်ပါး အခြားစာများ ရှိနိုင်သေးသော်လည်း ယနေ့အထိကား မတွေ့ကြရသေးချေ။

**( ကျမ်းကိုး )** ဆုံးမစာပေါင်းချုပ်၊

## တောပုသျှင်ဥက္ကံသမာလာ (၁၁၄၀ ခန့်–၁၂၀၀ ခန့်)

သျှင်ဥက္ကံသမာလာဆရာတော်သည် မုံရွာမြို့နယ် မုံရွေး ကြေးမုံအနီး တောပုရွာ မြောက်ကျောင်း၌ သီတင်းသုံးနေသော ဆရာတော်တစ်ပါး ဖြစ်သည်။ မိဘမည်ရည်နှင့် ဖွားသက္ကရာဇ်စသည်ကို ရှာဖွေ၍ မရသေးချေ။

ဆရာတော်သည် ဘိုးတော်ဗဒုံမင်းတရားနှင့် ဘကြီးတော်မင်းတရား လက်ထက်ထက်တွင် ထင်ပေါ်ကျော်စောလာသော ဆရာတော်တစ်ပါး ဖြစ်သည်။ ဆရာတော်သျှင်ဥက္ကံသမာလာ ဟူသော ဘွဲ့အမည်နှင့် ဆရာတော်နှစ်ပါးကို စာဆိုတော်သမိုင်း၌ တွေ့ရှိရ၏။ ယခုဖော်ပြသော ဆရာတော်၏ အထက် အနှစ်၁၀၀–နီးပါးခန့်ကလည်း ဆရာတော်တစ်ပါး ပေါ်ပေါက်ခဲ့ရာ ထိုဆရာတော်ကို ‘ ရွာကြီးသျှင်ဥက္ကံသမာလာ ’ ဟု သိမှတ်ခေါ်ဝေါ်ကြ၏။ ယခုဆရာတော်ကိုကား ‘ တောပုသျှင်ဥက္ကံသမာလာ ’ ဟူ၍ သတ်မှတ် ခေါ်တွင်ကြ၏။

တောပုသျှင်ဥက္ကံသမာလာသည် သက္ကရာဇ် ၁၁၈၀–ပြည့်လောက်တွင် ပေါ်ထွန်းလာသောကြောင့် မုံရွေးဇေတဝန်ဆရာတော်တို့နှင့် ခေတ်ပြိုင်ဟု ဆိုရပေမည်။ ဆရာတော်သည် လောကီနှင့် လောကုတ္တရာ နှစ်ဖြာသော အရေးတို့တွင် လောကုတ္တရာ ဓမ္မအရေး၌သာ အားပြုလေးစားတော်မူဟန် ရှိသည်။ ထို့ကြောင့်ပင် သက္ကရာဇ် ၁၁၈၅–ခုနှစ်တွင် ရှင်ဘုရင်က ရာဇဂုရု ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းမည် ပြုရာတွင် ခံယူတော်မမူဘဲ ရှောင်လွှဲ၍ တောပုရွာ တောအရပ်ကျောင်း၌သာ သီတင်းသုံးနေခဲ့လေသည်။

ဆရာတော်သည် မေတ္တာစာကို ရေးသားသဖြင့် စာဆိုသမိုင်းတွင် ထင်ရှားတော်မူခဲ့၏။ အခြားမည်သည့်စာမျိုးကို ရေးသားသေးသည်ဟုကား မတွေ့ရဘဲ ရှိပါသည်။

**( ကျမ်းကိုး )** စာဆိုတော်များ အတ္ထုပ္ပတ္တိ ၊ မြန်မာစာပေသမိုင်း ၊

## ဆရာတော်ဦးဖုဓ်  ( ၁၁၄၉–၁၂၀၄ )

ဆရာတော်ဦးဖုဓ်သည် ဗဒုံမြို့ကျေး ညောင်ကန်ရွာ သာခေါင်ရပ်၌ အဖဦးအို၊ အမိဒေါ်မွေးတို့မှ သက္ကရာဇ် ၁၁၄၉–ခု၊ နယုန်လပြည့်ကျော် ငါးရက် အင်္ဂါနေ့တွင် မွေးဖွားသန့်စင်ခဲ့ပေသည်။ ဆရာတော်၏ မွေးဖွားရာဒေသကို ပခန်းကြီးမြို့ စီရင်စု သဲအင်းရွာဟုလည်းကောင်း၊ ညောင်ကန် အရှေ့တောင်ယွန်း နှစ်မိုင်ခန့်အကွာ ဒန့်တိုင်ရွာဟုလည်းကောင်း အမှတ်အသား အမျိုးမျိုး ရှိသည်။ သို့ရာတွင် ဆရာတော်ကိုယ်တိုင် “ ဇောဓောဒမိ သုတောဂါမေ၊ ဇာတေန ဇာတိယာ မတာ၊ ” ဟု ဂါထာဖွဲ့စီခဲ့သောကြောင့် ညောင်ကန်ရွာကိုသာ အတည်ပြုဖော်ပြရခြင်း ဖြစ်ပေသည်။

ဆရာတော်၏ ငယ်နာမည်မှာ မောင်ပုပ်ဖြစ်သည်။ ထိုနာမည်ကို မှည့်ခေါ်ခြင်းမှာလည်း မွေးဖွားပြီးစ လပိုင်းအရွယ်တွင် လငပုပ်ဖမ်းသည်ကို အစွဲပြု၍ မောက်ပုပ်ဟု ခေါ်ကြောင်း ညောင်ကန်သာသနာဆက်စာတမ်းတို့၌ ဆိုလေသည်။ ဦးဖုဓ်ဟူသော နာမည်မှာ နောက်နှောင်းကာလ၌ ပြောင်းလဲ ခေါ်တွင်လာသော အမည် ဖြစ်၏။ ပါဠိဘာသာဖြင့် ဗုဓသဒ္ဒါသည် ပညာရှိဟူသော အနက်ကို ထွန်းပြသောကြောင့် ပါဠိသတ်နာမည်အဖြစ် ပြောင်းလဲ၍ ဆရာတော်ဦးဖုဓ်ဟု ယနေ့တိုင် ခေါ်တွင်နေကြလေသည်။

မောင်ပုပ် ရှစ်နှစ်သားအရွယ် ရောက်သောအခါ မိဘနှစ်ပါးတို့က ညောင်ကန်ရွာ အနောက်တိုက်ခေါ် ရတနာမဥ္ဇူတိုက် ဘုန်းတော်ကြီး ဦးပြေထံ အပ်နှံ၍ စာပေများကို သင်ကြားစေလေသည်။

မောင်ပုပ်သည် ကျောင်းသားအရွယ် ငယ်စဉ်ဘဝကပင် စာပေကို အထူးဝါသနာပါလှ၏။ မှတ်ဉာဏ်လည်း အလွန်ကောင်းမွန်လှသဖြင့် အကြောင်းအရာ တစ်ခုကို သုံးကြိမ်ခန့်ကြားနာမိလျှင် တစ်သက်တာ မေ့ပျောက်ခြင်း မရှိတော့ဟု ဆိုသည်။ သူငယ်သည် စကားလည်း အလွန်နည်းသည်။ ကျောင်းသွား ကျောင်းပြန်ဆိုလျှင် အခြားကျောင်းသားများနှင့် စကားပြောသည်ဟူ၍ မရှိဘဲ မိမိရရှိထားသော စာများကို ပြန်ဆို၍ သွားတတ်လေသည်။

သူငယ်သည် စာပေရွတ်ဖတ်သံမှ လွဲ၍ အခြားကိစ္စမျိုး၌ အသံထွက်၍ စကားပြောရမည်ကို ဝန်လေးလှသူ ဖြစ်သည်။ ထို့ကြောင့်လည်း နောင်အခါ၌ ဖလ်နန်းရှင် ဘကြီးတော်မင်းတရားနှင့်မိဖုရားခေါင်ကြီး မယ်နုတို့က ဆရာတော်အား နိရောသေမာပတ် ဝင်စားနေသော ရဟန္တာကြီးနှင့် နှိုင်းဆိုခဲ့ကြခြင်း ဖြစ်ပေသည်။

မောင်ပုပ် ၁၃–နှစ်သား အရွယ်ရောက်လျှင် လက်ရှိဆရာဖြစ်သော ဘုန်းတော်ကြီး ဦးပြေက “ မောင်ပုပ်သည် ဉာဏ်စွမ်း အလွန်လျင်မြန်သူ ဖြစ်သည်၊ ပညာရည် ပိုမိုထူးချွန်ရန်အတွက် ထက်မြက်သော ဆရာအထံ၌ ပြောင်း၍ အပ်နှံမည်။ ” ဟုဆိုကာ ဆရာတော် ဦးသာပုံဟု ခေါ်သော သျှင်မုနိန္ဒသာရ မထေရ်ထံ၌ ပြောင်း၍ အပ်နှံပြန်သည်။ ညောင်ကန်သာသနာဝင်တွင် ဆရာတော် ဦးသာပုံထံသို့ ရောက်သောအခါ၌ ဆရာတော်က မောင်ပုပ်၏ ထက်မြက်သော အသိပညာရှိမှုကို အစွဲပြု၍ မောင်ဖုဓ်ဟု နာမည်ပြောင်းပေးကြောင်း ဆိုသည်။

မောင်ဖုဓ် ၁၃–နှစ်သား အရွယ်မှာပင် မိဘနှစ်ပါးတို့က သာမဏေဘောင်သို့ ပို့ဆောင်သွတ်သွင်း ပေးကြ၏။ သာမဏေပြုသောအခါ၌ ဘွဲ့မည်ကို သျှင်ဇမ္ဗုဓဇဟု မှည့်ခေါ်သည်။ ကိုရင်ဖုဓ်သည် သာမဏေဝတ်၍ ရက်လအနည်းငယ်ကြာလျှင် အဖျားရောဂါ ပြင်းထန်စွာ ခံစားရသဖြင့် လူဝတ်လဲ၍ အိမ်၌ ကုသမှုကို ခံယူရ၏။ သို့နှင့် အဖျားရောဂါသက်သာလာလျှင် မောင်ဖုဓ်မှာ စာနှင့်ကင်း၍ မနေတတ်သဖြင့် နာလုန်ထစမှာပင် ပါဠိအဘိဓာန်ကျမ်းကို ကျက်မှတ်ခဲ့၏။ ပါဠိအဘိဓာန်ကျမ်းမှ ဂါထာ ၁၂၀၃–ပုဒ်တို့ကို ထိုအချိန်မှာပင် အာဂုံနှုတ်လွတ် ရရှိခဲ့ပေသည်။

ထိုနောက် အဖျားရောဂါ ကင်းစင်သောအခါ သာမဏေပြန်ဝတ်သည်။ သာမဏေဘဝဖြင့် ရှစ်ဝါပတ်လုံး နေ့ဝါ ညဝါ သင်ရိုးစာများကို လေ့ကျက်ဆောင်ရွက်နေခဲ့၏။ သက္ကရာဇ် ၁၁၆၉–ခုနှစ်တွင် အသက် ၂၀–ပြည့်သဖြင့် ရဟန်းဘောင်သို့ တက်ရောက်လေသည်။ ရဟန်းဘွဲ့မှာလည်း သျှင်ဇမ္ဗုဓဇပင်တည်း။

ဦးဖုဓ်သည် ရဟန်းပြုပြီးသောအခါ၌ ဦးပိုးခေါ် သျှင်ပုညာဘိမထေရ်ထံ၌လည်းကောင်း၊ ရွှေစည်းခုံကျောင်းတိုက်မှ ဆရာတော် ဦးကွင်းထံ၌လည်းကောင်း နည်းခံ၍ ဆက်လက်သင်ကြားပြန်လေသည်။ ဤသို့ ညောင်ကန်ပတ်ဝန်းကျင်၌ ထင်ရှားသော ဆရာတော် ပညာကျော်တို့၏ နည်းနိဿယများကို လေ့လာ သင်ကြားခဲ့ရာ စာပေပရိယတ်တို့၌ တစ်ဖက်ကမ်းခတ်မျှ တတ်ကျွမ်းတော်မူလေသည်။

သို့ရာတွင် ဆရာတော်ဦးဖုဓ်သည် စာပေအရာ၌ မည်သည့်အခါမျှ တင်းတိမ်ရောင့်ရဲသူ မဟုတ်ပေ။ ထို့ကြောင့်ပင် နောင်အခါ မင်းဆရာပြု၍ ကိုးကွယ်ခြင်း ခံရသော်လည်း "စာများအားထုတ်သင်ခဲ့ရာ ခက်မှန်းသိရုံ ရှိသေးသည်၊ ငါတို့ကို ဆရာလုပ်၍ သင်ကြားပို့ချပေးနိုင်လျှင် စာပလွေခင်း၍ စာတက်ချင်စမ်းသေးသည်၊ " သည်းတွားခဲ့ခြင်း ဖြစ်ပေသည်။

ဆရာတော်ဦးဖုဓ်သည် ညောင်ကန်ရွာတွင် စာပေသင်ကြားစရာ မရှိတော့သဖြင့် အခြားတစ်နေရာသို့ သွား၍ နည်းခံရန် ကြံမိသည်။ ထိုစဉ် ဗန့်ကျီတိုက် မြို့ကြီးဆရာတော်သည် စာပေအဆုံးအဖြတ် ကောင်းလှသည်ဟု ကြားသိသဖြင့် နည်းခံလိုသောကြောင့် မိတ်ဆွေဖြစ်သူ ဦးဉာဏနှင့်အတူ မြို့ကြီးရွာသို့ ကြွရောက်ခဲ့၏။ ထိုမြို့ကြီးရွာ၌ တစ်နှစ်တာမျှ နေ၍ နည်းနိဿယများ ရရှိကြလျှင် မိမိတို့ရွာသို့ ပြန်ခဲ့ကြ၏။

သက္ကရာဇ် ၁၁၈၁–ခုနှစ်တွင် ညောင်ကန်ရွာ၏ ဂုဏ်အုပ်ဆရာတော် ဖြစ်သော ဦးပိုးခေါ် သျှင်ပုညာဘိ မထေရ်အား ဘကြီးတော် ဖလ်နန်းရှင်မင်းတရားက နေပြည်တော်သို့ ပင့်ဆောင်သွားလေသည်။ ထို့ကြောင့် ညောင်ကန်ရွာ၌ ဂိုဏ်းအုပ်ဆရာတော် လစ်လပ်နေခဲ့၏။ ၎င်းနေရာ၌ အစားထိုး ခန့်အပ်ရန် ဦးဖုဓ်အား ရွေးချယ်ကြ၏။ ထိုရာထူးကို ခံယူရန်အတွက် ဥဘတောဝိဘင်းကို ပြန်ဆိုရ၏။ ထို့နောက် ဆရာတော်ဦးဖုဓ်သည် သက္ကရာဇ် ၁၁၈၂–ခုနှစ်တွင် 'စက္ကာဘိဇေ မဟာဓမ္မရာဇဂုရု 'ဟူသော ဘွဲ့တံဆိပ်တော်ဖြင့် ဂိုဏ်းအုပ်ဆရာတော်၏ တာဝန်ကို ဆောင်ရွက်ရသည်။ ညောင်ကန်တိုက်ရှိ ကျောင်းပေါင်း ကိုးကျောင်းတို့မှ စာသင်သား သံဃာတော် ၁၀၀–ကျော်တို့အားလည်း စာပေပရိယတ်တို့ကို ပို့သတော်မူလေသည်။

ဆရာတော်ဦးဖုဓ်သည် စာပေလေ့လာမှု၌ ငယ်စဉ်ကပင် ဝါသနာ ထက်သန်လှသည်ဖြစ်ရာ ဆရာတော် ဖြစ်သော အခါ၌လည်း စာပေကိစ္စမှ လွဲ၍ အခြားလုပ်ငန်းများကို လုပ်ကိုင်သည်ဟူ၍ မရှိပေ။ အကြောင်းကိစ္စရှိ၍ ဒါယကာတို့က ပင့်ဆောင်သော်လည်း လိုက်ခဲလှသည်။ စာပေပို့ချခြင်း၊ စာရေးခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေခဲ့လေသည်။

ဆရာတော်သည် သက္ကရာဇ် ၁၁၈၂–ခု၊ ပြာသိုလပြည့် ဗုဒ္ဓဟူးနေ့တွင် မိတ်ဆွေဖြစ်သော ဆရာတော် ဦးဉာဏနှင့် အတူ စက်တော်ရာသို့ ဘုရားဖူးရန် ရေကြောင်းခရီးဖြင့် ကြွချီတော်မူခဲ့သည်။ ထိုခရီးတွင်လည်း လှေပေါ်၌ အချိန်ကို အပိုမထားမူဘဲ ဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြု၍ ပဒစေတိယဝန္ဒနာခေါ် ဂါထာ ၁၀၇–ပုဒ်ရှိသော စက်တော်ရာဘုရားရှိခိုးကျမ်းကို ရေးသားတော်မူသည်။ ထို့ပြင် မိမိရေကြောင်းခရီးဖြင့် သွားလာခဲ့ရာတွင် အတွေ့အကြုံအရပ်ရပ်တို့ကို ဖွဲ့စီ၍ 'ရွှေစက်နှစ်လီ၊ ဖူးအံ့ရည်၍၊ 'အစချီ ရွှေစက်တော်သွား လင်္ကာများကို ရေးသားလေသည်။

သက္ကရာဇ် ၁၁၉၁–ခုနှစ်တွင် နေပြည်တော်၌ သီတင်းသုံးသော ဦးဖုဓ်၏ ဆရာဖြစ်သည့် ဆရာတော်ဦးပိုးသည် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့၏။ ထို့ကြောင့် အောင်မြေဘုံစံအုတ်ကျောင်းတော်ကြီး၌ ဆက်ခံမည့်ပုဂ္ဂိုလ်ကို ရွေးချယ်ရန် လိုအပ်လာသည်။ ထိုအခါ ပညာရှိအမတ်ကြီး ဦးပေါ်ဦးက "မိုးကြီးချုပ်လို့ ဘုတ်ကြီးမည်၊ ပူစီတဲ့ဘုန်း။ သာသနာ ဝါယမာ တစ်ဖန်ထုတ်ရန်ဘို့၊

ရွှေဘုတ်ကယ် မယ့်ဆံထုံးမှာ နားလှည့်ပါအုံး။ ”ဟူသော တပေါင်သီချင်းကို ဆို၍ ဆရာတော်ဦးဗုဓ်ကို ပင့်၍ ကျောင်းတင်သင့်ကြောင်း လျှောက်ထားသည် ဆို၏။ ညောင်ကန်သာသနာဆက်စာတမ်းတို့၌ ဤကဲ့သို့ အဆိုအမိန့်မျိုးကို မတွေ့ရပေ။

ဆရာတော်ဦးပိုး ပျံလွန်တော်မူလျှင် နန်းတော်က မန်ကျည်းတောဆရာတော်၊ မြသိန်းတန်ဆရာတော်တို့သည် မိဖုရား၏ ဆရာတော်များ ဖြစ်ကြသည်။ ထိုဆရာတော်များကို ကျောင်းတင်လှူမည်ဟု မှန်းထားကြသည်။ ထိုအကြောင်းကို ရွှေမြို့တော်၌ နေကြသော ဆရာတော်ဦးပိုး၏ တပည့်များက ကြားသိကြလျှင် “မန်ကျည်းတောဆရာတော်၊ မြသိန်းတန်ဆရာတော်တို့ကဲ့သို့ စာပေကျမ်းဂန် တတ်မြောက်သော ဆရာတော်ဦးပိုး၏ တပည့်အများ ရှိနေကြပါသည်၊ နေချင်း နေသော် ဆရာသမား၏ နေရာ၌ ဥမကွဲ သိုက်မပျက် ဆက်လက်နေပါရစေ၊ အကယ်၍ စာပေကျမ်း ဂန် တတ်မြောက်သည်ဟု မယုံကြည်ပါလျှင် သုဓမ္မာဇရပ်တော်တွင် ခုနစ်ရက်ပတ်လုံး အမေး အမြန်းခံပါမည်၊ ”ဟု မင်းတရားထံ မေတ္တာစာ ဆက်သွင်းကြ၏။

ဘကြီးတော် ဖလ်နန်းရှင်မင်းတရားလည်း ထိုမေတ္တာစာ၌ ပါသည့်အတိုင်း သဘောကျနှစ်သက်တော်မူသဖြင့် အမေးခံမည့် ပုဂ္ဂိုလ်ကိုသာ ရွေးချယ်ကြပါရန် မဟာဒါန်ဝန်တို့အား လျှောက်ထားစေသည်။ ထိုအခါ ရွှေမြို့တော်နေ ဆရာတော်ဦးပိုး၏ တပည့်များသည် စည်းဝေးတိုင်ပင်ကြ၍ ညောင်ကန်ရွာမှ ဆရာတော်ဦးဗုဓ်အား ပင့်ဆောင်၍ စာစစ်မေးခံရန် ရွေးချယ်ကြသည်။

သို့ရာတွင် ဆရာတော် ဦးဗုဓ်အား ပင့်ဆောင်ရန် မဝံ့ကြသဖြင့် ဆရာတော်ဦးဗုဓ်နှင့် အကျွမ်းဝင် ရင်းနှီးသော ဆရာတော်ဦးဉာဏကို တိုက်တွန်းပေးပါရန် လျှောက်ထားကြရ၏။ ထိုအခါ ဆရာတော်ဦးဉာဏသည် ဦးဗုဓ်ထံ သွား၍ ရွှေမြို့တော်၌ စာမေးခံပြီးလျှင် အောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးကို အလှူခံရန် တိုက်တွန်းလေသည်။ ထိုအခါ ဦးဗုဓ်က “ ကိုဉာဏရာ မင်းဆရာလုပ်ရသည်မှာ ကိစ္စများလှသည်၊ စာကြည့်လည်း ပျက်မည်၊ မလိုက်ချင်ပါ၊ ”ဟု ငြင်းပယ်သည်။

ဤသို့ ငြင်းပယ်နေသောအခါ ဆရာတော်ဦးဉာဏသည် အကယ်၍ အောင်မြေဘုံစံ ကျောင်းတော်ကြီးကို မစောင့်ရှောက်လျှင် ယခင်ဆရာတော်ဦးပိုး၏ တပည့်များမှာ ကစဉ့်ကလျား ဖြစ်ကုန်ကြမည် ဖြစ်ကြောင်းနှင့် အထပ်ထပ် တိုက်တွန်းသောအခါမှ ဆရာတော်ဦးဗုဓ်က ဝန်ခံချက်ပေးလေတော့သည်။

ထို့နောက် ဆရာတော်ဦးဗုဓ်သည် မိတ်ဆွေကြီး ဦးဉာဏကိုပါ ပင့်ဆောင်၍ နောက်ပါဒါယကာတစ်ယောက်နှင့်အတူ ရေကြောင်းခရီးဖြင့် နေပြည်တော်သို့ ကြွရောက်ခဲ့လေသည်။ နေပြည်တော် ရောက်လျှင် တကောင်းဆိပ်ကမ်း၌ လှေဆိုက်၍ အုတ်ကျောင်းတော်ကြီးသို့ အခမ်းအနားဖြင့် ပင့်ဆောင်ကြ၏။ သို့ရာတွင် အောင်မြေဘုံစံကျောင်းတော်ကြီး၌ကား တိုက်ရိုက်မနေရပေ။ ခုနစ်ရက်ပတ်လုံး စာမေးခံရဦးမည် ဖြစ်၍ ကျောင်းတော်ကြီး အနီး၌ ဆောက်လုပ်ထားသော ယာယီကျောင်းငယ်၌သာ ခေတ္တနေရလေသည်။

ဆရာတော်ဦးပိုး၏ တပည့်များသည် ကျောင်းတော်ကြီးကို အလှူခံရန်အတွက် စာမေးခံမည့်ဆရာတော် ကြွလာပြီ ဖြစ်ကြောင်း နန်းတော်သို့ စာဆက်သွင်းကြ၏။ ထိုအခါ ဘကြီးတော်မင်းတရားသည် မန်ကျည်းတောဆရာတော်၊ မြသိန်းတန်ဆရာတော်စသော တံဆိပ်ရ မရ ဆရာတော်တို့ကို ပင့်ဆောင်၍ ဆရာတော်ဦးဗုဓ်၏ ပညာအရည်အချင်း စစ်မေးပွဲကို ပြုလုပ်ကြ၏။ ဆရာတော်အား စာမေးသော ပွဲကို စိတ်ဝင်စားကြသည့်အလျောက် ရွှေမြို့တော် လေးရပ်မှ လာရောက်ကြသော ပရိသတ်တို့သည် သုဓမ္မာဇရပ် ပတ်ဝန်းကျင်တွင် ပြည့်နှက်နေသည်ဆို၏။

စာစစ်မေးရေး တာဝန်ခံဆရာတော်များသည် ပရိသတ်များ ရှေ့မှောက်၌ ပိဋကတ်သုံးပုံတို့မှ ခက်ရာ ခက်ဆစ်တို့ကို ဆစ်ဖုမေးမြန်းကြ၏။ ဆရာတော်ဦးဗုဓ်သည် မေးတိုင်းသော အရာတို့၌ အကြွင်းမထား ဝါးခွဲသည့်အလားကဲ့သို့ ဖြေကြားတော်မူသည်။ ဤသို့ချည်း ငါးရက်ပတ်လုံး ဖြေကြားပြီးနောက် ခြောက်ရက်မြောက်သော နေ့သို့ ရောက်လျှင် စာမေးဆရာ

တော်ဖြစ်သော မန်ကျည်းတောဆရာတော်က “ ဋီကာကျော်၌ ပါသော သင်္ဂြိုဟ်ပဏ္ဏာမအဖွင့် အတုလံဟူသော ပုဒ်ကို ဝိဂြိုဟ်ဝစနတ်နှင့်တကွ ခွာတ်ပစ္စည်းများကို ကောက်ပြပါ၊ ”ဟု မေးမြန်းလေသည်။ ဆရာတော်ဦးဖုမ်သည် ဤမေးခွန်းကို မေးမြန်းရာတွင် မကျေမနပ်ဖြစ်၍ “ ဆရာတော်တို့သည် ငါးရက်ပတ်လုံး ခက်ရာခက်ဆစ်တို့ကို မေးမြန်းပြီးမှ ခုအခါတွင် သာမဏေငယ်တို့အား မေးသော အမေးမျိုး ဖြစ်သည့် သေးငယ်သည့် ပုစ္ဆာကို ဘာ့ကြောင့် မေးကြသနည်း၊ မသိ၍ပင် မေးသလော၊ တပည့်တော်အား ချိုးနှိပ်လို၍ မေးသလော၊ မသိ၍ မေးလျှင် လူလည်ခေါင်၌ ရွတ်ပြနေရုံဖြင့် နားလည်မည်မဟုတ်၊ ပုရပိုက်ယူခဲ့ပါ၊ ရေးပြပါမည်၊ အကယ်၍ ချိုးနှိမ်လို၍ မေးလျှင် အရှင်ဘုရားတို့ အာပတ်သင့်လိမ့်မည်၊ ”ဟု ပြတ်တောက်စွာ ပြောလိုက်လေသည်။

ဆရာတော်ဦးဖုမ်၏ စကားကြောင့် စာမေးဆရာတော်များမှာ အံ့အားသင့်လျက် တိတ်ဆိတ်နေကြကုန်၏။ ထိုစဉ် ဆရာတော်ဦးဖုမ်က မိတ်ဆွေဖြစ်သူ ဆရာတော်ဦးဉာဏအား လှမ်း၍ “ ဒီမယ် ကိုဉာဏ၊ သူတို့က တပည့်တော်ကို ငါးရက်လုံးလုံး မေးတာကို တပည့်တော် မဖြေနိုင်တာလို့ မရှိဘူး၊ တပည့်တော်ကသာ သူတို့ကို ပြန်မေးလိုက်ရလျှင် ဘယ်လိုများ နေကြလိမ့်မည် မသိ၊ ”ဟု ပြောကြားလိုက်၏။ ထို့ကြောင့် စာမေးမြန်းပွဲကို ခုနစ်ရက်တိုင်တိုင် ကျင်းပမည် ဖြစ်သော်လည်း ခြောက်ရက်နှင့်ပင် ပြီးဆုံးသွားခဲ့လေသည်။

ဤသို့ဖြင့် ဖလ်နန်းရှင်မင်းတရားနှင့် မိဖုရားခေါင်ကြီး မယ်နုတို့သည် သက္ကရာဇ် ၁၁၉၂-ခုနှစ်တွင် အောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးကို ဆရာတော်ဦးဖုမ်အား တင်လှူကြလေသည်။ ဆရာတော်အတွက် ဒုတိယမြောက် ဘွဲ့တံဆိပ်ဖြစ်သော ‘ စက္ကိန္ဒာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာ ဓိရာဇဂုရု ’ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်လှူဒါန်းသည်။

ကျောင်းလှူပွဲကြီး ပြီးဆုံးသည်တွင် ဖလ်နန်းရှင်နှင့် မိဖုရားကြီးတို့က “ အရှင်ဘုရား၊ ယနေ့မှ စ၍ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမဟူ၍ မှတ်တော်မူပါ၊ ဆုံးမဩဝါဒကိုလည်း ပေးသနားတော်မူပါဘုရား၊ ”ဟု လျှောက်ထားကြ၏။ ထိုအခါ ဆရာတော်က “ မင်းနှင့်တူအောင်ကျင့်လျှင် ငါတို့ ဆုံးမစရာ မလို၊ မင်းနှင့်တူအောင် မကျင့်လျှင်လည်း ငါတို့နှင့် မဆိုင်၊ အဝီစိနှင်သာ ဆိုင်သည်၊ ”ဟု ဩဝါဒပေးလိုက်သော ဟူ၏။

ဆရာတော်ဦးဖုမ်သည် စာပေမှ လွဲ၍ မည်သည့်အရာကိုမျှ စိတ်ရှည်သူ မဟုတ်ပေ။ စကားကိုလည်း ဖွဲ့နွဲ့ ပြောကြားသည်ဟူ၍ မတွေ့ရသလောက် နည်းပါးလှ၏။ ပြောပြန်လျှင်လည်း တိုတောင်း ပြတ်တောက်စွာသာ ပြောဆိုလေ့ရှိသည်။ ဆရာတော်အား အဓိကကိုးကွယ်သူ မိဖုရားခေါင်ကြီး မယ်နုကိုပင် စကားပြောသည့်အခါ နည်းပါးလှ၏။ ဆွမ်းကွမ်းစသည် လာရောက်လှူဒါန်းရာ၌လည်း အကပ်ခံပြီးလျှင် စာကိုသာ ပြန်ကြည့်နေလေ့ ရှိသည်။ သို့တိုင်အောင် နန်းမတော်ကြီးသည် အရာရာ၌ အားကိုးတကြီး ရှိတော်မူ၏။ ဆရာတော်၏ မိခင်ကြီး ဒေါ်မွေးကိုလည်း အိမ်ရာပေး၍ ဂရုစိုက် စောင့်ရှောက်ထားလေသည်။

ဆရာတော်သည် စကားအလွန် နည်းပါးသူ ဖြစ်သည့်အပြင် ပြောသမျှသော စကားတို့မှာလည်း တိုတောင်းစွာပင် ပြောကြားလေ့ ရှိသဖြင့် မင်းတရားနှင့် မှူးမတ်တို့သည် မေးဖွယ်ကိစ္စတို့ကို ဆရာတော်အား မေးလျှောက်ဝံ့ခြင်း မရှိကြပေ။ သို့ရာတွင် သို့ရာတွင် စာပေအရာ၌ကား သုဓမ္မာဇရပ်တော်၌ အမေးခံစဉ်ကပင် ထက်မြက်သော ပညာရှင်တစ်ပါး ဖြစ်ကြောင်း မှူးမတ်ပညာရှင် အသိုင်းအဝိုင်းက သိရှိထားကြပြီး ဖြစ်သည်။ ထို့ကြောင့် မှူးမတ်တို့က ဆရာတော်အား သာသနာပိုင် တင်မြှောက်ရန် မင်းတရားအား လျှောက်တင်ကြကုန်၏။ ထိုအခါ မင်းတရားက “ ဆရာတော်ဦးဖုမ်ကို သာသနာပိုင် တင်မြှောက်မည်ကို သဘောတော် သင့်သည်၊ သို့ရာတွင် သာသနာပိုင်ဆိုသည်မှာ သာသနာရေး သာသနာမှုမှ စ၍ အကြောင်းရှိက ဆွေးနွေးလျှောက်ထားရသည်၊ မောင်းမင်းတို့ လျှောက်တင်ဝံ့ကြမည်လား၊ ငါတော့ဖြင့် မလျှောက်တင်ဝံ့ဘူး၊ ”ဟု မိန့်ကြားရာ မှူးမတ်တို့ကလည်း မည်သို့မျှ လျှောက်တင်ခြင်း မရှိကြသဖြင့် သာသနာ

ပိုင် တင်မြှောက်ခြင်း ကိစ္စမှာ မအောင်မြင်ခဲ့တော့ချေ။

ဆရာတော်သည် စကားပြောရာ၌ တိုတောင်းလှသော်လည်း သမာဓိအင်အားမှာမူ လိုက်မမီလောက်အောင်ပင် တည်ကြည်လှသည်ဟု ဆရာတော်အများက မိန့်ကြားကြ၏။ ဤကဲ့သို့ တိုတောင်းမှုကြောင့်ပင် သာသနာပိုင်ရာထူးကို မရရှိသည်ဟု ဆိုရပေမည်။ ဆရာတော်သည် မှူးမတ် မိဖုရားများ အသိုင်းအဝိုင်းတွင် နေသော်လည်း မည်သည့်ပုဂ္ဂိုလ်ကိုမျှ အကျွမ်းဝင် ဆက်ဆံခြင်း မရှိပေ။ ရှင်ဘုရင်ကိုသော်လည်း ပြောစရာရှိက မညှာမတာ ပြောတတ်လေ့ရှိသည်။

တစ်ခါက ဖလ်နန်းရှင်မင်းတရားသည် ဆရာတော်ကို ဖူးမြင်လိုသဖြင့် အုတ်ကျောင်းတော်ကြီးသို့ လာရာ ရှေ့တော်ပြေးက မင်းတရားကြီးသည် ဆရာတော်ထံသို့ ကြွလာပါကြောင်း ကြိုတင်၍ လျှောက်ထားနှင့်၏။ ထိုအခါ ဆရာတော်သည် စာကြည့်နေရာမှ ထ၍ "မင်းတို့ ရှင်ဘုရင်လာတာကို ငါက ဧည့်ဝတ်ပြုရဦးမှာလား၊ စာကြည့်ပျက်လှသည်၊ "ဟု မိန့်ကြားတော်မူ၏။

ဤကဲ့သို့ တိုတောင်း ပြတ်သားစွာ ပြောကြားခဲ့သော ဆရာတော်၏ စကားများမှာ အများအပြားပင် တွင်ရှိနေရစ်ခဲ့သည်။ တစ်ခါသော် အမတ်ကြီးဦးပေါ်ဦးသည် ဆရာတော်ကို ဖူးမြင်ရန်အတွက် အုတ်ကျောင်းကြီးသို့ ရောက်လာရာ ဆရာတော်သည် ရေကန်အနီးတွင် တံမြက်စီးလည်းနေသည်။ ဦးပေါ်ဦးသည် ဆရာတော်အား ဦးချပြီး ဤသို့ လျှောက်ထားသည်။

ပေါ်။ ။ " ရေကန်ကြီးကဖြင့် ကောင်းပါပေသည်ဘုရား၊ "

ဖုဓ်။ ။ " အေး–ကောင်းတယ်၊ "

ပေါ်။ ။ " ရေကလည်း အလွန်ကြည်လင်လှပါသည်ဘုရား၊ "

ဖုဓ်။ ။ " အေး–ကြည်တယ်၊ "

ပေါ်။ ။ " ရေကန်ကြီးက ဘယ်လောက်နက်ပါသနည်း၊ "

ဖုဓ်။ ။ " ငါမသိဘူး၊ "

ပေါ်။ ။ "ဆရာတော်သီတင်းသုံးနေသည့် ကျောင်းအနီးမှာ ဖြစ်၍ သိမည်ထင်လို့ မေးမိပါသည်ဘုရား၊ "

ဖုဓ်။ ။ "နီးတိုင်း သိမည်ဆိုလျှင် သင့်နှုတ်ခမ်းမွှေး ဘယ်နှစ်ပင် ရှိသနည်း၊ ပြောနိုင်ပါမည်လား၊ "

ပေါ်။ ။ "သတိမထားမိ၍ မသိပါဘုရား၊ "

ဖုဓ်။ ။ " အေး– ငါလဲ သတိမထားမိလို့ မသိဘူး၊ "–

ဟု တိုပြတ်စွာ မိန်ကြားလိုက်သဖြင့် ဦးပေါ်ဦးလည်း စကားဆက်မရတော့ဘဲ ဦးချ၍ ပြန်သွားရလေတော့သည်။

ဆရာတော်သည် လူ့ပတ်ဝန်းကျင်၌ ဤမျှ ပြတ်တောက်စွာ ဆက်ဆံတတ်သော်လည်း စာပေလုပ်ငန်း၌ကား နှိုင်းတု၍ မရနိုင်လောက်အောင် စိတ်ရှည် ဇွဲကောင်းကြောင်း သက်သေတည် ရစ်စရာ ဖြစ်ခဲ့ပေသည်။ သက္ကရာဇ် ၁၂၀၀–ပြည့်နှစ်တွင် ဆရာတော်သည် ဒူလာဝမ်းသက်ရောဂါ ဖြစ်ပေါ်ခဲ့၏။ ထိုရောဂါကြောင့် နေ့ရောညပါ မအိပ်နိုင် မစားနိုင် ဖြစ်ခဲ့ရ၏။ ကြာသော် ကျောင်းနှင့် ကုဋီ ကူးသန်းရသည်ကိုပင် နွမ်းရိပင်ပန်းလာသည်။ ထို့ကြောင့် ကျောင်းပေါ်သို့ မတက်တော့ဘဲ ကုဋီထဲမှာပင် နေရတော့သည်။

ဆရာတော်သည် ကုဋီထဲ၌ နေစဉ် ဝမ်းမသွားရသည့် အချိန်ပိုင်းအတွင်း၌ ကုဋီနံရံကို ကဲ့ကူဆံဖြင့် စာရေးနေနေလေသည်။ ထိုရေးပြီးသော စာများကို တပည့်များက ရေးကူးကြရ၏။ ပြီးလျှင် နံရံကို မီးသွေးဖြင့် ချေထားရပြန်သည်။ ဤနည်းဖြင့် ရေးသားခဲ့ရာ ကုဋီတွင်းမှာပင် ဂါထာပေါင်း ၄၁၈–ပုဒ်ရှိသော ခုဒ္ဒသိက္ခာခေါ် ကျမ်းတစ်စောင်ကို နိဿယပြန်ဆို၍ ပြီးစီးခဲ့လေသည်။ ဆရာတော်ကိုယ်တိုင်ကလည်း ကျမ်းပြီး နိဂုံး၌ ရောဂါဝေဒနာ ခံစားရဆဲမှာပင် ကိုယ်အသက်ကို မငဲ့ကွက်မူ၍ ပြုစုရေးသားရကြောင်း မှတ်တမ်းတင်တော်မူခဲ့၏။ စာပေအတွက်ဆိုလျှင် ဤမျှ

စိတ်ရှည်မှု၊ ဖွဲကြီးမှုတို့နှင့် ပြည့်စုံတော်မှုခဲ့ချေသည်။

သက္ကရာဇ် ၁၁၉၉–နှစ် ကဆုန်လတွင် ဖလ်နန်းရှင်မင်းတရားနှင့် မိဖုရားကြီး မယ်နုတို့သည် ထီးနန်းစည်းစိမ်ကို ညီတော်ကုန်းဘောင်မင်းအား လွှဲအပ်ရလေသည်။ ကုန်းဘောင်မင်းတရားကလည်း ဆရာတော်ကို ကြည်ညိုတော်မူသဖြင့် အဖွားတော် ဆောက်လုပ်ခဲ့သော မင်္ဂလာဘုံကျော်တိုက်ကြီးအတွင်း ဝါဆိုကျောင်းဆောက်လုပ်၍ တင်လှူတော်မူပြန်သည်။ ' စက္ကိန္ဒာဘိသီရိသဒ္ဓမ္မပါလ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ' ဘွဲ့တံဆိပ်တော်ကိုလည်း ထပ်မံ၍ ဆက်ကပ်လှူဒါန်းလေသည်။

သက္ကရာဇ် ၁၂၀၁–ခု၊ တပေါင်းလတွင် မတ္တရာသူပုန်ထမှု၌ အလိုတူ ကြံရာပါ ဖြစ်သည့်အတွက် နန်းမတော်မယ်နုအား သံတော်ဆင့် ငရွှေသားနှင့် တိုက်ဆိုင်စစ်ဆေးရာ မကွယ်မထောင့်အဖြောင့်အမှန် အစစ်ခံသည့်အတွက် ထုံးစံနှင့်အညီ နန်းမတော်ဟောင်း မယ်နုအား ရေတွင်ချ၍ အဆုံးစီရင်ရန် မြို့ဝန်၊ ပါးကွက်အာဏာသားတို့အား လွှဲအပ်လိုက်လေသည်။ ထိုအခါ မယ်နုက " ငါသည် ဤဘဝ၌ မြင့်မြတ်သော အခြေအနေသို့ ရောက်၍ စည်းစိမ်ချမ်းသာကိုလည်း ခံစားခဲ့ဖူးပြီ၊ များစွာသော ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြုခဲ့ဖူးပြီ၊ သို့ဖြစ်၍ သေရမည်ကိုကား ငါမကြောက်ပါ၊ သို့သော် ငါရိုသေလေးမြတ်စွာ ကိုးကွယ်ထားသော ဆရာတော်ကို နောက်ဆုံးကြည်ညိုခြင်းဖြင့် ကြည်ညိုလိုသေးသည်၊ သင်တို့ ခွင့်ပြုနိုင်ကြမည်လား၊ " ဟု မေးမြန်း၏။ မြို့ဝန်နှင့် အာဏာသားတို့လည်း ရှေးအခါက နန်းမတော်၏ ကျေးဇူးတရားတို့ကို ထောက်ထား၍ ခွင့်ပေးကြသည်။

သို့နှင့် နန်းမတော်ဟောင်း မိဖုရားကြီးမယ်နုသည် ဆရာတော်ကျောင်းတော်သို့ သွားရောက်၍ စာကြည့်နေသော ဆရာတော်၏ အနီးတွင် ရှိသေစွာ ဦးချလျက် " ဆရာတော်ဘုရား၊ ယခုအခါ ကုန်းဘောင်မင်း၏ တန်ခိုးအာဏာ လွှမ်းမိုးလာ၍ သူ၏အာဏာဖြင့် တပည့်တော်မ၏ အသက်ကို အဆုံးစီရင်ခြင်း ခံရပါတော့မည်ဘုရား၊ ယနေ့သည် ဆရာတော်အား တပည့်တော်မ၏ နောက်ဆုံး ဝတ်ပြုခြင်း ဖြစ်ပါတော့သည်ဘုရား၊ " ဟု လျှောက်ထားသည်။ ထိုအခါ ဆရာတော်က ကျောင်းအစ်မကြီးဘက်သို့ လှည့်၍ " မိနု– သူ့ကြွေးရှိလျှင် ဆပ်ရပေလိမ့်မည်၊ " ဟုသာ မိန့်ကြားတော်မူလိုက်လေသည်။ နန်းမတော်ကြီးလည်း ဆရာတော်၏ တိုတောင်းပြတ်တောက်လှသော တရားတစ်ခွန်း၏ သရုပ်ကို နက်နဲစွာ ဆင်ခြင်လျက် ကျေနပ်စွာပင် ရာဇဒဏ်ကို ခံယူသွားရှာလေသည်။

ထို့နောက်တွင်ကား ဆရာတော်သည် ကျန်းမာရေး အခြေအနေ မကောင်းသော်လည်း စာပေရေးသားခြင်း အလုပ်ကိုမူ မလျှော့သော လုံ့လဖြင့် ပြုစုတော်မူပါသည်။ သက္ကရာဇ် ၁၂၀၄–ခုနှစ်တွင် တစ်ချိန်က စွဲကပ်နေသော ဒူလာဝမ်းသက် ရောဂါမှာ ပြန်လည်ဆိုးရွားလာခဲ့၏။ ထိုအခါတွင် မည်သို့မျှ ဖွဲမတင်းနိုင်တော့ဘဲ နွမ်းရိခွေနုန်းလျက် မထနိုင်ဘဲ ရှိလေတော့သည်။ ဤကဲ့သို့ အခြေအနေ ရောက်ရှိလာသောအခါ ဆရာတော်သည် မိမိဘဝအတွက် နောက်ဆုံးအချိန်သို့ ရောက်ရှိလာပြီဟု သဘောပေါက်လာသည့်အလျောက် စကားမပြောတုဏှိဘောဖြင့် တရားဓမ္မကိုသာ အာရုံပြု၍ နေခဲ့ရာ ထိုနှစ် နယုန်လပြည့်ကျော် တစ်ရက်နေ့တွင် သက်တော် ၅၅–နှစ်၊ ဝါမကပ်မီဖြစ်၍ ၃၄–ဝါအရ၌ စုတိမရဏာလမ်းသို့ ကြွမြန်းတော်မူရရှာလေသတည်း။

ဆရာတော် ပျံလွန်တော်မူပြီဆိုလျှင် ရွှေမြို့တော်ရှိ ရဟန်းသျှင်လူ အများတို့သည် ပိဋကတ်တိုက်ကြီး တစ်ဆောင် မီးလောင်ကျွမ်းရလေပြီဟူ၍ ဝမ်းနည်းတသကြကုန်၏။ ဆရာတော်ဦးဖုန်၏ ရုပ်ကလာပ်ကို အမရပူရမြို့တော် မြောက်ပြင် သင်္ချိုင်း၌ အဂ္ဂိဈာပနဖြင့် ပြာချခဲ့ကြ၏။ ကြွင်းကျန်ရစ်သော အရိုးဓာတ်တို့ကို မန္တလေးမြို့ ရတနာဘုမ္မိရပ် အရှေ့ပိုင်း၌ ကောင်းမှုတော်ကြီး စေတီပုံကို ယူ၍ စေတီတစ်ဆူကို တည်ထားခဲ့ကြလေသည်။

ကျေးဇူးရှင် ဆရာတော်ဦးဖုန်သည် လောကဝတ်၊ ဓမ္မဝတ်ပိုင်းဆိုင်ရာစာပေတို့ကို အမြောက်အမြား ပြုစုခဲ့၏။ လူတိုကျင့်ဝတ်အတွက် ဂီဟိဝိနယကျမ်းကို ပါဠိ၊ နိဿယ၊ လင်္ကာ

တို့ဖြင့် ရေးသားတော်မူ၏။ ဆရာတော်ရေးသော လင်္ကာများကို နောင်အခါတွင် အာဂုံကျက်ဆောင်၍ မှတ်သားကြလေသည်။ ဆရာတော် ရေးသားသော ကျမ်းစာတို့ကို စာရင်းပြု၍ ဖော်ပြလိုပါ၏။ ထိုစာရင်း၌ စာပြီးနှစ် နေ့စွဲရရှိသည်တို့ကိုလည်း နေ့စွဲနှင့်တကွ ဖော်ပြပါသည်။

၁။ သမ္ဗန္ဓစိန္တာနိဿယ နံကျယ်၊ ။ ၁၁၇၇–ခု၊ နယုန်လပြည့်၊ တနင်္လာနေ့၊
၂။ နယမုခဒီပနီ ပါဠ်နိဿယ၊ ။ ၁၁၇၉–ခု၊ နတ်တော်လဆုတ် ၁၁–ရက်၊ ဗုဒ္ဓဟူးနေ့၊
၃။ သံဝဏ္ဏနာနယဒီပနီ ပါဠ် နိဿယ၊ ။ ၁၁၇၉–ခု၊ ပြာသိုလဆုတ် ၁၁–ရက်၊ ဗုဒ္ဓဟူးနေ့။
၄။ ပိဋကဘေဒထောမနာပါဠ် နိဿယ၊ ။ ၁၁၇၉–ခု၊ တပို့တွဲလကွယ်၊ အင်္ဂါနေ့၊
၅။ နိရုတ္တိဘေဒသင်္ဂဟပါဠ်၊ ။ ၁၁၈၀–ပြည့်၊ ဒုဝါဆိုလဆန်း ၆–ရက်၊ ဗုဒ္ဓဟူးနေ့၊
၆။ ဖြဟ္မဇာလသုတ် နိဿယ၊ ။ ၁၁၈၀–ပြည့်၊
၇။ ပရိတ်ကြီးပါဠိတော် နိဿယ၊ ။ ၁၁၈၀–ပြည့်၊ တပို့တွဲလဆုတ် ၆–ရက်၊ ဗုဒ္ဓဟူးနေ့၊
၈။ လက္ခဏာဘေဒဒီပနီ၊ ။ ၁၁၈၀–ပြည့်၊ တပေါင်းလဆန်း ၃–ရက်၊ သောကြာနေ့၊
၉။ ရူပဘေဒပကာသနီပါဠ် နိဿယ၊ ။ ၁၁၈၂–ခု၊ ပြာသိုလပြည့်၊ တနင်္လာနေ့၊
၁၀။ ပဒစေတိယဝန္ဒနာပါဠ် နိဿယ၊ ။ ၁၁၈၂–ခု၊ တပို့တွဲလပြည့်၊ ဗုဒ္ဓဟူးနေ့၊
၁၁။ ရွှေစက်တော်သွားလင်္ကာ၊ ။ ၁၁၈၂–ခု၊
၁၂။ ပစ္စယတ္ထပကာသနီပါဠ် နိဿယ၊ ။ ၁၁၈၂–ခု၊ တန်ခူးလပြည့်၊ စနေနေ့၊
၁၃။ ပစ္စယဃဋနပကာသနီပါဠ် နိဿယ၊ ။ ၁၁၈၃–ခု၊ ဝါခေါင်လဆန်း ၁–ရက်၊ အင်္ဂါနေ့၊
၁၄။ နိရုတ္တိဘေဒသင်္ဂဟ နိဿယ၊ ။ ၁၁၈၄–ခု၊ နယုန်လဆုတ် ၁၀–ရက်၊ စနေနေ့၊
၁၅။ သစ္စသင်္ခေပအဋ္ဌကထာနိဿယ၊ ။ ၁၁၈၄–ခု၊
၁၆။ ဝိတိစိတ္တပကာသနီပါဠ် နိဿယ၊ ။ ၁၁၈၅–ခု၊ ပဝါဆိုလဆုတ် ၄–ရက်၊ ကြာသပတေးနေ့၊
၁၇။ သျှင်မထီးသိမ်တော် မော်ကွန်း၊ ။ ၁၁၈၇–ခု၊ တော်သလင်းလပြည့်၊ ဗုဒ္ဓဟူးနေ့၊
၁၈။ ရူပသဒ္ဒိစာကိုယ် နိဿယ၊ ။ ၁၁၉၀–ပြည့်၊ ဝါခေါင်လဆန်း ၆–ရက်၊ ကြာသပတေးနေ့၊
၁၉။ အနမတဂ္ဂသံယုတ် နိဿယ၊ ။ ၁၁၉၀–ပြည့်၊ တော်သလင်းလဆန်း ၇–ရက်၊ ဗုဒ္ဓဟူးနေ့၊
၂၀။ ရူပသိဒ္ဓိဋီကာ နိဿယ၊ ။ ၁၁၉၁–ခု၊ သီတင်းကျွတ်လဆုတ် ၃–ရက်၊ သောကြာနေ့၊
၂၁။ ဂီဟိဝိနယပါဠ် နိဿယ လင်္ကာ၊ ။ ၁၁၉၂–ခု၊ ဝါခေါင်လဆန်း ၁၃–ရက်၊ ကြာသပတေး၊
၂၂။ ဝုတ္တောဒယဆန်းနိဿယ၊ ။ ၁၁၉၂–ခု၊တပို့တွဲလဆုတ် ၂–ရက်၊ စနေနေ့၊
၂၃။ နေတ္တိဟာရတ္ထဒီပနီကျမ်း၊ ။ ၁၁၉၃–ခု၊ နတ်တော်လဆန်း ၁၄–ရက်၊ တနင်္လာနေ့၊
၂၄။ ဓမ္မစကြာပါဠိတော် နိဿယ၊ ။ ၁၁၉၄–ခု၊ ဝါခေါင်လပြည့်၊ စနေနေ့၊
၂၅။ သဒ္ဒနီတိ ပဒမာလာ နိဿယ၊ ။ ၁၁၉၄–ခု၊ နတ်တော်လဆုတ် ၁၀–ရက်၊ တနင်္လာနေ့၊
၂၆။ ကာယဝိစ္ဆိဒနိယသုတ် နိဿယ၊ ။ ၁၁၉၅–ခု၊ ဝါခေါင်လဆန်း ၁၀–ရက်၊ သောကြာနေ့၊
၂၇။ သတိပဋ္ဌာန်ပါဠိတော် နိဿယ၊ ။ ၁၁၉၅–ခု၊ တပို့တွဲလဆန်း ၁၄–ရက်၊ ကြာသပတေး၊
၂၈။ သဒ္ဒနီတိ ဓာတုမာလာ နိဿယ၊ ။ ၁၁၉၆–ခု၊ ပဝါဆိုလဆုတ် ၁၄–ရက်၊ သောကြာနေ့၊
၂၉။ ဘိက္ခု ဘိက္ခုနီ နိဿယ၊ ။ ၁၁၉၆–ခု၊ ဝါခေါင်လဆုတ် ၉–ရက်၊ ဗုဒ္ဓဟူးနေ့၊
၃၀။ မဟာဗေယျာကါထာ၅၆–ပုဒ် နိဿယ၊ ။ ၁၁၉၇–ခု၊ သီတင်းကျွတ်လဆုတ် ၃–ရက်၊သောကြာ၊
၃၁။ ဥပ္ပါတသန္တိ နိဿယ၊ ။ ၁၁၉၈–ခု၊ တန်ခူးလဆုတ် ၂–ရက်၊ ဗုဒ္ဓဟူးနေ့၊
၃၂။ မဟာသမယသုတ်ပါဠိတော် နိဿယ၊ ။ ၁၁၉၉–ခု၊ တော်သလင်းလဆုတ် ၁၀–ရက်၊ စနေနေ့၊
၃၃။ ခုဒ္ဒသိက္ခာ နိဿယ၊ ။ ၁၂၀၀–ပြည့်၊ နယုန်လဆုတ် ၅–ရက်၊ အင်္ဂါနေ့၊
၃၄။ သဒ္ဒနီတိ သုတ္တမာလာ နိဿယ၊ ။ ၁၂၀၃–ခု၊ ဝါဆိုလဆုတ် ၂–ရက်၊ တနင်္ဂနွေနေ့၊
၃၅။ ထေရာ ထေရီ အပါဒါန်ပါဠိတော် နိဿယ၊ ။ ၁၂၀၃–ခု၊တပေါင်းလဆန်း၁၀–ရက်၊ ၅–တေး၊
၃၆။ ကဗျာသဒ္ဒသင်္ဂဟကျမ်း၊
၃၇။ ပစ္စယကာရဒီပနီကျမ်း၊

၃၈။ ပုဒ်စစ်ကျယ် ဦးဖုန်မူ၊
၃၉။ အာဒိတ္တသုတ်ပါဠိတော် နိဿယ၊
၄၀။ အနတ္တလက္ခဏသုတ်ပါဠိတော် နိဿယ၊
၄၁။ သစ္စသံခိပ်နိဿယ၊
၄၂။ သီဟိုဠ်ရာဇဝင်ချုပ် ဂါထာ ၂၀–ပါဌ် နိဿယ၊
၄၃။ ဝါတော်စဉ်ဂါထာပါဌ် နိဿယ၊
၄၄။ စူဠာမဏိပူဇာပါဌ် နိဿယ၊
၄၅။ ဓာတုပူဇာပါဌ် နိဿယ၊
၄၆။ သတ္တဌာနပါဌ် နိဿယ၊
၄၇။ အပြင်အောင်ခြင်းပါဌ် နိဿယ၊
၄၈။ စတုရာရက္ခ မြန်မာပြန်၊
၄၉။ လောကနီတိ ဓမ္မနီတိ နိဿယ၊
၅၀။ ရာဇနီတိ နိဿယ၊
၅၁။ မဟာရဟနီတိ နိဿယ၊
၅၂။ နျာသ နိဿယ၊
၅၃။ သံပျင်ဋီကာ နိဿယ၊
၅၄။ ဒါနဖလပ္ပတ္တိကျမ်း၊
၅၅။ သီလဖလပ္ပတ္တိကျမ်း၊
၅၆။ ဘာဝနာဖလပ္ပတ္တိကျမ်း၊
၅၇။ ကဗျာသာရတ္ထသင်္ဂဟ သတ်ပုံကျမ်း၊
၅၈။ ဥပ္ပါဒါနုဒ္ဒင္ဒပါဌ် နိဿယ၊
၅၉။ စတုရာရက္ခ ဘာဝနာ၊
၆၀။ ဘုမ္မိဘေဒကျမ်း၊
၆၁။ ပရမတ္ထဝန္ဒနာကျမ်း၊
၆၂။ ဂုဏ်တော် နိဿယ၊

သက္ကရာဇ် ၁၁၉၂–ခု၊ သီတင်းကျွတ်လပြည့် သောကြာနေ့တွင် မင်းရဲသိခ်သူလျှောက်၍ ပုစ္ဆာပေါင်း ၈၄–ခုကို ဖြေကြားသော ပကိဏ္ဏကဝိသဇ္ဇနာကျမ်းကိုလည်း ဆရာတော် ဦးဖုန်ရေးသားသည်ဟု ဆိုကြ၏။ ယခုဖော်ပြပြီးသော ကျမ်းများမှ တစ်ပါး အခြားကျမ်းများလည်း ရှိနိုင်ပေသေးသည်။

**(ကျမ်းကိုး)** ညောင်ကန်သာသနာဝင်၊ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ ဆုံးမစာပေါင်းချုပ်၊ ကဝိသေတ္တုမဥ္ဇူသာကျမ်း၊

## ထွင့်ခေါင်ဆရာတော် ( ၁၁၆၀–၁၂၄၂ )

ဗုဒ္ဓဘာသာဝင် ရဟန်းသျှင်လူတို့၏ နှုတ်ဖျားဝယ် " သဗ္ဗေသတ္တာ၊ ဝေနေယျာ၊ သံသာရှည်လုပြီ၊ "စသော ကမ္ဘဋ္ဌာန်းသံပေါက်ကဗျာများကို မကြာခဏ ရွတ်ဆိုလေ့ ရှိကြ၏။ ထို သံပေါက်ကဗျာ ၁၀၀–ကျော်တို့ကို ရေးစပ်ခဲ့သော ဆရာတော်ကား ထွင့်ခေါင်ဆရာတော်ကြီး ဖြစ်သတည်း။

ထွင့်ခေါင်ဆရာတော် လောင်းလျာ သတိုးသားကို ဟသ်ာတမြို့စီရင်စု လေးမျက်နှာ မြို့ အနောက်မြောက်ဘက် မြင်းကုန်းရွာ၌ သက္ကရာဇ် ၁၁၆၀–ပြည့်နှစ်၊ တပေါင်းလပြည့် အင်္ဂါနေ့ နေတက်အချိန်တွင် လယ်ရှင်ဖြစ်သော အဖ ဦးလူကြီး၊ အမိ ဒေါ်မေတို့မှ မွေးဖွား သန်စင်ခဲ့ပေ သည်။ ငယ်မည်တော်ကို မောင်စိုဟု ခေါ်တွင်သည်။ မောင်စိုမှာ မငွေဆိုသော အစ်မကြီးတစ် ယောက်လည်း ရှိလေသည်။

မောင်စိုသည် ငယ်စဉ်ကပင် ဖခင်ဦးလူကြီး ကွယ်လွန်သဖြင့် မိခင်ဖြစ်သူ ဒေါ်ငွေနှင့် အစ်မကြီး မငွေတို့၏ အရိပ်အာဝါသအောက်တွင် ကြီးပြင်းလာခဲ့ရ၏။ သို့နှင့် သက္ကရာဇ် ၁၁၇၃– ခုနှစ် မောင်စို ၁၃–နှစ်သားအရွယ်တွင် အင်းဝမြို့တော် မန်ကျည်းတောကျောင်းတိုက်မှ ဆရာတော်သည် လေးမျက်နှာမြို့နယ် ငတရော်ကျွဲခေါင်းကျောင်း၌ ခေတ္တကြွရောက်၍ သီတင်းသုံး နေတော်မူ၏။ ထိုအချိန်တွင် မောင်စိုအား မိခင်ဒေါ်မေနှင့် အစ်မကြီး မငွေတို့က မန်ကျည်းတော ဆရာတော်၏ အထံ၌ သာမဏေအဖြစ်သို့ တင်မြှောက်အပ်နှင်းကြကုန်၏။ မန်ကျည်းတောဆရာ တော်ကြီးလည်း မောင်စို၏ ကြန်အင်လက္ခဏာကို ကြည့်တော်မူ၍ သာမဏေဘွဲ့ကို သျှင်ဉာဏ ဝံသဟု ပေးအပ်တော်မူသည်။

မန်ကျည်းတောဆရာတော်ကြီးမှာ အင်းဝမြို့မှ အကြောင်းကိစ္စဖြင့် ကြွလာတော်မူ သည်ဖြစ်ရာ ကိစ္စပြီးသဖြင့် အင်းဝမြို့သို့ ပြန်ရန် အချိန်ကျရောက်လာလေသည်။ ထိုအခါ သျှင်ဉာဏ ဝံသသည် မန်ကျည်းတောဆရာတော်ကြီးနှင့်အတူ အင်းဝသို့ စာပေသင်ကြားရန် လိုက်ပါလိုသဖြင့် မိခင်ကြီးအား ခွင့်ပန် ပြောကြား၏။ မိခင်၏ သဘောတူညီချက်ကို ရရှိလျှင် သာမဏေသျှင်ဉာဏ ဝံသသည် ဆရာတော်ကြီးနှင့်အတူ အင်းဝမြို့တော်သို့ လိုက်ပါလာခဲ့လေသည်။ ထိုအချိန်တွင် အမရပူရမြို့တော်၌ ဘိုးတော်ဗဒုံမင်းတရားကြီး နန်းစံနေခိုက် ဖြစ်ပေသည်။

သာမဏေသျှင်ဉာဏဝံသသည် အင်းဝမြို့တော်သို့ ရောက်ရှိသည်မှ စ၍ စာပေပရိယတ် များကို ကြိုးပမ်းအားထုတ်တော်မူ၏။ သာမဏေဘဝဖြင့်ပင် သင်ရိုးကျမ်းစာအများကို ကုန်စင် အောင် တတ်မြောက်တော်မူ၏။ ကိုယ် နှုတ် နှလုံး သုံးပါးသော အမူအရာတို့မှာလည်း သီလသိက္ခာ နှင့် ပြည့်စုံလှသဖြင့် ကြည်ညိုကိုးကွယ်သူတို့ ပေါများလှ၏။ ထိုအထဲတွင် နောင်အခါ၌ ဘကြီးတော် မင်းတရား၏ နန်းမတော် 'သီရိပဝရ တိလောက မဟာရာဇိန္ဒာ ရတနာဒေဝီ 'ဘွဲ့ခံ မိဖုရားခေါင် ကြီး ဖြစ်လာမည့် အိမ်ရှေ့စံမိဖုရားကြီး မယ်နုကလည်း ပစ္စည်းလေးပါး ဒါယိကာမ ပြုလုပ်၍ ချီးမြှောက် ထောက်ပံ့တော်မူသည်။ ထို့မျှမက သျှင်ဉာဏဝံသ၏ မိခင် ဒေါ်မေနှင့် အစ်မကြီး မငွေ မိသားစုကိုလည်း ချီးမြှောက်တော်မူလိုသဖြင့် သျှင်ဉာဏဝံသအား လျှောက်ထား၍ အင်းဝသို့ ခေါ်ယူခဲ့သည်။ ရောက်လျှင် စစ်ကိုင်းမြို့ ပွဲဆိပ်ရပ်၌ ချမ်းသာစွာ နေရာချထားပေးလေသည်။

သက္ကရာဇ် ၁၁၈၀–ခုနှစ်တွင် သာမဏေသျှင်ဉာဏဝံသသည် သုဓမ္မာစာပြန်ပွဲကြီးသို့ ဝင်ရောက် ဖြေဆိုရာ ပထမကျော်ဟူသော ဂုဏ်ထူးကို ဆင်မြန်းနိုင်ခဲ့လေသည်။

အသက်၂၀–အရွယ်စေ့သည်တွင် အိမ်ရှေ့စံမိဖုရားကြီး မယ်နုကပင် ရဟန်းဒါယိကာမ ပြုလုပ်၍ မန်ကျည်းတောဆရာတော်ကြီးကို ဥပဇ္ဈာယ်ထားကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းဖြစ်သောနှစ်မှာ သက္ကရာဇ် ၁၁၈၁–ခုနှစ် ဖြစ်ပေသည်။

ရဟန်းတော် သျှင်ဉာဏဝံသသည် ရှစ်ဝါတိုင်တိုင် မန်ကျည်းတောဆရာတော်ကြီး အထံ

၌ပင် ပရိယတ္တိဝန်ကို ထမ်းဆောင်၍ သာသနာတော်ကို ပြုစုလေသည်။ သျှင်ဉာဏဝံသသည် ငယ်စဉ်ကပင် တောရဆောက်တည်လိုသော ဝါသနာ ရှိသည့်အလျောက် သက္ကရာဇ် ၁၁၈၈-ခုနှစ်၊ သက်တော် ၂၈-နှစ်အရွယ်၌ မင်းဝံတောင်၏ အနောက်တောင်ခြေရှိ စည်းခုံစေတီတော်ကြီး အနီးသို့ ကြွရောက်၍ တောရဆောက်တည် နေတော်မူသည်။ ထို့နောက်မင်းဝံတောင်ရိုးပေါ်ရှိ ရတနာထွဋ်ခေါင်စေတီ၏ အနီး တောရကျောင်း၌ သီတင်းသုံးတော်မူပြန်၏။ ထိုအခါကျမှ ထွတ်ခေါင်စေတီတော်ကို အမှီပြု၍ နေသောကြောင့် ထွဋ်ခေါင်ဆရာတော်ဟူ၍ ခေါ်ဝေါ်လာကြလေသည်။ ဆရာတော်သည် တောရဆောက်တည်နေဆဲ ဖြစ်သော်လည်း စာပေတာဝန်ကိုကား မလစ်ဟင်းစေရဘဲ အခါအားလျော်စွာ စာပြုလုပ်ငန်းတို့ကို ကြိုးပမ်းအားထုတ်တော်မူ၏။ ဆရာတော်၏ တရားဓမ္မတို့ကို နာကြားရန်အတွက် လာရောက်ကြသော အမျိုးလေးပါးတို့လည်း ထွဋ်ခေါင်တောရ၌ ပြည့်နက်နေ၏။ ထိုသူတို့အတွက်လည်း ဆရာတော်သည် ဓမ္မသဘင်ကို ဆင်ယင်၍ တရားဓမ္မကို ဟောကြားရပေသေးသည်။ ထိုအကြောင်းကို ဆရာတော် ရေးသား သော 'တုလွတ်ပရမေ' ချီ သတ်ပုံလင်္ကာ နိဂုံး၌-

"ရပ်ဝေးရပ်နီး၊ အကြီးအငယ်၊ လေးသွယ်ဂေါတ္တ၊ မျိုးသိဿအား၊ ဓမ္မသဘင်၊ ရွှေပွဲယင်၍၊"-

စသည်ဖြင့် ရေးသားတော်မူခဲ့၏

ဆရာတော်သည် ထွဋ်ခေါင်တောရ၌ နေတော်မူရာတွင်လည်း ဘကြီးတော်မင်းတရားနှင့် မှူးမတ်အသိုင်းအဝိုင်းတို့က အရေးပေးကာ ပူဇော်ချီးမြှောက်ကြသဖြင့် ကိုးကွယ်သူများ တစ်နေ့တခြား ပေါများလာလေသည်။ ထိုစဉ် ဆရာတော်မှာ လေနာရောဂါ စွဲကပ်လာခဲ့၏။ ထိုရောဂါကို ကုသရန်အတွက် ဒါယကာတို့က ပင့်လျှောက်သောကြောင့် ထွဋ်ခေါင်တောရမှ အနောက်မြောက်ယွန်း နှစ်တိုင်ခန့် ဝေးကွာသော မြင်းမွေးတောရသို့ ကြွရောက်၍ ရောဂါဝေဒနာကို ကုသမှု ခံယူရသည်။ လေနာရောဂါ ပျောက်ကင်းတော်မူလျှင် လက်လုပ်တောရ၊ ပေါက်တောကန်တောရ၊ ပဲကတိုးတောရစသည့် လူသူမနီးသည့် တောရကျောင်းများသို့ လှည့်လည်၍ သီတင်းသုံးတော်မူလေသည်။

သက္ကရာဇ် ၁၂၀၈-ခုနှစ်တွင် နန်းတက်သည့် ပုဂံမင်း၏ ညီတော်များ ဖြစ်သော မင်းတုန်းမြို့စားမင်းသားနှင့် ကနောင်မြို့စားမင်းသားတို့သည် ရွှေဘိုမြို့သို့ ခရီးထွက်လာကြ၏။ ထိုအချိန်တွင် ဆရာတော်သည် ဆင်မချောင်အရပ်၌ သီတင်းသုံးနေတော်မူခိုက် ဖြစ်၏။ မင်းသားနှစ်ပါးတို့သည် ဆရာတော် သီတင်းသုံးရာ ဆင်မချောင်အရပ်သို့ ရောက်လာ၍ ဆရာတော်၏ တရားဓမ္မကို နာကြားကြ၏။ ဤတွင် ဆရာတော်အား အထူးအားဖြင့် ကြည်ညိုကြ၍ ညီနောင်နှစ်ပါးတို့ ကိုယ်တိုင် ကျောက်တုံး ကျောက်ခဲများကို သုတ်သင် ရှင်းလင်းကြ၏။ ပြီးလျှင် နောင်တော် မင်းတုန်းမြို့စားမင်းသားက ကျောင်းမတော်ကြီးကိုလည်းကောင်း၊ ညီတော်ကနောင်မင်းသားက စင်္ကြံန်ကျောင်းကိုလည်းကောင်း ဆောက်လုပ်လှူဒါန်းကြလေသည်။

ဆင်မချောင်အရပ်သည် တောင်ကြီး နှစ်ခုတို့အကြား ရှိသော ချုံနွယ်သစ်ပင်များ ထူထပ်သည့် နေရာဖြစ်၏။ ထိုရှိုမြောင်ကြီးအတွင်း ဘုရင့်ဆင်မများ လွှတ်ကျောင်းရာ ဖြစ်သောကြောင့် ဆင်မချောင်ဟု ခေါ်တွင်သည်ဆို၏။ သက္ကရာဇ် ၁၂၁၄-ခုနှစ်တွင် မင်းတုန်းမြို့စားမင်းသားသည် ထီးနန်းအုပ်ချုပ် မင်းလုပ်ရ၏။ ထိုအခါ ဆရာတော်အား မင်းတရားက နေပြည်တော်သို့ ပင့်ခေါ်၍ ရာဇဂုရုဘွဲ့တံဆိပ်တော်ကို ဆက်ကပ်မည် ပြုရာ ဆရာတော်က "ဤတံဆိပ်တုံးသည် အသုံးမကျပါ၊ ငါသေလျှင် တံဆိပ်တုံးကြီးကို ခေါင်းအုံးနဘေးချထားမည်ကို ရှက်နိုးလှသည်၊"ဟု မိန့်တော်မူပြီး ဘွဲ့တံဆိပ်တော်ကို မယူဘဲ ပယ်တော်မူသည်။

သို့ရာတွင် မင်းတရားက ဆရာတော်အတွက် ဝတ်မိုး ဝတ်မြေများကို လှူတော်မူ၏။ ဆရာတော် သီတင်းသုံးသော ဆင်မချောင်ကိုလည်း 'ဓမ္မိကချောင်' ဟု ကမ္ပည်းထိုးမှတ်၍

ကျောက်တိုင် စိုက်ထူပြီးလျှင် အခိုင်အမာ လှူတော်မူ၏။ မိဖုရား မှူးမတ်ကြီးငယ်တို့သည်လည်း ဆရာတော်၏ ကျောင်းအတွင်း၌ အဆောက်အဦများကို ဆောက်လုပ်လှူဒါန်းကြလေသည်။

ဆရာတော်သည် မင်းတုန်းမင်းတရားက တောင်းပန်သောကြောင့် ရာဇပါမောဇ္ဇဒီပနီကျမ်းကို ရေးသားတော်မူသည်။ ထို့ပြင် ဆရာတော်သည် မင်းပြစ်မင်းဒဏ် သင့်သူများကိုလည်း ကိုယ်တိုင် ဇီဝိတဒါနအလှူခံတော်မူ၍ ကယ်တင်ပေးလေ့ ရှိပေသည်။ ဤသို့ သတ္တဝါတို့၏ အကျိုးကို ပစ္စုပ္ပန်အတွက်ပင် ဆောင်ရွက် ကယ်တင်တော်မူခဲ့ပေသည်။

ဤသို့စသော ဂုဏ်တော်တို့ကြောင့်လည်း ဆရာတော်၏ ကျောင်းတိုက်တွင် တရားဓမ္မနာကြားသူတို့ များပြားလှ၏။ တောရတိုက်တွင် အမြဲနေ၍ တရားအားထုတ်ကြသော ရဟန်းသံဃာတော်တို့သည်ပင် ၃၀၀–ကျော်မျှ ရှိခဲ့လေသည်။ ဤမျှ များပြားနေသဖြင့် ဆရာတော်သည် မိမိအတွက် တရားအားထုတ်ရာ၌ တစ်ပါးတည်းသာ သမာဓိ ရယူလိုသောကြောင့် ဝါလအခါ ရောက်ပြီဆိုလျှင် ဓမ္မိကချောင်မှ ခြောက်တိုင်ခန့် ဝေးသော ရွှေမြင်တင်တောင်သို့ ကြွရောက်၍ သီတင်းသုံးတော်မူလေ့ ရှိပေသည်။

ဤသို့ တရားဓမ္မကို အားထုတ်တော်မူဆဲမှာပင် သက်တော် ၈၁–နှစ်၊ ဝါတော် ၆၁–ဝါအရ၊ သက္ကရာဇ် ၁၂၄၂–ခု၊ ပထမဝါဆိုလဆန်း တစ်ရက်နေ့၊ နံနက် မြန်မာ တစ်ချက်တီးကျော် အချိန်တွင် ဓမ္မိကချောင်၌ သီတင်းသုံးနေခိုက် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပေသတည်း။

ထွင့်ခေါင်ဆရာတော်ကြီး ရေးသားခဲ့သော ပါမောဇ္ဇကျမ်း ၁၃–စောင်မျှ ရှိသည်ဟု အမှတ်အသား ရှိပေသည်။ ထို့ပြင် ဆရာတော် ရေးသားသော သတ်ပုံလင်္ကာများကိုလည်း လေ့လာ၍ ထပ်မံတွေ့ရှိရပြန်ပါသည်။ ထို့ကြောင့် ဆရာတော် ရေးသားသော ကျမ်းအရေအတွက်ကိုကား ပြောပြနိုင်ရန် ခက်ခဲ၏။ တွေ့ရှိရသော ဆရာတော်၏ စာစုစာရင်းကား ရာဇပါမောဇ္ဇဒီပနီကျမ်း၊ ဓမ္မပါမောဇ္ဇဒီပနီကျမ်း၊ ဓမ္မသာရပါမောဇ္ဇဒီပနီကျမ်း၊ ပကိဏ္ဏကပါမောဇ္ဇဒီပနီကျမ်း၊ ပီတိပါမောဇ္ဇဒီပနီကျမ်း၊ သံဝေဂပါမောဇ္ဇဒီပနီကျမ်း၊ အဇ္ဈာသယပါမောဇ္ဇဒီပနီကျမ်း၊ သမန္တပါမောဇ္ဇဒီပနီကျမ်း၊ သာဓုဇနပါမောဇ္ဇဒီပနီကျမ်း၊ သုတေသနပါမောဇ္ဇဒီပနီကျမ်း၊ သတ်ပုံလင်္ကာများ၊ ကမ္မဋ္ဌာန်းသံပေါက်ကဗျာများ ဖြစ်ကြပေသည်။

**(ကျမ်းကိုး )** မြန်မာ့စွယ်စုံကျမ်း–အတွဲ ၅၊ ဆုံးမစာပေါင်းချုပ်၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ သတ်ပုံလင်္ကာ၊ အလယ်တန်း စကားပြေလက်ရွေးစင်မှ သိပ္ပံမောင်ဝ၏ 'ထွင့်ခေါင်ဆရာတော် 'ဆောင်ပါး၊

## သျှင်ပညာတိက္ခ ( ၁၁၆၀ ခန့်–၁၂၀၀ ခန့် )

ဆရာတော်သျှင်ပညာတိက္ခသည် မင်းပူးဦးသြဘာသနှင့် သျှင်နန္ဒမေဓာတို့ မရေးသားဘဲ ခြွင်းချန်ထားခဲ့သော သုဝဏ္ဏသာမဇာတ်တော်ကြီး ဝတ္ထုကို ဆက်လက်ရေးသားတော်မူခဲ့၏။ သျှင်ပညာတိက္ခသည် ထိုဇာတ်တော်ကြီးကို ရေးသားချိန်တွင် ရဟန်းပျိုမျှသာ ရှိပေသေးသည်။ ကိုယ်တိုင်လည်း ဇာတ်တော်ကြီး ဝတ္ထုနိဒါန်းလင်္ကာ၌ "ပညာတိက္ခ၊ နာမခေါ်ဆို၊ ပဥ္စင်းပျို "ဖြစ်ကြောင်း ဝန်ခံထား၏။

ထိုဝတ္ထုတော်ကြီးကို ရေးသားချိန်တွင်–

"ဘူမိနက်သန်၊ ကြံကြံသမျှ၊ ကြွယ်ဝချမ်းသာ၊ ပြည်သာနိဗ္ဗူ၊ ဟူရာဌာန၊ သာယာလှသား၊ နာမတွင်လစ်၊ ပုဂံစစ်တွင်၊ စေတီပြင်ဝယ်၊ တင့်တယ်ထူးဆန်း၊ ကျောင်းသင်္ခမ်း၌၊ လေးပိုက်ကြရိယာ၊ နေသောခါလျှင်၊ "–

ဟူ၍ နိဂုံး၌ ရေးဖွဲ့ထားသောကြောင့် ရတနာပူရ အင်းဝမြို့တော်အတွင်း ပုဂံစစ်စေတီတော်ရင်ပြင် ကျောင်းသင်္ခမ်း၌ နေတော်မူစဉ် ဖြစ်ကြောင်း သိရှိရပေသည်။ အရှင်သည် မိတ်ဆွေရင်းဖြစ်သော ဒါယကာမောင်သာက တောင်းပန်သောကြောင့် ရေးသားရကြောင်းကိုလည်း–

"ဤစာသုဝဏ္ဏသျှံ၊ ညဏ်အမြင်နု၊ သူတို့ရှုကြောင်း၊ ဝတ္ထုသက်သေ၊ စကားပြေဖြင့်၊ အနေကျစွာ၊ ရေးစီပါဟု၊ မောင်သာတွင်ခြင်း၊ မိတ်ဆွေရင်းလျှင်၊ ဝပ်စင်းရိုသေ၊ တောင်းပန်ထွေကြောင့်၊ "–

ဟု နိဂုံးပိုဒ်စုံရတုဉ်ပင် ဆိုပြန်ပါသည်။

ယင်းသို့ တောင်းပန်လျှောက်ထားခြင်းကို အရင်းတည်၍ သုဝဏ္ဏသာမဇာတ်တော်ကြီး ဝတ္ထုကို ရေးသားတော်မူခဲ့ရာ သက္ကရာဇ် ၁၁၈၈–ခုနှစ်၊ နယုန်လ၌ ရေးသား ပြီးစီးခဲ့သည်။

သျှင်ပညာတိက္ခသည် သုဝဏ္ဏသာမဇာတ်တော်ကြီး ဝတ္ထုမှတစ်ပါး အခြားစာပေများကို ရေးသားသည်ဟူ၍ မတွေ့ရပေ။ ဤဝတ္ထုကြီးကိုကား ရှေးရှေးသော ဆရာတော် ပညာကျော်တို့ မရေးသားဘဲ ခြွင်းချန်ထားခဲ့သောကြောင့် မိမိပြုစုရပါကြောင်း မိန့်ဆိုတော်မူခဲ့လေသည်။

**(ကျမ်းကိုး)** စာဆိုတော်များ အတ္ထုပ္ပတ္တိ၊

## ဗန်းမော်ဆရာတော် ( ၁၁၆၈–၁၂၃၉ )

ဗန်းမော်ဆရာတော်သည် သာသနာ့သမိုင်း၌လည်းကောင်း၊ စာပေသမိုင်း၌လည်းကောင်း ထူးချွန်စွာ ပေါ်ပါက်လာသော ဆရာတော်တစ်ပါး ဖြစ်၏။ ကဗျာအရာတွင်လည်း ဟာသဉာဏ်၊ ဇဝနဉာဏ်တို့ဖြင့် အလွန်လျင်မြန်ထက်မြက်သော ဆရာတော် ဖြစ်သည်။ စာဆိုတော် စလေဦးပုညတို့သည်လည်း ဆရာတော်၏ နည်းနိဿယတို့ကို ခံယူဆည်းကပ်ခဲ့ရသူများ ဖြစ်၏။

ဗန်းမော်ဆရာတော်ကြီးသည် ရွှေတောင်မြို့ ကွပ်ညှပ်စင်ရွာ၌ သက္ကရာဇ် ၁၁၆၈–ခုနှစ်တွင် မွေးဖွားသည်။ နံတော် ကြာသပတေးသား ဖြစ်၍ ငယ်မည်တော်ကို မောင်ဖြူဝင်းဟု ခေါ်လေသည်။

မောင်ဖြူဝင်းသည် ငယ်စဉ်ကပင် ဇဝနဉာဏ် လျင်မြန်သူ ဖြစ်ရာ စာချိုးများကို ရုတ်တရက် စပ်ဆိုလေ့ ရှိခဲ့၏။ မောင်ဖြူဝင်း ငယ်စဉ်က စပ်ဆိုခဲ့သော ' ရွှေညောင်ပင် သာသည့်ကုန်းမှာလ 'အစချီ စာချိုးတစ်ပုဒ်သည် မှတ်တမ်းတင် စာချိုးတစ်ပုဒ် ဖြစ်ခဲ့၏။ စာချိုးဖြစ်ပေါ်လာရခြင်းကား ဤသို့တည်း။

မောင်ဖြူဝင်းသည် ငယ်သွေးတစိုအရွယ်တွင် သာမဏေအဖြစ်မှ ခေတ္တလူထွက်၍ အိမ်၌ နေစဉ် တစ်နေ့သောအခါ သူငယ်ချင်း သျှင်လူထွက် ကလေးများနှင့် လှည့်လည်ပျော်ပါး သွားကြသည်။ ညောင်ပင်ကြီးတစ်ပင် အောက်တွင် ရှေးဟောင်း နှောင်းဖြစ်များကို ပြောကြားနေကြသော မိန်းမပျိုတစ်သိုက် အနားသို့ ဝင်ရောက်ထိုင်ကြသည်။ ထိုအခိုက် မမင်းမိုန်ဆိုသူ အပျိုကြီးမှာ အမှတ်မဲ့အားဖြင့် လူအစုံတွင် မလုံ၍ လေလယ်မိရှာသည်။

လေလယ်သံကို ကြားသဖြင့် ဗန်မော်ဆရာတော် လောင်းလျာ မောင်ဖြူဝင်းက စာချိုးတစ်ပုဒ်ကို ရုတ်တရက် ကောက်၍ စပ်လိုက်သည်။

" ရွှေညောင်ပင် သာသည့်ကုန်းမှာလ၊ စုရုံး၍ နေကြရာ၊ ၊ မမင်းမိုန် အပျိုကြီးရယ်၊
အီးညှစ်လို့ပါ၊ ။ "

ဤနှစ်ပိုဒ်ကို စပ်ဆိုပြီးလျှင် အနီးရှိ ကာလသား ကာလသမီးတို့မှာ ရယ်မော၍ တသောသော ရှိကြလေသည်။ မောင်ဖြူဝင်းသည် မိမိစပ်ဆိုလိုက်သော လေးဆစ်စာချိုးမှာ အခံနှစ်ပိုဒ်မျှသာ ရှိနေသေးသဖြင့် ရှေ့သို့ ဆက်ရန် စဉ်းစားနေချိန်ဝယ် မမင်းမိုန်၏ မောင်အရင်းဖြစ်သော မောင်စွန်ဆိုသူ ကျောင်းသားငယ်က သူ၏အစ်မကို ဤသို့ စာချိုးရပါမည်လားဟု ဒေါသဖြင့် ဆဲရေးတိုင်းထွာလေတော့သည်။ ထိုအခါမှ မောင်ဖြူဝင်းသည် စာချိုးအတွက် ဉာဏ်တိုးလာကာ ဆက်လက်၍ အဆုံးနှစ်ပိုဒ်ကိုပါ ဤသို့ စပ်ဆိုလိုက်သည်။

" ရွှေညောင်ပင် သာသည့်ကုန်းမှာလ၊ စုရုံး၍ နေကြရာ၊ ၊ မမင်းမိုန် အပျိုကြီးရယ်၊
အီးညှစ်လို့ပါ၊ ။ မလိမ္မာ ၊ ဗာလာနမိုက်ခဲ၊ ၊ သူ့အစ်မ စအိုတွန်လို့၊ ငစွန် မျက်မာန်ရှ
တယ်၊ ဒေါသနှင့် ဆဲ ။ ။ "

ဤကဲ့သို့ ကလေးဘဝမှပင် မိမိ မတော်မတည့်သော အရာများကို တွေ့လျှင် စာချိုးရေးသားလိုသော ဆန္ဒရှိလာခဲ့ရာ မင်းဆရာတော် ဖြစ်သည့်တိုင်အောင် ထိုဝါသနာကို ပယ်စွန့်တော်မမူပေ။

ဆရာတော်လောင်းလျာသည် နောင်အခါ၌ အမရပူရ ရွှေမြို့တော်သို့ ကြွရောက်ကာ စာပေပရိယတ်များကို သင်ကြား တတ်မြောက်တော်မူ၍ ရဟန်းပြုသောအခါ၌ ဘွဲ့တော်ကို သျှင်ပဏ္ဍိတဟု မှည့်ခေါ်သည်။ သျှင်ပဏ္ဍိတသည် ပုဂံမင်း လက်ထက်တွင် သာသနာပိုင် ခန့်အပ်ခြင်း ခံရသော ဒုတိယဗားကရာ ဆရာတော်ကြီး၏ ဖြတ်ထုံးရေးနှင့် စာဆိုအဖြစ် ဆောင်ရွက်တော်မူသည်။

ဗားကရာဆရာတော်သည် သာသနာပိုင် ဖြစ်သည့်အားလျော်စွာ သာသနာရေးဆိုင်ရာ

အရေးအခင်းတို့၌ အသွယ်သွယ်သော ဝိနည်းကြောင်းတို့ဖြင့် နိုင်းညှိတိုက်ဆိုင်၍ ဆုံးဖြတ်တော်မူရသည်။ ထိုကိစ္စအရပ်ရပ်တို့ကို ဆရာတော်သျှင်ပဏ္ဍိတသည် တာဝန်ယူ၍ ဆောင်ရွက်တော်မူရလေသည်။ ဆရာတော်သည် ပုဂံမင်းလက်ထက် သက္ကရာဇ် ၁၂၁၀–ပြည့်နှစ်တွင် 'ပဏ္ဍိတဝံသာ ဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု 'ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်း ခံရလေသည်။

ဆရာတော်အား ဇန်းမော်ဆရာတော်ဟု ခေါ်တွင်လာခြင်းမှာ ဇန်းမော်မြို့စား မိဖုရားက ကျောင်းဆောက်၍ ကိုးကွယ်သောကြောင့် ဖြစ်ပေသည်။ ထိုဇန်းမော်မြို့စား မိဖုရားကား သက္ကရာဇ် ၁၁၇၈–ခု၊ ဝါခေါင်လဆန်း တစ်ရက် ဗုဒ္ဓဟူးနေ့တွင် ဝဇ္ဇိတိုင်း ဝေသာလီပြည်ကြီးမှ အသက် ၁၁–နှစ်အရွယ်ရှိသော မင်းသမီးကို အခြွေအရံ ၃၀–ကျော်နှင့် ဆက်သထားသူ ဖြစ်သည်။

ထိုမင်းသမီးကို သီရိအတုလဒေဝီဟူသော ဘွဲ့နှင့် ဇန်းမော်မြို့ကို ကံကျွေးပေးထားဖြင့် ဇန်းမော်မြို့စားမင်းသမီးဟု ခေါ်သည်။ ဇန်းမော်စား မင်းသမီးသည် ဘိုးတော် ဘကြီးတော် ရွှေဘိုမင်း သုံးဆက်တိုင်အောင် ချီးမြှောက်တော်မူခြင်း ခံရ၏။ ထိုဇန်းမော်မြို့စား မိဖုရားသည် ဆောက်လုပ်ထားသော တိုက်ကို ' ဇန်းမော်တိုက် ' ဟု ခေါ်၍ ဆရာတော် သျှင်ပဏ္ဍိတသည်လည်း ထိုတိုက်၌ သီတင်းသုံးတော်မူရသဖြင့် ဇန်းမော်ဆရာတော်ဟူ၍ ကျော်စောလာလေသည်။

ဇန်းမော်ဆရာတော်သည် မင်းတုန်းမင်းတရား နန်းတက်လာသော အခါ၌လည်း ချီးမြောက်ပူဇော်ခြင်းကို ခံရပေသည်။ သို့ရာတွင် သာသနာရေးဆိုင်ရာ၌ အဓိကဖြစ်သော သာသနာပြုဆရာတော်အဖွဲ့သို့ကား ထည့်သွင်းခြင်း မရှိပေ။ ယင်းသို့ မထည့်သွင်းခဲ့ခြင်းမှာလည်း အကြောင်းရှိပေသည်။ ဆရာတော်သည် ဟုတ်တိုင်းမှန်ရာကို ဟောဟောဒိုင်းဒိုင်း မိန့်ကြားတော်မူလေ့ ရှိသည်။ မင်း မိဖုရားနှင့်တကွ မှူးမတ်စသည်တို့ကိုလည်း အလိုလိုက်၍ အကြိုက်မဆောင်ဘဲ သာသနာပိုင်ဆရာတော်ကိုပင်လည်း ခန့်ညားလေးမြတ်မှု မပြုလုပ်တတ်ပေ။ ဤအချက်တို့သည် ဆရာတော်အား သာသနာပြုအဖွဲ့သို့ မပါဝင်ရခြင်း အကြောင်းပင် ဖြစ်ပေသည်။

မြန်မာမင်းလက်ထက်တွင် အဓိကအားဖြင့် ကိုးကွယ်ခြင်းခံရသူ သာသနာပိုင်များမှာ မင်းလိုလိုက်၍ မင်းကြိုက်ကို အနည်းအကျဉ်း ဆောင်ပါမှ ဖြစ်သည်။ ဇန်းမော်ဆရာတော်ကား ဤသို့ မဟုတ်ပေ။ မင်းလိုကိုလည်း မလိုက်ခဲ့။ မင်းကြိုက်ကိုလည်း မဆောင်ခဲ့။ ထို့မျှမက မင်းနှင့်ပတ်သက်၍လည်း ဆန့်ကျင် အရွဲ့တိုက်ခဲ့သည်များလည်း ရှိပေသည်။

တစ်ရံရောအခါ မင်းတုန်းမင်းသည် ဇန်းမော်ဆရာတော် ရှေ့တွင် ထီးနန်းစည်းစိမ်ကို စွန့်ပစ်၍ တောထွက်ချင်ကြောင်း သံဝေဂစကားဖြင့် လျှောက်ထားလေသည်။ ထိုအခါ ဇန်းမော်ဆရာတော်က "ဒကာတော်မှာ လူကဘုန်းကြီး ( ရိုး )က ဓားပြ ဖြစ်နေတယ်၊ "ဟု ပြောင်ပြောင်တင်းတင်း မိန့်ကြားတော်မူသည်။ ဤသို့ ဆရာတော် မိန့်တော်မူခြင်းမှာ မင်းတုန်းမင်းသည် မိဖုရား ပေါင်း ၅၀–ကျော်တို့ကို ယူထားပြီး လူကြားကောင်းအောင် ပြောဆိုသည်ကို ကန့်လန့်တိုက်လိုက်ခြင်း ဖြစ်လေသည်။

ဇန်းမော်ဆရာတော်သည် နှုတ်က ဤသို့ ရှင်းရှင်း ပြတ်ပြတ် ပြောဆိုတတ်သော်လည်း ရဟန်းတော်တို့၏ ဝိနည်းတရားတော်ကိုကား အထူးအားဖြင့် လေးစားတော်မူပါသည်။ စာပေပို့ချသည့် နေရာတွင်လည်း ရဟန်းတော်များ အကျင့်သီလအတွက် အဓိကထား၍ ဝိနည်းပိဋကတော်ကို အများအားဖြင့် ပို့ချတော်မူသည်။ ဤသို့ ပို့ချတော်မူသည့်အလျောက် ဝိနည်းနှင့် စပ်ဆိုင်သော အဆုံးအဖြတ်များကို ထိုခေတ်တွင် ပညာကျော်များ ဖြစ်သော အရညဝါသီ သလုံးဆရာတော်ကြီးနှင့် ပြည်ဆရာတော်ကြီးတို့က ဇန်းမော်ဆရာတော်အား ဆုံးဖြတ်စေတော်မူကြသည်။

ဇန်းမော်ဆရာတော်ကြီးသည် အခြားနေရာများတွင် ယဉ်ကျေးသော စကားဖြစ်စေ၊ မယဉ်ကျေးသော စကားဖြစ်စေ လေးနက်စွာ ပြောဆိုရေးသားလေ့ ရှိသကဲ့သို့ ဝိနည်းဒေသနာတော်နှင့် စပ်၍ ဆုံးဖြတ်ရာ၌လည်း တည်ကြည်သော၊ လေးနက်သော၊ ခန့်ညားသော အသုံးအနှုန်းတို့ဖြင့်သာ ဆုံးဖြတ်တော်မူလေ့ ရှိပေသည်။

ဤသို့ သာသနာတော်အတွက် စာပေပို့ချတော်မူရင်း စာပြုလုပ်ငန်းကိုလည်း အခါအား လျော်စွာ ပြုစု ရေးသားတော်မူရာ ဆရာတော် ပြုစုသော စာစုများမှာ ဝိဝါဒဆေဒနီ၊ ကထိနဝိသော ဓနီ၊ သီမဘေဒဝိဘာဝနီ၊ ခန္ဓဘေဒဝိဘာဝနီ၊ ဥပေါသထကမ္မဝိနိစ္ဆယ၊ ဒွိသန္တကဝိနိစ္ဆယ၊ အသုဘဒဿနဝိနိစ္ဆယ၊ သံဃိကပစ္စယဝိနိစ္ဆယ၊ ဝိနယဗဟုသုတဝိနိစ္ဆယ စသည်တို့ ဖြစ်ပေသည်။

ယင်းကဲ့သို့ တရားမှန်ကို လမ်းညွှန်ဆုံးမတော်မူသဖြင့်လည်း အခြားသာသနာပြုဆရာ တော်တို့သည် ဗန်းမော်ဆရာတော်အား လေးစား ကြောက်ရွံ့တော်မူကြ၏။ ဆရာတော် အမိန့်ရှိ လျှင်လည်း ပြန်လည်၍ စောဒကတက်ဝံ့သူ နည်းပါးလှသည်။ ရွှမ်းကလေးကျွန်းဆရာတော်၏ နမရင်း ဖြစ်သော သီလရှင်မယ်ကင်းသည် ဆရာတော်၏ စကားများကို ပြန်လှန်စောဒက တက်မိ သဖြင့် မထနိုင်အောင် နက်ခံလိုက်ရလေသည်။ ထို့ကြောင့်လည်း ရဟန်းလောကမှ ဆရာတော်၏ အဆိုအမိန့်ကို အံတုဝံ့သူ နည်းပါးနေခြင်း ဖြစ်ပေသည်။ ဆရာတော်သည် နည်းလမ်းမကျဟု ယူဆလျှင် ဘုရင်ကိုလည်း အားနာသူ မဟုတ်။ ဘုရင့်ဆရာကိုလည်း ငဲ့ညှာသူ မဟုတ်ပေ။

အခါတစ်ပါးတွင် ဆရာတော်သည် သုဓမ္မာသာသနာပြု ဆရာတော်ကြီးများ၏ အားနည်း ချို့ယွင်းချက်တို့ကို စာချိုးတစ်ပုဒ် ရေးသားပြီးလျှင် သုဓမ္မာဇရပ်သို့ သွားရောက် ပစ်ချ ခဲ့သည်။ ထိုစာချိုးမှာ–

"မောင်သက်ပန်းက တသန်းသန်း တဝေဝေ၊ မောင်လှထွေမှာ စာပေက နတ္ထိ၊ မောင်စလင်းမှာတော့၊ ပျင်းလွန်းလို့ စာမကြည့်၊ မင်းနန်မှာ လူနှင့် နှော၁တယ်၊ သောသော ညံ၏၊ မန္တလာ မှူခြင်းရာ မစုံးစမ်းခင်က၊ ငေါက်ငမ်းပါဘိ။ "–

ဟူ၍ ဖြစ်လေသည်။

ဆရာတော်၏ စာချိုးအဓိပ္ပာယ်မှာ သက်ပန်းဆရာတော်သည် တရားသဘင် စီရင် သော အခါ၌ ငိုက်မျဉ်း၍ နေတတ်သည်။ လှထွေဆရာတော်သည် စာပေတတ်ပွန်မှု အားနည်း သည်။ စလင်းဆရာတော်သည် စာကြည့် ပျင်းသည်။ ပခန်းဆရာတော် ဦးနန္ဒသည် လူများနှင့် အရောတဝင်နေတတ်သည်။ မန္တလာရာမဆရာတော်သည် ငေါက်ငမ်းတတ်သော အလေ့ရှိသည် ဟူ၍ ဖြစ်ပေသည်။

ဆရာတော်သည် သာသနာပြုအဖွဲ့ကိုသာမက တိုင်းပြည်တွင် ဦးစီးခေါင်းဆောင် ပြုလုပ်နေသော ဝန်ကြီးများ၏ ချို့ယွင်းချက်တို့ကိုလည်း စာချိုး၍ ရေးသားပြန်လေသည်။

ထိုအချိန်တွင် မင်းတုန်းမင်းတရား ခန့်အပ်ထားသော လွှတ်တော် ဝန်ကြီး မှူးကြီးများ တွင် ပခန်းမင်းကြီးမှာ လေနာရောဂါ စွဲကပ်နေသဖြင့် အရပ်ရပ် မှုခင်းများကို ကောင်းစွာ မဆောင်ရွက်နိုင်ပေ။ လောင်းရှည်မြို့စားမင်းကြီးမှာ မြင်ကွန်း မြင်းခုန်တိုင်အရေးအခင်း ဖြစ်စဉ်က ဓားလက်နက် ထိခိုက်မိသဖြင့် ကောင်းစွာ မသန်မာပေ။ ခန်းပတ်မြို့စား မင်းကြီးမှာ နာလေးသော ကြောင့် လွှတ်တော်တွင်း တရားစစ်ဆေး ဆုံးဖြတ်ရာ၌ ကောင်းစွာ ဆောင်ရွက်နိုင်ခြင်း မရှိပေ။ ရေနံချောင်းမင်းကြီး တစ်ဦးသာလျှင် ကျမ်းမာသန်စွမ်းသူ ဖြစ်လေရာ နိုင်ငံတော်တည်းဟူသော တိုက်ခန်းကြီး၌ ရေနံချောင်းမင်းကြီးဟု ဆိုသော မီးတိုင်တစ်ခုတည်းဖြင့် မလင်းနိုင်ဟူသော အဓိပ္ပာယ်ဖြင့် အောက်ပါစာချိုးကို ရေးသားစပ်ဆိုလိုက်သည်။

"ပခန်းမှာ လေ၊ လောင်ရှည်မှာ ဓား၊ ခန်းပတ်မှာ နား၊
ရေနံ တစ်တိုင်ချင်းနှင့်၊ လင်းပါ့မလား ။ "

တစ်နေ့တွင်လည်း မင်းတုန်းမင်းတရားကြီးသည် ရွှမ်းကလေးကျွန်းဆရာတော် ဦးနန္ဒ အား နန်းတော်သို့ ပင့်ဆောင်၍ ရဟန်း သာမဏေတို့ ဝိနည်းစည်းကမ်းနှင့်အညီ ကျင့်ကြံနေထိုင်ရန် စီမံဆောင်ရွက်တော်မူပါမည့်အကြောင်း လျှောက်ထားလေသည်။ ထို့ကြောင့် ရွှမ်းကလေးကျွန်း ဆရာတော်သည် ရဟန်းသာမဏေတို့ မြို့တွင်း ရွာတွင်းသို့ ဝင်လျှင် ဖိနပ်ချွတ်ခြင်း၊ ထီးမဆောင်း ခြင်း၊ သင်္ကန်းရုံခြင်းစသော အမှုတို့ကို လိုက်နာရန် အမိန့်တော်ပြန်တမ်း တစ်စောင်ကို ရေးသား၍

မင်းတရားကြီးထံ ပေးပို့ခဲ့လေသည်။

မင်းတုန်းမင်းတရားကလည်း ရှမ်းကလေးကျွန်းဆရာတော်၏ အမိန့်တော်ပြန်တမ်းပါ အချက်အလက်များကို သုဓမ္မာဆရာတော်တို့အား ကျမ်းဂန်နှင့် ညီ မညီ လျှောက်ထားလေသည်။ ထိုအခါ ဆရာတော်အားလုံးကလည်း ညီညွတ်ကြောင်း မိန့်ကြားကြ၏။ ထိုအခါမှ ရှမ်းကလေးကျွန်း ဆရာတော်၏ အမိန့်တော်ပြန်တမ်းကို နိုင်ငံအဝှမ်းသို့ ဆင့်ဆိုပြဋ္ဌာန်းလိုက်လေသည်။

ဇန်းမော်ဆရာတော်သည် ထိုပြန်တမ်းကြီးကို ဖတ်မိချေသော် မိမိသဘောနှင့် အယူအဆ မကိုက်ညီမှုများကို တွေ့ရှိရ၏။ ရှမ်းကလေးကျွန်းဆရာတော်သည် ကသည်းလူမျိုး ဖြစ်၍ ထီးမဆောင်း၊ ဖိနပ်မစီးဘဲ အဆင်းရဲခံ နေရိုး ဖြစ်၏။ မြန်မာရဟန်းတော်များမှာမူ ထီးမဆောင်း၊ ဖိနပ်မစီးဘဲ နေပူ မရှောင်၊ မိုးရွာ မရှောင် သွားခဲ့လျှင် ရောဂါဘယ ဖြစ်ပေါ်နိုင်သည်။ ထီးဆောင်းသည် ဆိုသော်လည်း ရဟန်းတော်တို့ဆောင်းသော ထီးမှာ မင်းဆောင်းသော ထီးကဲ့သို့ လှပခမ်းနားလှသည်လည်း မဟုတ်ပေ။ ထိုထိုအချက်တို့ကို မနှစ်သက်နိုင်သဖြင့် ' ပြန်တမ်းသိမ်း အမှုငြိမ်း ဝိနိစ္ဆယ ဩဝါဒစာတမ်း ' ကို ရေးသား၍ လေသင်းအတွင်းဝန် ဦးချိန်၏ အိမ်တွင်းသို့ တိတ်တဆိတ် ပစ်ချထားလေသည်။ ထိုစာ၏ အဆုံးသတ်တွင်လည်း ရှမ်းကလေးကျွန်းဆရာတော်အား စိန်ခေါ်၍ ရှုံးသူသည် ထိပ်ပုတ်ခံရလိမ့်မည်ဟူသော အထေ့အငေါ့ စာချိုးကိုပါ ထည့်သွင်းလိုက်သေး၏။ ထိုစာချိုးမှာ–

" ရာဇဝင်ထုံးတမ်း၊ အရှည်ကို လှမ်းပေသည့်၊ ပြန်တမ်းတော်မှာ၊ အမှားတွေ ဗလချာနှင့်၊ ငါရက်ပါဘိ၊ တစပ်ကယ် ဝိနည်းကျယ်၊ တယ်ချင်လှ မောင်ရှမ်း၊ ထွက်ခဲ့နော်၊ ဘက်ပေါ်လျှင် အမြန်ထုတ်ကရော့၊ ရှုံး ထိပ်ပုတ်တမ်း။ "–

ဟူ၍ ဖြစ်သတည်း။

ဇန်းမော်ဆရာတော်သည် ဦးချိန်အိမ်ဝင်း၌သာ မကဘဲ ရှမ်းကလေးကျွန်းဆရာတော်၏ ကျောင်းဝင်း အတွင်းသို့လည်း စာချိုးတစ်ခုကို ရေးသား၍ သွားရောက် ပစ်ချထားပြန်သည်။ ထိုစာချိုးမှာ အောက်ပါအတိုင်း ဖြစ်၏။

" တောတွင်းက နွားကျစ်သိုး၊ ချိုကျိုးမယ်နော်၊ တော်ရုံတွင် မတွန်ဘဲနှင့်၊ ရဲအာဇာနီ၊ တောဆီက ကျော်မလား၊ နိုင်ငံတော် တစ်လွှားမှာ၊ ပြိုင်ဖက်ကရှား၊ တယ်မယ်လာ၊ ထွက်ပါ တော့လား၊ မထွက်ဝံ့ တို့အနားမှာ။ ငါ့ဟာပြုလို့ တွန်သလား၊ မြစ်ကမ်းယံ ရေနားက၊ လူ့ပြည်မှာ ငါတကားဟု၊ စိတ်ထားကြီးတဲ့ တောရဝါ၊ မှားချက်ကနာ၊ မင်းတို့စာ ဖြစ်လား၊ ကိုယ်စားရက်လှပါ၊ နောက်များကိုဗျာ၊ လူ့ဘုံကို မသီလာနှင့်၊ ခင်တို့ဟာ နေရာမြဲမို့၊ နောက်တော်ပါ ဖော်သဟဲနှင့်၊ ပြေးရော့ တကတဲ။ "

ဆရာတော်၏ ပစ်စာအဓိပ္ပာယ်မှာ " နီကျစ်သော သက်န်းကို လွှမ်းရုံသော ဇရာဝတီမြစ်နားရှိ ရှမ်းကလေးကျွန်းဆရာတော်၊ သင်သည် အမိန့်တော်ပြန်တမ်းကို အဘယ့်ကြောင့် အဝေးမှနေ၍ တွန်နေဘိသနည်း၊ ငါနှင့် ရဲဝံ့စွာ ပြိုင်လိုလျှင် အမြန် ထွက်လာခဲ့ပါ၊ သင်ရေးသော အမိန့်တော်ပြန်တမ်း၌ အမှားတွေ မြောက်မြားစွာ ပါနေသည်၊ "ဟူ၍ ဖြစ်၏။ ထို့ပြင် အမိန့်တော်ပြန်တမ်းကို ထောက်ခံသော သုဓမ္မာဆရာတော်ကြီးများကိုလည်း သိမ်းကျုံး၍ ပုတ်ခတ်ပစ်လိုက်လေသည်။

မင်းတုန်းမင်းတရားသည် ထိုပစ်စာကို ဖတ်မိလျှင် အလွန်စိတ်မချမ်းသာ ဖြစ်တော်မူသည်။ ထို့ကြောင့် သာသနာပိုင်ဆရာတော်ထံ လူလွှတ်၍ လျှောက်ထားစေသည်။ ထိုအခါ သာသနာပိုင်ဆရာတော်က ဇန်းမော်ဆရာတော်အား စစ်မေးရာ အဖြေမပေးဘဲ ကွယ်ဝှက်၍သာ ထားခဲ့လေသည်။ ယင်းသို့ ကွယ်ဝှက်ရုံမျှ မက အရွဲ့တိုက်ကာ နန်းတော်တွင်းသို့ ပစ်စာတစ်စောင်ကို ဤသို့ ရေးသား ချထားပြန်လေသည်။

" တိုင်းလုံးငယ်ကျော်၊ ဇန်းမော်ကို မိပြီမှတ်လို့၊ ညာလက်ခတ်တီး၊ အစေ့ကိုလှန်၊ အဆံကို တူနှင့် ထုပါလို့၊ သေလုအောင် ဘယ်လိုစစ်တော့၊ ပစ်စာရှင် ပညာကြီးကို ၊ ( ရီး ) မှ မိဘူး။ ။ "

" တိုင်းလုံးငယ်ကျော်၊ ဇန်းမော်ကို ဖမ်းလို့စစ်တယ်၊ ဖမ်းလို့စစ်တယ်၊ သည်ခေတ်တွင် ကမ္ဘာဆုံးသော်လဲ၊ စီကုံးသူ ပစ်စာရှင်းကို ၊ မင်းတို့ သိဘူး။ "

ထိုအချိန်တွင် သာသနာပိုင်ဆရာတော်ကလည်း ဇန်းမော်ဆရာတော်ကို စစ်မေးရာ ဟုတ်တိုင်းမှန်ရာကို မထွက်ဆိုကြောင်း နန်းတော်တွင်းသို့ စာသွင်းလေသည်။ ထိုအခါ မင်းတုန်းမင်းတရားသည် ဇန်းမော်ဆရာတော်အား နန်းတော်သို့ ပင့်၍ များစွာသော မှူးမတ်တော်တို့ အလယ်တွင် ဤသို့ လျှောက်ထားသည်။

" ဆရာတော်ဘုရား၊ တပည့်တော်သည် သာသနာတော်၏ အကျိုးစီးပွား၊ သတ္တဝါတို့၏ အကျိုးစီးပွား၊ မိမိ၏ အကျိုးစီးပွား များအံ့သည်ကို ထောက်ထား၍ သာသနာပိုင်ဆရာတော်နှင့် တကွ နိုင်ငံတော်အတွင်းရှိ ဆရာတော် သံဃာတော်မြတ်တို့အား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ လှူဒါန်းလျက် ရှိပါသည်၊ ယင်းသို့ အားထုတ်နေရာဝယ် တပည့်တော်၏ စေတနာတရားကို ငြိုငြင် စေကောင်းသည် မဟုတ်ပါ၊ ယခုမှာမူ ဆရာတော်သည် စာများကို ရေးသား ပစ်ချခြင်းသည် သင့်လျော်သော အမှုမဟုတ်ပါ၊ သို့အတွက် ဆရာတော်ကို အထူးအားဖြင့် မလျှောက်ထားလိုတော့ ပါ၊ ဇန်းမော်မြို့သို့သာ ကြွတော်မူပါဘုရား၊ "–
ဟု လျှောက်ထားပြီးလျှင် မျက်နှာလွှဲ၍ အဆောင်တော်ထဲသို့ ဝင်ရောက်သွားလေတော့သည်။

ထိုအခါ ဇန်းမော်ဆရာတော်နှင့် မှူးမတ်တို့သာ ကျန်ရစ်ကြရာ ဆရာတော်က " မှူးတော် မတ်တော်တို့၊ မင်းတို့ရှင်ဘုရင်က ငါ့ကို ဇန်းမော်သို့ ပို့တော့မည် ဆိုပါလားကွယ်ရို့၊ ငါ ငိုချင်းတစ်ပုဒ် ငိုစမ်းချင်သကွယ်၊ " ဟု မိန့်တော်မူပြီးလျှင် " ငါ့ကံနွယ် ဆိုးပါဘိ၊ သင့်အမေ ရီးမယ့်ကံရယ်၊ ငါ့ လဆီးပါမှ၊ ငါချည်းသာ သွားရတော့မယ်၊ " ဟု ဆိုမြည်လျက် နန်းတော်မှ ထွက်ခဲ့လေသည်။

ထိုအချိန်မှ စ၍ ဆရာတော်သည် ဇန်းမော်မြို့သို့ ကြွရောက်၍ သီတင်းသုံးတော်မူရ လေသည်။ ဇန်းမော်တွင် အတန်ကြာသောအခါ မိဖုရားခေါင်ကြီးက ဆရာတော်အား ဇန်းမော်မြို့သို့ ပို့ထားသည်မှာ အတန်ကြာပြီ ဖြစ်၍ နောင်တွင် ဤကဲ့သို့ ပြုလုပ်တော့မည် မဟုတ်သဖြင့် ရွှေမြို့တော်သို့ ပြန်လည် ပင့်ဆောင်သင့်ပါကြောင်း တောင်းပန်ရာ မင်းတုန်းမင်းတရားက လူလွှတ်၍ အပင့်ခိုင်းလေသည်။ ထို့ကြောင့် ဆရာတော်သည် ဇန်းမော်မြို့မှ ပြန်လည် ကြွရောက် တော်မူခဲ့၏။ သို့ရာတွင် မန္တလေးမြို့၌ကား မနေလိုတော့သဖြင့် စစ်ကိုင်းဘက်သို့ ကြွရောက် နေတော်မူသည်။

ဆရာတော်သည် စစ်ကိုင်းဘက်သို့ ရောက်ရှိသည်တွင် " ပြည်တိုင်းရယ်ကျော်၊ ဇန်းမော်ကို သေပြီမှတ်လို့၊ ညာလက်ခတ်တီး၊ အဥကိုလှန်၊ အဆံကို တူနှင့် ထုသောလဲ၊ ပါစောင့်မှု လဆီး။ " ဟူ၍ စာချိုးကို စပ်ဆိုပြန်လေသည်။

ဇန်းမော်ဆရာတော်သည် စစ်ကိုင်းဘက်တွင် ကြွရောက်နေပြီ ဖြစ်ကြောင်းကို မင်းတုန်းမင်းတရားက ကြားသိတော်မူ၏။ မင်းတရားသည် ဆရာတော်အား နေပြည်တော်မှာပင် နေစေလိုသည်။ သံဃာအချင်းချင်း ကွဲပြားစေမည့် ပစ်စာများကို ရေးသားသောကြောင့်သာ သတိရစေရန် ဇန်းမော်သို့ ပို့ထားရခြင်း ဖြစ်သည်။ ဇန်းမော်ဆရာတော်သည် အလွန်အကြားအမြင် များသော ဆရာတော်ကြီး ဖြစ်သည်။ ထို့ကြောင့် မင်းတုန်းမင်းက မဟာဒါန်ဝန်ကို စေလွှတ်၍ နေပြည်တော်သို့ ကြွရောက်ပါရန် ပင့်လျှောက်ခိုင်းလေသည်။ သို့ရာတွင် ဆရာတော်သည် မင်းတရား၏ ပင့်လျှောက်ချက်ကို လက်ခံတော် မမူဘဲ စစ်ကိုင်းဘက်မှာပင် သီတင်းသုံးတော်မူ တော့မည့်အကြောင်း ပြန်ကြားစေလေသည်။

ထိုအခါ မင်းတုန်းမင်းတရားကြီးက " ဆရာတော်သည် နေပြည်တော်ရှိ ဇန်းမော်တိုက်

သို့ ကြွရောက်တော် မမူခြင်းမှာ စိတ်နာနေဟန် ရှိသည်၊ ဆရာတော်သည် မည်ကဲ့သို့သော စကားများကို ပြောကြား၍ ဘာတရားများကို ကျင့်ကြံနေသလဲ၊ ”ဟု သိလိုသဖြင့် အမတ်ငယ် တစ်ယောက်ကို စုံထောက်ရန် စေခိုင်းလိုက်၏။

ထိုအမတ်ငယ်သည် စစ်ကိုင်းဘက်သို့ ကူးပြီးလျှင် ဆရာတော်၏ အနီး၌ ခစားပျပ်ဝပ် လေသည်။ ဆရာတော်က အကျိုးအကြောင်းကို မေးမြန်းရာ၌ အမတ်ငယ်က မိမိလာရင်း အကြောင်းကို လျှောက်ထားသည်။ ထိုအခါ ဆရာတော်က “ဒါယကာရဲ့၊ မင်းတို့ ရှင်ဘုရင်က ငါ့ကို သူပုန်ထင်ပြီး ယုံချင်ဟန် မရှိဘူး၊ ငါတို့မှာ လူသူမပျော်သော တောမှာနေ၍ မရသေးသော သမာဓိကို ရရှိအောင် အားထုတ်နေရသည်၊ အခုတော့ မင်းတို့ရှင်ဘုရင်က ငါ့ကိုပင် ဆုံးမတော့မည့် ယောင်ယောင်နှင့်ပါလား။ တောင်ကြားနေသူကို ပေါင်ကြားနေသူက ဆုံးမဖို့ မရှိဘူးဆိုတဲ့အကြောင်း မင်းတို့ဘုရင်ကို သံတော်ဦးတင်လိုက်ကွယ်၊ ”ဟု မှာကြားလွှတ်လိုက်လေသည်။

အမတ်ငယ်လည်း သွားတမန် ပြန်ရှေ့နေဟူသော စကားနည်းကို မဆင်ခြင်ဘဲ ဆရာတော်မှာကြားသည့်အတိုင်း လျှောက်ကြားမိသဖြင့် မင်းတရားကြီးက အမျက်တော်ရှိကာ ရာထူးမှ နုတ်သိမ်းခြင်း ခံရသောဟူ၏။

ဤကဲ့သို့ လောကီ လောကုတ္တရာ နှစ်ဌာနတို့၌ ပြည့်ဝစုံလင်တော်မူသော ဇန်းမော် ဆရာတော်ကြီးသည် စစ်ကိုင်းမြို့ ခိုတောင်တောရ၌ သီတင်းသုံးတော်မူစဉ် သက္ကရာဇ် ၁၂၃၉– ခုနှစ်၊ ဝါဆိုလ၌ စုတိရွှေ့လျောတော်မူရှာပါသတည်း။

**(ကျမ်းကိုး)** သင်္ဂဇာစကားပုံပေါင်းချုပ်၊ ဝိနယသမူဟဝိနိစ္ဆယကျမ်း–ဒုတိယတွဲ၊ မြန်မာစာပေတိုက်ပွဲများ၊ ဆန်းမဟာနိဒါန်း၊ ဓမ္မစကြာမဟာဋီကာနိဒါန်း၊

## ဆီးဘန်နီဆရာတော် ( ၁၁၇၃–၁၂၅၀ )

ဆီးဘန်နီဆရာတော်သည် သက္ကရာဇ် ၁၁၇၃–ခုနှစ်၊ ပြာသိုလပြည့်ကျော် တစ်ရက် စနေနေ့တွင် ဖွားမြင်တော်မူ၏။ ငယ်မည်တော်ကို မောင်မှော်ဟုခေါ်၍ ဘွဲ့တော်ကား သျှင်နရိန္ဒဓဇ ဟူ၏။

သျှင်နရိန္ဒဓဇသည် ငယ်ရွယ်စဉ်မှ စ၍ စာပေပရိယတ်တို့ကို တတ်ကျွမ်းတော်မူသဖြင့် မြန်မာမင်းလက်ထက် ပထမကျော်အောင်ပန်းကို ဆင်မြန်းနိုင်သူ ဖြစ်၏။ သို့အလျောက် သက်တော် ၃၀–ကျော် အရွယ်၌ပင် အမရပုရမြို့တော်၌ ကျော်စောခဲ့၏။ မင်းဇကေရာဇ်က သမီးတော်အမှတ် မွေးစားထားသော အမတ်ကြီးသမီး စောကုမ္မာသည် ရဟန်းတော် သျှင်နရိန္ဒဓဇအား အထူးအားဖြင့် မြတ်နိုးကြည်ညိုတော်မူ၏။ ယင်းသို့ ကြည်ညိုသဖြင့် မိုးထိကျောင်းတိုက် မြေအတွင်း၌ ဘုံသာဝေယန်ခေါ် ကျောင်းတော်ကြီးကို ဆောက်လုပ်၍ တင်လှူတော်မူလေသည်။

ထိုကျောင်းတော်ကြီးသည် သက္ကရာဇ် ၁၂၁၂–ခု၊ နယုန်လဆန်း ငါးရက်၊ ဗုဒ္ဓဟူးနေ့တွင် ပြီးစီးခဲ့၏။ ထိုအကြောင်းကို ဆရာတော်ကိုယ်တိုင် ရေးသားသော ကျောင်းတော်မော်ကွန်းသံပိုင်း၌–

> “တစ်သောင်းဇမ္ဗူ၊ တစ်စိတ်ယူသည်၊ ဥဏှုဂုလျှံရှိန်၊ အသမ္ဘိန်လျှင်၊ ရွယ်ချိန်သီးသီး၊ ရွေးကောက်ပြီးမှ၊ သမီးတော်စစ်၊ ရင်ဝယ်ဖြစ်သို့၊ ကြင်ချစ်ကြည်စွ၊ မွေးယုယသား၊ မတ္တာဓီတာ၊ စေကုမ္မာလျှင်၊ သဒ္ဓါကြည်ဖြူ၊ ဆောက်လှူမြေသက်၊ ရေစက်ချသွန်၊ အဦးညွှန်သား၊ စာပြန်သုခမိန်၊ နရိန္ဒဓဇ၊ ပထမမည်ရှိ၊ ရဘိထင်ပေါ်၊ ရဟန်းတော်ကား၊ ကျူးကျော်ကျောင်းလွန်၊ နှုပ္ပတ်မွန်ကို၊ သံဂုန်ချိုနှုတ်၊ မြွက်ဖော်ထုတ်ရှင့်၊ ယုဂ်ကလိစစ်၊ သက္ကရာဇ်မူ၊ ဇက်ဒွေးဇက်ဒွေး၊ အရေးစဉ်လာ၊ ယာစာခိမာသ်၊ လမြတ်စွန်းစွန်း၊ နယုန်ဆန်း၍၊ ဝန်းဝန်းမထင်၊ ကွေ့ဝက်မြင်သည်။ စက်ရှင်လျှံရှိန်၊ ပဥ္စဒိန်ဝယ်၊ ဂဇိန္ဒနေ့၊ ပြီးစုံစေ့၏၊ ”–

ဟု ရေးသားခဲ့လေသည်။

ဆရာတော်သည် ၁၂၀၀–ပြည့်နှစ်တွင် အဠဇယမော်ကွန်းကို ရေးသားတော်မူ၏။ ထို့ပြင် အောင်ခြင်းရှစ်ပါးပျို့သစ်ကိုလည်းကောင်း၊ ခတ္တောဝါဒဆုံးမစာ၊ ဥပသကောဝါဒဆုံးမစာ၊ အရညကောဝါဒဆုံးမစာ၊ ကဝိမဏ္ဍနမေဒနီကျမ်းစသည်တို့ကိုလည်းကောင်း ရေးသားစီရင်တော်မူလေသည်။

သက္ကရာဇ် ၁၂၁၄–ခုနှစ်တွင် နန်းတက်သော မင်းတုန်းမင်းတရား လက်ထက်တွင်လည်း မင်းတရားနှင့်တကွ မြတောင်မြို့စား သေနတ်ဝန်ကြီးတို့က ဆည်းကပ်ကိုးကွယ်ခြင်းကို ခံရ၏။ မင်းတုန်းမင်းတရားကြီးက ‘ နရိန္ဒာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ’ ဟူသော ပထမဘွဲ့တံဆိပ်တော်၊ ‘ နရိန္ဒာဘိ သီရိသဒ္ဓမ္မ ဇောတိပါလဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ’ ဟူသော ဒုတိယ ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းလေသည်။

မင်းတုန်းမင်းတရားသည် ရတနာပုံရွှေမြို့တော်ကြီးကို တည်ထောင်၍ စိုးစံသောအခါ အမရပူရမြို့တော်မှ ဆီးဘန်နီတိုက်ကိုလည်း သက္ကရာဇ် ၁၂၁၉–ခုခန့်တွင် ရတနာပုံမြို့သို့ ရွှေ့၍ ဆောက်လုပ်စေလေသည်။ မင်းတုန်းမင်းတရားကြီးက ဆီးဘန်နီတိုက်ကို မြို့နှင့် ဝေးကွာသော အရပ်၌ ဆောက်လုပ်၍ ဆရာတော်အား တင်လှူလေသည်။

ဆရာတော်သည် မိမိတိုက်တော်မှာ မြို့နှင့် ဝေးကွာသောကြောင့် မနှစ်သက်လှပေ။ ထို့ကြောင့် ပရိသတ်ဖိုလ်ပုံ အလယ်တွင် “ ဒကာတော် ရေမြွေရှင်က ငါတို့ကို မဲဇာပို့ထားတာပဲ” ဟု မိန့်တော်မူ၏။ ထိုစကားကို မင်းတုန်းမင်းကြီး ကြားတော်မူလျှင် မင်းတရားက “ နှစ်သက်ရာ နေရာသို့ ပြောင်းရွှေ့ပေးပါမည်ဘုရား၊ ” ဟု လျှောက်ထား၍ မျက်ပါးရပ်သို့ ကျောင်းတော်ကို ပြောင်းရွှေ့ ဆောက်လုပ်ပေးလေသည်။

သက္ကရာဇ် ၁၂၂၂–ခု၊ တန်ဆောင်မုန်းလမှ စ၍ မင်းတုန်းမင်းတရားကြီးသည် ပိဋကတ်

တော်တို့ကို ပေထက်အက္ခရာ တင်တော်မူ၍ ပဌမသင်္ဂါယနာကို တင်တော်မူခဲ့၏။ ထိုမျှဖြင့် အားရတော်မမူဘဲ ကျောက်ထက်အက္ခရာတင်ရန် ဆန္ဒတော် ရှိပြန်လေသည်။ ထို့ကြောင့် သလင်းကျောက်ဖြူကြီးများကို ချောမောပြေပြစ်အောင် လုပ်ဆောင်စေ၏။ ပြီးလျှင် ပါဠိပိဋကတ်တော်များကို ကျောက်ထက်အက္ခရာ တင်တော်မူလေသည်။ ထိုကျောက်ထက်အက္ခရာတင် လုပ်ငန်းကြီးကို ဆီးဘန်နီဆရာတော်နှင့်တကွ ဆရာတော် သုံးပါးတို့သည် ကြပ်မတ်ဆောင်ရွက်တော်မူရသည်။ ထိုအကြောင်းကို ဆရာတော်သည် ကျောက်ထက်အက္ခရာတင် အန်ချင်းဖြင့် ဤသို့ မှတ်တမ်းတင်တော်မူခဲ့ပေသည်။

> " သာသနာမူလ၊ ဃာနာဝရ၊ ဂေါဇပုံရေး၊ ဒွေးဒွေးဒွေးက၊ သရဒသဘင်၊ ဦးရက်တွင်၌ ရေးတင်ဆစ်ထု၊ လက်သားစုကို၊ သုမင်္ဂလာ၊ ဇာဂရာနှင့်၊ နရိန္ဒာဘိဓေ၊ အတုလမိပ်၊ တံဆိပ်တစ်မှတ်၊ ပိဋကတ်ကို၊ ပတ်ပတ်ရစ်လိုမ့်၊ စက်နှယ်အိမ့်သား။ နှစ်သိမ့်လောက်စွာ၊ ထေရ်သုံးဖြာတို့၊ သေချာပြတ်တည်း၊ ပြင်ဆင်လှည်းသည်၊ ဝိနည်း ဘိဓမ္မာ၊ သုတ္တန္တာဟု၊ တစ်ရာဆယ့်တစ်၊ နှစ်ရာ့ရှစ်နှင့်၊ ဓောအစ်သုည၊ ပေါင်းကာလမူ၊ ခုနစ်ရာ့နှစ်ဆယ်၊ ကိုးသွယ်ချပ်မှန်၊ဓမ္မခန်ရှစ်သောင်း၊ လေးထောင်ပေါင်းက၊ ရှင်ကောင်းသာသနာ၊ နှစ်ထောင်သာလျက်၊ လေးရာနှစ်ဆယ့်ရှစ်၊ သက္ကရာဇ်မူ၊ တစ်နှစ်သုံးနောက်၊ သုညပေါက်၍၊ လရောက်ကဆုန်၊ ပုဏ္ဏာဖိတ်နေ့၊ ပြီးစုံစေ့ရှင့်၊ ချမ်းမြေ့နှစ်သက်၊ အထက်လေးဖြာ၊ သင်ယနာတွင်၊ သေလာရဂ္ဂူ၊ ပဌမသင်္ဂါယနာ၊ တင်ပြန်လာသည်၊　၊ ရတနာပုံ နန်းတွင်တည့်လေး၊　၊ သူတော်ကောင်း ဖော်ရွှေမင်းချင်းတို့။ "

ဆရာတော်သည် ထိုအန်ချင်းကို သီပေါမင်းလက်ထက် ရောက်မှ ရေးသားသည်ဟု ဆိုရမည်။ အန်ချင်းအဖွဲ့၌လည်း " နရိန္ဒာဘိဓေ၊ အတုလမိပ်၊ " ဟူ၍ ဖွဲ့ဆိုထားရာ သီပေါမင်းလက်ထက်၌ ရရှိသော ဘွဲ့တံဆိပ်တော် အမည်ကို ထည့်သွင်းရေးဖွဲ့ထားသည်။

သက္ကရာဇ် ၁၂၄၀-ပြည့်နှစ်တွင် သားတော် သီပေါမင်းသားသည် ထီးနန်းကို ဆက်ခံစိုးစံလေသည်။ ဆရာတော်သည် ငယ်ရွယ်သူ သီပေါမင်းတရား အပေါ်၌ သံယောဇဉ် ရှိခဲ့သည်။ သီပေါမင်း နန်းတက်စပိုင်းလောက်မှာပင် ဆရာတော်သည် မေတ္တာစာတစ်စောင်ကို ဆက်သွင်းခဲ့ရာ ထိုမေတ္တာစာထဲတွင်-

> " သာသနာ့ဒါယကာတော်မှာမူကား ဖွားတော်မူသောကာလ သက္ကရာဇ် အစွန်း ၂၀-ပြည့်သည်လည်း တစ်ပါး၊ စနေနံ ဖြစ်တော်မူ၍ ခုနစ်နေ့ ပြည့်တော်မူသည်လည်း တစ်ပါး၊ မင်းအဖြစ်ကို ယူတော်မူသောအခါ ကောဇာစန်း ၄၀-ပြည့်သည်လည်း တစ်ပါး၊ သက်တော် ၂၀-ပြည့်သည်လည်း တစ်ပါး၊ ဤသို့ ပြည့်ခြင်းလေးပါး၊ နဂါးလေးဆူရှင် ဘုရင်မိပတီဖြစ်တော်မူသောကြောင့် ရည်ရွယ်တော်မူသမျှ ကိစ္စကြီးငယ်တို့သည် အလွယ်တကူသာ အလိုတော်ပြည့်ခြင်းအကြောင်း ကောင်းမှုပါရမီ ရှိသော မင်းထူးမင်းမြတ်ဖြစ်ကြောင်းကို ယခင်ပြအပ်ပြီးသော ပြည့်စုံခြင်း လေးပါးဖြင့်ပင် သူခပ်သိမ်းတို့ သိသင့်လှပေသည်။ "-

ဟု ရေးသားချီးမြှောက်တော်မူခဲ့သည့် အပြင် ရန်သတြုမှန်သမျှကို နှိမ်နင်းချိုးဖျက်နိုင်ရေးအတွက် ဆီမီးပူဇော်ခြင်း၊ ဆွမ်းတော်ကြီး ကပ်လှူပူဇော်ခြင်း စသည်တို့ဖြင့် ဘုန်းသစ်နှိုးရန် တိုက်တွန်းရေးသားခဲ့ပေသည်။

သက္ကရာဇ် ၁၂၄၆-ခုနှစ်တွင် သီပေါမင်းတရားက ဆရာတော်အား ' နရိန္ဒာဘိဓေ အတုလမိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ' ဟူသော တတိယမြောက် ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပြန်လေသည်။ ထိုဘွဲ့တံဆိပ်တော်ကို လှူဒါန်းပြီး၍ နောက်နှစ် သက္ကရာဇ် ၁၂၄၈-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ရှစ်ရက်နေ့တွင်ကား သီပေါမင်းတရားသည် တစ်ပါးနိုင်ငံသို့ ပါတော်မူခဲ့ရလေသည်။ ထိုအခါ ကိုယ့်မင်း ကိုယ့်ချင်းဖြင့် နေလာခဲ့ရသည့် ဘဝက သူ့ကျွန်အဖြစ်သို့ ရုတ်ချည်း ရောက်ရှိသွားရသဖြင့် တစ်နိုင်ငံလုံး ကြိမ်မီးအုံးသကဲ့သို့ နှလုံးမသာယာနိုင်ကြ

တော့ချေ။ ထိုအချိန်တွင် လက်နက်စွဲကိုင်ကာ ရှိသမျှသော အင်အားဖြင့် တော်လှန်သူတို့လည်း ရှိကြသည်။ ဤကဲ့သို့ သူ့ကျွန်ဘဝ ရောက်ရှိခဲ့ရသဖြင့် ဆီးဘန်နီဆရာတော်သည် မိမိ၏ နာကြည်းသော ခံစားမှုကို ရှေးဦးစွာ ဧကပိုဒ်ရတုဖြင့် ရေးသား၍ မှတ်တမ်းတင်ခဲ့ပေသည်။

"မှတ်ပါရစ်စေ၊ မှာခဲ့ပေအံ့၊ သံဝေဓမ္မ၊ ယူကြကုန်လတ်၊ သုဒဿန၊ မြို့မသခင်၊ သူရာစင်လျက်၊ လုလင်မာဃ၊ ဦးစောက်ချ၍၊ အမရဝတီ၊ ပုရီပြည်လုံး၊ လက်ရကြုံးသို့၊ ထုံးနှင့်တူလစ်၊ ကောဇာစစ်မူ၊ ဧက်ဒွေးဇောသတ်၊ လမြတ်ထွန်းပြောင်၊ တန်ဆောင်သရဒ၊ ကဏှပက္ခ၊ အဋ္ဌပူးရက်၊ နေဝန်းထွက်သော်၊ ရှစ်မျက်လောကဓာတ်၊ ကောင်းကင်လတ်မှ၊ ပြာသာဒ်ကုဋ္ဌေ၊ ကြယ်ကျွတ်ကြွေရှင့်၊ နေတစ်ဖန်ထွက်၊ သတ္တရက်ဝယ်၊ လက်နက်လျှံထိန်၊ စွဲကိုင်ချိန်သား၊ အိန္ဒြိယတိုင်းသား၊ ရဲယောကျ်ားတို့၊ ပတ္တမြားစီမံ၊ ရွှေနန်းယန်သို့၊ ချွန်ချွန်ဝင်ရောက်၊ ရှစ်ရက်မြောက်က၊ အနောက်ဂေါယာ၊ နေဝါလျှောသက်၊ ဂဋ္ဌုန်ရက်တွင်၊ သုံးချက်ကျော်ပြီ၊ ဒွါဒသီဝယ်၊ မီးသည်ဗြိတ္တာ၊ ဂရုဠာမှတ်၊ ဆဒ္ဒန်မြတ်မှ၊ ပူးနတ်ခနေ၊ ရာဟုစန္ဒာ၊ သိန်သီတာနှင့်၊ ဇီဝါကန်နေ၊ နဂါးမြွေလည်း၊ မေထုန်ပျော်လျက်၊ မိဿလဂ်တွင်၊ နက္ခတ်စဉ်းရုံး၊ ဆယ်လုံးနှစ်ပါဒ်၊ လေးမှတ်ဗီဇနာ၊ ပွားလာရက်ချိန်၊ ရွှေ့ရွှေ့ထိန်သား၊ သုဒ္ဓိန်နှစ်ရာ၊ နောဓမ္မာတွင်၊ ကိုယ်သာမိုးရာ၊ ကိုယ်မိုးရာကို၊ ကိုယ်သာဖျက်ဆီး၊ သာရာစီးသည်၊ မတ်ကြီးဉာဏ်ကျယ်၊ မာလောနွယ်သို့၊ ဝုက်ကွယ်လှည့်ဝိုက်၊ သူ့ဘက်လိုက်၍၊ စရိုက်စောင်းငဲ့၊ သစ္စာမဲ့ကြောင့်၊ နှစ်ဆယ့်ခုနစ်နှစ်၊ နန်းစံရှစ်တွင်၊ ကသစ်ဘုံနေ၊ သိကြားကြွေသို့၊ ချက်ရွှေသိုရာ၊ မန်းပြည်သာမှ၊ မိစ္ဆာမောဟ၊ ပြွန်းပြွန်းထသည့်၊ ကုလားနိုင်ငံ၊ လွှဲပြောင်းစံရှင့်၊ လောကခံအဋ္ဌ၊ သဘာဝကြောင့်၊ ဂေါတမဘုန်းခေါင်၊ သာသနာရောင်လည်း၊ အမှောင်မစွန်း၊ ထိန်ထိန်ထွန်းခဲ့၊ မြင့်ကျွန်းဓရဏီ၊ မေဒနီထက်၊ ခိုမှီနေရိုး၊ မြန်လူမျိုးတို့၊ လန့်စိုးထိတ်လ၊ သံဝေဂဖြင့်၊ ဖြစ်ကပျက်မြဲ၊ မလွဲစသာ၊ ကြုံကြလေသာ၊ သံသရာသဘော၊ တွေ့ရသြဟု၊ စိတ်ဇောသိမ်မွေ့၊ တထေ့ထေ့ဖြင့်၊ စေ့စေ့မှတ်သား၊ ထပ်ထပ်ပွား၍၊ တရားသံဝေ ယူကြစေ။ "

အထက်ပါ ရတုကို ဆရာတော်က ရေးစပ်လိုက်သဖြင့် တစ်ချိန်က အမှုတော်ကို ထမ်းရွက်ခဲ့ကြသော မှူးမတ် အသိုင်းအဝိုင်းတွင် ဂယက်ရိုက်သွားဟန် ရှိသည်။ ဆရာတော်သည် မှူးမတ်များအား "ဝုက်ကွယ်လှည့်ဝိုက်၊ သူ့ဘက်လိုက်၍၊ စရိုက်စောင်းငဲ့၊ သစ္စာမဲ့သူများ၊ "ဟူ၍ သတ်မှတ်တော်မူလိုက်သည်။ ထိုအခါ မဟာဒါန်ဝန် ဦးရွှေဝဆိုသူက 'မန်မကိုင်မှုမှာမှ၊ 'ချီ လေးချိုးဖြင့် ပြန်လည်ချေပ၍ ရေးသားခဲ့သည်။ ထိုလေးချိုးကို အချို့က ကင်းဝန်မင်းကြီးဦးကောင်း ရေးသားသည်ဟုလည်း အမှတ်အသားပြုကြသည်။ သို့ရာတွင် ကင်းဝန်မင်းကြီး အသက်ထင်ရှား ရှိစဉ်က မေးမြန်းရာ၌ မိမိမရေးကြောင်း ဝန်ခံခဲ့သည်ဆို၏။ ဦးရွှေဝရေးသားသည်ဟု သိရသဖြင့် မေးမြန်းရာတွင် ဦးရွှေဝက မိမိရေးသားကြောင်း ဝန်ခံသည် ဆို၏။

သုတေသီတို့၏ အဆိုအရ " သာရာစီးသည်၊ မတ်ကြီးဉာဏ်ကျယ် " ဆိုသည်မှာ ကင်းဝန်မင်းကြီးဦးကောင်းကို အဓိကအားဖြင့် ထိုးနှက်ခြင်းဖြစ်ကြောင်း သတ်မှတ်ကြ၏။ ထို့ကြောင့်ပင် ချေပလေးချိုးကို ကင်းဝန်မင်းကြီး ရေးသည်ဟုသာ ယုံကြည်နေကြသည်။ ထိုလေးချိုးကြီးတွင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူ ညံ့ဖျင်းသောကြောင့် ဤကဲ့သို့ ဖြစ်ရကြောင်း၊ တစ်နည်းအားဖြင့် ရှေ့ဆောင်နွားလား အဖြောင့်မသွားသောကြောင့်ပင် ဖြစ်ရကြောင်း–

"ဆယ့်တစ်ဖြာငယ်၊ နေအာဒိစစ်၊ ဘရာစိုးသည့်၊ ဖြူမိုးလှစ်က၊ အနှစ်ပညာ၊ အရှင်းကွာ၍၊ စဉ်လာမင်းသုံး၊ ရှေးကျင့်ထုံးကို၊ အလုံးဖြစ်ရှိ၊ ငွေနှင့် မြူလျှင် လူပေပဲဟု၊ စိတ်စွဲမှတ်ကြုံး၊ တိုင်းအလုံးကို၊ ဈေးနှုန်းနှင့်ထပ်၊ အမွေအပ်သော်၊ မကပ်တရား၊ ရှေ့ဆောင်နွားကြောင့်၊ နောက်သားတစ်စိုက်၊ လမ်းကောက်လိုက်သို့၊ အမိုက်ဖြင်ပြွမ်း၊ လူရဟန်းတို့၊ မချမ်းမသာ၊ ရေစာမွတ်ရှား၊ ခိုးသားမုဒိမ်း၊ တရားမမှန် ကျင့်ဖောက်ပြန် "–

ကြရသည်စသော စကားဖြင့် ပြန်လည် ချေပလေသည်။

ဆရာတော်သည် ထိုချေပချက်ကို တွေ့ရှိရသောအခါ များစွာ ကျေနပ်နှစ်သက်ခြင်း မရှိပေ။ ဘုရင့်အပေါ်တွင် အပြစ်ပုံ၍ ချထားသည်ကိုလည်း သဘောမသင့် ရှိပေသည်။ တိုင်းပြည်၏ အဆိုး အကောင်း အကျိုး အကြောင်းမှန်သမျှတို့ကို မှူးမတ်များ လက်တွင်းသို့ ဝကွက်၍ လွှဲဝေထားပါလျက် ဘုရင်လုပ်သူမှာ မှူးမတ်လောက်မှ ကျေးဇူးခံစားခွင့် မရှိကြောင်း ဖော်ပြလျက် အောက်ပါ ဧကပိုဒ်ရတုကို ထပ်မံရေးသားပြန်လေသည်။

"တစ်ဖန်မှတ်စေ၊ ထပ်၍ဖြေပိမ့်၊ သံဝေရမူ၊ ရေးကပြုသည်၊ ရတုဖိုးထိုက်၊ ဧကပိုဒ်ကို၊ လိုက်၍ဖြေပေ၊ ဉာဏ်ကဝေတို့၊ ဖြစ်လေရေးက၊ ကောသလ၏၊ သောဠသဇာတ်၊ အတ္ထုပ္ပတ်ဖြင့်၊ သတ္တကြိမ္မာ၊ သဒ္ဒါတရား၊ နွားလားရှေ့ဆောင်၊ ပမာမြှောင်လျက်၊ မင်းခေါင်ကိုသာ၊ ပြစ်ရှာဖန်ဖန်၊ ဆိုပြန်ဘိဘိ၊ ထိထိပါးပါး၊ စကားဖောက်လှဲ၊ ကိုယ်ကိုလွှဲသည်၊ မလွှဲစသာ၊ ဉာဏ်အရာကို၊ ပမာထင်ထင်၊ ကဗျာတင်ကာ၊ ပေါက်ပင်ကိုင်းညိတ်၊ ဗျိုင်းနိမိတ်ဖြင့်၊ ဖိုလ်ဟိတ်စပ်ကာ၊ ထပ်၍ရှာမူ၊ သတ္တဝါမဏ္ဍုက၊ ချင့်မူလဟု၊ သိရသောနှယ်၊ မလွယ်ဖွယ်တည့်၊ နွယ်မာလောညွန့်၊ ဆင်ခြေကွန့်လည်း၊ မလွန့်စသာ၊ အကြောင်းမှာကား၊ ငယ်စွာနုမျစ်၊ ကျလိုမြစ်သို့၊ မြေးမြစ်အလား၊ မင်းနှစ်ပါးတို့၊ တိုင်းကားနှင်းထပ်၊ ကိုယ်ကိုအပ်၍၊ ပညတ်စေကြောင်း၊ မှူးမတ်ပေါင်းအား၊ ဆိုးကောင်းအရေး၊ လွှဲအပ်ပေးလျက်၊ တစ်ရွေးတစ်ရတီ၊ တစ်ဗီဇဝါ၊ တစ်မြူလွှာတည့်၊ ရသာကျေးဇူး၊ ဂုဏ်အထူးကို၊ မှူးမတ်လောက်မှ၊ မခံရရှင့်၊ သိဃ်တန်ဆောင်၊ ဘုန်းတော်မှောင်က၊ ကုန်းဘောင်နေမီး၊ မထိန်ညီး၍၊ တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊ ထီးသုဉ်းနန်းသုဉ်း၊ ကြငှန်းသုဉ်း၍၊ မြို့သုဉ်းသုညာ၊ ဉာ်သုံးဝမှာ၊ ဖြစ်လာရချေ၊ တို့တတွေသည်၊ သေသော်မှတည့် ဩော်– ကောင်း၏။ "

ဆီးဘန်နီဆရာတော်ကြီးသည် ပါတော်မူနှစ်မှ သုံးနှစ်မြောက်ဖြစ်သော သက္ကရာဇ် ၁၂၅၀–ပြည့်နှစ် ကဆုန်လပြည့်ကျော် တစ်ရက် ဗုဒ္ဓဟူးနေ့တွင် မျက်ပါးရပ်ရှိ ဆီးဘန်နီတိုက်တော်ကြီး၌ ပျံလွန်တော်မူခဲ့ရပါသည်။

ဆရာတော် ပျံလွန်တော်မူလျှင် ဒကာတော်ဖြစ်သော ပင်းသာမင်းသားက ဆရာတော်၏ အရိုးဓာတ်တို့ကို ယူပြီးလျှင် ယခု ချမ်းမြသာစည် ရဲဌာနအနီး ရန်ကုန် မန္တလေး ကားလမ်းအကွေ့တွင် အရိုးအိုးစေတီကို တည်ထားကိုးကွယ်ခဲ့လေသည်။

**( ကျမ်းကိုး )** မြန်မာစာညွှန့်ပေါင်းကျမ်း–တတိယတွဲ၊ သာသနဗဟုသုတပွကာသနီကျမ်း၊ မြန်မာစာပေတိုက်ပွဲများ၊ ဆန်းမဟာနိဒါန်း၊ ပိဋကတ်သမိုင်းစာတမ်း၊ ဆုံးမစာပေါင်းချုပ်၊ အနှစ် ၁၀၀–ပြည့်မန္တလေး၊ စာပေ့တာဝန်၊ စာပေတန်ဆောင်၊

## သျှင်ဝရသမ္ဘောဓိ ( ၁၁၇၅–၁၂၃၅ )

ဆရာတော် သျှင်ဝရသမ္ဘောဓိကို ပခန်းမြောက်လက် ( ယခု ရေစကြိုမြို့နယ်) ချောင်းဆုံ ငယ်ရွာဟု ရှေးကခေါ်သော ရွာငယ်ကျေးရွာ၌ အဖဦးလူမောင်၊ အမိ ဒေါ်နှင်းတုတ်တို့မှ သက္ကရာဇ် ၁၁၇၅–ခု၊ နတ်တော်လဆန်း ကိုးရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ခဲ့သည်။

မွေးချင်း သုံးယောက်ရှိသည့်အနက် ဆရာတော်၏ လောင်းလျာသည် ဒုတိယမြောက် သားရတနာတစ်ပါး ဖြစ်သည်။ ငယ်မည်တော်ကို မောင်စံဘော်ဟု ခေါ်၏။

မောင်စံဘော်သည် ငယ်ရွယ်သူပင် ဖြစ်သော်လည်း ပညာသင်ကြားရေးအတွက် လုံ့လ အပြုနိုင်ခဲ့ပေ။ မိမိတို့ဘဝသည် ပင်ပန်းသူ ဖြစ်သည့်အလျောက် နွားအငှားကျောင်းရသည်။ ထို့ ကြောင့် မောင်စံဘော်၏ ငယ်စဉ်ဘဝသည် စာပေနှင့် မနီးစပ်နိုင်ဘဲ တောတောင်ချိုင့်ဝှမ်းတို့ဖြင့် သာ ရင်းနှီးခဲ့ရ၏။ တောတိရစ္ဆာန်တို့နှင့် ပေါင်းသင်းခဲ့ရ၏။ တောအလှ တောပန်းတို့ဖြင့် ကျွမ်း ဝင်ခဲ့ရ၏။ ထိုခံစားချက်များကို နောင်အခါ၌ ' လောကဓာတ်ပုံ မြကြေးမုံ ' ခေါ်သောကျမ်း၌ ပီပြင်စွာ ဖွဲ့ဆိုပြသတော်မူလေသည်။

အသက် ၁၄–နှစ်သားအရွယ်ရောက်မှ ယွန်းကျောင်းကိုရင်ကြီး ဦးသာလေးက သာမဏေ ဝတ်ပေးသဖြင့် သာသနာ့ဘောင်သို့ ရောက်ရှိလာရသည်။ သာမဏေဘွဲ့မှာ သျှင်ဝိမလ ဖြစ်သည်။ သာမဏေပြုပြီးလျှင် ဦးသာလေးက မြေဖြူကျောင်းရွာ ဆရာတော်ခင်ကြီးအုပ်ထံသို့ အပ် နှံ၍ စာပေများကို သင်ကြားစေလေသည်။

ထိုမှတစ်ဆင့် သာမဏေဘဝဖြင့်ပင် မအိုကျောင်းတိုက်သို့ ပြောင်း၍ သင်ကြားပြန် သည်။ မအိုကျောင်းတိုက်သည် ထိုအချိန်က ရေစကြို လေးရွာ၏ ကိုးကွယ်ရာ ကျောင်းတိုက်ကြီး ဖြစ်သည်။ ယခုအခါတွင်မူ ရေစကြိုမြို့၏ ကျောင်းတိုက်ကြီးတစ်ခု အပါအဝင် ဖြစ်နေပေပြီ။

သာမဏေသျှင်ဝိမလသည် ပခန်းငယ်ကျေးရွာ ပဒူး (ပန်းထူး) ဆရာတော်ထံသို့လည်း ခေတ္တမျှ သွားရောက်၍ သင်ကြားနည်းခံသေးသည်။ မြစ်ကွေ့ဆရာတော်၏ နိယမသာရဒီပနီ နိဒါန်းတွင်မူ ပဒူးဆရာတော်ဟု သာမန်ဆိုထား၏။

သာမဏေသျှင်ဝိမလသည် ရေစကြို မအိုကျောင်းတိုက်၌ နေစဉ် သာမဏေဘဝဖြင့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိကျမ်းကို ရေးသားလေသည်။ ထိုကျမ်းကို နောင်အခါ၌ ' ရေစကြိုဂဏ္ဌိ' ဟု ခေါ်တွင်သည်။

သျှင်ဝိမလသည် အသက် ၂၀–အရွယ်တွင် ရေစကြိုဂိုဏ်းအုပ်ဆရာတော် သျှင်ဝိစိတ္တာ လင်္ကာရ မထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။ ရဟန်းပြုသောအခါ၌ ဘွဲ့မည်ကို သျှင်ဝရဟူ၍ ပြောင်းလဲ မှည့်ခေါ်တော်မူသည်။

ရဟန်းဖြစ်၍ မကြာမြင့်မီပင် ရေစကြိုအနောက်ဘက် တစ်မိုင်ခန့် အကွာရှိ ဖောင်တော် ပဲ့ခေါ် စေတီတော်ကို ပြုပြင်၍ တည်ထားတော်မူ၏။ ထိုဘုရားတွင် ကျောက်စာစိုက်ထူထားရာ၌ ဦးဝရဟူ၍သာ ပါရှိသဖြင့် သမ္ဘောဓိဟူသော ပုဒ်ကို နောက်မှ ထည့်သွင်းသည်ဟု မှတ်ယူရပေ သည်။

ရဟန်းအဖြစ်သို့ ရောက်ပြီးလျှင် အမရပူရနေပြည်တော် ဗားကရာတိုက်သို့ ကြွ၍ စာပေ ပရိယတ်များကို ဆက်လက်သင်ကြားပြန်လေသည်။ ထိုတိုက်မှ ဗားကရာဆရာတော်က တိုက်တွန်းသောကြောင့် နောင်အခါတွင် ထေရဂါထာအဋ္ဌကထာနိဿယကို ရေးသားလေသည်။

သျှင်ဝရသမ္ဘောဓိသည် အမရပူရမြို့တော်တွင် ပညာသင်ကြား၍ ပြီးဆုံးသဖြင့်မူလနေ ရာဖြစ်သော ရေစကြို မအိုတိုက်သို့ ပြန်ကြွခဲ့သည်။ ရောက်လျှင် မင်းကြီးမဟာမင်းလှသင်္ကြန်ဘွဲ့ရ ခုံမင်းကြီးဦးမှိုင်း ( ရန္တမိတ်ကျော်ထင်ဘွဲ့ဖြင့် ' ရေစကြိုခုံတော်ဖြတ်ထုံး 'ပြုစုသူ) နှင့် ဦးတိုက်ကျော် အမည်ရှိ ဒါယကာတို့က သဒ္ဓါကြည်ညိုလှသဖြင့် သုံးထပ်ကျောင်းတော်ကြီးခေါ် ဇေတဝန်ကျောင်း

တော်ကြီးကို ဆောက်လုပ်လှူဒါန်းကြလေသည်။

ဆရာတော်သျှင်ဝရသမ္ဘောဓိသည် အသက် ၃၀–ကျော် အရွယ်တွင် ဂိုဏ်းအုပ်ဆရာတော် အဖြစ်ခန့်အပ်ခြင်း ခံရသည်။ မည်သည့်ခုနှစ်ဟု မသိရသော်လည်း သက္ကရာဇ် ၁၂၁၄–ခုထိုး ရွှေလဝင်းဘုရား ကျောက်စာ၌–

"ဝရသမ္ဘောဓိနာမကံ၊ ဝရသမ္ဘောဓိ သိရိမင်္ဂလာ သာသောသုတိရှိသော။ အာစရိယံ၊ ဂဏပါမုတ် ဂိုဏ်းအုပ်အကျော် ဆရာတော်ကို။ သိတံကတွာ၊ အမှီတံကဲ သဟဲပြု၍။ "–

ဟု ရေးထိုးထားသောကြောင့် ထိုနှစ်တွင် ဂိုဏ်းအုပ်ဆရာတော် ဖြစ်နေပြီ ဖြစ်ကြောင်း သိရ၏။

ဆရာတော်သည် သာသနာတော်၏ ဝန်ကို ဆောင်ရွက်တော်မူရင်း စာပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်တော်မူသည်။ ကဗျာလင်္ကာ အဖွဲ့အနွဲ့နှင့် ပတ်သက်၍ လောကဓာတ်ပုံမြကြေးမုံကျမ်း၊ ဆဗ္ဗီသပျို့၊ လူ့လောကခံ ပုထုဇန်မှာအစချီ ဆုံးမစာနှင့် အခြားမေတ္တာစာများကိုလည်း ရေးသားတော်မူသည်။ အချို့အမှတ်အသားများ၌ ဖော်ပြပါ မေတ္တာစာကြီးကို ရေးသားသူမှာ မုံရွေးဆရာတော်၊ စလေဦးပုည၊ ကြည့်ကန်သျှင်ကြီး စသည်ဖြင့် အမျိုးမျိုး ရှိကြသည်။ ရှေးဟောင်းပုရပိုက်မူများတွင်ကား သျှင်ဝရသမ္ဘောဓိမေတ္တာစာဟူ၍သာ တွေ့ရှိရသည်။

သက္ကရာဇ် ၁၂၁၉–ခု၊ တပေါင်းလပြည့်ကျော် ခြောက်ရက် သက်တော် ၄၄–နှစ်တွင် ပခန်းကြီးနယ် လေးပြင်လေးရပ်ရှိ သံဃာတော် ၃၃၈၀–တို့၏ အကြီးအချုပ် ဂဏာစရိယ ဂဏပါမောက္ခအဖြစ် မင်းတုန်းမင်းတရားကြီးကိုယ်တိုင် နန်းတော်သို့ ပင့်၍ စာချွန်တော်နှင့်တကွ ဆက်ကပ်လှူဒါန်းလေသည်။

ထိုစာချွန်တော်ကို ဆက်ကပ်ရန်အတွက် မင်းတုန်းမင်းတရားသည် ပခန်းနယ်မြေရှိ သံဃာတော်တို့အား စုံးစမ်းရှာဖွေတော်မူရာ သျှင်ဝရသမ္ဘောဓိ၏ ဂုဏ်သတင်းကို ကြားသိသဖြင့် မင်းတရားကြီးကိုယ်တိုင် နန်းတော်သို့ ပင့်၍ ဆရာတော်၏ အရည်အသွေးကို ဆွေးနွေးလျှောက်ထားကြလေသည်။ ထိုသို့လျှောက်ထားရာ ခြောက်ရက်မျှ မိန့်ကြားဖြေဆိုတော်မူရသည်။ ထို့နောက် မင်းတုန်းမင်းတရားက ဆရာတော်၏ အရည်အချင်းကို ယုံကြည်တော်မူသဖြင့် ဂိုဏ်းချုပ်ဆရာတော်အဖြစ် တင်မြှောက်ခြင်း ဖြစ်၏။ ထိုအကြောင်းကို ဆရာတော်ကိုယ်တိုင် ရေးသားခဲ့သော မူလဋီကာမဟာနိဿယနိဂုံး၌ ၅၇–ဂါထာဖြင့် ဖော်ပြထားလေသည်။

သက္ကရာဇ် ၁၂၂၆–ခုနှစ်တွင် ဆရာတော်သည် ခုံမင်းကြီး မဟာမင်းလှသင်္ကြန်နှင့် မယ်နှင်းဆီတို့ တည်ထားခဲ့သော ရွှေလဝင်းစေတီတော်ကြီးကို မှီ၍ ရတနာမဥ္ဇူသိမ်တော်ကြီးကို ဦးဆောင်သမုတ်တော်မူသည်။

သက္ကရာဇ် ၁၂၃၀–ပြည့်နှစ်သို့ ရောက်သောအခါ ရေစကြို ၄–ရွာ အဝင်အပါဖြစ်သော ပန်းတော်တင်ရွာ (ယခုပန်းတော်တင်ရပ်) ၏ တောင်ဘက်တွင် အောင်မြေဘုံသာခေါ် ကျောင်းတိုက်တော်ကို တည်ထောင်၍ သီတင်းသုံးတော်မူပြန်သည်။ ထိုအခါ စားတော်ဝန် ဦးခဲသည် သာသနာ့ဒါယကာ ပြုလုပ်၍ ကျောင်းဆောက်လှူဒါန်းလေသည်။ ဆရာတော် တည်ထောင်ခဲ့သော ထိုကျောင်းတိုက်ကြီးသည် နောင်အခါ၌ အောင်မြေသာယာသူဌေးတိုက် အမည်ဖြင့် ကျော်ကြားနေလေသည်။

ဆရာတော်သည် စာပြုလုပ်ငန်းကို အားသွန်ကြိုးပမ်း၍ ဆောင်ရွက်တော်မူခဲ့ရာ ၄၆–ကျမ်းမျှ ရှိသည်ဟု အမှတ်အသား ရှိသည်။ သို့ရာတွင် အချို့ကျမ်းစာများမှာ စာရင်းမျှပင် ရှာဖွေ၍ မရတော့ဘဲ တိမ်မြုပ်နေတော့သည်။ စာပေစာရင်းတို့ကို တွေ့ရှိသမျှ ဖော်ပြရသော် မူလဋီကာဝီသတိဂါထာဝဏ္ဏနာမဟာနိဿယ၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိ၊ သမာသာဒိသုတ္တနိဿယ၊ ရာဇဝသတီပါဠ် နိဿယ၊ ဒိဋ္ဌိဝိနိစ္ဆယ၊ သံဝေဂကဏ္ဍကမ္မဋ္ဌာန်းကျမ်း၊ သာသနဗျူဟာကျမ်း၊ ဥပသမ္ပဒအနုသာသန ပုစ္ဆာ ဝိသဇ္ဇနာကျမ်း၊ ယထာဘူတဉာဏဝိကာသနီကျမ်း၊ မနောဒန္တဒီပနီ၊ ဝိပဿနာစာရဒီပနီ၊ အနာဂတဝံကျမ်း၊ အလံဘူတကျမ်း၊ ဆဗ္ဗီသပျို့၊ ဗိသုကာကျမ်း၊ ပဋိသန္ဓိဝိနိစ္ဆယ၊

မေတ္တာစာများ၊ ဓမ္မပဒမဟာဋီကာ၊ လောကဓာတ်ပုံ မြကြေးမုံအလင်္ကာကျမ်း၊ ဇာတိထေရုပ္ပတ္တိ၊ ကောသလ္လဒီပနီ၊ စိတ္တဒီပနီ၊ ထေရာဂါထာအဋ္ဌကထာနိဿယ၊ ဂမ္ဘီရဝိပဿနာကျမ်း၊ ဝိနိစ္ဆယအာဒါသမုခကျမ်း၊ ကထိနပုစ္ဆာ ဝိသဇ္ဇနာ၊ မဟာသိမာသိလာလေခနကျမ်း၊ ရေစကြိုတရားစာ၊ ဝံသာနုက္ကမဒီပနီကျမ်း စသည်တို့ ဖြစ်ပေသည်။

ဤကဲ့သို့ မြောက်မြားစွာသော စာပေတို့ကို ပြုစုတော်မူရင်း သက္ကရာဇ် ၁၂၃၅–ခု၊ သက်တော် ၆၀၊ ဝါတော် ၄၀–အရတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရလေသည်။ ဆရာတော် ပျံလွန်တော်မူသော ခုနှစ်ကို " အင်ကြင်းစံပယ် "(၁၃၃၅) ဟု တိုကောက်မှတ်သား ထားကြပေသည်။ ထို့ပြင် ဆရာတော် ပျံလွန်တော်မူသောနှစ်ကို မအူဆရာတော်၏ နန်းကျောင်းဝိနိစ္ဆယ၌လည်း သက်တော် ၆၀–၌ ပျံလွန်တော်မူကြောင်း အခိုင်မာ တွေ့ရှိရပါသည်။

ဆရာတော် ပျံလွန်တော်မူလျှင် တပည့်အပေါင်းတို့က အရိုးဓာတ်စေတီတော်ကို အောင်မြေသာယာသူဌေးတိုက် အနောက်ဘက်၌ တည်ထားခဲ့ကြ၏။ ယခုအခါ ရေစကြို ဈေးကြီးအတွင်း၌ တည်ရှိနေပြီး ဈေးသူ ဈေးသားများက ပြုပြင်စောင့်ရှောက်ထားလေသည်။

**( ကျမ်းကိုး )** မူလဋီကာမဟာနိဿယ နိဂုံး၊ ထေရာဂါထာအဋ္ဌကထာနိဿယ နိဂုံး၊ သင်္ဂြိုဟ်ဂဏ္ဌိကျမ်း သုံးစောင်တွဲ၊ နန်းကျောင်းဝိနိစ္ဆယ၊ ပခုက္ကူသာသနာဝင်၊ နိယမသာရဒီပနီ နိဒါန်း၊ ပခန်းအကြောင်း သိကောင်းစရာ၊ ရေစကြိုမြို့ သမိုင်းသစ်၊ ရေစကြိုမြို့မှ ဦးအောင်သိန်း၊ ဦးစုရ၊ ဦးပွ တို့၏ မှတ်သားချက်များ၊ ရွှေလဝင်းဘုရားကျောက်စာ၊ ဂူဖြူဘုရားကျောက်စာ၊ ရတနာမဥ္ဇူမဟာသိမ်တော်ကျောက်စာ၊ မေတ္တာစာပေါင်းချုပ် (ပုရပိုက်မူ)၊

## သင်္ဖာဆရာတော် ( ၁၁၇၇–၁၂၄၈ )

စကားပုံများနှင့် သိင်္ဂါလောဝါဒဆုံးမစာ စသည်တို့ကို ဟောပြော ဆုံးမတော်မူသဖြင့် ထင်ရှားကျော်ကြားခဲ့သူကား သင်္ဖာဆရာတော် ဖြစ်၏။ ဆရာတော်သည် သက္ကရာဇ် ၁၁၇၇–ခုနှစ်၊ နယုန်လဆန်း ၁၄–ရက် တနင်္ဂနွေနေ့တွင် တလုပ်မြို့ကျေး ပေါက်ချောင်းကျေးရွာ၌ ဖွားမြင်သည်။ ငယ်မည်တော်ကို မောင်ပိုးဟု ခေါ်သည်။

မောင်ပိုးသည် ငယ်သွေးတစိုကပင် မိခင်နှင့်အတူ အမရပူရမြို့တော် အနောက်မြောက်၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ ပုဇွန်ချောင်ရွာသို့ ပြောင်းရွှေ့နေထိုင်ရလေသည်။ အသက် ၁၃–နှစ်အရွယ်တွင် ဆရာတော်သျှင်ကောဏ္ဍညမထေရ် အထံ၌ သာမဏေပြုရာ ဘွဲ့တော်မှာ သျှင်အဂ္ဂဓမ္မ ဟူ၍ ဖြစ်သည်။

သာမဏေသျှင်အဂ္ဂဓမ္မသည် ဆရာတော်သျှင်ကောဏ္ဍညထံမှ တစ်ဆင့် စာပေသင်ကြားရန်အတွက် အမရပူရမြို့တော်သို့ ကြွရောက်ခဲ့၏။ ရောက်လျှင် ‘ သူရိယာဘိဝံသ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ’ ဘွဲ့တံဆိပ်တော်ရ သဲအင်းသာသနာပိုင် ဆရာတော်အထံ၌ ခိုဝင်၍ စာပေပရိယတ်များကို အားထုတ်ဆည်းပူးလေသည်။

၁၁၉၇–ခုနှစ်တွင် သက်တော်စေ့သဖြင့် သဲအင်းတိုက် ထီးလင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။ ရဟန်းပြုသောအခါ ဘွဲ့တော်မှာ သျှင်အဂ္ဂဓမ္မာလင်္ကာရ ဖြစ်သည်။ ထိုဘွဲ့မည်ကို အခြားအတ္ထုပ္ပတ္တိတို့၌ မတွေ့ရသော်လည်း ဆရာတော်ကိုယ်တိုင် ၁၂၀၈–ခု၊ တော်သလင်းလဆုတ် ၁၃–ရက်နေ့တွင် ရေးသားပြီးစီးသော ဓမ္မပဒပါဠိတော် နိဿယ နိဂုံး၌–

“ ဒါရုဝါဏိဇေဟိ၊ သစ်ကုန်သည် ဒါယကာတို့သည်။ ကတေ၊ ဆောက်လုပ်အပ်သော။ ဝိဟာရေ၊ ကျောင်း၌။ ဝသတာ–ဝသန္တေန၊ နေသော။ အဂ္ဂဓမ္မာလင်္ကာရေန၊ အဂ္ဂဓမ္မာင်္ကာရမည်သော။ ထေရေန၊ မထေရ်သည်။ ”–

ဟူသော စကားကို ထောက်၍ ရေးဆိုရခြင်း ဖြစ်သည်။

ရဟန်းတော် သျှင်အဂ္ဂဓမ္မာလင်္ကာရသည် သဲအင်းတိုက်၌ သုံးဝါတိုင်တိုင် စာပေများကို သင်ကြားပြီးနောက် ရွှေဘိုမြို့ အနောက်လက် သလုံးရွာဆရာတော် သျှင်စန္ဒိမာထံ၌ တစ်ဝါမျှ နေ၍ စာပေများကို နည်းယူလေ့လာပြန်သည်။ တစ်ဝါပြည့်လျှင် အမရပူရမြို့ ပေါင်းလဲတိုက် ဆရာတော် သျှင်သီရိမာလာထံ၌ နေ၍ စာပေပရိယတ်တို့ကို စတင်ပို့ချလေသည်။

ပေါင်းလဲတိုက်၌ တစ်ဝါနေပြီးသော် မိမိငယ်စဉ်က နေထိုင်ခဲ့သော ပုဇွန်ချောင်ရွာသို့ ကြွရောက်၍ သစ်တောစာရေး ဆောက်လုပ်သော ကျောင်း၌ နေလေသည်။ ထိုကျောင်း၌ နှစ်ဝါမျှ နေ၍ ရှားစောင်းတောရတွင် တစ်ဝါ ကြွရောက်နေစဉ် ပုဇွန်ချောင်ရွာမှ သစ်ကုန်သည် ဒါယကာတို့က ကျောင်းဆောက်လှူဒါန်းသဖြင့် ထိုကျောင်းသို့ ပြန်လည်သီတင်းသုံးရပြန်သည်။ ထိုကျောင်း၌ နေစဉ် သဒ္ဒနီတိကျမ်းကို အမှီပြု၍ ဓာတွတ္ထဒီပကကျမ်းကို ရေးသားစီရင်တော်မူသည်။ ဓမ္မပဒပါဠိတော်ကိုလည်း ဝတ္ထုဇာတ်လမ်း အကျဉ်းနှင့်တကွ နိဿယပြန်ဆိုတော်မူ၏။ ထို့ပြင် ပြည်ဆရာတော်က တောင်းပန်သောကြောင့် ဝိမထိဝိနောဒနီဋီကာကြီးကိုလည်း နိဿယပြုလေသည်။

ထို့နောက် ဧရာဝတီမြစ်ညာ ရှိမ်းမကားနိဂုံး၏ တောင်ဘက် သရက်ချောင်းတောရ၊ ဒဟတ်ချောင်းတောရတို့၌ တစ်ဝါစီ နေတော်မူ၏။ ထိုအခါမှ ဋီကာနိဿယကြီးကို အပြီးသတ် ရေးသားနိုင်တော့သည်။

ထိုမှတစ်ဖန် ငယ်စဉ်က နေခဲ့ဖူးသော သလုံးဆရာတော်ထံ၌လည်းကောင်း၊ လင်းလွန်းတောရ၌လည်းကောင်း လှည့်လည်နေခဲ့၏။ ၎င်းနောက် မိမိ၏ ဇာတိချက်ကြွေ မွေးရပ်မြေ ဖြစ်သော ပေါက်ချောင်းရွာသို့ တစ်ဝါမျှ ကြွရောက်နေလေသည်။ ထိုအခါ ဆရာတော်သည် မြေးဖြစ်

သော မောင်ဆယ်အား သိင်္ဂါလောဝါဒဆုံးမစာလင်္ကာများကို ရေးသားပေးလေသည်။

ဆရာတော်သည် နေရာတစ်ခု၌ သံယောဇဉ်ထား၍ နေလေ့မရှိပေ။ မွေးဖွားသည်မှ စ၍ သင့်လျော်ရာ ဒေသများ၌ နှစ်အနည်းငယ်မျှသာ နေလေ့ရှိ၏။ ထို့ကြောင့်လည်း မြန်မာပြည် အနှံ့အပြားတွင် ဆရာတော်နေထိုင်ခဲ့ရာ နေရာ မြောက်မြားစွာတို့ကို တွေ့မြင်သည်။ ပျံလွန်တော်မူသည့်တိုင်အောင် ခရီးသွားလာရင်းပင် စုတိတော်မူရရှာသည်။

ဆရာတော်သည် မိမိမွေးဖွားရာ ပေါက်ချောင်းရွာ၌လည်း တစ်ဝါမျှ နေပြီးလျှင် ပလိပ်ရွာတောင် ကျောက်အိုးတောရသို့ ကြွရောက်နေပြန်သည်။ ကျောက်အိုးတောရ၌ နေစဉ် မင်းတုန်းမင်းတရားသည် ဆရာတော်နှင့်တကွ သံဃာတော် လေးကျိပ်တို့အား နေ့စဉ်မပြတ် ဆွမ်းဝတ်လှူတော်မူသည်။

ထိုတောရ၌လည်း နှစ်ဝါမျှ နေတော်မူ၍ စစ်ကိုင်းမြို့ ကောဏ္ဍညချောင်၊ လောကမှန်ကင်းချောင်တို့၌ တစ်ဝါစီ နေပြန်သည်။ စစ်ကိုင်းမြို့၌ နေစဉ်တွင်လည်း မင်းတုန်းမင်းတရားက ပင်လျှင် ဆရာတော်နေထိုင်ရန်အတွက် သံဃာလေးကျိပ် နေလောက်သော ကျောင်းကို လှော်ကားထောင်ကဲ မင်းလှဇေယျကျော်သူကို ကြီးကြပ်ဆောက်လုပ်စေသည်။ ကျောင်းတော်ကြီး ပြီးလျှင် မင်းတရားက သံတော်ဆင့် မိုင်းခိုင်းမြို့စား မဟာသီရိဇေယျသူနှင့် သစ်တောအခွန်ဝန်မင်းကြီး မဟာမင်းကျော် မင်းလှစည်သူတို့ကို ကိုယ်စား စေလွှတ်၍ ရေစက်သွန်းချ လှူဒါန်းလေသည်။

ဆရာတော်သည် စစ်ကိုင်းမြို့၌လည်း ကြာရှည် မနေမူ၍ အမရပူရမြို့တွင် နမောတိုက်ဟောင်းသို့ ကြွရောက်နေပြန်သည်။ ထိုအခါ မင်းတုန်းမင်တရားသည် ဆရာတော်အား ရတနာပုံနေပြည်တော်၌ သာသနာပြု၍ နေစေလိုသောကြောင့် ပုဂံမင်းဆက် မင်းရှင်စော၏ ဆရာ သင်္ဃရာဇာမထေရ် သီတင်းသုံးခဲ့ရာ ချောင်းကမ်းထိပ်၌ ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းလေသည်။ သစ်တောအခွန်ဝန်မင်းကြီးကလည်း ထိုကျောင်းတိုက်အတွင်း ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်နှင့် ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပြန်သည်။

မင်းတုန်းမင်းတရားသည် ဆရာတော်အား 'အဂ္ဂဓမ္မာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု' ဟူသော ဘွဲ့တံဆိပ်ကိုလည်း ဆက်ကပ်သည်။ ကျောင်းတိုက်ကို သင်္ဃရာဇာမထေရ် သီတင်းသုံးခဲ့ရာ၌ တည်ဆောက်သောကြောင့် သင်္ဃဇာ (သင်္ဂဇာ) ကျောင်းတိုက်ဟုပင် ခေါ်သည်။ ထိုအခါမှ စ၍ ဆရာတော်ကိုလည်း သင်္ဂဇာဆရာတော်ဟု ခေါ်တွင်လာကြသတည်း။

မင်းတုန်းမင်းတရားသည် နိုင်ငံတော်အတွင်း၌ သာသနာရေး သာသနာမှုတို့ကို ဆောင်ရွက်ရန် သုဓမ္မာဆရာတော် ရှစ်ပါးကို သာသနာပိုင်ခန့်အပ်ရာ၌ သင်္ဂဇာဆရာတော်ကိုလည်း သာသနာပိုင်အဖြစ် တင်မြှောက်တော်မူသည်။ ထို့ပြင် မိဖုရားတစ်ပါး ဖြစ်သော 'သီရိသုပဘာ ရတနာ ဒေဝီ' ဘွဲ့ခံ စိန်တုံးမိဖုရားအားလည်း ဆရာတော်ကို အဓိကအားဖြင့် ကိုးကွယ်စေသည်။ စိန်တုံး မိဖုရားသည် ရတနာပုံမြို့တော် အရှေ့မြောက်ယွန်း ဝဇီရာရာမတိုက် မင်္ဂလာရတနာ ဘုံစံကျောင်းတော်ကြီးကို ခမ်းနားစွာ ဆောက်လုပ်၍ ဆရာတော်အား တင်လှူလေသည်။

ဆရာတော်သည် သင်္ဂဇာရာမ၊ ဝဇီရာရာမတိုက်ကြီး နှစ်တိုက်တို့၌ ခြောက်နှစ်တိုင်တိုင် သီတင်းသုံးနေထိုင်တော်မူလျက် သာသနာမှုကို ပြုစုစီရင်တော်မူသည်။ ဆရာတော်သည် နေပြည်တော်၌ ဤမျှ ရှည်မောစွာ နေရမှုကို ငြီးငွေ့တော်မူ၍ မိမိတပည့်များ ဖြစ်သော 'ပညာသာမိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဝဇီရာရာမ တိုက်ကြီးကိုလည်းကောင်း၊ 'ဓမ္မစာရိန္ဒာဘိ သီရီဓဇ မဟာဓမ္မရာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား သင်္ဂဇာရာမတိုက်ကြီးကိုလည်းကောင်း လွှဲအပ်တော်မူ၍ တဘက်ဆွဲရွာ တောရ ကျောင်းသို့ ကြွရောက်နေထိုင်လေသည်။

ထိုရွာ၌ တစ်ဝါနေပြီးသော် စစ်ကိုင်းတောင်အနီး ကြက်ထောင့်ရွာတောရကျောင်း၌ နေပြန်သည်။ ထိုတောရကျောင်း၌ နေစဉ် မင်းတုန်းမင်းတရားက အရံ ၁၀–ကျောင်းနှင့် ကျောင်း

တော်ကြီးကိုလည်းကောင်း၊ အခွန်ဝန်မင်းကြီးကလည်း အုတ်ကျောင်းတော်ကြီးကိုလည်းကောင်း ဆောက်လုပ်လှူဒါန်းကြသည်။ ယင်းသို့ လှူဒါန်းကြသော်လည်း ဆရာတော်သည် စွဲလမ်းမှု မရှိသည့်အလျောက် တပည့်ကြီး သျှင်ဇဝနမထေရ်အား လွှဲအပ်၍ စမ်းကြီးတောရသို့ ကြွရောက်နေ ထိုင်ခဲ့၏။ ထို့နောက် မုံရွာနယ် ထန်းဇလုပ်တောရ၌လည်းကောင်း၊ မြင်းခြံနယ် စမ်းကျတောရ၌ လည်းကောင်းနေတော်မူ၏။ ထိုအခါ သာသနာတော်၌ အကျိုးများစိမ့်သောငှာ စတုရာရက္ခကျမ်းကို ရေးသားတော်မူသည်။

သက္ကရာဇ် ၁၂၄၀–ပြည့်နှစ်တွင် မင်းတုန်းမင်းတရား နတ်ရွာစံသောအခါ သားတော် သီပေါမင်းသားသည် ထီးနန်းကို ဆက်ခံလေသည်။ ထိုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄– ရက်နေ့တွင် ဆရာတော်သည် ရန်ကုန်မြို့သို့ ကြွရောက်ခဲ့၏။ ထိုသို့ ကြွရောက်ရာတွင် မိမိကျောင်း ဒါယိကာမဖြစ်သော စိန်တုံးမိဖုရားကိုလည်း ခေါ်ဆောင်ခဲ့ပေသည်။ ယင်းသို့ ခေါ်ဆောင်ခဲ့ရာတွင် အကြောင်းနှစ်မျိုးဖြင့် ဝိဝါဒကွဲလျက် ရှိသည်။ တစ်ကြောင်းမှာ စိန်တုံးမိဖုရားသည် ထိုအချိန်တွင် နန်းတွင်းရေး အရှုပ်အထွေး၌ ရာဇဝတ်တော် သင့်နေသဖြင့် ဆရာတော်က တိတ်တဆိတ်ခေါ် ဆောင်ခဲ့သည်ဟု ဆိုသည်။ တစ်ကြောင်းမှာလည်း မင်းတုန်မင်း နတ်ရွာစံချိန်ဝယ် မင်းညီမင်းသား ၄၀–ကျော်ကို ဖမ်းဆီးထား၏။ စိန်တုံးမိဖုရားလည်း ထိုအထဲတွင် ပါဝင်၍ အိမ်တော်တံခါးဝ၌ ဝကွင်း၍ ထားပြီးလျှင် အကျယ်ချုပ်သဘောဖြင့် နေရသည်။ ထိုအခါ သင်္ဂဇာဆရာတော်က စိန်တုံး မိဖုရား၏ အသက်ကို အလှူခံ၍ ခေါ်ဆောင်ခဲ့ကြောင်း အဆိုရှိပေသည်။

အဆိုပါ အကြောင်းနှစ်ရပ်တို့ကို လေ့လာလျှင် စိန်တုံးမိဖုရားသည် သင်္ဂဇာဆရာတော် နှင့်အတူ အင်္ဂလိပ်အုပ်ချုပ်ရာ နယ်မြေသို့ လိုက်ပါလာခဲ့ကြောင်းကား ထင်ရှားသည်။ သို့ရာတွင် တိတ်တဆိတ် ခေါ်ယူခဲ့ခြင်းနှင့် အလှူခံ၍ ခေါ်ခဲ့ခြင်းဟု နှစ်မျိုး ကွဲပြားသည်။ ထိုနှစ်ရပ်ကို စဉ်းစားလျှင် တိတ်တဆိတ်ခေါ်ယူခဲ့ခြင်းမှာ ဖြစ်နိုင်ဖွယ် မရှိပေ။ ရှေးခေတ်တွင် ရာဇဝတ်သားများကို သာသနာပိုင်ဆရာတော်က နှုတ်ယူလျှင် ရသည်သာ များသည်။ သင်္ဂဇာဆရာတော်လည်းသာသနာ ပိုင်ဖြစ်၍ နှုတ်ယူအလှူခံခဲ့ခြင်းသာ ဖြစ်ပေမည်။

ထို့ပြင် သီပေါမင်းကိုယ်တိုင်လည်း နောင်အခါ၌ ဆရာတော်အား နေပြည်တော်သို့ ပင့်ဆောင်ခဲ့သဖြင့် ကြွရောက်တော်မူသေးသည်။ အကယ်၍ ဆရာတော်သည် စိန်တုံးမိဖုရားအား တိတ်တဆိတ်ခေါ်ယူ၍ ကယ်တင်ခဲ့သည်ဆိုလျှင် နောက်ထပ် နေပြည်တော်သို့ ကြွရောက်လိမ့်မည် မဟုတ်ပေ။ ဆရာတော်သည် ဝိနည်းခိုရ်တစ်ပါး ဖြစ်၍ ရာဇဝင်တွင်လည်းကောင်း၊ သာသနာဝင် တွင်လည်းကောင်း အမည်းစက်ထင်မည့် အလုပ်မျိုးကို လုပ်မည် မဟုတ်ပေ။ ထို့ကြောင့် ဆရာတော်သည် ဝဇီရာရာမကျောင်းတိုက် ဒါယိကာမ စိန်တုံးမိဖုရားအား အလှူခံကယ်တင်၍ အောက်ပြည်သို့ ခေါ်ဆောင်ခဲ့သည်ဟုသာ ဆုံးဖြတ်သင့်ပေသည်။

ဆရာတော်သည် စိန်တုံးမိဖုရားအား ကယ်တင်ခေါ်ဆောင်၍ အောက်ပြည်သို့ စုန်ဆင်းခဲ့သော်လည်း စိန်တုံးမိဖုရားမှာ မော်လမြိုင်၌ သီလရှင်ဝတ်နေခဲ့လေသည်။ ဆရာတော်မှာမူ ရန်ကုန်မြို့သို့ ကြွရောက်၍ မဟာဒီပိကာရာမတိုက်တွင် သီတင်းသုံးနေသည်။ ထိုတိုက်တွင် နေစဉ် ဥပသကောဝါဒစာကိုယ်နှင့် ဋီကာကျမ်းကို ရေးသားတော်မူသည်။ ထို့နောက် ကာယပစ္စဝေက္ခဏာ ကျမ်းကိုလည်း ရေးသားပြန်သည်။

ရန်ကုန်မြို့၌ တစ်ဝါကျွတ်လျှင် ကွမ်းခြံကုန်းမြို့ မရမ်းရွာ တောရကျောင်းတွင်လည်း ကောင်း၊ ပုသိမ်မြို့တွင်လည်းကောင်း သီတင်းသုံး နေထိုင်ပြန်လေသည်။ ဆရာတော်သည် ရောက် လေရာ အရပ်တိုင်း၌ ရဟန်းသျှင်လူတို့အား တရားဓမ္မကို ဟောကြား၍ ဆုံးမတော်မူ၏။ တရားကြောင်းနှင့် စပ်လျှင် စကားပုံဝတ္ထုကလေးများ ကပ်၍ ဟောကြားတော်မူလေ့ ရှိသည်။ ထိုပုံဝတ္ထုများသည် မှတ်သားဖွယ် အလွန်ကောင်းသဖြင့် နောင်အခါ၌ သင်္ဂဇာစကားပုံပေါင်းချုပ် ဟူ၍ စုစည်းပေါ်ထွက်လာလေသည်။

ဆရာတော်သည် ပုသိမ်မြို့၌ သီတင်းသုံးနေစဉ် မော်လမြိုင်မြို့မှ ဒါယကာများက လာရောက် ပင့်ဆောင်ကြသဖြင့် မော်လမြိုင်မြို့သို့ ကြွရောက်တော်မူရပြန်သည်။ ရောက်လျှင် ကျိုက် သလ္လာကုန်းအနောက်မျက်နှာ၌ ဓမ္မဝိလာသနီမည်သော သိမ်တော်ကြီးကို ကြီးမှူး၍ သမုတ်တော်မူသည်။ ထိုမြို့၌ ရောက်ရှိနေခိုက် သီပေါမင်းတရားက ရတနာပုံ နေပြည်တော်သို့ ကြွရောက်၍ သာသနာပြုတော်မူပါရန် ဝဇီရာရာမဆရာတော်အား ပင့်လျှောက်စေသည်။

ထို့ကြောင့် ဆရာတော်သည် ရတနာပုံမြို့တော်သို့ ကြွရောက်ရန် ရန်ကုန်မြို့သို့ ကြွရောက်ခဲ့၏။ သီပေါမင်းတရားသည် ဆရာတော်အား ကြိုဆိုပင့်ခေါ်ရန်အတွက် မိဖုရားခေါင် ကြီးဆရာတော်၊ ရမည်းသင်းမင်းသမီးဆရာတော်၊ မင်းခင်းမင်းသမီးဆရာတော်တို့ကို ဦးဆောင် ထား၍ လွှတ်တော်စာရေးကြီး မင်းလှသီရိရာဇာ၊ သံတော်ဆင့် မင်းလှမင်းခေါင်ဇေယျသူ တို့ကို သင်္ဘောတော် သမ္ဗန်တော်များဖြင့် ရန်ကုန်မြို့မှ တစ်ဆင့် ပင့်ဆောင်ရလေသည်။

ဆရာတော်သည် ရတနာပုံ နေပြည်တော်သို့ ရောက်လျှင် သီပေါမင်းတရားက "တပည့် တော်တို့ အမြဲဆည်းကပ်နိုင်ရန်အတွက် နေပြည်တော်၌ပင် သီတင်းသုံးတော်မူပါဘုရား၊ " ဟု လျှောက်ထားလေသည်။ ဆရာတော်သည် ထိုလျှောက်ထားချက်ကို မင်းနှင့် မဆန့်ကျင်လိုသဖြင့် သင့်လျော်သော ပဋိညာဉ်ကို ပေးပြီးလျှင် နေပြည်တော်မှ ဖဲခွာခဲ့ပြန်သည်။ ထို့နောက် မြန်မာပြည် အောက်ပိုင်းတွင် လှည့်လည်၍ နေတော်မူလေသည်။

သက္ကရာဇ် ၁၂၄၆–ခုနှစ်တွင် ဆရာတော်သည် ဘုရားပုထိုး ဖူးမြော်ရန်အတွက် နိုင်ငံ ခြားသို့ ကြွရောက်ခဲ့၏။ ရှေးဦးစွာ အိန္ဒိယနိုင်ငံသို့ ကြွတော်မူသည်။ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့သို့ ရောက်သည်တွင် ညောင်အုပ်မင်းသား အိမ်တော်၌ တည်းခိုတော်မူသည်။ ထိုအခါ ညောင်အုပ် မင်းသားက မိမိအား တရားဓမ္မကို ဟောကြားတော်မူ၍ တစ်ဝါမျှ သီတင်းသုံးပါရန် လျှောက်ထား သောကြောင့် ညောင်အုပ်မင်းသား အိမ်တော်၌ တစ်ဝါဆိုတော်မူရလေသည်။

ဆရာတော်သည် သီတင်းဝါကျွတ်သဖြင့် သီဟိုဠ်နိုင်ငံသို့ ကြွမည်ပြုရာတွင် သီဟိုဠ်နိုင်ငံ ၌ ဒုဘိက္ခဘေး (ငတ်မွတ်ခြင်းဘေး) ဆိုက်ရောက်နေသောကြောင့် အခြေအနေ မကောင်းကြောင်း လျှောက်စာရ၍ မကြွဖြစ်တော့ပေ။ ထို့ကြောင့် မြန်မာနိုင်ငံသို့ ပြန်ကြွခဲ့လေသည်။

သက္ကရာဇ် ၁၂၄၇–ခု၊ နတ်တော်လဆန်း ငါးရက်နေ့တွင် မော်လမြိုင်မြို့သို့ ဒုတိယ အကြိမ် ကြွရောက်တော်မူပြန်သည်။ ရောက်လျှင် တပည့်ဒါယကာများက မန်ကျည်းတောကျောင်း တိုက်အတွင်း ခေတ္တသီတင်းသုံးပါရန် လျှောက်ထားသောကြောင့် ထိုတိုက်မှာပင် နေတော်မူရသည်။

ဆရာတော် အမြဲသီတင်းသုံးရန်အတွက်ကိုမူ ထိုကျောင်းတိုက်၏ အနောက်တောင်ယွန်း တွင် အလျား ၈၇–တောင်၊ အနံ ၃၅–တောင် ရှိသော အုတ်ကျောင်းကြီးကို တည်ဆောက်ကြလေ သည်။ သင်္ဂဇာဆရာတော်ကြီးသည် ထိုအုတ်ကျောင်းတော်ကြီးကို တည်ဆောက်၍ မပြီးမီမှာပင် သက္ကရာဇ် ၁၂၄၈–ခု၊ ဝါခေါင်လဆန်း ၁၀–ရက်နေ့တွင် ခန္ဓာဝန် ချပ်ငြိမ်း၍ ဇာတ်သိမ်းတော်မူ ရရှာပါသတည်း။

ဆရာတော် ပျံလွန်တော်မူပြီး၍ သုံးနှစ်ခန့် အကြာ၊ သက္ကရာဇ် ၁၂၅၁–ခု၊ ဝါဆိုလဆန်း ၁၅–ရက် ကြာသပတေးနေ့တွင် တပည့်ကြီးဖြစ်သော ဝဇီရာရာမဆရာတော် ကြပ်မ၍ သင်္ဂဇာဆရာ တော်ကြီး၏ အတ္ထုပ္ပတ္တိကထာ ကျောက်စာတော်ကို ကျိုက်သလ္လာဘုရားအနီး စေတီကြီးတွင် ရေးသားစိုက်ထူခဲ့ကြလေသည်။

သင်္ဂဇာဆရာတော်ကြီး ရေးပြုခဲ့သော စာပေများမှာ သင်္ဂဇာစကားပုံများ၊ ဝိမတိဝိနော ဒနီဋီကာ နိဿယ၊ သိင်္ဂါလောဝါဒဆုံးမစာ၊ စတုရာရက္ခကျမ်း၊ ဓမ္မပဒပါဠိတော်နိဿယ၊ ဓာတွတ္ထ ဒီပကကျမ်း၊ ဥပသကောဝါဒစာကိုယ်နှင့် ဋီကာ၊ ကာယပစ္စဝေက္ခဏာကျမ်းစသည်တို့ ဖြစ်ပေသည်။

**(ကျမ်းကိုး)** သင်္ဂဇာစကားပုံ ပေါင်းချုပ်၊ ဓမ္မပဒပါဠိတော်နိဿယသစ်၊ ဆုံးမစာပေါင်းချုပ်၊ (၈၂၊ ၁၉၆၅) နေ့ပါ လုပ်သားသတင်းစာမှ ကြည်မြလွင်၏ 'စိန်တုံးမိဖုရားကောင်းမှုတော်' ဆောင်းပါး၊

## မောင်းထောင်ဆရာတော် ( ၁၁၇၇–၁၂၃၀ )

မောင်းထောင်ဆရာတော်၏ မွေးဖွားရာဒေသဖြစ်သော မောင်းထောင်ရွာသည် နရပတိစည်သူမင်းလက်ထက် ၅၅၉–ခုနှစ်တွင် တည်ထောင်ခဲ့၏။ မောင်းမတစ်ထောင်တို့၏ ပျော်စံရာဖြစ်သောကြောင့် မောင်းထောင်ရွာဟု ခေါ်သည်။ တစ်ကြောင်းမှာလည်း ငွေမောင်းတစ်ထောင်တို့ကို တီးခတ်၍ တည်ထောင်ခဲ့သောကြောင့် မောင်းထောင်ဟု ခေါ်သည်။ မောင်းထောင်ဆရာတော်သည် ထိုရွာကြီး၌ သက္ကရာဇ် ၁၁၇၇–ခုနှစ်၊ ဝါဆိုလဆန်း ရှစ်ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။ ဆရာတော် ရေးသားသော ပေါရာဏကထာကျမ်း နိဂုံး၌လည်း–

"မောင်းထောင်နာမ ဂါမကေ၊ မောင်းထောင်အမည်ရှိသော ရွာကြီး၌။ ဝါ– မောင်းမတစ်ထောင်တို့၏ မွေ့လျော်ရာ ဖြစ်သောကြောင့် မောင်းထောင်ဟူသော အမည်ဖြင့် သမုတ်အပ်သော ရွာကြီး၌။ ဝါ– တစ်ထောင်သော မောင်းမတို့၏ ရွှင်ပ ပျော်မြူးရာ ဖြစ်သောကြောင့် မောင်းထောင်ဟူသော အမည်ဖြင့် အရပ်ထက်ဝန်းကျင်၌ ထင်ပေါ်သော ရွာကြီး၌။ ယော အဟံ၊ အကြင်ငါသည်။ ဇာတိယာ၊ ပဋိသန္ဓေအားဖြင့်။ ဇာတော၊ ဖြစ်၏။ "–

ဟု ရေးသားတော်မူခဲ့သည်။

စာဆိုတော်များ အတ္ထုပ္ပတ္တိ အောက်ခြေမှတ်ချက်တွင် –

"အမိ အဖ ဖွားသက္ကရာဇ် စသည်နှင့် ပတ်သက်၍ မြဝတီမဂ္ဂဇင်း အတွဲ– ၂၊ အမှတ် ၃–လာ မန္တလေး ဦးမောင်မောင်တင်၏ မောင်းထောင်မှတ်တမ်း ဆောင်းပါးတွင် ဝက်ရဲရွာဇာတိ၊ အဖ ဦးထွန်းဝါ၊ မောင်းထောင်ရွာဇာတိ အမိ မယ်ရာတို့မှ သက္ကရာဇ် ၁၁၆၁–ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀–ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်ကြောင်း ဆိုသည်။ "–

ဟု ဖော်ပြထား၏။ ထိုအဆိုမှာ မောင်ထောင်ဆရာတော်ဟုပင် ခေါ်သော နတ်ရဲရွာဖွား သာသနာပိုင် ဦးဉာဏ၏ ဖွားသက္ကရာဇ် စသည်နှင့် လွဲမှားနေခြင်းသာ ဖြစ်သည်။ သာသနာပိုင် ဦးဉာဏ၏ အတ္ထုပ္ပတ္တိနှင့် စပ်လျဉ်း၍ မြစ်ကွေ့ဆရာတော်၏ ဆန်းမဟာနိဒါန်းတွင်–

"ကန်နီမြို့ကျေး၊ နတ်ရဲတောင်ရွာ ဦးထွန်းဝါ၊ ဒေါ်ယာတို့၏ သား၊ ၁၁၆၁–ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၀–ရက် အင်္ဂါနေ့ဘွား၊ ၁၂၂၇–ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃–ရက် ဗုဒ္ဓဟူးနေ့၊ ညဥ့်နှစ်ချက်တီးကျော်အချိန်တွင် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော်၌ စုတိတော်မူသော ငယ်မည်တော် ဦးသံမို့၊ ဘွဲ့တော် သျှင်ဉာဏ။ "–

ဟူ၍ မှတ်သားထားသည်။ ဖော်ပြပါ အကြောင်းနှစ်ရပ်တို့သည် အနည်းငယ်ကွဲပြား ခြားနားသော်လည်း သာသနာပိုင် ဦးဉာဏ၏ ဖွားသက္ကရာဇ်တို့သာ ဖြစ်ကြ၏။ နောက်ထပ်လေ့လာတွေ့ရှိရသော ရှေးဟောင်းယွန်းပေါင် ပုရပိုက်မှတ်တမ်းတစ်စောင်တွင် သာသနာပိုင်ဦးဉာဏ၏ ထေရုပ္ပတ္တိကို မှတ်တမ်းပြုရေးသားထားသည်။ ထိုမှတ်တမ်းတွင်လည်း အထက်ပါ အတ္ထုပ္ပတ္တိ အတိုင်းသာဖြစ်နေသည်ကို တွေ့ရှိရသည်။ ယခုဖော်ပြသော မောင်းထောင်ဆရာတော်မှာ မောင်းထောင်သာသနာပိုင် ဦးဉာဏနှင့် သက်ဆိုင်ခြင်း မရှိပါချေ။

မောင်းထောင်ဆရာတော် လောင်းလျာသူငယ်သည် ငယ်ရွယ်စဉ်မှာပင် သာမဏေပြု၍ ဘွဲ့မည်မှာ သျှင်ပညာသာမိ ဖြစ်သည်။ သာမဏေသျှင်ပညာသာမိသည် ဘွဲ့တံဆိပ်တော် အထပ်ထပ် ရတော်မူသည့် သာသနာပိုင် ဦးဉာဏထံတွင် စာပေပရိယတ်များကို ဆည်းပူးတတ်မြောက်တော်မူသည်။

ဆရာတော်သည် မြန်မာ့ရှေးဟောင်းဝေါဟာရများကို စုစည်း၍ ပါဠိကဗျာစီကုံးမှု ဥပဒေဖြင့် ပေါရာဏကထာပါဌ် နိဿယကို ရေးသား ပြုစုတော်မူသည်။ ဆရာတော် ဦးဉာဏမှာ မင်းတုန်းမင်း နန်းတက်တော်မူလျှင် သာသနာပိုင် ခန့်အပ်ခြင်း ခံရ၏။ သာသနာပိုင်ဆရာတော်သည် သာသနာ့မှုခင်း အရပ်ရပ်တို့ကို ဆုံးဖြတ်တော်မူရသည်။ ထိုအချိန်က မောင်းထောင်သျှင်ပညာသာမိမှာ အသက်အရွယ် ၃၀–ကျော်မျှသာ ရှိသေးသောကြောင့် သာသနာပိုင်ဆရာတော်

အထံ၌ ခိုမှီးနေဆဲ ဖြစ်၏။ ထိုအခါက သာသနာပိုင်ဆရာတော် ဆုံးဖြတ်သော မှုခင်းများကို မှတ်တမ်းတင်၍ ရေးသားခဲ့ရာ ဝိဝါဒဝိနိစ္ဆယဟူသော ဖြတ်ထုံးတစ်စောင် ထင်ရှားရှိခဲ့ပေသည်။

ဆရာတော်သည် နေပြည်တော်၌ အမြဲ သီတင်းသုံးတော်မူသည့်အတွက် နေရပ်ဇာတိကို အစွဲပြုပြီး မောင်းထောင်ဆရာတော်ဟုပင် နေပြည်တော်၌ ထင်ရှားသည်။ သက္ကရာဇ် ၁၂၁၈–ခုနှစ်သို့ ရောက်သောအခါ မင်းတုန်းမင်းတရားကြီးက 'ပညာသာမိ သီရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု 'ဟူသော ဘွဲ့တံဆိပ်ကို လှူဒါန်းလေသည်။

မင်းတုန်းမင်းတရားလက်ထက် သင်္ဂါယနာတင်မည် ပြုရာတွင် ပိဋကတ်တော်များကို စိစစ် ရေးကူးကြရာ၌ စာကြပ်စာမအဖြစ် တာဝန်ယူ ဆောင်ရွက်ရသည်။ ထိုလုပ်ငန်းကို ကြိုးပမ်းတော်မူရာတွင် အက္ခရာဆိုင်ရာ အရှုပ်အထွေးများကို သုတ်သင်တော်မူပါရန် တောင်သာမြို့စားဒိသာပါမောက္ခ၏ လျှောက်ထားချက်အရ အက္ခရဝိသောဓနီကျမ်းကို ရေးသားတော်မူသည်။

ဆရာတော်သည် ပါဠိဘာသာ သဒ္ဒါကျမ်းများ၌ အထူးအားဖြင့် ကျွမ်းကျင်တော်မူသည့်အလျောက် ပညာရှင် မြောက်မြားစွာပင် ဆရာတော်၏ အဆုံးအဖြတ်ကို ခံယူကြရ၏။ ဝန်ထောက်တော်မင်း သီရိမဟာဇေယျသူ ဦးခြိမ့်ကလည်း မိမိဆရာတော်၏ ဂုဏ်ထူးနှင့် ပတ်သက်၍ ကဝိလက္ခဏာဒီပနီကျမ်း၌–

> "ကလာပ် ဗျာကရဏ်း စသော လောကီကျမ်းနှင့် နိကာယဏ္ဏဝပါရဂူ လင်းယဉ်ထူဖြစ်ဖြစ်တော်မူသော ငါတို့ဆရာ ပညာသာမိ သီရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော် ရှိသော မောင်းထောင်ဆရာတော်ထံမှ ရအပ်သော လဒ္ဓေါပဒေသ ရှိသည်ဖြစ်၍။"–

စသည်ဖြင့် ရေးသားထားလေသည်။

ဆရာတော်သည် နောင်အခါတွင် မင်္ဂလာရာမတိုက်ကြီး၌ သီတင်းသုံးသဖြင့် မင်္ဂလာရာမမောင်းထောင်ဆရာတော်ဟု ကျော်စောသည်။ ဆရာတော်သည် မှတ်သားဖွယ်ရာ စကားပုံများကို အခါအားလျော်စွာ မိန့်ကြားလေ့ ရှိ၏။ နောင်အခါ၌ ထိုစကားပုံများကို ပေါင်းစည်း၍ ဖော်ပြထားလေသည်။

သက္ကရာဇ် ၁၂၂၁–ခုနှစ်တွင် ပခန်းမင်းကြီး တောင်းပန်သောကြောင့် အဒိန္နာဒါနဝိနိစ္ဆယကိုလည်းကောင်း၊ သပြေငါးရွာစား စာရေးတော်ကြီး မင်းလှသိခ်သူ (နောင်အခါ ကင်းဝန်မင်းကြီး) က လျှောက်ထားသောကြောင့် ဗုဒ္ဓနဝမဝိနိစ္ဆယကိုလည်းကောင်း ရေးသားတော်မူသည်။

သာသနာပိုင် ဦးဥေယျသည် မင်းတုန်းမင်းလက်ထက်မှာပင် ပျံတော်မူ၏။ ထိုအခါ သာသနာပိုင်ဟူ၍ မခန့်တော့ဘဲ သာသနာပြုဆရာတော် ရှစ်ပါးကိုသာ တင်မြှောက်ထား၏။ မောင်းထောင်ဆရာတော်သည် ထိုသာသနာပြုအဖွဲ့တွင် တင်မြှောက်ခြင်းခံရ၍ သာသနာမှုကို ပြုစု စီရင်တော်မူရလေသည်။

ဆရာတော်သည် သာသနာရေးလုပ်ငန်းကို ဆောင်ရွက်တော်မူရင်း စာပေကျမ်းဂန်တို့ကို ရေးသားတော်မူရာ အဘိဓာန်ဋီကာနိဿယ၊ သဒ္ဒနီတိဋီကာ၊ ဇာတ်ဋီကာ၊ သဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိ၊ သာသနဝံသပ္ပဒီပိကာစသော ကျမ်းတို့သည် ဆရာတော်၏ ထင်ရှားသော ကျမ်းဂန်များ ဖြစ်သည်။

ဤကဲ့သို့ သဒ္ဒနယကောဝိဒ၊ သဒ္ဒညူ၊ သဒ္ဒဆေက ဖြစ်တော်မူသော မောင်းထောင်ဆရာတော်ကြီးသည် သက်တော် ၅၃–နှစ်၊ ဝါတော် ၃၃–ဝါအရ သက္ကရာဇ် ၁၂၃၀–ပြည့်နှစ်၊ တပို့တွဲလအတွင်း စုတိတော်မူရှာပါသတည်း။

**(ကျမ်းကိုး)** ဝိဝါဒဝိနိစ္ဆယ၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ အက္ခရဝိသောဓနီကျမ်း၊ ကဝိလက္ခဏာဒီပနီကျမ်း အနုဒီပနီကျမ်း နိဒါန်း၊ သင်္ဂဇာစကားပုံပေါင်းချုပ်၊ ပေါရာဏကထာနှင့်ဋီကာ၊ စာပေ့တာဝန်၊ ဆန်းမဟာနိဒါန်း၊ ဝိနယသမူဟဝိနိစ္ဆယကျမ်း–ဒုတိယတွဲ၊ ဆရာတော်ဦးဧသိကထံမှ ရှေးဟောင်း ယွန်းပေါင်ပုရပိုက်မှတ်တမ်း၊

## **ကျပင်းဘုန်းတော်ကြီး** ( ၁၁၇၇–၁၂၅၇)

ကျပင်းတရားစာဖြင့် အထူးကျော်ကြားခဲ့သော ကျပင်းဘုန်းတော်ကြီးကား အဖဖိုးလာ၊ အမိမယ်ဂုံတို့မှ သက္ကရာဇ် ၁၁၇၇–ခုနှစ်၊ ဝါဆိုလဆန်း ၁၅–ရက်၊ စနေနေ့ နံနက် တစ်ချက်တီးအချိန်တွင် ဖွားမြင်ခဲ့သည်။ ငယ်မည်တော် မောင်ရွှေသီးဟူ၏။ ( ၁၉၂၈–ခု၊ နယုန်လထုတ် ဂန္ထလောကမဂ္ဂဇင်းမှ သိပ္ပံမောင်ဝ၏ ' ကျပင်း ' ဆောင်းပါးတွင်မူ သက္ကရာဇ် ၁၁၇၉–ခုဖွား၊ ၁၂၅၈–ခု၊ ဝါဆိုလအတွင်း ပျံလွန်တော်မူကြောင်း၊ ကျပင်းသူ ကျပင်းသား တောင်သူယာခုတ် အလုပ်ဖြစ်သော ဖိုးဗာ၊ မယ်ဂုံတို့မှ မွေးဖွားကြောင်း ဆိုသည်။ )

မိဘနှစ်ပါးတို့က ရှေးဦးစွာ ကျပင်းမြို့ခင်ကြီးစိုးထံတွင် အပ်နှံ၍ စာပေများကို သင်ကြားစေသည်။ ရဟန်းပြုသောအခါ ဘွဲ့မည်မှာ သျှင်ဓမ္မရက္ခိတ ဖြစ်၏။ သျှင်ဓမ္မရက္ခိတ၏ နိဿယည်းဆရာတော်ကား ကျပင်းမြို့နေ ခင်ကြီးအောင်တည်း။ ဓမ္မာစရိယကား ခင်ကြီးသစ် ဖြစ်၏။ ထိုဆရာတော်တို့ထံတွင် စာပေကျမ်းဂန်တို့ကို သင်ယူတော်မူလျက် နောင်အခါတွင် ကျပင်းမြို့အဘယဂီရိကျောင်းတိုက်၌ အုပ်စီးနေထိုင်ရသဖြင့် ကျပင်းဘုန်းတော်ကြီးဟု ကျော်စောထင်ရှားလာလေသည်။

သက္ကရာဇ် ၁၂၅၄–ခုနှစ်တွင် ' မာလာလင်္ကာရဓဇ ဓမ္မသေနာပတိ အတုလဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ' ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့၊ သာသနာပိုင်ဆရာတော်ဘုရားကြီးက စလင်း၊ ကျပင်း၊ ဆင်ဖြူကျွန်း သုံးဂိုဏ်းချုပ် ခန့်တော်မူသည်။

ဆရာတော်သည် သဒ္ဒါနိဿယမူကျယ်၊ အဘိဓမ္မတ္ထကျမ်း၊ လက္ခဏာဒိဓမ္မသံခိပ်ကျမ်း၊ ကျပင်းတရားစာ၊ ကမ္မဝိနိစ္ဆယကျမ်း၊ ဥပေါသထဝိနိစ္ဆယ၊ ဒွိမဂ္ဂဒီပနီ၊ သဒ္ဒါဒိဓမ္မသံခိပ်၊ နယဂ္ဂဒီပနီ၊ ပဟာနဘာဝနာ ဩဝါဒ၊ သာသနာပြုစာ၊ ဘုရားရှိခိုးရေစက်ချ အမျိုးမျိုး၊ ဘုရားကိုးဆူပင့်စာ စသည်တို့ကို ရေးသားတော်မူခဲ့ပါသည်။

ကျပင်းဘုန်းတော်ကြီးသည် သက္ကရာဇ် ၁၂၅၇–ခုနှစ်၊ ဝါတော် ၆၀၊ သက်တော် ၈၀–အတွင်း ပျံလွန်တော်မူခဲ့ပါသတည်း။

**( ကျမ်းကိုး )** စာဆိုတော်များ အတ္ထုပ္ပတ္တိ၊

## ကျီးသဲလေးထပ်ဆရာတော် ( ၁၁၇၉–၁၂၅၆ )

ဗုဒ္ဓဘာသာဝင်တို့ လက်ကိုင်ထား သုံးစွဲနေကြသော ဇိနတ္ထပကာသနီကျမ်းကြီးကိုလည်းကောင်း၊ စာပေသမားတိုင်း လက်မလွှတ်ကြသော စွယ်စုံကျော်ထင်အဖြေကျမ်းကြီးကိုလည်းကောင်း ရေးသားပြုစုတော်မူသော ကျီးသဲလေးထပ်ဆရာတော်ကြီးသည် သက္ကရာဇ် ၁၁၇၉–ခု၊ သီတင်းကျွတ်လပြည့်ကျော် ရှစ်ရက်၊ ကြာသပတေးနေ့တွင် ရွှေတောင်မြို့ ကျီးသဲရွာ ရှမ်းတန်းကလေးရပ်၌ ဖွားမြင်တော်မူခဲ့၏။ ငယ်မည်တော်ကို မောင်ကင်းဟု ခေါ်၏။

မောင်ကင်းသည် ကျောင်းသားအရွယ် ငယ်စဉ်ဘဝမှ စ၍ ပိဋကတ်အခြေပြု ဖြစ်သော ကျမ်းဂန်များကို သင်ကြား တတ်မြောက်ခဲ့၏။ ၁၉–နှစ် ခြောက်လအရွယ်တွင် 'ကဝိန္ဒာဘိ သဒ္ဓမ္မ မဟာဓမ္မရာဇဂုရု 'ဟူသော ပထမတံဆိပ်တော်၊ 'ဂုဏမုနိန္ဒာလင်္ကာရ သဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇ ဂုရု 'ဟူသော ဒုတိယတံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခြင်း ခံရသော ရွှေတောင်ဆရာတော်ကြီး၏ သဒ္ဓိဝိဟာရိကတပည့်ဖြစ်သော ရွှေတောင်မြို့ဂိုဏ်းအုပ်ဆရာတော် ဘဒ္ဒန္တကုမာရမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။ ဘွဲ့တော်မှာ သျှင်မုနိန္ဒာဘိဓဇ ဖြစ်သည်။

ရဟန်းအဖြစ်သို့ ရောက်ရှိလျှင် မန္တလေးရတနာပုံနေပြည်တော်သို့ တက်၍ သာသနာပိုင် မောင်းထောင်ဆရာတော်၊ မိတ္ထီလာဆရာတော်၊ ခင်မကန်ဆရာတော်၊ ရွှေတိုက်ဝန်ဆရာတော် စသော ပညာတတ်အကျော် ဆရာတော်ကြီးများ အထံ၌ သာသနိကဖြစ်သော ပိဋကတ်တော်ကျမ်းများ၊ လောကီယဖြစ်သော ဗေဒင်ကျမ်းများ၊ ဆေးကျမ်း၊ ဓာတ်ကျမ်းစသည်တို့ကို သင်ယူသည်။

ဆရာတော်သည် ဤကဲ့သို့ လောကီ လောကုတ္တရာ အဖြာဖြာသော ကျမ်းဂန်တို့ကို တတ်ကျွမ်းတော်မူသောကြောင့်လည်း သက်တော်ရှိဆဲမှာပင် နိုင်ငံမဆံ့ ပျံ့နှံ့ကျော်စောတော်မူ၏။ ထိုအကြောင်းကို ဆရာတော်ကိုယ်တိုင် ရေးသော စွယ်စုံကျော်ထင်ကျမ်း နိဂုံး၌–

> " ဝေပုလ္လပညာဝေယျတ္တိကေန၊ ပြန့်ပြောကျယ်ဝန်း ထိုးထွင်းခက်ခဲ ခွဲခြမ်းဝေဘန်နိုင်သော ဉာဏ်ပညာအစွမ်းလည်း ရှိထသော။ တိပိဋက ဝေဒတ္တယဗဟုသုတဂုဏောဟိ၊ ပါဠိ အဋ္ဌကထာ ဋီကာဥဿုံ ကျမ်းသုံးပုံကို ချက်ကုန်ထုတ်ဖောက် လုံမစောက်ဖြင့် ပြန်ခေါက်များစွာ လေ့လာနိုင်ခြင်းတည်းဟူသော ပိဋကတ္တယဗဟုသုတ၊ ဆန်းအလင်္ကာ သဒ္ဒါနေတ္တိ ဝိဒဂ်ဒဏ္ဍီ ဗျဉ္ဇိကလာပ မြို့ဟဒ်ရာဇမတ္တဏ် ကာတန္တြ သရောဒယ ဇောတိသတ္တ သူရိယသိဒ္ဓန္တ စသည်သုံးခန်း ဝေဒလ်ကျမ်းတို့၌ ပွန်းတီးလေ့လာ လိမ္မာခြင်းတည်းဟူသော ဗေဒတ္တယဗဟုသုတ၊ ထုံးရာဇဝင် ပုံပြင်လင်္ကာ ကဗျာအရပ်ရပ် ဓမ္မသတ်ဆေးကျမ်း၊ ဓာတ်ကျမ်းစာမ လောကဝိဇ္ဇာ အရာရာတို့၌ ကောင်းစွာလိမ္မာခြင်း တည်းဟူသော ဗဟုသုတဂုဏ်တို့ကြောင့်။ ဝိဿုတေန၊ နိုင်ငံမဆံ့ ပြန့်သော ကျော်စောခြင်းလည်း ရှိထသော။ ဂဏာဝါစကေန၊ ရှစ်ခွင်ဒိသာ ဝင်ရောက်လာသော သင်္ဃာတော်အပေါင်းတို့၏ စာပို့ဆရာလည်း ဖြစ်ထသော။ မုနိန္ဒာဘိဓဇသညိနာ၊ မုနိန္ဒာဘိဓဇအမည်ရှိသော။ မယာ၊ ငါသည်။ "–

ဟူ၍ ထည့်သွင်းရေးသားတော်မူခဲ့၏။

ဆရာတော်သည် မန္တလေးရတနာပုံမှ ပညာသင်ကြားပြီး၍ ဟင်္သာတမြို့သို့ ကြွရောက်သီတင်းသုံးတော်မူပြန်သည်။ ထိုမှတစ်ဖန် မြောက်ဆိပ်ဟု ခေါ်သော ရွာကြီး၌ ကျောင်းတိုက်တာ တည်ထောင်၍ သီတင်းသုံး နေတော်မူဖူး၏။ ထိုရွာကျောင်း၌ သီတင်းသုံးနေစဉ် မင်္ဂလတ္ထဒီပနီဋီကာကျမ်းကို နိဿယပြန်ဆိုတော်မူ၏။

နောင်အခါ၌ ဆရာတော်သည် မိမိမွေးရပ်ဒေသ ဖြစ်သော ရွှေတောင်မြို့ ကျီးသဲနိဂုံးကြီး၌ ရွှေတောင် ပန်းတောင်းတို့တွင် လှည့်လည်ပိုက်ချုပ် ဝန်ကြီးလုပ်ရသော မင်းကြီးမဟာမင်းကျော်နော်ရထာဘွဲ့ခံ ဝန်ကြီးဦးမှုံ ဆောက်လုပ်သော လေးထပ်ကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူသဖြင့် ကျီးသဲလေးထပ်ဆရာတော်ဟု ခေါ်တွင်ထင်ရှားလာလေသည်။ ဤနေရာ၌ ကျောင်းဒါယကာ၏ ဘွဲ့မည်ကို အချို့မူများတွင် မဟာမင်းလှမင်းခေါင်ကျော်နော်ရထာဟု တွေ့ရ၏။

ဆရာတော်ကိုယ်တိုင်ရေးသားသော စွယ်စုံကျော်ထင်အဖြေကျမ်း နိဂုံးလာ ဘွဲ့မည်ကို အတည်ပြု ဖော်ပြအပ်ပါသည်။

ဆရာတော်သည် ကြည့်ကန်သျှင်ကြီး အမေးပြုခဲ့သော စွယ်စုံကျော်ထင် အမေးပုစ္ဆာများကို သျှင်ကလျာဏဓဇစသော ပုဂ္ဂိုလ်များက အဖြေကျမ်း ရေးသားပါရန် တောင်းပန်သောကြောင့် စွယ်စုံကျော်ထင် အဖြေကျမ်းကြီးကို သက္ကရာဇ် ၁၂၂၆–ခုနှစ်၊ ကဆုန်လမှ စ၍ ရေးသားရာ ၁၂၂၇–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်ရှစ်ရက် ကြာသပတေးနေ့၌ ပြီးစီးခဲ့၏။ ထိုကျမ်းကြီး ပြီးစီးသော နေ့မှာ ဆရာတော်၏ မွေးဖွားခဲ့သော လ ရက် နေ့ တို့နှင့် တစ်ထပ်တည်း ညီလျက်ရှိသည်ဟု ကျမ်းနိဂုံး၌ အမှတ်အသား ပြုထားသည်။

ဆရာတော်သည် အနယ်နယ် အရပ်ရပ်မှ လာရောက်ကြသော စာသင်သား ရဟန်းတော်များအား စာပေပို့ချတော်မူ၍ တစ်ဖက်မှလည်း စာပေရေးသားသော လုပ်ငန်းကို ကြိုးပမ်းအားထုတ်တော်မူ၏။

ဆရာတော် ရေးသားသော စာပေများအနက် ထင်ရှားစွာ တွေ့ရှိရသော ကျမ်းများကား ဇိနတ္ထပကာသနီကျမ်း၊ စွယ်စုံကျော်ထင်အဖြေကျမ်း၊ ဒိဋ္ဌိဒီပကကျမ်း၊ မင်္ဂလတ္ထဒီပနီနိဿယ၊ နိဗ္ဗာန်လမ်းပြကျမ်း၊ ပဉ္စာဗျာကရဏကျမ်း၊ ဝိမတိစ္ဆေဒနီကျမ်း၊ မနောရထပူရနီကျမ်း၊ အဘိဓမ္မတ္ထသင်္ဂဟနိဿယ၊ ဘိက္ခုနီဝိဘင်းပါဠိတော်နိဿယ၊ ဝိနည်းမဟာဝါပါဠိတော်နိဿယ၊ စူဠဝါပါဠိတော်နိဿယ၊ ပရိဝါပါဠိတော်နိဿယ၊ ကဝိသာရဆန်းဋီကာနိဿသစ်၊ သဒ္ဒါကြီး နိဿယသစ်၊ ကဗျာသာရတ္ထသင်္ဂဟကျမ်း၊ သဒ္ဓနဝိလာသနီကျမ်း၊ ဆဋ္ဌပဋ္ဌာသိကကျမ်း၊ သုပိနာချာယကျမ်း၊ သံသယဝိသောဓနာကျမ်း၊ ဓမ္မပဒေသာ တရားစာ၊ ကျီးသဲမေတ္တာစာ၊ ဗုဒ္ဓဝန္ဒနာကျမ်း၊ ဆုတောင်း ၁၅–ဂါထာပါဌ်၊ မဟာဝင်ဝတ္ထုတော်ကြီး၊ ပုရာဏ်ကျမ်းနှင့်ဓမ္မဂန်ဖတ်စာ၊ ဘုရားကိုးဆူပူဇော်နည်း၊ မဟောသရပျို့သစ်၊ ဂန္ထဝံသနိဿယ၊ ဒုဋ္ဌဂါမဏိပြဇာတ်၊ စစ်ကဲမောင်ထော်လေး ရေစကျ်ချ၊ အနန္တသုခဒီပနီကျမ်းတို့ ဖြစ်ပေသည်။

ဤကဲ့သို့ ကျမ်းပေါင်းများစွာကို ပြုစုတော်မူသော ကျီးသဲလေးထပ်ဆရာတော်ကြီးသည် သက်တော် ၇၇–နှစ်၊ သိက္ခာတော် ၅၇–ဝါအရ၊ သက္ကရာဇ် ၁၂၅၆–ခုနှစ်တွင် ရောင်ကွင်း၍ မရသော စုတိမရဏာလမ်းသို့ ကြွမြန်းတော်မူရရှာသတည်း။

**( ကျမ်းကိုး )** ဘုရားကိုးဆူပူဇော်နည်းကျမ်းမှ ကျီးသဲလေးထပ်ဆရာတော်အတ္ထုပ္ပတ္တိ၊ စွယ်စုံကျော်ထင် အဖြေကျမ်း–ပထမတွဲနှင့် ဒုတိယတွဲနိဂုံး၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာစကားပြေ လက်ရွေးစင်အဖြေ၊ မြန်မာ့စွယ်စုံကျမ်း–အတွဲ ၁၊ ဆန်းမဟာနိဒါန်း၊ ဆုံးမစာပေါင်းချုပ်၊

## သစ်ဆိမ့်ဆရာတော် ( ၁၁၈၁–၁၂၄၃ )

မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာစသည်တို့ကို ပါဠိဘာသာဖြင့် တခမ်းတနား ရေးသားလေ့ရှိသော သစ်ဆိမ့်ဆရာတော်ကြီးသည် သက္ကရာဇ် ၁၁၈၁–ခုနှစ်တွင် အမရပူရမြို့တော်၌ မွေးဖွားတော်မူသည်။

ငယ်ရွယ်စဉ်ကပင် အမရပူရမြို့တော်မှ 'တေဇောနန္ဒာဘိ ဓဇာသဓဇ မဟာဓမ္မရာဇာ ဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ သစ်ဆိမ့်ဆရာတော်ကြီးထံတွင် ခိုမှီး၍ စာပေများကို သင်ကြားဆည်းပူးလေသည်။ ရဟန်းပြုသောအခါ ဘွဲ့မည်မှာ ဿျှင်ပညာသီဟ ဖြစ်သည်။

ဆရာတော်သည် ပါဠိဘာသာ စာပေကျမ်းဂန်တို့၌ အထူးအားဖြင့် တတ်ကျွမ်းတော်မူသည့်အလျောက် မောင်းထောင်ဆရာတော် ဿျှင်ပညာသာမိ ရေးသားတော်မူသော ပေါရာဏကထာပါဌ်ကို အကျယ်ဖွင့်ဆိုလျက် ပေါရာဏကထာဋီကာကြီးကို ပါဠိဘာသာဖြင့် ရေးသားစီရင်တော်မူသည်။ ထိုကျမ်းကြီးတစ်ဆူဖြင့်ပင် ဆရာတော်သည် ပျို့ ကဗျာ လင်္ကာတို့၌ မည်မျှကျွမ်းကျင်သည်ကို သိရှိနိုင်ပေသည်။

ပေါရာဏကထာဋီကာကျမ်းနိဒါန်းတွင် ပုဂံ၊ မင်းတုန်း၊ သီပေါ မင်းသုံးဆက်တို့လက်ထက်၌ ဘွဲ့တံဆိပ်တော် သုံးထပ်ရခဲ့သည်ဟု အမှတ်အသား ရှိသည်။ ပုဂံမင်းလက်ထက်ရရှိခဲ့သော ဘွဲ့တံဆိပ်တော်ကိုကား မတွေ့ရှိရသေးပေ။

ပုဂံမင်းလက်ထက်တွင် ပုသိမ်မင်းသမီးက တောင်းပန်သောကြောင့် အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာနိဿယကျမ်းကို ရေးသားတော်မူသည်။ ထို့ပြင် ညောင်ကန်ဆရာတော် ရေးသားသော ရာဇဝင်ချုပ် ၅၅–ဂါထာကို အကျယ်ဖွင့်ဆိုလျက် ရာဇဝင်ကြီးဋီကာကို ရေးသားတော်မူသည်။ ထိုကျမ်းကြီးသည် မြန်မာမင်းလက်ထက် ရေးသားကြသော ပါဠိဘာသာ မြန်မာရာဇဝင်ကြီးများတွင် ထင်ရှားသော ကျမ်းကြီးတစ်စောင် ဖြစ်ပေသည်။

မင်းတုန်းမင်းတရား လက်ထက်တွင် 'ပညာသီဟ သာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု 'ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်း ခံရသည်။ မန္တလေးနေပြည်တော်ကို တည်ဆောက်ပြီးသော အခါ၌ မဟာခေမိကာရာမတိုက်တွင် သီတင်းသုံးတော်မူရသည်။ အဓိကကိုးကွယ်သူမှာ မိဖုရားခေါင်ကြီး ဖြစ်၏။ ထို့ကြောင့် အချို့သော စာပေများ၌ မိဖုရားခေါင်ကြီးဆရာဟုလည်း ရေးသားကြပေသေးသည်။ သို့ရာတွင် သစ်ဆိမ့်တိုက်အတွင်း၌ ဦးစွာနေထိုင်ခဲ့သဖြင့် သစ်ဆိမ့်ဆရာတော်ဟုသာ ထင်ရှားပေသည်။

မင်းတုန်းမင်းတရားကြီး သင်္ဂါယနာတင်သောအခါ၌ စာမူများကို စိစစ်ကြရာတွင် သစ်ဆိမ့်ဆရာတော်သည် ပါဠဇာတ်ပါဠိတော် အဋ္ဌကထာကို ပြင်ဆင်၍ တင်သွင်းရလေသည်။

ဆရာတော်သည် မဟာခေမိကာရာမတိုက်၌ သီတင်းသုံးတော်မူစဉ် စာပေပို့သရာ၌လည်းကောင်း၊ မင်းတုန်းမင်းနန်းတော်သို့ ကြွရောက်ရာ၌လည်းကောင်း စာသင်သား ရဟန်းတော်များနှင့် မင်းတုန်းမင်းတရားတို့အား အခါအားလျော်စွာ မှတ်သားဖွယ် ပုံပြင်များကို ဟောကြားလေ့ရှိ၏။ ထိုပုံပြင်များမှာ မှတ်သားဖွယ် ကောင်းသောကြောင့် နောင်အခါတွင် ဝစနာလင်္ကာရခေါ် စကားပုံပေါင်းချုပ်ကျမ်း၌ ထည့်သွင်း ဖော်ပြထားလေသည်။

ဆရာတော်သည် စာပေပို့ချတော်မူရင်း စာပြုလုပ်ငန်းကိုလည်း ဆောင်ရွက်တော်မူရာ ကင်္ခါယောဇနာမဟာဋီကာကျမ်းကြီးကိုလည်း ရေးသားတော်မူသည်။ ထိုကျမ်းကြီးဖြင့်လည်း ဆရာတော်၏ ကြိုးပမ်းမှု အနက်အနဲကို အကဲဖြတ်နိုင်လေသည်။

ထို့ပြင်လည်း ပရိဝါပါဠိတော်နိဿယ၊ ဆန်းဂဏ္ဌိ၊ သာသနမူလဋီကာပါဌ် နိဿယ၊ လောကဒီပကသာရ နိဿယစသော ကျမ်းတို့မှာလည်း ကျမ်းကြီးများ ဖြစ်ပေသည်။

ဆရာတော်သည် သားတော် သီပေါမင်း လက်ထက်၌လည်း ဆက်လက်၍ ဆည်းကပ် ကိုးကွယ်ခြင်း ခံတော်မူရသည်။ သို့ရာတွင် နှစ်များစွာ ကိုးကွယ် ခံရသည် မဟုတ်ပါ၊ အဘယ့်ကြောင့် ဆိုသော် သက္ကရာဇ် ၁၂၄၃–ခုနှစ်တွင် သင်္ခါရသဘောအရ ရွှေ့လျောစုတိတော်မူရသောကြောင့် ပေတည်း။

**(ကျမ်းကိုး)** ပေါရာဏကထာဋီကာနိဒါန်း၊ အက္ခရဝိသောဓနီကျမ်း၊ ဆန်းမဟာနိဒါန်း၊
ပိဋကတ်သမိုင်းစာတမ်း၊ သင်္ဂဇာစကားပုံပေါင်းချုပ်။

## ရွှေကျင်ဆရာတော် ( ၁၁၈၄–၁၂၅၅ )

ရွှေကျင်ဂိုဏ်းကြီးကို လက်မွန်အစ တည်ထောင်တော်မူသော ရွှေကျင်ဆရာတော်ကြီးသည် ရွှေဘိုမြို့ တောင်လက် လုတော၊ ကျည်းကန်၊ မဲကုန်း၊ ရေထွက်၊ ရွှေကျင် ဟုဆိုသော လုတောငါးရွာ အဝင်အပါ ရွှေကျင်ရွာ၌ သက္ကရာဇ် ၁၁၈၃–ခုနှစ်၊ ဝါဆိုလဆုတ် ၁၃–ရက်၊ အင်္ဂါနေ့တွင် အဖဦးရွှေမောင်၊ အမိ ဒေါ်မိတို့မှ ဖွားမြင်ခဲ့ပေသည်။

ဆရာတော်လောင်းလျာ သတိုးသားကို မိဘနှစ်ပါးတို့က ခုနစ်နှစ်သားအရွယ်တွင် ရွှေကျင်ရွာ မဟာဗောဓိကျောင်းဆရာတော် သျှင်ဝရဗုဒ္ဓိထံ၌ အပ်နှံ၍ စာပေများကို သင်ကြားစေလေသည်။ အသက် ၁၄–နှစ်သားတွင် သာမဏေပြု၍ ဘွဲ့တော်ကို သျှင်ဇာဂရဟု ခေါ်သည်။

သျှင်ဇာဂရသည် သာမဏေ တစ်ဝါရ၍ ၁၅–နှစ်သား အရွယ်တွင် ရွှေဘိုမြို့ ဝက်ပါကျောင်းဆရာတော်ထံတွင် ဆက်လက်၍ စာပေသင်ကြားပြန်သည်။ ထိုမှတစ်ဖန် အသက် ၁၈–နှစ်အရွယ်၌ ရွှေဘိုမြို့ အနောက်လက် သီးလုံးရွာ၌ သီတင်းသုံးတော်မူသော ‘ စန္ဒိမာဘိဝံသသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဂုရု ’ဘွဲ့တံဆိပ်တော်ရ သီးလုံးဆရာတော်ကြီးထံတွင် တပည့်ခံ၍ သင်ယူပြန်သည်။ အသက် ၂၀–ပြည့်သောအခါ မူလဆရာဖြစ်သော သျှင်ဝရဗုဒ္ဓိမထေရ်ကို ဆရာပြု၍ ဝက်လက်မြို့နယ် ဆုတောင်းပြည့်ဘုရားဝင်း အတွင်းရှိ သိမ်တော်၌ ရဟန်းအဖြစ်သို့ ရောက်သည်။

ရဟန်းဖြစ်တော်မူလျှင် အမရပူရမြို့တော်သို့ ကြွရောက်၍ စာပေအကျော် ဆရာတော်များ အထံ၌ ပရိယတ်စာပေများကို သင်ကြား နာယူပြန်၏။ အမရပူရမြို့တော်၌ ရှစ်ဝါပတ်လုံး နည်းနာများကို ခံယူပြီးလျှင် ရွှေမြို့တော်မှ ဖဲခွာခဲ့၍ မန်ကျည်းစင်၊ ခေါတော၊ ရှိမ်းမကား စသောရွာများ၌ လှည့်လည်ကာ ခြောက်ဝါတိုင်တိုင် စာပေပို့ချနေခဲ့၏။

ဆရာတော်သည် မန်ကျည်းစင်ရွာ၌ သီတင်းသုံးနေစဉ် မင်းတုန်းမင်းသားနှင့် တွေ့၍ မင်းသားက မိမိအထွတ်အမြတ်သို့ ရောက်လျှင် သာသနာတော်ကို သန့်စင်အောင် ပြုစုပါရန် လျှောက်ထားဖူးလေသည်။ ထို့ကြောင့် မင်းတုန်းမင်းသားသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သောအခါ ဆရာတော်ထံသို့ အကြိမ်ကြိမ် ပင့်ခေါ်လေသည်။

ဆရာတော်သည် မင်းတုန်းမင်းတရားက သုံးကြိမ်မြောက် ပင့်လျှောက်သောအခါမှ သက္ကရာဇ် ၁၂၂၂–ခုနှစ်တွင် မန္တလေး ရတနာပုံနေပြည်တော်သို့ ကြွရောက်ခဲ့၏။ ရောက်လျှင် မင်းတုန်းမင်းတရားက ဆရာတော် သဘောသင့်ရာဖြစ်သော မန္တလေးတောင် မြောက်ဘက်၌ မြတောင်၊ ရမည်းသင်း၊ ထရံကာ၊ မင်းကင်းဟု ဆိုသော အရံတိုက် လေးတိုက်နှင့်တကွ မဟာဓမ္မိကာရာမကျောင်းတိုက်ကို ငွေနှစ်သိန်းကျော် အကုန်ခံ၍ ဆောက်လုပ် လှူဒါန်းလေသည်။ ထိုအခါ ဆရာတော်အား မွေးဖွားရာဒေသကို စွဲ၍ ရွှေကျင်ဆရာတော်ဟုပင် ခေါ်ဝေါ်ကြလေသည်။

သက္ကရာဇ် ၁၂၃၀–ပြည့်နှစ်တွင် မင်းတုန်းမင်းတရားသည် မိမိအိမ်နိမ့်စံဘဝက လျှောက်ထားခဲ့သည့်အတိုင်း အလုံ၊ ဒီပဲယင်း၊ တလုပ်မြို့၊ ကလေး၊ ရာဇဂြိုဟ်စသော မြို့ရွာများ၌ သာသနာတော်ကို ပြုစုပါရန် ရွှေကျင်ဆရာတော်အား လွှဲအပ်လေသည်။

သက္ကရာဇ် ၁၂၃၃–ခု ရောက်သောအခါ မင်းတုန်းမင်းသည် ယခင်လှူဒါန်းထားသော တိုက်ကြီး ငါးရပ်အပြင် အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၊ အနောက်ပြင် မြတောင်တိုက်၊ ယောမင်းကြီးအုတ်ကျောင်း၊ မိုးကောင်းတိုက်၊ ဝိစိတြာရာမတိုက်၊ မှန်ကျောင်းတိုက်၊ မဟာဝိဇယာရာမတိုက်တို့ကို တိုးချဲ့၍ ၁၂–ရပ်သော တိုက်တို့ကို ရွှေကျင်ဆရာတော်၏ ဩဝါဒအတိုင်း ခံယူစေရ၏။ ဤသို့ဖြင့် ရွှေကျင်ဆရာတော်၏ ဩဝါဒသည် ကျယ်ပြန့်လာခဲ့သည်။

ရွှေကျင်ဆရာတော် အနှစ်ငါးဆယ်ပြည့်တွင် မင်းတုန်းမင်းတရားက ရာဇဂုရုဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းခဲ့၏။ သို့ရာတွင် ဆရာတော်သည် ထိုဘွဲ့တံဆပ်တော်ကို လက်မခံခဲ့ပေ။

မိမိ ဩဝါဒခံဖြစ်သော တပည့်သားများ အတွက်သာလျှင် ကိုယ်ကျင့်သီလ ပြည့်စုံစေရေးအတွက် အဓိကအားဖြင့် ဆုံးမတော်မူ၏။ ဤကဲ့သို့ မိမိဩဝါဒခံများအား အခါအားလျော်စွာ ဆုံးမစာများ ရေးသားပေးခဲ့ရာ ဆရာတော်၏ ဩဝါဒများစွာ ကျန်ရှိနေရစ်ခဲ့လေသည်။ ထိုဆုံးမစာများသည် ရွှေကျင်ဂိုဏ်းသား တပည့်များအတွက် အကျိုးဖြစ်ထွန်းခဲ့လေသည်။

ဆရာတော်သည် နေပြည်တော်၌ သီတင်းသုံးရသည်မှာ ဂဏပလိဗောဓ ကြောင့်ကြ နိုပ်စက်သဖြင့် စိတ်ပင်ပန်းတော်မူ၍ သက်တော် ၅၃–နှစ်တွင် နေပြည်တော်ရှိ ဓမ္မိကာရာမတိုက်မှ ဖဲခွာခဲ့၏။ ထိုမှ ကိန္နရာတောင်၊ ရေတံခွန်တောင်၊ ငစဥ့်ကိုင်တောရ၊ ကုတ်ကိုချောင်တောရ စသည်တို့၌ ထိုက်သည့်အားလျော်စွာ သီတင်းသုံးတော်မူသည်။

သက္ကရာဇ် ၁၂၃၈–ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ ဘုရားဖူးကြွမည် ရည်ရွယ်၍ ဧရာဝတီမြစ်ကြောင်းမှ စုန်ဆင်းလာခဲ့ရာ မလွန်မြို့ မင်းလှရွာသို့ ရောက်ရှိလာခဲ့၏။ ထိုရွာမှ ဒါယကာမများက “သီဟိုဠ်ကျွန်းသို့ ကြွရန် အခါမသင့်သေးပါ၊ တပည့်တော်တို့၏ မင်းလှရွာ၌ သီတင်းသုံးတော်မူပါဦး၊ ”ဟု လျှောက်ထားကြ၏။ ထို့ကြောင့် မင်းလှရွာ၏ အရှေ့တောင် မြစ်တစ်ဖက်ကမ်းရှိ နွားလန်တောင်တောရ၌ တစ်ဝါကပ်တော်မူသည်။

သက္ကရာဇ် ၁၂၃၉–ခု၊ တပေါင်းလတွင် မင်းတို့အား ဆုံးမရာဖြစ်သော ခတ္တိယောဝါဒ ကျမ်းကို ရေးသား၍ မင်းတုန်းမင်းကြီးအား ပေးအပ်ခဲ့၏။ ထိုနှစ်တွင်ပင် မိမိရည်ရွယ်တော်မူရင်း ရှိသည့်အတိုင်း သီဟိုဠ်နိုင်ငံသို့ ကြွရောက်ခဲ့လေသည်။

သီဟိုဠ်ရောက်သည်တွင် ဘုရားပုထိုးတို့ကို လှည့်လည် ဖူးမြော်၍ သီဟိုဠ်ကျွန်းသူ ကျွန်းသားများအားလည်း တရားဓမ္မတို့ကို ဟောပြတော်မူသည်။ ထို့ပြင် သီဟိုဠ်ရဟန်းတော်များအား သိက္ခာထပ်ခြင်းစသော သာသနာပြုလုပ်ငန်းတို့ကို ဆောင်ရွက်တော်မူသည်။ ထို့ကျွန်း၌ နေ့စဉ် သာသနာပြုဆိုင်ရာ လုပ်ငန်းတို့ကို အစွန့်ရှည်စွာ တည်ရစ်စိမ့်သောငှာ လင်္ကာသာသနဝိသုဒ္ဓိ ကထာကျမ်းကို ရေးသားထားခဲ့လေသည်။

သက္ကရာဇ် ၁၂၄၀–ပြည့်နှစ်တွင် သီဟိုဠ်နိုင်ငံ၌ပင် သာသနာပြုစုရင်း တစ်ဝါဆိုတော်မူသည်။ သီတင်းကျွတ်သောအခါမှ မြန်မာပြည်သို့ ပြန်လာပြီးလျှင် မင်းလှရွာ တောရကျောင်း၌ပင် နေခဲ့လေသည်။

ထိုနှစ်တွင် မင်းတုန်းမင်းတရားကြီး ကံတော်ကုန်သဖြင့် သားတော်သီပေါမင်းသားသည် ထီးနန်းကို ဆက်ခံ၍ မင်းပြုသည်။ သီပေါမင်းသည် ဆရာတော်အား နေပြည်တော်သို့ ကြွရောက်၍ သာသနာ့ပြုပါရန် ပင့်လျှောက်ထားသောကြောင့် ၁၂၄၃–ခုနှစ်တွင် မန္တလေးနေပြည်တော်ရှိ ရွှေကျင်တိုက်မသို့ ပြန်ကြွခဲ့၏။ ရောက်လျှင် သီပေါမင်းက ဆရာတော်အား ‘ဇာဂရာဘိဓေ သဒ္ဓမ္မ ဝံသ ဓမ္မသေနာပတိ အတုလဓိပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ’ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်၍ ရွှေကျင်ဂိုဏ်း၏ အကြီးအမှူး သာသနာပိုင် ခန့်အပ်တော်မူသည်။

ရွှေကျင်ဆရာတော်သည် သက္ကရာဇ် ၁၂၄၆–ခုနှစ်တွင် သာသနာရေး၊ သာသနာမှုနှင့် စပ်သည်တို့ကို တပည့်ကြီးများအား လွှဲအပ်၍ မန္တလေးနေပြည်တော်မှ ဖဲခွာခဲ့ပြန်သည်။ ထိုမှ မန္တလေး အနောက်မြောက် ငွေတောင်တောရသို့ ကြွရောက် သီတင်းသုံးသည်။ ဆရာတော်သည် ထိုငွေတောင်တောရ၌လည်း လူနေစီကားလာပြန်သဖြင့် ကြာရှည် မနေတော့ဘဲ ရွှေလည်၊ မဲဇာ၊ မြတောင်၊ မန်လည်စသော ဒေသများသို့ လှည့်လည်နေပြန်လေသည်။

ဆရာတော်သည် အရပ်ဒေသ အသီးသီးတို့၌ နေစဉ် တပည့်များကို ဩဝါဒ ပေး၍ ဆုံးမတော်မူလေ့ ရှိသည်။ ကျောက်မြောင်းအရပ်သို့ ရောက်သောအခါ၌ ပွဲလမ်းသဘင်၏ အပြစ်ကို ပြဆိုရာ ဖြစ်သော သမဇ္ဇဒေါသဒီပနီစာတမ်းကို ရေးသားဖြန့်ဝေခဲ့လေသည်။

ထိုမှတစ်ဖန် မင်းကွန်း ငွေတောင်တောရအနီး မန်ကျည်းချောင်သို့ ရောက်ခဲ့၏။ ထိုနေရာတွင် သပြေပင်အောက်၌ ရက္ခမူစုတင်ကို ဆောက်တည်သည်။ ဤသို့ လဟာပြင်၌ ခေါင်းပါး

သော အကျင့်ကို ကျင့်တော်မူရာ သုံးရက်မြောက်နေ့တွင် ရာသီဥတုဒဏ်ကြောင့် အဖျားရောဂါဝင်ရောက်ခဲ့၏။ ခုနစ်ရက်မြောက် ရောက်သောအခါ အဖျားဝေဒနာမှာ သက်သာ မလာသည့်အပြင် ဝမ်းဥပဒ်ရောဂါလည်း ထပ်မံ ဖြစ်ပေါ်လာခဲ့၏။ ထို့ကြောင့် ငွေတောင်တောရမှ တပည့်များက သွားရောက် ပင့်ဆောင်၍ ဆေးဝါတို့ဖြင့် ကုသကြသည်။ ထိုသို့ ကုသပါသော်လည်း မတတ်နိုင်ရကား သက်တော် ၇၁–နှစ်၊ ဝါတော် ၅၁–ဝါအရ၊ သက္ကရာဇ် ၁၂၅၅–ခု၊ တပေါင်းလတွင် ပျံလွန်တော်မူခဲ့ရလေသတည်း။

ဆရာတော်၏ ဈာပနကို ၁၂၅၆–ခု၊ တပိုတွဲလတွင် ကျင်းပ၍ ကြွင်းကျန်ရစ်သောအရိုးဓာတ်တို့ကို ငွေတောင်တောရ၌ စေတီတစ်ဆူ၊ မန္တလေးမြို့ ရွှေကျင်တိုက်မ၌ စေတီတစ်ဆူတည်ထားကိုးကွယ်ခဲ့ကြလေသည်။

ရွှေကျင်ဆရာတော်ကြီး ရေးသားခဲ့သော စာပေတို့ကို တွေ့ရှိသမျှ ဖော်ပြရသော် နေတ္တိလီနတ္ထသင်္ဂဟ၊ နေတ္တိဟာရတ္ထဝိဘာဝနီ၊ ရူပဘေဒဝိဘာဝနီ၊ ဂဏဘေဒဒီပနီ၊ နိဿယင်္ဂဝိနိစ္ဆယ၊ ဒသဓမ္မာလင်္ကာရဠကထာ၊ သီလဝိသောဓနီ၊ သာသနဝိသောဓနီ၊ ပဋိစ္စသမုပ္ပါဒဒီပနီ၊ ဩဝါဒါလင်္ကာရဓမ္မကထာ၊ ခတ္တိယောဝါဒကျမ်း၊ ဇောဇ္ဈင်္ဂဒီပနီ၊ ဝဍ္ဍနာဒီပနီ၊ ဝိနယဂရုဒီပနီ၊ ဓမ္မောသဓဒီပနီ၊ ကေဝဋ္ဋောဝါဒ၊ သီဟဋ္ဌောဝါဒသန္ဒေသကထာ၊ လင်္ကာသာသနဝိသုဒ္ဓိကထာ၊ ဥပဒေသကထာ၊ သွာဋီကာ၊ ဝိနယမခု၊ မဟာသိဿကောဝါဒ၊ စူဠသိဿကောဝါဒ၊ ဂမ္ဘီရာဂမ္ဘီရ မဟာနိဗ္ဗုတကထာကျမ်းကြီး (ဤကျမ်းသည် နိဗ္ဗာန်ယူဆပုံ လွဲမှားနေသည်ဟု ဆိုကာ ပညာရှင်တို့ မနှစ်သက်ကြကုန်)၊ ဝိစိတြဝန္ဒနာဘုရားရှိခိုး၊ သမာသ်ဂဏ္ဌိ၊ ဒါရကန္ခန္ဓသုတ္တနိဿယ၊ အင်္ဂုတ္တိုကမ္မဋ္ဌာန်း၊ ပဋ္ဌာန်း၂၄–ပစ္စည်း အနက်ကျယ်၊ သာသနာလျှောက်ဩဝါဒကထာ၊ ရွှေကျင်နိယံမူသစ်၊ ပထမောဝါဒ ဒုတိယောဝါဒ စာတမ်း၊ သူသတ်ဩဝါဒမေတ္တာစာ၊ သမဇ္ဇဒေါသဒီပနီစာတမ်း၊ ဓမ္မဝိနယစာတမ်း၊ ဣန္ဒြိယောဝါဒကထာတို့ ဖြစ်သတည်း။

**( ကျမ်းကိုး )** ရွှေကျင်နိကာယမှတ်တမ်းမှ ရွှေကျင်ဆရာတော်ဘုရားကြီး ဇနုပ္ပတ္တိ၊

## မဟာဝိသုဒ္ဓါရုံဆရာတော် ( ၁၂၀၀–၁၂၇၈ )

မဟာဝိသုဒ္ဓါရုံဆရာတော်သည် ရွှေဘိုမြို့ တောင်မျက်နှာ စမွန်းရွာကြီး၌ အဖသူဌေး ဦးမှို၊ အမိ ဒေါ်မိတို့မှ သက္ကရာဇ် ၁၂၀၀–ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၃–ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။ ငယ်နာမည်တော်ကို မောင်မောက်ဟု ကြားဖူးကြောင်း ဆန်းမဟာနိဒါန်းတွင် မြစ်ကွေ့ဆရာတော် အမှတ်အသား ရှိသည်။

ဆရာတော်လောင်းလျာသည် စမွန်းရွာရှေ့ မဟာရုံကျောင်းတိုက်မှ ဆရာတော်သျှင်ဣန္ဒသာရမထေရ်ထံ၌ စာပေများကို သင်ကြားသည်။ အသက် ၁၃–နှစ်သား အရွယ်တွင် သာမဏေပြုသည်။ ဘွဲ့မည်မှာ သျှင်ဝိသုဒ္ဓ ဖြစ်သည်။ သာမဏေ သျှင်ဝိသုဒ္ဓသည် သက္ကရာဇ် ၁၂၁၇–ခုနှစ်တွင် ခေါ်တောရွာ တောရကျောင်း၌ သီတင်းသုံးနေသော ရွှေကျင်ဆရာတော် အထံ၌ ခိုဝင်၍ ပိဋကတ်တော်တို့ကို သင်ကြားဆည်းပူးလေသည်။

သျှင်ဝိသုဒ္ဓ၏ မိဘများသည် ချမ်းသာကြွယ်ဝသူများ ဖြစ်သည့်အလျောက် လူဝတ်ကြောင်ဘဝဖြင့်ပင် မိမိတို့ စည်းစိမ်အမွေအနှစ်တို့ကို ဆက်ခံ၍ နေစေချင်၏။ ထို့ကြောင့် သျှင်ဝိသုဒ္ဓအား အလိုလိုက်၍ အကြိုက်ကိုပေးကာ သွေးဆောင်ဖြားယောင်းကြသည်။ သို့ရာတွင် သျှင်ဝိသုဒ္ဓသည် မိဘတို့ စကားကို နားမထောင်ဘဲ သာသနာ့ဘောင်၌ပင် အမြဲတမ်း နေမည်ဟု ကြံစည်၍ မိဘတို့ အလိုသို့ မလိုက်လျောခဲ့ပေ။ သို့နှင့် ၁၂၁၉–ခုနှစ်တွင် အသက်စေ့သဖြင့် သရိုင်ရွာ မဟာသိမ်တော်၌ ရွှေကျင်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။ ရဟန်းဘွဲ့တော်မှာလည်း သျှင်ဝိသုဒ္ဓပင်တည်း။

ရဟန်းဖြစ်စ ပထမဝါတွင် ရေကျင်ဆရာတော် သီတင်းသုံးရာ ရှိမ်းမကားတောရကျောင်း၌ နေခဲ့၏။ ထိုမှတစ်ဖန် စာပေဗဟုသုတ ကြွယ်ဝရန်အတွက် ဆည်သည်ရွာ သက်ပန်းဆရာတော်၊ မြို့ပြင်ကြီးဆရာတော်၊ အင်းဝမြို့ သက်ငယ်ကျင်းဆရာတော်၊ မန္တလေးမြို့ အရှေ့ပြင် မင်းတဲဆရာတော်တို့ အထံ၌ စာပေများကို သင်ကြားလေသည်။

ရဟန်းခုနစ်ဝါ မြောက်သောအခါ ဆရာရင်းဖြစ်သော ရွှေကျင်ဆရာတော်ကြီး၏ အပါးတွင် နေထိုင်၍ စာပေများကို ပို့ချနေခဲ့၏။ ထိုအချိန်တွင် ပရမတ္ထသရူပဘေဒနီကျမ်း၊ နိက္ခမ္ဘယောဇန၊ မုစ္စနင်္ကြေးမုံ၊ ဝိနယကောသလ္လကျမ်း၊ ပရိဝါသဝိနိစ္ဆယ၊ ဉာဏောဒယစာစပ်၊ သဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိကျမ်းစည်တို့ကို ရေးသားတော်မူသည်။

ရဟန်း ၁၃–ဝါအရတွင် ဒေါင်းလည်ချောင်တောရ၊ ရွှေတိုက်တောရတို့၌ နှစ်ဝါမျှ သီတင်းသုံးတော်မူသည်။ သက္ကရာဇ် ၁၂၃၃–ခုနှစ် တပေါင်းလတွင် မင်းတုန်းမင်းတရား၏ ဆင်ဖြူမရှင်မိဖုရားသည် ကြီးကျယ်ခမ်းနားလှသော ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးလျှင် ဆရာတော်အား ပင့်၍ တင်လှူလေသည်။

ရဟန်း ၁၆–ဝါ ရသောအခါ မင်းတုန်းမင်းတရားက ‘ ဝိသုဒ္ဓါစာရ ကဝိဇ မဟာဓမ္မရာဇဂုရု ’ ဟူသော ဘွဲ့တံဆိပ်ကို ကပ်လှူပူဇော်လေသည်။ ကျောင်းတော်ကိုလည်း အင်းကန်းတိုက်ဟူသော အမည်ကို မခေါ်စေရဘဲ မဟာဝိသုဒ္ဓါရုံဟူ၍ ခေါ်ဝေါ်စေရ၏။ ထိုအချိန်မှစ၍ ဆရာတော်ကိုလည်း မဟာဝိသုဒ္ဓါရုံဆရာတော်ဟူ၍ ခေါ်တွင် ထင်ရှားလာလေသည်။

မင်းတုန်းမင်းတရား လက်ထက်တွင် ပေါ်ပေါက်လာသော ဒေါင်းဒင်္ဂါးကိစ္စနှင့် ပတ်သက်၍ ရှိမ်းမကားရွာ တောရကျောင်းဆရာတော်က ‘ရောဝတီ၊ လက်ျာချီလျက်၊ နဒီရုံသ၊ ဦးညွတ်ခရာ၊’ အစချီ ဒေါင်းမေတ္တာစာကို ရေးသား ဆက်သွင်း၏။ မဟာဝိသုဒ္ဓါရုံဆရာတော်သည် ထိုဒေါင်းမေတ္တာစာကို အကျယ်ဖွင့်ဆို၍ ဒေါင်းဋီကာသစ်ကျမ်းကို ရေးသားလေသည်။ သက္ကရာဇ် ၁၂၄၆–ခု၊ သီတင်းကျွတ်လဆန်း ၁၄–ရက်နေ့တွင်လည်း သားတော် သီပေါမင်းဆရားက ဆရာတော်အား ‘ ဝိသုဒ္ဓါစာရဓဇ ဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ’ ဘွဲ့တံဆိပ်ကိုလည်း ကပ်လှူပြန်လေ

သည်။ ဤသို့ဖြင့် ဆရာတော်သည် မြန်မာမင်း လက်ထက်၌ ဘွဲ့တံဆိပ်တော် နှစ်ထပ် ရရှိတော်မူလေသည်။

ဆရာတော်သည် မဟာဝိသုဒ္ဓါရုံတိုက်တော်၌ သီတင်းသုံးတော်မူစဉ် ဆန္ဒောမဉ္ဇရီ ပါဋ် နိဿယ၊ နေတ္တိဟာရတ္ထဒီပနီကျမ်း၊ ဓာတွတ္ထသင်္ဂြိုဟ်ပါဋ် နိဿယ၊ ကစ္စာယနသံဝဏ္ဏနာ၊ ဆက္ကဒီပနီ၊ ဝိသုဒ္ဓါရုံသုတ်နက်၊ ဆိဒ္ဒပိဓာနနီကျမ်းစသည်တို့ကို ရေးသား စီရင်တော်မူ၏။ ထို့ပြင် မြန်မာစာပေအတွက် ရေးထုံးကျမ်း တစ်စောင်ဖြစ်သော မဓုသာရတ္ထသတ်ပုံကျမ်းကိုလည်း ရေးသား စီရင်တော်မူခဲ့ပေသည်။

သက္ကရာဇ် ၁၂၅၅–ခုနှစ်တွင် ရွှေကျင်ဂိုဏ်းကြီးကို တည်ထောင်သော ရွှေကျင်ဆရာတော် ပျံလွန်တော်မူခဲ့၏။ ထိုအခါ ရွှေကျင်ဂိုဏ်းသား ရဟန်း ၃၀၀၀–ကျော်တို့က ရွှေကျင်ဂိုဏ်း၏ ဦးစီးနာယကအဖြစ် မဟာဝိသုဒ္ဓါရုံဆရာတော်အား တညီတညွတ်တည်း 'သံဃမဟာနာယက' ဟူသော ဘွဲ့ထူးဖြင့် သာသနာပိုင် တင်မြှောက်ကြသည်။

ဆရာတော်သည် ရွှေကျင်ဂိုဏ်း ဆိုင်ရာ၌ အကြီးအမှူး ဖြစ်သည့်အလျောက် မိမိဂိုဏ်းသားများ ကိုယ်ကျင့်သီလ ပြည့်စုံစေရေးအတွက် ဩဝါဒကထာများကို အခွင့်သင့်တိုင်း ရေးသားဆုံးမတော်မူသည်။ ကဗျာလင်္ကာနှင့် စပ်၍ကား ကျမ်းတစ်စောင် တစ်ဖွဲ့ မတွေ့ရသော်လည်း ကိုယ်ကျင့်တရား၌လည်းကောင်း၊ စာပေသင်ကြားမှု၌လည်းကောင်း အထောက်အကူပြုသော မှတ်သားဖွယ် ကဗျာများကို အများအပြား ရေသားတော်မူသည်။

ဆရာတော်၏ ပညာသည် မြန်မာပြည်၌သာ မကဘဲ အင်္ဂလန်၊ ယိုးဒယား၊ သီဟိုဠ်နိုင်ငံတို့၌လည်း ထင်ရှားတော်မူဘိ၏။ ထို့ကြောင့်လည်း ယင်းနိုင်ငံများမှ သာသနာရေးဆိုင်ရာ အမေးများကို မေးလျှောက်သဖြင့် ဖြေကြားပေးတော်မူရ၏။

မြန်မာပြည်မှ လယ်တီဆရာတော် စသော ပညာရှင်တို့ကလည်း ဆရာတော်၏ ပညာအရည်အသွေးကို လေးစားတော်မူသဖြင့် ပုစ္ဆာ အရပ်ရပ်တို့ကို မေးလျှောက်လေ့ ရှိကြ၏။ ထိုသို့ အရပ်ရပ်မှ မေးသော ပုစ္ဆာအဖြေတို့ကို ပေါင်းစု၍ ဝိသုဒ္ဓါရုံအဆုံးအဖြတ်ဟူသော အမည်ဖြင့် ဆရာတော် အသက်ရှင်ဆဲကပင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဆရာတော်၏ အဆုံးအဖြတ်ကျမ်းတွင် သံဝါသဒီပနီကျမ်း၊ သရိုင်ရွာ မဟာစေတီလှုဘုရားမော်ကွန်း၊ ဖြူတွင်းကုန်းသိမ်ကျောက်စာ၊ သုဏောယျာဒိဩဝါဒကထာစသော စာစုများကိုလည်း ထည့်သွင်း ရိုက်နှိပ်ထားသဖြင့် အဆုံးအဖြတ် သက်သက်ချည်း မဟုတ်ဘဲ ရသစုံဖြင့် စိုပြေလှပေသည်။

ဤသို့ ပညာရှင်တို့၏ ဦးတင်ရာ ဖြစ်သောကြောင့်လည်း ကိုလိုနီခေတ်တွင် ဂျော့ဘုရင်၏ အမိန့်ဖြင့် အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်က ဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ၁၂၇၇–ခုနှစ်တွင် ရရှိတော်မူလေသည်။

ဤသို့ဖြင့် ဘွဲ့တံဆိပ်တော် သုံးထပ်ရ ဝိသုဒ္ဓါရုံဆရာတော်ကြီးသည် သက္ကရာဇ် ၁၂၇၈–ခု၊ ဝါဆိုလဆန်း ရှစ်ရက်နေ့ နံနက် ခုနစ်နာရီအချိန်တွင် စုတိတော်မူခဲ့ရပေသတည်း။

**( ကျမ်းကိုး )** ရွှေကျင်နိကာယမှတ်တမ်း၊ ဆန်းမဟာနိဒါန်း၊ ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ဒေါင်းဋီကာသစ်၊

## မန်လည်ဆရာတော် ( ၁၂၀၃–၁၂၈၂ )

မြန်မာစာပေသမိုင်းစဉ်တွင် ကဗျာ့ပါရဂူ ပုဂ္ဂိုလ်ထူးကြီးဖြစ်သော မန်လည်ဆရာတော်ကြီးသည် မိမိ မွေးဖွားသော သက္ကရာဇ်ကို မဃဒေဝလင်္ကာသစ် နိဂုံး၌–

"အကြင်ငါသည်၊ မြို့မန်လည်၊ စွဲသည် သန္ဓိခါ။

တိ သုဉ် ဒွေး ဇက်၊ သက္ကရာဇ်၊ ဖွားလစ် ထိုကောဇာ။ "–

ဟူ၍ စပ်ဆိုတော်မူသောအတိုင်း အထက်မြန်မာပြည် သုနာပရန္တတိုင်း မန်လည်မြို့၌ သက္ကရာဇ် ၁၂၀၃–ခု၊ နှောင်းတန်ခူးလဆန်း ၁၂–ရက်၊ အင်္ဂါနေ့ သုံးချက်တီးအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။ မိဘနှစ်ပါးတို့မှာ သစ်ကုန်သည်ကြီး ဦးထင်ညိုနှင့် ဒေါ်ဖြေတို့ ဖြစ်ကြ၏။

ဆရာတော်၏ ငယ်မည်မှာ မောင်မာ ဖြစ်၏။ ထိုနာမည် ဖြစ်ကြောင်းကိုလည်း ပုသိမ်မြို့ ဦးပဒုမထံသို့ ချေပ ရေးသားသည့် ပဒုမောဝါဒကထာ ကဗျာလေးချိုးတွင်–

"မာန်မလုပ်ချင်ဘူ့၊ မာန်လုပ်လျှင် လွယ်သည်သာပ၊ ငယ်မည်မှာ န,ကို သတ်ရုံ ကပဲ့၊

နေရပ် မန်ရွှေလည်နှင့်၊ မာန်နှစ်လည် မာန်စုံကွန့်နိုင်ရဲ့၊ ဖူးအညွန့် ခေါင်ကတင်။ "–

ဟူ၍ စပ်ဆိုခဲ့ပေသည်။

မောင်မာသည် အသက်သုံးနှစ်မြောက်တွင် ဖခင်ဖြစ်သူ ဦးထင်ညို ကွယ်လွန်သဖြင့် အမိဒေါ်ဖြေနှင့် ဖခင်၏ အစ်မရင်းဖြစ်သူ ဒေါ်သုတ်တို့၏ အုပ်ထိန်းမှုအောက်တွင် ကြီးပြင်းလာခဲ့ရ၏။ အသက် ၁၂–နှစ်သား အရွယ်တွင် ဝန်းသိုမြို့ တောင်ပေါ်ကျောင်းတွင် သီတင်းသုံးသော ဝန်းသိုစော်ဖွား၏ နှောင်တော်ဘုန်းကြီး ဦးပန်းအောင်ထံ၌ အပ်နှံ၍ စာပေများကို သင်ကြားရသည်။

မောင်မာသည် ဗုဒ္ဓဘာသာ မြန်မာ အမျိုးသားတို့၏ ဓလေ့ထုံးစံအတိုင်း နမောဗုဒ္ဓါယမှ စ၍ သရ ဗျည်း ဝဏ္ဏစသော သင်ခန်းစာများကို လေ့လာသင်ကြားရာ ၁၂–နှစ်သားမှာပင် မြန်မာစာကို မြင်းကောင်း စိုင်းနှင်သကဲ့သို့ သွက်လက်ပီပြင်စွာ ရွတ်ဖတ်နိုင်လေသည်။

ဆရာတော်၏ လောင်းလျာသူငယ်သည် ကဝိလက္ခဏာဇာတိ ပါ၍ လာဘိသည့် အလျောက် ၁၆–နှစ် မတိုင်မီကပင် ရှေးပညာရှိတို့ ရေးသားသော မြန်မာပျို့ ကဗျာ လင်္ကာများကို တစ တစ ကြည့်ရှုလေ့လာပြီးလျှင် မိမိလည်း တတ်စွမ်းသမျှ ဒွေးချိုး၊ လေးချိုး၊ တေးထပ် စသည်တို့ကို ရေးသားလေ့ ရှိခဲ့၏။ ဤကဲ့သို့ ဗီဇဝါသနာအလျောက် လေ့ကျက်ဆောင်ရွက်ခဲ့ရာ နောင်အခါ၌ မဃဒေဝလင်္ကာသစ်ကြီးကို ရေးသားတော်မူ၍ ကဗျာအရာ၌ ပါရဂူမြောက်ပြီး ဖြစ်ကြောင်းကို တံခွန်ထူပြခဲ့သည်။

အသက် ၁၅–နှစ်သားအရွယ်တွင် မိခင်ဒေါ်ဖြေ ကွယ်လွန်အနိစ္စရောက်ပြီးနောက် သက္ကရာဇ် ၁၂၁၉–ခု၊ အသက် ၁၆–နှစ်သား အရွယ်တွင် သာမဏေရပဗ္ဗဇ္ဇမင်္ဂလာဖြင့် ဝန်းသိုစော်ဖွား၏ နှောင်တော်ဘုန်းကြီးထံတွင် သာမဏေပြုသည်။ သာမဏေ၏ ဘွဲ့မည်မှာ သျှင်ဇဝန ဖြစ်ပေသည်။

သာမဏေပြုပြီးသော် ခြောက်ဝါတိုင်အောင် မန်လည်ကျောင်းတိုက် ဆရာတော် သျှင်နန္ဒမဥ္ဇူထံ၌ ခိုလှုံ၍ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန် အရပ်ရပ်တို့ကို သင်ကြားဆည်းပူးလေသည်။ ထိုအခါ ပါရမီပြည့်ညီ ထက်သန်တော်မူသည့်အတိုင်း ရဟန်းအဖြစ်သို့ မရောက်မီပင် နေ့ဝါ ညဝါ သင်ရိုးစာတို့ကို တစ်ဖက်ကမ်းရောက် တတ်မြောက်တော်မူ၏။

သာမဏေ ခြောက်ဝါရ၍ သက္ကရာဇ် ၁၂၂၅–ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာလည်း သျှင်ဇဝနပင်တည်း။ ဆရာတော်သည် သက်တော် ၂၂–နှစ်လွန်မှ ရဟန်းပြုတော်မူသည်။ ရဟန်းတစ်ဝါ ရမြောက်သောကာလ၌ မူလရဟန်းခံခဲ့သော သိမ်ကို ဝိနယကုက္ကုစ္စသဘော အားဖြင့် သံသယ မကင်းရှင်း ဖြစ်လေသည်။ ထို့ကြောင့် ၁၂၂၅–ခု၊ တပေါင်းလပြည့်ကျော် ငါးရက်နေ့တွင် မဲဇာမြစ်အတွင်း ဥဒကုက္ခေပနဒီသိမ်၌ သံဃာတော် ၁၀–ပါးနှင့်တကွ ဒုတိယအကြိမ်

ရဟန်းခံတော်မူပြန်သည်။ ဥပဇ္ဈာယ်ဆရာကား မန်လည်မြို့ အနောက်ဘက်တိုက် ဝါတော် ၆၀- ရှိ သျှင်ဂုဏဝါ မထေရ်မြတ်ကြီးတည်း။ ဆရာတော်သည် ပထမရဟန်းပြုစဉ်က ဝါကို မရေတွက်ဘဲ ဒုတိယ ရဟန်းခံပြီးနောက် ၁၂၂၆-ခုနှစ် ဝါမှစ၍ ရေတွက်လေသည်။

သက္ကရာဇ် ၁၂၂၈-ခုနှစ် သုံးဝါမြောက်တွင် မန္တလေးမြို့ အနောက်ပြင် ထီးလင်းတိုက်၌ ဝါဆိုတော်မူ၍ မန်လည်မြို့ဝန် မင်းထင်မင်းလှသမန္တရာဇာက ကိုးကွယ် လှူဒါန်းသော ပိဋကတ်တော်များကို ကြီးကြပ်ကူးယူ ရေးသားတော်မူသည်။

ထို့နောက် မန်လည်မြို့ နေရင်း လေးထပ်ကျောင်းသို့ ပြန်လည် ကြွတော်မူပြီးလျှင် ခိုဝင်လာရောက်ကြသော စာသင်သားတို့အား စာပေကျမ်းဂန်တို့ကို ပို့ချတော်မူ၏။ စာပေရေးသားခြင်း အလုပ်ကိုလည်း အချိန်ပေး၍ ရေးသားတော်မူသည်။

ရဟန်း ၁၀-ဝါ ရမြောက်သောအခါ သာမဏေဘဝတွင် သင်ကြားခဲ့သော မဃဒေဝဇာတ်တော်ကြီးကို ကြည်ညိုတော်မူရင်း ရှိသည်နှင့် “မဃဒေဝဇာတ်တော်ကြီးကို ပျို့ကဗျာလင်္ကာ တစ်စောင်ရေးသားရန် သင့်လျော်ပေသည်၊ ဤလင်္ကာဖြင့် ပညာရင်နို့ သောက်စို့ရာဖြစ်သော ဆရာအရှင်၏ ကျေးဇူးကို ဆပ်ရာ ရောက်လိမ့်မည်၊ ”ဟု တွေးတော ဆင်ခြင်မိလျှင် ဉာဏ်မီးတောက်စအရွယ် ၁၀-ဝါရမှာပင် မဃဒေဝလင်္ကာသစ်ကို အစပြု စပ်ဆိုလေသည်။ ဤသည်ကိုရည်၍ မဃဒေဝလင်္ကာသစ် နိဂုံး၌-

“ရပ်ကြီးတစ်မည်၊ မြို့ထူးလည်နှိုက်၊ မထေရ်မဟာ၊ အကြင်ငါလျှင်၊ ငယ်ခါရွယ်လူး၊ စာသင်ဦးက၊ အထူးမှတ်မှတ်၊ နေမိဇာတ်ကို၊ ထေရ်မြတ်ဆရာ၊ ညွှန်မိန့်မှာနှင့်၊ ဦးစွာသင်ရ၊ ထိုကစ၍၊ မဃဒေဝ၊ ဘုရားအလောင်း၊ ကျင့်တော်ဟောင်းကို၊ နှစ်ထောင်းခဲ့ရင်း၊ ကြည်ညိုခြင်းဖြင့်၊ ဝမ်းတွင်းညွှတ်နူး၊ ဂုဏ်အထူးအား၊ ကျေးဇူးဆပ်မည်၊ ရွယ်ဆောက်တည်သည်၊ ။ ကြံစည်စိတ်က ရည်ဆုံးတည်း။ ”-

ဟု ရေးသား စပ်ဆိုတော်မူခဲ့လေသည်။

ရဟန်း ၁၀-ဝါရကပင် ထိုလင်္ကာသစ်ကြီးကို စပ်ဆို ရေးသားခဲ့သော်လည်း ဆရာတော်မှာ သာသနာရေးကိစ္စ များပြားလှသဖြင့် ပြီးဆုံးအောင် မရေးသားနိုင်ဘဲ ဖင့်နွှဲနေခဲ့ရလေသည်။

သက္ကရာဇ် ၁၂၄၃-ခုနှစ်တွင် မင်းကွန်းအလည်တောရဆရာတော်က ခက်ရာခက်ဆစ် ပုစ္ဆာ ၄၅-ချက်တို့ကို ကဗျာဖြင့် သီကုံး၍ မန်လည်ဆရာတော်အား မေးမြန်းလေသည်။ ထိုအခါ မန်လည်ဆရာတော်ကလည်း ကဗျာဖြင့်ပင် ဖြေဆိုပေးရာ ပဉ္စစတ္တာလီသပုစ္ဆာ ဝိသဇ္ဇနာကျမ်းဟူ၍ ထင်ရှားသည်။

ထို့နောက် မန်လည်ဆရာတော်သည် မင်းကွန်းဆရာတော်အား အမေးပုစ္ဆာ ၁၀၀-ကို ကဗျာဖြင့်ပင် သီကုံး၍ မေးပြန်သည်။ ထိုအခါ မင်းကွန်းဆရာတော်ကလည်း ကဗျာသီကုံး၍ ပြန်လည် ဖြေကြား၏။ ထိုကျမ်းကို သတပဒိကပုစ္ဆာဝိသဇ္ဇနာကျမ်းဟု ခေါ်တွင်လေသည်။

သက္ကရာဇ် ၁၂၅၀-ပြည့်နှစ်တွင် မန်လည်မြို့ဝန် မင်းထင်မင်းလှသမန္တရာဇာက ဘုံခုနစ်ဆင့် ရှိသော ပြာသာဒ်ကျောင်းတော်ကြီးကို ဆောက်လုပ်၍ ဆရာတော်အား တင်လှူလေသည်။ ဤနေရာကို အစွဲပြု၍ ဆရာတော်အား မန်လည်မြို့ ပြာသာဒ်ကျောင်းဆရာတော်ဟု အသက်ရှင်စဉ်ကပင် ခေါ်တွင်ထင်ရှားပေသည်။

သက္ကရာဇ် ၁၂၆၆-ခုနှစ်သို့ ရောက်သောအခါ ယခင်က ရေးလက်စ ရှိသော မဃဒေဝလင်္ကာသစ်ကြီးကို ဆက်လက် ရေးသားတော်မူရာ သက္ကရာဇ် ၁၂၆၆-ခု၊ တော်သလင်း လပြည့်ကျော် ၁၄-ရက် သောကြာနေ့ ည ရှစ်နာရီအချိန်တွင် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်လေတော့သည်။ ဆရာတော်သည် ဖော်ပြပါ အကြောင်းတို့နှင့်တကွ မိမိဘဝ အတ္ထုပ္ပတ်ကိုလည်း အကျဉ်းပြု၍ လင်္ကာသစ်ကြီး နိဂုံး၌-

" ဆယ့်နှစ်နှစ်တွင်း၊ ကျောင်းအပ်နှင်း၊ မပျင်းသင်လေ့လာ။
ထိုနှစ်တွင်းဝယ်၊ သူငယ်ဘဝ၊ သင်ထမငြိး၊ ပရိတ်ကြီး၊ သင်ပြီးနှုတ်တက်စွာ။
ထိုနောက်ကာလ၊ ဉာဏ်မျှော်ဆ၊ မဆွထေရ်မြတ်စွာ။
ဆယ်စောင်မည်မှတ်၊ နေမိဇာတ်၊ နိပါတ်ကျမ်းမဟာ။
သင်စေရှေးဦး၊ ပကတူး၊ ဉာဏ်မြူးရွှင်စိမ့်ငှာ။
ထိုဇာတ်တော်တွင်၊ ရှေးဦးထင်၊ ဗုဒ္ဓင်လောင်းရာဇာ။
မဃစိုးမင်း၊ တောထွက်ခြင်း၊ ဝမ်းတွင်းကြည်သဒ္ဓါ။
နှစ်နှစ်ဆယ်တွင်း၊ ကယ်မကြွင်း၊ သင်ခြင်းနေ့ညဝါ။
သဒ္ဒါပရမတ်၊ နည်းစုံတတ်၊ ပုဒ်ဓာတ်သုတ်သင်ကာ။
သူငယ်သာမဏေ၊ ကျောင်းမှာပေ၊ အနေမပျက်စွာ။
ပဉ္စင်းခံ၍၊ တစ်ဝါစေ့၊ အောက်မေ့ရှေးသဒ္ဓါ။
မဃစိုးဇာတ်၊ အတ္ထုပ္ပတ်၊ ထူးမြတ်ဤခြင်းရာ။
လင်္ကာအထူး၊ ဖွဲ့ကာကျူး၊ ကျေးဇူးဆပ်စိမ့်ငှာ။
ကြံစည်စိတ်က၊ ရေးစီစ၊ ကာလထိုအခါ။
ဘုရားကမ္ဘ၊ မှူကိစ္စ၊ ဖြစ်ထကြီးကျယ်စွာ။
ထို့ကြောင့် လပ်လျား၊ ဖြတ်ကာထား၊ နှစ်များရှည်မြင့်ကြာ။
ဆ ဆ ဒွေး ဇက်၊ သက္ကရာဇ်၊ ရောက်လစ်ပြန်သောခါ။
ရပြန်သတိ၊ အောက်မေ့မိ၊ ဆက်ဘိဖန်တစ်ခါ။ "–
စသည်ဖြင့် ရေးသားစပ်ဆိုတော်မူခဲ့လေသည်။

မန်လည်ဆရာတော်ကြီးသည် သက္ကရာဇ် ၁၂၆၈–ခုနှစ်တွင် မိုးကုတ်မြို့သို့ သာသနာပြုရန် ကြွရောက်တော်မူခဲ့၏။ ထို့နောက် ခရစ်နှစ် ၁၉၁၇–ခု၊ ဇန်နဝါရီလ တစ်ရက်နေ့တွင် အင်္ဂလိပ်အစိုးရက လှူဒါန်းသော 'အဂ္ဂမဟာပဏ္ဍိတ ' ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူသည်။

သက္ကရာဇ် ၁၂၇၄–ခုနှစ်တွင် မဟာရာဇာ စော်ဖွားကြီးက သာသနာပြုရန် ပင့်လျှောက်သဖြင့် သီပေါမြို့သို့ ကြွရောက်တော်မူရသည်။

မန်လည်ဆရာတော်ကြီးသည် ဘင်္ဂလီ၊ နာဂရီ၊ သီဟိုဠ်၊ မာဂဓီစသော ဘာသန္တရကျမ်းများကိုလည်း တတ်မြောက်တော်မူ၏။ ဗေဒင်ကျမ်းပေါင်း များစွာတို့နှင့်တကွ တတ်သင့် တတ်ထိုက်သော ပညာဗဟုသုတ သိပ္ပါယနများကိုလည်း တတ်ကျွမ်းတော်မူသည်။

အာစရိယဝံသ အဆက်အနွယ်အားဖြင့် လိုက်သည်ရှိသော် ၁– တောင်တွင်းဆရာတော်ခင်ကြီးဖျော်၊ ၂– ၎င်း၏ တပည့် ဦးဇိနေ၊ ၃– ၎င်း၏ တပည့် ဦးပညာ၊ ၄– ၎င်း၏ တပည့် ဦးနန္ဒမဇ္ဈူ၊ ၅– ၎င်း၏ တပည့် မန်လည်ဆရာတော်ကြီး ဖြစ်၍ တောင်တွင်းဆရာတော်မှ စ၍ ရေတွက်လျှင် ငါးဆင့်မြောက် ကျတော်မူ၏။

ဆရာတော်ဦးဇိနမှ စ၍ ဆရာတော်ကြီး လေးပါးတို့သည် မန်လည်ကျောင်းတိုက်ကြီးမှာပင် သီတင်းသုံးတော်မူကြ၏။ ထို့ကြောင့် မန်လည်ကျောင်းတိုက်ကြီးတွင် နေထိုင်ကြသော ဆရာတော်ဦးဇိနမှ စ၍ ရေတွက်လျှင် မန်လည်ဆရာတော် သျှင်ဇဝနမထေရ်သည် လေးဆက်မြောက် ကျတော်မူ၏။ ဤသည်ကို မဃဒေဝလင်္ကာသစ် နိဂုံး၌–

" မှတ်စိမ့်သေချာ၊ အကြင်ငါကား၊ မကာရလောပ၊ အံ့ခြီးကြလျက်၊ ဉာဏဝရဇိန်၊ တောက်ထိန်ပြောင်ဝင်း၊ အခေါင်ချင်းသည့်၊ တောင်တွင်းအကျော်၊ ဆရာတော်၏၊ အာဘော်နည်းယူ၊ တံခွန်ထူသား၊ တစ်ဆူလက်တွင်း၊ တပည့်ရင်းမှ၊ သက်ဆင်းနွယ်လာ၊ ထေရာဝံသ၊ ပဒီပဖြင့်၊ စတုတ္ထမြောက်၊ ရောက်ခဲ့တုံပြီး၊ ခံရင်းနီး၍၊ ဉာဏ်ကြီးလက်ဝေ၊ မျိုးလိုက်မွေဘို့၊ "

ဟူ၍ ရေးသား စပ်ဆိုတော်မူသည်။

မန်လည်ဆရာတော်ကြီးသည် သက္ကရာဇ် ၁၂၈၁–ခုနှစ်တွင် ဇရာဝတီရေလမ်းခရီးဖြင့် စစ်ကိုင်း၊ ပခုက္ကူ၊ ဇလွန်၊ ပြည်၊ ဟင်္သာတ၊ ပုသိမ်၊ ရန်ကုန် မြို့များသို့ ကြွရောက်၍ တရားဓမ္မတို့ကို ဟောပြတော်မူလေသည်။ ထိုနှစ် တပေါင်းလတွင် ရန်ကုန်မြို့ ပုဇွန်တောင် ညောင်ကုန်းကျောင်း တိုက်၌ တရားဓမ္မ ဟောပြပြီးလျှင် အထက်အညာ မန်လည်မြို့သို့ ပြန်ကြွတော်မူပြီးနောက် သက္ကရာဇ် ၁၂၈၂–ခုနှစ်၊ ဝါဆိုလတွင် စုတိတော်မူခဲ့လေသည်။

မန်လည်ဆရာတော်ကြီး ရေးပြုခဲ့သော ကျမ်းစာတို့ကို ဖော်ပြရသော်ကား ပဥ္စတ္တာလီသ ပုစ္ဆာဝိသဇ္ဇနာကျမ်း၊ သတပဒိကပုစ္ဆာဝိသဇ္ဇနာကျမ်း၊ ဝဇီရဂ္ဂဒိဋ္ဌိဝိသောဓနကျမ်း၊ ဂတိသောဓနကျမ်း၊ ဝဇီရူပမဗ္ဗာကရဏကျမ်း၊ ဝဇီရတ္တရပကာသနီကျမ်း၊ ကစ္စာယနသုသုဟာရက ပါဌ်၊ ကစ္စာယနသုသုဟာရကနိဿယ၊ ဝဇီရဉာဏဝန္ဒနာဘုရားရှိခိုး၊ မဏိဇောတိကဝိသဇ္ဇနာကျမ်း၊ မဟာသုတကာရီမဃဒေဝလင်္ကာသစ်၊ မင်္ဂလာရတုပေါင်းချုပ်၊ အလမ္ဗုတကျမ်း၊ သမဏပဋိရူပပါဌ် အနက်၊ သမဏဘဒြကထာပါဌ် နိဿယ၊ ကစ္စယနသုသုဟာရကနိယံ၊ ဝိသဇ္ဇနာရာသီကျမ်း၊ လောကသမုဒယကျမ်း၊ အာယုဒါယကျမ်း၊ မန်လည်ကဗျာကျမ်း၊ သောဋ္ဌသတ္တစတုသစ္စဝန္ဒနာပါဌ် အနက်၊ ဋီကာကျော်နိယံ၊ မန်လည်ဥဒါန်း၊ တေဋ္ဌကဋ္ဌာဟကျမ်း၊ ပဋိစ္စသမုပ္ပါဒ် ပါဌ်အနက်၊ ဒေဝသိကဝလဉ္ဇန မဟာဝဇီရဉာဏ ဝန္ဒနာပါဌ်အနက်၊ ဒသကာယဗလဝန္ဒနာပါဌ်အနက်၊ ဗုဒ္ဓဝံသ ဝန္ဒနာပါဌ်အနက်၊ နိစ္စလောဘာသရောင်ခြည်တော်ဘုရားရှိခိုး ပါဌ်အနက်၊ တရားတောင်း ရေစက်ချ အမျိုးမျိုး၊ ပုစ္ဆာဝိသဇ္ဇနာကျမ်း၊ ဒိသာဖရဏရောင်ခြည်တော် ဘုရားရှိခိုး ပါဌ်အနက်၊ သီမဝိစာရဏ ကျမ်း၊ ကမ္မဋ္ဌာန်းကျမ်းသစ်၊ ဖုဿထေရဂါထာပါဌ် နိဿယ၊ သာမညဖလသုတ်ပါဠိတော် နိဿယ၊ ဂိရိမာနန္ဒသုတ် ပါဌ် နိဿယ၊ ဒသသီလဝဇီရဂ္ဂဝိနိစ္ဆယ၊ ကဗျာသာရနိဿယခေါ် ဘုန်းကြီးပုံ့ဝိုချင်း၊ ပဒုမောဝါဒကထာ၊ ဆန်းသံခိပ်၊ ဥဿယဝါဒိကသိက္ခာပဒဝိနိစ္ဆယ၊ သန္ဓိပဏာမကျမ်းရိုး၊ ပညာဝီမံ သနကထာကျမ်း၊ ဩဘာစာအမျိုးမျိုး၊ အစိန္တေယျလေးပါး ဂုဏ်တော်ဖွင့်၊ တိမူလဘင်္ဂဝန္ဒနာပါဌ် အနက်၊ မောင်းသီချင်းများ၊ အံတော်သီချင်းများ၊ စေတီတော်ဘွဲ့ သဒ္ဓါတရားဘွဲ့ စသည့်သံချိုများ၊ ဒွေးချိုး လေးချိုး တေးထပ်များ၊ ဥဒေါင်းဖောင်တော်လင်္ကာ၊ မဟာဗောဓိဝန္ဒနာပါဌ်အနက်၊ ဟတ္ထပါသဝိနိစ္ဆယ၊ ဝဇီရနိန္ဒယဝိနိစ္ဆယ၊ ပါရိဝါသိကဝိနိစ္ဆယကျမ်း၊ သဒ္ဒါနိယံ၊ ပကိဏ္ဏကနိယံ၊ ဓာတ်မီးကြိုးများ မြုပ်သွင်းပူဇော်မှု ဝိနိစ္ဆယ၊ ပါဒ ပါဒါရဟာဒိဝိနိစ္ဆယကျမ်း၊ အနတ္တသဒ္ဒါ၏ အတ္ထဝိ နိစ္ဆယ၊ ဂေါတမသဒ္ဒါ၏ အတ္ထဝိနိစ္ဆယ တို့ ဖြစ်ပေသည်။

**( ကျမ်းကိုး)** ဦးဝင်းမောင်နှင့် အဖွဲ့တည်းဖြတ်သော မဟာသုတကာရီမဃဒေဝလင်္ကာသစ် နိဒါန်းမှ ‘ မန်လည်ဆရာတော်အကြောင်း ’၊ သာသနဗဟုသုတပွကာသနီကျမ်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာစာပေသမိုင်း၊

## **လယ်တီဆရာတော်** ( ၁၂၀၈–၁၂၈၅ )

မြန်မာစာပေသမိုင်းတွင်လည်းကောင်း၊ ပိဋကတ်စာပေသမိုင်းတွင်လည်းကောင်း အထူး ကျော်ကြားလှသော လယ်တီဆရာတော် လောင်းလျာ သတိုးသားကို ဒီပဲယင်းမြို့ကျေး စိုင်ပြင်ရွာ၌ အဖဦးထွန်းသာ အမိ ဒေါ်ကျုံးတို့မှ ၁၂၀၈–ခု၊ နတ်တော်လဆန်း ၁၃–ရက်၊ အင်္ဂါနေ့ ညဥ့်တစ်ချက်တီးကျော် နှစ်ပါဒ်၊ နှစ်ဗီဇနာ၊ ငါးပြန်၊ ရှစ်ခရာ၊ သိဟ်လင် တူစန်း၊ တနင်္ဂနွေတြင်း၊ တနင်္လာနဝင်း၊ ကိုးလုံး နှစ်ပါဒ်ထက် လက်စီးလျက် ဗီရဏီနက္ခတ် မွန်းတည့်လတ်သော မင်္ဂလာအချိန်တွင် ဖွားသန့်စင်ခဲ့ပေသည်။

ဆရာတော်လောင်းလျာ ဖွားမြင်၍ မကြာမြင့်မီပင် ဖွားသန့်စင်ရာအိမ်၏အနီး မန်ကျည်းပင်ကြီးတွင် ထောင်ထားသော ဝါးလုံးမှ သက်တန့်ပေါက်၍လည်းကောင်း၊ သက်တန့်သည် ဖွားမြင်ရာ အိမ်ကို လက်ယာရစ်လှည့်ပြီး အိမ်ခေါင်မှ အထက် ကောင်းကင်သို့ တက်သွား၏။ ထိုအဖြစ်ကို လူအများပင် မြင်ကြသဖြင့် မင်္ဂလာရှိသော အတိတ်နိမိတ်ဟု စွဲယူကာ သတိုးသားငယ်အား မောင်တက်ခေါင်ဟု အမည်နာမကို ပေးကြကုန်၏။

မောင်တက်ခေါင် ကျောင်းသားအရွယ်သို့ ရောက်လျှင် မိဘနှစ်ပါးတို့က ရွာဦးကျောင်းဆရာတော် ဦးဓမ္မမဟာထေရ်မြတ်ထံ အပ်နှံ၍ စာပေများကို သင်ကြားစေ၏။ ကျောင်းသားဘဝဖြင့် သင်ကြားအပ်သော သင်ရိုးကျမ်းများ ကုန်ဆုံးသဖြင့် အသက် ၁၅–နှစ်အရွယ်တွင် သာမဏေဘောင်သို့ ဝင်ရောက်ခဲ့၏။ သာမဏေပြုသော အခါတွင် ထက်မြက်စူးရှသော ဉာဏ်ရှိမှုကို အစွဲပြု၍ သျှင်ဉာဏဟု မှည့်ခေါ်လေသည်။ သျှင်ဉာဏသည် သာမဏေဘဝဖြင့် ကျေးစေခန်းရတုကို ရေးသားသည်။

သက္ကရာဇ် ၁၂၂၈–ခုနှစ်တွင် အသက် ၂၀–ပြည့်သဖြင့် ရဟန်းဘဝသို့ ရောက်သည်။ ရဟန်း တစ်ဝါရလျှင် မင်းတုန်းမင်းလက်ထက် ရတနာပုံ မန္တလေးမြို့တော်သို့ ကြွရောက်၍ မဟာဇောတိကာရာမမည်သော စံကျောင်းတိုက်၌ ‘ သုဒဿနဝရ ဓမ္မသာမိ မဟာဓမ္မရာဇဂုရု ’ ဟူသော ပဌမတံဆိပ်၊ ‘ သုဒဿနဓဇ အတုလဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ’ ဟူသော ဒုတိယတံဆိပ်တော်တို့ကို ရရှိတော်မူသော စံကျောင်းဆရာတော်ထံ၌ သီတင်းသုံးလေသည်။

ထိုအချိန်တွင် စံကျောင်းတိုက်ကြီး၌ စာပေတတ်ပွန်သည့် ဆရာတော် နှစ်ပါး ရှိ၏။ တစ်ပါးမှာ အလုံမြို့ သာစည်ရွာသား ဆရာတော် သျှင်ပဏ္ဍိတ ဖြစ်၏။ အခြားတစ်ပါးမှာ စလင်းမြို့သား သျှင်ပဏ္ဍိတ ဖြစ်၏။ ထိုဆရာတော် နှစ်ပါးသည် သံဃာ ၁၀၀၀–ကျော်ကို အုပ်ချုပ်ရသော စံကျောင်းဆရာတော်ကြီး၏ အားကိုးအားထား ပြုရသော စာချဆရာတော်များ ဖြစ်သကဲ့သို့ ပညာအရည်အချင်းမှာလည်း မည်သူက သာသည်ဟု ပြောဆိုရန်ခက်ခဲဘိသည်။ ထို့ကြောင့် သံဃာ့အသိုင်းအဝိုင်းတွင် အလုံပဏ္ဍ်နှင့် စလင်းပဏ္ဍ်ဟူ၍ နှစ်ပဏ္ဍ်ရှိနေရာ “ လုံပဏ္ဍ် လင်းပဏ္ဍ်၊ ဤနှစ်တန်၊ ဘယ်ပဏ္ဍ်သာ၍ တတ်သနည်း။ ” ဟူသော စကားသည် ကျယ်ပြန့်ခဲ့ပေသည်။

ရဟန်းတော် သျှင်ဉာဏသည် ထိုနှစ်ပါးတို့တွင် စလင်းဆရာတော် အရှင်ပဏ္ဍိတ၏ အထံ၌ ပါဠိတော် အဋ္ဌကထာ ဋီကာအဖြာဖြာတို့ကို လေ့လာသင်ကြားလေသည်။ ယင်းသို့ သင်ကြား၍ စာပေပရိယတ်တို့၌ တတ်ကျွမ်းသောအခါ ထိုစံကျောင်းတိုက်မှာပင် ဆန်ထောက်တော်ရ ပဌမစာတော်ချအဖြစ် ဆောက်ရွက်တော်မူသည်။ ထိုသို့ ပို့သနေစဉ် ၁၂၄၁–ခုနှစ်၌ ပါရမီဒီပနီကျမ်းကို ရေးသား ပြုစုတော်မူ၏။

သက္ကရာဇ် ၁၂၄၄–ခုနှစ်၊ ဝါလကျွတ်လျှင် မိမိသီတင်းသုံးရာ စံကျောင်းတိုက်မှ ဖဲခွာခဲ့၍ သလ္လာဝတီမြစ်၏ အရှေ့ဘက် ကမ်းထိပ်ဝယ် သာယာပျံ့ပျူးသော မုံရွာမြို့သို့ ပြောင်းရွှေ့၍ သီတင်းသုံးတော်မူသည်။ ၁၂၄၅–ခုနှစ်တွင် စာသင်သားများကို လက်ခံ၍ စာပေပို့ချတော်မူ၏။ ၁၂၄၈–ခု၊ တပို့တွဲလတွင် မုံရွာမြို့မှ ကုလလေးတာ အပြန် ၅၀၀–အကွာတွင် လယ်တီကျောင်းတိုက်

ကြီးကို တည်ထောင်၍ နေတော်မူသောကြောင့် လယ်တီဆရာတော်ဟု ထင်ပေါ်ကျော်ကြားခဲ့လေသည်။ လယ်တီဆရာတော်သည် ထိုလယ်တီကျောင်းတိုက်ကြီး နေ၍ စာပေပို့ချခြင်း၊ ကျမ်းဂန်ပြု စုခြင်း၊ တရားဓမ္မဟောပြောခြင်းစသော လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူသည်။ ထိုအချိန်တွင် သဒ္ဒါဘက်ဆိုင်ရာ ကျမ်းဖြစ်သော နိရုတ္တိဒီပနီကျမ်းကို ရေးသားတော်မူ၏။ အရပ်ရပ်မှ မေးသော ပုစ္ဆာများကိုလည်း ဝိသဇ္ဇနာပေါင်း များစွာကို ရေးသား၍ ပေးတော်မူရလေသည်။

ဆရာတော်သည် သက္ကရာဇ် ၁၂၅၇–ခု၊ တပို့တွဲလပြည့်ကျော် ခုနစ်ရက်နေ့တွင် ဗုဒ္ဓပွင့်ရာ အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူ၏။ ထိုခရီးတွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ သွားသော မီးရထားပေါ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လင်္ကာများကို ရေးသားသည်။ ရန်ကုန်မြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ကြွရောက်၍ ရာဇဂြိုဟ်ပြည်၊ ကုသိနာရုံပြည်၊ ကာသိတိုင်း ဗာရာဏသီပြည်တို့ကို လှည့်လည်၍ ဘုရားပုထိုးများကို ဖူးမြော်ပူဇော်လေသည်။

မြန်မာပြည်သို့ ပြန်ရောက်လျှင် ဟံသာဝတီနယ် ဒလတောတန်းကြီး၌ တစ်ဝါဆိုတော်မူ၏။ ထိုနှစ် တပေါင်းလတွင် ဒလတောကြီးတန်းမှ ပြန်ကြွခဲ့၍ မိမိနေရာဖြစ်သော လယ်တီတိုက်တော်ကြီးတွင် အတောင် ၆၀–ရှိသော စကြံနကျောင်းတော်၌ နေတော်မူ၏။ ထိုအချိန်တွင် ပရမတ္ထဒီပနီအမည်ရှိသော ဋီကာကြီးကို အပြီးသတ် ရေးသားတော်မူသည်။ ထိုဋီကာကျမ်းကြီး ထွက်ပေါ်လာသော အခါ၌ ပညာရှင်လောကတွင် ချောက်ချားသွားလေသည်။

ဆရာတော်သည် ထိုဋီကာကြီးကို ရေးသားရခြင်းနှင့် စပ်လျဉ်း၍ ဋီကာထဲ၌ ထည့်သွင်းရေးသားထား၏။ မင်းတုန်းမင်းလက်ထက် စံကျောင်းဆရာတော်စသော ကျမ်းဂန်တတ်ဆရာတော်များသည် သီဟိုဠ်ကျွန်း သျှင်သုမင်္ဂလာသာမိ ပြုစုသော အဘိဓမ္မတ္ထဝိဘာဝနီမည်သော ဋီကာကျမ်းနှင့် အင်းဝနရပတိလက်ထက် သျှင်အရိယဝံသ ရေးသားပြုစုသော မဏိမဉ္ဇူသာဋီကာတို့ကို ပို့ချလေ့ မရှိကြဟု ဆိုသည်။ ထိုနှစ်ကျမ်းတို့ကို မချပို့စေရန်လည်း တပည့်များအား ဆုံးမတော်မူသည်။ ထို့ပြင် ဋီကာကျော်ကျမ်းမှာ သီဟိုဠ်နိုင်ငံ၌ အသုံးမပြုကြဟု ဆို၏။ ထိုကျမ်း မြန်မာနိုင်ငံသို့ ရောက်ရှိသွားသည်ကိုပင် သီဟိုဠ်ဆရာတို့က “ ဋီကာအူပေါက်တစ်စောင် မြန်မာပြည်သို့ ရောက်ရှိသွားလေသည်၊ ”ဟု ပြောကြားကြသည်ကို ကြားရဖူးကြောင်း လယ်တီဆရာတော် မှတ်သားရလေသည်။

အထက်ပါ အကြောင်းအချက်အလက်များကို အခြေခံ၍ လယ်တီဆရာတော်သည် ဋီကာကျော်ကျမ်းကို စေ့ငုသေချာစွာ လေ့လာ၍ အမှားအယွင်းတို့ကို တွေ့မြင်လာသောကြောင့် ပရမတ္ထဒီပနီဋီကာကြီးကို ရေးသားရခြင်း ဖြစ်ကြောင်း အဆိုပြုထားသည်။ ထိုဋီကာကြီးမှာ သာသနာနှစ် ၂၄၄၁–ခု၊ မြန်မာနှစ် ၁၂၅၉–ခုနှစ်၌ ရေးသား ပြီးစီးခဲ့လေသည်။

ဆရာတော်၏ ဋီကာကျမ်းကြီး ပေါ်ထွက်လာပြီးနောက် ပညာရှင်အချို့က ရှေးရိုးကျမ်းဖြစ်သော ဋီကာကျော်ကို ပုတ်လတ်ရေးသားသည်ဟု ဆိုကာ မခံရပ်နိုင်ဖြစ်၍ ကျမ်းစာများဖြင့် ပြန်လည်ရေးသား၍ ချေပကြ၏။ ဤတွင် လယ်တီဆရာတော်၏ ဋီကာကို ကြိုက်သူနှင့် မကြိုက်သူဟူ၍ နှစ်မျိုး ကွဲပြားသွား၏။ မကြိုက်သူတို့ဘက်မှ လယ်တီဆရာတော်နှင့် တိုက်ဆိုင်၍ စကားပြောသည်ကို မတွေ့ရပေ။ ကျမ်းစာများဖြင့်သာ ဋီကာကျော်ဘက်မှ ချေပရေးသားကြ၏။ ထိုသို့ချေပ ရေးသားသော ကျမ်းတို့အနက် ထင်ရှားသော ကျမ်းတို့မှာ–

၁။ ချောင်းဦးဆရာတော်ဦးဒီပ ရေးသားသော ပရမတ္ထဝိသောဓနီကျမ်း ။

၂။ တလိုင်းကုန်းဆရာတော်ဦးဝိမလ ရေးသားသော အင်္ကုရဋီကာကျမ်း ။

၃။ ဦးနတ်သား အမည်ခံသူ ရေးသားသော အတိသုန္ဒရဋီကာ ။

၄။ စလေ ကန္နီဆရာတော်ရေးသားသော ဋီကာကျော်ဂဏ္ဌိ ။

၅။ ထိန်တော မိုးညိုဆရာတော်ရေးသားသော အတုလဋီကာ– တို့ ဖြစ်ကြပေသည်။

လယ်တီဆရာတော်သည် ထိုဋီကာကျမ်းကြီးကို ရေးလိုက်သဖြင့် နာမည်လည်းတစ်ဟုန်တည်း ကျော်စောလာလေသည်။ ထို့နောက် လယ်တီဆရာတော်သည် အခါအားလျော်စွာ တောအရပ်ဒေသများသို့ ကြွ၍ သီတင်းသုံးတော်မူ၏။ အိန္ဒိယနိုင်ငံမှ ပြန်လာပြီးနောက် လယ်တီတိုက်၌ နှစ်ဝါ နေပြီးလျှင် ၁၂၆၂–ခုနှစ်တွင် မုံရွာမြို့မှ လေးမိုင်ကွာ လယ်စဉ်ရွာ သူကြီးဆောက်လုပ်သော ဓမ္မိကာရုံတိုက်၌ တစ်ဝါကပ်တော်မူ၏။ ထိုကျောင်း၌ နေစဉ် နိဗ္ဗာနဒီပနီကျမ်းကို ရေးသားတော်မူ၏။

သက္ကရာဇ် ၁၂၆၃–ခုနှစ်တွင် မဟာမြိုင်တောကြီး၌ တစ်ဝါ၊ ၁၂၆၄–ခုနှစ်တွင် သလ္လာဝတီ အနောက်ဘက်ကမ်း ရွှေတာဦးတောင်၌ တစ်ဝါနေတော်မူ၏။ ထို့နောက် မုံရွာမြို့ အနောက် တစ်မိုင်ခန့် ဝေးသော လက်ပန်တောင်းတောင် တောရ၌ ၁၂၆၅–ခုနှစ်တွင် တောရဆောက်တည်တော်မူပြန်သည်။

ဆရာတော်သည် လက်ပန်တောင်းတောင် တောရ၌ နေစဉ် ကင်းဝန်မင်းကြီးက ပင့်ဖိတ်သဖြင့် ၁၂၆၅–ခု၊ တပေါင်းလတွင် မန္တလေးမြို့သို့ ကြွရောက်တော်မူရသည်။ ကင်းဝန်မင်းကြီးသည် ဆရာတော်၏ တရားဓမ္မကို နာကြားရန်အတွက် မိမိအိမ်တော်ဦး၌ ဓမ္မသဘင်ကို ဆင်ယင်တော်မူသည်။ အာနာပါနဒီပနီကျမ်းသည် ကင်းဝန်မင်းကြီး၏ အိမ်တော်ဦးတွင် ရေးသော ကျမ်းဖြစ်ပေသည်။

ထိုမှနောက်တွင်ကား မြန်မာပြည်အရပ်ရပ်သို့ ကြွရောက်၍ နေရာအနှံ့အပြား၌ သီတင်းသုံးတော်မူသည်။ တရားဓမ္မများကိုလည်း အရပ်ရပ်တွင် ဓမ္မသဘင် ဆင်ယင်၍ ဟောကြားတော်မူ၏။ အချို့ပုဂ္ဂိုလ်များကို မေတ္တာစာ၊ တေးထပ်၊ လေးချိုးစသည်တို့ဖြင့် ရေးသားပေး၍ ဆုံးမတော်မူသည်။ ထိုကဗျာများကို ပေါင်းစု၍ နောင်အခါ၌ ဂမ္ဘီရကဗျာကျမ်းအမည်ဖြင့် ထင်ရှားပေါ်ထွက်လာလေသည်။

လယ်တီဆရာတော်သည် မိမိတရားဟောရာ ဒေသများ၌ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကိုသာ မကဘဲ သေရည် သေရက်သောက်သုံးခြင်း၊ နွားသားစားသုံးခြင်းတို့မှ ရှောင်ကြဉ်ကြရန် အထူးအားဖြင့် မေတ္တာရပ်ခံတော်မူ၏။ ၁၂၄၇–ခုနှစ်ကလည်း မုံရွာမြို့မှ ဒါယကာတို့ တောင်းပန်ချက်ဖြင့် နွားမေတ္တာစာကြီးကို ရေးသားခဲ့၏။ ထိုမေတ္တာစာကြီးကို ပုံနှိပ်ဝေငှ၍ မြန်မာပြည်အနှံ့အပြား၌ ကျယ်ပြန့်အောင် ဆောင်ရွက်ခဲ့သည်။ အချို့မှာမူ ထိုမေတ္တာစာကြီးကို နှုတ်တက်ကျက်ဆောင်၍ ဟောပြောကြရာ မြန်မာပြည်၌ နွားသားရှောင်ကြဉ်သူ အများအပြား ပေါ်ထွက်ခဲ့လေသည်။

သေရည် သေရက်နှင့် ပတ်သက်၍လည်း သက္ကရာဇ် ၁၂၄၈–ခုနှစ် နောက်ပိုင်းက စိုင်ပြင်ရွာမှ ကျောင်းဒါယကာ သူကြီး ဦးဆိုင်းသို့ ပေးသော မေတ္တာစာသည်လည်းကောင်း၊ ဒီပဲယင်းမြို့ ဒါယကာများက တောင်းပန်သောကြောင့် ရေးသားသော သေရည်သေရက် မေတ္တာစာသည်လည်းကောင်း အကျိုးအမြတ် များစွာ ပေါ်ထွက်ခဲ့ပေသည်။

ဤကဲ့သို့ အကျိုးကောင်းတရားတို့ကိုသာ ဖန်တီးလုပ်ဆောင်ခဲ့သဖြင့် လယ်တီဆရာတော်အား သက္ကရာဇ် ၁၂၇၇–ခု၊ တန်ဆောင်မုန်းလဆန်း တစ်ရက်နေ့တွင် အင်္ဂလိပ်အစိုးရ လက်ထက်၌ စတင်လှူဒါန်းသော 'အဂ္ဂမဟာပဏ္ဍိတ ' ဘွဲ့တံဆိပ်တော်ကို မန္တလေးမြို့ မင်းတုန်းမင်းတရား၏ ကုသိုလ်တော် ဖြစ်သော သတ္တဋ္ဌာနအဝင်အပါ သုဓမ္မာဇရပ်တော်၌ ရေးအစဉ်အလာရှိသည့်အတိုင်း အခမ်းအနားဖြင့် ပေးအပ်လှူဒါန်းလေသည်။ ထိုဘွဲ့နှင်းသဘင်သည် အင်္ဂလိပ်ခေတ်တွင် အဦးဆုံး ဖြစ်၍ လူပုဂ္ဂိုလ်အပါအဝင် ပညာတတ် ၁၁–ဦးတို့ကို ပေးအပ်ခဲ့၏။

လယ်တီဆရာတော်၏ ပညာရည်သည် အဖက်ဖက်မှ ပြည့်စုံသည်ဖြစ်၍ ဉရောပတိုက် အင်္ဂလန်နိုင်ငံသို့အထိ ကျော်စောတော်မူ၏။ ထို့ကြောင့် လန်ဒန်မြို့မှ ဗုဒ္ဓဘာသာ ပါဠိအသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သူ မစ္စစ်ရိုက်ဒေးဗစ်က ပဋ္ဌာန်းကျမ်းကြီးနှင့် စပ်လျဉ်း၍ အမေးပုစ္ဆာများကို လျှောက်

ထားရာ လယ်တီဆရာတော်က ဖြေကြားပေးရလေသည်။ ထိုဖြေကြားချက်များကို နိုင်ငံခြား ဗုဒ္ဓသာသနာပြု အသင်းကြီး၏ ဒုဥက္ကဋ္ဌဖြစ်သော ပထမကျော် သျှင်ဉာဏမထေရ်မြတ်က အင်္ဂလိပ် ဘာသာသို့ ပြန်ဆို၍ လန်ဒန်မြို့သို့ ပေးပို့ခဲ့လေသည်။ ယခုအခါ ထိုအဖြေကျမ်းသည် ပဋ္ဌာနုဒ္ဒေသဒီပနီဟူသော အမည်ဖြင့် ထင်ရှားရှိပေသည်။ ဤကဲ့သို့ အရပ်ရပ်မှ မေးမြန်းခဲ့သော စာစုများကို စုဆောင်း၍ မှတ်တမ်းတင်ခဲ့သော ဆရာတော်၏ ကျမ်းစု အများအပြား ရှိပေသည်။

သက္ကရာဇ် ၁၂၀၀–ပြည့်လောက်တွင် မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီးမှ ဆရာတော်အား ' ဒီလစ် ' ခေါ် ကျမ်းတတ်ပါရဂူ (ပိဋကတ္တယပါရဂူ) ဘွဲ့တော်ကို ပေးအပ် လှူဒါန်းလေသည်။

ဤကဲ့သို့ သာသနာ့ဝန် စာပေ့ဝန်တို့ကို ထမ်းဆောင်ရင်း သက်တော် ၇၇–နှစ်၊ ဝါတော် ၅၇–ဝါအရ၊ သက္ကရာဇ် ၁၂၈၅–ခု၊ ပထမဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့၊ နှစ်နာရီ မိနစ် ၃၀–ချိန်တွင် ပျဉ်းမနားမြို့၊ သူဌေးဦးလန်း၊ ဒေါ်လေးတို့ ဆောက်လုပ်သော လယ်တီစံကျောင်းကြီးတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရပေသတည်း။

လယ်တီဆရာတော်ကြီးသည် သာမဏေဘဝဖြင့်ကျေးစေခန်းရတုကို ရေးသားခဲ့၍ ရဟန်းဖြစ်သောအခါ နိဿယ၊ ဒီပနီ၊ ဝိနိစ္ဆယ၊ ပုစ္ဆာ ဝိသဇ္ဇနာ၊ မေတ္တာစာ၊ ကဗျာလင်္ကာစသော ကျမ်းပေါင်း ၁၀၀–ကျော်တို့ကို ရေးသားတော်မူခဲ့သည်။ ထိုကျမ်းပေါင်းများစွာတို့မှ ထင်ရှားသော ကျမ်းစာစုတို့ကို ပေါင်းစု ဖော်ပြအပ်ပါသည်။

ပရမတ္ထဒီပနီဋီကာခေါ် သင်္ဂြိုဟ်မဟာဋီကာသစ်၊ နိရုတ္တိဒီပနီ၊ အနုဒီပနီပါဌ်၊ ပဋ္ဌာနုဒ္ဒေသ ဒီပနီ၊ သမ္မာဒိဋ္ဌိဒီပနီ၊ လန်ဒန်ပါဠိဒေဝီပုစ္ဆာဝိသဇ္ဇနာ၊ ဥရောပဗုဒ္ဓဘာသာအလင်းပြ၊ ပဓာနသုတ် ပါဠိတော် နိဿယ၊ အနတ္တဝိဘာဝနာပါဌ် နိဿယ၊ ရူပဒီပနီကျမ်း၊ လက္ခဏဒီပနီကျမ်း၊ ပါရမီဒီပနီ ကျမ်း၊ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း၊ နိဗ္ဗာနဒီပနီကျမ်း၊ မဟာသယနဒီပနီကျမ်း၊ ဥတ္တမပုရိသဒီပနီကျမ်း၊ ပဋိစ္စ သမုပ္ပါဒဒီပနီကျမ်း၊ အာဟာရဒီပနီကျမ်း၊ အနတ္တဒီပနီကျမ်း၊ အနတ္တဒီပနီကျမ်းသစ်၊ ကမ္မဋ္ဌာနဒီပနီ ကျမ်း၊ အာနာပါနဒီပနီကျမ်း၊ စတုသစ္စဒီပနီကျမ်း၊ ဗောဓိပက္ခိယဒီပနီကျမ်း၊ သောမနဿုပေက္ခာ ဒီပနီကျမ်း၊ ဘာဝနာဒီပနီကျမ်း၊ သုကုမာရဒီပနီကျမ်း၊ သစ္စတ္ထဒီပနီကျမ်း၊ သာသနဒါယဇ္ဇဒီပနီကျမ်း၊ ရောဂန္တရဒီပနီကျမ်း၊ ဓမ္မဒီပနီကျမ်း၊ ဒါနာဒိဒီပနီကျမ်း၊ မဂ္ဂင်ဒီပနီကျမ်း၊ ဂေါဏသုရာဒီပနီကျမ်း၊ နိယာမဒီပနီကျမ်း၊ သီလဝိနိစ္ဆယ၊ ဝိရတီသီလဝိနိစ္ဆယကျမ်း၊ ဉာဏပရိဘောဂဝိနိစ္ဆယကျမ်း၊ ဒီဃာသနဝိနိစ္ဆယကျမ်း၊ အသင်္ခါရ သသင်္ခါရဝိနိစ္ဆယကျမ်း၊ သိက္ခာဂဟဏဝိနိစ္ဆယကျမ်း၊ စေတီယင်္ဂဏဝိနိစ္ဆယကျမ်း၊ ဥပသမ္ပဒဝိနိစ္ဆယကျမ်း၊ အာဇီဝဋ္ဌမကသီလ အဆုံးအဖြတ်၊ ဝိကာလ ဘောဇနအဆုံးအဖြတ်၊ သရဏဂုံဝိနိစ္ဆယကျမ်းသစ်၊ ပရမတ္ထသံခိပ်ကျမ်း၊ ဝိနယသံခိပ်ကျမ်း၊ သဒ္ဒသံခိပ်ကျမ်း၊ သင်ပုန်းကြီး သံခိပ်ကျမ်း၊ သတ်ပုံသံခိပ်ကျမ်း၊ ရုပ်ပိုင်းအကျဉ်း၊ နိဗ္ဗာနဝိသဇ္ဇနာ ကျမ်း၊ လယ်တီပုစ္ဆာအဖြေပေါင်းချုပ်၊ သောတာပန်ပုစ္ဆာ၊ သာသနဝိသောဓနီကျမ်း ၃–တွဲ၊ ဓာတ် ကမ္မဋ္ဌာန်းကျမ်းသစ်၊ ဂမ္ဘီရကဗျာကျမ်း၊

**( ကျမ်းကိုး )** လယ်တီမဟာထေရုပ္ပတ္တိကထာကျမ်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ သာသနဗဟုသုတပ္ပ ကာသနီ၊ မြန်မာစာပေသမိုင်း၊ သာသနဝိသောဓနီကျမ်း– ပထမတွဲ နိဒါန်း၊ ဝိနယသမုဟ ဝိနိစ္ဆယကျမ်း၊ သဃဥပဒေနှင့် အမိန့်တော်စာတမ်းများ၊

## ကြောင်ပန်းဆရာတော် ( ၁၂၂၂–၁၈၈ )

ကြောင်ပန်းတောရကျောင်းတိုက်ကြီး၌ စတင်သီတင်းသုံးသောကြောင့် ကြောင်ပန်းဆရာတော်ဟု ခေါ်တွင်ထင်ရှားလာသော ဆရာတော်ကား ဘုတလင်မြို့ကျေး ကျီးပင်ချောင်ရွာ၌ သက္ကရာဇ် ၁၂၂၂–ခု၊ သီတင်းကျွတ်လဆန်း သုံးရက် တနင်္ဂနွေနေ့ ၁၀–နာရီအချိန်တွင် အဖဦးမြ၊ အမိဒေါ်ဒွေးလှိုင်တို့မှ မွေးဖွားသန့်စင်လေသည်။

ဆရာတော်လောင်းလျာ သတိုးသားကို ခြောက်နှစ်သား အရွယ်တွင် မိဘနှစ်ပါးတို့က ရွာဦးကျောင်းဆရာတော် အရှင်မုနိန္ဒထံ၌ အပ်နှံ၍ စာပေပရိယတ်များကို သင်ကြားစေသည်။ လောင်းလျာသတိုးသားသည် ကျောင်းသားဘဝမှာပင် သင်ရိုးကျမ်းစာများ ကုန်ဆုံး၍ ဗေဒင်ကျမ်း နက္ခတ်ကျမ်းတို့ကိုလည်း သင်ကြားသည်။

သက္ကရာဇ် ၁၂၃၆–ခုနှစ်တွင် သျှင်သာမဏေဘောင်သို့ တက်ရောက်တော်မူရာ ဘွဲ့တော်မှာ သျှင်ဣန္ဒကဖြစ်သည်။ သျှင်ဣန္ဒကသည် သာမဏေဘဝဖြင့် စာပေများကို ဆက်လက် သင်ကြားနေစဉ် ဆရာရင်းဖြစ်သော အရှင်မုနိန္ဒ ပျံလွန်တော်မူသည်။ ထိုအချိန်တွင် ဆရာတော် လောင်းလျာသာမဏေသည် အစဆုံးဖြစ်သော 'ဆရာဟာ စာပေတတ်သော်လဲ 'အစချီ သံဝေဂ လေးချိုးကြီးနှင့်တကွ အခြားကဗျာများကို ရေးသား၍ ဆရာတော်၏ ဈာပနတွင် ပူဇော်လေသည်။

လောင်းလျာသာမဏေသည် ဆရာဘုန်းတော်ကြီး၏ ဈာပနကိစ္စတွင် ကိုယ်စွမ်း ဉာဏ် စွမ်းရှိသရွေ့ ဆောင်ရွက်ရသောကြောင့် ကျန်းမာရေးအခြေအနေ ဆိုးရွားလာသဖြင့် ၁၂၃၉– ခုနှစ်တွင် လူဝတ်လဲ၍ ဆေးကုသမှုကို ခံယူရသည်။ ကျန်းမာရေးအခြေအနေ ကောင်းမွန် လာသော အခါ သာမဏေပြန်ဝတ်ရန် ရည်ရွယ်ထားသော်လည်း ထိုစဉ်အတွင်း အဖဖြစ်သူ ဦးမြကွယ်လွန် လေရာ သာမဏေဝတ်ဖို့အရေးမှာ နှောင့်နှေးခဲ့ရလေသည်။

ဆရာတော်လောင်းလျာသည် သာမဏေဝတ်ရန် အရေးကိုသာ ကြံတွေး၍ နေဘိ၏။ သို့ရာတွင် မိခင်ကြီးက သဘောမတူပေ။ ထို့ကြောင့် လူ့ဘဝတွင် ပျော်ပိုက်စေရန် ကြံဆောင် လျက် မိန်းကလေးမိတ်ဆွေများနှင့် နီးစပ်အောင် ဖန်တီးပေးလေ့ ရှိ၏။ တစ်နေ့တွင် ဆုံကုန်းရွာ၌ ပွဲလမ်းသဘင် ကပြရာ ဆွေမျိုးတစ်စုသည် ပွဲသို့ သွားရောက်ကြ၏။ ဆရာတော် လောင်းလျာက လည်း မိမိ နောက်ကလိုက်ခဲ့မည်ဟု ပြောကြားပြီးလျှင် မိခင်မရှိခိုက် 'တဏှာမလို သမုဒယရှောင် သွေကွင်းပါရစေတော့၊ 'အစချီ လေးချိုးကို ရေးသားကာ မိခင်ပြန်လာလျှင် မြင်လောက်သည့်နေ ရာ၌ ထားခဲ့၍ စစ်ကိုင်းတောင်ရိုး ညောင်ပင်သာချောင်တွင် တရားဓမ္မဟောပြနေသော နောင်အခါတွင် လယ်တီဆရာတော်ဟု ကျော်ကြားလာသည့် ဆရာတော် ဦးဉာဏထံတွင် ခိုဝင်၍ သာမဏေပြုလေတော့သည်။

ထိုအခါမှစ၍ ကြောင်ပန်းဆရာတော် လောင်းလျာသည် လယ်တီဆရာတော် သီတင်း သုံးရာ မန္တလေးနေပြည်တော်ရှိ စံကျောင်းတိုက်သို့ လိုက်ပါ၍ နေ့ဝါ ညဝါ သင်ရိုးစာများကို လေ့လာသင်ကြားလေသည်။ သက္ကရာဇ် ၁၂၄၂–ခုနှစ်သို့ ရောက်လျှင် စစ်ကိုင်းတောင် ညောင်ပင် သာချောင် ရေထွက်ကူ၌ သစ်ဆိမ့်ချောင်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ လယ်တီဆရာတော်က ပရိက္ခရာတို့ကို ထောက်ပံ့သဖြင့် ရဟန်းအဖြစ်သို့ ရောက်သည်။

သက္ကရာဇ် ၁၂၄၄–ခုနှစ်လောက်တွင် လယ်တီဆရာတော်သည် ရပ်ရွာသို့ ပြန်ကြွတော် မူရာ ခွင့်ပန်၍ မန္တလေးမြို့တော်၌ပင် နေရစ်ခဲ့၏။ ထိုအချိန်တွင် ဆီးဘန်နီဆရာတော်၏ ကျောင်း၌ စာချ စာသင်အဖြစ် ဆောင်ရွက် သင်ကြားတော်မူသည်။

သက္ကရာဇ် ၁၂၅၃–ခုနှစ် ကဆုန်လလောက်တွင် လယ်တီဆရာတော်သည် မန္တလေးမြို့ သို့ ရောက်ရှိလာရာ၌ ဆရာတော်က မိမိထံတွင် နေ၍ ရဟန်းငယ်များအား စာပေပို့ချရန် တိုက် တွန်းသည်။ သို့ရာတွင် ကြောင်ပန်းဆရာတော်လောင်းလျာသည် တောရဆောက်တည်လျက်

တရားဓမ္မ အားထုတ်ရခြင်းကိုသာ ပိုမိုနှစ်သက်တော်မူသဖြင့် လယ်တီဆရာတော်၏ တိုက်တွန်းချက်ကို တောင်းပန် ပယ်မြစ်တော်မူခဲ့၏။

ထိုနှစ်တွင်ပင် ဆရာတော်သည် မိမိဖွေးဖွားရာ ကျီးပင်ချောင်ရွာရှိ မယ်တော်ထံ သွားရောက်၍ ခေတ္တ သီတင်းသုံးတော်မူသည်။ ၁၂၅၃–ခုနှစ် နယုန်လပြည့်နေ့တွင် ဝရဲတောသို့ ကြွရောက်၍ သီတင်းသုံးတော်မူသည်။ ဆရာတော်သည် ထိုဝရဲတောကြီးထဲ၌ နေစဉ် ကျောင်းဟူ၍ မရှိဘဲ ကျွန်းပင်ကြီး တစ်ပင်၏ ပါးပျဉ်းသစ်ခေါင်းကြီးထဲ၌ နေ၍ တရားဓမ္မကို ပွားများနေသည်ဟု အမှတ်အသားရှိသည်။

ဆရာတော်သည် ထိုတော၌ နေစဉ် ဝရဲ၊ မွန်တော၊ ရွှေလက်စသော ရွာငယ်ကလေးများသို့ ကြွရောက်၍ ဆွမ်းခံရသည်။ ထိုသို့ ဆွမ်းခံရာတွင် တွေ့ကြုံမှတ်သားရသည်တို့ကို အခြေခံ၍ 'ဂေါစရဂါမာမို့ သည်ရွာအရပ်မှာလ၊ တောဝနဘာသာ မြို့ပြည်ရွာအလာမတတ်ရှာလို့၊ 'အစချီ တောရွာခလေ့ လေးချိုးကြီးကို ရေးသားလေသည်။ ထို့နောက်တွင်လည်း ဆရာတော်သည် အခါအားလျော်စွာ ဘဝလွတ်မြောက်မှု ကဗျာများကို အများအပြား ရေးသားတော်မူသည်။

သက္ကရာဇ် ၁၂၆၅–ခုနှစ်တွင် ဘုတလင်မြို့ ကြောင်ပန်းတောရသို့ ကြွရောက်၍ သီတင်းသုံးတော်မူသည်။ ထိုအခါမှ စ၍ ကြောင်ပန်းဆရာတော်ဟူ၍ ထင်ရှားလာလေသည်။ ထို့နောက်တွင်လည်း ဆရာတော်သည် ဂျင်မယ်တောရစသည်တို့၌လည်း အခါအားလျော်စွာ သီတင်းသုံးနေတော်မူသည်။

ကြောင်ပန်းဆရာတော်သည် ထိုထိုတောရများ၌ သီတင်းသုံးနေတော်မူစဉ် ဘဝလွတ်မြောက်မှုအတွက် အားပြုလောက်သော ကျမ်းစာတို့ကိုလည်း ရေးသားတော်မူပါသည်။ ကြောင်ပန်းဆရာတော် ရေးသားသော ကျမ်းစာတို့သည် ခြောက်စောင်မျှ ရှိသည်။ ထိုကျမ်းတို့မှာ–

၁။ ဝိဝဋ္ဋဒီပနီကျမ်း　(၁၂၆၈–၁၂၇၁)
၂။ ဝိပဿနာဒီပနီကျမ်း　(၁၂၇၂)
၃။ သဘာဝဒီပနီကျမ်း　(၁၂၇၃)
၄။ သုံးလောကဒီပနီကျမ်း　(၁၂၇၈)
၅။ ရတနာဒီပနီကျမ်း　(၁၂၇၉)
၆။ ကြောင်ပန်းဟောစဉ်ကျမ်း (၁၂၈၇)

တို့ ဖြစ်ကြပေသည်။

ဆရာတော်၏ ကျမ်းစာတို့ကို နောင်အခါ၌ ပေါင်းစု၍ ရိုက်နှိပ်သဖြင့် 'ကြောင်ပန်းခြောက်စောင်တွဲ 'ဟု ထင်ရှားလေသည်။

ကြောင်ပန်းတိုက်ကြီးကို စတင်တည်ထောင်တော်မူသော ကြောင်ပန်းဆရာတော်ကြီးသည် သက္ကရာဇ် ၁၂၈၈–ခု၊ ပြာသိုလဆန်း သုံးရက်နေ့တွင် ပျံလွန်တော်မူခဲ့ရှာသတည်း။

**(ကျမ်းကိုး)** ပထမကြောင်ပန်းဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိကို ဖော်ပြသော ကြောင်ပန်းအလင်းစာအုပ်၊

## ရွှေဟင်္သာတောရဆရာတော် ( ၁၂၃၅–၁၃၀၉ )

ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် ဆရာတော်ကြီးသည် ပဲခူးမြို့နယ် ကျောက်တန်းရွာ၌ သက္ကရာဇ် ၁၂၃၅–ခု၊ တပေါင်းလဆန်း ၁၀–ရက် ဗုဒ္ဓဟူးနေ့ နံနက်လေးနာရီ အချိန်တွင် အဖလေ့သူကြီး ဦးအောင်လု၊ အမိ ဒေါ်အောင်တို့မှ မွေးဖွားသည်။ ငယ်မည်မှာ မောင်ညဏ်ဖြစ်၏။ သားသမီး ရှစ်ယောက်အနက် မောင်ညဏ်မှာ သတ္တမမြောက် ဖြစ်ပေသည်။

အသက် ခုနစ်နှစ် ရောက်သောအခါ ရွာလယ်ကျောင်းဘုန်းတော်ကြီး ထံ၌ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ နမက္ကာယ၊ ပရိတ်ကြီး စသည်တို့ကို သင်ကြားဆည်းပူးသည်။ ထို့နောက် အသက် ၁၄–နှစ်သား အရွယ်တွင် မိဘနှစ်ပါးတို့က ရန်ကုန်မြို့ ပုဇွန်တောင်ရှိ အစိုးရအင်္ဂလိပ်ကျောင်း၌ အပ်နှံကာ လောကီပညာများကို သင်ကြားစေသည်။

အသက် ၁၇–နှစ်အရွယ်သို့ ရောက်လျှင် မိဘများက သျှင်သာမဏေဘောင်သို့ သွတ်သွင်းချီးမြှင့်ကြ၏။ သာမဏေ၏ ဘွဲ့တော်မှာ သျှင်ဝါယာမ ဖြစ်သည်။ သာမဏေသျှင်ဝါယာမသည် ပါရမီသမ္ဘာရ ပြည့်ဝသော သတိုးသား ဖြစ်သည့်အလျောက် သာသနာဘောင်၌ပင် ပျော်မွေ့လှသဖြင့် တစ်သက်ပတ်လုံး နေထိုင်တော့မည်ဟု ဆုံးဖြတ်မိ၏။ ထို့ကြောင့် အသက် ၁၈–နှစ်သား အရွယ်တွင် ဆရာတော်ထံ ခွင့်ပန်၍ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးထံသို့ ခိုဝင်ကာ စာပေပရိယတ်များကို သင်ကြားဆည်းပူးလေသည်။

ယင်းသို့ ကျောင်းတော်ရာဆရာတော်ကြီးထံ၌ ပိဋကတ်ကျမ်းစာ အဖြာဖြာတို့ကို သင်ကြားဆည်းပူးတော်မူစဉ် အသက် ၂၀–ပြည့်သဖြင့် သက္ကရာဇ် ၁၂၅၅–ခု၊ ဝါဆိုလဆန်း ၁၃–ရက်နေ့ သုံးနာရီအချိန်တွင် ကျောင်းတော်ရ ရွှေကျင်ဆရာတော်ကြီးကို ဆရာပြု၍ ရွှေကျင်တိုက် သိမ်တော်၌ ရဟန်းအဖြစ်သို့ ရောက်သည်။

ရဟန်းတော် ဦးဝါယာမသည် မူလကပင် ဇဝနပဋိဘာန် ထက်သန်သော ဉာဏ်ရှိတော်မူခြင်း၊ လုံ့လဝီရိယထက်သန်ခြင်း စသော ဂုဏ်အင်္ဂါများကြောင့် ရဟန်းသိက္ခာတော် လေးဝါအရတွင် ဆရာတော်ကြီးက ဂဏဝါစက စာချအဖြစ် ချီးမြှောက်ခြင်းကို ခံတော်မူရ၏။

သက္ကရာဇ် ၁၂၆၂–ခု၊ တပေါင်းလဆန်း ၁၂–ရက်နေ့တွင် ကျောင်းတော်ရာ ဆရာတော်ကြီးသည် ညောင်တုန်းမြို့သို့ ကြွရောက်၍ ရွှေဟင်္သာတောရကျောင်းတိုက်ကြီးကို တည်ထောင်တော်မူလေသည်။ ထိုအခါ ရှစ်ဝါမျှသာ ရှိသေးသော ရဟန်းတော် ဦးဝါယာမကိုပါ ပိဋကတ်စာပေတို့၌ စိတ်ချရသူ ဖြစ်၍ တပါတည်း ခေါ်ဆောင်ခဲ့သည်။ ဆရာတော်က ဦးဝါယာမအား တိုက်အုပ်ဆရာတော်အဖြစ် ချီးမြှောက်တော်မူ၍ ကျောင်းတိုက်အတွင်းရှိ သံဃာတော်များကို အုပ်ချုပ်ရန် လွှဲအပ်တော်မူသည်။ တစ်ဖက်မှ စာပေပရိယတ်များကိုလည်း ပို့ချတော်မူရသည်။

တိုက်အုပ်ဆရာတော် ဦးဝါယာမသည် မြန်မာစာ၊ ပါဠိစာပေတို့၌သာ မကဘဲ သက္ကတစာပေ၊ ဟိန္ဒီစာပေတို့၌လည်း တတ်မြောက်ကျွမ်းကျင်တော်မူသည်။ ဤသို့ဖြင့် ဘာသန္တရစာပေတို့ကိုလည်း လေ့လာပို့ချတော်မူရင်း ရဟန်းသိက္ခာ ၁၈–ဝါအရတွင် ကျောင်းတော်ရာဆရာတော်ကြီးက စံကျောင်းဆရာတော်ဟူသော ဘွဲ့မည်ဖြင့် ချီးမြှောက်၍ ရွှေဟင်္သာတောရကျောင်းတိုက်ကြီးကိုလည်း လွှဲအပ်တော်မူသည်။ ထိုအခါမှ ရဟန်းတော် ဦးဝါယာမသည် ရွှေဟင်္သာတောရစံကျောင်းဆရာတော် ဟူ၍ ထင်ရှားလာလေသည်။

ရွှေဟင်္သာတောရ စံကျောင်းဆရာတော်သည် သက္ကရာဇ် ၁၂၈၅–ခုနှစ်တွင် ရွှေဟင်္သာနိကာယ ဥပဒေပြု ဂဏပါလကအဖြစ် တာဝန်ယူ ဆောင်ရွက်တော်မူရ၏။ ၁၂၉၇–ခုနှစ်တွင် နယ်လှည့် သာသနာပြုအဖြစ်လည်း ဆောင်ရွက်တော်မူ၏။ ဤသို့ အကျိုးပြုလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူသောကြောင့် သက္ကရာဇ် ၁၂၉၉–ခု၊ ခရစ်နှစ် ၁၉၃၈–ခုနှစ်တွင် မြန်မာနိုင်ငံ အင်္ဂလိပ်ဘုရင်ခံဖြစ်သော အော်နာရေဘီ ဆာ အာချီဘော ဒေါ့ကလ်(ခ်)ကော့ကရိမ်းက ဆက်ကပ်

သော ' အဂ္ဂမဟာပဏ္ဍိတ ' ဘွဲ့တံဆိပ်ကို လက်ခံရရှိတော်မူလေသည်။

ဆရာတော်သည် သက်တော် ၆၈–နှစ်၊ သိက္ခာတော် ၄၉–ဝါ အရတွင် ရွှေကျင်မြို့အနီး ရွှေဟသ်ာကျောင်းတိုက်သစ်ကို တည်ထောင်တော်မူ၍ တောရကျင့်သုံး ဆောက်တည်တော်မူသည်။ ထိုအချိန်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသဖြင့် တပည့်ရင်းခြာ ရဟန်းသျှင်လူတို့က သွားရောက်ပင့်ဆောင်ကြသဖြင့် မူလဋ္ဌာနဖြစ်သော ညောင်တုန်းမြို့ ရွှေဟသ်ာတောရတိုက်ကြီးသို့ ပြန်လည် သီတင်းသုံးတော်မူလေသည်။

သက္ကရာဇ် ၁၃၀၈–ခု၊ တပေါင်းလတွင် တောင်ကြီးမြို့ အောင်မြေသာစည်ကျောင်းတိုက်၌ ကျင်းပပြုလုပ်သော သာသနာတော်လုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း သံဃာ့အစည်းအဝေးကြီးမှ ရွှေဟသ်ာတောရဆရာတော်အား ' ရွှေကျင်နိကာယဥပဥက္ကဋ္ဌမဟာနာယက ' ဆရာတော်အဖြစ် တင်မြှောက်တော်မူကြလေသည်။

ဆရာတော်သည် မြန်မာပြည်အရပ်ရပ်မှ လာရောက်ကြသော စာသင်သားများအား စာပေပို့ချတော်မူရင်း တစ်ဖက်ကလည်း လူများအတွက် အဓိကရည်ညွှန်း၍ ကံဉာဏ်ဝီရိယအဖွင့်ကျမ်း၊ မင်္ဂလာအဖွင့်ကျမ်း၊ သမ္ဗုဒ္ဓါအဖွင့်ကျမ်း၊ မေတ္တာအဖွင့်ကျမ်း၊ အပရိဟာနိယအဖွင့်ကျမ်း၊ လောကနီတိအဖွင့်ကျမ်းတို့ကို ရေးသားတော်မူသည်။ လူတို့အတွက် ထာဝရကျင့်ဆောင်ဖွယ်ရာဖြစ်သော တရားတို့ကို နှုတ်ငုံဆောင်နိုင်စေရန်အတွက် ' လူ့ကျင့်ဝတ်ကဗျာများ ' ကိုလည်း ရေးသားတော်မူသည်။

ပဋိပတ်နှင့် စပ်၍လည်း ကျမ်းဂန်မကျေပွန်သော ရဟန်းသျှင်လူတို့ ကျင့်စဉ်လမ်းများ တိမ်းပါချွတ်ချော်မှု မရှိစေရန် ရည်သန်၍ ကမ္မဋ္ဌာနဝိနိစ္ဆယ၊ စေတိယဝိနိစ္ဆယ၊ ပရိဝါသမာနတ္တာဒိဝိနိစ္ဆယစသော အဆုံးအဖြတ်ကျမ်းများကို ရေးသားတော်မူသည်။ ထို့ပြင် စာသင်သားတို့အတွက် အလင်္ကာနိဿယသစ်နှင့် မဂဓမြန်မာအဘိဓာန်ကျမ်းကြီးကိုလည်း ရေးသားပြုစုတော်မူခဲ့ပေသေးသည်။

ဤသို့လျှင် လောကအကျိုး သာသနာတော်အကျိုးကို ဆောင်ရွက်တော်မူသော ရွှေဟသ်ာတောရဆရာတော်ကြီးသည် သက္ကရာဇ် ၁၃၀၉–ခုနှစ် ဝါခေါင်လပြည့်ကျော်တစ်ရက် စနေနေ့ နံနက်လေးနာရီ မိနစ် ၂၀–အချိန်တွင် ကမ္ဘဇရပ် ချုပ်ငြိမ်း၍ တစ်ဘဝခန္ဓာဝန်ကို ရုပ်သိမ်းတော်မူခဲ့ရလေသည်။

**( ကျမ်းကိုး )** လူ့ကျင့်ဝတ်နိဒါန်းလာ စံကျောင်းဆရာတော်အတ္ထုပ္ပတ္တိ၊ ရွှေကျင်နိကာယမှတ်တမ်း၊

## လယ်တီပဏ္ဍိတ ( ၁၂၄၀–၁၃၀၁ )

အမျိုးသားစာပေခေါင်းဆောင်ကြီး ဖြစ်သော လယ်တီပဏ္ဍိတဦးမောင်ကြီးသည် အထက်မြန်မာပြည် မုံရွာမြို့တောင်ဘက် ခုနစ်မိုင်ကွာ ချောင်းဦးမြို့အနီး ညောင်ဖြူပင်ပင်ရွာ၌ မြန်မာသက္ကရာဇ် ၁၂၄၀–ပြည့်နှစ်၊ တပိုတွဲလဆန်း ကိုးရက် ( ၁၈၇၉–ခု၊ ဇန်နဝါရီလ ၃၀–ရက်) နံနက်ငါးနာရီ အချိန်တွင် ဖွားမြင်ခဲ့လေသည်။ မွေးနံမှာ ကြာသပတေးတည်း။

အဖမှာ ညောင်ဖြူပင် အလယ်ပိုင်းမှ မြေပိုင်ရှင်ကြီး ဦးရောက်ဖြစ်၍ အမိမှာ ဒေါ်ထပ် ဖြစ်၏။ ဖခင်ဦးရောက်သည် အိမ်ထောင်ကြီးပျက် ဖြစ်၍ အသက် ၆၀–ခန့်ရှိမှ အိမ်ထောင်သစ်ကို ထူထောင်ခြင်း ဖြစ်၏။ ဒေါ်ထပ်မှာလည်း ငယ်စဉ်က မင်းတုန်းမင်းတရား၏ အပျိုတော် စာတော်ဖတ်အဖြစ် အမှုတော်ထမ်းခဲ့ရာ အသက် ၄၀–အရွယ်အထိ အိမ်ထောင်မပြုဘဲ နေခဲ့သူ ဖြစ်၏။ မုံရွေးသူ ဖြစ်သည်ဟုလည်း ဆိုကြသည်။ ၎င်းတို့သည် အသက်အရွယ် ရင့်မှ အိမ်ထောင်ကို ထူထောင်ကြရာ သားရတနာကို ဖွားမြင်ချိန်၌ ဒေါ်ထပ်မှ ၄၂–နှစ် အရွယ် ရှိခဲ့ပြီ ဖြစ်သည်။

ဦးရောက်နှင့် ဒေါ်ထပ်တို့က တစ်ဦးတည်းသော သားရတနာကို မောင်သန့်စင်ဟူ၍ မှည့်ခေါ်ကြကုန်၏။ မောင်သန့်စင် ငါးနှစ်သား အရွယ်တွင် ဖခင်ဦးရောက်က ကျောင်းအပ်နံ့မည် ပြုသော်လည်း မိခင်ဒေါ်ထပ်က မခွဲနိုင်ဟု ဆိုသဖြင့် ခုနစ်နှစ်သား အရွယ်ရောက်မှ ကျောင်းသို့ အပ်နံ့ရလေသည်။ မောင်သန့်စင် ရှေးဦးစွာ နေသောကျောင်းမှာ လူမည် ဦးရန်ကင်း၊ ရဟန်းဘွဲ့ ဦးဂမ္ဘီရ သီတင်းသုံးသော ညောင်ဖြူပင်ရွာ မရန်းပင်ကျောင်း ဖြစ်သည်။

မောင်သန့်စင်သည် ကျောင်းသို့ ရောက်၍ တစ်နှစ်မျှအကြာတွင် သင်ပုန်းကြီးမှ စ၍ မင်္ဂလသုတ် ပရိတ်ကြီးတို့ကို အပြီးတိုင် သင်ကြားလေသည်။ ဓမ္မနီတိချိုးနှင့် လောကနီတိတို့ကိုလည်း ကုန်စင်အောင် ပြန်ဆိုနိုင်သည်။ ထိုအချိန်က ကျက်ဆောင်ခဲ့သော စဥ့်ပါဆရာတော်၏ ဓမ္မနီတိချိုး ကဗျာများသည် မောင်သန့်စင်၏ ဝမ်းတွင်းသို့ ရှေးဦးစွာ သန္ဓေကျရောက်ခဲ့ခြင်း ဖြစ်ပေသည်။

အသက်ကိုးနှစ် အရွယ်သို့ ရောက်လျှင် မိဖနှစ်ပါးတို့က သာမဏေဘောင်သို့ သွတ်သွင်း ပေးကြသည်။ ထိုအခါ ဆရာဘုန်းတော်ကြီး ဦးဂမ္ဘီရက သာမဏေဘွဲ့ကို သျှင်ပဏ္ဍိစ္စဟု မှည့်ခေါ် တော်မူသည်။ သာမဏေပြု၍ မကြာမြင့်မီပင် မိခင်ဒေါ်ထပ်မှာ ၉၆–ပါးသော ရောဂါဖြင့် ကွယ်လွန်ခဲ့ရရှာသည်။

သာမဏေသျှင်ပဏ္ဍိစ္စသည် ငယ်ရွယ်စဉ်မှာပင် မိသဆိုးဘဝနှင့် ကြုံတွေ့ခဲ့ရ၏။ မိခင် မရှိတော့ပြီ ဖြစ်၍ ဖခင်ဦးရောက်မှာလည်း အသက်အရွယ် ကြီးရင့်သဖြင့် ပြုစု စောင့်ရှောက်မည့် သူ မရှိသောကြောင့် သျှင်လိပ်ပြန်၍ ဖခင်ကြီးနှင့် အတူ နေထိုင်ရလေသည်။ သို့ရာတွင် စာပေသင် ကြားမှုကိုမူ မပျက်ယွင်းစေဘဲ ကျောင်းသို့ သွား၍ သဒ္ဒါ သင်္ဂြိုဟ် စသည်တို့ကို သင်ကြားအားထုတ် လေသည်။

မောင်သန့်စင်သည် ဖခင်အိုကြီးနှင့် ဆိုးတူ ကောင်းဖက် နေထိုင်ခဲ့ရာ အသက် ၁၃– နှစ်သားအရွယ်တွင် ဖခင်ဦးရောက်မှာလည်း သင်္ခါရသဘောအရ ရွေ့လျော စုတိသွားပြန်လေသည်။ ထိုအခါ မောင်သန့်စင်မှာ မွေးချင်းရင်းချာကလည်း မရှိသဖြင့် လောကအလယ်တွင် မျက်စိသူငယ် နှင့် ကျန်ရစ်ခဲ့ရ၏။ ထို့ကြောင့် မောင်သန့်စင်သည် အားကိုးရာမဲ့ ဖြစ်နေရာမှ ဖခင်၏ ပထမအိမ် ထောင်မှ မွေးဖွားသော အဖေစုံ အမေကွဲတော်သူ အစ်မကြီးများထံ၌ ခိုဝင်၍ နေခဲ့ရ၏။ ထိုချိန်တွင် မောင်သန့်စင်သည် အသက်အရွယ်အားဖြင့် ၁၄–နှစ်မျှ ရှိခဲ့လေပြီ။

ဤကဲ့သို့ နေထိုင်ခဲ့ရသော်ဘည်း မောင်သန့်စင်သည် မိဘမေတ္တာနှင့် ဝေးကွာခဲရ သဖြင့် ပျော်ပိုက်ခြင်း မရှိပေ။ မောင်သန့်စင်သည် မိမိ၏ လက်ရှိဘဝကို ငြီးငွေ့လာရာမှ သင်္ကန်းပြန်ဝတ်ရလျှင် ကောင်းလိမ့်မည်ဟု ကြံစည်မိသောကြောင့် ဆရာဘုန်းတော်ကြီး ဦးဂမ္ဘီရထံတွင် သာမဏေပြန်ဝတ်လေတော့သည်။

သာမဏေဝတ်ဖြင့် တစ်ဝါမျှနေပြီးသော် မပျော်ပိုက်ပြန်သဖြင့် လူဝတ်လဲခဲ့ပြန်သည်။ ထိုအခါတွင် အစ်မဖြစ်သူတို့ အထံ၌ မနေတော့ဘဲ ကျောင်းနေဖက် သူငယ်ချင်းဖြစ်သူ မောင်ဖိုးခင်တို့ အိမ်၌ ကပ်၍ နေခဲ့၏။ မောင်ဖိုးခင်သည် မောင်သန့်စင်ထက် အသက်အနည်းငယ် ကြီး၏။ မောင်ဖိုးခင်သည် အပ်ချုပ်စက်ဖြင့် အဝတ်အထည်များကို ချုပ်လုပ်၍ အသက်မွေးသူ ဖြစ်ရာ မောင်သန့်စင်လည်း ထိုအလုပ်ကိုပင် ကူညီ၍ လုပ်ကိုင်နေခဲ့၏။ မောင်ဖိုးခင်က အင်္ကျီချုပ်လျှင် မောင်သန့်စင်က ကြယ်သီးတပ် ရသည်။ မောင်သန့်စင်၏ မိဘများသည် တောဒေသအလိုက် မြေယာများနှင့် အတွင်းပစ္စည်းများ ရှိခဲ့သည်မှန်သော်လည်း မောင်သန့်စင်သည် ထိုပစ္စည်းများကို စုံမက်ရန် အခွင့်အရေး မရှိခဲ့ပေ။

ဤသို့ လူဝတ်လဲ၍ နှစ်နှစ်ခန့် နေပြီးလျှင် သာသနာ့ဘောင်သို့ ဝင်ရောက်ရန် အကြောင်းက ဖန်လာပြန်သည်။ အကြောင်းကား ဤသို့တည်း။ ဆရာဘုန်းတော်ကြီးကျောင်းသို့ မကြာခဏ လာရောက် လည်ပတ်လေ့ရှိသော ဦးလက္ခဏဆိုသည့် ဘုန်းတော်ကြီးတစ်ပါး ရှိသည်။ ဦးလက္ခဏသည် ကျောင်းသို့ အလည်ကြွလာစဉ် ဘုန်းတော်ကြီးဦးဂမ္ဘီရက မောင်သန့်စင်နှင့် ပတ်သက်၍ ဉာဏ်ကောင်းကြောင်း၊ ပညာစွမ်း ရှိကြောင်း ချီးမွမ်း ပြောကြားသည်။ ဦးလက္ခဏကလည်း မောင်သန့်စင်ကို သိကျွမ်းခင်မင်လျက် ရှိ၏။ ထိုဘုန်းတော်ကြီးသည် ကျောင်းသို့ အလည်ရောက်ရှိလာရာ မောင်သန့်စင် လူဝတ်လဲနေသဖြင့် ကျောင်းသို့ ခေါ်၍ သင်္ကန်းပြန်ဝတ်ရန် တရားချ ဆုံးမလေသည်။ ထိုအခါ မောင်သန့်စင်က " တပည့်တော် သင်္ကန်းပြန်ဝတ်၍ ပညာသင်ရလျှင် ဝတ်ပါမည်၊ " ဟု ကတိပေးသည်။ ထိုကတိအတိုင်း လက်ခံ၍ သျှင်သာမဏေ ပြုပြီးလျှင် ဘုန်းတော်ကြီး ဦးလက္ခဏသီတင်းသုံးရာ ဖိုးဝန်းတောင်သို့ လိုက်ပါလာခဲ့လေသည်။

မောင်သန့်စင်သည် စာပေသင်ကြားရမည်ဆို၍ လိုက်ပါလာခဲ့သော်လည်း တကယ် တမ်းမူ ဘာမျှ သင်ကြားရသည် မဟုတ်ပေ။ ဗာဟိရလုပ်ငန်းများဖြင့်သာ အချိန်ကုန်နေခဲ့ရာ ကြာသော် စိတ်မပျော်တော့သဖြင့် လူထွက်၍ မိမိရပ်ရွာသို့ ပြန်လာခဲ့လေသည်။ ရွာရောက်လျှင် သူငယ်ချင်းဖြစ်သူနှင့်သာ စက်ချုပ်အကူအညီဖြင့် နေပြန်သည်။ ထို့ပြင် မိမိသင်ကြား တတ်မြောက် ထားသော ဗေဒင်လက်ရိုးနည်းဖြင့် ဇာတာဖွဲ့၍ တစ်ဖက်မှ ဝင်ငွေရရန်ကိုလည်း ကြိုးစားရပြန် လေသည်။

ထိုအချိန်တွင် သူငယ်ချင်း မောင်ဖိုးခင်သည် အိမ်ထောင်ပြုလိုက်လေသည်။ ထိုအခါ မောင်သန့်စင်အတွက် နေထိုင်စရာ အခက်အခဲနှင့် ရင်ဆိုင်လာရပြန်သည်။ သူငယ်ချင်း ဖြစ်သူက စိတ်သဘောထားကြီးစွာ လက်ခံထားသော်လည်း ဇနီးဖြစ်သူက စိတ်သဘောထား မကြီးလျှင် ဝမ်းနည်းစရာနှင့် ကြုံရပေဦးမည်။ သို့နှင့် ခိုကိုးရာမဲ့ ဖြစ်နေချိန်ဝယ် မောင်ဖိုးခင်၏ ဖခင်ကြီး ဦးဖျော်က မုံရွာမြို့ တောင်မျက်နှာ ရွာထောင်တောရ၌ နေသော ဘုန်းကြီးဦးကဝိထံ သွားရောက် နေလိုက ပို့ပေးမည် ဖြစ်ကြောင်း ပြောကြားသည်။ မောင်သန့်စင်သည် မိမိအတွက် အားကိုးစရာ မရှိတော့သည့်အဆုံးတွင် ထိုကျောင်းသို့ပင် ပို့ပေးရန် ပြောကြားပြီးနောက် ဦးကဝိထံ၌ပင် သာမဏေ ဝတ်၍ နေရပြန်လေသည်။

သာမဏေသျှင်ပဏ္ဍိစ္စသည် ဦးကဝိထံ၌ နေစဉ်လည်း ဗာဟိရကိစ္စတို့ဖြင့်သာ အချိန်ကုန် နေရပြန်သည်။ မိမိသင်ကြားလိုသော စာပေနှင့်ကား မနီးစပ်နိုင်သေး။ အသက်အားဖြင့် ၁၈- နှစ်ခန့် ရှိခဲ့သော်လည်း စာပေအသိမှာကား ငယ်စဉ်က အသိထက် ထူးခြား၍ သိမလာပေ။ မိမိသည် စာပေသင်ကြားရမည့် နေရာတစ်ခုသို့ သွားမှ သင့်မည်ကို သိသည်။ သို့ရာတွင် မည်သည့်နေရာသို့ သွားရမည်ကိုကား မသိချေ။ ထို့ကြောင့် ဘုန်းတော်ကြီးဦးကဝိထံ စာသင်သွားလိုကြောင်း အတန်တန် လျှောက်ထားတောင်းပန်ရသည်။ ထိုအခါ ဘုန်းတော်ကြီး ဦးကဝိသည် မုံရွာမြို့ လယ်တီတောရတိုက်မှ လယ်တီဆရာတော်ကြီးထံသို့ သက္ကရာဇ် ၁၂၅၈-ခု၊ တပေါင်းလဆန်း ရှစ်ရက်နေ့တွင် သွားရောက် အပ်နှံပေးလေသည်။

လယ်တီတိုက်ကြီးသို့ ရောက်ရှိပြီးနောက် လယ်တီဆရာတော်ကြီးက ဘွဲ့တော်ကို သျှင်ပဏ္ဍိတဟု အသစ်မှည့်ခေါ်တော်မူသည်။ သာမဏေသျှင်ပဏ္ဍိတသည် မိမိသင်ကြားလိုသော စာပေတို့ကို သင်ကြားနိုင်ပြီဖြစ်၍ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ရူပသိဒ္ဓိ၊ နေ့ဝါ ညဝါတို့ကို တစ်နှစ်အတွင်းမှာ ပင် ကုန်စင်အောင် တတ်မြောက်လေသည်။ ထိုအခါ လယ်တီဆရာတော်ကြီးက "ပဏ္ဍိတဟာ တကယ့်လူ၊ သူများတွေ သုံးလေးနှစ် သင်ရတဲ့ စာကို သုံးလေးလနှင့် တက်နိုင်သည်၊ လူနုသလောက် ဉာဏ်က ရင့်ပါပေသည်၊ ဆွမ်းမခံနှင့်၊ ငါ့ကျောင်းမှာ စား၍ စာသင်ရမည်၊ "ဟု မိန့်တော်မူသည်။

ဤကဲ့သို့ ဆရာတော်ကြီးကိုယ်တိုင်ကလည်း အားပေးတော်မူသဖြင့် ပိုမိုအားတက်လာ ကာ ဆထက်တန်ဘိုး ကြိုးစားသင်ကြားရာ လယ်တီတိုက်ကြီး၌ စာတော်ကိုရင်ဟု ထင်ရှားလာ လေသည်။ သျှင်ပဏ္ဍိတသည် ပိဋကတ်စာပေတို့ကို လေ့လာသင်ကြားရင်း တစ်ဖက်ကလည်း မြန်မာစာစီစာကုံး အတတ်တို့ကို လေ့ကျင့်ပြန်သည်။ ကျေးဇူးရှင် လယ်တီဆရာတော်ကြီး ကိုယ်တိုင်ကလည်း စာဆိုရှင်ကြီး ဖြစ်သည့်အလျောက် ဆရာတော် ရေးသား ဖွဲ့ဆိုထားသောမေတ္တာ စာ၊ တေးထပ်စသည်တို့ကို အမှီပြု၍ စမ်းသပ်ရေးသားလေသည်။ ထိုသို့ စမ်းသပ်ရေးသားသော သာမဏေသျှင်ပဏ္ဍိတ၏ ဘဝ၌ အစဦးဆုံးဖြစ်သော ကဗျာမှာ လယ်တီတိုက်ကြီးကို ဖွဲ့ဆိုသော တေးထပ်ဖြစ်၏။ လယ်တီပဏ္ဍိတ၏ လက်ရာဖြစ်သော အစဦးလက်ရာကို ဤသို့ တွေ့ရပေသည်။

"နန္ဒမူ ဖလ်ဂူကွေ့၊ ဉာဏ်ယူမွေ့စံဘွယ်၊ ရန်မြူငွေ့ အန္တရာယ်မှာ၊ မှန်တကယ် သန့် ရှင်း၊ ။ ယောဂီမူ ပဒေသာငယ်၊ ဇေကစာကျင့်တဲ့သတင်း၊ ။ မဟာဝုန့် စုန်မြိုင်လို၊ ထုံဂနိုင် ပင်မင်း၊ ။ ရဂုံလှိုင် သဇင်သင်း၊ မြအင်ကြင်း ကံ့ကော်၊ ။ တိုက်လယ်တီ မည်ပြဆန်း၊ သည် ဥဒါန်း စိုက်လို့ထင်ပေါ်၊ ။ ပညာညွှန့် ပွင့်တုန်းမျှော်တယ်၊ ရှင့်ဘုန်းတော် ထိန်လင်းလို့၊ ရဝိန်မင်း ဒေါင်းနေ့စကြာ၊ သောင်းမြွေလက်ျာ၊ ။ ဇေတဝန့် ကျောင်းဝိဟာလို၊ သောင်းဒီပါ ထင်ရှားဘို့လေး။ ။"

သာမဏေသျှင်ပဏ္ဍိတသည် စာပေပညာ၌ အကျော်တစော ဖြစ်လာသည့် အလျောက် အသက် ၂၀–ပြည့်၍ ရဟန်းပြုရန် အချိန်သို့ ရောက်လာသောအခါ ရဟန်းဒါယကာ ပြုလုပ်လိုသူတို့ ပေါများလှဘိ၏။ မုံရွာမြို့မှ ဦးလူကြီး၊ ဒေါ်ရွှေအိမ်တို့ကလည်းကောင်း၊ မိမိဇာတိဖြစ်သော ညောင် ဖြူပင်အနီး ညောင်ပင်သာရွာသစ်မှ သူငယ်ချင်း မောင်ဖိုးခင်၏ ဖခင်ဦးဖျော်ကလည်းကောင်း၊ မုံရွာမြို့အရှေ့ လယ်စဉ့်ရွာ သူကြီးနှင့် ဆွေမျိုးများကလည်းကောင်း ရဟန်းဒါယကာ ပြုလုပ်ရန် တောင်းခံကြ၏။ ထိုသူတို့သည် သူ့ထက်ငါ အလုအယက် ဖြစ်နေကြသဖြင့် စေ့စပ်၍ မရနိုင်ဘဲ ရှိနေတော့သည်။ ထို့ကြောင့် သက္ကရာဇ် ၁၂၆၀–ပြည့်၊ တပေါင်းလဆုတ် ရစ်ရက်နေ့တွင် လယ်တီ ဆရာတော်ကြီးက မိမိကိုယ်တိုင် ပရိက္ခရာ စိုက်ထုတ်၍ မည်သူမျှ မသိစေဘဲ တိတ်တဆိတ် ရဟန်း ခံပေးလိုက်ရလေသည်။

ဆရာတော်သည် ရဟန်းတော် သျှင်ပဏ္ဍိတအား ယုံကြည်ကိုးစားသည့်အလျောက် အထူးအားဖြင့် ချီးမြှောက်တော်မူ၏။ ရဟန်းတို့၏ အသုံးအဆောင် မှန်သမျှကို လိုလေသေးမရှိ အောင် ထောက်ပံ့ပေးထားသည်။ လယ်တီဆရာတော်က ဤမျှလောက် မြှောက်စားသဖြင့် အချို့ ရဟန်းတော်များက မရှုစိမ့်နိုင်အောင် ဖြစ်လာသည်။ ထိုအကြောင်းကို ဆရာတော်ကြီး သိသဖြင့် သံဃာတော်များအလယ်မှာ တရားဟောသော အခါ၌ "တပည့်တို့–နွားခြံထဲမှာ နွားတွေ အမျိုးမျိုး ရှိသော်လဲ ချိုကောင်းနှင့် အားကောင်းသည့်နွားကိုသာ ရွေးချယ်၍ ဝအောင်ကျွေးမှ ကျေးဇူးခံစားရ သည်၊ အလျားတိုတို စအိုချွန်ချွန်နှင့် နွားများကို ကျွေးနေလျှင် မြက်ကုန်ရုံ ရှိသည်၊ ကျေးဇူးမခံစားရ၊" ဟူ၍ တင်းကြပ်စွာပင် မိန့်တော်မူသည်။

ရဟန်းတော် သျှင်ပဏ္ဍိတသည် ရဟန်းဝါ နှစ်ဝါရလျှင် လယ်တီတိုက်တော်က ပထမစာ တော်ချအဖြစ် 'လယ်တီဓမ္မာစရိယ' ဟူသော ဘွဲ့ပုံလိပ်ကို ချီးမြှောက်ခြင်း ခံရသည်။ ထိုအခါမှ

စ၍ ရဟန်းတော် သျှင်ပဏ္ဍိတသည် စာသင်သား ရဟန်းတော် မြောက်မြားစွာတို့အား စာပေပို့ချ တော်မူရင်း ပရမတ္ထသံခိပ်အဖြေကျမ်း။ သဒ္ဒသံခိပ်အဖြေကျမ်းစသော ကျမ်းဂန်များကို ရေးသားလေ သည်။ လယ်တီဆရာတော် ရေးသားသော ကျမ်းပေါင်း ၁၀၀–ကျော်တို့၏ နိဒါန်း ၁၀၀– ကျော်တို့ကိုလည်း ရေးသားတော်မူသည်။ မြန်မာကဗျာနှင့် စပ်ဆိုင်ရာတွင် ရှင်ပြု၊ နားသ၊ ရဟန်းခံ၊ ကျောင်းကန်ရေစက်ချ၊ ကထိန်၊ သိမ်သမုတ် စသည်များအတွက် ရတု ရကန် အဲ အန် မော်ကွန်း စသည်တို့ကို မပြတ်မလပ် ရေးသားတော်မူလေသည်။

သက္ကရာဇ် ၁၂၆၂–ခုနှစ်ခန့်မှ စ၍ လယ်တီဆရာတော်ကြီးသည် မုံရွာမြို့မြောက် ဝက်လူး အိုင်တောရ၊ ရွှေတောင်ဦးတောရ၊ မုံရွာမြို့ အနောက် လက်ပန်တောင်းတောင်တောရသို့ ကြွရောက် ၍ တောရဆောက်တည်ရာတွင်လည်း တပည့်သျှင်ပဏ္ဍိတကို ခေါ်ဆောင်သွားသည်။ ထို့ကြောင့် သျှင်ပဏ္ဍိတသည် ငယ်ရွယ်စဉ်မှာပင် တောရဆောက်တည်ခဲ့ရ၏။ ထိုတောကျောင်းများတွင် နေထိုင်ရင်းလည်း စာပေကျမ်းဂန်တို့ကို ပြုစု ရေးသားတော်မူလေသည်။

သျှင်ပဏ္ဍိတသည် ဆရာတော်နှင့် အမြဲလိုက်ပါနေရသည်ကား မဟုတ်ပေ။ ရဟန်းသုံးဝါ ခန့်အရတွင် လယ်တီဆရာတော်ကြီးက “ ငါ့တပည့်မှာ ပါဠိပိဋကတ်ပညာ လုံလောက်ပေပြီ၊ သက္ကတပညာများကျန်သေးသည်၊ ငါ၏ မဟာမိတ်ဖြစ်သော မန္တလေးမြို့ အရှေ့ပြင် ဝိသုဒ္ဓါရုံဆရာ တော်ကြီး ရှိသည်၊ သွားရောက် ဆည်းကပ်၍ သက္ကတဘာသာကို သင်ယူချေ၊ ”ဟု စေခိုင်းတော်မူ ၏။ ထို့ကြောင့် သက္ကရာဇ် ၁၂၆၃–ခုနှစ်တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံဆရာတော်ထံ သွားရောက်၍ သက္ကတဘာသာကို သင်ယူရန် ဆည်းကပ်လေသည်။

မန္တလေးမြို့သို့ ရောက်လျှင် ဝိသုဒ္ဓါရုံဆရာတော်ကြီးက ကျောင်းသီးသန့်ပေး၍ ဆွမ်းကွမ်းကိစ္စတို့ကိုလည်း အလုံအလောက်ပေးတော်မူသည်။ ဝိသုဒ္ဓါရုံဆရာတော်ကြီးက သျှင်ပဏ္ဍိတအား လယ်တီမှ လာသည်ဖြစ်၍လည်းကောင်း၊ လယ်တီဆရာတော်၏ တပည့်ရင်းဖြစ် ၍လည်းကောင်း ဦးပဏ္ဍိတဟူသော အမည်တွင် ဖြည့်စွက်၍ ‘ လယ်တီပဏ္ဍိတ ’ ဟူ၍ မှည့်ခေါ် တော်မူသည်။ ထိုအမည်သည်ပင် ကွယ်လွန်ချိန်အထိ ပေါ်လွင်ထင်ရှားခဲ့ပေသည်။

လယ်တီပဏ္ဍိတသည် ဝိသုဒ္ဓါရုံတိုက်၌ တစ်နှစ်ကျော်မျှ နေထိုင်၍ သက္ကတဘာသာနှင့် တကွ သီဟိုဠ် ယိုးဒယားအရေးအသားတို့ကိုပါ ကောင်းစွာ သင်ကြားပြီးနောက် လယ်တီတိုက်ကြီးသို့ ပြန်လာခဲ့သည်။ လယ်တီသို့ ပြန်ရောက်ပြီးနောက် ကျေးဇူးရှင် လယ်တီဆရာတော်ကြီးနှင့်အတူ မြန်မာပြည် အရပ်ရပ်သို့ လိုက်ပါ၍ တရားဓမ္မများကို ကူညီဟောကြာလေသည်။

ဤသို့ လှည့်လည်ဟောကြားရင်း ပစ္စယမဉ္ဇရီကျမ်း၊ သံခိပ် ဋီကာစသော ကျမ်းများနှင့် ပါဠိအဘိဓာန်ချုပ်ကြီးကိုလည်း ရေးသားတော်မူသည်။ မြန်မာပြည်အနှံ့အပြားမှ မိမိရောက်လေရာ ဒေသတို့၌ လယ်တီဆရာတော်ကြီး၏ ဘုန်းတော်ဘွဲ့ကိုလည်းကောင်း၊ မြို့ရွာဘွဲ့၊ တောတောင်ဘွဲ့၊ ရာသီဘွဲ့တို့ကိုလည်းကောင်း ဖွဲ့နွဲ့ရေးသားတော်မူ၏။ ဤသို့ အဖက်ဖက်က ပြည့်စုံလှသဖြင့် မြန်မာပြည် အနှံ့အပြား၌ လယ်တီပဏ္ဍိတ၏ နာမည်သည် ကျော်စောထင်ရှားလာသတည်း။

ယင်းကဲ့သို့ ကျော်ကြားထင်ရှားနေသော်လည်း ထိုနာမည်ကို မငဲ့ကွက်နိုင်ဘဲ သာသနာ ဘောင်၌ မပျော်ပိုက်ပြန်သဖြင့် သက္ကရာဇ် ၁၂၆၉–ခုနှစ်၊ တပိုတွဲလတွင် လူ့ဘဝသို့ ပြောင်းလဲခဲ့လေ တော့သည်။ လယ်တီပဏ္ဍိတ လူထွက်သဖြင့် ဝမ်းအနည်းဆုံး ဖြစ်ရသူကား လယ်တီဆရာတော်ကြီး တည်း။ လယ်တီဆရာတော်ကြီးသည် လယ်တီပဏ္ဍိတ လူဖြစ်ပြီဟူသော သတင်းကို ကြားရသည် နှင့် ဝမ်းနည်းလှသဖြင့် မျက်ရည် ဖြိုင်ဖြိုင်ကျရှာသောဟူ၏။ ထို့နောက်တွင်လည်း ၁၀–နှစ်ခန့်ပတ်လုံး စိတ်နာတော်မူသဖြင့် လယ်တီပဏ္ဍိတအကြောင်းကို လုံးဝ မေမြန်းခြင်း မပြုဘဲ ရေငုံ နှုတ်လုံ နေတော်မူလေသည်။

လယ်တီပဏ္ဍိတသည် လူ့အဖြစ်သို့ ရောက်သောအခါ၌ ငယ်နာမည်ဖြစ်သော မောင် သန့်စင်အမည် မတွင်ဘဲ မောင်ကြီးဟူ၍ တွင်သည်။ လယ်တီပဏ္ဍိတသည် လူ့ဘဝသို့ ရောက်

ရှိသွားသော်လည်း ရဟန်းဘဝက ရေးသားသော ကျမ်းစာတို့မှာ အလွန်တွင်ကျယ်နေသဖြင့် လယ်တီပဏ္ဍိတဟူသော အမည်သည်သာ ပို၍ တွင်ကျယ်ထင်ရှားလာလေသည်။ ယင်းသို့ ထင်ရှားလာရခြင်းမှာ လူ့ဘဝရောက်မှ ရေးသားသော စာများသည် နာမည်ဝှက်ဖြင့် ရေးသားသောကြောင့်လည်း မတွင်ကျယ်ဘဲ ရှိရလေသည်။ ထို့ကြောင့် နောင်အခါ၌ ရေးသော စာများကို မိမိနာမည်၏ ရှေးဦးတွင် ရဟန်းဘဝက ကျော်ကြားသော နာမည်ကိုပါ ထည့်သွင်း၍ 'လယ်တီပဏ္ဍိတ ဦးမောင်ကြီး ' ဟု ခေါ်တွင်လေသည်။

ဦးမောင်ကြီးသည် လူ့ဘဝရောက်၍ မကြာမီပင် ပျဉ်းမနားမြို့မှ ဦးအောင်ဒွန်း၊ ဒေါ်ငြိမ်းတို့၏ သမီး မမကြီးဆိုသူနှင့် အိမ်ထောင်ကျခဲ့ရာ သား သမီး လေးယောက် ထွန်းကားခဲ့၏။ သားအကြီး မောင်တင်ဦး၊ သားအလတ်နှစ်ယောက်နှင့် သမီးတစ်ယောက် ဖြစ်သည်။ သားအလတ်နှစ်ယောက်မှာ ဒေါ်မမကြီးထက် စော၍ သေဆုံးသွားကြသည်။ ထို့နောက် ၁၂၈၀-ပြည့်နှစ်တွင် ဒေါ်မမကြီး ဆုံးပါးသွားရာ သုံးနှစ်ခန့်အကြာတွင် ဒေါ်အေးနှင့် အိမ်ထောင်သစ်ထူ၍ သမီးတစ်ယောက် ဖွားမြင်၏။ ထိုသမီးကိုလည်း မတင်ဦးဟုပင် ခေါ်ထားလေသည်။

လယ်တီပဏ္ဍိတဦးမောင်ကြီးသည် ပျဉ်းမနားမြို့တွင် သုံးနှစ်ခန့်၊ မန္တလေးမြို့တွင် တစ်နှစ်ခန့် နေပြီးမှ သက္ကရာဇ် ၁၂၇၃-ခုနှစ်တွင် မြန်မာ့အလင်း ဦးရွှေကြူးက လာရောက်ခေါ်သဖြင့် မြန်မာ့အလင်း မဂ္ဂဇင်းတွင် အယ်ဒီတာအလုပ်ကို ဝင်ရောက်လုပ်ကိုင်ရလေသည်။ ထိုသို့ လုပ်ကိုင်နေစဉ် မြန်မာစာပေနှင့် ပတ်သက်သမျှကို တာဝန်ယူ၍ ရေးသားရသည်။ ထို့ပြင် မဂ္ဂဇင်း၌ 'မောင်သောကအိပ်မက်ခန်း 'ကိုလည်း စတင် ရေးသားလေသည်။ အလွန်လူကြိုက်များလှသည်။ တစ်ဖန် ထိုမဂ္ဂဇင်း၌ပင် သကုဏ္ဍလဝတ္ထုနှင့် ခင်မြင့်ကြီး ဝတ္ထုတို့ကိုလည်း ဆက်လက်ရေးသား ပြန်လေသည်။

ပထမကမ္ဘာစစ်ကြီးအတွင်း၌ မြန်မာအလင်းမဂ္ဂဇင်းမှာ လယ်တီပဏ္ဍိတဦးမောင်ကြီးနှင့် ဦးရွှေကြူးတို့၏ ကြိုးပမ်းမှုကြောင့်လည်းကောင်း၊ စစ်ကြေးနန်း စစ်သတင်းတို့ကြောင့်လည်းကောင်း စောင်ရေတိုးတက် ထုတ်ဝေရုံမျှမက လစဉ်ထုတ်မှ ၁၅-ရက်တစ်ကြိမ် ထုတ်ဝေလာရ၏။ ထိုမှတစ်ဖန် ပိုမို တွင်ကျယ်လာကာ နေ့စဉ်ထုတ်ဝေလာရပြန်သဖြင့် 'မြန်မာ့အလင်းသတင်းစာ' ဟူ၍ ခေါ်တွင်လာရပေသည်။ ယင်းသို့ ထုတ်ဝေနေစဉ် အင်္ဂလိပ်အစိုးရ၏ အငြိုအငြင်ကို ခံရသဖြင့် ဆက်လက် ထုတ်ဝေခွင့် မရတော့ချေ။

လယ်တီပဏ္ဍိတဦးမောင်ကြီးသည် မြန်မာ့အလင်းမဂ္ဂဇင်းမှ ပညာ့အလင်းမဂ္ဂဇင်းသို့ ကူးပြောင်း၍ ဆရာပီမိုးနင်းနှင့်အတူ လုပ်ကိုင်ပြန်လေသည်။ ထိုမဂ္ဂဇင်းတွင် ခင်မြင့်ကြီးနှင့် တင်တင်မြ ဝတ္ထုတို့ကို ဆက်လက်ရေးသားသည်။ ထိုအချိန်တွင် မြန်မာစာပေသမိုင်း၌ ပထမဆုံး ဖြစ်သော 'နတ်ရှင်နောင်ရာဇဝင်ဝတ္ထုတော်ကြီး' ကိုလည်း ရေးသားသည်။ ထို့ပြင် လူတို့ လိုက်နာကျင့်ဆောင်ရန်အတွက် လမ်းညွှန်ဆောင်းပါးများ ဖြစ်သော 'နီတိမဉ္ဇရီ ' အခန်းကိုလည်း စ၍ ရေးသားသည်။ တစ်ဖန် သန်းသန်း ကဲ့သို့သော ဝတ္ထုတိုကလေးများကိုလည်း အများအပြား ရေးသားသည်။ ထိုဝတ္ထုများအနက် 'အလင်းနှင့်အမှောင် 'ဟူသော ဝတ္ထုတိုကလေးကို 'ချစ်အာရုံ' ဟူသော အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးခဲ့၏။

လယ်တီပဏ္ဍိတဦးမောင်ကြီးသည် ပညာ့အလင်းမဂ္ဂဇင်း၌ စာပေ့အကျိုးကို သည်ပိုး ရွက်ဆောင်နေစဉ်အတွင်း တိုက်အုပ်ဦးတင် အမှုဖြစ်လာသောကြောင့် စိတ်ပျက်မိသဖြင့် အထက်အညာ မုံရွာသို့ ပြန်လာခဲ့လေသည်။ သက္ကရာဇ် ၁၂၈၅-ခု (၁၉၂၃)နှစ်တွင် ဒဂုန်မဂ္ဂဇင်းမှ ခေါ်ယူလာပြန်သဖြင့် သွားရောက်၍ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူ၍လုပ်ကိုင်ရပြန်လေသည်။

လယ်တီပဏ္ဍိတဦးမောင်ကြီးသည် ဒဂုန်မဂ္ဂဇင်းကြီး၌ ဆောင်ရွက်ရသောအခါ ခေါင်းကြီးပိုင်း၊ နီတိမာလာ၊ ရာဇဝင်ခန်း၊ ယုဝတီခန်း၊ ဘာသာပြန်ခန်း၊ ဗဟုသုတခန်း တို့မှာ ဆရာကြီး၏ လက်ရာများ ဖြစ်၏။ ထိုမဂ္ဂဇင်းကြီးတွင် **မန္တလေးမောင်ခင်မောင်၊ ယုဝတီခင်တုတ်၊ ရန်ကုန်ခင်ဆွေ၊**

**ကေတုမတီမြမြ၊ သလ္လာဝတီတင်အုံ** စသော ကလောင်အမည်တို့မှာ လယ်တီပဏ္ဍိတ၏ အမည်ဝှက်များ ဖြစ်ကြပေသည်။

လယ်တီပဏ္ဍိတဦးမောင်ကြီးသည် စာပေရှုထောင့် အမျိုးမျိုးမှ လေ့လာကြည့်ရှုနိုင်သော စာဆိုကြီးတစ်ဦး ဖြစ်၏။ ဤသို့ လေ့လာနိုင်ရန်အတွက်လည်း ကဗျာကျမ်းများ၊ နီတိကျမ်းများ၊ ဘာသာပြန်ကျမ်းများ၊ ပါဠိကျမ်းများ၊ အဘိဓမ္မာကျမ်းများ၊ ရာဇဝင်ကျမ်းများ၊ ဂန္ထန္တရကျမ်းများကို ပြုစုရေးသားထားလေသည်။

လယ်တီပဏ္ဍိတ၏ လောကုတ္တရာဘက်ဆိုင်ရာမှ ယမိုက်အဖြေကျမ်းကြီး။ သံခိပ်ဋီကာကျမ်း၊ ပါဠိအဘိဓာန်ချုပ်ကြီး၊ ဝီထိမဉ္ဇရီ၊ ပစ္စယမဉ္ဇရီ၊ ပရမတ္ထသံခိပ်အဖြေကျမ်း၊ သာသနာ့သမ္ပတ္တိကျမ်း၊ အဖွင့်ကျမ်းစသည်တို့သည်လည်းကောင်း၊ နီတိဘက်ဆိုင်ရာမှ နီတိမာလာ၊ သူရဿတီနီတိ၊ စာဏကျနီတိစသော နီတိကျမ်းများသည်လည်းကောင်း၊ ပါဠိဘာသာဆိုင်ရာမှ ပါဠိစကားသင် ပါဠိစာရေးသင်စသော ကျမ်းများသည်လည်းကောင်း၊ ဘာသာပြန်ဘက်မှ ထေရာဘာသာပြန်၊ ထေရီဘာသာပြန်၊ ဝိမာနဝတ္ထုဘာသာပြန်၊ ပေတဝတ္ထုဘာသာပြန်စသော ဘာသာပြန်ကျမ်းတို့သည်လည်းကောင်း၊ ခေတ်ဝတ္ထုဘက်မှ သန်းသန်း၊ တင်တင်မြ၊ ခင်မြင့်ကြီး၊ မှိုင်းဝေဝေစသည်နှင့် နတ်ရှင်နောင်ဝတ္ထု၊ တပင်ရွှေထီးဝတ္ထု၊ ရွှေပြည်ကြီးဝတ္ထုစသည်တို့သည်လည်းကောင်း၊ တရားစာဘက်မှ သောတမာလာ၊ ဒေသနာမဉ္ဇရီ၊ သာဓုသုန္ဒရီစသော ကျမ်းများသည်လည်းကောင်း၊ ဂန္ထန္တရာဘက်မှ အလင်္ကာနိဿယ၊ ဆန်းနိဿယစသည်တို့သည်လည်းကောင်း၊ ပါဠိကဗျာဘက်မှ ဝေဿန္တရာဂီတိ၊ ကုသဂီတိ၊ ဘဂဝါဂီတိစသော ကျမ်းများသည်လည်းကောင်း လယ်တီပဏ္ဍိတ၏ ကျော်ကြားထင်ရှားသော ကျမ်းများ ဖြစ်ကြပေသည်။

မြန်မာကဗျာဘက်မှလည်း ကဗျာမဉ္ဇရီစသော ကျမ်းများကို ပြုစု၍ ယနေ့ သုံးစွဲနေသော ရှစ်လုံးဘွဲ့ ကဗျာကိုလည်း လယ်တီပဏ္ဍိတပင် တီထွင်စပ်ဆိုခဲ့၏။ ထို့ပြင် ဇာတ်လမ်းတစ်ခုလုံးကို ကဗျာဖြင့် စပ်ဆိုထားသော မြန်မာကဗျာဝတ္ထုကိုလည်း စတင်သုံးစွဲခဲ့သည်။ လယ်တီပဏ္ဍိတရေးသားသော ကျမ်းစာများမှာ ၄၀၀–နီးပါးမျှ ရှိသည်ဟု သိရ၏။ ဤသို့ စာပေကျမ်းဂန် အမြောက်အမြားတို့ကို ရေးသားသောကြောင့်လည်း လယ်တီပဏ္ဍိတဦးမောင်ကြီးအား အင်္ဂလိပ်အစိုးရက 'မဟာဝိဇ္ဇာ' ဘွဲ့ထူးဖြင့် ချီးကျူး မြှောက်စားခဲ့လေသည်။

ဆရာကြီးသည် ဒဂုန်မဂ္ဂဇင်းတွင် အယ်ဒီတာချုပ်အဖြစ် ကိုးနှစ်ကျော် ၁၀–နှစ်နီးပါးမျှ တာဝန်ယူ ဆောင်ရွက်လာခဲ့ရာ နှလုံးရောဂါ စွဲကပ်လာသဖြင့် သက္ကရာဇ် ၁၂၉၄–ခုနှစ် နတ်တော်လတွင် မုံရွာမြို့သို့ ပြောင်းရွှေ့လာခဲ့လေသည်။ ထိုအချိန်တွင် စာပေကို များစွာ မရေးနိုင်တော့ပေ။ သို့ရာတွင် လယ်တီတိုက်ကြီးသို့ သွား၍ ကျေးဇူးရှင် လယ်တီဆရာတော်ကြီး ရေးသားထားသော ပရမတ္ထဒီပနီဋီကာကြီးကို သံဃာတော်များအား ပို့ချပေးသေးသည်။

လယ်တီပဏ္ဍိတဦးမောင်ကြီးသည် ထိုခေတ်တွင် ဝါဒအမျိုးမျိုး ရှိရာ သခင်ဝါဒကို ကြိုက်နှစ်သက်သဖြင့် အားပေးခဲ့၏။ သက္ကရာဇ် ၁၃၀၀–ပြည့်၊ နတ်တော်လတွင် တို့ဗမာအစည်းအရုံး၏ နာယက သခင်ကိုယ်တော်မှိုင်းကြီးကိုယ်တိုင် မိမိ၏ မဟာမိတ်ဖြစ်သော လယ်တီပဏ္ဍိတဦးမောင်ကြီးကို တို့ဗမာအစည်းအရုံးတွင် နာယကအဖြစ် ဆောင်ရွက်ရန် တိုက်တွန်းသဖြင့် ဦးမောင်ကြီးကလည်း သဘောတူညီချက် ပေးလိုက်လေသည်။ ထိုအချိန်တွင် ကျင်းပသော မော်လမြိုင်မြို့ တို့ဗမာအစည်းအရုံး ညီလာခံကြီးသို့လည်း တက်ရောက်ပါရန် သခင်ကိုယ်တော်မှိုင်းက လူလွှတ်၍ ဖိတ်ကြားခဲ့၏။ သို့ရာတွင် ကျန်းမာရေး အခြေအနေ မကောင်းသဖြင့် မတက်ရောက်နိုင်ခဲ့ပေ။ ထိုအချိန်မှ စ၍ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်သည်ဟူ၍ မရှိတော့ဘဲ သက္ကရာဇ် ၁၃၀၁–ခုနှစ်၊ ကဆုန်လဆန်း လေးရက်နေ့ နံနက် ခြောက်နာရီအချိန်တွင် ကွယ်လွန်ခဲ့ရလေတော့သည်။

လယ်တီပဏ္ဍိတဆရာကြီးသည် ကွယ်လွန်ခါနီး အချိန်၌ ဒဂုန်မဂ္ဂဇင်းကြီးတွင် မှတ်သား

ဖွယ်ဖြစ်သော ၁၃၀၀–ပြည့် မှတ်တမ်းကြီးကို ရေးသားခဲ့ရှာသေးသည်။ ထိုစာကို တန်ခူးလဆန်း ခြောက်ရက်နေ့၌ အဆုံးသတ်ခဲ့၏။ ဆရာကြီး၏ နောက်ဆုံးနှုတ်ခွန်းဆက် လက်ရာမှာ သံဝေဂ လေးချိုးကြီး ဖြစ်သည်။ ဆရာကြီးသည် သေရမည့်အချိန် နီးကပ်၍ ခန္ဓာဝန်တို့၏ ဒုက္ခကို ဖော်ကျူးလျက် တန်ခူးလဆန်း ရှစ်ရက်နေ့တွင် ထိုသံဝေဂ လေးချိုးကို ရေးစပ်ခဲ့သည်။ သို့ရာတွင် ဆရာကြီး၏ ကဗျာမှာ သုံးချိုးမျှသာ ပြီး၍ ဆက်လက် ရေးသားနိုင်ရန် အင်အားမရှိတော့သဖြင့် နောက်ဆုံးတစ်ချိုးကို ဦးကောဝိဒအား ဆက်လက်ရေးသားစေသည်။ ထို့နောက် လေးချိုးကြီးကို ဆရာကြီးအား ရွတ်ဆိုပြသခဲ့၏။ လယ်တီပဏ္ဍိတ၏ နောက်ဆုံးလေးချိုးကြီးဖြင့်ပင် ဤအတ္ထုပ္ပတ္တိကိုလည်း နိဂုံးချုပ်လိုက်ပါသည်။

## သံဝေဂလေးချိုးကြီး

၁။ ရွှံ့ရွှံ့သာစိုးတော့၊ ပြစ်မျိုးငယ် ရာထောင်နှင့်၊ ကြမ္မာကောင် ခန္ဓာသိမ်းပါမှ၊ လွတ်ငြိမ်း ကြည်ဆွတ်မယ့် သည်ဝဋ်နွယ်၊ ။

၂။ ဥပါဒ်ကယ် ဘင်၊ အမျှင်မပြတ်၊ မျက်တောင်ခတ်မျှ၊ သုံးဇာတ်ဇာတိ၊ သန္တေရှိလို့၊ တြိ လောကဓာတ်၊ မွေလို့သာ ပတ်သည်၊ ရဟတ်ကြီးလို၊ ဤရုပ်ကိုယ်နှင့်၊ ထိုကိုယ်ကောင် ပြောင်း၊ ကြာမြင့်ညောင်းတဲ့၊ အပေါင်းသံသာ၊ ကမ္ဘာဘာဝယ်၊ တေပညာနာမ်၊ ရောကြိတ် ဖန်လို့၊ သန္တာန်တစ်ဖုံ၊ ထက်လဲပဲ စုံတော့တယ်၊ သုံးဘုံဝဋ္ဋ စကြာမှာ၊ လက္ခဏာ ဉာဏ်ရည် စောနိုင်ဘု၊ ရှည်မျော ခါခါပတ်ပါလို့၊ ဇာတ်ကွက်ချာလယ်၊ ။

၃။ ခါတစ်ဖန်ဝယ်၊ သကြန်ရက်ပြောင်း၊ အသစ်ဟောင်းလုပေ့၊ အကြောင်းလေးဖြာ၊ ဖန်တီး ခါနှင့်၊ ထိုင်ရာကရုပ်၊ ထရာငုပ်လို့၊ တိမ်မြုပ်ပျောက်ကွယ်၊ ကောင်းကင်လယ်မှာ၊ လျှပ်နွယ် ရောလျှံ၊ ပုံနှိုင်းလို့ စံတော့ပ၊ ဉာဏ်မြင်နှင့် မျက်ကွယ်မှာ၊ ဆက်သွယ် အကြောင်းရှည် သနှင့်၊ ။

၄။ ဖြစ်ပျက်ပြောင်းလဲ၊ တစ်ပေါင်းထဲမို့၊ ဝေခွဲမမြင်၊ အသစ်ကယ်တင်သောခါ၊ ဉာဏ်ယဉ်စူး စိုက်၊ ဓာတ်အခိုက်ကို ၊ ပတ်ဝိုက်နှောက်မွှေ၊ ပုံနေသန္တာန်၊ ကွယ်ရိုးငယ်မှန်သည်၊ လေးလံ လှစွာ၊ သည်ခန္ဓာကို၊ အာသာမောဟ၊ အရင်းစလို့၊ ဘဝရုပ်ပွေ၊ နစ်လို့သာ ကြေတော့ တယ်၊ လေးထွေငယ် သစ္စာ၊ ဉာဏ်ညွှန့်ဖြာလို့၊ ဝိဇ္ဇာတန်ဆောင်၊ မီးရှူးငယ် ဆောင်ကာမှ၊ ကိုယ်ကောင်ကြီး မဟာဝန်ကို၊ ခွာသွန်ကာ မဂ်ဖိုလ်နန်းဆီသို့၊ လှမ်းကြွချိန်ထင်။ ။

**(ကျမ်းကိုး)** မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းမှ လယ်တီပဏ္ဍိတ ကွယ်လွန်သည့် ၂၅–နှစ်မြောက် အထိမ်းအမှတ်အဖြစ် စာရေးဆရာ ၁၆–ဦးတို့၏ ဆောင်းပါးများကို ရိုက်နှိပ်ထုတ်ဝေသည့် ' လယ်တီပဏ္ဍိတ ' စာအုပ်၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊

## သျှင်အာဒိစ္စဝံသ ( ၁၂၄၄–၁၃၁၃ )

သျှင်အာဒိစ္စဝံသသည် ၁၂၄၄–ခုနှစ်၊ နယုန်လဆန်း ၁၁–ရက်၊ တနင်္ဂနွေနေ့ (၃၀၊ ၆၊ ၁၈၈၃)တွင် မြန်မာပြည် မြေလတ်ပိုင်းဖြစ်သော ရမည်းသင်းမြို့ အနောက်တောင် လေးတိုင်ကွာ မြို့လုမြို့အနီး ပင်းစုကျေးရွာ၌ အဖဦးကုလား၊ အမိ ဒေါ်တော်အုပ်တို့မှ မွေးဖွားသည်။ (ဦးလာ၊ ဒေါ်အုပ်ဟုလည်း ရှိသည်။)

အသက်ငါးနှစ်သား အရွယ်တွင် ရမည်းသင်းမြို့ ရွှေဂူရန်အောင် ဇောင်ချမ်းတောင် သုံးဂိုဏ်းချုပ် ဓမ္မကထိကမဟာဝိဘင်္ဂရေဘွဲ့ရ ဆရာတော် သျှင်ဝိလာသမထေရ်ထံ အပ်နှံ၍ စာပေများကို စတင်သင်ကြားသည်။ ထိုကျောင်းတိုက်ကြီးသည် သံဃာ ၁၀၀–ကျော်မျှ ရှိ၍ စာချဘုန်းကြီးများမှလည်း သျှင်အာဒိစ္စဝံသလောင်းလျာ သူငယ်၏ ဦးရီးများ ဖြစ်ကြပေသည်။

သျှင်အာဒိစ္စဝံသလောင်းလျာ သူငယ်သည် ကျောင်းသို့ ရောက်ရှိသောအခါ သင်ပုန်းကြီးကို ၁၂–ရက်ထည်းဖြင့် အပြီးတိုင် သင်ယူနိုင်သဖြင့် ဉာဏ်ရည်ထူးချွန်သူ တစ်ယောက်ဖြစ်၏။ ထို့ကြောင့်လည်း သူငယ်အား သုံးဂိုဏ်းချုပ် ဆရာတော်ကြီးကိုယ်တိုင် စာသင်ပေးလေသည်။

အသက် ၁၁–နှစ်သား အရွယ် ရောက်သော်ကား သာသနာရေး သင်ခန်းစာများ ဖြစ်သော မင်္ဂလသုတ်ပါဠိအနက်၊ နမက္ကာရပါဠိအနက်၊ အောင်ခြင်းရှစ်ပါးပါဠိအနက်၊ ရတနာရွှေချိုင့် ပါဠိအနက်၊ ပရိတ်ကြီး ပါဠိအနက်တို့ကိုလည်းကောင်း၊ သဒ္ဒါရှစ်စောင်ပါဠိနှင့် သင်္ဂြိုဟ် ကိုးပိုင်းပါဠိတို့ကိုလည်းကောင်း အာဂုံနှုတ်ရ ကျက်ဆောင်နိုင်ခဲ့လေသည်။

မြန်မာစာပေဘက်မှ ဦးပုညမေတ္တာစာ၊ ဝိဇယပြဇာတ်နှင့် ထိုအချိန်က ခေတ်စားခဲ့သော နံပါတ် ၈၀–ဇာတ်စာအုပ်ပေါင်း ၁၁–အုပ်ကိုလည်းကောင်း၊ ဗေဒင်လက်ရိုးစာများကိုလည်းကောင်း၊ ဗဟုသုတအနေဖြင့်လည်း ဇာတ်ကြီး ၁၀–ဘွဲ့၊ ငါးရာ့ငါးဆယ်၊ မဏိကုဏ္ဍလဝတ္ထုနှင့် ဇိနတ္ထပကာသနီကျမ်းတို့ကိုလည်း ဖတ်ရှုတ်ပေါက်မြောက်ခဲ့ပြီ ဖြစ်သည်။

ဤသို့ အရွယ်နှင့် မလိုက်အောင် သင်ကြားတတ်မြောက်သည့်အလျောက် သုံးဂိုဏ်းချုပ်ဆရာတော်ကြီး ပိုင်ဆိုင်သော နယ်မြေတွင် အသက် ၁၄–နှစ်သား အရွယ်လောက်ကပင် ကျော်စောလာလေသည်။ ဆရာတော်ကြီးကလည်း ၁၇–နှစ်သား အရွယ်လောက်တွင် သင်ရိုးစာဝါများကုန်စေမည်ဟု ဝန်ခံ၍ ပို့ချပေးသည်။ ထို့ကြောင့် ၁၄–နှစ်သားအရွယ်တွင် သျှင်သာမဏေပြု ပေးခဲ့၏။ သို့ရာတွင် ဆရာတော်ကြီးသည် သျှင်သာမဏေပြုပြီး၍ မကြာမြင့်မီမှာပင် ပျံလွန်တော်မူသွားသည့်သောကြောင့် ပညာသင်ကြားရေးအတွက် အရေးမလှ ဖြစ်ခဲ့ရလေသည်။

သုံးဂိုဏ်းချုပ် ဆရာတော်ကြီး ပျံလွန်တော်မူပြီးသည့်နောက် ၁၄–နှစ်သား အရွယ်မှာပင် ဦးရီးတော်ဘုန်းကြီး ဦးကဝိန္ဒနှင့်အတူ ဘုရားကြီးကျောင်းတိုက်သို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။ အသက် ၁၆–နှစ်အရွယ်တွင် ရမည်းသင်းနယ် ထောက်ကြံ့ခြင်းကျောင်း၌ ဂဏ်န်းသင်္ချာများကို သွားရောက်သင်ကြားခဲ့၏။ ထိုမှတစ်ဖန် ပျော်ဘွယ်မြို့ ဝေဇယန်ဆရာတော်ထံ၌ နေ၍ ပါဠိပိဋကတ်ကျမ်းစာ အဖြာဖြာတို့ကို သင်ကြားပြန်လေသည်။

သက္ကရာဇ် ၁၂၆၃–ခု၊ နတ်တော်လဆန်း ၁၃–ရက်နေ့၊ ကိုးနာရီအချိန်တွင် ဝေဇယန်ဆရာတော်ကိုပင် ဆရာပြု၍ ပျော်ဘွယ်မြို့ အိုးကုန်းတိုက် ခဏ္ဍသိမ်၌ သံဃာတော် ၅၀–ခြံရံ၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။ ဒါယကာတို့မှာ မိဘနှစ်ပါးနှင့် ပျော်ဘွယ်မြို့မှ ကုန်သည်ကြီး ဦးကြာခိုင်၊ ဒေါ်ပြားကြီးတို့က စုပေါင်းပြုလုပ်ခြင်း ဖြစ်သည်။

သျှင်အာဒိစ္စဝံသသည် ရဟန်းနှစ်ဝါ အရတွင် မန္တလေးမြို့သို့ ဒုတိယအကြိမ်မြောက် ပြန်လည်ကြွရောက်ခဲ့၏။ သို့ရာတွင် စာပေပရိယတ်ကိုကား ကောင်းစွာ သင်ကြားရခြင်း မရှိခဲ့ပေ။ သို့ဖြင့် တစ်နှစ်ကုန်လာခဲ့ရာ သုံးဝါမြောက်တွင် အင်းဝပိုင် မြင်းသည်နယ် ပေပင်ကျောင်းသို့ သွားရောက်၍ ရှစ်လခန့် ဝိနည်းပိဋကတ်တို့ကို သင်ကြားဆည်းပူးသည်။

ထို့နောက် စစ်ကိုင်းတောင် အရိယဝံသချောင်၌လည်းကောင်း၊ ထိုမှတစ် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သို့လည်းကောင်း၊ ခေတ္တစီကြွရောက်၍ ပိဋကတ်သင်ကြားမှုကို လေ့လာခဲ့၏။ ထိုမှတစ်ဖန် ညောင်တုန်းမြို့သို့ ကြွရောက်၍ ရွှေဟင်္သာတောရကျောင်းတိုက်ကြီး၌ ခိုမှီးပြီး လျှင် စာပေများကို သင်ကြားပြန်လေသည်။ ထိုကျောင်းတိုက်မှ သျှင်ဉာဏိန္ဒာသဘမထေရ်သည် ကျမ်းပြုဆရာတော်လည်း ဖြစ်၍ ဝေဒ၊ သက္ကတ၊ အင်္ဂလိပ်စသော ဘာသန္တရတို့ကိုလည်း တတ်ကျွမ်း တော်မူသည်။ ထိုဆရာတော်က သျှင်အာဒိစ္စဝံသအား အင်္ဂလိပ်နှင့်သက္ကတဘာသာတို့ကို သင်ယူခွင့် ပြုသည်။ သို့ရာတွင် သက္ကတဘာသာကိုသာ သင်ယူသည်။ အင်္ဂလိပ်ဘာသာကိုမူ မိစ္ဆာဝါဒဟု အယူရှိသောကြောင့် မသင်ယူဘဲ ရှောင်ရှားခဲ့လေသည်။

သျှင်အာဒိစ္စဝံသသည် သက္ကတဘာသာကို တစ်ဖက်မှ သင်ယူရင်း တစ်ဖက်ကလည်း ဂဏဝါစကအဖြစ်ဖြင့် စာသင်သားတို့အား စာပေပို့ချနေခဲ့၏။ ထိုအချိန်၌ ဟံသာဝတီသတင်းစာ တွင် ဘာသာရေးဆိုင်ရာ ဆောင်းပါးများကို ရေးသား၍ ‘ပါဒသိက္ခာနယပဒေသကျမ်း’ ကိုလည်း ရေးသားသည်။

ထို့နောက် ဆရာဖြစ်သူ သျှင်ဉာဏိန္ဒာသဘသည် ညောင်တုန်းမှ တစ်ဆင့် တွံတေးမြို့ ကျောင်းသစ်ကျောင်းသို့ ရွှေ့ပြောင်းနေသဖြင့် သျှင်အာဒိစ္စဝံသလည်း အတူလိုက်ပါလာကာ တွံတေး မြို့၌ စာပေပို့ချနေခဲ့ပြန်သည်။ ထိုအချိန်တွင် စာသင်ပျို့ရှုတို့၏ အကျိုးကျေးဇူးကို ရည်ရွယ်လျက် ‘ကစ္စာယနသင်္ဂဟပါဠ် ’ကို ပါဠိဘာသာဖြင့် ရေးသားခဲ့ပြန်လေသည်။

တစ်ဖန် တွံတေးမြို့မှ မော်လမြိုင်မြို့သို့ ကြွရောက်၍ တောရဆောက်တည်ကာ ပဋိပတ် လမ်းစဉ်ကို အားထုတ်မည်ဟု ရည်ရွယ်ခဲ့သော်လည်း ရတနာဘုံပျံကျောင်းတိုက်မှ ဆရာတော်သျှင် ကေတုမာလာနှင့် တွေ့၍ ပရိယတ်ဖက်ကိုပင် ဦးလှည့်ခဲ့ပြန်သည်။ သျှင်အာဒိစ္စဝံသသည် ထိုကျောင်း၌လည်း ဂဏဝါစကအဖြစ်ဖြင့်ပင် ချီးမြှောက်ခြင်း ခံရ၏။ ထိုကျောင်းတိုက်တွင် တစ်ဝါဆို ပြီးနောက် တောင်ငူမြို့ ပိဋကတ္တယာရာမကျောင်းတိုက်သို့ ကြွရောက်၍ သုံးမျှ သီတင်းသုံးပြန် သည်။ ထိုစဉ် မိခင်ကြီး မကျန်းမာသဖြင့် နေရပ်ဇာတိသို့ ပြန်လာခဲ့ရ၏။ ထိုနှစ်တွင် မိမိရွာ၌ပင် ဝါဆို၍ သီတင်းဝါလကျွတ်လျှင်ကား မိခင်ကြီးလည်း ကွယ်လွန်ခဲ့လေသည်။

သျှင်အာဒိစ္စဝံသအရှင်သည် မိခင်ကြီး ကွယ်လွန်ပြီးနောက် ပညာရေးနှင့် ပတ်သက်၍ မှီခိုလောက်သည့် ပညာရှင်တစ်ဦးတစ်ယောက်ကို ရှာဖွေ၍ တပည့်ခံကာ သင်ကြားနာယူလိုသည့် ဆန္ဒ ရှိနေ၏။ ထို့ကြောင့် ပျော်ဘွယ်မှ ရထားလမ်းကြောင်းအတိုင်း အောက်ပိုင်းသို့ စုန်ဆင်းခဲ့၏။ အောက်ပိုင်းမှ တစ်ဖန် ဧရာဝတီရေလမ်းကြောင်းဖြင့် အထက်အညာသို့ ဆန်တက်ခဲ့ပြန်သည်။ ရောက်လေရာ မြို့ရွာတိုင်း၌ အလေးထား အားပြုလောက်သည့် ဆရာများကို စနည်းနာခဲ့လေသည်။

နောက်ဆုံးတွင် ကသာခရိုင် မန်လည်မြို့သို့ ရောက်ရှိခဲ့၏။ မန်လည်မြို့တွင် ကဗ္ဗာဝိဒူ ပိဋကတ္တယပါရဂူဖြစ်သော မန်လည်ဆရာတော်ကြီး အထံသို့လည်း ဆည်းကပ်ခွင့် ရရှိခဲ့သည်။ သျှင်အာဒိစ္စဝံသသည် ဤကဲ့သို့ ဆည်းကပ်ရခြင်းမှာ မိလိန္ဒပဉှာကျမ်းကဲ့သို့ ကျမ်းကြီးတစ်ဆူကို ရေးသားပြုစုလိုသောကြောင့် ဆည်းကပ်ခြင်း ဖြစ်ပေသည်။ ထိုအကြောင်းကိုလည်း–

> “အရှင်အာဒိစ္စဝံသဆရာတော်သည် ရဟန်း ရှစ်ဝါအရ၊ မန်လည်ဆရာတော်ထံ နေထိုင် ကာ မိလိန္ဒပဉှာကျမ်းဖြင့် ခတ်ထားသော ပါဠိတော်အုတ်တံတိုင်းကို ပြန်လည်ဖွင့်လှစ်ရန် ကြိုးစာလိုဟန် တူပေသည်။ ဤသို့ ပါးစပ်က ဖွင့်ဟ၍ မပြောသော်လည်း မိလိန္ဒပဉှာကျမ်း ကဲ့သို့ ‘ အာဒိစ္စပဉှာ ’ အမည်ဖြင့် သာသနာတော်၌လည်း အကျိုးများ၊ ကမ္ဘာကလည်း လေးစားလက်ခံမည့် အတွေးသစ် အမြင်သစ်တို့ဖြင့် ကျမ်းတစ်ကျမ်းကို ပြုစုရန် မန်လည်ဆရာ တော် ဘုရားကြီးထံ ဝင်ရောက်နေထိုင်ရခြင်း ဖြစ်ကြောင်း၊ ”–

အာဒိစ္စဝံသထေရာပါဒါန်တွင် ဖော်ပြထားခဲ့လေသည်။

ဖော်ပြပါ ရည်ရွယ်ချက်ဖြင့် မန်လည်ဆရာတော်ကြီးအား အမေးပုစ္ဆာပေါင်း ၃၀၀–

ကျော်ကို မေးမြန်းလျှောက်ထားခဲ့ရာ ဆရာတော်ကြီးက တစ်ပုဒ်မျှ အဖြေမပေးဟု သိရလေသည်။ မန်လည်ဆရာတော်ကြီးကို မေးမြန်းခြင်းမှာ မန်လည်ဆရာတော်သည် လောကီ လောကုတ္တရာ နှစ်ဖြာတို့၌ ကျွမ်းကျင်ချေင်ကြောင်းကို မြန်မာပြည်အနှံ့အပြား၌ ကျော်ကြားနေသောကြောင့် ဖြစ်သည်။ ဆရာတော်၏ မဃဒေဝလင်္ကာကြီးမှာ ကဗျာဘက်တွင် စံတင်ရသကဲ့သို့ ခက်ခဲနက်နဲ လှသည့် ဘာသာရေးဆိုင်ရာ ပြဿနာ ပြေလည်တိကျစွာ ဖြေစွမ်းနိုင်သည့် သတပဒိကပုစ္ဆာကျမ်း မှာလည်း မော်ကွန်းတင်လောက်သော ကျမ်းဖြစ်ပေသည်။

သျှင်အာဒိစ္စဝံသသည် မန်လည်ဆရာတော်ကြီးက အဖြေမပေးသဖြင့် စိတ်ထင်တိုင်း မပေါက်မြောက်သောအခါ မန္တလေးမြို့သို့ သုံးကြိမ်မြောက် ကြွရောက်ခဲ့လေသည်။ ရောက်လျှင် မစိုးရိမ်ကျောင်းတိုက်၏ မဟာနာယက ဖြစ်တော်မူသည့် အဂ္ဂမဟာပဏ္ဍိတသျှင်သောမာဘိသိရီ မထေရ်ထံ၌ ဂဏဝါစကအဖြစ် ငါးနှစ်တိုင်အောင် သီတင်းသုံးနေလေသည်။ ထိုအချိန်တွင် ရဟန်းဝါတော် ၁၃-ဝါမျှ ရရှိခဲ့လေပြီ။ မစိုးရိမ်ကျောင်းတိုက်၌ ဂဏဝါစကအဖြစ်ဖြင့် နေတော်မူစဉ် 'ပဒသင်္ဂဟ ' ကျမ်းကို ပါဠိဘာသာဖြင့် ရေးသားတော်မူသည်။

သျှင်အာဒိစ္စဝံသ၏ ပညာအရည်အသွေးကို အကဲခတ်သုံးသပ်လိုလျှင် ပဒသင်္ဂဟကျမ်း သည် ထင်ရှားသည့် ပြယုဂ်တစ်ခု ဖြစ်သည်ဟု ဆိုပေသည်။ ကျေးဇူးရှင် လယ်တီဆရာတော်ကြီးက လည်း "ဒီပဒသင်္ဂဟကျမ်းကို အစအဆုံး မှတ်သား ကြည့်ရှုတယ်၊ အလွန်ကောင်းမွန်ပြီး စာသင် ပုဂ္ဂိုလ်တို့အတွက် အကျိုးပြီးစီးနိုင်တဲ့ နည်းနာနယတွေနှင့် ပြည့်စုံတယ်၊ ငါတို့ လယ်တီဂိုဏ်းမှာ သင်ကြား နေတဲ့ နည်းနှင့် ထပ်တူထပ်မျှ ဖြစ်နေတာကို တွေ့ရတော့ ဒီပဒသင်္ဂဟကျမ်းဟာ လယ်တီဂိုဏ်း ကြီးအတွက် ကောင်းမွန်စွာ ဖြစ်ပေါ်လာတာပဲ၊ အင်မတန်ကောင်းတဲ့ နည်းနှင့်တကွ ဖြစ်သော ပဒသင်္ဂဟကျမ်းရဲ့ မှီရာ နိဿယကျမ်းကိုလဲ အလိုရှိအပ်တယ်၊ ဒါ့ကြောင့် ပြည့်စုံကောင်းမွန်ဘို့ အတွက် ပဒသင်္ဂဟကျမ်းရဲ့ နိဿယတစ်စောင်ကို ရေးဘို့လဲ တိုက်တွန်းလိုက်တယ်၊ "ဟူ၍ ချီး မွမ်း တိုက်တွန်းခဲ့လေသည်။

ရဟန်း ၁၃-ဝါ ရခဲ့ပြီးနောက် ဒုတိယအကြိမ်မြောက် မော်လမြိုင်မြို့သို့ ကြွရောက်ခဲ့ပြန် သည်။ မော်လမြိုင်မြို့တွင် ကြံခင်းကျောင်းဆရာတော်၏ တိုက်တွန်းချက်အရ ဂဏဝါစက အဖြစ်ဖြင့်ပင် ဆောင်ရွက်ခဲ့သည်။ ထိုအခါ နိဿယဦးဆရာဖြစ်သော သျှင်ကေတုမာလာလင်္ကာရ မထေရ်က အဋ္ဌကထာ ဋီကာ မရှိသဖြင့် နောက်နှောင်းကာလ၌ သာသနာ့ဝန်ထမ်းများ လေ့လာရန် ခက်ခဲမည် ဖြစ်၍ မိလိန္ဒပဥှာကျမ်းကြီးကို နိဿယပြန်ဆိုရေးသားရန် တိုက်တွန်းချက်အရ ရေးသားခဲ့ရာ ၁၄-ဝါအရ၌ ပြီးစီးခဲ့ပေသည်။ ထို့နောက် လယ်တီဆရာတော်ကြီး တိုက်တွန်းခဲ့ သည်ကို အလေးဂရုပြုပြီး ပဒသင်္ဂဟပါဠိကိုလည်း နိဿယပြန်ဆိုရေးသားခဲ့ပေသည်။

ထိုနိဿယများကို ရေးသားပြီးနောက် ပရိယတ္တိလုပ်ငန်းတွင် တိုးတက်နိုင်စရာ ရှိသည် ဟု ယူဆကာ ရန်ကုန်မြို့သို့ နောက်ပါသံဃာ ၅၀-နှင့်တကွ ရန်ကုန်မြို့သို့ ရောက်ရှိသည်တွင် ပွဲစားကြီး ဦးဘိုးလှိုင်နှင့် ဦးယေးထိန်တို့၏ ပင့်လျှောက်ချက်အရ တောင်လုံးပြန်သုသာန်သို့ လိုက် ပါ၍သီတင်းသုံးတော်မူလေသည်။ ထိုနှစ် ၁၂၇၉-ခုနှစ်မှာပင် 'သျှင်အာဒိစ္စဝံသကျောင်းတိုက်ကြီး' ကို စနစ်ကျစွာ တည်ထောင်၍ သာသနာပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လေရာ တစ်နေ့တခြား ကြီးပွားတိုးတက်လာလေသည်။

ဆရာတော်သည် ပိဋကတ်စာပေများကို တတ်ကျွမ်းလိမ္မာတော်မူသဖြင့် သာသနာပြု လုပ်ငန်းများကို လုပ်ဆောင်နေရသော်လည်း တာဝန်ဝတ္တရား ပြီးဆုံးပြီဟူ၍ မယူဆပေ။ အခြားဘာသန္တရစာပေများကိုလည်း တတ်ကျွမ်းပါမှ သာသနာပြုလုပ်ငန်းများသည်လည်း ပိုမိုကျယ်ပြန့် လာနိုင်မည်ဟု ယုံကြည်မိသည်။ ထို့ကြောင့် သက္ကရာဇ် ၁၂၈၀-ပြည့်နှစ်တွင် ဘာသန္တရ စာပေများကို သင်ကြားရန် ဟူသော ရည်ရွယ်ချက်ဖြင့် တိုင်းတစ်ပါးသို့ ခရီးထွက်ခဲ့လေတော့သည်။ ယင်းသို့ ထွက်ခဲ့ရာတွင် မိမိလိုအပ်သော ပညာရပ်များကို မရလျှင် နေရပ်ဒေသသို့ မပြန်တော့ပြီ

ဟူ၍လည်း ယတိပြတ် ဆုံးဖြတ်ခဲ့၏။ ထို့ကြောင့်–

" အကယ်၍ မိမိကြွစဉ်အတိုင်း အထမမြောက်လျှင်လည်း ဤဇာတိဒေသ ဆွေညာ သင်္ဂဟ ဆရာသမား တပည့်တပန်း သီတင်းသုံးဖော်တို့ ထံသို့ မပြန်လည်တော့။ ကျရာပင် ပေါက် ရောက်ရာသင်္ချိုင်း ဖြစ်စေ၊ ထမြောက်ပြည့်စုံသော်သာ ပြန်လာမည်၊ ထိုနှင့် စပ်ရာ ကျရောက်လတ္တံ့ ဒုက္ခမီးပုံကိုလည်း အပြည့်အစုံ နှစ်ခြိုက်စွာ ခံယူတော့မည်။ "–

ဟု နှလုံးပိုက်ကာ ထွက်ခဲ့ပါကြောင်း ဝန်ခံထားလေသည်။

ထိုသို့ ထွက်ခဲ့ရာတွင် ရှေးဦးစွာ အိန္ဒိယပြည်သို့ ရောက်ရှိခဲ့၏။ ထိုနိုင်ငံတွင် ဗာရာဏသီ မြို့၌ နေထိုင်ရင်း ဟိန္ဒီဘာသာကို တစ်နှစ်ပတ်လုံး သင်ယူခဲ့၏။ အခြား သက္ကတ၊ အူရဒူ၊ အင်္ဂလိပ်၊ ဗင်္ဂလီ၊ ဂုရမုခီဘာသာနှင့် ဂျာမန်ဘာသာတို့ကိုလည်း သင်ကြားဆည်းပူးသည်။ ထိုဘာသန္တရများကို လေ့လာသင်ကြားတော်မူရင်း နိုင်ငံခြားမှာပင် ပုံသဏ္ဌာန် အသစ်ဖြင့် ဖွဲ့စီ၍ ' ရတနာကြုတ် ' အမည်ရှိ ကဗျာကျမ်းကြီးကိုလည်းကောင်း၊ ' သာသနာ့မှန် ' ခေါ် ကျမ်းကိုလည်းကောင်း၊ ' အာ ဒိစ္စဝံသထေရာပါဒါန် ' ခေါ် ကိုယ်ရေးအတ္ထုပ္ပတ္တိကျမ်းကိုလည်းကောင်း ရေးသား ပြုစုခဲ့လေသည်။

ထိုသို့ ဘာသန္တရ ဗဟုသုတနှင့် ပြည့်စုံသော်လည်း အင်္ဂလိပ်ဘာသာကို ထိရောက်စွာ လေ့လာဆည်းပူးလိုသေးသဖြင့် အင်္ဂလန်ပြည်သို့ ဆက်လက်ကြွခဲ့ပြန်လေသည်။ အင်္ဂလန်နိုင်ငံတွင် နှစ်နှစ်ကြာ နေ၍ လေ့လာ သင်ကြားခဲ့ပြီးသည့်နောက် အပြန်ခရီးတွင် ပြင်သစ်နိုင်ငံနှင့် အီတလီနိုင်ငံတို့သို့ ဝင်ရောက်ခဲ့ပြန်၏။ ထိုမှတစ်ဆင့် မြန်မာပြည်သို့ ပြန်လည်ကြွလာခဲ့ရာ သက္ကရာဇ် ၁၂၉၀–ပြည့်နှစ် နယုန်လဆန်း ခုနစ်ရက်နေ့တွင် ရောက်ရှိလာခဲ့လေသည်။

ဆရာတော် သျှင်အာဒိစ္စဝံသသည် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိခဲ့ပြီးနောက် စာပေကျမ်းဂန်များကို အားပြု၍ ပို့ချပေးခဲ့ရာ စာသင်သားပေါင်း ၁၀၀–ကျော်မျှ များပြားလာခဲ့၏။ အင်္ဂလိပ်ဘာသာနှင့် အခြားဘာသာခြား သင်ကြားသူများမှာလည်း အထူးများပြားလာလေသည်။ ထိုအချိန်တွင် ' ဘာသန္တရလမ်းညွှန်ကျမ်း ' ကိုလည်း ရေးသားထုတ်ဝေခဲ့သည်။ မကြာမီ အစိုးရအထောက်အပံ့ခံ စာသင်ကျောင်းတစ်ကျောင်းကိုလည်း တည်ထောင်ခဲ့၏။ ထိုကျောင်းသည် သက္ကရာဇ် ၁၂၉၄–ခုနှစ်တွင် ၁၀–တန်းကျောင်း အဆင့်သို့ တိုးမြှင့်ခြင်း ခံရလေသည်။

ဆရာတော်သည် အသောကမင်းတရား၏ အနုသာသနီကျောက်စာတော်များကို ဗုဒ္ဓ ဘာသာဝင် သူတော်စင်တို့ အလွယ်တကူ လေ့လာဖတ်ရှုနိုင်၍ ကုသိုလ်ပွားများနိုင်ရန် မူလပါဠိ ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့၏။ ဆရာတော်သည် ထိုကျောက်စာများကို မြန်မာပြန်ဆိုရာ၌ အခြာဘာသာများနှင့် ပြန်ဆိုထားသော အင်္ဂလိပ်၊ ဟိန္ဒီ၊ သက္ကတစသည့် ပြန်ဆိုချက်တို့ကို နှိုင်းညှိ ကြည့်ရှု၍လည်းကောင်း၊ ဘုရားဟောကျမ်းဂန်များနှင့် တိုက်ဆိုင်ကြည့်ရှု၍လည်းကောင်း မြန်မာ ပြန်ဆိုခဲ့ခြင်း ဖြစ်ပေသည်။ ထိုအသောကကျောက်စာတော်ကို မြန်မာပြန်ဆိုမှုအတွက် ရန်ကုန်တက္က သိုလ် ဆိုနိတ်အဖွဲ့မှ ၁၉၃၁–၃၂ ခုအတွက် ' ဝေလမင်းသားဆု ' ကို ပေးအပ်ချီးမြှင့်ခဲ့လေသည်။

ဆရာတော်သည် ဘာသန္တရစာပေများကို သင်ကြားပို့ချမှုနှင့် ပတ်သက်၍ ဆရာတော် အချို့နှင့် သဘောထား မညီမျှ ဖြစ်ခဲ့ရသည်။ ဆရာတော် သျှင်အာဒိစ္စဝံသကလည်း ဘာသာစာပေ သင်ကြားမှုနှင့် ပတ်သက်၍ အလျှော့မပေးဘဲ ပြောင်တင်းစွာပင် ကြေညာခဲ့သည်။ ထိုအချက်ကို မူတည်၍ မကျေနပ်သူ ပညာရှင်အပိုင်းမှ သတင်းစာများမှလည်းကောင်း၊ ကိုယ်ပိုင် စာအုပ်စာတမ်းများဖြင့်လည်းကောင်း ဆန့်ကျင် ရေးသားကြရာ ဆရာတော်သျှင်အာဒိစ္စဝံသ ဘက်မှလည်း ဤသို့ပင် ပြန်လည် ရေးသားခဲ့၏။ ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာပြည်တွင် ဘာသန္တရ အရေးတော်ပုံကြီး ဖြစ်ခဲ့ရလေသည်။

ဆရာတော်သည် ၁၂၉၇–ခုနှစ်တွင် ဘိက္ခုနီသာသနာ ရှိသင့်သေးကြောင်း ဖော်ထုတ်၍ ' ဘိက္ခုနိသာသနောပဒေသ ' ကျမ်းကို ရေးသားလေသည်။ ထိုကျမ်းကို ထုတ်ဝေပြီး၍ မကြာမြင့် မီမှာပင် အရေးတော်ပုံကြီး ဖြစ်ပေါ်လာရပြန်လေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဆရာတော်

ဆရာတော် သျှင်အာဒိစ္စဝံသအား သက္ကရာဇ် ၁၂၉၇–ခု၊ တော်သလင်းလဆန်း ၁၂–ရက်နေ့တွင် ဂျူဗလီဟော၌ ပကာသနိယကံပြုရေးကိုပင် တိုင်ပင်ဆွေးနွေးသည်အထိ ဖြစ်ပေါ်လာခဲ့လေသည်။

သို့ရာတွင် ဆရာတော်သျှင်အာဒိစ္စဝံသကလည်း အလျှော့မပေးဘဲ ဘိက္ခုနီသာသနာနှင့် ပတ်သက်၍ ဖြေရှင်းသော 'ဘိက္ခုနီအရေးပုံ' ခေါ် စာစောင်များကို ဆက်တိုက် ထုတ်ဝေခဲ့သည်။ ထိုစာစောင်များတွင် ဆရာတော်သည် မိမိယုံကြည်ချက် သဘောထားမှ စ၍ "ပကာသနိယကံ ဘယ်သူစ၍ ဖြစ်ရသနည်း၊ ပကာသနိယကံ မှားသလား၊ မှန်သလား" စသော ပြဿနာများကို အခန်းဆက်ဖြင့် ဖွင့်ဆိုရေးသားလေသည်။

ဆရာတော်သျှင်အာဒိစ္စဝံသသည် သက္ကရာဇ် ၁၃၀၃–ခု၊ ဝါခေါင်လဆုတ် ၁၄–ရက်နေ့တွင် ရဟန်းဇာတ်သိမ်း၍ လူ့အဖြစ်သို့ ရောက်ရှိခဲ့လေသည်။ လူမည်ကား ဦးအောင်မြတ်ထွတ် ဟူ၍ ဖြစ်၏။ လူ့ဘဝတွင်လည်း လူမှုကိစ္စ စီးပွားရေးကို မဆောင်ရွက်ဘဲ စာပေပို့ချခြင်း၊ ကျမ်းစာရေးသားခြင်းကိုသာ ကြိုးပမ်းဆောင်ရွက်ခဲ့လေသည်။

သျှင်အာဒိစ္စဝံသ ရေးသားသော ကျမ်းစာများမှာ ၆၀–ကျော်မျှ ရှိလေရာ ထင်ရှားသော ကျမ်းစာတို့မှာ မူလပဏ္ဏာသဘာသာပြန်၊ တရားမှန်တော်ကြီး၊ ဝိမုတ္တိဉာဏောပဒေသ၊ ဂုဏ်တော်နှင့် သုံးစွဲထုံး၊ ပါဒသိက္ခာနယူပဒေသ၊ သီမသင်္ဂဟ၊ ပရိတ္တသင်္ဂဟပါဠိ နိဿယ၊ ဓမ္မစက္ကပဝတ္တနသုတ် အဓိပ္ပာယ်အဖွင့်၊ သံဂါယနာရှင်းတမ်းကြီး၊ ဘိက္ခုနီအရေးပုံကျမ်း၊ သရဏဂုံနှင့် ကိုးကွယ်ထုံး၊ ကာဗျာ့ချိန်ခွင်၊ ကဗျာ့မှန်၊ ယမကပုစ္ဆာဟေဠိဒီပိကာ၊ ပါဠိပါဒသိက္ခာဝလိ၊ ဗြဟ္မယာစနကထာပြဿနာ၊ မြန်မာသတိပဋ္ဌာန်အဖွင့်၊ ဘိက္ခုနီသာသနောပဒေသ၊ အသောကကျောက်စာတော် မြန်မာဘာသာ ကျမ်း၊ ဓမ္မဝိနယကျမ်း၊ ပဒသင်္ဂဟပါဠိနှင့် နိဿယ၊ ကစ္စာယနသင်္ဂဟပါဠိ နိဿယ၊ ရတနာကြုတ်၊ နိယာမောပဒေသ၊ နိကာယမှန်တော်ကြီး၊ အာဒိစ္စဝံသထေရာပါဒါန်၊ သာသနာ့မှန်၊ ဘာသန္တရလမ်းညွှန် စသည်တို့ ဖြစ်သတည်း။

သျှင်အာဒိစ္စဝံသဘွဲ့ခံ ဆရာကြီး ဦးအောင်မြတ်ထွတ်သည် သက္ကရာဇ် ၁၃၁၃–ခု၊ ဝါခေါင်လဆုတ် လေးရက်နေ့ (၂၈၊ ၁၊ ၁၉၅၁) တွင် ကွယ်လွန်အနိစ္စရောက်လေတော့သည်။

**(ကျမ်းကိုး)** မြန်မာနိုင်ငံ စာပေဆုများ၊ မြန်မာစာပေတိုက်ပွဲများ၊ ၁၉၃၅–၃၆ ခုနှစ်များတွင် ဝိဇယပုံနှိပ်တိုက်မှ ထုတ်ဝေသော 'ဘိက္ခုနီအရေးပုံ' ပထမခန်းနှင့် ဒုတိယခန်းစာစောင်များ။

## ညောင်လေးပင်တောရဆရာတော် ( ၁၂၄၈–၁၃၁၄ )

တောင်လေးလုံးဆရာတော်ကြီးသည် မိမိရေးသားသော စာများကို ‘ရှုဘွယ်’ဟူသော အမည်ဖြင့် ရေးသားသကဲ့သို့ ညောင်လေးပင်တောရဆရာတော်သည်လည်း မိမိရေးသော ကျမ်းစာများကို ‘ အရသာ ’ဟူသော အမည်ဖြင့် အများအပြား ရေးသားတော်မူသည်။ ထိုဆရာတော်ကြီးကား ညောင်လေးပင်မြို့မှ လေးမိုင်ခန့် ဝေးကွာသော ပုဇွန်မြောင်းရွာ၌ အဖ ကျောင်းဆရာကြီး ဦးခေါင်၊ အမိဒေါ်ခက်တို့မှ သက္ကရာဇ် ၁၂၄၈–ခုနှစ်၊ ပြာသိုလဆန်း လေးရက် တနင်္ဂနွေနေ့တွင် ကောင်းမြတ်သော နက္ခတ်နှင့်ယှဉ်လျက် ဖွားမြင်တော်မူသည်။

ဆရာတော် လောင်းလျာနှင့်အတူ မွေးချင်း ခြောက်ယောက်ရှိသည့်အနက် ဆရာတော်သည် အကြီးဆုံးသော သားဦးရတနာ ဖြစ်သည်။ လောင်းလျာသူငယ်သည် ငယ်ရွယ်စဉ်ကပင် မကောင်းမှု ဖြစ်သော အလုပ်များကို အလွန်ကြောက်ရွံ့သူ ဖြစ်၏။ သူငယ်သည် မိမိမှန်ကန်သည်ဟု ဆုံးဖြတ်ထားသော အရာဟူသမျှကိုလည်း ရဲဝံ့စွာ လုပ်ကိုင် ပြောဆိုတတ်၏။ ဤသို့ ပြုမူတတ်သဖြင့် မိဘနှစ်ပါးတို့ကပင် အံ့သြစိတ်၊ ချီးမွမ်းစိတ်၊ ကြောက်ရွံ့စိတ် ဖြစ်ပေါ်ကြရသည်ဆို၏။

အသက် ၁၂–နှစ်သား အရွယ်တွင် မိဘနှစ်ပါးတို့က ညောင်လေးပင်မြို့ တောရကျောင်း ဆရာတော်ထံတွင် အပ်နှံ၍ သျှင်သာမဏေ ပြုစေသည်။ သျှင်သာမဏေပြုသောအခါ တောရဆရာတော်က မကောင်းမှု ဒုစရိုက်အမှုတို့ကို မပြုလုပ်တတ်သူ ဖြစ်၍ အရိယာနှင့်တူသောကြောင့် သာမဏေဘွဲ့ကို သျှင်အရိယဟု မှည့်ခေါ်တော်မူ၏။

သာမဏေသျှင်အရိယသည် ပင်ကိုယ်ကပင် စာပေ ပရိယတ္တိသင်ကြားလိုမှု၌ ပြင်းပြလှသူ ဖြစ်သည့်အလျောက် သာသနာဘောင်သို့ ရောက်ရှိသည်တွင် စာပေသင်ကြားမှု အလုပ်ကို စွမ်းစွမ်းတမန် ဆောင်ရွက် သင်ကြားလေသည်။ သို့အလျောက် ပထမတောရဆရာတော်ကြီး အထံမှာပင် ပါဠိ အဋ္ဌကထာ ဋီကာ သုတ် ဝိနည်း အဘိဓမ္မာစသော ဂန္ထန္တရ အဝဝတို့ကို သင်ယူလေ့ကျက်၍ ပေါက်မြောက်ခဲ့၏။

သက္ကရာဇ် ၁၂၆၇–ခု၊ တပိုတွဲလဆုတ် နှစ်ရက်နေ့တွင် အသက် ၂၀–ပြည့်သဖြင့် ညောင်လေးပင်မြို့ တောရကျောင်းတိုက်ကြီးရှိ သီလဝိသောဓနီသိမ်တော်ကြီး၌ ဘုန်းတော်ကြီး ဦးသီလကို ဆရာပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိလေသည်။ ရဟန်းဖြစ်တော်မူလျှင် ဆရာရင်းများ ဖြစ်သော တောရဆရာတော်နှင့် ဘုန်းတော်ကြီး ဦးသီလအရှင်မြတ်တို့က မန္တလေးမြို့ ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးဥက္ကဋ္ဌဖြစ်သော ဝိသုဒ္ဓါရုံဆရာတော်ကြီးထံသို့ အပ်နှံ၍ စာပေပရိယတ်များကို သင်ကြားစေလေသည်။

ရဟန်းတော်ဦးအရိယသည် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးထံတွင် ပညာရင်နို့ သောက်စို့ပြီးလျှင် မိမိဆရာရင်း ဖြစ်သော ညောင်လေးပင်မြို့ တောရကျောင်းတိုက်ကြီးသို့ ပြန်လည်ကြွရောက်တော်မူခဲ့လေသည်။ တောရကျောင်း၌ သီတင်းသုံးနေစဉ် ဆရာတော်ကြီးများ၏ ခွင့်ပြုချက်အရ အစိုးရပထမပြန် စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို ဖြေဆို အောင်မြင်တော်မူသည်။ ထို့နောက် တောရကျောင်းတိုက်၌ပင် စာပေ ပို့ချနေခဲ့လေသည်။

ဆရာတော်ဦးအရိယသည် တောရကျောင်းတိုက်ကြီးမှ ပထမဆရာတော်နှင့် ဒုတိယ ဆရာတော်တို့ ပျံလွန်တော်မူသဖြင့် ညောင်လေးပင်တောရကျောင်းတိုက်ကြီး၌ ဦးစီးနာယကဆရာတော်အဖြစ် တာဝန်ယူ၍ သာသနာတော်ကို ပြုရသည်။ ထိုအခါ တောရကျောင်းတိုက်ကြီး၌ သီတင်းသုံးကြသော သံဃာတော် ၁၀၀–ကျော်တို့ကို အုပ်ချုပ်တော်မူလျက် စာပေပို့ချရင်း ဒကာ ဒကာမများအားလည်း တရားဓမ္မကိုဟောပြတော်မူလေသည်။

ဆရာတော်သည် စာပေပို့ချတော်မူရင်း တစ်ဖက်ကလည်း ကျမ်းဂန်ပြုစုခြင်း လုပ်ငန်းကို မပျက်အကွက် ပြုစုတော်မူသည်။ ဤသို့ ဆောင်ရွက်တော်မူသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်

အစိုးရက ' အဂ္ဂမဟာပဏ္ဍိတ ' ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီးက ' သကျသီဟမူလမ္ဗောစရိယ ' ဟူသော ဘွဲ့ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြလေသည်။ ထို့ပြင် ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်ကြီးတွင်လည်း ဩဝါဒါစရိယအဖြစ် တင်မြှောက်တော်မူကြသဖြင့် ဆောင်ရွက်တော်မူရသည်။

ဤကဲ့သို့ သာသနာ့ဝန်ကို ထမ်းဆောင်နေရာ လေငန်းရောဂါ စွဲကပ်လာသဖြင့် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး အထူးခန်းသို့ တက်ရောက်ကုသရ၏။ ပထမနှင့် ဒုတိယအကြိမ်များတွင် ပျောက်ကင်းသော်လည်း တတိယမြောက်တွင်ကား အထက်တန်း ဆရာဝန်ကြီးများဖြင့် ကြပ်မတ်ကုသပါသော်လည်း လေငန်းရောဂါမှာ ဆုတ်ယုတ်ခြင်း မရှိဘဲ နောက်ဆုံးတွင် ခြေလက်မျှသာ လှုပ်နိုင်တော့သည်။ ပါးစပ်ကမူ စကားမပြောနိုင်တော့ဘဲ ရှိလေတော့သည်။

ထိုအခါ ဆရာဝန်ကြီးများနှင့် အစောင့်အရှောက်များက သနားခြင်း ကရုဏာ၊ ကြည်ညိုခြင်း သဒ္ဓါစိတ်ဖြင့် စောင့်ရှောက်ပေးကြ၏။ ညနေစောင်းအခါတွင် အားအင်လျော့ပါး ကုန်ခန်းနေသဖြင့် ကော်ဖီ စွတ်ပြုတ်စသည်တို့ကို သောက်သုံးတော်မူပါရန် အတန်တန်လျှောက်ထား တောင်းပန်ကြ၏။ ထိုအခါ ဆရာတော်သည် ပါးစပ်မှ ပြောပြနိုင်ခြင်း မရှိတော့သဖြင့် ကတုန်ကရီဖြင့် စာတစ်ပိုဒ်ကို ရေးသား ပြခဲ့၏။ ဆရာတော် ရေးသားသော စာမှာ–

> " နိုင်ငံတော်အစိုးရ၏ အမှုထမ်းများသည် အစိုးရ၏ ဥပဒေကို တသွေမတိမ်း လိုက်နာကျင့်ဆောင်ကြရသည်။ ထို့အတူ မြတ်စွာဘုရား၏ တပည့်သား ဖြစ်ကြသော သာသနာတော်ထမ်း ရဟန်းသာမဏေများသည်လည်း ဘုရားရှင်၏ ဥပဒေဝိနည်း ဒေသနာတော်ကို လိုက်နာရပေသည်။ "–

ဟူ၍ ဖြစ်သတည်း။

ဤသို့ နောက်ဆုံး တရားဓမ္မတို့ကို ဟောကြားပြသ ဆိုဆုံးမတော်မူပြီးနောက် သက္ကရာဇ် ၁၃၁၄–ခု၊ ဝါခေါင်လဆန်း ၁၄–ရက် ညခုနစ်နာရီ မိနစ် ၂၀–တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရလေသည်။

ဆရာတော်သည် စာသင်သားများအတွက် လေ့လာစရာကျမ်းများနှင့် ဥပါသကာ လူဒါယကာများအတွက် ကျင့်ကြံဖွယ်ရာ စာပေများကို ရေးသား ပြုစုတော်မူခဲ့သည်။ ဆရာတော် ရေးသားသော စာပေတို့ကို ဖော်ပြရသော် သတိပဋ္ဌာန်အရသာ၊ ပဋ္ဌိစ္စသမုပ္ပါဒ်အရသာ၊ ဘာဝနာအရသာ၊ ဝိသုဒ္ဓိမဂ်အရသာ၊ မဟာဓမ္မစကြာအရသာ၊ ဂုဏ်တော်အရသာ၊ ကထိန်အရသာ၊ အလင်္ကာအရသာ၊ သဂြိုဟ်အရသာ၊ ဒွေမာတိကာအရသာ၊ ဝိနယကောသလ္လကျမ်း၊ ပဋ္ဌိစ္စသမုပ္ပါဒ်အခြေပြု၊ ဥပသကာလက်သုံး၊ ကမ္မဝါခန်း ၂၀၊ ဘုန်းတော်ကြီးဦးသီလထေရုပ္ပတ္တိ စသည်တို့ ဖြစ်ကြသည်။ ထို့ပြင် ရေးသား၍ မပြီးဆုံးသေးဘဲ တစ်စိတ်တစ်ပိုင်းမျှ ဖြစ်သော ကျမ်းတို့မှာလည်း ၁၀–စောင်မျှ ရှိသည်ဟု သိရပေသည်။

**(ကျမ်းကိုး)** ဝိသုဒ္ဓိမဂ်အရသာ နိဒါန်းမှ ' ညောင်လေးပင် သခ်ေပထေရာပဒါန် '၊
ကထိန်အရသာကျမ်း၊ ရွှေကျင်နိကာယမှတ်တမ်း၊

## လယ်တီဦးကောဝိဒ ( ၁၂၆၉–၁၃၀၇ )

လယ်တီဦးကောဝိဒသည် ကျောက်ပန်းတောင်းမြို့နယ် ရသေ့တောင်ရွာတွင် အဖ ဦးကြာခိုင်၊ အမိ ဒေါ်အုန်းရီတို့မှ သက္ကရာဇ် ၁၂၆၉–ခုနှစ်၌ ဖွားသန့်စင်သည်။ ငယ်မည်ကို မောင်ကျော်ရင်ဟု ခေါ်သည်။ နောင်အခါတွင် တည်ပင်တဲရွာ၌ ကြီးပြင်းလာရပေသည်။

မောင်ကျော်ရင်သည် တည်ပင်တဲရွာ အရှေ့ကျောင်း၌ သီတင်းသုံးတော်မူသော ဘထွေး ဘုန်းတော်ကြီး ဦးကေသရထံတွင် စာပေများကို စတင်သင်ကြားလေသည်။ သာမဏေပြုသော အခါ၌လည်း ထိုဆရာတော်ထံမှာပင် ပြုခဲ့သည်။ ဘွဲ့တော်ကား သျှင်ကောဝိဒ ဖြစ်သည်။ သာမဏေ သျှင်ကောဝိဒသည် မုံရွာမြို့ လယ်တီတိုက်ကြီးသို့ ကြွရောက်၍ လယ်တီဆရာတော်များနှင့် လယ်တီပဏ္ဍိတထံတွင် စာပေပရိယတ်များကို သင်ကြားသည်။

သက္ကရာဇ် ၁၂၈၈–ခုနှစ်တွင် ညောင်တုန်းမြို့မှ သူဌေးဦးကျော်နှင့် သူဌေးကတော် ဒေါ်အေးမှင်တို့က ပစ္စည်းလေးပါး ဒါယကာပြုလုပ်၍ မုံရွာမြို့ လယ်တီတိုက် သိမ်တော်ကြီး၌ ရဟန်းဖြစ်တော်မူသည်။

လယ်တီဦးကောဝိဒသည် ဗုဒ္ဓဘာသာ စာပေများကိုသာမက ဘာသန္တရဖြစ်သော သက္ကတ၊ ဘင်္ဂလီ၊ နာဂရီ၊ ယိုးဒယား၊ အင်္ဂလိပ်စသော ဘာသာများကိုလည်း ကြားညှပ်၍ သင်ကြားတော်မူသည်။ သက္ကရာဇ် ၁၂၉၀–ပြည့်နှစ်တွင် ပခုက္ကူမြို့ အလယ်တိုက်ဆရာတော် ဦးပညာထံသို့ ကြွရောက်၍ ပညာများကို ဆည်းပူးပြန်လေသည်။ သက္ကရာဇ် ၁၂၉၂–ခုနှစ်တွင် အစိုးရပထမကျော် နှင့် ပရိယတ္တိပထမကျော် စာမေးပွဲကို အောင်မြင်တော်မူသည်။

သက္ကရာဇ် ၁၂၉၃–ခုနှစ်တွင် မန္တလေးမြို့ စကုတိုက်ဆရာတော်ထံတွင် ပညာသင်ကြား ရင်း စာချဘုန်းကြီး အဖြစ် ဆောင်ရွက်လေသည်။ ယင်းသို့ နေစဉ် အိမ်တော်ရာဘုရားဝင်း အတွင်း၌ ရဟန်းသျှင်လူများအား ကဗျာလင်္ကာများကို သင်ကြားပေးသည်။ ထို့နောက် အမရပူရမြို့ မင်္ဂလာ တိုက်ဟောင်းသို့ ကြွရောက်၍ ညဝါဆိုခြင်း၊ စာချခြင်းတို့ကို ပြုလုပ်ပြန်သည်။ သက္ကရာဇ် ၁၂၉၇– ခုနှစ်တွင်ကား မုံရွာမြို့ လယ်တီတိုက်ကြီးသို့ ပြန်လည် ကြွရောက်ခဲ့လေသည်။

ဦးကောဝိဒသည် ကဗျာလင်္ကာကို လိုက်စားသူတို့အတွက် ' ကဝိဘာရတီကျမ်း ' ကို ရေးသားခဲ့သည်။ ထို့ပြင် ပါဠိဘာရတီကျမ်း၊ ဆန္ဒောဘာရတီကျမ်း၊ ရူပသိဒ္ဓိဋီကာသစ်နှင့် နိဿယ၊ သီဟိုဠ်ရှင်ဘုရားသမိုင်းတို့ကိုလည်း ရေးသားပြုစုခဲ့သည်။ ထိုအချိန်တွင် ဒဂုန်မဂ္ဂဇင်းကြီး၌ ကဗျာလင်္ကာစသော စာပေ အမျိုးမျိုးကို ရေးသားလေသည်။

လယ်တီဦးကောဝိဒသည် ရဟန်းအသွင်မှ ပြောင်းလိုသော ဆန္ဒရှိသည့်အလျောက် သက္ကရာဇ် ၁၃၀၆–ခု၊ တပေါင်းလဆုတ် ၁၃–ရက်နေ့တွင် လူ့ဘဝသို့ ကူးပြောင်းခဲ့သည်။ လူ့အဖြစ်သို့ ရောက်ရှိလျှင် မိဘများက တည်ပင်တဲရွာသူ ဖြစ်သော မစောတင်နှင့် အိမ်ထောင် ချထား ပေးကြ၏။ ဦးကျော်ရင်သည် သမီးတစ်ယောက် ရရှိခဲ့ရာ နောင်အခါ၌ လယ်တီတိုက်သို့ သွားရောက်၍ သီလရှင်ဝတ်နေလေသည်။

ဦးကျော်ရင်သည် မိမိနေထိုင်လျက် ရှိသော တည်ပင်တဲရွာတွင် ကျေးရွာလုံခြုံရေးနှင့် ရပ်ရွာတိုးတက်ရေးအတွက် ဟောပြောပွဲများ ပြုလုပ်သည်။ သို့ရာတွင် များစွာ အရာမထင်ခဲ့ပေ။ သက္ကရာဇ် ၁၃၀၇–ခု၊ ကဆုန်လဆန်း ခြောက်ရက်နေ့တွင် မုံရွာမြို့ လယ်တီတိုက်မှ မိမိနေထိုင်သော တည်ပင်တဲရွာသို့ ပြန်လာရာတွင် လမ်းခရီး ကျောက်ပုံချောင်း၌ ကားကိုတား၍ လူဆိုးများက ဖမ်းဆီးခေါ်ဆောင်ပြီးလျှင် ဦးကျော်ရင်နှင့် ညီများကို သုတ်သင်ပစ်လိုက်သည်။ ဤသို့ဖြင့် ဦးကျော်ရင်၏ ဘဝသည် ရေတိမ်တွင် နစ်ခဲ့လေတော့သည်။

**(ကျမ်းကိုး)** မြန်မာ့ရှုခင်း ၊

# ညှိနှိုင်းကိုးကားသော စာပေများစာရင်း

## ( က ) ပုံနှိပ်စာမူ


၁။ အနုဒီပနီကျမ်း– နိဒါန်း၊ ။ သျှင်သာဂရ
သုဓမ္မဝတီပုံနှိပ်တိုက်၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့၊ ၁၂၉၅–ခု၊
၂။ အနှစ် ၁၀၀–ပြည့် မန္တလေး၊ ။ ရွှေကိုင်းသား
ကြီးပွားရေးပုံနှိပ်တိုက်၊ လက်ဆည်ကန်၊ မန္တလေး၊ ၁၃၂၁–ခု၊ ပထမအကြိမ်၊
၃။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိကျမ်း– သုံးစောင်တွဲ၊ ။ ဘုရားကြီး၊ ရေစကြို၊ ကျော်အောင်စံထား၊
သုဓမ္မဝတီစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၂၄–ခု၊
၄။ အမေးတော်ဖြေကျမ်း၊ ။ မောင်းထောင်ဆရာတော်
ဦးချစ်ကြွယ်နှင့် သားသမီးများ၊ ဇမ္ဗူမိတ်ဆွေ ပိဋကတ်စာအုပ်ဆိုင်၊ ဈေးချိုတော်၊
မန္တလေးမြို့၊ ၁၃၂၃–ခု၊ ပထမအကြိမ်၊
၅။ အလယ်တန်းစကားပြေ လက်ရွေးစင်၊ ။ ကျောင်းသုံးစာအုပ်ကော်မတီ
စာပေဗိမာန်ပုံနှိပ်တိုက်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ၁၉၆၇–ခု၊ ပထမအကြိမ်၊
၆။ အာဒိကပ္ပကျမ်းနှင့် ဒွါဒသိနိကျမ်း၊ ။ ပြင်ဆင်သူ ဦးသိန်းနိုင်
လျှပ်စစ်ပုံနှိပ်တိုက်၊ မောင်ထော်လေးလမ်း၊ ရန်ကုန်မြို့၊ ၁၉၅၅–ခု၊
၇။ ဦးဖိုးကျားမှတ်စု၊ ။ ဦးဖိုးကျား
စာပလ္လင်ပုံနှိပ်တိုက်၊ ဈေးလမ်း၊ ရန်ကုန်မြို့၊ ၁၉၆၈–ခု၊
၈။ ကတိန်အရသာ၊ ။ ညောင်လေးပင်တောရဆရာတော်
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၅–ခု၊
၉။ ကဗျာကြေးမုံ ပိဋကတ်ကြေးမုံကျမ်း၊ ။ ဦးနိဂြောဓ
တမ္ပဒီပတိုင်း ပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ၁၂၇၂–ခု၊ ပ ဝါဆိုလ၊ ဒုတိယအကြိမ်၊
၁၀။ ကဗျာသာရ၊ ။ ဦးသော်ဇင်
မြန်မာ့တံခွန်ပုံနှပ်တိုက်၊ လှည်းတန်း၊ ရန်ကုန်မြို့၊ ၁၃၃၀–ပြည့်၊ ဝါဆိုလ၊
၁၁။ ကဗျာသာရတ္ထသင်္ဂြိုဟ်၊ ။ ဆရာလွန်း
ဘားမားမူစလင်စာပုံနှိပ်တိုက်၊ ၂၈–လမ်း၊ ရန်ကုန်မြို့၊ ၁၉၁၀–ခု၊
၁၂။ ကဗျာ့ပန်ကုံး၊ ။ ပါမောက္ခဦးအေးမောင်
ဟံသာဝတီတိုက်၊ ရန်ကုန်မြို့၊ ၁၉၄၇–ခု၊
၁၃။ ကဝိဘာရတီကျမ်း– ပထမတွဲ၊ ။ ဆရာဦးကျော်ရင်
ဦးဘိုးသာ ဒေါ်ညွန့်နှင့် သားသမီးများ၊ မန္တလေးမြို့၊ ၁၃၂၁–ခု၊ တတိယအကြိမ်၊
၁၄။ ကဝိလက္ခဏာဒီပနီ၊ ။ မင်းကြီးသီရိမဟာဇေယျသူ
ပုံနှိပ်သူ မောင်ဘသော်၊ မောင်ဘေ၊ ရန်ကုန်မြို့၊ ၁၂၄၂–ခု၊ တော်သလင်းလ၊
၁၅။ ကဝိသာရမဥ္ဇူသာကျမ်း၊ ။ ဦးအောင်
ပုံနှိပ်သူ ကေနာဂုမီရာသား မောင်အီသာ၊ သိမ်ကြီးဈေး၊ ရန်ကုန်မြို့၊
၁၆။ ကဝိသေနင်္ဂဗျူဟာကျမ်း၊ ။ ဦးအောင်
မင်္ဂလာဇေယျာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၁၃–ခု၊
၁၇။ ကဝိသေတ္တုမဥ္ဇူသာကျမ်း၊ ။ ဦးအောင်
ဒေါ်ဖွားခင်နှင့် မောင်– ကိုလှမောင်၊ ဈေးချိုတော်၊ မန္တလေးမြို့၊
၁၈။ ကန်ါဝိတရဏီအဋ္ဌကထာဂဏ္ဌိ၊ ။ သျှင်သဒ္ဓမ္မနန္ဒီ
သုဓမ္မဝတီပုံနှပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၂၅–ခု၊
၁၉။ ကြောင်ပန်းအလင်း၊ ။ ဦးလှမောင်
အောင်စာပုံနှိပ်တိုက်၊ မြင်းမူလမ်း၊ မုံရွာမြို့၊ ၁၃၂၃–ခု၊
၂၀၊ ဂမ္ဘီသာရပို့ဋ္ဌိကာ၊ ။ ဦးဖိုးစိန်
မြန်မာ့ယူနီယံစာပုံနှိပ်တိုက်၊ ၃၇–လမ်း၊ ရန်ကုန်မြို့၊ ၁၂၈၉–ခု၊

၂၁။ စတုဂီရိရှုဘွယ်ကျမ်း–ပထမတွဲ၊ ၊ တောင်လေးလုံးဆရာတော်
သုဓမ္မဝတီစာပုံနှိပ်တိုက်၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့၊ ၁၃၃၀–ပြည့်၊
၂၂။ စတုဓမ္မသာရကိုးခန်းပျို့၊ ၊ သျှင်မဟာရဋ္ဌသာရ
ဗုဒ္ဓသာသနာအဖွဲ့ပုံနှပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၉ခု၊ ဇွန်လ၊
၂၃။ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ၊ ဗိုလ်မှူးဘသောင်း (မောင်သုတ)
ဒွဲ–စာပေရိပ်မြုံ ၃၃–လမ်း၊ ရန်ကုန်မြို့၊ ၁၃၃၀–ခု၊
၂၄။ စာဆိုတော်များရတုပေါင်းချုပ်၊ ၊ လက်ဝဲနော်ရထာ
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၆–ခု၊
၂၅။ စာညီလာ၊ ၊ စာပေရှင်များ ဆောင်းပါးပေါင်းချုပ်
လုပ်အားပုံနှိပ်တိုက်၊ ၄၆–လမ်း၊ ရန်ကုန်မြို့၊ ပုံနှိပ်နှစ် မပါ၊
၂၆။ စာပေတန်ဆောင်၊ ၊ မြကေတု
လုပ်အားပုံနှိပ်တိုက်၊ ၄၆–လမ်း၊ ရန်ကုန်မြို့၊ ၁၉၆၇–ခု၊ ဒီဇင်ဘာလ၊
၂၇။ စာပေရိပ်မွန်၊ ၊ မြန်စာဂုဏ်ကျော်မြင့်
ဂန္ဓမာပုံနှိပ်တိုက်၊ လမ်း ၅၀ ၊ ရန်ကုန်မြို့၊ ၁၉၆၇–ခု၊ ဩဂုတ်လ၊
၂၈။ စာပေ့တာဝန်၊ ၊ မြန်စာဂုဏ်ကျော်မြင့်
ချိုးဖြူပုံနှိပ်တိုက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ရန်ကုန်မြို့၊ ၁၉၆၇–ခု၊
၂၉။ စွယ်စုံကျော်ထင်ကျမ်း–ပထမအုပ်၊ ၊ ကျီးသဲလေးထပ်ဆရာတော်
ရတနာဒီပံ ပိဋကတ်ပုံနှပ်တိုက်၊ မန္တလေးမြို့၊ ၁၃၂၁–ခု၊
၃၀။ စွယ်စုံကျော်ထင်ကျမ်း–ဒုတိယအုပ်၊ ၊ ကျီးသဲလေးထပ်ဆရာတော်
ရတနာဒီပံ ပိဋကတ်ပုံနှပ်တိုက်၊ မန္တလေးမြို့၊ ၁၃၂၃–ခု၊
၃၁။ ဆန်းမဟာနိဒါန်း၊ ၊ မြစ်ကွေ့ဆရာတော်
ရတနာဒီပံ ပိဋကတ်ပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ၁၂၉၉–ခု၊
၃၂။ ဆုံးမစာပေါင်းချုပ်၊ ၊ ပညာရှိကြီးများ
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၀–ခု၊
၃၃။ ဇာတ်ကြီးဆယ်ဘွဲ့ ဝတ္ထုတော်ကြီး–ဒုတိယတွဲ၊ ၊ မင်းပူးဦးဩဘာသ
သမတစာပုံနှပ်တိုက်၊ ဆိုင်းတန်း၊ မန္တလေးမြို့၊ ၁၃၂၄–ခု၊
၃၄။ ညောင်ကန်သာသနာဝင်၊ ၊ ဦးသုဒဿန
ရဲရင့်စာပေ၊ ရုံတော်ကြီး၊ မန္တလေးမြို့၊ ၁၃၂၁–ခု၊ ဝါဆိုလ၊
၃၅။ တထာဂတဥဒါနဒီပနီကျမ်း–ပဉ္စမတွဲ၊ ၊ သျှင်သီရိသဒ္ဓမ္မာဘိလင်္ကာရ
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၈–ခု၊
၃၆။ ဒေါင်းဋီကာသစ်၊ ၊ သခင်ကိုယ်တော်မှိုင်း
လူထုသတင်းစာတိုက်၊ လက်ဆည်ကန်၊ မန္တလေးမြို့၊ ၁၉၆၀–ခု၊ တတိယအကြိမ်၊
၃၇။ ဓမ္မစကြာမဟာဋီကာ၊ ၊ မြဝတီဆရာတော်
ပညာဗလ ပိဋကတ်ပုံနှိပ်တိုက်၊ ပွဲစားတန်း၊ မန္တလေးမြို့၊ ၁၃၂၃–ခု၊
၃၈။ ဓမ္မပဒပါဠိတော် နိဿယ၊ ၊ သင်္ဂဇာဆရာတော်
ဣစ္ဆာသယပိဋကတ်ပုံနှိပ်တိုက်၊ ၂၄–လမ်း၊ ရန်ကုန်မြို့၊ ၁၃၁၇–ခု၊
၃၉။ နိယမသာရဒီပနီကျမ်း–နိဒါန်း၊ ၊ မြစ်ကွေ့ဆရာတော်
သုဓမ္မဝတီစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၂၉–ခု၊
၄၀။ နေမိဘုံခန်းပျို့၊ ၊ သျှင်အဂ္ဂသမာဓိ
ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၆–ခု၊ ဇန်နဝါရီလ၊
၄၁။ ပခန်းအကြောင်းသိကောင်းစရာ၊ ၊ ပခန်းကျော်
ကာယသုခပုံနှိပ်တိုက်၊ ၃၁–လမ်း၊ ရန်ကုန်မြို့၊ ၁၉၇၂–ခု၊
၄၂။ ပခုက္ကူသာသနာဝင်၊ ၊ အရှင်ကေလာသ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၇–ခု၊ ပထမအကြိမ်၊

၄၃။ ပစပ်ရာဇဝင်၊ ၊ မှော်ဘီဆရာသိန်း
အေးအေးစာပုံနှိပ်တိုက်၊ သုခရိပ်သာ၊ ရန်ကုန်မြို့၊ ၁၉၆၇–ခု၊
၄၄။ ပါရမီတော်ခန်းပျို့၊ ၊ သျှင်မဟာသီလဝံသ
ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၅–ခု၊ နိဝင်ဘာလ၊
၄၅။ ပိဋကတ်သမိုင်းစာတမ်း၊ ၊ မင်းကြီး မဟာသီရိဇေယျသူ
သုဓမ္မဝတီစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၂၆၇–ခု၊
၄၆။ ပုဂံခေတ်ယဉ်ကျေးမှု၊ ၊ သတင်းစာဆရာ ဦးသိမ်းမောင်
ဓွဲပုံနှိပ်တိုက်၊ ၃၃–လမ်း၊ ရန်ကုန်မြို့၊ ၁၉၅၆–ခု၊
၄၇။ ပေဖူးလွှာ၊ ၊ နတ်မောက်ဘုန်းကျော်
စာပေဗိမာန်ပုံနှိပ်တိုက်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ၁၉၆၇–ခု၊ ဒုတိယအကြိမ်၊
၄၈။ ပေါရာဏကထာနှင့် ဋီကာ၊ ၊ သစ်ဆိမ့်ဆရာတော်
သုဓမ္မဝတီစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၀၄–ခု၊
၄၉။ ဘုရားကိုးဆူပူဇော်နည်း၊ ၊ ကျီးသဲလေးထပ်ဆရာတော်
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၄–ခု၊
၅၀။ မဏိကုဏ္ဍလဝတ္ထု၊ ၊ ဝရာဘိသံဃနာထဆရာတော်
ဂန္ဓမာပုံနှိပ်တိုက်၊ လမ်း ၅၀၊ ရန်ကုန်မြို့၊ ၁၃၂၀–ခု၊
၅၁။ မဟာစေတီယပွတ္တိဝိဘာဝနီကျမ်း၊ ၊ သျှင်နန္ဒဝံသမထေရ်
ဇမ္ဗူမိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၃၀၀–ပြည့်နှစ်၊
၅၂၊ မဟာသုတကာရီမဃဒေဝလင်္ကာသစ်၊ ၊ မန်လည်ဆရာတော်
မဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၂၅–လမ်း၊ ရန်ကုန်မြို့၊ ၁၃၃၀–ခု၊ ၁၃–ကြိမ်မြောက်၊
၅၃။ မင်္ဂလတ္ထဒီပနီကျမ်း၊ ၊ ညောင်ကန်ဆရာတော်
ဣစ္ဆာသယပိဋကတ်ပုံနှိပ်တိုက်၊ ၂၄–လမ်း၊ ရန်ကုန်မြို့၊ ပုံနှိပ်နှစ် မပါ၊
၅၄။ မုံရွေးဆရာတော်ထေရုပ္ပတ္တိ၊ ၊ အရှင်ဥတ္တမဗုဒ္ဓိ
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၃၂၆–ခု၊
၅၅။ မုံရွေးမှတ်စု၊ ၊ မုံရွေးဆရာတော်
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၃၂၅–ခု၊
၅၆။ မြန်မာစကာပြေ လက်ရွေးစင်အဖြေ၊ ၊ ဦးကျော်ဇံ
တက်နေလင်းပုံနှိပ်တိုက်၊ ၂၆–ဘီလမ်း၊ မန္တလေးမြို့၊ ၁၉၆၃–ခု၊
၅၇။ မြန်မာစာညွှန့်ပေါင်းကျမ်း–ပထမတွဲ၊ ၊ စုပေါင်းရိုက်နှိပ်သူ ဦးကျော်ထွန်း
မြန်မာနိုင်ငံ အစိုးရပုံနှပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၂၆–ခု၊
၅၈။ မြန်မာစာညွှန့်ပေါင်းကျမ်း–တတိယတွဲ၊ ၊ စုပေါင်းရိုက်နှိပ်သူ ဦးကျော်ထွန်း
မြန်မာနိုင်ငံ အစိုးပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၂၉–ခု၊
၅၉။ မြန်မာစာပေအထွေထွေ၊ ၊ ဦးသိန်းနိုင်၊ မေမြို့ မိုးကြည်
အထောက်တော်ပုံနှိပ်တိုက်၊ ၃၉–လမ်း၊ မန္တလေးမြို့၊ ပုံနှိပ်နှစ် မပါ၊
၆၀။ မြန်မာစာပေတိုက်ပွဲများ၊ ၊ မေမြို့ မိုးကြည်
ရန်အောင်ပုံနှပ်တိုက်၊ ရွှေဂုန်တိုင်လမ်း၊ ရန်ကုန်မြို့၊ ၁၉၆၉–ခု၊ ပထမအကြိမ်၊
၆၁။ မြန်မာစာပေသမိုင်း၊ ၊ ဦးဘေမောင်တင်
သုဓမ္မဝတီပုံနှိပ်တိုက်၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့၊ ၁၃၀၉–ခု၊
၆၂။ မြန်မာနိုင်ငံစာပေဆုများ၊ ၊ ဒဂုန်ရွှေမျှား
စာပေဗိမာန်ပုံနှိပ်တိုက်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ၁၉၇၂–ခု၊ ပထမအကြိမ်၊
၆၃။ မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ၊ ၊ ဦးဖိုးကျား
ပုံနှိပ်တိုက်အမည် မရရှိ၊ ၁၃၀၀–ပြည့်နှစ်၊ တန်ခူးလ၊
၆၄။ မြန်မာ့ဂုဏ်ရည်သူရဲကောင်းများ၊ ၊ ဦးဖိုးကျား
သီဟပုံနှိပ်တိုက်၊ လမ်း ၄၀၊ ရန်ကုန်မြို့၊ ၁၉၇၂–ခု၊ သတ္တမအကြိမ်၊

၆၅။ မြန်မာ့စွယ်စုံကျမ်း–အတွဲ ၂ ၊ ။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း
စတီဗင်အော်စတင်အင်ဆန်းလီမိတက်၊ ဟာဖို့ဒ်မြို့၊ အင်္ဂလန်ပြည်၊ ၁၉၅၅–ခု၊
၆၆။ မြန်မာ့စွယ်စုံကျမ်း–အတွဲ ၃ ၊ ။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း
စတီဗင်အော်စတင်အင်ဆန်းလီမိတက်၊ ဟာဖို့ဒ်မြို့၊ အင်္ဂလန်ပြည်၊ ၁၉၅၆–ခု၊
၆၇။ မြန်မာ့စွယ်စုံကျမ်း–အတွဲ ၅ ၊ ။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း
စတီဗင်အော်စတင်အင်ဆန်းလီမိတက်၊ ဟာဖို့ဒ်မြို့၊ အင်္ဂလန်ပြည်၊ ၁၉၆၁–ခု၊
၆၈။ မြန်မာ့ရှုခင်း၊ ။ ပုရိသ
ကျော်ဝင်းဆွေပုံနှိပ်တိုက်၊ ၉၈–လမ်း၊ ရန်ကုန်မြို့၊
၆၉။ မှန်နန်းရာဇဝင်တော်ကြီး–ပထမတွဲ၊ ။ မြန်မာပညာရှိကြီးများ
ရတနာသိဒ္ဓိစာပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ၁၂၈၃–ခု၊ တပို့တွဲလ၊
၇၀။ မှန်နန်းရာဇဝင်တော်ကြီး–ဒုတိယတွဲ၊ ။ မြန်မာပညာရှိကြီးများ
ရတနာသိဒ္ဓိစာပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ၁၂၈၄–ခု၊ ဝါခေါင်လ၊
၇၁။ မှန်နန်းရာဇဝင်တော်ကြီး–တတိယတွဲ၊ ။ မြန်မာပညာရှိကြီးများ
ဒေါ်ဖွားခင် မောင် ကိုလှမောင်၊ ဈေးချိုတော်၊ မန္တလေးမြို့၊ ၁၃၁၇–ခု၊ တပေါင်းလ၊
၇၂။ ရာဇဝင်ချုပ်ကျမ်းကြီး၊ ။ ဦးသာဖဲ
ရွှေထွန်းစာပုံနှိပ်တိုက်၊ ဈေးလမ်း၊ မော်လမြိုင်ကျွန်းမြို့၊ ၁၂၈၈–ခု၊
၇၃။ ရေစကြိုမြို့သမိုင်းသစ်၊ ။ အရှင်ပညာနန္ဒ
အောင်သိဒ္ဓိမင်္ဂလာပုံနှိပ်တိုက်၊ ပခုက္ကူမြို့၊ ၁၃၂၃–ခု၊ တပို့တွဲလ၊
၇၄။ ရှေးဖြစ်စာတမ်း၊ ။ မော်ပီဆရာသိန်း
အေးအေးပုံနှိပ်တိုက်၊ သုခရိပ်သာ၊ ရန်ကုန်မြို့၊ ၁၉၆၈–ခု၊ ဒုတိယအကြိမ်၊
၇၅။ ရွှေကျင်နိကာယမှတ်တမ်း၊ ။ ဦးအာနန္ဒပဏ္ဍိတ
သုဓမ္မဝတီစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၃၂၆–ခု၊
၇၆။ ရွှေဟင်္သာမင်းပျို့၊ ။ သျှင်တေဇောသာရ
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၃–ခု၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊
၇၇။ လူကျင့်ဝတ်၊ ။ ရွှေဟင်္သာတောရဆရာတော်
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၃–ခု၊
၇၈။ လောကသာရပျို့၊ ။ ကန်တော်မင်းကျောင်းဆရာတော်
ယောဂီပုံနှပ်တိုက်၊ လွှစ္စလမ်း၊ ရန်ကုန်မြို့၊ ၁၉၆၂–ခု၊ ဒုတိယနှိပ်ခြင်း၊
၇၉။ လယ်တီပဏ္ဍိတ၊ ။ စာပေရှင်များ ဆောင်းပါးပေါင်းချုပ်
နွယ်နီပုံနှိပ်တိုက်၊ ၂၉–လမ်း၊ ရန်ကုန်မြို့၊ ၁၉၆၅–ခု၊ ပထမအကြိမ်၊
၈၀။ လယ်တီမဟာထေရုပ္ပတ္တိကထာ၊ ။ အယ်ဒီတာ မောင်ရွှေ
ပညာအလင်းသတင်းစာတိုက်၊ ၅၁–လမ်း၊ ရန်ကုန်မြို့၊ ၁၂၈၅–ခု၊
၈၁။ ဝိနယသမူဟဝိနိစ္ဆယကျမ်း–ဒုတိယတွဲ၊ ။ စုပေါင်းရိုက်နှိပ်သူ ဦးနိရောဓ
အထက်မြန်မာနိုင်ငံ မီးစက်စာပုံနှိပ်တိုက်၊ ၁၂၇၃–ခု၊ ၁၉၁၁–ခု၊
၈၂။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ။ မဟာဝိသုဒ္ဓါရုံဆရာတော်
ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ စာဆိုတန်း၊ ရန်ကုန်မြို့၊ ၁၉၀၉–ခု၊
၈၃။ ဝိသုဒ္ဓိမဂ်အရသာကျမ်း၊ ။ ညောင်လေးပင်တောရဆရာတော်
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၃–ခု၊
၈၄။ ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထု၊ ။ မင်းပူးဦးသြဘာသ
ယောဂီပုံနှိပ်တိုက်၊ လွှစ္စလမ်း၊ ရန်ကုန်မြို့၊ ၁၉၆၀–ခု၊
၈၅။ ဝဏ္ဏဗောဓနေသတ်အင်း၊ ။ ရွာကြီးသျှင်ဥက္ကံသမာလာ
တက္ကသိုလ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၁–ခု၊
၈၆။ သာသနဗဟုသုတပွကာသနီကျမ်း၊ ။ ဘုရားဖြူဆရာတော်
ဒီးဒုတ်သတင်းစာပုံနှိပ်တိုက်၊ မောင်ဂိုမာရီလမ်း၊ ရန်ကုန်၊ ၁၂၉၀–ခု၊

၈၇။ သာသနဝိသောဓနီကျမ်း၊ ။ လယ်တီဆရာတော်
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၂၈–ခု၊
၈၈။ သာသနာလင်္ကာရစာတမ်း၊ ။ မဟာဓမ္မသင်္ကြန်
ဟံသာဝတီသတင်းစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၂၈–ခု၊
၈၉။ သံဃဥပဒေနှင့် အမိန့်တော်စာတမ်းများ၊ ။ သံဃရာဇာဆရာတော်
မြန်မာ့တာရာ သတင်းစာပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ၁၉၃၂–ခု၊ ဒုတိယအကြိမ်၊
၉၀။ သံဝရပျို့၊ ။ သျှင်မဟာရဋ္ဌသာရ
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၃–ခု၊
၉၁။ သချာ်ဂုဏပကာသနီကျမ်းကြီး၊ ။ ဦးပဏ္ဍဝံသ
ဝဇီရာမဏ္ဍလစာပုံနှိပ်တိုက်ကိုက်၊ မန္တလေးမြို့၊ ၁၂၈၉–ခု၊ နယုန်လ၊
၉၂။ သင်္ဂဇာစကားပုံပေါင်းချုပ်၊ ။ တံဆိပ်ရဆရာတော်ကြီးများ
ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၆–ခု၊
၉၃။ သဒ္ဒါကြီးနိဿယ–ဒုတိယတွဲ၊ ။ နန်းကျောင်းဆရာတော်
သုဓမ္မဝတီစာပုံနှိပ်တိုက်၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့၊ ၁၃၂၃–ခု၊
၉၄။ သဒ္ဒါငယ်နိဿယ ၃–စောင်တွဲ၊ ။ စရစ်သျှင်သီလာစာရ
ကဝိမျက်မှန်စာပုံနှိပ်တိုက်၊ စာတိုက်တန်း၊ ရန်ကုန်မြို့၊ ၁၂၆၈–ခု၊ ကဆုန်လ၊
၉၅။ သုံးပုံတံချူနှင့် သုံးပုံအိတ်ထောင့်ကျမ်း၊ ။ မုန်တိုင်ပင်ဆရာတော်
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၉–ခု၊
၉၆။ သုတ်သီလက္ခန်ဂဏ္ဍိ၊ ။ သျှင်သဒ္ဓမ္မနန္ဒီ
ပိဋကတ်တော် ပြန့်ပွားရေးပုံနှိပ်တိုက်၊ အောင်ဆန်းလမ်း၊ မန္တလေး၊ ၁၉၆၇–ခု၊

## (ခ) ပေစာမူ

၉၇။ အက္ခရဝိသောဓနီကျမ်း၊ ။ မောင်းထောင်သျှင်ပညာသာမိ
၉၈။ အဓိကရဏဝိနိစ္ဆယ၊ ။ မအူနန်းကျောင်းဆရာတော်
၉၉။ သာလွန်မင်းအမေးတော်ပုံကျမ်း၊ ။ တောင်ဖီလာဆရာတော်
၁၀၀။ အတုလဆရာတော်ဖြတ်ထုံး၊ ။ အတုလဆရာတော်
၁၀၁။ ဝိဝါဒဝိနိစ္ဆယ၊ ။ သာသနာပိုင်ဦးဥေယျ
၁၀၂။ ကထိနဝိနိစ္ဆယ၊ ။ တောင်ဖီလာဆရာတော်
၁၀၃။ ကလျာဏီကျောက်စာနိဿယ၊ ။ ယောဆရာတော် သျှင်တိသာသနာလင်္ကာရ
၁၀၄။ ထေရာဂါထာအဋ္ဌကထာနိဿယ၊ ။ သျှင်ဝရသမ္ဘောဓိ
၁၀၅။ တင်သင့် ရုံသင့် အဆိုစာတမ်း၊ ။ ပထမဖားကရာဆရာတော်
၁၀၆။ အာဒိပုဗ္ဗကျမ်း၊ ။ သျှင်ဒိသာပါမောက္ခ
၁၀၇။ မူလဋီကာမဟာနိဿယ၊ ။ သျှင်ဝရသမ္ဘောဓိ
၁၀၈။ ရာဇာဓိရာဇနာမတ္တပကာသနီ၊ ။ ပထမကျော်အောင်စံထားဆရာတော်
၁၀၉။ ကန်တော်မင်းကျောင်းမေတ္တာစာအဖြေ၊ ။ တောင်တွင်းမင်းကျောင်းဘုန်းကြီး
၁၁၀။ ဘိက္ခုဒေသနာကျမ်း၊ ။ ဆုံတားဆရာတော်
၁၁၁။ ပေါရာဏကထာကျမ်း၊ ။ နိဂုံး၌ စာပြုပုဂ္ဂိုလ်အမည်မပါ၊ စာကူးနှစ် ၁၂၃၂–ခု၊
၁၁၂။ ကျော်အောင်စံထားအဖြေ၊ ။ ပထမကျော်အောင်စံထားဆရာတော်
၁၁၃။ သတ်ပုံလင်္ကာ (ပင့်–ရစ်)၊ ။ ထွင့်ခေါင်ဆရာတော်
၁၁၄။ ဓမ္မနီတိနိဿယ၊ ။ ဖားကရာဆရာတော်
၁၁၅။ ပဏာမဒီပနီကျမ်း၊ ။ သျှင်ပညာသီဟ (မှတ်တမ်းတင်သူ)
၁၁၆။ အနုသုရာဝိနိစ္ဆယ၊ ။ ပထမကျော်အောင်စံထားဆရာတော်
၁၁၇။ သုဓမ္မာလင်္ကာ၊ ။ သျှင်အတုလစက္က

## (ဂ) အထွေထွေကိုးကားချက်များ

၁။ ငွေတာရီမဂ္ဂဇင်း အမှတ် ၁၂၃-မှ ဒဂုန်ဦးထွန်းမြင့်၏ 'တောင်ဖီလာဆရာတော်နှင့် သျှင်ဥပါလိ' ဆောင်းပါး၊

၂။ လုပ်သားသတင်းစာမှ ဦးသောင်း (ရေဦး)၏ 'ဗဒုံမင်းလက်ထက်သာသနာ' ဆောင်းပါး၊

၃။ ၁၉၆၀-ခု၊ ဧပြီလထုတ် ယဉ်ကျေးမှုမဂ္ဂဇင်းမှ မေမြို့မိုးကြည်၏ 'သံဝေဂခန်းပျို့ သျှင်မဟာသီလဝံသ မရေး' ဆောင်းပါး၊

၄။ ( ၈ ၊ ၂ ၊ ၁၉၆၅ ) နေ့ပါ လုပ်သားသတင်းစာမှ ကြည်မြလွင်၏ 'စိန်တုံးမိဖုရား ကောင်းမှုတော်' ဆောင်းပါး၊

၅။ ၁၉၃၅-ခုနှစ်၊ ဝိဇယပုံနှိပ်တိုက်မှ ထုတ်ဝေသော 'ဘိက္ခုနိအရေးပုံ ပထမခန်း' နှင့် ၁၉၃၆-ခုနှစ်ထုတ် 'ဘိက္ခုနိအရေးပုံ ဒုတိယခန်း' စာစောင်များ၊

၆။ ၁၉၇၈-ခု၊ ဒီဇင်ဘာလထုတ် စန္ဒာမဂ္ဂဇင်းမှ ဟံသာဝတီဦးဘရင်၏ 'ငဆောင်ချမ်းတိုက်ပွဲနှင့် ဦးကျည်ပွေ့' ဆောင်းပါး၊

၇။ မေတ္တာစာပေါင်းချုပ် (ပုရပိုက်မူ)

၈။ မကွေးတိုင်း မြိုင်မြို့နယ် ထနောင်းခါးလှကျေးရွာမှ 'မနောရမ္မာသိမ်ကျောက်စာ'၊

၉။ ၁၉၇၀-ခု၊ အောက်တိုဘာလထုတ် မိုးဝေမဂ္ဂဇင်းမှ ဘဝင်း၏ 'ဇာတ်နိပါတ်ဘာသာပြန်ဆရာ ဦးတေတေး' ဆောင်းပါး၊

၁၀။ ရွှေလဝင်းဘုရားကျောက်စာနှင့် ရတနာမဥ္ဇူမဟာသိမ်ကျောက်စာ (ရေစကြိုမြို့)၊

၁၁။ ၁၉၇၁-ခု၊ အောက်တိုဘာလထုတ် ငွေတာရီမဂ္ဂဇင်းမှ ပါရဂူ၏ 'ခင်ကြီးဖျော်နှင့် ဘာသာဘေဒ' ဆောင်းပါး၊

၁၂။ ရေစကြိုမြို့နယ်၊ ဖူလုံ (ဖွတ်လျှို) ကျေးရွာ အရှေ့ဘက်ရှိ ဂူဖြူဘုရားကျောက်စာ၊

၁၃။ ၁၉၆၉-ခု၊ မေလထုတ် ဝတ်မှုံမဂ္ဂဇင်းမှ ရွှေကြိုသျှင်ဘုန်း (ဘုန်းနွယ်) ၏ 'ကြည့်ကန်သျှင်ကြီး' ဆောင်းပါး၊

၁၄။ ပခန်းကြီးမြို့ဟောင်း အနောက်ဘက်ရှိ ဘုမ္မိဇေယျာသိမ်ကျောက်စာ၊

၁၅။ ရေးဟောင်းပုရပိုက်မူမှ 'သတ်ပုံလင်္ကာအကျဉ်း'၊

၁၆။ ( ၁၅ ၊ ၁၀ ၊ ၁၉၇၂ ) နေ့ထုတ် ဟံသာဝတီသတင်းစာမှ ဘုန်းနွယ် (ရေစကြို) ၏ 'သက်ပန်းအတွင်းဝန်ကြီး' ဆောင်းပါး၊

၁၇။ ၁၉၆၈-ခု၊ ဇူလိုင်လထုတ် ငွေတာရီမဂ္ဂဇင်းမှ (က) ရွှေကိုင်သား၏ 'စစ်ကိုင်းအင်းဝမှ သျှင်မဟာရဋ္ဌသာရ၏ သမိုင်းဝင်ဌာနများ' ဆောင်းပါး၊ (ခ) တက္ကသိုလ်ဝင်းမွန်၏ 'သျှင်မဟာရဋ္ဌသာရ၏ စာပေ အထွေထွေ' ဆောင်းပါး၊ (ဂ) နိုင်ပန်းလှ၏ 'မွန်မြန်မာစာဆို' ဆောင်းပါး၊

၁၈။ ရေစကြိုမြို့မှ ဦးပွ (ဗေဒင်ဆရာ)၊ ဦးအောင်သိန်း (ရွာငယ်ဇာတိ)၊ ဦးစုရ တို့၏ သျှင်ဝရသမ္ဘောဓိအကြောင်း မှတ်သားချက်များ၊

# နောက်ဆက်တွဲ အတ္ထုပ္ပတ္တိများ

## မာတိကာ


| | |
|---|---|
| ၁။ ညောင်ပင်သာဦးပုည ( ၁၁၉၀–၁၂၆၃ ) | ၂၁၃ |
| ၂။ ဝဇီရာရာမဆရာတော် ( ၁၁၉၂–၁၂၇၀ ) | ၂၁၄ |
| ၃။ အဖျောက်ဆရာတော် ( ၁၂၃၈–၁၂၇၀ ) | ၂၁၅ |
| ၄။ မစိုးရိမ်ဆရာတော် ( ၁၂၃၉–၁၃၀၁ ) | ၂၁၆ |
| ၅။ တောင်ပေါက်ဆရာတော် ( ၁၂၃၉–၁၃၁၅ ) | ၂၁၉ |
| ၆။ ဝိဇ္ဇောဒယချောင်ဆရာတော် (၁၂၅၄–၁၃၂၂ ) | ၂၂၂ |
| ၇။ စစ်ကိုင်း ရွှေဟသ်ာဆရာတော် ( ၁၂၅၅–၁၃၅၇ ) | ၂၂၃ |
| ၈။ အရှင်ဝိမလဗုဒ္ဓိ ( ၁၂၅၉–၁၃၃၅ ) | ၂၂၅ |
| ၉။ ဝိဇိတာရုံဆရာတော် ( ၁၂၆၁–၁၃၄၁ ) | ၂၂၆ |
| ၁၀။ အရှင်ဇနကာဘိဝံသ (၁၂၆၁–၁၃၃၉ ) | ၂၂၇ |
| ၁၁။ မိဂဒါဝုန် အရှင်ကိတ္တိမ ( ၁၂၆၅–၁၃၅၉ ) | ၂၂၉ |
| ၁၂။ ရွှေကိုင်းသား ဦးသောဘိတ ( ၁၂၇၃–၁၃၄၉ ) | ၂၃၂ |

## ညောင်ပင်သာ ဦးပုည ( ၁၁၉၀–၁၂၆၃ )

ညောင်ပင်သာ ဦးပုညကို သက္ကရာဇ် ၁၁၉၀–ပြည့်နှစ်၊ နယုန်လအတွင်း စစ်ကိုင်းမြို့ အစေခံရပ်တွင် အဖ ပဲ့နင်းကြီး ဦးရွှေလှော်၊ ပဲ့နင်းကတော် ဒေါ်လှဦးတို့က မွေးဖွားသည်။ ငယ်မည်ကို မောင်စိုဟု ခေါ်သည်။ မောင်စိုသည် တတိယမြောက် သားဖြစ်သည်။

မိဘနှစ်ပါးတို့က ခုနစ်နှစ်သားတွင် မောင်စိုအား ဆင်နင်းကျောင်းဆရာတော်အထံတွင် အပ်နှံ၍ ပညာသင်ကြားစေသည်။ ၁၄–နှစ်သား အရွယ်၌ သျှင်သာမဏေအဖြစ်သို့ သွတ်သွင်းချီးမြှင့်ကြသည်။ ဘွဲ့တော်ကို သျှင်ပုညဟု မှည့်ခေါ်လေသည်။ ထိုအကြောင်းကို ညောပင်သာဦးပုည ကိုယ်တိုင် ဤသို့ မှတ်တမ်းတင်ခဲ့သည်။

"ကြားလော့မင်္ဂလာ၊ နိဂုံးမှာပိမ့်၊ ဇေယျာကျက်သရေ၊ တက်သစ်နေသို့၊ ရွှေခံရပ်ဖွား၊ ခုနစ်သားက၊ သင်ကြားစာပေ၊ သုတဖွေ၍၊ တွက်ရေကာလ၊ စုဒ္ဒသဉ်၊ ဗုဒ္ဓသာသနာ၊ လွန်သဒ္ဓါ လျက်၊ သာမဏေပြု၊ ဇေကုနဝီသ၊ စွန်းလေးလဝယ်၊ ဥပသမ္ပဒံ၊ ကံကြီးခံ၍၊ "

သျှင်ပုညသည် အသက်အရွယ်စေ့သဖြင့် မိဘနှစ်ပါးတို့ကပင် ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ကြ၍ ရဟန်းဘောင်သို့ ရောက်တော်မူသည်။ ရဟန်းဖြစ်လျှင် ငယ်ဆရာဦးပညာက သာသနာပိုင်ဦးဥေယျထံ အပ်နှံ၍ ပညာများကို ဆက်လက် ဆင်ကြားစေသည်။ ရဟန်းတော် သျှင်ပုညသည် ဦးဥေယျထံတွင် ကိုးဝါမျှ နေ၍ ပရိယတ္တိစာပေများကို သင်ကြားဆည်းပူးလေသည်။

၁၂၂၁–ခုနှစ်တွင် ဖခင်ပဲ့နင်းကြီး ကွယ်လွန်အနိစ္စရောက်သဖြင့် မူလနေရာဖြစ်သော ဆင်နင်းကျောင်းသို့ ပြန်ကြွခဲ့ရာ အစေခံရပ်မှ ဦးရွှေအောင်၊ ဒေါ်လှောက်တို့က ကျောင်းဆောက်၍ တင်လှူကိုးကွယ်ကြသည်။ ဦးပုညသည် ထိုကျောင်းတိုက်၌ သီတင်းသုံးကာ စာပေများကို ပို့ချနေလေသည်။ ဦးပုည၏ ကျောင်းသည် ညောင်ပင်များဖြင့် သာယာလှသောကြောင့် ညောင်ပင်သာကျောင်းဟု ခေါ်ဆိုကြသည်။ ဆရာတော်ကိုလည်း ညောင်ပင်သာဆရာတော် ဦးပုညဟုပင် ခေါ်ငင်လာကြသည်။ နောင်အခါ၌ စာပြုပုဂ္ဂိုလ်များအကြောင်းကို ရေးသားရာ၌လည်း စလေဦးပုညနှင့် ခြားနားစေရန် 'ညောင်ပင်သာဦးပုည' ဟု ခေါ်ဝေါ်ရေးသားကြသည်။

ဆရာတော်ဦးပုညသည် ၁၂၂၉–ခုနှစ်တွင် လေနာရောဂါ နှိပ်စက်သောကြောင့် ရဟန်းဘဝမှ ဖိုးသူတော်ဘဝသို့ ပြောင်းလိုက်ရသည်။ သူတော်ဦးပုညသည် ဘဝပြောင်းလိုက်သော်လည်း ကျောင်းကြီးအနီးမှာပင် ကျောင်းငယ်လေးဆောက်၍ နေထိုင်ရင်း စာပေများကို ပြုစုနေခဲ့သည်။

သက္ကရာဇ် ၁၂၄၇–ခု၊ အရေးတော်ကာလတွင် ပါတော်မူကဗျာများကို ရေးသားတော်မူသဖြင့်၁၂၆၈–ခုနှစ် ရန်ကုန် မော်လမြိုင် ပုသိမ်မြို့တို့၌ ဝန်ထောက်ဦးဘတူက ပင့်ခေါ်သဖြင့် နှစ်နှစ်ခန့် နေထိုင်ရသည်။ ၁၂၆၀–ခုနှစ်တွင် စစ်ကိုင်းသို့ ပြန်ရောက်၍ လင်းဇင်းရပ် ဥယျာဉ်ခြံအတွင်း၌ နေထိုင်ရင်း စာပေများကို ရေးသား ပြုစုခဲ့လေသည်။

ညောင်ပင်သာဦးပုည ပြုစုသော ကျမ်းစာများမှာ နဝရတ်ခိုင်ခေါ် ဘုံကိုးဆင့် တက်ကျမ်းကြီး၊ သက္ကတမှ ပြန်ဆိုရေးသားသော သာမုန္ဒြိကလက္ခဏာကျမ်း၊ သာသနဟိတမေတ္တာစာများ၊ လောကမဥ္ဇူဆေးကျမ်း၊ ရာဇဝံသကဗျာကျမ်း၊ စစ်ကိုင်းမြို့ ဘုရားသမိုင်းတေးထပ်များ၊ အရပ်ရပ်သော ကဗျာ လင်္ကာ တေးထပ် ရတု သာသနာလျှောက်စသည်တို့ဖြစ်ပေသည်။

ညောင်ပင်သာ ဦးပုညသည် သက္ကရာဇ် ၁၂၆၃–ခု၊ ပြာသိုလဆုတ် ငါးရက်နေ့၊ အသက် ၇၃–နှစ်အရွယ်တွင် ကွယ်လွန်ခဲ့လေသည်။

**( ကျမ်းကိုး )** စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ကဗျာ့ကြေးမုံ ပိဋကတ်ကြေးမုံကျမ်း၊

## **ဝဇီရာရာမဆရာတော်** ( ၁၁၉၂–၁၂၇၀ )

ဝဇီရာရာမဆရာတော်သည် တပယင်းမြို့ကျေး ချမ်းသာရွာ သွေးသောက်အောက်စု အဝင်အပါ ကုန်းသာရွာ၌ သက္ကရာဇ် ၁၁၉၂–ခု၊ တော်သလင်းလဆန်း နှစ်ရက်နေ့တွင် ဖွားမြင်တော်မူသည်။ ငယ်စဉ်က ကုန်းသာရွာ ဝါဆိုကျောင်းတိုက်ဆရာတော် ဦးကလျာဏထံ၌ စာပေများကို စတင်သင်ကြားခဲ့သည်။

ထို့နောက် သျှင်သာမဏေပြုသောအခါ၌ ဘွဲ့တော်ကို သျှင်ပညာသီရိဟု ခေါ်သည်။ သျှင်ပညာသီရိသည် ထန်းမကြီးရွာ မဟာဝုန်ကျောင်းဆရာတော် အရှင်ဝိမလဗုဒ္ဓိ၊ သင်္ဂဇာဆရာတော် အရှင်အဂ္ဂဓမ္မာလင်္ကာရ၊ သီးလုံးဆရာတော် အရှင်စန္ဒိမာတို့ထံတွင်လည်း ပညာသင်ကြားတော်မူခဲ့သည်။ အသက်စေ့သောအခါ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

မင်းတုန်းမင်း၏ မိဖုရားတစ်ပါး ဖြစ်သော စိန်တုံးမိဖုရားသည် မန္တလေးမြို့ အရှေ့ပြင်၌ ဝဇီရာရာမကျောင်းတိုက်ကြီးကို ဆောက်လုပ်၍ သင်္ဂဇာဆရာတော်ကြီးအား တင်လှူခဲ့သည်၊ ဆရာတော်ကြီးသည် ထိုဝဇီရာရာမကျောင်းတိုက်ကြီးကို အလှူခံ၍ နှစ်နှစ်မျှ သီတင်းသုံးတော်မူပြီးလျှင် မိမိတပည့်ဖြစ်သော သျှင်ပညာသီရိအား လွှဲအပ်ပေးတော်မူသည်။ သျှင်ပညာသီရိသည် ထိုကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူရသဖြင့် ဝဇီရာရာမဆရာတော် ဟူ၍ ကျော်ကြားခဲ့သည်။

ဆရာတော် အရှင်ပညာသီရိသည် ထိုကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူ၍ ၁၅–နှစ်တာမျှ စာပေပို့ချနေခဲ့သည်။ ထိုမှတစ်ဖန် မင်းကွန်းတောင်ရိုး နံ့သာချောင်၌ သီတင်းသုံး၍ ပဋိပတ္တိအလုပ်ကို အားထုတ်တော်မူပြန်သည်။ ၁၂၄၇–ခုနှစ်တွင် မော်လမြိုင်မြို့သို့ ကြွရောက်၍ ရတနာဘုံမြင့် ကျောင်းတော်ကြီးကို အလှူခံ၍ သီတင်းသုံးတော်မူခဲ့သေးသည်။

ဆရာတော်သည် သီဟိုဠ်နိုင်ငံသို့လည်း ကြွရောက်၍ ဘုရားဖူးရင်း စွယ်တော်မြတ်ကို လှူဖွယ်များစွာတို့ဖြင့် လှူဒါန်းပူဇော်ခဲ့လေသည်။

ဆရာတော်သည် မြန်မာပြည်အရပ်ရပ်၌ နေထိုင်စဉ် တစ်ဖက်ကလည်း စာပေပြုစုမှုလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။ ဆရာတော်ရေးသားသော ကျမ်းတို့မှာ ဓမ္မဒီပနီကျမ်း၊ ဒွတ္တိံသာကာရဒီပနီကျမ်း၊ ဝေဿန္တရဇာတကာလင်္ကာရကျမ်း၊ သိဿကောဝါဒကျမ်း၊ မဟာနမက္ကာရ ဗုဒ္ဓဝန္ဒနာကျမ်း၊ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ဝိနိစ္ဆယ ဂါထာနိဿယ၊ သုတ်ဝိနည်း အဘိဓမ္မာ နိဒါန်း အမေး အဖြေ၊ အနတ္တလက္ခဏသုတ်ပါဠိတော် နိဿယ၊ ဝိသုံဂါမဝိနိစ္ဆယ၊ ဒသသီလဝိနိစ္ဆယ၊ မာဃမီ သန္ဓေသကထာ၊ ဗုဒ္ဓဝန္ဒနာဂါထာ ပါဠ် နိဿယ၊ ဒုဿီလဒါနာဒိ ဝိနိစ္ဆယ၊ အာဋ္ဌာနာဋိယသုတ် နိဿယသစ်၊ ဝိဝဋ္ဋနိဿိတ ဒါနကထာ၊ ဝိနိစ္ဆယသန္ဓေသ ကထာ စသည်တို့ ဖြစ်ပေသည်။

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး ရတနာဘုမ္မိချောင်၌ ကြာမြင့်စွာ သီတင်းသုံးတော်မူပြီးနောက် သက္ကရာဇ် ၁၂၇၀–ပြည့်နှစ် တပို့တွဲလဆုတ် သုံးရက်နေ့တွင် ကိုယ်ရောင်ရောဂါဖြင့် ပျံလွန်တော်မူရရှာပါသည်။

**(ကျမ်းကိုး)** သင်္ဂဇာစကားပုံပေါင်းချုပ်၊ စစ်ကိုင်းသာသနာဝင်၊

## **အဖျောက်ဆရာတော်** ( ၁၂၃၈–၁၃၂၅ )

အဖျောက်ဆရာတော်ကို စစ်ကိုင်းခရိုင် တံတားဦးမြို့နယ် မြို့သာမြို့၌ အဖ ကုန်သည် ကျောင်းဒါယကာကြီး ဦးကံအေး၊ အမိ ဒေါ်အိမ်စည်တို့မှ သက္ကရာဇ် ၁၂၃၈–ခု၊ တပေါင်းလဆုတ် ခြောက်ရက်နေ့တွင် ဖွားမြင်တော်မူသည်။

အသက် ၁၄–နှစ်သား အရွယ်တွင် ဟသ်ာတခရိုင် ဇလွန်မြို့နယ် အဖျောက်ရွာ အင်းဝ ဆရာတော်ထံတွင် သျှင်သာမဏေ ဝတ်ခဲ့သည်။ ဘွဲ့မည်မှာ သျှင်အာစာရ ဖြစ်သည်။ သက်တော်စေ့လျှင် မြို့သာမြို့ ဝါးရုံကျောင်းဆရာတော် ဦးစန္ဒကို ဥပဇ္ဈာယ် ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

အရှင်အာစာရသည် မန္တလေးမြို့ မိုးကောင်းတိုက် ‘ နာဂိန္ဒာဘိ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ’ ဘွဲ့တံဆိပ်တော်ရ မဟာဝေယံဘုံကျော်ဆရာတော်၊ မြို့ပြင်ကြီးဆရာတော် အရှင်စန္ဒဝံသာဘိဝံသ၊ ဘင်္ဂလားဆရာတော် အရှင်ရဝိန္ဒ တို့ထံ ပညာသင်ကြား၍ တတ်မြောက်ခဲ့ သည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၊ သီဟိုဠ်နိုင်ငံတို့သို့ ကြွရောက်၍ သက္ကတစသော ဘာသန္တရများကိုလည်း သင်ကြားလေသည်။

ဆရာတော်သည် ၁၂၇၅–ခုနှစ်တွင် အဖျောက်ရွာသို့ ကြွရောက် သီတင်းသုံးတော်မူ ပြီးနောက် စာပေများကို ပို့ချပေးနေလေသည်။ ဆရာစံ တော်လှန်ရေး ဖြစ်ပေါ်လာသောအခါ မငြိမ်သက်သဖြင့် ရန်ကုန်မြို့ ရွှေဂုံတိုင်ကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးတော်မူ၍ စာပေ များကို ပို့ချတော်မူခဲ့လေသည်။

ဆရာတော်သည် လူသားတို့၏ အကျိုးစီးပွား အလို့ငှာ ဟိတောပဒေသကျမ်းကို မြန်မာ ပြန်ဆိုတော်မူသည်။ ထို့ပြင် သာသနာတော်အတွက်လည်း အကျိုးများစိမ့်သောငှာ ဓာတုမနသိ ကာရကျမ်း၊ ပရမတ္ထသင်္ဂဟ သံခိပ်ကျမ်း စသည်တို့ကိုလည်း ပြုစုရေးသားတော်မူလေသည်။

ဆရာတော်သည် ဆဋ္ဌသံဂါယနာတင် သဘင်ပွဲတွင် သံဂီတိကာရကမှ ဩဝါဒါစရိယ စသော တာဝန်တိုကို ထမ်းဆောင်တော်မူခဲ့သည်။ ဆဋ္ဌသံဂါယနာအပြီးတွင် ‘ အဂ္ဂမဟာပဏ္ဍိတ ’ ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ် အလှူခံရလေသည်။

ဆရာတော်သည် သက္ကရာဇ် ၁၃၂၅–ခုနှစ်၊ နတ်တော်လဆုတ် ၁၀–ရက်နေ့၊ ညဥ့် တစ် နာရီအချိန်တွင် ပျံလွန်တော်မူခဲ့လေသည်။

**(ကျမ်းကိုး)** စစ်ကိုင်းသာသနာဝင်၊

## **မစိုးရိမ်ဆရာတော်** ( ၁၂၃၉–၁၃၀၁ )

သာသနာတော်၌ ထင်ရှားတော်မူသော မစိုးရိမ်ဆရာတော်ကြီးသည် မန္တလေးမြို့ ရွှေတုန်းလှေတန်းရပ်၌ အဖ ဦးမိုး၊ အမိ ဒေါ်မင်းသူတို့မှ သက္ကရာဇ် ၁၂၃၉–ခု၊ ဒုတိယဝါဆိုလဆုတ်ကိုးရက်၊ သောကြာနေ့ ညဥ့်နှစ်ချက်တီးကျော်အချိန်တွင် မိရှူးသန့်စင် ဖွားမြင်တော်မူသည်။

ဦးမိုးနှင့် ဒေါ်မင်းသူတို့မှ ဖွားမြင်သော ဦးဘိုးကြီး၊ ဒေါ်သုံ၊ ဒေါ်ပုံ၊ ဒေါ်ထုံ၊ ဦးမောင်ကလေး၊ ဒေါ်အုံ၊ ဒေါ်လုံအားဖြင့် မွေးချင်း ခုနစ်ဦး ရှိရာ ဦးမောင်ကလေးမှာ မစိုးရိမ်ဆရာတော်၏ လောင်းလျာ သူငယ်ပင် ဖြစ်ပေသည်။

ဖခင်ဦးမိုးသည် ဘုရင့်ရေတပ်မတော်၌ ရွှေတုန်းလှေတော်ကို အုပ်ချုပ်ရသော အကြီးအမှူးဖြစ်ရာ သက္ကရာဇ် ၁၂၄၇–ခုနှစ်တွင် အထက်မြန်မာနိုင်တော်ကို အင်္ဂလိပ်တို့ သိမ်းယူသောကြောင့် ဘုရင့်အမှုတော်ထမ်း အသီးသီးတို့မှာ မိမိတို့ ရပ်ရွာသို့ ပြန်၍ နေထိုင်ကြရသောအခါ ဦးမိုးသည်လည်း မိမိရပ်ရွာဖြစ်သော စစ်ကိုင်းမြို့ ထုံးဘို သောတာပန် အမျိုးအနွယ်များ ရှိရာသို့ မိသားစုနှင့်အတူ ပြောင်းရွှေ့နေထိုင်ကြရသည်။

ဆရာတော်လောင်းလျာ မောင်ကလေးသည် ရှစ်နှစ်အရွယ်သို့ ရောက်လျှင် မိဘနှစ်ပါးတို့က သောတာပန် တောင်ရေဦးတိုက်ဘုန်းတော်ကြီး ဦးသုမနထံ အပ်နှံ၍ ပညာများကို သင်ကြားစေသည်။ မောင်ကလေးသည် ကျောင်းသားအရွယ်မှာပင် သင်ရိုးကျမ်းများကို ကုန်ဆုံးရုံမက ကစ္စည်းသဒ္ဒါကြီး၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းတို့ကိုပါ သင်ကြားပေါက်မြောက်သည်။

ကျောင်းသား မောင်ကလေးသည် ၁၂၅၂–ခုနှစ်၊ ဝါဆိုလဆန်း ရှစ်ရက်နေ့တွင် တောင်ရေဦးကျောင်းတိုက်၌ပင် သျှင်သာမဏေ အဖြစ်သို့ ရောက်ရှိသည်။ သာမဏေဘွဲ့တော်ကို သျှင်သောမာဘိသီရိ ဟုမှည့်ခေါ်လေသည်။

သက္ကရာဇ် ၁၂၅၃–ခု၊ ဝါဆိုလတွင် ( နောင်အခါ စစ်ကိုင်းတောင်ရိုး ကျီးမနိုးဆရာတော် ဖြစ်လာမည့် ဦးပိန်ခေါ် ) ဦးဝိသုဒ္ဓနှင့် အတူ လိုက်ပါ၍ မန္တလေးမြို့ ပေတောကျောင်းဘုန်းတော်ကြီး ဦးဣန္ဒထံ၌ နေထိုင်၍ တိုက်အုပ်ဆရာတော် ဦးအာစာရ၊ ရန်ကုန်ဆရာတော် ဦးသုဇာတ၊ ကဗျာနန်ခေါ် ဦးနန္ဒိယတို့ထံ၌ စာပေများကို သင်ကြား ဆည်းပူးလေသည်။သာမဏေသျှင်သောမာဘိသီရိသည် ပေတောကျောင်းအတွင်းရှိ ဆီးပင်ရင်း၌ နေထိုင်၍ အမြဲတမ်း စာကျက်နေလေ့ ရှိသည်။ ထို့ကြောင့် ယင်းဆီးပင်ကို ' သောမဆီးပင် ' ဟုပင် အချိန်ကြာမြင့်စွာ ခေါ်ဝေါ်ခဲ့ကြလေသည်။

သက္ကရာဇ် ၁၂၅၃–ခုနှစ်တွင် တောင်ငူမြို့ စပါးပွဲစားကြီး ဦးဘချိုနှင့် ဇနီး ဒေါ်ရွှေမ၊ ညီမ ဒေါ်ဖွားခင်တို့က ဒက္ခိဏာရာမတိုက် ဆရာတော် ဦးဣန္ဒထံ " သာမဏေတစ်ပါးကို ပေးသနားတော်မူပါ၊ သာသနဒါယကာ ပြုလုပ်၍ ရဟန်းခံလိုပါသည်၊ "ဟု လျှောက်ထားကြသည်။ ထိုအခါ ဆရာတော်က သျှင်သောမာဘိသီရိအား ရဟန်းခံရန် ပေးတော်မူလိုက်သည်။ ထို့ကြောင့် သျှင်သောမာဘိသီရိသည် တောင်ငူမြို့ စည်ပင်ကျောင်း ခဏ္ဍသိမ်တော်၌ ဘုရားကြီးတိုက် ဆရာတော် ဦးရန်ကုန်ကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာတော် ၂၀–ကျော် တို့၏ ချီးမြှောက်မှုဖြင့် ရဟန်းဘဝကို ရရှိတော်မူသည်။

ရဟန်းဖြစ်ပြီးနောက်လည်း မန္တလေးမြို့၌ပင်နေ၍ ရွှေရေးဆောင်ဆရာတော်ဦးကြည်၊ ညောင်ကန်တိုက်ဆရာတော် ဦးဣန္ဒစသည်တို့ထံ ဆက်လက်၍ နည်းခံ သင်ကြားပြန်သည်။

ထိုမှတစ်ဖန် သက္ကရာဇ် ၁၂၆၁–ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ဝတ်ချက်ရွာအနီး ဗိမာန်ဘုံသာ လှေသင်းမင်းကျောင်းဆရာတော် အထံ၌ ပါဠိ အဋ္ဌကထာ ဋီကာများနှင့် နေတ္တိဆိုင်ရာကျမ်းတို့ကို သင်ကြားတော်မူပြန်သည်။ ထိုအချိန်တွင် နေတ္တိပါဠိတော် နိဿယကို ရေးသားစီရင်တော်မူသည်။

သက္ကရာဇ် ၁၂၆၃–ခုနှစ်တွင် ရန်ကုန်မြို့ ဇင်္ဂလားတိုက်ဆရာတော်ကြီးထံ ချဥ်းကပ်၍

သက္ကတဘာသာ၊ သီဟိုဠ်ဘာသာစသော ဘာသာခြားစာပေတို့ကို လေ့လာတော်မူခဲ့သည်။ ထို့နောက် ဇင်္ဂလားဆရာတော်ကြီးနှင့် အတူ အိန္ဒိယ၊ သီဟိုဠ်၊ ယိုးဒယားနိုင်ငံများသို့လည်း သာသနာပြု ကြွရောက်တော်မူခဲ့လေသည်။

ထို့နောက် ရဟန်းဒါယကာကြီး ဦးဘချို့နှင့် ဒေါ်ရွှေမ၊ ညီမ ဒေါ်ဖွားခင်တို့ ဆောက်လုပ်လှူဒါန်းအပ်သော တောင်ငူမြို့ မြစည်းခုံဘုရားအနီး ပိဋကတ္တယာရာမကျောင်းတိုက်ကို အလှူခံ၍ စာသင်သားတို့အား နေ့ဝါ ညဝါ ကျမ်းစာတို့ကို သင်ကြား ပို့ချတော်မူလေသည်။

ထိုအချိန်တွင် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီး၏ ဒါယကာဦးသက်ရှည်သည် မြို့ပြင်ကြီး ဇာတိဖြစ်၍ မြို့ပြင်ကြီးဆရာတော်ထံ ပညာသင်ကြားစဉ်က ဆရာတူတပည့်ဖြစ်သော ဇင်္ဂလားဆရာတော် ဦးရေဝတအား မစိုးရိမ်တိုက်ကြီးကို တင်လှူရန် ရန်ကုန်မြို့ရှိ ဇင်္ဂလားဆရာတော်ထံ လျှောက်ထားလေသည်။ ထိုအခါ ဇင်္ဂလားဆရာတော်က "သာသနာတော်အား ကျေးဇူးများစေလိုသဖြင့် စာသင်တိုက်ကြီးကို တည်ထောင်လျက် ငါ့အားလှူဒါန်းသော်လည်း ငါဟာ အသက်အရွယ်ကြီးရင့်နေပြီ ဖြစ်လို့ စာပေကျမ်းဂန်တို့ကို ပင်ပန်းကြီးစွာ ချပို့ နိုင်တော့မည် မဟုတ်ပါ၊ သို့သော်လည်း ငါ၏ လက်ရုံးသဖွယ် ဖြစ်သော တပည့်မောင်သောမာဘိသီရိကို ငါနှင့်အတူ ပင့်ဆောင်ကြရမည်၊" ဟု အမိန့်ရှိသည်။

ဤသို့ဖြင့် ဆရာတော်နှင့် ကျောင်းဒါယကာ ဦးသက်ရှည်တို့သည် တောင်ငူမြို့သို့ ရောက်ရှိလာကြပြီး ဆရာတော်က "ငါ့တပည့်။ တောင်ငူမြို့ဟာ မြို့ငယ်မျှသာ ဖြစ်သည်၊ မန္တလေးမြို့သည် သာသနာကြီးပွားစည်ပင်ရာ မြို့ကြီး ဖြစ်သည်၊ သာသနာကြီးပွားရေးကို ဆောင်ရွက်ရန် ငါနှင့်အတူ လိုက်ပြီး မစိုးရိမ်တိုက်မှာ စာပေပို့ချ နေရမည်၊ "ဟု အမိန့်ရှိလေသည်။

သို့ဖြစ်သောကြောင့် အရှင်သောမာဘိသီရိသည် ဇင်္ဂလားဆရာတော်နှင်အတူ မန္တလေးသို့ လိုက်ပါလာခဲ့ရ၏။ သက္ကရာဇ် ၁၂၇၁–ခုနှစ် ဝါဆိုလဆန်း ၁၀–ရက်နေ့တွင် ကျောင်းဒါယကာ ဦးသက်ရှည်သည် ဇင်္ဂလားဆရာတော်အား မစိုးရိမ်ကျောင်းတိုက်ကို လှူဒါန်းလေသည်။ ဇင်္ဂလားဆရာတော်ကြီးသည် ကျောင်းတိုက်ကို သံဃိကမြောက် အလှူခံတော်မူပြီး တစ်ဝါမျှသာ သီတင်းသုံးတော်မူ၏။ ထို့နောက် အရှင်သောမာဘိသီရိအား ဦးစီးနာယကအဖြစ် အုပ်ချုပ်ရန် လွှဲအပ် တော်မူပြီးလျှင် ရန်ကုန်မြို့ ဇင်္ဂလားကျောင်းတိုက်သို့ ပြန်၍ ကြွတော်မူသည်။

ဆရာတော်သည် မစိုးရိမ်ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူရင်း စာပေကျမ်းဂန်တို့ကို ရေးသားတော်မူသည်။ ထိုကျောင်းတိုက်ကို အခြေခံ၍ သီတင်းသုံးရာမှ မစိုးရိမ်ဆရာတော် ဟူသော အမည်သည် ပေါ်လွင်ထင်ရှားလာလေသည်။

ဆရာတော်သည် ၁၂၈၇–ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ဝတ်ချက်ရွာအနီး မဟာသစ်ဝင်ချောင် မစိုးရိမ်တောရ ကျောင်းတိုက်ကို တည်ထောင်တော်မူ၏။ ၁၂၈၈–ခုနှစ်တွင် ထိုကျောင်းတိုက်သို့ ပြောင်းရွှေ့၍ တောရဆောက်တည်တော်မူရင်း ပရိယတ် ပဋိပတ်နှစ်ရပ်ကို ကြိုးပမ်းဆောင်ရွက်တော်မူသည်။ ဤကဲ့သို့ သာသနာတော်၏ အကျိုးကို ဆောင်ရွက်တော်မူသဖြင့် အင်္ဂလိပ်အစိုးရသည် ၁၂၉၂–ခုနှစ် ပြာသိုလဆန်း ၁၄–ရက်နေ့တွင် 'အဂ္ဂမဟာပဏ္ဍိတ 'ဘွဲ့တံဆိပ်ကို ကပ်လှူပူဇော်ခဲ့လေသည်။

ဆရာတော်၏ ဘဝတစ်သက်တာတွင် ရေးသားပြုစုခဲ့သော စာပေများမှာ ၃၇–ကျမ်းမျှရှိသည်။ ထိုကျမ်းတို့မှာ ဇာတ္တဒိမောက္ကလ္လာန် နိဿယ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမြန်မာပြန်၊ တေပဋ္ဌကသာရ ရတနာဝလိကျမ်း၊ သဒ္ဒတ္ထရတနာဝလိမည်သော မဟာပါဠိအဘိဓာန်–ပထမတွဲ၊ ဗုဒ္ဓဝင်ချုပ်ကျမ်း၊ အမ္ဗပါလီထေရီမဝတ္ထု၊ ဗြဟ္မစိုရ် လက်စွဲကျမ်း၊ သင်္ချာဂဏ္ဌိ ဝိသောဓနီကျမ်း၊ စစ်ကိုင်းတောင်ရိုးသမိုင်းမှတ်တမ်း အတ္ထုပ္ပတ္တိကျမ်း၊ ထေရဝံသ စာရင်္ကမ ပဒီပိကာကျမ်း၊ နိရုတ္တိပဥ္စဗျာကရဏကျမ်း၊ မုဒ္ဓဗောဓ နိဿယ၊ အမရကောသအဘိဓာန် မြန်မာပြန်ကျမ်း၊ သရသ္သတိဗျာကရုဏ်းပါဠိနိဿယ၊ ပဥ္စဗျာကရဏ ဝိနိစ္ဆယ၊ သရဏတ္တယသိဒ္ဓိ ကျင့်ထုံးကျမ်း၊ သင်္ဂဟသရုပ်ကျမ်း၊ သီမာ

ဝိနိစ္ဆယကျမ်း၊ ပါတိမောက်ဂဏ္ဌိကျမ်း၊ ဘဏ္ဍာမှဥ္စန အာဝဇ္ဇန ဝိနိစ္ဆယကျမ်း၊ သကဘဏ္ဍာ ဘာဝါဘာဝ ဝိနိစ္ဆယကျမ်း၊ ဓမ္မပဒလင်္ကာကျမ်း၊ သံဃဘေဒ ဝိနိစ္ဆယကျမ်း၊ ဒက္ခိဏာသာခါဘုရား ပူဇော်နည်းကျမ်း၊ ဓမ္မဝိနယပူပဒေသ နိဒါန်း၊ အသီတိဓာတုဝိဘာဂ ဒီပနီကျမ်း၊ မင်းဆက်ရာဇဝင်ကျမ်း၊ စစ်ကိုင်းတောင်ရိုး အတ္ထုပ္ပတ္တိသမိုင်းကျမ်း၊ ဆန်းနိဿယနှင့် အဆုံးအဖြတ်ကျမ်း၊ ဆေးအဘိဓာန်၊ အထွေထွေ အမေး ပုစ္ဆာ အဖြေနှင့် သိမ်အောင်စာတမ်းများ၊ တိရစ္ဆာနဝိသောဓကကျမ်း၊ လက်ျာအောင်မြေ လုပ်ထုံးအဖြေကျမ်း၊ အင်္ဂလိပ်အဘိဓာန်ကျမ်း၊ နေတ္တိပါဠိတော် နိဿယတို့ ဖြစ်ပေသည်။

ဆရာတော်သည် မကျန်းမာသဖြင့် မိမိဘဝအတွက် မရဏဒုက္ခနှင့် တွေ့ကြုံရတော့မည်ဟု သိရှိလာသောအခါ ဂရုဘဏ် လဟုဘဏ်အားလုံးကို ၁၃၀၁–ခု၊ သီတင်းကျွတ်လဆန်း တစ်ရက် သောကြာနေ့ ညဥ့်ခုနစ်နာရီအချိန်တွင် အောက်ပါ အတိုင်း လွှဲအပ်တော်မူသည်။

၁။ ချောင်မြေကို သံဃိကအဖြစ် လွှဲအပ်သည်။

၂။ ကျောင်းဟူသမျှ သံဃိက၊

၃။ ခုတင် ကုလားထိုင် စားပွဲများကို သံဃိက၊

၄။ ဓာတ်မီး ကိရိယာဟူသမျှ ဗုဒ္ဓသန္တက၊

၅။ စာအုပ်ဘီဒိုများ ဓမ္မစေတီ၊

၆။ ခေါင်းအုံး ကော်ဇော သင်ဖျူးတို့ကို သံဃိက၊

၇။ ပုဂံခွက်ယောက် နာရီတို့ကို သေနာသနသံဃိက၊

၈။ သင်္ကန်း ထီး ဖိနပ် မျက်နှာသုတ်ပဝါ လက်ကိုင်ပဝါတို့ကို ပုဂ္ဂလိကအဖြစ် လွှဲအပ်သည်။

ဆရာတော်သည် ပစ္စည်းအားလုံးကို လွှဲအပ်ပြီး၍ နှစ်ရက်မျှအကြာ သက်တော် ၆၃–နှစ်၊ ဝါတော် ၄၃–ဝါအရ ၁၃၀၁–ခု၊ သီတင်းကျွတ်လဆန်း သုံးရက်နေ့၊ နေ့ ၁၁–နာရီအချိန်တွင် ဘဝနတ်ထံ စံဝင်တော်မူခဲ့လေသည်။

**(ကျမ်းကိုး)** စစ်ကိုင်းသာသနာဝင်၊

## တောင်ပေါက်ဆရာတော် ( ၁၂၃၉–၁၃၁၅ )

တောင်ပေါက်ဆရာတော်ကြီးသည် မြင်ကွန်းမြို့ ဈေးအနီး၌ အဖ ဦးရော၊ အမိ ဒေါ်သက်တို့မှ သက္ကရာဇ် ၁၂၃၉–ခု၊ တန်ဆောင်မုန်းလဆုတ် တစ်ရက် ညဥ့်တစ်ချက်တီးကျော်တွင် ဖွားမြင်တော်မူသည်။

အသက် ၁၆–နှစ်သားအရွယ်တွင် မော်လမြိုင်မြို့ ဝဇီရာရာမဆရာတော်ကြီးထံ ရောက်ရှိ၍ ပညာသင်ကြားသည်။ အသက် ၁၇–နှစ်သားတွင် ဝဇီရာရာမဆရာတော်ထံ၌ပင် သျှင်သာမဏေ ပြုသည်။ ဘွဲ့မည်မှာ သျှင်စက္ကပါလ ဖြစ်သည်။ သျှင်စက္ကပါလသည် သာမဏေဘဝဖြင့် ဘုံပျံဆရာတော် အရှင်ကေတုမာလာ အထံ၌လည်း ပရိယတ္တိစာပေတို့ကို သင်ကြားဆည်းပူးခဲ့လေသည်။

သက္ကရာဇ် ၁၂၅၈–ခုနှစ်တွင် ကျောင်းဒါယကာကြီး ဦးတိုးလုံနှင့် ဒေါ်သွယ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဝဇီရာရာမဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ရောက်သည်။ ရဟန်းတော် အရှင်စက္ကပါလသည် ဆရာတော်တို့ထံတွင် သုံးဝါမျှ ဆက်လက်၍ ပိဋကတ်ကျမ်းစာ အဖြာဖြာတို့ကို သင်ယူသည်။

၁၂၆၁–ခုနှစ်တွင် ဝဇီရာရာမဆရာတော်နှင့် အတူ သီဟိုဠ်ကျွန်းသို့ ကြွတော်မူသည်။ ၁၂၆၂–ခုနှစ်တွင် ရန်ကုန်မြို့ ကြားတောရ ဝေဠုဝန်ဆရာတော် အရှင်ပဏ္ဍဝံသထံ ရောက်ရှိ၍ အဘိဓမ္မာဆိုင်ရာ ကျမ်းစာတို့ကို သင်ယူပြန်သည်။

၁၂၆၆–ခုနှစ်တွင် ဆရာရင်းဖြစ်သော ဝဇီရာရာမဆရာတော်သည် စစ်ကိုင်းမြို့ ခိုတောင် တောရ ရတနာဘုမ္မိချောင်၌ သီတင်းသုံးတော်မူနေ၏။ အရှင်စက္ကပါလသည် ထိုချောင်သို့ လာရောက်ပြီးနောက် ရဟန်းသာမဏေတို့အား စာပေ ပို့ချ နေခဲ့သည်။ တစ်နှစ်မျှအကြာ ၁၂၆၇–ခုတွင် မော်လမြိုင်မြို့သို့ ကြွရောက်၍ ရတနာဘုံပျံကျောင်း၌ တစ်နှစ်နေကာ စာပေပို့ချခဲ့ပြန်သည်။ ထိုမှတစ်ဖန် စစ်ကိုင်းတောင်ရိုး ရတနာဘုမ္မိချောင်သို့ ပြန်လာပြီးနောက် ၁၅–ဝါတိုင်တိုင် သီတင်းသုံး၍ စာပေပို့ချနေခဲ့လေသည်။

၁၂၈၃–ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် ဆိုင်းတန်းရပ် ကျောင်းဒါယကာကြီး ဦးဘိုး၏ သား ဆန် ဦးသိန်းက ဆောက်လုပ်လှူဒါန်းသော မဟာဝေယံဘုံသာ ကျောင်းတိုက်ကို အလှူခံတော်မူ၍ သီတင်းသုံးရသည်။ ထိုကျောင်းတိုက်၌ ၁၂၈၉–ခုနှစ်အထိ သီတင်းသုံး၍ စာပေပို့ချနေခဲ့သည်။

ထိုကျောင်းတိုက်တွင် နေထိုင်စဉ်အတွင်း ၁၂၈၇–ခုနှစ်တွင် အိန္ဒိယနိုင်ငံနှင့် သီဟိုဠ်နိုင်ငံတို့သို့ ကြွရောက်၍ ဘာသာစာပေနှင့် သုတေသနလုပ်ငန်းတိုကို လေ့လာဆည်းပူးတော်မူခဲ့လေသည်။ သီဟိုဠ်တွင် သုံးလမျှနေ၍ သီဟိုဠ်ဘာသာကို လေ့လာတော်မူခဲ့သည်။

ဆရာတော်သည် ဝေယံဘုံသာကျောင်းတိုက်ကြီးမှ တစ်ဆင့် မော်လမြိုင်မြို့သို့ ကြွရောက်၍ တောင်ပေါက်တောရကျောင်းတိုက်၊ ဒေါ်နန်းယို့ အမည်ရှိ ကျောင်းအမကြီး ဆောက်လုပ်လှူဒါန်းသော ပရိယတ္တိသဒ္ဓမ္မောဒယ ခေါ် သုံးထပ်ကျောင်းတော်ကြီး၌ သီတင်းသုံး၍ စာပေပို့ချရင်း ကျမ်းဂန်တို့ကိုလည်း ရေးသားတော်မူလေသည်။ ထိုအခါမှ စ၍ ဆရာတော်သည် တောင်ပေါက်ဆရာတော်ဟူသော အမည်ဖြင့် ထင်ရှားလာလေသည်။

ဆရာတော်သည် တောင်ပေါက်ကျောင်းတိုက်၌ နေထိုင်စဉ် ပြုစုသော ကျမ်းများအနက် 'ဗုဒ္ဓသာသနိက ပထဝီဝင် ' ခေါ်ကျမ်းကြီးသည် အခက်ခဲဆုံး ကျမ်းဖြစ်သကဲ့သို့ အနက်နဲဆုံး ကျမ်းလည်း ဖြစ်ပေသည်။ ဆရာတော်သည် ထိုကျမ်းကို ၁၂၉၄–ခုနှစ်မှ စ၍ ရေးသားခဲ့ရာ ၁၂၉၇–ခု ရောက်မှ ပြီးဆုံးခဲ့လေသည်။ လေးနှစ်မျှအချိန်ယူ၍ ရေးသားခဲ့ရ၏။ ဆရာတော်သည် ထိုကျမ်းကြီးကို ပင်ပန်းကြီးစွာ လေ့လာတော်မူ၍ ရေးသားခဲ့ရကြောင်း အမိန့်ရှိခဲ့ပါသည်။

မှန်ပါသည်။ ဆရာတော်သည် ထိုကျမ်းကြီးကို ရေးသားရာ၌ ဘာသာ ကိုးမျိုးဖြင့် ရေးသားထားသော ကျမ်းစာပေါင်း ၃၃၆–ကျမ်းကို ကိုးကား၍ ရေးသားခဲ့ရ၏။ ထိုကိုးကားချက်တို့ကို ဆရာတော်ကိုယ်တိုင် ကျမ်းဦး၌ အောက်ပါအတိုင်း စာရင်းထိုး ပြခဲ့သည်။

| | |
|---|---|
| ၁။ ပါဠိဘာသာကျမ်းပေါင်း | ၁၈၆– ကျမ်း၊ |
| ၂။ သခ်တ (သက္ကတ)ဘာသာကျမ်းပေါင်း | ၃၃– ကျမ်း၊ |
| ၃။ ဟိန္ဒီဘာသာကျမ်းပေါင်း | ၉– ကျမ်း၊ |
| ၄။ ဗင်္ဂါလီဘာသာကျမ်းပေါင်း | ၄– ကျမ်း၊ |
| ၅။ ဗမာဘာသာကျမ်းပေါင်း | ၇၅– ကျမ်း၊ |
| ၆။ သီဟိုဠ်ဘာသာကျမ်းပေါင်း | ၁၂– ကျမ်း၊ |
| ၇။ ပါကတဘာသာကျမ်းပေါင်း | ၅– ကျမ်း၊ |
| ၈။ အင်္ဂလိပ်ဘာသာကျမ်းပေါင်း | ၅– ကျမ်း၊ |
| ၉။ ဗုဒ္ဓသခ်တဘာသာကျမ်းပေါင်း | ၇– ကျမ်း၊ |

ထို့ပြင် ဆရာတော်၏ ကျမ်းသည် ပထဝီဝင်ကျမ်း ဖြစ်သည့်အားလျော်စွာ မြေပုံများကိုလည်း ကိုးကားရသည်။ ဆရာတော်၏ ကျမ်းတွင် ဟိန္ဒူ၊ ဗင်္ဂါလီ၊ ကလယ်၊ သီဟိုဠ်၊ ယိုးဒယား၊ နေပါလ (နီပေါ)၊ ဗမာ၊ အင်္ဂလိပ် အက္ခရာ ရှစ်မျိုးတို့ဖြင့် ရေးဆွဲထားသော မြေပုံပေါင်း ၃၅–ပုံကို ကိုးကား၍ ရေးသားထားလေသည်။ ထို့ကြောင့် ဆရာတော်၏ ကျမ်းသည် သာမန်ကျမ်းပြုပုဂ္ဂိုလ်တို့ ရေးဆိုနိုင်သော ကျမ်းမျိုးမဟုတ်ပေ။ စာပေတတ်ပွန်ရုံမျှဖြင့်လည်း ရေးသားနိုင်သည်မဟုတ်။ ဘာသန္တရ ဗဟုသုတ၊ ဂန္ထန္တရ ဗဟုသုတ၊ လိပျန္တရ ဗဟုသုတ၊ ဒေသန္တရ ဗဟုသုတ တို့နှင့် ပြည့်စုံပါမှ ရေးသားနိုင်သော ကျမ်းစာမျိုး ဖြစ်လေသည်။

တောင်ပေါက်ဆရာတော်ကြီးသည် မိမိသီတင်းသုံးရာ နေရာတိုင်း၌ စာပေရေးသားပြုစုခြင်းအလုပ်ကို ဦးစောက်ချ၍ ရေးသားတော်မူလေ့ ရှိရာ ဆရာတော် ရေးသားသော ကျမ်းစာတို့ကို ရှာဖွေတွေ့ရှိသမျှ ဖော်ပြရသော် သက္ကတ ဆန္ဒောမဉ္ဇရီ ချနက် နိဿယ၊ ပဇ္ဇမဓု နိဿယ၊ အနိရုဒ္ဓသတ္တက နိဿယ၊ ဒိဠ္ဌန္တသတ္တက နိဿယ၊ ပဉ္စတန္တြ နိဿယ၊ သဒ္ဒမ္ဗဝါကျောပဒေသ နိဿယ၊ နာဍီပရိက္ခာ နိဿယ၊ ကာဗျဒဿ နိဿယ၊ ရသဝါဟိနီ ဂါထာများ နိဿယ၊ သဒ္ဒသိဒ္ဓတ္ထသင်္ဂဟ နိဿယ၊ ဘတ္တိသတ္တက နိဿယ၊ ဗာလာဝတာရ ချနက် နိဿယ၊ ဗာလာဝတာရ ဂဏ္ဌိပဒတ္ထ ဝိနိစ္ဆယသာရကျမ်း၊ နာမပဒမာလာနှင့် အာချာတပဒမာလာ အကျယ်အဓိပ္ပာယ်၊ ကစ္စာယနဓာတုမဉ္ဇူသာ နိဿယ၊ သဒ္ဒသာရတ္ထဇာလိနီ နိဿယ၊ ဂန္ထာဘရဏ နိဿယ၊ ဝိဘတ္တိမာလာ နိဿယ၊ ဗာလပ္ပဗောဓနေ နိဿယ၊ ပဒသာဒနပဇ္ဇယောဇနိက နိဿယ၊ ပါဠိဘာသာဝတာရဏ နိဿယ၊ အလင်္ကာ နိဿယ၊ ခုဒ္ဒသိက္ခာနိဿယ၊ သဂြိုဟ် နိဿယ၊ အဘိဓာန် ချနက် နိဿယ၊ မောဟဝိစ္ဆေဒနီ အဋ္ဌကထာ နိဿယ၊ မုဒ္ဓဗောဓ ဗျာကရုဏ်း နိဿယ၊ ဝိဒဂ် နိဿယ၊ အမရကောသ နိဿယ၊ ဒဠှီကမ္မ ဝိနိစ္ဆယ၊ ဇာတကစန္ဒြိကာ နိဿယ၊ ဗုဒ္ဓသာသနိက ပဌဝီဝင်ကျမ်း၊ ဆန်း နိဿယ၊ သက္ကစ္စခဏ္ဍ နိဿယ၊ ဗုဒ္ဓဂဇ္ဇ နိဿယ၊ နာမသတ္တက နိဿယ၊ နလောဒယကာဗျ နိဿယ၊ ဝုတ္တောဒယ ဂဏ္ဌိပဒတ္ထ ဝိနိစ္ဆယ၊ နရောပကာရကျမ်း၊ ဝုတ္တိမောဂ္ဂလ္လာန် နိဿယ၊ မဟာဗောဓိဝံသ အဋ္ဌကထာ နိဿယ၊ ဗာလဝဗောဓနေ ဗျာကရုဏ်း နိဿယ၊ ပါကတ ပကာသဗျာကရဏ နိဿယ၊ ပါကတ ပိင်္ဂလ ဆန်းကျမ်း၊ ဒေသိယ သဒ္ဒသင်္ဂဟ ကောသ အဘိဓာန် နိဿယ၊ ဗျဉ္ဇနဗုဒ္ဓိ ဝိနိစ္ဆယ၊ အာရက္ခနှင့် ပဗ္ဗာဇနိယ ကမ္မဝါစာ နိဿယ၊ ထူလဒသာနှင့် အန္တရဒသာ တွက်နည်း အဟောတို့ ဖြစ်ပေသည်။

ဤကဲ့သို့ သာသနာတော်၏ အကျိုး၊ စာပေ၏ အကျိုးကို စွမ်းဆောင်ကြိုးပမ်းတော်မူသဖြင့် နိုင်ငံတော်အစိုးရက ‘ အဂ္ဂမဟာပဏ္ဍိတ ’ ဘွဲ့တော်ကို သက္ကရာဇ် ၁၂၉၇–ခုနှစ်တွင် ဆက်

ကပ်လှူဒါန်းခြင်း ခံရလေသည်။

အဂ္ဂမဟာပဏ္ဍိတ တောင်ပေါက်ဆရာတော်ကြီး အရှင်စက္ကပါလ မထေရ်မြတ်သည် သက်တော် ၇၆–နှစ်၊ သိက္ခာတော် ၅၆–ဝါအရ၊ ၁၃၁၅–ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် သုံးရက်၊ လေးနာရီ၊ ၂၂–မိနစ်အချိန်တွင် ပျံလွန်တော်မူခဲ့ရလေသတည်း။

**( ကျမ်းကိုး)** ဗုဒ္ဓသာသနိက ပဋ္ဌဝိဝင်ကျမ်းကြီး၊ စစ်ကိုင်းသာသနာဝင် ၊

## ဝိဇ္ဇောဒယချောင် ဆရာတော် ( ၁၂၅၄–၁၃၂၂ )

စစ်ကိုင်းမြို့ ဝိဇ္ဇောဒယချောင်ဆရာတော်၏ ဇာတိချက်ကြွေ မွေးရပ်မြေကား ဟသ်ာတခရိုင် ငါးသိုင်းချောင်းမြို့ အပိုင် ဘုတ်ချောင်း မဲဇလီကျေးရွာ ဖြစ်ပေသည်။ ဆရာတော် လောင်းလျာကို အဖ ဦးကျောက်လုံး၊ အမိ ဒေါ်ငြိမ်းတို့မှ သက္ကရာဇ် ၁၂၅၄–ခုနှစ်၊ နတ်တော်လဆုတ် ၁၂–ရက်နေ့တွင် ဖွားမြင်တော်မူသည်။

ကျောင်းသားအရွယ်ကပင် မဲဇလီကျောင်း၌ ပညာသင်ကြားသည်။ သျှင်သာမဏေ ပြုသောအခါ ဘွဲ့မည်ကို သျှင်ပညာဝံသ ဟု မှည့်ခေါ်သည်။ အသက် ၂၀–ပြည့်၍ ရဟန်းပြုသော အခါ၌လည်း မဲဇလီဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။

ရဟန်းပြုပြီးသောအခါ ငါးသိုင်းချောင်းမြို့ ဘုရားကြီးကျောင်းတိုက်၌ သုံးဝါမျှနေ၍ ပရိယတ္တိ အခြေပြုကျမ်းစာများကို သင်ကြားသည်။ ထိုမှ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ သုံးဝါမျှ သီတင်းသုံး၍ ဆရာတော် အရှင်ပညာ၊ ဆရာတော် အရှင်နန္ဒဝံသ၊ ဆရာတော် အရှင်သုန္ဒရ တို့ထံ၌ စာပေများကို သင်ကြားတော်မူသည်။ ၎င်းပြင် မန္တလေးမြို့ အနောက်ပြင် မဟာ ဝေယံဘုံသာတိုက်၌လည်းကောင်း၊ တောင်ပြင် ဘုရားကြီးတိုက်၌လည်းကောင်း၊ အမရပူရမြို့ တူးမောင်းတိုက်တို့၌လည်းကောင်း နေ့ဝါ ညဝါများကို သင်ကြားဆည်းပူးခဲ့လေသည်။ ထို့ပြင် သက္ကတဘာသာရပ်ကိုလည်း သင်ကြားဆည်းပူးခဲ့သည်။

၁၂၈၇–ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ဓမ္မပါမောက္ခချောင်၌ တစ်နှစ်မျှ သီတင်းသုံးတော် မူသည်။ ၁၂၉၇–ခုနှစ်တွင် ဓမ္မပါမောက္ခချောင်နှင့် ဝိဇ္ဇောဒယချောင်နေရာမြေကို အလှူခံ ရရှိတော် မူလေသည်။ ဆရာတော်သည် ဝိဇ္ဇောဒယချောင်ကို တည်ထောင်ပြီးနောက် တရားဓမ္မ ဟောပြခြင်း၊ တရားကျမ်းစာများ ရေးသားခြင်းဖြင့် သာသနာပြုတော်မူခဲ့ရာ အထူးအောင်မြင်တော်မူခဲ့ပေသည်။

ဆရာတော်သည် အိန္ဒိယနိုင်ငံ၊ သီဟိုဠ်နိုင်ငံတို့သို့လည်း ကြွရောက်တော်မူ၍ ဒဿနိယ ဌာန၊ သံဝေဇနိယဌာနများကိုလည်း ဖူးမြော်ကြည့်ရှု၍ သံဝေဂယူတော်မူခဲ့လေသည်။

ဆရာတော်သည် တရားဓမ္မကို ဟောပြရင်း စာပေကျမ်းဂန်တို့ကိုလည်း ပြုစုတော်မူခဲ့ သည်။ ဆရာတော် ရေးသားသော ကျမ်းစာတို့မှာ ဒါဋ္ဌာဝံသဂီတိကျမ်း၊ နမောတဿဂီတိကျမ်း၊ သြဝါဒဂီတိကျမ်း၊ သဒ္ဓမ္မပဋိရူပကသုတ် နိဿယ၊ ဇေယျာဂီတိကျမ်း၊ ဇေယျာစလပျို့၊ ဘာဝနာနယ သင်္ခေပ လင်္ကာကျမ်း၊ သုတဇော သက္ကတဆန်း နိဿယ၊ ဆန်းသံခိပ်၊ မြတ်ကိုးပါးဘုရားသမိုင်းနှင့် ငါးသိုင်းချောင်းမြို့ ဘုရားကြီးတိုက်သမိုင်း၊ အမတသောပါနကျမ်း စသည်တို့ ဖြစ်ပေသည်။

ဝိဇ္ဇောဒယဆရာတော် အရှင်ပညာဝံသသည် စာပေ ရေးသားခြင်း၊ စာပေ ပို့ချခြင်း၊ တရားဟောပြခြင်းစသော သာသနာပြုလုပ်ငန်းများကို ဝိဇ္ဇောဒယချောင်၌ ၂၄–နှစ်မျှ သီတင်းသုံး တော်မူ၍ ပြုစုတော်မူခဲ့သည်။ ဤသို့ သာသနာပြုနေစဉ် သက်တော် ၆၈–နှစ်၊ ဝါတော် ၄၈– ဝါအရ၊ ၁၃၂၂–ခု၊ သီတင်းကျွတ်လဆန်း ၅ရက်နေ့ သုံးနာရီ အချိန်တွင် ပျံလွန်တော်မူခဲ့ရှာ လေသည်။

**(ကျမ်းကိုး)** စစ်ကိုင်းသာသနာဝင် ၊

## စစ်ကိုင်း ရွှေဟင်္သာဆရာတော် ( ၁၂၅၅–၁၃၅၉ )

စစ်ကိုင်းမြို့ ရွှေဟင်္သာတိုက်သစ်ကို တည်တောင်၍ သီတင်းသုံးတော်မူသောကြောင့် ရွှေဟင်္သာဆရာတော်ဟု ကျော်ကြားသော ဆရာတော်ဦးပဏ္ဍိတကို ဟင်္သာတခရိုင် လေးမျက်နှာမြို့၌ အဖ ဦးကျောက်(ဦးကျောက်စိမ်း)၊ အမိ ဒေါ်ရွှေသေဘ့တို့မှ ၁၂၅၅–ခု၊ နတ်တော်လဆန်း ခုနစ်ရက်နေ့ ည ကိုးနာရီအချိန်တွင် ဖွားမြင်တော်မူခဲ့သည်။

ကလေးဘဝက လေးမျက်နှာမြို့ မိကျောင်းရဲကျောင်းဆရာတော် အထံတွင် ပညာများကို သင်ကြားတော်မူသည်။ ၁၂၆၉–ခုနှစ်တွင် သျှင်သာမဏေ ဝတ်ပြီးလျှင် သက်တော် ၂၀–ပြည့်မြောက်ရာ ၁၂၇၅–ခု၊ ဝါဆိုလဆန်း ၁၄–ရက်နေ့တွင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ခဏ္ဍသိမ်တော်၌ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်တော်မူသည်။

ရဟန်းတော် အရှင်ပဏ္ဍိတသည် ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်တည် ဆရာတော်ကြီးနှင့် စံကျောင်းဆရာတော် စသည်တို့ထံ ပညာသင်ကြားတော်မူသည်။ ထို့နောက် မန္တလေးမြို့သို့ ကြွရောက်၍ အနောက်ပြင် ငါးဆူတိုက်၌ နေတော်မူကာ ပတ်ဝန်းကျင် ကျောင်းတိုက်များ၌ စာပေသင်ကြားတော်မူသည်။

စာပေသင်ကြားတော်မူပြီး၍ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်၌ သီတင်းသုံး၍ စာပေများကို ပို့ချတော်မူသည်။ ထိုနောက် စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်ပြီးနောက် ရွှေဟင်္သာတိုက်ဟောင်း တိုက်သစ်တို့ကို တည်ထောင်ကာ စာပေပို့ချခြင်း၊ ကျမ်းစာရေးသားခြင်းတို့ကို ဆောင်ရွက်တော်မူသည်။

ဆရာတော်ရေးသားသော ကျမ်းတို့မှာ မြန်မာအလင်္ကာကျမ်း၊ မေတ္တာသုတ် မြန်မာဋီကာ၊ ပရာဘဝသုတ် မြန်မာပြန်၊ မင်္ဂလသုတ် လက်စွဲ၊ စာဏကျနီတိ မြန်မာပြန်၊ ရွှေဟင်္သာတောရတိုက်သမိုင်း၊ ဟိ စ ပ န နိပါတတ္ထ ဒီပနီ၊ ထွင့်ခေါင်ဆရာတော် အကြောင်း၊ ရှေ့သွားမင်္ဂလာ၊ ဘုန်းတော်ဘွဲ့ ထေရုပ္ပတ္တိ၊ ဥပုသ်သည် လက်စွဲ၊ ဝိနယမဟာဝဂ္ဂ ပါဠိတော် မြန်မာပြန်၊ ရေကျင်နိကာယ သာသနာဝင်၊ ရွှေကျင်နိကာယ သာသနာဝင် အကျဉ်း၊ ယုဝေါဝါဒ ဆုံးမစာ၊ ဂရုဓမ္မဝတ္ထု၊ ကာယာနုပဿနာ၊ အမတဂါမိနီ တရားတော်၊ ဝေဒနာနုပဿနာ၊ စံကျောင်းဆရာတော်၏ ကျမ်းစာများ၊ လူမင်း နတ်မင်း ဦးညွတ်ခြင်း၊ သာသနာရေးတရားတော်၊ အာစေရဝဏ္ဏနာပျို့၊ ခန္ဓ သုတ် မြန်မာဋီကာ၊ မဟာထေရုပ္ပတ္တိကထာ နိဿယ၊ ရွှေကျင်ဗိမာန်တော်သမိုင်း၊ ပဒေသာ ဆုံးမစာ၊ ဒိဋ္ဌေဒိဋ္ဌမတ္တံ တရားစာ၊ ညောင်တုန်းမြို့၏ ထင်ရှား ကျော်ကြားခြင်း နှစ်ရပ် တို့ ဖြစ်ကြပေသည်။

နိုင်ငံတော်အစိုးရသည် ဆရာတော်၏ သာသနာတော်ရေး ဆောင်ရွက်ချက်တို့ကို အသိအမှတ်ပြုသောအားဖြင့် ၁၃၂၂–ခုနှစ်တွင် 'အဂ္ဂမဟာပဏ္ဍိတ 'ဘွဲ့တော်ကို ဆက်ကပ်လှူဒါန်းတော်မူသည်။

ထို့နောက် ၁၃၄၀–ပြည့်နှစ်တွင်လည်း 'အဘိဓဇ မဟာရဋ္ဌဂုရု 'ဟူသော ဘွဲ့တော်ကို ထပ်မံ လှူဒါန်းပြန်လေသည်။ ၎င်းနောက် သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ပေးအပ်သော အခါ၌လည်း ဆရာတော်အား အမြင့်ဆုံး ဘွဲ့တံဆိပ်ဖြစ်သော ' အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက 'ဟူသော ဘွဲ့ကို ပေးအပ်လှူဒါန်းလေသည်။

ဆရာတော်သည် ရွှေကျင်ဂိုဏ်း၏ အကြီးအမှူး ဖြစ်သော 'ရွှေကျင်နိကာယသာသနာပိုင်'အဖြစ်လည်း ခန့်အပ်တော်မူခြင်း ခံရပေသည်။ သို့ဖြစ်၍ နိုင်ငံတော်၌ ထင်ရှား ကျော်ကြားသော ဆရာတော်ကြီး ဖြစ်ခဲ့ပေသည်။

ဆရာတော်သည် မြန်မာနိုင်ငံတွင်း၌သာမက ထိုင်း၊ သီရိလင်္ကာ၊ စင်ကာပူ၊ အိန္ဒိယ၊ အမေရိကစသော နိုင်ငံများသို့လည်း သာသနာတော် ပြန့်ပွားရေးကို ရှေးရှု၍ ကြွရောက် ချီးမြှောက်

တော်မူခဲ့လေသည်။

ဆရာတော်သည် ရဟန်းစာပြုပုဂ္ဂိုလ်များအနက် သက်တော် ရာကျော်နေတော်မူရသော ထူးခြားသူ တစ်ပါးဖြစ်တော်မူသည်။ ဆရာတော်သည် မိမိ ပျံလွန်တော်မူခါနီးတွင် ဩဝါဒညွှန်ကြားချက် ၁၃–ချက်ကို ကြိုတင် မိန့်ကြားတော်မူခဲ့၏။ ထိုအထဲတွင် ဘုန်းကြီးပျံစျာပနကိစ္စနှင့် စာပေထိန်းသိမ်းရေးကိစ္စများ ပါဝင်ပေသည်။ ဆရာတော်သည် မိမိရေးသားထားသော စာပေများကို အဓွန့်ရှည်စွာ တည်တံ့ရေးအတွက် မှာထားချက်တို့ကို ဤသို့ တွေ့ရှိရသည်။

- သက်ဆိုင်ရာ ဒါယကာ၊ ဒါယိကာမများက အလိုအလျောက်လှူသော ဝတ္ထုဖြင့် သင့်ဂြိုဟ်၍ အကပ္ပိယဝတ္ထု ပိုခဲ့သော် ပိဋကကျောင်းဆောက်၍ ရွှေဟင်္သာဆရာတော်၏ ပိဋကတ်စာအုပ်များ၊ ရေးသား ရိုက်နှိပ်ပြီး စာအုပ်များ၊ လက်ရေးမူ စာများ၊ မှတ်စု မှတ်ရာ အထွေထွေများ၊ အထွေထွေ လက်ရေးစာမူ၊ မိတ္တူစာမူ စသည်တို့ကို ထိုပိဋကကျောင်း၌ အများကြည့်ရှုနိုင်စေရန် ကောင်းစွာ သိမ်းဆည်းထားရမည်။
- ရွှေဟင်္သာဆရာတော်သည် လေးသစ် တစ်ဝါးစာရွက်ငယ်ဖြင့်သော်လည်း ရေးသား မှတ်ထားလေ့ ရှိသည်ဖြစ်၍ ဆရာတော် နေသော ကျောင်းရှိ စားပွဲ၊ ဗီရို၊ သေတ္တာ စသည်တို့၌ တွေ့ရှိသမျှ စာရွက် စာတမ်းတို့ကို မပျောက် မပျက်အောင် စုဆောင်းသိမ်းဆည်း၍ ပိဋကတိုက်၌ အသေးအဖွဲ သန့်သန့် ထားရမည်။
- ဇိနာလင်္ကာရတိုက်ကျောင်း ဗီရိုအားလုံး၊ သိမ်တိုက်အထက်ထပ် ဗီရိုအားလုံး၊ ဓမ္မာလင်္ကာရတိုက်ရှိ ဗီရိုနှင့် သေတ္တာတို့၌လည်း ဆရာတော်၏ စာအုပ် စာတမ်း လက်ရေးစာများ၊ မှတ်စု မှတ်ရာများကို ရှာဖွေ စုဆောင်း၍ ပိဋကကျောင်း၌ သဘောတူရာ တူရာ ပေါင်း၍ သိမ်းဆည်းထားရန်၊
- ဆရာတော် သုံးသော ဖောင်တိန်တို့ကိုလည်း အမှတ်တရ ပိဋကတိုက်၌ပင် မှန်ဗီရိုနှင့် သိမ်းဆည်း၍ စာတန်းထိုးထားရန်၊ ဆရာတော်၏ အတ္ထုပ္ပတ္တိအကျဉ်းကိုလည်း ကျောက်စာရေး၍ ပိဋကကျောင်း၌ ထားရန်၊

ရွှေဟင်္သာဆရာတော်ကြီးသည် မှာတမ်းတော် ညွှန်ကြားချက်များရေးပြီးသည့်နောက် သက္ကရာဇ် ၁၃၅၇–ခု၊ သီတင်းကျွတ်လဆုတ် တစ်ရက်နေ့၊ သက်တော် ၁၀၂–နှစ်တွင် ပျံလွန်တော်မူခဲ့ပါသတည်း။

**(ကျမ်းကိုး)** စစ်ကိုင်းသာသနာဝင်၊ ၁၉၉၃–ခု၊ ဧပြီလထုတ် ရတနာမွန်မဂ္ဂဇင်းမှ ထွန်းလွင်၏ 'စစ်ကိုင်း ရွှေဟင်္သာ ဆရာတော် ဘုရားကြီး' ဆောင်းပါး၊ ၁၉၉၅–ခု၊ နိုဝ်ဘာလထုတ် ရတနာမွန်မဂ္ဂဇင်းမှ 'ပြိုလေသည့် ရွှေတောင် 'အမည်ရှိ ဆရာတော်၏ ညွှန်ကြားချက်များ၊

## အရှင်ဝိမလဗုဒ္ဓိ ( ၁၂၅၉–၁၃၃၅ )

အရှင်ဝိမလဗုဒ္ဓိသည် ရမည်းသင်းခရိုင် ယင်းတော်မြို့ အနောက် လက်ပန်ပင်ရိုးရွာ၌ အဖ ဦးမဲ့၊ အမိ ဒေါ်ဂျမ်းတို့မှ သက္ကရာဇ် ၁၂၅၉–ခု၊ ဝါခေါင်လဆုတ် ခြောက်ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။

အသက်ရှစ်နှစ်သား အရွယ်တွင် ပန်းပင်ရိုးရွာ ဆရာတော် အရှင်ကုမာရမထေရ်ထံ၌ သျှင်သာမဏေဝတ်၍ စာပေများကို သင်ကြားခဲ့သည်။ နောင်အခါတွင် မန္တလေးမြို့သို့ ပြောင်းရွှေ့၍ အသောကာရာမတိုက်၌ သီတင်းသုံးကာ ပရိယတ္တိစာပေများကို သင်ကြားဆည်းပူးလေသည်။

သက္ကရာဇ် ၁၂၇၈–ခုနှစ်တွင် အသက် ၂၀–ပြည့်မြောက်သောကြောင့် မန္တလေးမြို့ အသောကာရာမတိုက်ဆရာတော် အရှင်တိက္ခကို ဥပဇ္ဈာယ်ပြု၍ မဟာမြတ်မုနိဘုရား တောင်ဘက် ဖောင်တော်ဦး ခဏ္ဍသိမ်တော်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော် အရှင်ဝိမလဗုဒ္ဓိသည် ထိုစဉ်က ထင်ရှားသော မန္တလေးမြို့ တောင်ပြင် ညောင်ကန်တိုက်ဆရာတော် အရှင်ဣန္ဒာဝုဓ၊ ဘုရားကြီးတိုက် စာချဆရာတော် အရှင်ပရမ၊ ရွှေရေးဆောင်တိုက် ဆရာတော် ဦးကြည်၊ အသောကာရာမတိုက် စာချဆရာတော်တို့ထံတွင် ပါဠိ အဋ္ဌကထာ ဋီကာစသော ကျမ်းစာအဖြာဖြာဆို့ကို သင်ကြားခဲ့သည်။ ထိုစဉ် အစိုးရစာမေးပွဲများကိုလည်း ဝင်ရောက်ဖြေဆိုခဲ့ရာ ငယ်၊ လတ်၊ ကြီး၊ ကျော် စာမေးပွဲများနှင့် သကျသီဟ စာသင်တန်းနှင့် စာချတန်း စာမေးပွဲများကိုပါ အောင်မြင်တော်မူခဲ့လေသည်။

ဆရာတော်သည် ၁၂၈၅–ခုနှစ်တွင် သကျသီဟ စာသင်တန်းကို အောင်မြင်ပြီးနောက် စာချတန်းကိုပါ အောင်မြင်ပြန်သဖြင့် 'ဘဒ္ဒန္တဝိမလဗုဒ္ဓိဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ' ဟူသော ဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက် ၁၃၀၈–ခုနှစ်တွင် အစိုးရစာချတန်းကို အောင်မြင်ပြန်သဖြင့် ' သာသနဓဇ သီရိပဝရ ဓမ္မာစရိယ ' ဘွဲ့ကို ရရှိတော်မူလေသည်။

၁၂၉၁–ခုနှစ် တပေါင်းလတွင် စစ်ကိုင်းတောင်ရိုး တောင်ဘီလူးချောင်ဆရာတော်ထံသို့ ရောက်ရှိနေထိုင်ကာ ငါးဝါတိုင်တိုင် စာပေပို့ချနေခဲ့သည်။ ၁၂၉၆–ခုနှစ်တွင် ရွှေဘိုမြို့ကျောင်းဒါယိကာမကြီး ဒေါ်မြက စစ်ကိုင်းတောင်ရိုး၌ ကျောင်းဆောက်လှူဒါန်းသဖြင့် ထိုကျောင်းကို ဓမ္မာစရိယချောင်အမည်ဖြင့် သမုတ်ကာ စာသင်တိုက်ကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။ နောင်အခါတွင် ပါဠိတက္ကသိုလ်အဖြစ် ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့ကြောင့် ဆရာတော်အား 'ဓမ္မာစရိယပါဠိတက္ကသိုလ်ဆရာတော် ' ဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

ဆရာတော်သည် စာပေပို့ချတော်မူရင်း တစ်ဖက်ကလည်း ပို့ကဗျာကျမ်းများနှင့် အခြားကျမ်းစာတို့ကို ရေးသားတော်မူခဲ့သည်။ ဆရာတော်ရေးသော ကျမ်းစာတို့မှာ ပါဠိမဏ္ဍိုင်ကျမ်း၊ ဝါကျတ္ထပကာသနီပါဌ်၊ ဝါကျတ္ထပကာသနီ နိဿယ၊ ဝါကျအလင်းပြချိုးကျမ်း၊ ဝါကျအလင်းပြချိုးကျမ်း အဖြေ၊ ဥဒယဘဒ္ဒပို့၊ အနိတ္တိဂန္ဓပို့၊ သုဗောဓာလင်္ကာရ နီတိပါဌ်၊ ဆန္ဒောသာရနီတိပါဌ်တို့ ဖြစ်ပေသည်။

ဤကဲ့သို့ သာသနာတော်အကျိုးကို ဆောင်ရွက်တော်မူခဲ့သဖြင့် နိုင်ငံတော်အစိုးရက ၁၃၂၁–ခုနှစ်တွင် 'အဂ္ဂမဟာပဏ္ဍိတ ' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသံဂါယနာတင်ပွဲတွင်လည်း ဆဋ္ဌသံဂီတိကာရက၊ မူလဝိသောဓက၊ ပဋိဝိသောဓက တာဝန်တို့ကို ဆောင်ရွက်တော်မူခဲ့ပေသည်။ ယင်းသို့ သာသနာရေးတာဝန်တို့ကို ဆောင်ရွက်နေစဉ် ၁၃၃၅–ခု၊ ကဆုန်လဆန်း ၁၀–ရက်နေ့တွင် ပျံလွန်တော်မူခဲ့ရလေသည်။

**(ကျမ်းကိုး)** စစ်ကိုင်းသာသနာဝင် ၊

## ဝိဇိတာရုံဆရာတော် (၁၂၆၁–၁၃၄၁)

ဝိဇိတာရုံကျောင်းတိုက်ကို အသစ်တစ်ဖန် တည်ထောင်တော်မူ၍ သာသနာတော်ကို ပြုစုသောကြောင့် ဝိဇိတာရုံဆရာတော်ဟူ၍ ထင်ပေါ်လာသော ဆရာတော်ကား စစ်ကိုင်းမြို့နယ် စာရေးရွာ၌ အဖ ဦးထွန်း၊ အမိ ဒေါ်မယ်သုန်တို့မှ သက္ကရာဇ် ၁၂၆၁–ခု၊ ကဆုန်လဆုတ် သုံးရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့သည်။

အသက် ၁၂–နှစ်အရွယ်တွင် သျှင်သာမဏေပြု၍ဘွဲ့မည်ကို သျှင်ဝါသနဟု ခေါ်၏။ ၁၂၈၀–ပြည့်နှစ် ဒုတိယဝါဆိုလပြည့် နေ့တွင် အသက် ၂၀–ပြည့်သဖြင့် ပထမ မဟာဂန္ဓာရုံ ဆရာတော်ကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ် သို့ ရောက်ရှိခဲ့လေသည်။ တစ်ဖန် ၁၃၀၅–ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ရ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ပုနောပသမ္ပဒါ ပြုခဲ့ပြန်လေသည်။

ဆရာတော်သည် ငယ်စဉ်မှ စ၍ ဆရာသမားကောင်းများထံ ချဉ်းကပ်၍ ပရိယတ္တိစာပေ များကိုသင်ကြားခဲ့သည်။

– ခနုမြို့ မဟာဂန္ဓာရုံတိုက်၌လည်းကောင်း၊
– ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်၌လည်းကောင်း၊
– မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်၌လည်းကောင်း၊
– စစ်ကိုင်းတောင်ရိုး ရက္ခမူချောင်၌လည်းကောင်း၊
– ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်၌လည်းကောင်း–

စာပေများကို လှည့်လည် သင်ကြားခဲ့လေသည်။

၁၂၈၇–ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ရတနာမာန်အောင်ချောင်၌ စာသင်တိုက်ဖွင့်လှစ်၍ စာပေပို့ချနေခဲ့သည်။ ရုံဖန်ရုံခါ တရားဓမ္မများကိုလည်း ဟောပြတော်မူခဲ့သည်။ ဆရာတော်သည် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၌ ပဋိပုစ္ဆကဝိသောဓက တာဝန်၊ သံဂီတိကာရက တာဝန်၊ မန္တလေးခရိုင် ဝိနည်းဓိုရ် တာဝန်၊ ရွှေကျင်ဂိုဏ်းဝန်ဆောင် တာဝန်၊ ပရဟိတသံဃအဖွဲ့ နာယကတာဝန်တို့ကို လည်း ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် သာသနာရေးတာဝန်တို့ကို ဆောင်ရွက်တော်မူရင်း တစ်ဖက်ကလည်း စာပေပြုစုခြင်း လုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့သည်။ ဆရာတော် ရေးသားသော စာပေတို့မှာ ဓမ္မပဒမြန်မာဂီတိကာနှင့် စကားပြေကျမ်း၊ မဟာပေတဝတ္ထုတော်ကြီး၊ ကထိနဝဏ္ဏနာကျမ်း၊ သီမာယနဒပ္ပန ဘာသာပြန်ကျမ်း၊ ဝိဘတျတ္ထ နိဿယသစ်၊ ဂါထာပေါင်းချုပ်ကျမ်း၊ လောကနီတိ ဂီတိကာကျမ်း၊ ဝိမာနဝတ္ထုတော်ကြီး၊ ဇာဂရထေရုပ္ပတ္တိဘာသာပြန်ကျမ်း စသည်တို့ ဖြစ်ပေသည်။

ဆရာတော်သည် နောင်အခါတွင် မန္တလေးမြို့ ဝိဇိတာရုံကျောင်းတိုက်ကို အသစ်တစ် ဖန် တည်ထောင်၍ စာသင်တိုက်ဖွင့်လှစ်ခဲ့သည်။ ထိုတိုက်မှ စာချဆရာတော် အရှင်ဝိစာရိန္ဒသည် ပဒေသာဓမ္မပဒဝတ္ထုတော်ကြီးကို ပြုစုရေးသားသူဖြစ်သည်။ အရေးအသား ကောင်းမွန်သဖြင့်လူ ကြိုက်များသောကျမ်းကြီး ဖြစ်ပေသည်။

ဝိဇိတာရုံဆရာတော် အရှင်ဝါသနသည် သက်တော် ၈၀၊ ဝါတော် ၆၀–အရ၊ သက္ကရာဇ် ၁၃၄၁–ခုနှစ်၊ ကဆုန်လဆန်း ၁၀–ရက်၊ နံနက် ရှစ်နာရီ မိနစ် ၃၀–အချိန်တွင် ပျံလွန်တော်မူခဲ့ ရလေသည်။

**(ကျမ်းကိုး)** မန္တလေးသာသနာဝင်– ပဉ္စမတွဲ၊

## အရှင်ဇနကာဘိဝံသ ( ၁၂၆၁–၁၃၃၉ )

ဆရာတော် အရှင်ဇနကာဘိဝံသသည် မိမိဘဝဖြစ်ရပ် အတ္ထုပ္ပတ်ကို တဘဝသံသရာ အမည်ရှိ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကျမ်းကြီးကို ရေးသား၍ မှတ်တမ်းတင်ထားခဲ့ပါသည်။ သို့ဖြစ်၍ ဆရာတော်၏ အတ္ထုပ္ပတ္တိကို ဆရာတော် ရေးသားသော သင်္ဂြိုဟ်ဘာသာဋီကာကျမ်းဦး၌ ပါသည့် ဘဝဖြစ်တော်စဉ်အကျဉ်းကိုသာ ဖော်ပြပါမည်။ သို့ရာတွင် ဆရာတော်၏ စာပေများကိုမူ အပြည့်အစုံ မှတ်တမ်းတင်လိုက်ပါသည်။

၁။ ဆရာတော်အရှင်ဇနကာဘိဝံသ လောင်းလျာသူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သရိုင်ရွာ ဦးဇောတိ၊ ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁–ခုနှစ်၊ တပိုတွဲလပြည့်ကျော် (၁၄) ရက်၊ (၁၉၁၀–ပြည့်၊ ဖေဖော်ဝါရီလ ၂၇–ရက်) အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၂၆၆–ခုနှစ်၌ ပထမအကြိမ် သျှင်သာမဏေ ပြုတော်မူသည်။

၃။ ၁၂၇၅–ခုနှစ်၌ ဒုတိယအကြိမ် သျှင်သာမဏေ ပြုတော်မူသည်။

၄။ ၁၂၇၉–ခုနှစ်၊ သက်တော် ၁၈–နှစ်အရွယ်တွင် ပထမကြီးတန်းစာမေးပွဲကို အောင်တော်မူသည်။

၅။ ၁၂၈၀–ပြည့်နှစ်၊ တပေါင်းလပြည့်နေ့၌ ပထမအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၆။ ၁၂၈၁–ခုနှစ်၊ နယုန်လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၂၈၁–ခုနှစ်၊ တပေါင်းလပြည့်နေ့၌ ဒုတိယအကြိမ် ရဟန်းအဖြစ်ကို ခံယူတော်မူသည်။

၇။ ၁၂၈၇–ခုနှစ်၌ ' ပထမကျော် ' အောင်မြင်တော်မူသည်။

၈။ ၁၂၈၉–ခုနှစ်၌ ' သကျသီဟ စာမေးပွဲ ' ခေါ် ' ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ' ဘွဲ့ ရရှိအောင်မြင်တော်မူသည်။

၉။ ၁၃၀၃–ခု၊ ဝါဆိုဦး (၁၉၄၁–၄၂) ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ဝင်ရောက်သိမ်းပိုက်မည့် နှစ်တွင် ယခုလက်ရှိ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် နေရာသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်။ ပြောင်းရွှေ့လာခဲ့စဉ်က သံဃာတော် ငါးပါးမျှသာ ရှိ၍ ပျံလွန်တော်မူချိန်တွင် သံဃာတော် ၅၀၀–ကျော်မျှ သီတင်းသုံးလျက် ရှိသည်။

၁၀။ ( လွတ်လပ်ရေး ရပြီးနောက်) ၁၃၁၂–ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ (ရှေးဦးစွာ) ' အဂ္ဂမဟာပဏ္ဍိတ ' ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းကို ခံယူရသည်။

၁၁။ ၄င်းနှစ်မှာပင် နိုင်ငံတော် စာသင်ကျောင်းများ၌ သင်ကြားရန် ဗုဒ္ဓဘာသာလက်စွဲခေါ် သင်ခန်းစာများကို ရေးသားခဲ့သည်။

၁၂။ ၁၃၁၅–ခုနှစ်၌ (က) ဆဋ္ဌသံဂီတိ ဩဝါဒါစရိယ သံဃနာယက၊
(ခ) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက၊
(ဂ) ဆဋ္ဌသံဂီတိ ပါဠိပဋိဝိသောဓက၊
(ဃ) ဆဋ္ဌသံဂီတိ ဩသာနသောဓေယျပတ္တပါဠက အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူသည်။

၁၃။ ၁၃၃၇–ခုနှစ်၊ ပဲခူးမြို့၌ ကျင်းပသော ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ (ဒုတိယသာသနာပိုင်) အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူရသည်။

၁၄။ ၁၂၉၁–ခုနှစ်၊ သက်တော် ၃၀–မှ စ၍ ကျမ်းစာများကို စတင် ပြုစုတော်မူခဲ့ရာ ၁၂၉၃–ခုနှစ်တွင် ပထမဆုံးကျမ်းစာကို ရေးသားပြီးစီးတော်မူ၍ ၁၃၃၈–ခု၊ တန်ဆောင်မုန်းလတွင် ' နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ ' ကျမ်းစာကို ရေးသားပြီးလျှင် 'တဘဝသံသရာ ' အမည်ဖြင့် ထေရုပ္ပတ္တိကို ကိုယ်တိုင်ရေးတော်မူခဲ့သည်။ ပဋ္ဌာနပကရဏဘာသာဋီကာနှင့် မူလဋီကာနိဿယ၊ ပါဠိတော် နိဿယများကို ၁၃၃၆–ခု၊ တန်ဆောင်မုန်လဆန်း ငါးရက်၊ (၁၈၊၁၁၊၇၄)

တနင်္လာနေ့၊ တစ်နာရီအချိန် စတင်ပို့ချ ရေးသား၍ ၁၃၃၉–ခု၊ ဝါခေါင်လဆန်း ၁၂–ရက်နေ့တွင် ပြီးဆုံးခဲ့ပါသည်။ သုတ်မဟာဝါဘာသာဋီကာကို ၁၃၃၇–ခု၊ ဝါဆိုလပြည့်ကျော် နှစ်ရက် ကြာသပတေးနေ့၊ (၂၄၊ ၇ ၊ ၇၅) တွင် စတင်ပို့ချ ရေးသား၍ ၁၃၃၉–ခု၊ နတ်တော်လဆန်း ၁၃–ရက် (၂၃ ၊ ၁၂၊ ၇၇) သောကြာနေ့ ပုံလွှန်တော်မမူမီ ငါးရက်အလိုတွင် ပြီးတော်မူခဲ့ပါသည်။ ပါထေယျဘာသာဋီကာကိုပင် တစ်ရက်မျှ ရေးသား ပို့ချခဲ့ပါသေးသည်။

၁၅။ ၁၃၃၉–ခု၊ သက်တော် ၇၈–နှစ် အရောက်၊ နတ်တော်လပြည့်ကျော် နှစ်ရက် (၁၉၇၇ ခု၊ ဒီဇင်ဘာလ ၂၇–ရက်) အင်္ဂါနေ့ ညနေ လေးနာရီ မိနစ် ၃၀–တွင် တဘဝအတွက် ငြိမ်းတော်မူပါသည်။

## ဆရာတော် ရေးသားသော ကျမ်းစာများ

### (က) သဒ္ဒါကျမ်းများ

အခြေပြုသဒ္ဒါ၊ အခြေပြုနာမ်ဂိုဏ်း၊ မူလတန်းပါဠိသိက္ခာနှင့် သဒ္ဒါအကျဉ်း၊ ကစ္စည်းဘာသာဋီကာ ၂–တွဲ၊ ရူပသိဒ္ဓိဘာသာဋီကာ ၂–တွဲ၊ သဒ္ဒတ္ထဘေဒစိန္တာဘာသာဋီကာ၊ ကစ္စာယနသာရဘာသာဋီကာ၊ အလင်္ကာဘာသာဋီကာ၊ ကထာသလ္လာပသိက္ခာ၊

### (ခ) ဝိနည်းဆိုင်ရာ ကျမ်းများ

ရုပ်ပုံရှင်ကျင့်ဝတ်၊ ဘုရားဥပဒေတော်ကြီး၊ ပါတိမောက်ဘာသာဋီကာ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ကင်္ခါဘာသာဋီကာ ၂–တွဲ၊ ပါရာဇိကဏ်ဘာသာဋီကာ ၄–တွဲ၊ ပါစိတ်ဘာသာဋီကာ၊ မဟာဝါဘာသာဋီကာ၊ စူဠဝါဘာသာဋီကာ၊ ပရိဝါဘာသာဋီကာ၊

### (ဂ) အဘိဓမ္မာဆိုင်ရာ ကျမ်းစာများ

အခြေပြုသင်္ဂြိုဟ်၊ သင်္ဂြိုဟ်ဘာသာဋီကာ၊ ဝီထိနှင့် သုံးချက်စု၊ ဋီကာကျော် နိဿယ၊ အဋ္ဌသာလိနီဘာသာဋီကာ ၄–တွဲ၊ သမ္မောဟဝိနောဒနီဘာသာဋီကာ ၃–တွဲ၊ ပဋ္ဌာပကရဏဘာသာဋီကာနှင့် မူလဋီကာနိဿယ ဖ–တွဲ၊

### (ဃ) သုတ္တန်ဆိုင်ရာ ကျမ်းစာများ

သီလက္ခန်ဘာသာဋီကာ ၄–တွဲ၊ (သုတ်) မဟာဝါဘာသာဋီကာ ၃–တွဲ၊ အဋ္ဌကထာအခြေပြု၊

### (င) ပကိဏ္ဏကကျမ်းစာများ

ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ အနာဂတ်သာသနာ၊ ဘာသာသွေး၊ ဘာသာရေးပြဿနာများနှင့် စစ်တပ်တရားတော်၊ ဗြဟ္မဇာလသုတ် မြန်မာပြန်၊ သာမညဖလသုတ်မြန်မာပြန်၊ ဗုဒ္ဓါနုဿတိဘာဝနာ၊ သာသနာရေးလျှောက်ထားချက်၊ အဘိဓဇရဋ္ဌဂုရု ပခုက္ကူဆရာတော် မိန့်ခွန်း၊ ပထမပြန်စာမေးပွဲ ပြုပြင်ရေး အစီရင်ခံစာ၊ ကျောင်းတိုက်များအတွက် ဂေါပကစာတမ်း၊ သရဏဂုံစိစစ်ချက်၊ အခြေပြုမင်္ဂလသုတ်၊ ဗုဒ္ဓဘာသာ သင်ခန်းစာ၊ ဗုဒ္ဓဝင်အမေးအဖြေ၊ ရုပ်စုံဗုဒ္ဓသာသနာဝင်၊ လူ့ချမ်းသာ၊ ပဗ္ဗဇိတဒုလ္လဘ၊ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ၊ တဘဝသံသရာ၊ အခြေပြု ပဋ္ဌာန်းတရားတော်၊ ဓမ္မစကြာတရားတော်၊ အနတ္တလက္ခဏသုတ်တရားတော်၊

**(ကျမ်းကိုး)** သင်္ဂြိုဟ်ဘာသာဋီကာ ။( ၁၃၄၁–ခု၊ နတ်တော်လ၊ ၁၉၇၉–ခု၊ ဒီဇင်ဘာလထုတ်ဝေသည်။ )

## မိဂဒါဝုန် အရှင်ကိတ္တိမ (၁၂၆၅–၁၃၅၉)

ဆရာတော် အရှင်ကိတ္တိမ၏ ဇာတိမှာ ရခိုင်ပြည်နယ် စစ်တွေခရိုင် မြို့ဟောင်းမြို့ (မြောက်ဦး) ရှင်ကျော်တိုက်နယ် သရီချောင်း၏ ယာဘက်ကမ်းရှိ ရုပ်ချောင်းရွာ ဖြစ်သည်။ ခမည်းတော် မယ်တော်တို့မှာ ဦးကြာထွန်း ဒေါ်နှင်းညိုတို့ ဖြစ်သည်။ ဆရာတော်ကို ၁၂၆၅–ခု၊ တော်သလင်းလဆန်း သုံးရက်၊ (၂၄၊ ၈၊ ၁၉၀၃) တနင်္လာနေ့တွင် ဖွားမြင်သည်။ ငယ်မည်တော်ကို အောင်ကျော်ခိုင်ဟု ခေါ်သည်။

မောင်အောင်ကျော်ခိုင်သည် ငယ်စဉ်ကပင် စာထူးချွန်သူ ဖြစ်၏။ လေးတန်း၌ စကောလားရှစ် ရဖူးသည်။ အသက် ၁၇–နှစ်သားအရွယ် ရှစ်တန်းသို့ ရောက်လာသောအခါ အိန္ဒိယနိုင်ငံ၌ သီတင်းသုံးနေသော ဦးရီးတော်သူ ဆရာတော် ဦးစန္ဒြမဏိနှင့် အတူ အိန္ဒိယသို့ လိုက်ပါခဲ့ရသည်။ ဦးရီးတော် ထံ၌ပင် သာမဏေပြု၍ ဘွဲ့မည်ကို သျှင်ကိတ္တိမဟု မှည့်ခေါ်လေသည်။

သျှင်ကိတ္တိမသည် အိန္ဒိယပြည် မြောက်ပိုင်း ဗိဂျနောက်ခရိုင် ဟရိဒွါရမြို့နှင့် လေးမိုင်ကွာရှိ ဟိန္ဒူရသေ့ကြီး ဆွာမိဆရဒ္ဒါနန္ဒ တည်ထောင်သော ဂုရုကုလကောလိပ်၌ ပညာသင်ယူခဲ့သည်။

ထိုမှတစ်ဖန် ပန်ဂျပ်ပြည် လာဟိုမြို့ရှိ ဒယာနန္ဒဝေဒိကအာဆရမ်ကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ကြားပြန်သည်။ ဦးရီးတော်ဆရာထံ၌လည်း သက္ကတဘာသာကို သုံးနှစ်နှင့် လေးလတိုင် သင်ယူခဲ့သည်။

အသက်စေ့သဖြင့် ရဟန်းခံရန် မြန်မာပြည်သို့ ပြန်လာခဲ့သည်။ သက္ကရာဇ် ၁၂၈၆–ခု၊ ကဆုန်လပြည့်ကျော် ရှစ်ရက်၊ တနင်္ဂနွေနေ့ (၂၅၊ ၅၊ ၁၉၂၄) တွင် စစ်တွေမြို့ စန္ဒိမာရာမကျောင်းတိုက်အတွင်း သိမ်တော်၌ ရဟန်းအဖြစ်သို့ ရောက်သည်။

ရဟန်းဖြစ်ပြီးနောက် စစ်တွေမြို့၌ တစ်လမျှ နေပြီးလျှင် အိန္ဒိယပြည်သို့ ပြန်ခဲ့၏။ ရောက်လျှင် ဦးရီးတော်ဆရာ၏ အစီအစဉ်ဖြင့် ဂေါရက္ခပူမြို့ရှိ အရိယစာသင်တိုက်၌ သီတင်းသုံးလျက် သက္ကတဘာသာကို ဆက်လက် ဆည်းပူးသည်။ ထို့နောက် ဗာရာဏသီသို့ ပြောင်းရွှေ့ကာ ဟိန္ဒူပဏ္ဍိတ်ကြီးများ ထံ၌လည်း သက္ကတဘာသာကို သင်ကြားပြန်သည်။

ဗာရာဏသီ၌ နေစဉ် နီဂရိုးကျောင်းဆရာ ဗုကာရတိဝါရှင်တန် ရေးသော ကျွန်တွင်းမှ တက်လာသူ (Up From Slavery) စာအုပ်ကို ဖတ်ရှုရသောအခါ အထူးနှစ်သက်သည့်အတွက် ထိုစာအုပ်ပါ ဆောင်းပါးအချို့ကို တိုးတက်ရေးမဂ္ဂဇင်း၌ ဘာသာပြန်ရေးသားခဲ့သည်။

ဆရာတော်သည် မိဂဒါဝုန်၌ ကျောင်းကန် ဇရပ်များကို ပြန်လည်ပြုစုပြီး စာမတတ်သူ ဒေသခံ တိုင်းရင်းသားတို့အတွက်လည်း ဗုဒ္ဓသာသနာပြုအထက်တန်းကျောင်းကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ဤကဲ့သို့ မိဂဒါဝုန်ဖွံ့ဖြိုးရေး လုပ်ငန်းတို့ကို ဆောင်ရွက်တော်မူသဖြင့် ဆရာတော်အား မိဂဒါဝုန်ဆရာတော်ဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

ဆရာတော်သည် အိန္ဒိယ၌ နေစဉ် မြန်မာတို့အတွက် အကျိုးပြုမည် ထင်သော အိန္ဒိယစာပေတို့ကို မြန်မာမှု ပြုခြင်း၊ ဗုဒ္ဓပိဋကတ်တော် စာပေတို့ကို ဟိန္ဒီဘာသာဖြင့် ပြန်ဆို၍ အိန္ဒိယသားတို့ထံ ဖြန့်ဝေခြင်းဖြင့် အိန္ဒိယ မြန်မာ စာပေပေါင်းကူး လုပ်ငန်းကြီးကို အသက်ထက်ဆုံး ဆောင်ရွက်တော်မူသည်။

ဆရာတော်သည် အိန္ဒိယ၌ သီတင်းသုံးနေရသော်လည်း မြန်မာစိတ် မြန်မာစွဲကား ပျောက်သူ မဟုတ်ပေ။ သို့အလျောက် မြန်မာပြည်သို့ အခါအားလျော်စွာ ပြန်ရောက်လာလေတိုင်း မြန်မာတို့အတွက် အကျိုးပြုမည့် စာပေတို့ကို ရေးသား ဖြန့်ဝေခဲ့သည်။ ဆရာတော်သည် အိန္ဒိယပြည် ဗာရာဏသီစသော မြို့ကြီးများသို့ ရောက်ရှိစဉ် ဘာသာခြားနှင့် လက်ထပ်မိ၍ စိတ်သောက ရောက်နေကြသော မြန်မာအမျိုးသမီးများကို မကြခဏ တွေ့ရှိနေရသည်။

ထို့ကြောင့် မြန်မာပြည်သို့ ပြန်ရောက်လျှင် မြန်မာ ရဟန်းသျှင်လူအပေါင်းတို့က အိမ်တွင်းသာသနာ ပြုနည်းကို အထူးဂရုစိုက်၍ အမျိုး ဘာသာ သာသနာကို ချစ်တတ်ကြစေရန် 'အမျိုးသန့်စင်ရေးစာတမ်း' တစ်စောင်ကို ရေးသား၍ ပုံနှိပ်ဝေငှခဲ့လေသည်။

ထို့ပြင် ၁၃၀၁–ခု၊ ကဆုန်လအတွင်း၌လည်း **"အမျိုး ဘာသာ သာသနာကို တကယ်ချစ်ကြပါ၊ သတိကြီးစွာ ထား၍ အမျိုးကို စောင့်ရှောက်ကြပါ၊ "**ဟူသော ခေါင်းစဉ်ဖြင့် 'ဝံသာနုစာတမ်း' နှစ်စောင်ကို အုပ်ရေ ၃၀၀၀–ရိုက်နှိပ်၍ ဖြန့်ဝေခဲ့သည်။ ဆရာတော်သည် ဤမျှ အမျိုးသားရေးစိတ်ဓာတ် မြင့်မားသူ ဖြစ်သည်။

ဆရာတော်သည် မြန်မာပြည်သို့ ရောက်ရှိစဉ်အတွင်း အထက်မြန်မာပြည် မြင်းခြံ၊ ပခုက္ကူ၊ ပုဂံ၊ ညောင်ဦး၊ မေမြို့ (ပြင်ဦးလွင်)၊ စစ်ကိုင်း၊ မန္တလေး စသော မြို့များသို့ လှည့်လည်ကာ မြန်မာတို့၏ လူနေမှုဘဝကို လေ့လာတော်မူခဲ့သည်။ ဤသို့ လေ့လာပြီးနောက် **မြန်မာအမျိုးသားများပိုင်သော စက်ရုံ အလုပ်ရုံများ ထူထောင်ကြကာ အမျိုးသားရေး စိတ်ဓာတ်ဖြင့် ခနအင်အား တိုးပွားရေးကို ဆောင်ရွက်ကြစေရန်** တိုက်တွန်းလျက် 'မြန်မာတို့၏ နိုင်ငံရေးနှင့် စီးပွားရေး 'ဟူသော စာအုပ် ၃၀၀၀– ကိုလည်း ရိုက်နှိပ်ဖြန့်ဝေခဲ့လေသည်။

ဆရာတော်သည် မိမိဘဝ တစ်သက်တာတွင် နိုင်ငံရေး၊ လူမျိုးအရေး၊ သာသနာရေး၊ ပညာရေးစသော လုပ်ငန်းတိုကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည်။ ဤလုပ်ငန်းများကို ရဟန်းသျှင်လူ မည်သူမဆို လုပ်ကိုင်ရမည်ဟုလည်း ခံယူချက် ရှိသည်။ ဤကိစ္စတို့ကို မလုပ်ရ၊ မလုပ်ကောင်းဟု ဗုဒ္ဓဘာသာ အမြင်ဖြင့် ဝေဖန်ဆုံးဖြတ်လျှင် ရဟန်းဘဝနှင့် ဗုဒ္ဓဘာသာကိုပင် စွန့်မည်ဟု ယတိပြတ် ဆုံးဖြတ်ထားသူလည်း ဖြစ်သည်။ ထိုအကြောင်းကို ဆရာတော်ကိုယ်တိုင် ရေးသားသော ကိုယ်ရေးအတ္ထုပ္ပတ္တိ၌–

> "နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့အား ပစ္စည်းလေးပါးဖြင့် မိမိဝမ်းမှ မွေးဖွားလာသော သားသမီးများပမာ လေးမြတ် ကြင်နာစွာ ထောက်ပံ့ဆည်းကပ်နေကြသော မြန်မာတိုင်းရင်းသူ တိုင်းရင်းသားတို့၏ ထမင်းဝရေး၊ အမျိုးသန့်စင်ရေး၊ အသိအလိမ္မာ ဉာဏ်ပညာ တိုးတက်ရေးတို့ကို ဒုတ်ခါး မဆောင်ဘဲ တရားသဖြင့် ယဉ်ကျေးသော နည်းနှင့် ဟောပြော ညွှန်ပြခြင်းသည် ဗုဒ္ဓဘာသာ ရဟန်းတော်တို့နှင့် စပ်ဆိုင်သောကိစ္စ လုံးဝ မဟုတ်ဟု ခိုင်လုံသော အကိုးအကားနှင့် အကယ်၍ ပြဆိုဆုံးဖြတ်နိုင်မည်ဆိုပါက ကျွန်ုပ်သည် ဤရဟန်းဘဝကို ပယ်စွန့်ရန် အသင့် ရှိပါ၏။–
>
> "ဒုတိယ အချက်။　၂၊ ရဟန်းဖြစ်စေ လူဖြစ်စေ နိုင်ငံရေး၊ စီးပွားရေး၊ အမျိုးရေး၊ ပညာရေးစသည်ကို လုံးဝ မလုပ်ရဟူ၍ အကယ်၍ ဗုဒ္ဓမြတ်စွာ၏ တရားတော်က အတိအကျ ဆုံးဖြတ် တားမြစ်ထားသည်ကို ခိုင်မာသော သာဓကနှင့် ဆုံးဖြတ်ချက် ပေးမည်ဆိုပါက ကျွန်ုပ်သည် ဤကဲ့သို့ ဆုံးဖြတ်သော ဗုဒ္ဓဘာသာကို စွန့်ရန် အသင့် ရှိပါ၏။ "–

ဟု ရေးသားဖော်ပြခဲ့လေသည်။

ဆရာတော်သည် ငယ်စဉ်ကင် နိုင်ငံခြား၌ သာသနာပြုနေရသည့် အလျောက် သာသနာ့ပြုလုပ်ငန်း အတွေ့အကြုံ ရင့်ကျက်သူလည်း ဖြစ်သည်။ သို့ဖြစ်၍ သာသနာပြုလိုသည့် ရဟန်းတော်တို့ အတွက် လိုအပ်ချက်တို့ကို ဤသို့ ညွှန်ပြထားသည်။

> "စိတ်ပုတီး တစ်ကုံးနှင့် ကမ္မဋ္ဌာန်းထိုင်နေမည့် ပုဂ္ဂိုလ်၊ ကော်ဇော မှီအုံး အသုံးအဆောင် ပြောင်ပြောင်လက်လက်တို့ဖြင့် ဘုန်းကြီးစည်းစိမ် တလိန်လိန် ဆိုသကဲ့သို့ စည်းစိမ်ခံနေမည့် ပုဂ္ဂိုလ်၊ သားငါး ငပိ မပါက မျိုမကျသော ပုဂ္ဂိုလ်၊ ဘာသန္တရ၊ ဒေသန္တရ၊ ပညာဗဟုသုတ နည်းပါးသော ပုဂ္ဂိုလ်၊ ဘာသာခြားဆိုလျှင် ငါ့ကျောင်းထဲ မဝင်နှင့် ဆိုသော ပုဂ္ဂိုလ်တို့နှင့်လည်း ထိုက်တန်သည့် နေရာဌာန မဟုတ်။–
>
> "နိုင်ငံခြားသားများနှင့် စာလျှင် မြန်မာရဟန်းတော်တို့မှာ ဒေသန္တရ၊ ဘာသန္တရ၊ ဗဟု

သုတပညာ အလွန်နည်းပါးကြသဖြင့် ဘာသာခြားတို့နှင့် နင်လား ငါလား ပြိုင်ဆိုင်၍ စကားစစ်ထိုးနိုင်သော အရည်အချင်း မရှိကြပေ။ ဤသို့သော အရည်အချင်း ချို့တဲ့သော ပုဂ္ဂိုလ်သည် သာသနာပြု အလုပ်ကို မည်သည့်နည်းနှင့်မျှ လုပ်နိုင်မည် မဟုတ်ပေ။ ”–

စသည်ဖြင့် ထည့်သွင်း ရေးသားခဲ့သည်။

ဆရာတော်သည် နိုင်ငံရပ်ခြား၌ သာသနာပြုတော်မူရင်း စာပေများကို ရေးသား ပြုစုခဲ့ရာ ဆရာတော်၏ လက်ရာ စာပေများမှာ တိုးတက်ရေးမဂ္ဂဇင်းမှ ဆောင်းပါးများ၊ သူရိယမဂ္ဂဇင်းမှ ဆောင်ပါးများ၊ မဟာဗောဓိဝံသွတ္တိကထာ၊ အိန္ဒိယကြေးမုံကျမ်းကြီး၊ သစ္စတ္တပကာသကျမ်း (မြန်မာပြန်)၊ ဂီတာအဖွင့်ကျမ်း၊ သုတ္တမာလ (ဟိန္ဒီ)၊ ဦးစန္ဒိမာထေရုပ္ပတ္တိ၊ မြန်မာအမျိုးသမီးများနှင့် ပသီဘာသာဝင်တို့၏ သဘောထား၊ စာတမ်းနှစ်ဆောင် မှတ်သားဖွယ်၊ ဟိန္ဒူဆိုတာ ဘာလဲ၊ မဇ္ဈိမဒေသ ဘုရားဌာန လမ်းညွှန်၊ မြန်မာတို့၏ နိုင်ငံရေးနှင့် စီးပွားရေး၊ မဇ္ဈိမဒေသ ဗုဒ္ဓသာသနာခေတ်ကာလ၊ အဋ္ဌနနိဒါန်း (ဆေးကျမ်း မြန်မာပြန်)၊ ရာမာယန (ဂါထာ ၂၄၀၀–မြန်မာပြန်)၊ ကျွန်တွင်းမှ လွတ်လာသူ (မြန်မာပြန်)၊ ကိုယ်တွေ့အတ္ထုပ္ပတ္တိ (၁၉၁၃ မှ ၁၉၄၀ အထိ)၊ ဗုဒ္ဓ၏ မူလဝါဒ (ဟိန္ဒီဘာသာ)၊ မဟာသတိပဋ္ဌာနသုတ် (နာဂရီဘာသာ)၊ သိင်္ဂါလောဝါဒသုတ် (မူရင်းပါဠိနှင့် ဟိန္ဒီဘာသာပြန်)၊ မဟာပရိနိဗ္ဗာနသုတ် (နာဂရီအက္ခရာ ပါဠိတော်မူနှင့် ဟိန္ဒီဘာသာပြန်)စသည်တို့ ဖြစ်ပေသည်။

ဤကဲ့သို့ အမျိုး ဘာသာ သာသနာအတွက် အကျိုးပြုလုပ်ငန်းများကို ပြုစုဆောင်ရွက်တော်မူခဲ့သော စွယ်စုံပညာရှင် မိဂဒါဝုန် အရှင်ကိတ္တိမဆရာတော်ကြီးသည် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဆီးကရား ဗုဒ္ဓဘာသာမြန်မာကျောင်းတိုက်၌ သက်တော် ၈၄၊ ဝါတော် ၆၃–ဝါအရ ၁၉၈၇–ခုနှစ်၊ မေလ ၂၃–ရက်နေ့တွင် ပျံလွန်တော်မူခဲ့ရလေသည်။

**(ကျမ်းကိုး)** သစ္စတ္တပကာသကျမ်း၊ ၁၉၈၇–ခု၊ ဇွန်လထုတ် ရတနာမွန်မဂ္ဂဇင်းမှ ကျော်လှိုင်၏ ‘မိဂဒါဝုန် ဦးကိတ္တိမ ’ဆောင်ပါး၊

## ရွှေကိုင်းသား ဦးသောဘိတ ( ၁၂၇၃–၁၃၄၉ )

မြန်မာနိုင်ငံတွင် ပေါ်ပေါက်ခဲ့သော ရဟန်းစာဆိုရှင်များအနက် စွယ်စုံပညာရှင်ဟု ခေါ်ဆိုထိုက်သော ရွှေကိုင်းသား အမည်ခံ ဦးသောဘိတကို သက္ကရာဇ် ၁၂၇၃–ခု၊ ပြာသိုလပြည့်ကျော် နှစ်ရက် သောကြာနေ့ (၅ ၊ ၁ ၊ ၁၉၁၂ ) တွင် စစ်ကိုင်းမြို့ တကောင်းရပ်တွင် အဖ မြန်မာဆေးဆရာကြီး ဦးအုံး၊ အမိ ဒေါ်မြတို့မှ မွေးဖွားသည်။ သားသမီး ခြောက်ယောက်တွင် စတုတ္ထမြောက်သား ဖြစ်၍ ငယ်မည်ကို မောင်ထွန်းလှိုင်ဟု ခေါ်လေသည်။

ငယ်စဉ်က တကောင်းရပ် ဆရာကြီး ဦးဘိုးလူ အလယ်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ မောင်ထွန်းလှိုင်သည် ငယ်စဉ်ကပင် စာပေကို ဝါသနာ ထုံလှသည်။ မောင်ထွန်းလှိုင်ကျောင်းသွားလျှင် မိခင်က မုန့်ဖိုးပိုက်ဆံ နှစ်ပြား ပေးလေ့ရှိ၏။ သူငယ်သည် မုန့်ဖိုးထဲမှ ပိုက်ဆံတစ်ပြားကို စုဆောင်းထားပြီး စာအုပ်များကို ဝယ်၍ ဖတ်ရှုလေ့ ရှိသည်။ ဥပုသ်တစ်ရက်လျှင် ပိုက်ဆံ ရှစ်ပြားစုမိသဖြင့် ပြဇာတ်စာအုပ် တစ်အုပ်ဝယ်နိုင်သည်။ မောင်ထွန်းလှိုင်သည် ဤနည်းဖြင့် စာအုပ်များကို ဝယ်ယူစုဆောင်း၍ ဖတ်ရှုခဲ့လေသည်။

မောင်ထွန်းလှိုင် ငယ်စဉ်ဘဝတွင် ပန်းချီ ပန်းပု အနုပညာတို့ဖြင့်လည်း ရင်နှီးခဲ့ရ၏။ ဤသည်မှာ ဖခင်ကြီး ဦးအုံးသည် ပန်းချီဆရာ၊ ပန်းပုဆရာလည်း ဖြစ်သောကြောင့်ပင်။ မောင်ထွန်းလှိုင်သည် ဖခင်ကို အကြောင်းပြု၍ ငယ်စဉ်ကပင် ပန်းချီကိုလည်း ဆွဲတတ်ခဲ့သည်။ ကာတွန်းကိုလည်း ရေးသားတတ်သည်။ ဤပညာရပ်ကို နောင်အခါတွင် ကြီးပွားရေးမဂ္ဂဇင်း၌ တွေ့မြင်ကြရသည်။ ဆရာတော်ကိုယ်တိုင်ကလည်း–

> "ဦးပဥ္စင်း ကာတွန်းရေးဖြစ်တာ ကြီးပွားရေးနဲ့ ပေါင်းမိလို့ပါပဲ၊ ကြီးပွားရေးက နိုင်ငံရေးဆန်တော့ နိုင်ငံရေးကာတွန်းတွေ ရေးဖြစ်လာတယ်၊ ဦးပဥ္စင်းတို့ ကာတွန်းက စုတ်နဲ့ရေးတာပါ၊ "–

ဟု ပြန်လည် ပြောပြခဲ့သည်။

မောင်ထွန်းလှိုင်သည် ဦးဘိုးလူကျောင်းတွင် သုံးတန်းအထိ ပညာသင်ကြားပြီးနောက် အထက်တန်းကျောင်းသို့ ပြောင်း၍ ပညာသင်ကြားရာ ၁၉၂၈–ခုနှစ်တွင် သတ္တမတန်းကို အောင်မြင်သည်။

မောင်ထွန်းလှိုင်သည် ပန်းချီဆွဲခြင်းကိုသာမက ဓာတ်ပုံပညာကိုလည်း လေ့လာသင်ကြားသည်။ ထိုပညာတို့ကို လေ့လာရင်း ပျဉ်းမနားမြို့ နော်မန်ကျောင်း၌ အီးတီစီခေါ် မူလတန်းဆရာဖြစ်သင်တန်းသို့ တက်ရောက်ခွင့် ရခဲ့ရာ ၁၉၃၀–ခုနှစ်တွင် မူလတန်း ဆရာဖြစ်သင်တန်းကို အောင်မြင်ခဲ့သည်။

ဆရာဖြစ်သင်တန်းကို အောင်မြင်သော်လည်း ကျောင်းဆရာအလုပ်ကို မလုပ်ဘဲ မိမိဝါသနာအလျောက် မန္တလေးမြို့ ကမ္ဘည်းကျောက်စာရုံးတွင် ပန်းချီဆရာအဖြစ် ၁၁–နှစ်ကြာမျှ ဝင်ရောက် လုပ်ကိုင်ခဲ့သည်။

ကျောက်စာရုံးတွင် ကျောက်စာဝန် ဦးမြ၊ ဦးလူဖေဝင်းတို့၏ နည်းပေးညွှန်ပြမှုဖြင့် မောင်ထွန်းလှိုင်သည် စာပေများကို စတင် ရေးသားသည်။ မောင်ထွန်းလှိုင် ပထမဆုံး ရေးသောစာမှာ ၁၉၃၂–ခု၊ စက်တင်ဘာလထုတ် သူရိယရုပ်စုံမှ မင်းရှင်စောအတ္ထုပ္ပတ္တိဆောင်းပါး ဖြစ်သည်။

မြန်မာနိုင်ငံ၌ ဒုတိယကမ္ဘာစစ် ဖြစ်လာသောအခါ ကိုထွန်းလှိုင်သည် စစ်ကိုင်းတောင်ရိုးရှိ မိခင်ဖြစ်သူ၏ ဝါးချက်ရွာ၌ လာရောက်၍ စစ်ဘေးမှ ခိုလှုံရသည်။ ထိုအချိန်တွင် မန္တလေးမြို့ ဆင်တဲတိုက်မှ ဆရာတော် ဦးဥတ္တမလည်း စစ်ဘေးခိုလှုံရန် ဝါးချက်ရွာ သာဓုနယချောင်၌ လာရောက် သီတင်းသုံးနေဆဲ ဖြစ်သည်။

ကိုထွန်းလှိုင်သည် ဆင်တဲဆရာတော်နှင့် တွေ့၍ ပြုစုလုပ်ကျွေးရင်း တရားဓမ္မတို့ကို

နာကြားရသဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်လိုစိတ် ပြင်းပြလာသောကြောင့် ဆရာတော် ဦးဥတ္တမကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ဘွဲ့မည်ကို ဦးသောဘိတဟူ၍ မှည့်ခေါ်သည်။ ဦးသောဘိတ ရဟန်းပြုသော နှစ်ကား ၁၉၄၄–ခု၊ ဖေဖော်ဝါရီလ ၂၂–ရက်နေ့ ဖြစ်သတည်း။

ဆရာတော်ဦးသောဘိတသည် ဆင်ယင်ထုံးဖွဲ့မှုကျမ်းကို ရဟန်းမပြုမီကပင် ရေးသားခဲ့သည်။ ထိုကျမ်းဖြင့် ၁၉၅၁–ခုနှစ်တွင် စာပဒေသာဆုကို ချီးမြှင့်ခြင်း ခံရသည်။ ဆရာတော်သည် ထိုကျမ်းကို ရွှေကိုင်းသား အမည်ဖြင့် ရေသားပြုစုခဲ့ခြင်း ဖြစ်ပေသည်။

ဆရာတော်သည် ရွှေကိုင်းသားဟူသော နာမည်ဖြင့် အရေးများ၍ ထင်ရှားသော်လည်း ရတနာပုံ လှိုင်ခင်အေး၊ ရတနာပုံ ဘိုးမှတ်၊ မှတ်စုမောင်၊ စစ်ကိုင်းဘိုးရာဇာ၊ မန္တလေးသားစသော ကလောင်အမည်ခွဲ များစွာရှိသည်။

ရွှေကိုင်းသားသည် လူ့ဘဝမှ စ၍ စာများကို မရပ်မနား ရေးသားတော်မူရာ ဆရာတော် ရေးသားသော စာပေစုတို့ကို ကုန်စင်အောင် ဖော်ပြနိုင်မည် မဟုတ်ပေ။ ထိုအထဲတွင် ကျောက်စာရုံး တွင် အမှုထမ်းစဉ်က မင်းကွန်းသွားမှတ်တမ်း၊ ပဲခူးသွားမှတ်တမ်းတို့မှာ ထင်ရှားသော ဆောင်းပါး ရှည်ကြီးများ ဖြစ်သည်။ ၁၉၅၀–ပြည့်နှစ်ကလည်း မြန်မာပန်းချီသမိုင်းစဉ်ဟူသော မှတ်တမ်းကြီးကို လူထုဂျာနယ်၌ ရေးသားဖော်ပြခဲ့ရာ ၄၆–ပတ် တိတိကြာမြင့်ခဲ့ပေသည်။

၁၉၅၂–ခုနှစ် ရောက်သောအခါ ပုဂံသွားမှတ်တမ်းကြီးကို ရေးသား၍ လူထုသတင်းစာ၌ ဖော်ပြခဲ့ရာ ၃၁–ပတ်မျှ ဖော်ပြခဲ့ရသည်။ ၁၉၅၇–ခုနှစ်တွင် ရာဇဝင်နယ်မြေသို့ ဟူသော ခရီးသွား မှတ်တမ်းကြီးကို ရေး၍ လူထုသတင်းစာ၌ပင် ၂၃–ပတ်တိတိ ရေးသားခဲ့သည်။

ထို့ပြင် ဆရာတော်၏ ထင်ရှားသော စာပေများမှာ မန္တလေး၊ တကယ့်စကားများ၊ နှစ် တစ်ရာ မန္တလေး၊ ရတနာစေတီ ဆင်များရှင်ဘုရားသမိုင်း၊ ပတ္တမြားစေတီသမိုင်း၊ လောကမကိုဋ် ဘုရားသမိုင်း၊ ပုညရှင်စေတီသမိုင်း၊ ရွှေကြက်ယက်ဘုရားသမိုင်း၊ အင်ကြင်းတောဘုရားသမိုင်း၊ ပတောက်ချောင် ၂၀၀–ပြည့်သမိုင်း၊ ရတနာမဥ္ဇူဘုရားသမိုင်း၊ ရွှေဂူမြို့ ရွှေအံတော်ဘုရားသမိုင်း၊ ထူပါရုံဘုရားသမိုင်း၊ ဝက်မစွတ်မြို့စား ဒုတိယနဝဒေး စသည်တို့ ဖြစ်သည်။

ဆရာတော် ဦးသောဘိတသည် ရဟန်းပြုခဲ့သော သာစုနယချောင်၌ နှစ်ဝါမျှ နေပြီး၍ ယွန်းကျောင်းသို့ ပြောင်းပြီး သီတင်းသုံးရာ ၁၄–ဝါမျှ ကြာမြင့်သည်။ ထိုမှတစ်ဖန် မဟာသစ်ဝင် ချောင်၌ ခြောက်ဝါမျှ နေပြန်သည်။ နောက်ဆုံးဆွင် အနုရုဒ္ဓါချောင်သို့ ပြောင်း၍ သီတင်းသုံးခဲ့ သည်။ ဆရာတော်ရွှေကိုင်းသားသည် အနုရုဒ္ဓါချောင်၌ ၁၃၂၈–ခု၊ အပေါင်းလဆန်း၁၄–ရက်၊ (၂၄ ၊ ၃ ၊ ၁၉၆၇ ) မှ စ၍ သီတင်းသုံးခဲ့ရာ ပျံလွန်တော်မူသည်အထိ ထိုကျောင်းတိုက်မှာပင် နေထိုင်ခဲ့လေသည်။

၁၉၈၁–ခု၊ ဧပြီလ ၁၉–ရက်နေ့တွင် ဆရာတော့်ကျောင်းသို့ ဓားပြများ ဝင်ရောက်တိုက် ခိုက်ပြီး ဓားပြများက ရိုက်နှက်သဖြင့် ဦးခေါင်း၊ မျက်နှာ၊ ကိုယ် တို့မှာ ဒဏ်ရာပြင်းစွာ ရရှိခဲ့သည်။ ထိုအချိန်မှ စ၍ ဦးခေါင်းဒဏ်ရာကြောင့် သတိမေ့လျော့မှု ဖြစ်လာသည်။ စာပေရေးသားမှုလည်း မပြုနိုင်တော့ဘဲ ရပ်ဆိုင်းသွားရတော့သည်။

၁၉၈၇–ခု၊ ဧပြီလ တစ်ရက်နေ့တွင် လေဖြတ်ခံရသဖြင့် ကိုယ်တစ်ခြမ်း သေသွားခဲ့ပြန် သည်။ ဆရာတော်သည် လေဖြတ်ဝေဒနာကို စစ်ကိုင်းဆေးရုံတွင် ရက် ၂၀–ခန့်၊ မန္တလေးဆေးရုံ ကြီးတွင် နှစ်လကျော်ခန့် ကုသခဲ့သော်လည်း ထူးခြားခြင်း မရှိတော့သဖြင့် ဇွန်လ ၂၆–ရက်နေ့တွင် အနုရုဒ္ဓါချောင်သို့ ပြန်လည်ပင့်ဆောင်ခဲ့ရသည်။ ပြန်ရောက်၍ သုံးရက်မျှအကြာ၊ ၁၃၄၉–ခု၊ ဝါဆိုလဆန်း လေးရက် (၂၉၊ ၆၊ ၁၉၈၇ )နေ့တွင် သက်တော် ၇၅–နှစ်၊ ငါးလ၊ ၂၄–ရက်၊ ဝါတော် ၄၃–ဝါအရတွင် ပျံလွန်တော်မူခဲ့ရပါသတည်း။

**( ကျမ်းကိုး)** မြန်မာနိုင်ငံ စာပေဆုများ၊ ၁၉၈၇–ခု၊ ဩဂုတ်မှဇန်နဝါရီထိ ရတနာမွန်မဂ္ဂဇင်းမှ ဒေါ်အမာ၏ ဆောင်းပါးများ၊